
www.burmeseclassic.com

အထောက်တော်လှအောင်

မက်ဟောတန် ၏

# မြန်မာ့တောတွင်းမှာ ရက်-၁၀၀



# THE HUNDRED DAYS OF LT. MACHORTON

IAN MACHORTON

(IN COLLABORATION WITH HENRY MAULE)

www.burmeseclassic.com

www.burmeseclassic.com

ပညာရွှေတောင်စာအုပ် - ၇၆

# မြန်မာ့တောတွင်းမှာ ရက် ၁၀၀

ဒေါက်တော်လှအောင်

**THE HUNDRED DAYS OF LT.MACHORTON**

**IAN MACHORTON**

*( IN COLLABORATION WITH HENRY MAULE )*

ပညာရွှေတောင်စာအုပ်တိုက်
အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၂၈၃၃

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၁၂၅၇/၂၀၀၁(၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၈၈၈/၂၀၀၁(၁၁) |
| ထုတ်ဝေသည့်အကြိမ် | ဒုတိယအကြိမ် |
| | ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | ၁၀၀၀ |
| အဖုံးပန်းချီ | ကိုစိုးအောင် |
| အတွင်း | ဦးထွန်းဆိုင် |
| ထုတ်ဝေသူ | ဦးတင့်လွင် |
| | သောကစာပေ (၀၈၈၆) |
| | အမှတ်(၆၀၅)သုဓမ္မာလမ်း |
| | (၅)ရပ်ကွက်၊မြောက်ဥက္ကလာပ၊ |
| | ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် | ဦးဝင်းအောင် |
| အတွင်းစာသားပုံနှိပ် | သန်းထိုက်ရတနာအော့ဖ်ဆက် |
| | မြဲ(၀၅၁၃၁)၊ အမှတ် ၈၄၊ လမ်း ၅၀၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | |




ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၄၅။ | ခန့်ဂိုး | ဘုန်းမြင့် (မန္တလေး) |
| ၄၆။ | ဒေါက်တာရှာဘင်ဒရာနသ်တဂိုး | ဦးလှခင် |
| ၄၇။ | ရင်ကိုအေးမြစေသော-ဘုဓိဒ္ဓ | ဆရာဦးမောင်မောင်သန်း |
| ၄၈။ | ရည်ရွယ်မှုနှင့် အိုင်စင်းရေခြား | မင်းမြင့် |
| ၄၉။ | ဘဝတိုင်း ဆုံတွေ့ချင်ပါသလားနှင့် ဘာသာရေးလမ်းညွှန် ဓမ္မစာစုများ | ရဝေနွယ် (အင်းမ) |
| ၅၀။ | ကရာဇ်ဦးအေးသနာ | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| ၅၁။ | ပွဲတွေ့ကုထုံး လိုရာသုံး | ဦးအောင်ကိုနိုင် |
| ၅၂။ | ကြီးပွားရေးလမ်းညွှန် | ဦးလှခင် |
| ၅၃။ | အရန်ဒီတစ်ပုလင်းနှင့် ဟာသဝတ္ထုတိုများ | သော်တာဆွေ |
| ၅၄။ | အခြေခံ ဇန်တိုနည်းပညာ အပိုင်း (၁) | ဦးတင်ဦး |
| ၅၅။ | ထိပေါက်ကံကြည့်နည်းနှင့် ထီဂဏန်းရွေးနည်း | ဆရာရဲမြတ် (သုတေသီ) |
| ၅၆။ | အမြှုပ်ကို မညှိသူ အနက်ဆိုးသနည်း | မင်းကျော် |
| ၅၇။ | အင်္ဂလိပ်စကားပြော သင်ခန်းစာ (၁၀) | M.T.O |
| ၅၈။ | ကျွန်တော် ကြုံလိုက်ရသည့် အာဖရိကအတွေ့အကြုံများ | ဒေါက်တာဇော်သန်း |
| ၅၉။ | ရတနာရွှေမြေ | ဦးလှခင် |
| ၆၀။ | အင်္ဂလိပ်ဘာသာ သိမှတ်ဖွယ် | ဆရာကြီးတက်တိုး |
| ၆၁။ | အယူသီးကိုက်ဆိုး ဖျောက်နည်းများ | မောင်မိုးစည် |
| ၆၂။ | ကိုဆေးရိုး (၇) | ဆင်ဖြူကျွန်းအောင်သိန်း |
| ၆၃။ | စိတ်နှင့် ကျိန်ရ | ဟိန်းလတ် |
| ၆၄။ | အညာတနယ်မြေ | ခင်မိုးသက် |
| ၆၅။ | အာရပ်-အရွှေ (၆) ရက်စစ်ပွဲ | အထောက်တော်လှအောင် |
| ၆၆။ | ကျားနှင့်မုဆိုး | ခင်မောင်အေး(မန္တလေး) |
| ၆၇။ | ကိုဆေးရိုး (၈) | ဆင်ဖြူကျွန်းအောင်သိန်း |
| ၆၈။ | အင်္ဂလိပ် အခြေခံပညာ (ဒုတိယတွဲ) | ဆရာဦးမောင်မောင်သန်း |
| ၆၉။ | ပေးသူ နှင့် ယူသူ | အောင်သင်း |
| ၇၀။ | [illegible] | ရွှေဥဒေါင်း |
| ၇၁။ | တန်ခိုးထက်မြက်သည့် ရုပ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ အမှတ် (၄) | မင်းသုရိန် |
| ၇၂။ | ဘာဝယောနည်း (ပ)+(ဂ) | ဦးမြတ်အောင် |
| ၇၃။ | နိုင်ငံစုံကျားပုံနှင့် အောင်မြင်သူတို့၏ ရင်တွင်းစကား | မြတ်မင်းရှင် |
| ၇၄။ | ရှိသောင်တန် ဘယ်ဟ်နှင့် အောင်မြင်ကျော်ကြားခဲ့သော ဝတ္ထုတိုများ | ရွှေဥဒေါင်း |
| ၇၅။ | ဗုဒ္ဓနီပြဘဝအမြင် | ဦးစိန်ထွန်း(မာယက) |

ယခု

| | | |
|---|---|---|
| ၇၆။ | မြန်မာ့ တောတွင်းမှာ ရက် ၁၀၀ | အထောက်တော်လှအောင် |

ဆက်လက်ရန်

| | | |
|---|---|---|
| ၇၇။ | ရှစ်ထပ် ချုပ်ဖို့ စကားလင် (၁) | ဒုတိယဗိုလ်မှူးကြီးသောင်းထိုက်(အငြိမ်းစား) |
| ၇၈။ | မြန်မာပြည်မြောက်ပိုင်း | နတ်နွယ် |

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး......................... ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး............ ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး............... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ
ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့ သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အကျောင်းသား – ကျောင်းသူ အရေး (၃) ပါး

လူမိုက်တိုးမပေါင်းသင်းရေး........................ ဒို့အရေး
ပညာရှိ(လူလိမ္မာ) ကို ပေါင်းသင်းရေး .............. ဒို့အရေး
ပူဇော်ထိုက်သူကို ပူဇော်ရေး........................ ဒို့အရေး

BURMESE CLASSIC .com

# မြန်မာပြန်သူ့အမှာ

"ဗိုလ်ရဲမောင်နဲ့ အစ်ကိုကြီးတို့ ဒီစာအုပ်ကို ဖတ်မိတော့ လက်က ချလို့မရဘူး၊ မင်း ဖတ်ကြည့်ပြီး ဘာသာပြန်ချင်ရင် ပြန်" ဟု ဦးမြင့်ဆွေ (ဖြူး)က ပြောကာ ယခု ဤစာအုပ်ကို ပေးပါသည်။ အင်္ဂလန်မှအပြန် သည်စာအုပ်ကို သူ ယူလာခဲ့ခြင်း ဖြစ်ပါသည်။

သည်စာအုပ် ထွက်နေသည်မှာ (၂၈) နှစ်တာမျှ ကြာမြင့်ခဲ့ပါပြီ။ (၁၉၅၈)ခုနှစ် ပထမအကြိမ် ထုတ်ဝေစဉ်တုန်းက Safer Than A Known Way ဟူသော အမည်ဖြင့် ဖြစ်ပါသည်။ (၁၉၇၉)ခုနှစ် မတ်လတွင် Bantam Book စာအုပ်တိုက်က ယခု The Hundred Days of Lt. MacHorton ဟူသော အမည်ဖြင့် ထပ်မံ ထုတ်ဝေပြန်ပါသည်။

ဦးမြင့်ဆွေ ယူလာသော စာအုပ်မှာ (၁၉၇၉)ခုနှစ် မတ်လထုတ် စာအုပ် ဖြစ်ပါသည်။ ကျွန်တော် ဖတ်ကြည့်သောအခါတွင် ဦးမြင့်ဆွေ ပြောသည့်အတိုင်း လက်က ချမရဘဲ ဖြစ်ခဲ့ပါသည်။

သို့သော်လည်း ဘာသာပြန်ဖို့ကိုမူ လက်တွန့်နေမိပါသည် လက်တွန့်ရသော အကြောင်းရင်းမှာ နှစ်ပေါင်း (၂၀)ကျော်အစောကြီးက ထုတ်ဝေခဲ့သည့် စာအုပ်ဖြစ်သဖြင့် တစ်စုံတစ်ယောက် ဘာသာပြန်ပြီးလောက်ပြီ ထင်သောကြောင့် ဖြစ်ပါသည်။ စာအဖတ်များသူ နှံ့စပ်သူများထံ စုံစမ်းကြည့်သောအခါကျမှပင် သူတို့လည်း ကြားပင် မကြားဖူးဘူးကြောင်း သိရပါသည်။

မြန်မာပြည်နှင့် တိုက်ရိုက်ပတ်သက်သည့် စာအုပ်တစ်အုပ် ဤမျှ



www.burmeseclassic.com

www.burmeseclassic.com

လှသိနည်းသည်မှာ အံ့သြစရာလည်း ကောင်းပါသည်။

ထို့ကြောင့် စိတ်ချလက်ချ ကျွန်တော် ဘာသာပြန်လိုက်ပါသည်။ မြန်မာ့ရေမြေ၊ မြန်မာ့တောတောင်အတွင်း အတွေ့အကြုံ တူညီနေသည့် အချက်အလက် အချို့နှင့် အပ်ကြောင်းထပ်နေသည့် အချက်အလက် အချို့ကိုမူ အကျိုးထူးတော့မည် မဟုတ်သဖြင့် ဖြုတ်ချန်ခဲ့ပါသည်။

ဤစာအုပ်သည် ကိုယ့်အိမ်ကိုယ့်ရာမဟုတ်သော တစ်ရပ်တစ်ကျေးတွင် ဘာသာပြန်သည့် ကျွန်တော်၏ ဒုတိယမြောက်စာအုပ် ဖြစ်ပါသည်။

ပထမ စာအုပ်မှာ ***မီးကိုတိုးတဲ့ ပိုးဖလံ*** ဖြစ်ပါသည်။ စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်၊ မြင်းမြေရွာကလေးတွင် ကြေးမုံဦးသော်၏ အကူအညီဖြင့် ကျွန်တော် ဘာသာပြန်ခဲ့ပါသည်။

ယခု စာအုပ်ကိုလည်း တောင်ကြီးမြို့တွင် ပြီးစီးအောင် ဘာသာပြန်ဆိုနိုင်ခဲ့ရာ သူငယ်ချင်းဖြစ်သူ ဒေါက်တာတင်အောင်၊ စာရေးကြီး ဦးလှတင် (စဝ်စံထွန်း ဆေးရုံကြီး)နှင့် တောင်ကြီးမြို့ရှိ ကျွန်တော်၏ ရေးဖော် သူတင်းထောက်များ ဖြစ်ကြသော ဦးသန်းဝေ၊ ဦးညီညီမောင်နှင့် ဦးစိုင်းကျော်လှ၊ ကျွန်တော် ပါးစပ်မှရွတ်သမျှ လက်နှင့် လိုက်ရေးပေးသော တောင်ကြီးမြို့သို့ ရောက်ရှိနေသူ သတင်းဂျာနယ်ထောက်ချုပ်ဟောင်း စိန်ဝင်းလေးတို့၏ ရာနှုန်းပြည့် အကူအညီများကြောင့်သာလျှင် ဤသို့ ချောမောအောင်မြင်ခဲ့ကြောင်း ဝန်ခံရပါမည်။

ထို့ကြောင့် ယင်းပုဂ္ဂိုလ်များအား ကျေးဇူးတင်မဆုံးကြောင်း ဖော်ပြအပ်ပါသည်။

သည်စာအုပ်ကို ဘာသာပြန် ဖြစ်စေသည့် အရင်းခံပုဂ္ဂိုလ်မှာ ဦးမြင့်ဆွေ (မြူး) ဖြစ်ပါသည်။ သည်စာအုပ်ကို လန်ဒန်မြို့၏ ချောင်ကြို ချောင်ကြား တစ်နေရာမှ တွေ့အောင်ရှာဖွေပြီး ကျွန်တော့်လက်ဝယ်သို့ အရောက် ယူလာပေးသဖြင့် သူ့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်း၍ ဖော်ပြအပ်ပါသည်။

အထောက်တော်လှအောင်



အခန်း (၁)

## ကျည်ဆန်ကိုသာ ရွေးရခြင်း

ကျွန်တော့်ကိုယ် ကျွန်တော် စိတ်အား ပြန်တင်းနေရစဉ်ိုက်. . . ဗရုန်းသုန်းကား ဖြစ်နေသော တောကြီးမျက်မည်းပေါ်သို့ တောက်ပသည့် လရောင်ရွှန်းရွှန်းက ဖြာကျနေခိုက်. . .

ထိုလရောင်က အေးစက်မာကျောသည့် ကျွန်တော်၏ ခြောက်လုံးပြူးသေနတ်ပြောင်းပေါ်သို့ပါ ရှတ်တရက် ထိုးကျလာသည်။

မှန်ပါသည်။

ဒဏ်ရာရထားသည့် ကျွန်တော့်ခြေထောက်ဘေးမှာ ရှိနေသော ကိုလ်တ် အမျိုးအစား ဒ သမသုံးရှစ်သေနတ်ပေါ်သို့ လရောင်က ချစ်ပွတ်များကို ထိုးဖောက်ပြီး လျှောကျလာသည်။ ကျွန်တော် မထုတ်သည့် ဗျာကို သည်သေနတ်က ဖြေမယောင်ပြုနေသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ပစ်သတ်ရမည်လော သို့တည်းမဟုတ် ဂျပန်များ လာရောက် ဖမ်းဆီးသည်အထိ စောင့်ဆိုင်းနေရမည်လော။

ကျွန်တော် ပုန်းအောင်းနေသည့် ကျောက်တုံးကြီးပေါ်ရှိ မြက်ပင်များ အကြားမှ ခြောက်လုံးပြူးသေနတ်ကို စေ့စိုက်ကြည့်နေမိသည်။ လုပ်ရမည့် အလုပ်က အလွန်တရာ လွယ်ကူပါလိမ့်မည်။ သေနတ်ကလေးကို မောင်း တင်လိုက်ရုံသာဖြစ်သည်။ ပြီးတော့ မည်းနက်နေသည့် ပြောင်းဝကို ကိုယ့်ဘက်သို့ လှည့်ရမည်။ အပေါ်သွားနှင့် အောက်သွားကြားမှာ ထိုပြောင်းဝ



www.burmeseclassic.com

www.burmeseclassic.com



တို့ ထားရမည်။ "တစ် . . . နှစ် . . . သုံး . . ."ဟု ရေတွက်ရမည်။ ဒါပဲ ဖြစ်သည်။ ဂေါ်ရခါးတပ်ကြပ် ပရင်ဆင်းဂူရန်း ပြုလုပ်ခဲ့သည့်အတိုင်းသာ ဖြစ်သည်။ အလွန် လွယ်ပါသည်။

ချပ်သင်းရွာအနီးတွင် ချုံခိုတိုက်ခံရစဉ်က တပ်ကြပ် ပရင်ဆင်းဂူရန်း ဒဏ်ရာရခဲ့သည်။ သူ့ကို ဒီအတိုင်း ကျွန်တော်တို့ စွန့်ပစ်ထားခဲ့ကြရသည်။ သည်အဖြစ်ကို ပြန်လည် မြင်ယောင်မိသည်။ ကျွန်တော့် ဦးခွံပွင့်ထွက်ပြီး အပေါက်ကြီးထဲမှ သွေးများ ယိုစီးကျနေမည်ကို တွေးကြည့်နေမိသည်။ မဖြစ်နိုင်ပါ။ သည်အပြုအမူမျိုးကို ဘယ်နံရောအခါတွင်မှ ကျွန်တော် ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပါ။ သည်လို သတ္တိမျိုးလည်း ကျွန်တော့်တွင် လုံးဝ မရှိပါ။

ကျွန်တော့် အိမ်၊ ကျွန်တော့် အမေ၊ ကျွန်တော့်အဖေတို့၏ ရုပ်ပုံလွှာများက ရုတ်ခြည်းဆိုသလိုပင် ကျွန်တော့်စိတ်အာရုံများကို ဖုံးလွှမ်းသွားတော့သည်။ ကျွန်တော် ဆက်လက် အသက်ရှင်နိုင်ရေးအတွက် ဖြေရှင်းရတော့မည်။ မှန်ပါသည်။ ကျွန်တော့်လက်နှင့် ကျွန်တော့်အသက်ကို သတ်ရမည် ဆိုခြင်းမှာ ကျွန်တော် မလုပ်ချင်ဆုံးအလုပ် ဖြစ်ပါသည်။ ကျွန်တော် အသက်ရှင်လိုပါသည်။ ရန်သူ ဂျပန်တို့လက်မှာ သုံ့ပန်းဘဝဖြင့် နေရစေဦးတော့ ကျွန်တော် အသက်ရှင်လျက် ရှိရပါမည်။ တကယ်ဆိုတော့ သေနတ်ကို ဆွဲကိုင်မိခြင်းသည် ကျွန်တော်၏ စိတ်ဆန္ဒအရ မဟုတ်ပါ။ ကျွန်တော်၏ ညာဘက်လက်ကို အလိုလို ဆွဲကိုင်မိလျက်သား ရှိနေခြင်းသာ ဖြစ်ပါသည်။ သေနတ်ဒင်အပေါ်မှ ကျွန်တော့်လက်ချောင်းကလေးများ ရုပ်သိမ်းလာခြင်းကို ငေးကြည့်နေမိပါသည်။

ဘာပဲဖြစ်ဖြစ် အသက်ရှင်နေသမျှ ကာလပတ်လုံး မျှော်လင့်ချက်ဟူသည်မှာ မုချမသွေ ရှိရစမြဲ။ လမ်းမလျှောက်နိုင်သည်မှတစ်ပါး ယခု အချိန်အထိ ကျွန်တော် အသက်ရှင်လျက် ရှိနေပါသေးသည်။

ဂေါ်ရခါးတပ်ကြပ် ပရင်ဆင်းဂူရန်းသည်လည်း အသက်နှင့်ကိုယ် အိုးစားမကွဲသေးဘဲ သန်သန်မာမာကြီးပင် ရှိခဲ့ပါသည်။ လမ်းမလျှောက်နိုင်တော့သည့် ဒုက္ခတစ်ခုကိုသာ သူ ခံစားနေခဲ့ရပါသည်။

ကျွန်တော်ကဲ့သို့ပင် ဒဏ်ရာရနေသည့် ပရင်ဆင်းဂူရန်းကို ရှေ့တန်း





စစ်မြေပြင်မှ နောက်တန်းသို့ သယ်ယူပို့ဆောင်ပေးဖို့ လိုအပ်ပါသည်။ နောက်တန်းရှိ အခြေစိုက် စစ်ဆေးရုံတစ်ခုခုမှာ သူ့ဝေဒနာ ပျောက်ကင်းပြီး ကျန်းမာသန်စွမ်းလာသည်အထိ ဆေးဝါးကုသပေးသင့်ပါသည်။

သို့သော် ကျွန်တော်တို့ ရင်ဆိုင်တိုက်ခိုက်နေရသည့် စစ်မြေပြင်သည် သာမန်စစ်မြေပြင် မဟုတ်။ ဂျပန်တို့၏ ရှေ့တန်းထိုးစစ်ကြောင်း အနောက်ဘက် မိုင်သုံးရာခန့် ကွာဝေးသော မြန်မာပြည်မြောက်ပိုင်း တောတွင်းဒေသကို ကျွန်တော်တို့ ဆင်နွှဲရမည့် စစ်မြေပြင်အဖြစ် ဗိုလ်မှူးချုပ်ဝင်းဂိတ်က ရွေးချယ်သတ်မှတ်ခဲ့သည်။

"လမ်းမလျှောက်နိုင်လောက်အောင် ဒဏ်ရာရနေသူ မှန်သမျှကို စွန့်ပစ်ထားခဲ့" ဟူသည်မှာ ကျွန်တော်တို့၏ စစ်စည်းကမ်း ဖြစ်သည်။ ထို့ကြောင့်လည်း ပရင်ဆင်းဂူရန်းသည် ကျည်ဆန်ကိုသာ ရွေးချယ်ရခြင်း ဖြစ်တော့သည်။ သူ့ခမျာမှာ စိတ်ဆန္ဒ၏ အလိုကို ရှေ့တန်းမတင်နိုင်ရှာတော့ပါ။

အပြောကျယ်လှသည့် တောကြီးမျက်မည်း အတွင်းမှာ ရင်ဆိုင်ကြုံတွေ့နေရသော အထီးကျန်ဘဝမှ လွတ်မြောက်ဖို့ လိုပါသည်။ လွန်ခဲ့သည့် ဆယ့်နှစ်နာရီတုန်းက အဖြစ်အပျက်များကို ကျွန်တော် ပြန်စဉ်းစားကြည့်မိသည်။ နိုကိုးရာ မရှိတော့သော ယခု ဘဝမျိုးသို့ ရောက်အောင် ကျွန်တော့်ကို တွန်းပို့လိုက်သည့် အဖြစ်အပျက် ဖြစ်ပါသည်။

မိုးမိတ်အနီးမှ တောင်တန်းပေါ်မှာ ဂျပန်နှင့် ကျွန်တော်တို့ တိုက်ပွဲဖြစ်ကြလေသည်။ ကျွန်တော်တို့ ဆိုသည်မှာ ဗိုလ်မှူးချုပ်ဝင်းဂိတ်၏ လျှပ်တစ်ပြက် စစ်ဆင်ရေးအမှတ် (၂) စစ်ကြောင်းမှ အကြွင်းအကျန် ခြသေ့်တပ်သားများ ဖြစ်ပါသည်။

ကျွန်တော့် နောက်နားမှာ ဂျပန်မော်တာတစ်လုံး ဝုန်းခနဲ ပေါက်ကွဲသည်။ ကျောက်တုံးကြီးတစ်ခု၏ နောက်ကွယ်မှာ အကာအကွယ်ယူထားသည့် ကျွန်တော်သည် ထို မော်တာပေါက်ကွဲမှု အရှိန်ကြောင့် လွင့်စဉ်သွားသည်။ ကျွန်တော် နေရာယူထားသည့် ခံစစ်ကြောင်း၏ အပြင်ဘက် ခြောက်ပေခန့်အကွာမှ ကျောက်တုံးကြီးတစ်တုံး၏ နောက်ကွယ်သို့ အလိုလို ကျွန်တော် ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မူလနေရာသို့ ပြန်ရွေ့ရန် ကျွန်တော် ကြိုးစားသည်။ သို့သော် နည်းနည်းကလေးမျှ လှုပ်၍မရ။ ကျွန်တော့်ခြေထောက် ဘာနှင့်ငြိနေသနည်းဟု လှည့်ကြည့်သည်။ အလွန်တရာ ကြီးမားသည့် သစ်ကိုင်းကြီးတစ်ခုက ကျွန်တော့်ကိုယ်ပေါ်မှာ ပိနေသည်။ ထို့ကြောင့်လည်း အဖြစ်မှန်ကို သိရှိနိုင်ရန် ပင်ပန်းခက်ခဲစွာ ကြိုးစားရတော့သည်။ သည်တော့မှ ကျွန်တော်၏ ဘယ်ဘက်တင်ပါးပေါ်ရှိ ကာကီဘောင်းဘီမှာ သွေးတွေရွှဲနေသည်ကို မြင်တွေ့ရတော့သည်။ ထိုမြင်ကွင်းကြောင့် စိုးရိမ်ထိတ်လန့်မှုက အသွေးအသားထဲကို စိမ့်ဝင်ကာ ကျွန်တော့်တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားတော့သည်။

ကျွန်တော် လမ်းမလျှောက်နိုင်တော့ပြီ။ ကျွန်တော့် ခြေထောက်ကို မလှုပ်ရှားနိုင်တော့ပြီ။ ကျွန်တော့်အမိန့်ဖြင့် တောတွင်းတစ်နေရာမှာ စွန့်ပစ်ထားခဲ့ရသော တပ်ကြပ်ပရင်ဆင်းဂူရန်း၏ အဖြစ်အပျက်သည် ကျွန်တော့် စိတ်အာရုံ တစ်ခုလုံးကို လွှမ်းခြုံသွားတော့သည်။

ကျွန်တော်တို့ စစ်မထွက်မီ အင်ဖာမှာတုန်းက အရာရှိအားလုံးကို ဂေါ်ရခါးတပ် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အလက်ဇန်းဒါးက ခေါ်တွေ့သည်။ ပြီးတော့ စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးချုပ်ဝင်းဂိတ်၏ အမိန့်နှင့် စစ်စည်းကမ်းများကို ရှင်းပြသည်။ ဒဏ်ရာရပြီး လမ်းမလျှောက်နိုင်သူမှန်သမျှ စွန့်ပစ်ထားခဲ့ရမည်ဆိုသည့် အမိန့်ကို ကြားရသည်တွင် အသက်အရွယ်ကြီးသည့် အရာရှိကြီးများ မှုပင်သော်က ရောက်ကြပုံပေါ်သည်။ သို့သော် ကျွန်တော့်လို အသစ်ကျပ်ချွတ် အရာရှိငယ်တစ်ယောက် အဖို့မှုကား မှုပင်ရကောင်းမှန်း မသိ။

ထိုမှုမက ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြန်လည်ဖြေသိမ့်နေမိသည်။ ခြင်္သေ့တပ်သားတစ်ယောက် မတော်တဆ ဒဏ်ရာရသည့် အတွက် ကျွန်တော်တို့၏ စစ်ဆင်ရေးကြီးတစ်ခုလုံး အဖျက်စီး မခံနိုင်။ ကျွန်တော်တို့အားလုံးကို ရှေ့ဦးသူနာပြုနည်းများလည်း သင်တန်းပေးထားပြီး ဖြစ်သည်။ ခြင်္သေ့တပ်သားတိုင်းကို မော်ဖီယားထိုးဆေးများ ထုတ်ပေးထားသည်။ မည်သို့ အသုံးပြုရမည်ကိုလည်း ညွှန်ကြားပြီးဖြစ်သည်။ အဆိုးဆုံးအချိန်သို့ ရောက်လာသည်နှင့် တစ်ပြိုင်တည်း ကိုယ့်လက်





မောင်းကိုယ် မော်ဖီးယားထိုးလိုက်ရုံသာ ဖြစ်သည်။ အလွန်တရာ လွယ်ကူပါသည်။

ဂျပန်တို့ ကြီးစိုးနေသည့် တောကြီးမျက်မည်းအတွင်းမှာ ဒဏ်ရာနှင့် စွန့်ပစ်ခံခဲ့ရမည့်သူသည် ကျွန်တော်တော့ မဖြစ်နိုင်ဟု အတွေးရောက်ခဲ့ပါသည်။ ယခုတော့ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခံစားရပါပြီ။

သေဖအုံ့မှုန်းမှုန်း ဝေဒနာကို ခံစားရင်း စိုးရိမ်ကြောက်ရွံ့စိတ်များသည် ကျွန်တော့် တစ်ကိုယ်လုံးကို ဖုံးလွှမ်းနေသည်။ ဗိုလ်မှူးကြီး အလက်ဇန်းဒါးသည် ကျွန်တော်နှင့်ပတ်သက်၍ မည်သို့ အဆုံးအဖြတ် ပေးမည်နည်း။ ရန်သူဂျပန်လက်တွင် ခွေးသေဝက်သေ သေရစ်ပေတော့ ဟုဆိုကာ စွန့်ပစ်ထားခဲ့နိုင်လောက်အောင် အကြင်နာတရား ကင်းမဲ့လေမည်လော။

ဗိုလ်မှူးကြီး အလက်ဇန်းဒါး၏ လက်အောက်တွင် တိုက်ပွဲဝင်နေကြသည့် အရာရှိများအနက် ကျွန်တော်သည် အသက်အငယ်ဆုံး အရာရှိ ဖြစ်သည်။ မနေ့တုန်းက လွတ်လပ်ပျော်ရွှင်နေသည့် ကျောင်းသားငယ်ပမာ ရှိခဲ့သည်။ ဒဏ်ရာမရမီ အချိန်ကလေးအထိ စိတ်ချောက်ချားနေသည် မှတစ်ပါး ခန္ဓာကိုယ် တည်ဆောက်မှုအားဖြင့် ကြံ့ခိုင်သန်စွမ်းနေခဲ့သည်။ တိုက်ပွဲဝင်စစ်သားကောင်း တစ်ယောက်အဖြစ် ရပ်တည်နေခဲ့သည်။ ကျွန်တော့်ကို သားငယ်တစ်ယောက်လို ဆက်ဆံခဲ့ကြသည့် ဗိုလ်မှူးကြီး အလက်ဇန်းဒါးနှင့် ကျွန်တော့် အထက်အရာရှိများ ထွက်ပေါ်လာမည် ဖြစ်သော စကားလုံးများသည် ကျွန်တော့်အတွက် "သေမိန့်"များ ဖြစ်နေလေမည်လော။

စိတ်ပျက်အားငယ်မှုက ကျွန်တော့်တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားပြန်သည်။ စိုးရိမ်ကြောက်လန့်မှုက ကြီးစိုးလာပြန်သည်။ လိုချင်သည့် နေရာကို သွားလိုသော်လည်း ခန္ဓာကိုယ်အနေ အထားတော့ ခွင့်မပြုတော့ပြီ။ ပိတ်မှောင်သည့် တောနက်ကြီးအတွင်းမှာ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့ရတော့မည်။ ရန်သူများ ရောက်လာသည်အထိ သည်အတိုင်း နေရတော့မည်။ ပြီးတော့ ရန်သူများက ကျွန်တော်သေသည်အထိ ညှဉ်းပန်းနှိပ်စက်ချေတော့မည်။

ကျွန်တော် ကလေးဘဝတုန်းက လော်ရီကား အကြိတ်ခံရသည့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခွေးကလေးတစ်ကောင်ကို မြင်ခဲ့ရဖူးသည်။ မျက်စိထဲမှာ ထိုမြင်ကွင်း ပေါ်လာသည်။ ခွေးကလေးသည် ကားကြိတ်ခံရသောကြောင့် ခါးရိုးကျိုးသွားသည်။ လွတ်ရာသို့ ထပြေးပြီး ဒဏ်ရာကို လျှာနှင့်လျက်ဖို့ သူ့စိတ်က တိုက်တွန်းပေးလိမ့်မည်။ သို့သော်လည်း သူ့စိတ်အလိုကို သူ့ခန္ဓာကိုယ်က မလိုက်လျောနိုင်တော့ပြီ။

ယခု ကျွန်တော်လည်း ထိုအတိုင်း ဖြစ်နေပြီ။ ကျည်ကွယ်သော လုံခြုံသည့်နေရာသို့ ကျွန်တော် ရွေ့ချင်သည်။ သို့သော်လည်း ခန္ဓာကိုယ်က မလှုပ်ရှားနိုင်တော့ပြီ။ အသက်ရှင်ရေးအတွက် ကြိုးစားလှုပ်ရှားရင်း တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်လာသည်။ ဘယ်ဘက်ခြေထောက်က လုံးဝ အသုံးမဝင်တော့ပြီ။ ကျွန်တော့်အပေါ်မှာ မိုးနေသော ကျောက်တုံးကြီး၏ မျက်နှာပြင်ချောချောကို လက်နှင့်ကုတ်ယူပြီး မတ်တတ်ရပ်ဖို့ ကျွန်တော် ကြိုးစားကြည့်သည်။ သို့သော်လည်း အချည်းနှီးပင်။ ကိုးကွယ်ရာမဲ့ခြင်းနှင့် စိတ်ပျက်အားငယ်ခြင်းသည်သာလျှင် စိတ်အာရုံအတွင်းသို့ ရောက်လာသည်။

တိုက်ပွဲက ပိုပြင်းထန်လာပြန်သည်။ ကျွန်တော်တို့ နေရာယူထားသည့် တောင်ကုန်း၏ အောက်ဘက်တောတွင်းမှ ကျည်ဆန်များ မိုးသီးမိုးပေါက်ပမာ ကျလာသည်။ ကျောက်တုံးပေါ်မှနေ၍ ကျွန်တော့်ကို ငုံ့ကြည့်နေသည့် မျက်နှာတစ်ခုကို ဝေဒနာခံစားရင်း သတိထားလိုက်မိသည်။ ကျွန်တော်၏ အကူရဲဘော် ဂေါ်ရခါးလူမျိုးကားလ်ဗဟာဒူးသာပ ဖြစ်သည်။ ကျောက်တုံးကျောက်ဆောင်များကို ထိမှန်ပြီး ပျားကောင်များ မြည်သလို ဇာဝီဇီမြည်နေသည့် ရန်သူ့ကျည်ဆန်များကို သူ လုံးဝ အမှုမထား။ သူ့ နောက်ဘက်မှာရှိနေသည့် ဝပ်ကျင်းထဲမှတစ်ယောက်ကို လှမ်းအော်ပြီး ကျွန်တော့်ဘေးသို့ ခုန်ချလာသည်။

တစ်ဆက်တည်း ဆိုသလိုပင် ကျွန်တော့် တပ်စုတပ်ကြပ်ကြီး ဂေါ်ရခါးလူမျိုး ကားလ်ဗဟာဒူးသည်လည်း တရစပ် ပစ်နေသည့် ရန်သူ့ကျည်ဆန်များကို အရေးမလုပ်တော့ဘဲ ကျွန်တော့်အနားသို့ ရောက်လာသည်။ သူတို့နှစ်ယောက်က ခက်ခဲစွာပင် ကျည်ကွယ်ရာ အရပ်သို့ ရွှေ့ပြောင်းပေးကြသည်။ ခဏတော့ လုံခြုံမှု ရသွားသည်။





ဂျပန်ကျည်ဆန်များက လေထဲမှာ ပျံဝဲနေသည်။ ကျွန်တော်တို့ ပတ်လည်ရှိ ကျောက်တုံး၊ ကျောက်ဆောင်များကြားမှာ မော်တာများ အဆက်မပြတ် ပေါက်ကွဲနေသည်။ သို့သော်လည်း ကျွန်တော်တို့ကို ကွယ်ထားသည့် ကျောက်တုံးကြီးက အလွန်တရာ ကြီးမားသဖြင့် ကောင်းစွာ လုံခြုံနေသည်။

အသက်ရှူရသည်မှာ ပင်ပန်းလွန်းလှသည်။ အကူရဲဘော် ကားလ်ဗဟာဒူးက ကျွန်တော့်ခါးမှ ခါးပတ်ကို ဖြုတ်လိုက်သည်။ ပြီးတော့ ဒဏ်ရာရသည့် ဘယ်ဘက်တင်ပါးနှင့် ပေါင်ကို ကြည့်သည်။ သွေးများ ရွှဲနစ်နေပြီ။ တင်ပါးဆုံရိုးအောက်နားရှိ အသားစိုင်အတွင်းသို့ မော်တာဗုံးဆန် တစ်ခု ဖောက်ဝင်သွားခြင်း ဖြစ်သည်။

လုံခြုံသည့် နေရာသို့ ကျွန်တော် ရောက်နေသည်ကတစ်ကြောင်း၊ အကူရဲဘော် ကားလ်ဗဟာဒူးသာပကလည်း လိုအပ်သည်များ ပြုစုပေးနေသည်ကတစ်ကြောင်း၊ တပ်ကြပ်ကြီး ကားလ်ဗဟာဒူးသည် ကျွန်တော့်ကိုယ်စား တပ်စုကို ကွပ်ကဲရန် ကျောက်တုံးအကွယ်မှ အပြင်သို့ ပြေးထွက်သွားသည်။ သူနေရာယူရမည့် ကျောက်တုံးကြီးသို့ ရောက်ရန် သုံးပေခန့်အလိုတွင် ကြိုးဆောင့်အဆွဲခံလိုက်ရသည့် ရုပ်သေးရုပ်လို သူ့ခန္ဓာကိုယ်ကြီး တောင့်သွားသည်။ ပြီးတော့ တစ်ချက်ကလေးမျှ မအော်လိုက်နိုင်ဘဲ ရှေ့ဘက်သို့ အရုပ်ကြိုးပြတ်ကျသွားသည်။ မြေကြီးနှင့်ထိသည့်တွင် အနည်းငယ် ပြန်ကြွတက်လာကာ တစ်ချက်ဘွန့်လိုက်သည်။ ပြီးတော့ တုတ်တုတ်မျှ မလှုပ်တော့။

မျက်လုံးကို စုံမှိတ်လိုက်မိသည်။ ဒဏ်ရာက နာသည့်အတွက် ကြောင့်သာ မဟုတ်ပါ။ ကျွန်တော့် တပ်စုတပ်ကြပ်ကြီး ကားလ်ဗဟာဒူးသည် အမြဲတမ်း ပြုံးနေတတ်သူ ဖြစ်သည်။ သူ့ဘဝတွင် အရာရာကို ယုံကြည်စိတ်ချ ထားတတ်သူ ဖြစ်သည်။ သူရသတ္တိနှင့် ပြည့်စုံသော စစ်သားကောင်းတစ်ယောက်လည်း ဖြစ်သည်။ ပြီးတော့ အလွန် သစ္စာရှိသည့် သေဖော်သေဖက် ရဲဘော်။

ကျွန်တော်တို့ စစ်ကြောင်း၏ဆေးမှူး ဗိုလ်ကြီးစတော့သည် မလှမ်းမကမ်းရှိ ကျောက်တုံးအကွယ်မှ ထွက်ကာ ကျွန်တော့်ဆီသို့ ပြေး



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ကြက်ခြေနီ အမှတ်အသားပါသည့် ဆေးအိတ်က သူ့ပေါင်ပေါ်မှာ တဖျပ်ဖျပ် လှုပ်ယမ်းနေသည်။ လက်ပစ်ဗုံးနှင့် ကျည်ဆန်များ တရုတ်ပေါက်ကွဲနေသော အကာအကွယ်မဲ့နေသည့် နေရာကို သူဘယ်လို ဖြတ်ပြေးလာကြောင်း ကျွန်တော် မသိ။ ခဏအကြာမှာပင် ကျွန်တော်တို့၏ ကျောက်တုံးအကွယ်သို့ ရောက်လာပြီး ကျွန်တော့်ဘေးမှာ ဝပ်ချလိုက်သည်။ ကျွန်တော့်ပေါင်ကို လက်တစ်ဖက်နှင့် ကိုင်ကြည့်ပြီး တစ်ပြိုင်တည်းမှာပင် ကျန်လက်တစ်ဖက်က တင်ပါးဆုံရိုးကို စမ်းကြည့်နေသည်။

"မော်တာစ စဉ်သွားတာ၊ အထဲမှာပဲရှိနေတယ်၊ ခြေထောက်လှုပ်လို့ရသလား" တစ်ဟုန်ထိုး ပြေးလာရသဖြင့် အသက်ရှူမမှန်သည့်ကြားမှ သူက မေးသည်။

ကျွန်တော် လှုပ်ကြည့်သည်။ တစ်ကိုယ်လုံး မချိမဆန့် နာကျင်သွားသည်။ ချွေးစီးများ ပြန်လာသည်။

"မရဘူး ဒေါက်တာ၊ မလှုပ်နိုင်ဘူး" ညည်းသံနှင့် ကျွန်တော် ပြန်ဖြေသည်။

"မင့်မော်ဖီးယား ဘယ်မလဲ" သူက ငုံ့မေးသည်။ ဒါလောက်ပဲ ကျွန်တော်ကြားလိုက်ရသည်။

အားအင် ကုန်ခန်းလာသောကြောင့် ကျွန်တော် ဘာမှ ပြန်မဖြေနိုင်။ ကျောပိုးအိတ်ထဲမှ မော်ဖီးယားထိုးဆေးကို ကားလ်ဗဟာဒူးသာပက ထုတ်ယူပေးလိုက်သည်။ ဗိုလ်ကြီးစတော့က ဆေးကိုယူပြီး ကျွန်တော့်လက်မောင်းထဲသို့ ထိုးသွင်းလိုက်သည်။

နားထဲက လေများ ထွက်လာသည်။ တိုက်ပွဲ၏ ဆူညံသည့် အသံများက နားထဲမှာ ပေါက်ကွဲလာသည်။ နီညိုရောင် တိမ်တိုက်ကြီးဖုံးသလို ဖြစ်ပြီး ကျွန်တော် သတိလစ်သွားလေတော့သည်။

✧ ✧ ✧



# အခန်း (၂)

## ကံသာအပို ကံသာအဖ

ကျွန်တော် သတိပြန်လည်လာတော့ အမှောင်ထုက ကြီးစိုးနေပြီ။ ကျွန်တော် ဘယ်ရောက်နေသည်ကို မစဉ်းစားနိုင်။ ပါးစပ်ထဲမှာ အရသာဆိုးလှသဖြင့် ကျွန်တော် အဖျားတက်ခဲ့ကြောင်း သိလိုက်သည်။ ကားလ်ဗဟာဒူးက ကိုယ်ကိုကိုင်းပြီး ရေဘူးကမ်းပေးသည်။

"ရေနည်းနည်းသောက်လိုက် ဗိုလ်ကြီး"

ကျွန်တော့်ကို အားပေးသည့်အပြုံး တစ်ချက် ပြုံးပြသည်။ တောင်ကတုံးပေါ်မှာ တစ်နေ့ခင်းလုံး ကျွန်တော်တို့ အပြင်းအထန် တိုက်ခဲ့ကြရသည်။ နေပူအရှိန်ကြောင့် ရေဘူးထဲမှ ရေတာ နွေးနေသည်မှာ မှန်သည်။ သို့သော်လည်း ကျွန်တော့် ပါးစပ်ထဲမှာတော့ ကျောက်စက်ရေလောက် အေးမြနေသည်ဟု ထင်မိသည်။

ကျောက်တုံး၏ နောက်ကွယ်မှ အရိပ်တစ်ခု ပေါ်လာသည်။ ဗိုလ်အာသာဘက်စ် ဖြစ်သည်။

"ဘယ်လိုလဲ ချာတိတ်၊ ဘယ်လိုနေသေးသလဲ" သူ့လေသံထဲမှာ စိုးရိမ်သည့် အရိပ်အယောင်များ ပါနေသည်။ အားငယ်ထိတ်လန့်သည့် စိတ်များ ကျွန်တော့် တစ်ကိုယ်လုံးသို့ ပျံ့သွားပြန်သည်။ တစ်စုံတစ်ရာ ပြန်မဖြေလိုက်မိတော့။

"မကြာခင် ဒီနေရာက တို့ ခွာတော့မယ်၊ ဂျပန်တွေ အရှိန်ပြန်ယူ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ မိုးမိတ်က ရန်သူစစ်ကူ ထပ်ရောက်မလာခင် မော်တော်ကားလမ်းတာ ဖြတ်ဖို့ ကြိုးစားရမယ်" ဟု သူက ရွှင်ရွှင်လန်းလန်း ဆက်ပြောသည်။

"ကျွန်တော်တို့ အခုသွားကြတော့မှာလား" ဟု ကျွန်တော် ပြန်မေးသည်။ "ကျွန်တော်တို့" ဟူသော စကားလုံးကို သုံးလိုက်မိသဖြင့် ကိုယ့်ကိုယ်ကိုယ် မလုံသလို ဖြစ်မိသည်။ သစ်ပင်တကက်နိုင်သည့်အရွယ် မဟုတ်သဖြင့် ကိုယ့်ကိုထားခဲ့ပြီး ကိုယ့်ဆက်ကြီးသူများ ငှက်သိုက်နှိုက်ရန် ထွက်သွားသောအခါ ခံစားရသလို ခံစားလိုက်ရသည်။ ကျွန်တော်တို့ စစ်ကြောင်းဆက်လက်ချီတက်မည့် အစီအစဉ်များ ဆွေးနွေးကြသည့် အရာရှိများထဲတွင် သူ ပါခဲ့သည်။ သို့သော် ကျွန်တော်ကား မပါ။

"နာရီဝက်အတွင်း ခရီးဆက်မယ်"ဟု သူက ပြောရင်း ကျွန်တော့်ကို ကပ်ကြည့်သည်။

ဗိုလ်အာသာဘက်စ်နှင့် ကားလ်ဗဟာဒူးတို့ နှစ်ယောက် ကျွန်တော့်ကို ကြည့်ပြီး တစ်စုံတစ်ရာ တွေးတောနေကြောင်း ကျွန်တော် သိပါသည်။ သူတို့ မျက်လုံးထဲမှာ သူတို့ အတွေးများ အထင်းသားပေါ်နေသည်။

"မတ်တတ်ရပ်ကြည့်စမ်းပါ ဗိုလ်ကြီး"

ကားလ်ဗဟာဒူးက ကျွန်တော့်အနီးသို့ ကပ်လာပြီး ညင်သာစွာ ပြောသည်။ အကြင်နာတရားကို ခံစားလိုက်ရပြန်သည်။ ဒဏ်ရာရသည့် ခြေထောက်မှာ အလွန်တရာ သက်သောင့်သက်သာ ရှိနေကြောင်း တွေ့ရသဖြင့် အံ့ဩမိသည်။ ခါးနှင့် ပေါင်ကို ပတ်တီးများ တင်းအောင်စည်းပေးထားသည်။ တင်ပါးဆုံကိုလည်း ဂွမ်းထူထူခံပြီး ပတ်တီးစည်းထားသည်။

"အချိန် နည်းနည်းလောက် နားခွင့်ရမယ်ဆိုရင် ကျွန်တော့် အားပြန်ရှိလာပြီး လမ်းလျှောက်လို့ရမယ်ထင်တယ် အာသာ" ဟု ကျွန်တော်က ဗိုလ်အာသာဘက်စ်ကို လှမ်းပြောသည်။

"တိုယ်သိပါတယ် ငါ့ညီရာ၊ ကိုယ်သိပါတယ်။ ဒါပေမယ့် ဒီအချိန်မှာ ဒီနေရာက သိပ်အန္တရာယ်ကြီးလို့ ကိုယ်စိုးရိမ်မိတယ်၊ ဒီနေရာက ကိုယ်တို့ ချက်ချင်း ခွာမှဖြစ်မယ်။ မနက်ဖြန်ဆိုရင် မင်း ခဏအနားယူဖို့





အခွင့်အရေး ရကောင်းပါရဲ့၊ တို့ကို ရန်သူ ခြေရာမကောက်မိနိုင်အောင် ဒီနေရာက ခွာမှ ဖြစ်တော့မယ်၊ ရန်သူနဲ့ဝေးရင် တောထဲမှာ တို့ကောင်းကောင်း နားနိုင်မယ်"

သည်အဖြစ်မျိုးကို အနေးနှင့်အမြန် ဆိုသလို မလွဲမရှောင်သာ ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကျွန်တော် သဘောပေါက်ပြီး ဖြစ်ပါသည်။

"ကျွန်တော့် ဒဏ်ရာ တော်တော်ကြီးသလား အာသာ"

ရုတ်တရက် ကျွန်တော် မေးချလိုက်သည်။ စည်းထားသည့် ပတ်တီးများကိုလည်း စစ်ကြည့်မိသည်။

"မဖြစ်လောက်ပါဘူး ငါ့ညီရာ၊ မော်တာစ ဝင်သွားတာပါ၊ အထဲမှာ ရှိနေတယ်၊ လောလောဆယ် အတိအကျ ပြောဖို့ ခက်တယ်လို့ ဆေးမှူး ဗိုလ်ကြီးစတော့က ပြောတယ်။ ဆေးမှူးဗိုလ်ကြီး လပ်စ်ခ်က ချက်ချင်း ခွဲထုတ်ပစ်ချင်တယ်။ မင်းသတိမေ့နေတုန်း ခွဲလိုက်တာ အကောင်းဆုံးပဲ ဆိုတာကိုလည်း ဆေးမှူးနှစ်ယောက်စလုံးက သဘောတူကြတယ်။ ဒါပေမယ့် ဒီနေရာက တို့ချက်ချင်း ထွက်ရမယ်လို့ ဗိုလ်မှူးကြီး အလက်ဇန်းဒါးက အမိန့်ထုတ်လိုက်တယ်" အာသာသည် ကျွန်တော်နှင့် မျက်လုံးချင်း မဆိုင်မိအောင် ကြိုးစား ရှောင်တိမ်းနေသည်။

ကျွန်တော် သဘောပေါက် နားလည်လိုက်ပါပြီ။ ဗိုလ်အာသာဘက်စ် အနေဖြင့် စကားလုံးများများ မပြောသော်လည်း ဗိုလ်မှူးကြီး အလက်ဇန်းဒါး၏ "ခွာမိန့်"သည် ကျွန်တော့်အတွက် "သေမိန့်" ဖြစ်ကြောင်း ကျွန်တော် နားလည်လိုက်ပါပြီ။

"တခြား စကားလုံးနဲ့ပြောရမယ်ဆိုရင် ကျွန်တော်တော့ ဓာတ်ကြွပ်ပရင်ဆင်းဂူရန်း ဖြစ်ရပြီပေါ့ဗျာ"

ခြောက်သွေ့နေသည့် နှုတ်ခမ်းအစုံမှ ခါးသီးသည့် စကားလုံးများ အက်ကွဲစွာ ပွင့်ထွက်သွားသည်။

ကျွန်တော့် လက်မောင်းကို ကိုင်ထားသည့် ကားလ်ဗဟာဒူး၏ လက်က ပို၍ တင်းကျပ်စွာ ဖျစ်လိုက်ကြောင်းကို ခံစားလိုက်ရသည်။ အာသာနှင့် ကျွန်တော် အင်္ဂလိပ်လို ပြောနေသော်လည်း ဘာဆိုလိုကြောင်း ကျွန်တော့် အကူရဲဘော် ကားလ်ဗဟာဒူးက သဘောပေါက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး တိုက်ခိုက်ခဲ့ကြရသည်။

"အံ့ဩစရာတော့ မဟုတ်ဘူးပေါ့ကွာ၊ မင်း သွေးထွက်လွန်ခဲ့တဲ့ အကြောင်း ဆရာဝန်က ပြောတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အခု ဘယ်လို နေသလဲ"

ဗိုလ်မှူးကြီး၏ လေသံထဲမှ အကြင်နာတရားများ ပါဝင်လာသည်ကို ကျွန်တော် သတိပြုမိပါသည်။ သို့သော်လည်း ကျွန်တော့်စိတ်ထဲမှ အကြောက်တရားကိုမူ ဟန့်တားထိန်းသိမ်းနိုင်စွမ်း မရှိပါ။ တပ်ကြပ်ပရင်ဆင်းဂူရန်း၏ အဖြစ်အပျက်က ကျွန်တော့်အာရုံအတွင်းသို့ ပြန်လည်ဝင်ရောက်လာပြန်သည်။ ပြုံးရွှင်နေသည့် သူ့မျက်နှာနှင့် ကံတရား၏ အဆုံးအဖြတ်ကို ခံယူလိုက်သော သူ့သတ္တိက ကျွန်တော့်အာရုံမှာ ကြီးစိုးလာသည်။ ရဲစွမ်းသော သူ့လက်များဖြင့် ကျွန်တော့်လက်ကို ဆုပ်ကိုင်ပြီး နောက်ဆုံး နှုတ်ဆက်ခဲ့သည့်အဖြစ်ကို တစ်သက်မမေ့နိုင်တော့မည်မဟုတ်ပါ။ သေရမည်ကို ကြောက်ရွံ့သည့်စိတ်များ လွှမ်းကဲလာသည်။ ပရင်ဆင်းဂူရန်း ကြုံတွေ့ခဲ့ရသည့် ကံကြမ္မာမျိုး ကျွန်တော်ကြုံတွေ့ရစေရန် ဗိုလ်မှူးကြီးက အမိန့်မပေးပါစေနှင့်ဟုသာ ဆန္ဒပြုရတော့သည်။ သည်အဖြစ်မျိုးကို မည်သည့်နည်းနှင့်မျှ ကျွန်တော် ရင်ဆိုင်နိုင်လိမ့်မည် မဟုတ်ပါ။

"မင်း ဒဏ်ရာဟာ သေလောက်တဲ့ဒဏ်ရာ မဟုတ်ဘူး၊ မင်းဒဏ်ရာဟာ အသက်အနေနဲ့ အဝေးကြီးရယ်၊ ဘာမှလဲ ကြီးကျယ်တာ မဟုတ်ဘူး၊ အနာချုပ်သွားအောင် သုံးလေးရက်လောက် အနားယူလိုက်ဖို့ပဲ လိုတယ်၊ သုံးလေးရက်လောက်ပဲ လိုတာပါကွာ" ကျွန်တော့် ခန္ဓာကိုယ်တွင်းမှ အသံတစ်ခုက ကျွန်တော့်ကို အော်ဟစ် ပြောဆိုနေသလို ရှိနေသည်။

သို့သော်လည်း "သုံးလေးရက်လောက်ပဲ လိုတာပါ" ဟူသည်မှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း သာမန် လူတိုင်းပင် သဘောပေါက်နားလည်နိုင်ပါသည်။ ကျွန်တော်တို့ စစ်ကြောင်းအနေဖြင့် ဂျပန်လက်တွင်းသို့ မကျရောက်စေရန် အလျင်အမြန် ချီတက်ဖို့ လိုသည်။ တောင်စဉ်အထပ်ထပ်ကို အလျင်အမြန် ဖြတ်ကျော်ပြီး ရွှေလီမြစ် တစ်ဖက်ကမ်းသို့ ကူးနိုင်ဖို့ လိုသည်။ သည်လို ကျဉ်းထဲကျပ်ထဲတွင် စစ်ကြောင်းကြီး





တစ်ခုလုံး ရေတိမ်အနစ်မခံနိုင်။ စစ်ကြောင်းတွင် ပါဝင်ဖွဲ့စည်းထားသူအားလုံးမှာ တစ်ယောက်မကျန် တိုက်စွမ်းရည်အပြည့်ရှိပြီး မနားမနေ ချီတက်နိုင်ကြဖို့ လိုပါသည်။ လမ်းမလျှောက်နိုင်သည့် ဒဏ်ရာရသူ တစ်ယောက်အတွက် မည်သူကမျှ ခရီးအဖင့်နှေး မခံနိုင်ပါ။

ဗိုလ်မှူးကြီး အလက်ဇန်းဒါးကို ကျွန်တော် မော့ကြည့်လိုက်သည်။ ကျွန်တော့်စိတ်ထဲက အဖြေကိုလည်း သူသိနေပုံ ရပါသည်။ ကျွန်တော့်ပခုံးကို လက်တစ်ဖက်နှင့် လှမ်းကိုင်လိုက်သည်။ တပ်ကြပ်ပရင်ဆင်းဂူရန်း၏ လက်မောင်းကို ကျွန်တော်ဆုပ်ကိုင်ခဲ့သလို ဖြစ်ပါသည်။ ပရင်ဆင်းဂူရန်းအတွက် ကျွန်တော်အမိန့်မပေးရက်ခဲ့သလို သူလည်း အပြောရခက်နေဟန် တူပါသည်။ သို့သော်လည်း ကျွန်တော် ဖြစ်စေချင်သည့်အတိုင်း သူ အမိန့်ပေးအောင် ကျွန်တော် ဘာမှ မစွမ်းဆောင်နိုင်တော့ပါ။

"မင်းစိတ်ထဲမှာ ဘာတွေ စဉ်းစားနေတယ်ဆိုတာ ငါသိပါတယ် ငါ့သားရယ်၊ မင်းလမ်းလျှောက်နိုင်မယ်လို့ ထင်သလား" ဗိုလ်မှူးကြီး အလက်ဇန်းဒါး၏ လေသံသည် နူးညံ့ပျော့ပျောင်းပြီး ကရုဏာသံ အပြည့်ပါဝင်လျက်ရှိသည်။

အာသာ၏ လက်ချောင်းကလေးများက ကျွန်တော့်လက်မောင်းအတွင်းသို့ စူးဝင်သွားသည်။ ပင်ပန်းတကြီး ကျွန်တော်အသက်ရှူမိသည်။ နိုင်မာသည့် ဆုံးဖြတ်ချက်နှင့်အတူ ဗိုလ်မှူးကြီး၏ မျက်လုံးများကို ကျွန်တော် စူးစိုက်ကြည့်လိုက်သည်။ ကျွန်တော် လမ်းလျှောက်နိုင်ကြောင်း သူ့ကို ပြောပြမည်။ သည်လို ပြောပြသည့်အတွက် တစ်စုံတစ်ရာ ထိခိုက်နစ်နာဖွယ်ရာအကြောင်း မရှိနိုင်ပါ။ နောက်ပြီးတော့ တိုက်ဖော်တိုက်ဖက်များကလည်း အရှိန်မပျက် ဆက်လက်ချီတက်နိုင်အောင် ကျွန်တော့်ကို ကူညီကြပါလိမ့်မည်။ မြေပြင်ပေါ်သို့ ကျွန်တော် လဲကျသေဆုံးသွားအောင် သူတို့ ပြုလုပ်ရက်ကြမည် မဟုတ်ပါချေ။ အသက်တစ်ချောင်း ဆုံးပေစေတော့ ဆိုပြီး ဗိုလ်မှူးကြီးက ကျွန်တော့်ကို နောက်ပိုင်းတွင် ချန်ထားမည်ကိုလည်း သူတို့ သဘောတူကြမည် မဟုတ်ပါ။

ဗိုလ်မှူးကြီး၏ မျက်လုံးအစုံထဲတွင် အကြင်နာတရားနှင့် သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နားလည်မှုမှတစ်ပါး အခြားဘာကိုမှ မမြင်တွေ့ရပါ။ ရက်သတ္တပတ်ပေါင်းများစွာ တောတွင်းမှာ ခရီးကြမ်းနှင်ပြီး ပြင်းထန်သည့် တိုက်ပွဲများ ဆင်နွှဲခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်မှုနှင့်အတူ စစ်ကြောင်းကြီး တစ်ခုလုံး၏ ကြီးလေးလှသော တာဝန်များကို ထမ်းဆောင်ထားရသည့် ဝန်ထုပ်ဝန်ပိုးကြီးကိုသာ မြင်တွေ့ရပါသည်။

ကျွန်တော် မျက်လွှာချလိုက်မိပါသည်။ ကောင်းသော အလုပ်မဟုတ်။ သည်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် မလိမ္မာသင့်ပါ။

"ကျွန်တော် လမ်းလျှောက်နိုင်မယ် မထင်ပါဘူး၊ ဗိုလ်မှူးကြီးခင်ဗျား"

ပရင်ဆင်းဂူရန်း၏ ပြုံးနေသော မျက်နှာကလေးကို ကျွန်တော် မြင်ယောင်လိုက်မိပြန်ပါသည်။ ကျွန်တော့် ခန္ဓာကိုယ်အတွင်းမှာ ပုန်းလျှိုးကွယ်ပျောက်နေသည့် ကြံ့ခိုင်မှုနှင့် သူရသတ္တိများသည် ထိုအပြုံးမျက်နှာကလေးကြောင့် ပြန်လည်ပေါ်ထွက်လာသည်ဟု ထင်မှတ်လိုက်မိသည်။ တစ်ပြိုင်တည်းမှာပင် မှန်ရာကို လက်ခံခြင်းနှင့် မှန်ရာကို လုပ်ဆောင်ခြင်းတည်းဟူသော သတ္တိများလည်း ပေါ်လာပါသည်။ ကျွန်တော်တို့ ဆောင်ရွက်ပါမည်ဟု အားလုံး သဘောတူထားသော လုပ်ငန်းဆောင်တာဟူသမျှကို ဦးလည်မသုန် ထမ်းဆောင်ကြရမည်ပင် ဖြစ်ပါသည်။

"မင်းကို မော်တော်ကားလမ်းနားအထိ သယ်ပေးသွားပါ့မယ် ငါ့သားရယ်၊ လက်နက်ဆောင်မထားရင် မင်းအဖို့ အခွင့်အလမ်းကောင်း ပေါ်လာနိုင်စရာအကြောင်း ရှိပါတယ်" ဗိုလ်မှူးကြီး၏ လေသံက နူးညံ့ညင်သာလှပါသည်။

ပခုံးပေါ်မှ သူ့လက်ကို ရုပ်လိုက်သည်။ ပြီးတော့ ကျွန်တော့် လက်ကောက်ဝတ်ကို ညင်သာစွာ ကိုင်ကာ အသာအယာဖျစ်ညှစ်သည်။ ခုတင်ပေါ်မှာ နာမကျန်းဖြစ်နေသည့် သားငယ်ကို အားပေးနှစ်သိမ့်သော ဖခင်တစ်ယောက်၏ အပြုအမူမျိုး ဖြစ်ပါသည်။

"နှုတ်ဆက်ခဲ့ပါတယ် ငါ့သားရယ်၊ ကံကောင်းပါစေ"ဟု တိုးတိတ်စွာ သူပြောသည်။

"ကံကောင်းပါစေ ချာတိတ်ရယ်" ဟု ဗိုလ်မှူး ဂျော့ဒန်းလော့က





ဆက်ပြောသည်။ သူ့လေသံထဲမှာ နာကြည်းဟန်များ ရောစွက်နေသည်။

"ကံအကောင်းဆုံး ဖြစ်ကြပါစေလို့ ကျွန်တော် ဆန္ဒပြုလိုက်ပါတယ် ဗိုလ်မှူးကြီးခင်ဗျား" ဟု ကျွန်တော် ပြန်ဖြေသည်။ သူတို့ကိုလည်း ပြုံးပြမိသည်။ သူရသတ္တိ အပြည့်အစုံဆုံးသော အပြုံးဖြစ်ပါစေတော့ဟု ကျွန်တော် ဆန္ဒစောလိုက်မိပါသည်။

ကျွန်တော့်လည်ချောင်းထဲမှာ ပေါက်ကွဲနေသည့် ရှိုက်ညည်းသံကို သူတို့ သတိမထားမိပါစေနှင့် ဟူ၍လည်း ဆန္ဒပြုလိုက်မိပါသည်။

ဗိုလ်မှူးကြီးအလက်ဇန်းဒါးနှင့် ဗိုလ်မှူးဒန်းလော့သည် ကျွန်တော့်ကို ကျောခိုင်းကာ အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ကျွန်တော့်ကို တစ်ချက်ကလေးမျှ ပြန်လှည့်မကြည့်။ စကားကလေး တစ်ခွန်းမျှ ပြန်လှည့်မပြော။

သည်လိုဖြင့်ပင် ကျွန်တော့်အတွက် "သေမိန့်"ကို စီရင်ချက်ချပြီး ဖြစ်သွားလေတော့သည်။ နောက်ပိုင်းမှာ စွန့်ပစ်ထားခဲ့ခြင်းကို ကျွန်တော် ခံလိုက်ရပေတော့သည်။

ယခုတော့ သည်အဖြစ်ဆိုးကြီးကို ကြုံရပြီ။ ကျွန်တော်၏ ကံကြမ္မာကိုလည်း ပြန်လည်သဘောပေါက် နားလည်နေပြီ။ အကြောက်တရားတို့သည် ကျွန်တော့် စိတ်အာရုံအတွင်းမှ ထူးထူးခြားခြားပင် လွင့်စဉ်ပျောက်ကွယ်သွားကြသည်။ အကြောက်တရားတို့အစား ထုံထိုင်းသည့် အာရုံများကိုသာ ခံစားလာရသည်။ အာရုံကြောများ ထုံထိုင်းသလို ဦးနှောက်၏ အသိတရားများပါ ဝေမှိုင်းသွားသည်။ တင်းထားသည့် စိတ်များ လျော့ပြေသွားသည်။ ကျွန်တော်၏ အနာဂတ်အရေးနှင့် ပတ်သက်၍ ဗိုလ်မှူးကြီးက အဆုံးအဖြတ်ပေးသွားပြီ။ တစ်စုံတစ်ရာသော အစီအစဉ်ကို ကျွန်တော် ရေးဆွဲ ချမှတ်ရန် မလိုတော့။ ရုန်းကန်ရန် မလိုတော့။ ရင်ဆိုင်တိုက်ခိုက်ရန် မလိုတော့။ ဘာဆိုဘာမှ မလိုတော့။

အနာဂတ်တွင် ကျွန်တော် ကြုံတွေ့ရမည့်အရာ မှန်သမျှသည် ကျွန်တော်နှင့် ဘာမှ မဆိုင်လေတော့ပြီ။ ဗိုလ်မှူးကြီးနှင့်လည်း ဘာမှ မပတ်သက်တော့ပြီ။ မည်သူ တစ်စုံတစ်ယောက်နှင့်မျှလည်း စပ်ဆိုင်ခြင်း မရှိလေပြီ။ ကျွန်တော် ကြုံတွေ့ရမည့် အနာဂတ်ရေးမှန်သမျှကို ဘုရား



www.burmeseclassic.com

www.burmeseclassic.com



သခင်၏ ကရုဏာရင်ခွင်တော် အတွင်းသို့သာ ပုံအပ်ပြီး ဖြစ်ချေပြီ တကား။

ကျွန်တော့် စိတ်အာရုံနှင့် ခန္ဓာကိုယ် အတွင်းမှာ ထုံထိုင်းလေးကန်မှုများ ကြီးထွားလာသည်နှင့်အမျှ ထိုခံစားရမှုကို တွန်းလှန်လိုစိတ်လည်း လျော့ပါးပျောက်ကွယ်သွားတော့သည်။ ကိုယ့်ကံကြမ္မာကိုယ် သိထားပြီးမို့ ထိုခံစားချက်ကို တွန်းလှန်လိုစိတ်လည်း မရှိတော့ပြီ။

မနက်ဖြန် နံနက်ပိုင်း နေထွက်သည်နှင့် တစ်ပြိုင်တည်း ကင်းလှည့်လာသည့် ဂျပန်များက ကျွန်တော်ရှိရာဆီသို့ ချဉ်းကပ်လာလိမ့်မည်။ ကျွန်တော်ရှိနေကြောင်း သူတို့သိအောင် လှမ်း၍ အော်မိမည်။ ပြီးတော့ လက်နက်ချလိုက်မည်။ စစ်သုံ့ပန်းများကို မည်ကဲ့သို့ နှိပ်စက်ညှဉ်းပန်းပြီး သတ်ဖြတ်ပစ်တတ်ကြောင်း ကြားရဖူးသည့် ဇာတ်လမ်းများသည် ပုံကြီးချဲ့ထားခြင်းပင် ဖြစ်လေသလော။

ကျွန်တော်၏ ကံကြမ္မာသည် အခြား အခြားသော စစ်သုံ့ပန်းများ၏ ကံကြမ္မာထက် ပိုမိုဆိုးရွားနိုင်ပါသလော။ စိတ်ပျက်စရာလည်း ကောင်းပါလိမ့်မည်။ စိတ်လှုပ်ရှားစရာလည်း ကောင်းပါလိမ့်မည်။ အထိုက်အလျောက် ဂုဏ်သိက္ခာရှိဖွယ်ရာနှင့်လည်း ကြုံတွေ့နိုင်ပါသည်။

သို့သော် လူမသေရ၊ မည်သည့်နည်းနှင့်မျှ အသက်မသေရ။

ဂျပန်လူပုကလေးများ၏ လက်ရဖမ်းဆီးခြင်းကို ခံရပြီးနောက် ရက်စက်ကြမ်းကြုတ်စွာ ပြုမူတတ်သည့်ကြားမှ ကောင်းစွာ အဆက်ဆံ ခံရခြင်းဆိုသည်ကို မျှော်လင့်နိုင်ပါသလော။ မည်သည့်နည်းနှင့်မျှ မျှော်လင့်နိုင်ဖွယ်ရာ အကြောင်း မရှိပါ။ ပြည်တစ်ဖက်ကမ်း ပန်းတောင်းအနီးမှာ ဂျပန်အဖမ်းခံခဲ့ကြရသည့် မရိန်းတပ်သားများနှင့် ကွန်မင်ဒိုတပ်သားများ၏ အဖြစ်အပျက်က သက်သေခံပါသည်။

ဗိုလ်အာသာဘက်စ်က ကျွန်တော့်အနားသို့ တိုးကပ်လာသည်။ ထို့ကြောင့်လည်း ကျွန်တော့်အတွေးများ ပျက်ပြားသွားသည်။ သူ့ကိုယ်ကို ကျွန်တော့်အပေါ်သို့ ကိုင်းညွတ်လိုက်သည်။ ထွက်ပြူစ လရောင်တွင် အရောင်လက်သွားသည်။ သူသွားဖွေးဖွေးများကို မြင်တွေ့လိုက်ရသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ ပုစဉ်းရင်ကွဲအသံများဖြင့် ဖုံးလွှမ်းနေသည်။





ဝေးလံသည့် တောနက်တစ်နေရာဆီမှ တောရိုင်းတိရစ္ဆာန်တို့၏ ဟိန်းသံ၊ ဟောက်သံများလည်း လွင့်မျောလာသည်။

"မင်းကို တစ်ယောက်တည်း နောက်ပိုင်းမှ ချန်မထားခဲ့ပါဘူးကွာ၊ နောက် သုံးလေးရက်ဆိုရင် တို့စစ်ကြောင်းရဲ့ နောက်ချန်ကင်းအဖြစ် ငါ တာဝန်ယူရမယ်၊ ထမ်းစင်တစ်ခုလုပ်ပြီး မင်းကို တို့ သယ်ယူပါမယ်"

အာသာက ကျွန်တော့်နားသို့ ကပ်ပြီး လေသံကလေးဖြင့် ပြောသည်။ ပြီးတော့ သူ့အသံကို အများကြားလောက်အောင် မြှင့်တင်လိုက်သည်။

"ကားလ်ဗဟာဒူး . . . ရဲဘော်နှစ်ယောက်ခေါ်၊ ဝါးခုတ်ပြီးတော့ ထမ်းစင်လုပ်၊ မြန်မြန်လုပ်၊ မြန်မြန်" ဟု လှမ်းပြောသည်။

"အရှုံးမထချင်စမ်းနဲ့အာသာ" ဟု ကျွန်တော်က ဆို့နင့်စွာ ပြောမိသည်။ ကျွန်တော့်မှာ ဘာသတ္တိမှ မရှိတော့ပါ။ သတ္တိရှိသယောင်လည်း ဟန်မဆောင်ချင်တော့ပါ။ ထို့ကြောင့်လည်း ရိုးရိုးသားသားပင် ဆိုမိပါသည်။

"ဒီလောက် တောအထပ်ထပ် တောင်အထပ်ထပ်ဖြစ်နေတဲ့ ခရီးကြမ်းကြီးမှာ တစ်ညတောင် ခင်ဗျား ကျွန်တော့်ကို သယ်နိုင်မှာ မဟုတ်ဘူး။ ခင်ဗျားလည်း မသယ်နိုင်ဘူး။ ခင်ဗျား ရဲဘော်တွေလည်း မသယ်နိုင်ဘူး။ ကျုပ်ကို ဘယ်သူမှ မသတ်ဘူး၊ စိတ်ချ။ ကျုပ်ကို သုံ့ပန်းအဖြစ်နဲ့ပဲ ဖမ်းသွားမှာပါ"

ကျွန်တော့် လေသံသည် အလွန်မတော် အားနည်းနေကြောင်း ကျွန်တော်သတိပြုမိပါသည်။ ကျွန်တော် ဂရုမစိုက်နိုင်ဘော့ပါ။ ကျွန်တော် ပြောသည်ကို အာသာကြားစေချင်သည့် ဆန္ဒသာရှိပါသည်။ ကျွန်တော့်ကို တစ်ယောက်တည်း သူပစ်မထားခဲ့ဖို့သာ ကျွန်တော် လိုပါသည်။

"ဟုတ်ပါ့မလား ငါ့ညီရာ၊ အမှတ် (၅) စစ်ကြောင်းက တို့လူတွေ တယ်လို ခံခဲ့ကြရတယ်ဆိုတာ ပြန်စဉ်းစားစမ်း။ ဘာမှ မပူပါနဲ့ကွာ၊ တို့နဲ့ အတူတူ မင်းကို ထမ်းသွားမယ်" ဟု အာသာက ဆက်ပြောနေသည်။

အမှတ် (၅)စစ်ကြောင်းမှ ဗိုလ်ဒန်ကင်မင်ဇီနှင့် ဒုတပ်ကြပ် ဇေလ်မာတင်တို့ နှစ်ဦးတို့သည် ဇီးဖြူကျင်းရွာကို တိုက်ကင်းထွက်ရာမှ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာဘဲ ရှိသည်။ နောက်ပိုင်းတွင် ဘားမားရိုင်ဖယ်က ထိုရွာကို ဝင်တိုက်သည်။ သစ်ပင်မှာ ကြိုးတုပ်ထားသော ဒန်ကင်မင်ဇီနှင့် ဂေးလ်မာတင်တို့ နှစ်ဦးကို တွေ့ရသည်။ ခေါင်းတုံးပြောင်အောင် ရိတ်ထားသည်။ လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းပြီး သေနတ်ဖြင့် ပစ်သတ်ထားသည်။ ဘားမားရိုင်ဖယ်ရောက်သွားတော့ မင်ဇီး အသက်ငွေ့ငွေ့ ရှိနေသေးသည်။ မော်ဖီးယား ထိုးပေးသည်။ သို့သော်လည်း သက်ဆိုးမရှည်ရှာတော့။

စစ်ကြောင်းနှင့်အတူ ကျွန်တော့်ကို သယ်သွားဖို့ ဆိုသည်မှာ မဖြစ်နိုင်ကြောင်း ကျွန်တော်သိသလို အာသာလည်း သိပါသည်။ ကျွန်တော့်တာဝန်ကို အာသာနှင့် ကားလ်ဗဟာဒူးတို့ နှစ်ယောက်သာ တာဝန်ယူရမည် မဟုတ်ပါ။ ကျန်ရဲဘော်များအားလုံးလည်း တောတစ်လျှောက် တောင်တစ်လျှောက် အလှည့်ကျ ထမ်းကြ၊ ပိုးကြရဦးမည်သာ ဖြစ်သည်။

အာသာနှင့် ကားလ်ဗဟာဒူးတို့သည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ လူသေကောင်လို လေးလံလှသည့် ကျွန်တော်၏ ခန္ဓာကိုယ်ကို ထမ်းစင်ပေါ်သို့ ရွှေ့တင်ကာ တစ်ဆက်တည်း ထမ်းပြီး ချီတက်ခဲ့တော့သည်။ အော်ဟစ် မငိုလိုက်မိအောင် နှုတ်ခမ်းကို တင်းတင်းကိုက်ထားလိုက်ရသည်။ လရောင်က အစွမ်းကုန် ထိန်လင်းဖြာနေသည်။ အာသာနှင့် ကားလ်ဗဟာဒူးသည် အချွန်အတက်တွေ ထူပြောပြီး မည်းညာသည့် တောင်စောင်းမှာ ကျွန်တော့် ခန္ဓာကိုယ်ကြီးကို ပင်ပန်းကြီးစွာ ထမ်းရင်း မိုးမိတ်ကားလမ်းဆီသို့ ဆင်းလာကြသည်။

မော်တော်ကားလမ်း အနီးသို့ ကျွန်တော်တို့ ချဉ်းကပ်မိလာသော အခါ နောက်ပိုင်းဆီမှာ ကျန်ခဲ့သည့် တပ်ဖွဲ့များက ကျွန်တော်တို့ကို ဖြတ်ကျော်တက်သွားကြသည်။ သည်နေရာသည် ဗျူပန်များကို ကျွန်တော်တို့ တိုက်ခိုက်ခဲ့ကြသည့် နေရာဖြစ်သည်။ ဖုန်တသောသောထပြီး အတန်ငယ် ကျယ်လွင့်သည့် မော်တော်ကားလမ်းကို တပ်ဖွဲ့များ ဖြတ်ကျော်နေကြပြီ။ လရောင်အောက်မှာ အညိုရောင်သရဲတစ္ဆေများ စစ်ကြောင်းဖွဲ့ပြီး [illegible]ကြသလို ကျွန်တော့်ကို ဖြတ်ကျော်သွားနေကြသည်။ သူတို့မြင်[illegible]တော့ ကျွန်တော်သည် လူသေတစ်ယောက်လို ဖြစ်နေပါ





သည်။ ကျွန်တော့်မြင်ကွင်း အတွင်းသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ ပြီးတော့ ကျွန်တော့်မြင်ကွင်းမှ တစ်ယောက်ပြီး တစ်ယောက် ပျောက်ကွယ်သွားကြသည်။ တစ်ဖက်က တောနက်အတွင်းသို့ အပြီးတိုင် သွားကြခြင်း ဖြစ်သည်။

အံ့သြစရာ ကောင်းသလိုလည်း ဖြစ်ပါသည်။ သူတို့ ပျောက်ကွယ်သွားသည်အထိ ကျွန်တော် စောင့်ကြည့်နေရပါတော့မည်။ သူတို့ ဆိုသည်မှာ ကျွန်တော်နှင့်အတူ စစ်ထွက်ခဲ့သူများ၊ ကျွန်တော်နှင့်အတူ ချီတက်ခဲ့သူများ၊ ကျွန်တော်နှင့်အတူ တိုက်ပွဲဝင်ခဲ့ကြသူများ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အကြောင်းများကို ပြောကြဆိုကြရင်း ကျွန်တော်နှင့်အတူ တသောသော ရယ်မောကြခဲ့သူများ။ ယခုတော့ အနာဂတ်ဟူသည်မှာ လုံးဝ မရှိတော့ပါချေပြီ။

"ငါ့အနားက ဖြတ်သွားတဲ့အခါမှာ သူတို့ ခေါင်းပေါ်က ဦးထုပ်ကို ချွတ်ပြပြီး နှုတ်ဆက်သွားစေချင်လိုက်တာ" ဟု ကျွန်တော် တွေးနေမိပြန်သည်။

လမ်း၏ တစ်ဖက်ခြမ်းသို့ ဖြည်းဖြည်းချင်း ပင်ပန်းကြီးစွာ ကျွန်တော်တို့ ကူးခဲ့ကြသည်။ အာသာနှင့် ကားလ်ဗဟာဒူးက ကျွန်တော့်ကို ခက်ခက်ခဲခဲ သယ်ယူလာခဲ့ကြသည်။ လမ်းတစ်ဖက်ခြမ်း တောစပ်၏ တောင်စောင်း တစ်နေရာရှိ သစ်ပင်ခြေရင်းက ကုန်းကလေးတစ်ခုထဲမှာ ကျွန်တော့်ကို ချသည်။ သစ်ပင်ကို ကျောနှင့်မှီသျှတ်သား ရှိနေသည်။ အောက်ရှိ မော်တော်ကားလမ်းကို အပေါ်စီးမှ လှမ်းမြင်နေရသည်။

မည်သည့်နေရာဟု အတပ်မပြောနိုင်သော သည်နေရာရှိ သစ်ပင်တစ်ပင်ကို ကျွန်တော် ကျောမှီထားသည်။ ထူပိန်းသည့် ဝါးရုံများနှင့် တိုးမပေါက်သည့် ချုံနွယ်ပိတ်ပေါင်းများက ကျွန်တော့်ပတ်လည်မှာ ဝိုင်းရံနေသည်။

တကယ်ဆိုတော့ သည်နေရာမှာ ကျွန်တော့်ဘဝ ဆုံးပါပြီ။

အာသာနှင့် ကားလ်ဗဟာဒူးသာပတို့နှစ်ယောက် ကျွန်တော့်ဘေးမှာ တိတ်ငြိမ်စွာ ရပ်နေသည်ကို သတိပြုမိသည်။ ခြေသံကို လုံနိုင်သမျှ လုံအောင် ထိန်းရင်း တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည့်



www.burmeseclassic.com

www.burmeseclassic.com



ခနှာတ်ချန်တပ်စုကို ကျွန်တော်တို့ သုံးယောက် ငေးကြည့်နေမိသည်။ အချွန်အတက်တွေ ထူပြောသည့် မညီမညာသော တောင်ကြောများ တစ်ခလျှောက်မှာ ခရီးကြမ်းကြီးကို သူတို့ ဆက်ကြရပေဦးမည်။

ပြီးတော့ ကျွန်တော်တို့ သုံးယောက်။ သည်နေရာမှာ အဖော်ဘင်းမဲ့စွာ ကျန်ရစ်ခဲ့သည့် အထီးကျန် ကျွန်တော်တို့ သုံးယောက်။

ကျွန်တော့်ဘေးမှာ ချထားသည့် ရေဘူးကို အာသာက ကောက်ယူပြီး လှုပ်ကြည့်သည်။ ရေအပြည့်နီးပါးရှိသည်။

"မနက်တုန်းက ငါ့ရေဘူးထဲကို လက်ဖက်ရည်ထည့်ခဲ့မိတာ တော်သေးတာပေါ့ကွာ" ဟု အာသာက ပြောသည်။ တကယ်တော့ လှုပ်ရှားနေသော သူ့စိတ်ကို ထိန်းသိမ်းသည့်အနေဖြင့် ပြောခြင်း ဖြစ်သည်။

သူ့လက်ကို ကျွန်တော် လှမ်းဆွဲယူလိုက်သည်။ နောက်ဆုံးနှုတ်ဆက်ခြင်း အနေဖြင့် နှုတ်ဆက်ရတော့မည်။ သည်နေရာမှာ သူတို့ကြာကြာနေလျှင် ကျွန်တော် အသည်းကွဲရတော့မည်။ ကိုးကွယ်ရာမဲ့သည့် ကလေးတစ်ဦးလို ဖြစ်ရတော့မည်။

"စစ်ပြီးတော့မှ တွေ့တော့မယ်ဗျာ"ဟု ကျွန်တော်က လှမ်းပြောသည်။ ပျော်ရွှင်သည့် လေသံမျိုး ပါနိုင်သမျှပါအောင် ကျွန်တော် ကြိုးစားလိုက်ပါသည်။

"ကံကောင်းပါစေကွာ"

အာသာသည် ကျွန်တော့်လက်ကို တင်းတင်းကြီး ညှစ်လိုက်သည်။ ပြီးတော့ နောက်သို့ ခပ်သုတ်သုတ်လှည့်ပြီး ထွက်သွားတော့သည်။ လရောင်အောက်တွင် အရောင်လက်သွားသည့် ဓားသွားကို မြင်လိုက်ရသဖြင့် ကျွန်တော့်စိတ်အာရုံများ ပစ္စုပ္ပန်ကာလသို့ ပြန်လည် ရောက်လာသည်။ ကျွန်တော်၏ အကူရဲဘော် ကားလ်ဗဟာဒူးသာပသည် ကျွန်တော့်ကို စွန့်ခွာမသွားသေးကြောင်း နားလည်လိုက်သည်။ ကျွန်တော် ကျယ်ကျယ်လွင့်လွင့် နားနေနိုင်ရန် ကျွန်တော့်ပတ်လည်ရှိ ချုံနွယ်ပိတ်ပေါင်းများကို သူ့လက်စွဲတော် ဂေါ်ရခါးဓားကောက်နှင့် ခုတ်ထွင် ရှင်းလင်းပေးနေသည်။

"ကျေးဇူးတင်ပါတယ် ဗဟာဒူးရယ်၊ ဒါလောက်ဆို အနေချောင်





ပါပြီ၊ ငါ့ပတ်လည်မှာ ရှင်းသွားပြီပဲ"

"ဒါလောက်နဲ့ မလုံလောက်သေးဘူး။ ဗိုလ်ကြီးတစ်ယောက်စာအတွက်တော့ နေသာပြီပေါ့။ ဒါပေမယ့် နှစ်ယောက်နေဖို့ဆိုရင် ကျဉ်းသေးတယ်" အေးအေးဆေးဆေးပင် သူက ပြန်ဖြေသည်။

မယုံကြည်နိုင်လောက်အောင် ကျွန်တော် အံ့ဩတကြီး ဖြစ်သွားမိသည်။ ပါးစပ်ထဲမှာလည်း အာစေးထည့်ထားသလို ဖြစ်သွားသည်။

ချုံပုတ်၏ အောက်ခြေကို ရှင်းနေသော ကားလ်ဗဟာဒူးသာပကသူ့အလုပ်ကို ခေတ္တရပ်ကာ ကျောဆန့်လိုက်သည်။ ကျွန်တော်၏ တိတ်ဆိတ်မှုကို ရိုးရိုးကလေးပင် သူ တုံ့ပြန်ပါသည်။

"ဗိုလ်ကြီး . . . ကျွန်တော်ဟာ ဗိုလ်ကြီးရဲ့ အကူရဲဘော် ဖြစ်ပါတယ်၊ ကျွန်တော် ဗိုလ်ကြီးနဲ့ အတူနေမယ်"

မယုံကြည်နိုင်စရာ ကောင်းလောက်သည့် သူ၏ သစ္စာတရား။

အံ့ဩစရာကောင်းလှသည့် သူ၏ သစ္စာတရား။

ရဲဘော် ရဲဘက်စိတ်ကို အခြေခံပြီး ပေါက်ဖွားလာသည့် သစ္စာတရား။

ထိုသစ္စာတရားက ကျွန်တော့်တစ်ကိုယ်လုံးကို လွှမ်းခြုံထုံမွှမ်းလိုက်ပါသည်။ ဝမ်းသာမှုနှင့် စိတ်ချမ်းသာမှုက သူ့အဆိုပြုချက်ကို လက်ခံလိုက်မိတော့မလို ဖြစ်သွားသည်။ ဘင်ကိုယ်တည်း တုန်လှုပ်ချောက်ချားဖွယ် ကောင်းလောက်အောင် ကျန်ရစ်ခဲ့ရတော့မည့်ဘဝ။ မည်သို့သော ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရမည်ကို ကြိုတင် မသိစွမ်းနိုင်သော ဘဝ။ သည်လို ဘဝမျိုးတွင် အဖော်ကောင်းတစ်ယောက်လိုသည်မှာ အမှန် ဖြစ်ပါသည်။

သို့သော် . . .

"မဖြစ်နိုင်ပါဘူး ကားလ်ဗဟာဒူးရယ် . . ." ချစ်ခင်ကြင်နာစွာဖြင့် သူ့ကို ကျွန်တော် ပြန်ပြောမိသည်။ "မင်း ငါနဲ့အတူ မနေရဘူး ငါနဲ့အတူနေလို့ ဘာပိုပြီး ထူးခြားလာမှာလဲ၊ ငါက လမ်းလျှောက်နိုင်တာ မဟုတ်ပါဘူး၊ တို့နှစ်ယောက်စလုံး အဖမ်းခံရဖို့ သေချာတာပဲ ရှိမယ်၊ ပြီးတော့ တို့ကို တခြားစီခွဲထားမယ်၊ မင်းက စခန်းတစ်နေရာ၊ ငါက တခြား



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းစခန်းတစ်နေရာ၊ သွားပါတော့ကွာ၊ နောက်နှစ်မှ ပြန်လာခဲ့ပါ။ ဒါမှမဟုတ် နောက်နှစ်နှစ်ကြာရင် ပြန်လာခဲ့ပါ။ ရန်ကုန်ထောင်ထဲက နေ မင်းကို ငါစောင့်နေပါ့မယ်"

အသက်ငယ်ရွယ်သေးသည့် အရှေ့တိုင်းသား ဂေါ်ရခါး ရဲဘော် တလေး၏ မျက်နှာမှာ တွေဝေငေးငိုင်သွားသည်။ ဘာကို ဆုံးဖြတ်ရမည် ဖြစ်ကြောင်း သူ မသိရှာတော့။

"ကဲ. . . အခုပဲ သွားတော့၊ ဒါဟာ ငါ့ဆန္ဒပါပဲ၊ ပြီးတော့ ဒါဟာ ငါ့အမိန့်ပဲ"

နောက်ဆုံး စကားလုံးဖြစ်သည့် "အမိန့်" ဆိုသည်ကို ကျွန်တော် မပြောရက်ပါ။ သို့သော်လည်း မလွှဲမရှောင်သာ ကျွန်တော် ပြောလိုက် ရပါတော့သည်။

သူ တုံ့ဆိုင်းဆိုင်း ဖြစ်နေသေးသည်။ နှုတ်ခမ်းကိုတော့ နာနာ ကိုက်လိုက်သည်။ မျက်မှောင်တင်းတင်း ကုတ်လိုက်သည်။ နောက်ဆုံးမှာ တော့ စစ်စည်းကမ်းဟူသည်ကို သူ့ခမျာ မသွေဖီနိုင်ရှာတော့ပါ။ ဓား ကောက်ကို သူပြန်သိမ်းလိုက်သည်။ ပြီးတော့ ညာဘက်လက်ကို ဖြည်း ဖြည်းချင်း ဆန့်တန်းလာသည်။ ကျွန်တော်တို့ နှစ်ယောက် တင်းတင်းကြီး ဆုပ်ကိုင်ကာ အပြန်အလှန် လှုပ်ယမ်းလိုက်မိသည်။

"ကျွန်တော် သွားတော့မယ် ဗိုလ်ကြီး၊ ကျွန်တော်တို့ ပြန်တွေ့ကြ မှာပါ၊ ပြန်တွေ့မယ်ဆိုတာ ကျွန်တော် အလိုလို သိနေတယ်"

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ကျွန်တော့်အကူရဲဘော် ကားလ်ဗဟာဒူးသာပသည် ကျွန်တော့်ကို ကျောခိုင်းကာ ထွက်ခွာသွား ပေတော့သည်။ သစ်ရွက်ခြောက်များ အပေါ် နင်းသွားသည့် သူ့ခြေသံကို ကျွန်တော် ကြားနေရသည်။ နောက်ဆုံးတော့လည်း ကျွန်တော့်ကို စွန့်ခွာသွားပါပြီ။

သည်တော့မှ တကယ်ပဲ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့ တော့သည်။ မျှော်လင့်ချက် ကုန်ဆုံးခြင်းနှင့် တုန်လှုပ်ချောက်ချားခြင်း သည် ကျွန်တော့် အသွေးအသားထဲသို့ စိမ့်ဝင်လာသည်။ ကျွန်တော့် ရင်ထဲမှာ တင်းကျပ်လာသည်။ သည်ဘဝမျိုးကို တွန်းပို့လိုက်သည့်





ပတ်ဝန်းကျင် အဖြစ်အပျက်များကို စိတ်အနာကြီး နာမိသည်။ ဒဏ်ရာ ရသူကို ဒဏ်ရာရသည့် နေရာမှာပင် စွန့်ပစ်ထားခဲ့ရသည် ဆိုသည်မှာ ကျွန်တော်တို့ လိုက်နာကျင့်သုံးရမည့် စစ်စည်းကမ်းပင် ဖြစ်ပါသည်။ စစ်မထွက်မီကတည်းက စစ်ဆင်ရေးမှူးကြီး ကိုယ်တိုင် ထုတ်ပြန်ခဲ့သော စစ်မိန့်ပဲ ဖြစ်ပါသည်။

မည်သို့ဆိုစေ ကျွန်တော့်ကို ပစ်ထားခဲ့ရမည်ဟု အမိန့်ပေးလိုက် သည့် ဗိုလ်မှူးကြီးအလက်ဇန်းဒါးအပေါ် ကျွန်တော် ဒေါသအဖြစ်ကြီး ဖြစ်မိပါသည်။ တကယ်ဆိုလျှင် စစ်ကြောင်း၏ နောက်ပိုင်းမှ ဖြစ်သည့် နည်းဖြင့် ကျွန်တော့်ကို သယ်လာဖို့ သူ စွန့်စားသင့်ပါသည်။

ကျွန်တော့် ရဲဘော်များ၏ တဖြည်းဖြည်း ဝေးသွားသော ခြေသံ များကို အာရုံစိုက်နေရာမှ ကျွန်တော့်စိတ်ကို လျှော့လိုက်သည်။ သည် အခါတွင် လူသူ မနီးသည့် တောကြီးမျက်မည်းထဲတွင် တစ်ယောက် ထီးတည်း အစွန့်ပစ်ခံခဲ့ရသည့် အဖြစ်က တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွား တော့သည်။ ကြောက်စိတ်များ ဝင်လာသည်။ ဒဏ်ရာက နာလာသည်။ စိတ်ကို တင်းထားမိပြန်သည်။ တစ်ကိုယ်လုံးမှာ ချွေးစီးများ ပြန်လာ သည်။ ပက်လက်လှန်ပြီး စိတ်ငြိမ်မှုရအောင် ကြိုးစားနေမိသည်။

အအေးဓာတ်ကို ရုတ်တရက် ခံစားလိုက်ရသည်။ ကျွန်တော် ပုန်း အောင်းနေသည့် နေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း များစွာ မြင့်ကြောင်း ယခုမှ သတိပြုမိရသည်။ မိုးစိတ်တိုက်ခွဲ မျှော်မိ ရက်ပေါင်းများစွာကတည်းက တောင်များကို တစ်ထက်တည်း တက်နေခဲ့ ရသည်။

ကိုယ်လုံးနှင့် ဒဏ်ရာရထားသည့် ခြေထောက်ကို စောင်နှင့် လုံ အောင် ပတ်လိုက်သည်။ အာရုံများကတော့ စိတ်လှုပ်ရှားရလွန်းသဖြင့် ပင်ပန်းနွမ်းနယ်နေပြီ။ နောက်ကျနေပြီ။ ပတ်လည်မှာ ပုစဉ်းရင်ကွဲသံ များ ဖုံးလွှမ်းနေသည်။ တစ်ချို့တစ်ချို့တွင် တောကောင်တို့၏ အော်မြည်သံ များ ခပ်ဝေးဝေးမှ လွင့်လာသည်။ ထိုအသံများမှတစ်ပါး တစ်တောလုံး တစ်တောင်လုံး တိတ်ငြိမ်နေသည်။ သည်နေရာမှာ ထိုင်ပြီး စောင့်နေရုံသာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ မိုးမိတ်မြို့ထဲရှိ ဂျပန်တပ်စခန်းမှ ရောက်လာမည့် ရန်သူများကို ထိုင်စောင့်နေရုံမှတစ်ပါး အခြားဘာမှ မရှိပြီ။ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ကျွန်တော်တို့ စစ်ကြောင်းနှင့် ရန်သူများ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် တိုက်ပွဲနှစ်ကြိမ် ဖြစ်ခဲ့သည်။ သည်လိုဆိုတော့ ကျွန်တော်တို့ နောက်သို့ ရန်သူများ ခြေရာခံလိုက်မည်မှာ သေချာသည်။

သူတို့ ဘယ်ပုံဘယ်နည်း ရောက်လာကြမည်နည်း။ ကျွန်တော့် အတွေးအာရုံများ ထုံထိုင်းနေသည်။ အသက်ရှင်ရေးနှင့် သေခြင်းတရားကြားမှာ ကြုံတွေ့ရမည့် ပြဿနာများကို ကျွန်တော် ဖြေရှင်းနိုင်စွမ်း ရှိတော့မည် မဟုတ်ပါ။

ရန်သူတို့ စစ်ကားဖြင့် ရောက်လာကြမည်လော။

ကျွန်တော် ပုန်းနေသော နေရာ၏ အောက်နားမှာ ရှိသည့် မော်တော်ကား လမ်းပေါ်သို့ သူတို့ ရောက်လာကြမည်လော။

ဂျပန် စစ်ကားများ ဖုန်တထောင်းထောင်းဖြင့် ရပ်သွားသည်ကို ကျွန်တော် ကြည့်နေရမည်လော။

ဂျပန်စစ်ဗိုလ်များ အမိန့်ပေးသည့် အသံများကို ကျွန်တော် ကြားနေရမည်လော။

တောတွင်းတစ်နေရာမှာ ဗြိတိသျှစစ်သားများ ရှိလိုရှိငြား အထင်ဖြင့် လှံစွပ်ရှည်ကြီးများ တပ်ထားသည့် ရိုင်ဖယ်သေနတ် ကိုယ်စီကိုင်ကာ ကျွန်တော် ပုန်းအောင်းနေသော နေရာသို့ တစ်လှမ်းချင်း တက်လာသည့် ဂျပန်စစ်သားများကို ခိုကိုးရာမဲ့ ငေးကြည့်နေရင်း တစ်ကိုယ်လုံး ချွေးစီးများဖြင့် ရွှဲနစ်နေရမည်လော။

ပြီးတော့ ကျွန်တော်နှင့် မလှမ်းမကမ်းမှာ သူတို့ ခဏ ရပ်ကြမည်လော။

ဗိုလ်လုပ်သူ၏ အမိန့်ကို နာခံပြီး သူတို့ တန်းစီကြမည်လော။

မည်နည်းမည်ပုံနှင့်ပင် လာလာ ကျွန်တော့်အနေဖြင့် ဘာများ တတ်နိုင်ပါတော့မည်နည်း။ သူတို့ကို ကျွန်တော်က ရင်းရင်းနှီးနှီး အော်ခေါ် လိုက်ရမည်လော။ သူတို့ လှည့်အကြည့်တွင် လက်ဝှေ့ယမ်းပြရမည်လော။ ကျွန်တော့်ကို မြင်သောအခါ ချိုချိုကလေး ပြုံးပြရမည်လော။





ကျွန်တော့်အနီးသို့ တိုးကပ်လာသည့်အခါတွင် ကျွန်တော်သည် သူတို့ကို အန္တရာယ်ပေးမည့်သူ မဟုတ်ကြောင်း ပြရမည်လော။ (သည်ကိစ္စနှင့်ပတ်သက်၍မူ ကျွန်တော်၏ လက်ရှိ အနေအထားကို ကြည့်ခြင်းအားဖြင့် သူတို့ကို အန္တရာယ်မပြုနိုင်ကြောင်း သိသာလောက်ပါသည်။) သည်လိုမဟုတ်လျှင် ကျွန်တော့်ကို သူတို့ မတွေ့မချင်း စောင့်နေကြမည်လော။ မတွေ့ပါစေနှင့် ဟူသော မျှော်လင့်ချက်ကလေး ထားရမည်လော။

သူတို့ ရောက်လာခိုက်တွင် လမ်းတစ်ဖက်ခြမ်းသို့ မိကျောင်းသွားတွားတက်ပြီး လက်လှမ်းပြရသည်ကမူ ကောင်းတောင်းတောင်း ရှိပေလိမ့်မည်။ ကျွန်တော့်ကိုယ် ကျွန်တော် သူတို့လက်ကို ဝကွက်အပ်ရမည်။ ထိုနည်းအားဖြင့် အနည်းဆုံးဒုက္ခကို ကျွန်တော်ရင်ဆိုင်ရမည်။ "ချေမှုန်းမရနိုင်သော ဂျပန်တပ်မတော်ကြီး" ဖြစ်ကြောင်း ကျွန်တော်က လက်ခံ အသိအမှတ်ပြုရမည်။ ကျွန်တော့်ဆရာများအဖြစ် သူတို့ကို လက်ခံရမည်။

သည်လိုမှမဟုတ်လျှင် ကျွန်တော့်မှာ ရှိနေသည့် ခြောက်လုံးပြူးကို အချက်ပေးသည့်အနေဖြင့် တစ်ချက်လောက် ပစ်ဖောက်ရမည်လော။ သည်နည်းကတော့ မဖြစ်နိုင်ပါ။ သေနတ်သံကြားလျှင် ကျွန်တော့်ကို အထင်မှားတော့မည်။ ဘယ်လောက်ပဲ ပြုံးပြပြ မယုံသင်္ကာဖြစ်တော့မည်။ တစ်ချက်တည်းသော သေနတ်သံသည် သူတို့ကို ပစ်ခတ်ခြင်း ဖြစ်သည်ဟု အထင်ရောက်ပေတော့မည်။ သည်အခါတွင် သူတို့၏ လှံစွပ်ဖျားမှာ ကျွန်တော် အသက်ပျောက်ရုံမှတစ်ပါး အခြား မရှိပြီ။

ရုတ်ခြည်းဆိုသလိုပင် ကျွန်တော့်အသိဉာဏ်များ ကြည်လင်လာသည်။ ပထမဦးဆုံး ဂျပန်များက မလှုပ်မလှတ်ရပ်နေလိမ့်မည်။ အေးစက်မာကျောသည့် အကြည့်မျိုးဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေလိမ့်မည်။ ပြီးတော့ သူတို့ချင်း အပြန်အလှန်ကြည့်ကြမည်။ ကျွန်တော် နားမလည်သည့် ဘာသာစကားဖြင့် အမိန့်ပေးလိမ့်မည်။ နားမလည်သော်လည်း ကျွန်တော် သဘောပေါက်လိမ့်မည်။ တဖြည်းဖြည်းချင်း ရှေ့သို့ သူတို့ တိုးလာကြမည်။ ကျွန်တော့်အနီးသို့ တစ်လှမ်းချင်း ကပ်လာလိမ့်မည်။

ဂျပန်စစ်သားများသည် ကောက်ရိုးရုပ်ကို လှံစွပ်ထိုးလေ့ကျင့်ခြင်းထက် လူအစစ်ကို လှံစွပ်ထိုးပြီး လေ့ကျင့်ရသည်ကို ပိုနှစ်မြို့တတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ် ကျွန်တော် သတိပေးဖို့ မလိုတော့ပါ။

ဘာပဲဖြစ်ဖြစ်၊ ယခု ကျွန်တော် အသက်ရှင်လျက် ရှိသေးသည်။ ကျွန်တော့် အနာဂတ်ရေးအတွက် အသက်ရှင်နေခိုက် ဆုံးဖြတ်သည့် အဆုံးအဖြတ်က အရေးအကြီးဆုံး ဖြစ်သည်။ ကျွန်တော့် စိတ်တွေ ပင်ပန်းလှပြီ။

ကျွန်တော် စိတ်လျှော့လိုက်သည်။ ချက်ချင်းဆိုသလိုပင် ကျွန်တော် အိပ်ပျော်သွားလေသည်။

✧ ✧ ✧



## အခန်း (၃)

## ဂျပန်တို့ လာကြပြီ

အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးသွားသည်။ တစ်ကိုယ်လုံးရှိ အာရုံကြောများအားလုံး ကြောက်စိတ်ကြောင့် တောင့်တင်းသွားသည်။ ဝေခွဲမရသော အသံများကို ကြားနေရသည်ဟု စိတ်ထဲမှာ ထင်မိသည်။ တစ်စုံတစ်ရာသော အန္တရာယ်သည် လက်တစ်ကမ်းအကွာသို့ ရောက်နေပြီ။ အချိန်က အရုဏ်တက်တော့မည်။ ငှက်မြည်သံ မကြားရ။ တောရိုင်းတိရစ္ဆာန်များ အသံ မကြားရ။ တစ်တောလုံး တစ်တောင်လုံး တိတ်ခြင်းကြီးမက တိတ်ဆိတ်ငြိမ်သက်နေသည်။

ယင်းသို့ တိတ်ဆိတ်နေရာမှ ခပ်ဝေးဝေးမှ ဆူညံသံများ ရုတ်တရက် ထွက်ပေါ်လာပြန်သည်။ တောဆူသံတော့ တောရိုင်းတိရစ္ဆာန်သံမဟုတ်။ ထိုအရာများနှင့် လုံးဝ မတူသည့် အသံ ဖြစ်သည်။

အလွန် ဝေးကွာသည့် အရပ်ဆီမှ ပေါ်ထွက်လာသော မော်တော်ကားစက်သံ ဖြစ်သည်။

ဘာကိုမှ အာရုံ မဝင်စားနိုင်တော့ဘဲ မှောက်လျက် အနေအထားသို့ ပြောင်းလိုက်သည်။ ဒဏ်ရာက နာသော်လည်း ကျွန်တော် မမှုနိုင်ပြီ။ ဝပ်ကျင်းကလေး၏ နှုတ်ခမ်းပေါ်သို့ မေးတင်လိုက်သည်။ ကျွန်တော့် ညာဘက်မှ ဘယ်ဘက်သို့ ဦးတည်သွားသည့် မော်တော်ကားလမ်းကို အပေါ်စီးမှနေ၍ ကောင်းစွာ မြင်နေရသည်။ လဝင်သွားပြီ ဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အရှက်တက်လုလု အလင်းရောင် မှိန်မှိန်တွင် မြင်ကွင်းများကို ကောင်းစွာ မြင်တွေ့နိုင်လောက်အောင် မျက်စိက ကျင့်သားရနေပြီ။ ထို့ကြောင့်လည်း မော်တော်ကားလမ်းပတ်လည် ကိုက် (၂၀၀)လောက် မြင်ကွင်းက အထင်းသား ဖြစ်နေသည်။

စောင်အောက်မှာ ရောက်နေသည့် တော်မီဂန်းကို အလိုလို ဆွဲယူမိလျက်သား ဖြစ်သွားသည်။ ကျည်အပြည့်နှင့် ကျည်ကပ်ကို ထည့်လိုက်သည်။ သေနတ်ထဲသို့ ကျည်ကပ်ထည့်နေသည့် ကျွန်တော့်လက်များ တဆတ်ဆတ် တုန်နေသည်။

သေချာသွားပါပြီ။

မော်တော်ကား စက်သံက ပို၍ ထင်ရှားလာသည်။ ကျွန်တော့် ညာဘက်မှာ ရှိနေသည့် မိုးမိတ်မြို့ဘက်မှ မောင်းလာခြင်း ဖြစ်သည်။ စက်သံများကို နားထောင်ကြည့်ခြင်းအားဖြင့် တစ်စီးထက် ပိုသည်မှာ သေချာနေပြီ။ တောင်တက်များတွင် ဂီယာပြောင်းသည့် အသံများကို လည်း သဲသဲကွဲကွဲ ကြားနေရပြီ။

ကျင့်သားရနေသည့် စစ်သားတစ်ယောက်ပီပီ တော်မီဂန်းကို ကျင်းနှုတ်ခမ်းပေါ်သို့ ထိုးတင်လိုက်ကာ မောင်းပါ ဆွဲတင်လိုက်သည်။

ပထမဆုံး ထရပ်ကားက တောင်ကြောပေါ်သို့ တဖြည်းဖြည်း တက်လာသည်။ တစ်ဖက်ကုန်းလျှောသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း အရှိန်ကို မြှင့်လိုက်သည်။ ဒရိုင်ဘာက အမှတ်နှစ်ဂီယာကို ပြောင်းထိုးသည်။ အရှိန်ရသောအခါ အမှတ်သုံးဂီယာကို ပြောင်းပြန်သည်။ ဂီယာက တစ်ဆင့်ချင်း ပြောင်းသွားသည်ကို ကြည့်ရခြင်းအားဖြင့် ကျွန်တော် ပုန်းနေသည့် နေရာတွင် ကားရပ်မည်မဟုတ်ကြောင်း သေချာသွားသည်။ ကားပေါ်မှာ ဂျပန်စစ်သားများ အပြည့်ပါလာသည်။ ရှေ့ဆက် မောင်းနှင်သွားသဖြင့် ခဏချင်းမှာပင် ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

တစ်ဆက်တည်း ဆိုသလိုပင် ဒုတိယထရပ်ကားတစ်စီး ပေါ်လာပြန်သည်။ ထိုကားပေါ်တွင်လည်း ဂျပန်စစ်သား အပြည့်နှင့် ဖြစ်သည်။ ဒရိုင်ဘာက စောစောက ဒရိုင်ဘာအတိုင်း ဂီယာအဆင့်ဆင့်ပြောင်းကာ





ဆက်မောင်းသွားသည်။

တတိယမြောက် ထရပ်ကားသည်လည်း ရှေ့ကားများနည်းတူပင် ဖြစ်သည်။ သည်အဖြစ်အပျက်ကို မြင်တွေ့ရတော့ ကျွန်တော် အများကြီး ပျော်သွားသည်။ သည်နေရာမှာ သူတို့ ရပ်တန့်ကြမည် မဟုတ်။ ကျွန်တော် ပုန်းအောင်းနေသည့် နေရာကို သူတို့ရှာဖွေကြမည် မဟုတ်။ ကံတရားက ကျွန်တော့်ဘက်မှာ ရှိနေချေပြီ။

ထို့နောက်တွင် စတုတ္ထမြောက် ထရပ်ကားပေါ်လာသည်။ သည်အခါတွင်မူ ဒရိုင်ဘာက ရှေ့ကားများလို ဂီယာမပြောင်း။ စက်ရှိန်ကို မမြှင့်။ ထိုမျှသာမကသေး။ ကျွန်တော် ပုန်းနေသည့်နေရာနှင့် တည့်တည့်လောက်တွင် ဘရိတ်ဖမ်းလိုက်တော့သည်။ ကားရပ်သွားသောကြောင့် လမ်းပေါ်မှာ ဖုန်လုံးများ လုံးတက်လာသည်။

ကျင်းနှုတ်ခမ်းပေါ်မှာ တင်ထားသည့် ကျွန်တော့် တော်မီဂန်းကို နေရာကလေးမျှ ပြင်ဖို့မလို။ ချိန်ကွင်းနှင့် တည့်တည့်ကြီးမှာ သူတို့ရပ်လိုက်ကြခြင်း ဖြစ်သည်။ ရှေ့ချိန်ကွင်းနှင့် နောက်ချိန်သီးတည့်တည့်မှာ ဂျပန်စစ်သားအားလုံး မျဉ်းဖြောင့်လို တန်းနေသည်။ ခလုတ်ပေါ်မှာ အသင့်တင်ထားသည့် ကျွန်တော့်လက်ညှိုးကို ကွေးလိုက်ရုံသာလိုသည်။

ထရပ်ကားပေါ်တွင် ဟိုဘက်သည်ဘက် မျက်နှာချင်းဆိုင် တန်းစီထိုင်နေကြသည့် ဂျပန်စစ်သား ဆယ်ယောက်တို့၏ မြင်ကွင်းကို ယခု ဤစာအုပ်ရေးနေသည့်အချိန်အထိ ကျွန်တော့်မျက်စိထဲမှာ မြင်ယောင်နေသေးသည်။ သေနတ်ချိန်သီးနှင့် ရန်သူများကို တစ်ဖြောင့်တည်းထားကာ မမှိတ်မသုန် ကျွန်တော် ရှုစိုက်ကြည့်နေမိသည်။ ကျွန်တော့် တစ်ကိုယ်လုံးမှာ ကြောက်စိတ်များ ဖုံးလွှမ်းနေသည်။ ကျွန်တော် ပုန်းအောင်းနေသည့် နေရာကို သူတို့မြင်တွေ့သွားကြတော့မည်ဟုလည်း ထင်မှတ်နေမိသည်။

ကျွန်တော့်ရှေ့မှ ဂျပန်များသည် အရုပ်များနှင့် တူလွန်းလှသည်။ မလှုပ်မယှက် တောင့်တောင့်ကြီး ထိုင်နေကြသည်။ သွေးနှင့်ကိုယ် သားနှင့်ကိုယ်မှ ဟုတ်ပါလေစဟု တွေးယူရလောက်အောင် ဖြစ်သည်။ သူတို့ ဦးခေါင်းတည့်တည့်ကို ချိန်ရမည့်အစား နောက်ကျောတည့်တည့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချိန်ထားမိသည်။

အခွင့်အလမ်းအားလုံး ကျွန်တော့်ဘက်မှာရှိနေပြီ။ ထရပ်ကား အပြည့်ပါလာသည့် ရန်သူဂျပန်စစ်သားများသည် ကျွန်တော်ပြုသမျှ ခံရတော့မည့် အနေအထားမှာ ရောက်နေသည်။ သည်တာဝန်မျိုးဆောင်ရွက်ရန် ကျွန်တော့်ကို လေ့ကျင့်ပေးခဲ့ခြင်း ဖြစ်သည်။ သည်တာဝန်မျိုး ထမ်းဆောင်ရန် ဂျပန်တို့ သိမ်းပိုက်ထားသည့် မြန်မာပြည်အတွင်းသို့ ကျွန်တော်တို့ ထိုးဖောက်ဝင်ရောက်လာခြင်း ဖြစ်သည်။

ယခုအချိန်သည် ကျွန်တော့်ရှေ့မှာ ရှိနေသည့် ဂျပန်များကို အပြတ်ရှင်းရတော့မည့်အချိန် ဖြစ်သည်။ မနားတမ်းတရစပ် ပစ်ခတ်ခြင်းအားဖြင့် ထရပ်ကားအပြည့်ရန်သူများကို အပြီးတိုင် စာရင်းရှင်းရတော့မည်။ အစစအရာရာတွင် ကျွန်တော် အသာစီးရနေသည့်အချိန် ဖြစ်သည်။

ကျွန်တော် စစ်ထွက်လာသည်မှာ သူတို့ကို သုတ်သင်ရှင်းလင်းဖို့ ဖြစ်သည်။ သူတို့သည် လူသားများ မဟုတ်။ သူတို့အပေါ် အကြင်နာတရားထားရန် မလို။ ကျွန်တော်တို့ စာရင်းရှင်းကြရမည့် ရန်သူစစ်စစ်များသာ ဖြစ်သည်။ သူတို့မှာ သူတို့ချစ်မြတ်နိုးသည့် ဇနီးများရှိကြောင်း၊ သားသမီးများရှိကြောင်း၊ မိဘညီအစ်ကိုမောင်နှမများရှိကြောင်း ကျွန်တော် လုံးဝ မစဉ်းစားမိ။ တကယ် ဆိုတော့လည်း သူတို့အားလုံး လူသားစစ်စစ်များသာ ဖြစ်ချေသည်။ သံယောဇဉ် တွယ်တာစရာ၊ ချစ်မြတ်နိုးစရာ အိမ်သူအိမ်သားရှိသူများသာ ဖြစ်ပါသည်။

"တာဝန်မှာ အန္တရာယ်အကြီးဆုံး သတ္တဝါတွေဖြစ်တယ်" ဟု ဗိုလ်ချုပ်စလင်းပြောသည့်စကားကို ကျွန်တော် ပြန်လည်ကြားယောင်နေမိသည်။ အန္တရာယ်အကြီးဆုံး သတ္တဝါဆယ်ကောင်သည် ကျွန်တော့်ရှေ့ ရောက်နေပြီ။ ကျွန်တော်၏ တော်မီဂန်းသေနတ်ချိန်ကွင်း အတွင်းမှာ ရောက်နေပြီ။ ပစ်ကွင်း အနီးအဝေးကို ကျွန်တော် ချိန်လိုက်သည်။

သေနတ်မောင်းပေါ်မှ လက်ညှိုးကိုကွေးလိုက်ရန် ကျွန်တော့် အသိအာရုံများက နှိုးဆော်အမိန့်ပေးနေသည်။ အသက်ကို ပြင်းပြင်းရှူလိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ ခဏချင်းမှာပင်





ကျွန်တော့် သေနတ်ပြောင်းဝအတွင်းမှ ကျည်ဆန်ထိပ်ဖူးများ အဆက်မပြတ် သွန်ထွက်သွားကြတော့မည်။ စက္ကန့်ပိုင်းကလေးအတွင်းမှာပင် ဂျပန်စစ်သားများ အတုံးအရုံး သေပွဲဝင်ကြတော့မည်။ အတုံးအရုံးဖြစ်နေသည့် ရန်သူအလောင်းများသည် ကျွန်တော့်စိတ်အာရုံ မြင်ကွင်းထဲမှာ အထင်းသားပေါ်နေသည်။

ပထမတစ်တွဲ မောင်းအဖြုတ်တွင် ကားပေါ်မှ ရန်သူနှစ်ယောက်၊ သုံးယောက် ဇိဝိန်ကြွေလိမ့်မည်။ ဒုတိယအတွဲ မောင်းအဖြုတ်တွင် နောက်ထပ်နှစ်ယောက်၊ သုံးယောက် ကျဆုံးလိမ့်မည်။ သူတို့ ဘာဖြစ်သွားသည်ကိုပင် သိလိုက်ကြမည် မဟုတ်။ မည်သူက မည်သည့်အရပ်မှ ပစ်လိုက်သည်ကိုပင် မသိလိုက်ရဘဲ သေပွဲဝင်ကြရမည် ဖြစ်သည်။

သို့သော် . . . ပထမ ကျည်တစ်ကပ်နှင့် သူတို့ကို ကုန်အောင် ပစ်မသတ်နိုင်လျှင် ဘာဖြစ်သွားမည်နည်း။ ပထမ ကျည်ကပ်ကုန်သည် အထိ ရန်သူတို့ မကုန်လျှင် နောက်ထပ် ကျည်ကပ်အသစ်များ ကျွန်တော် လဲထည့်ရတော့မည်။

ဂျပန်စစ်သားများ အတုံးအရုံးဖြစ်နေကြမည့် မြင်ကွင်းသည် ကျွန်တော့်စိတ်ကူးထဲမှာ ပေါ်လာသည်။ ပထမကျည်ကပ် ကုန်သည် အထိ မထိမှန်သေးဘဲ ကျန်နေသည့် ရန်သူတို့သည် ချက်ချင်း နေရာယူကြမည်။ ရန်သူကို ရှာမည်။ ပြီးတော့ ကျွန်တော့်ကို တွေ့သွားမည်။

ထိုအခါမျိုးတွင် ကျွန်တော် မျှော်လင့်နိုင်သည့် အနိမ့်ဆုံးသော သူတို့၏ ထောက်ထားညှာတာမှုသည် ကျွန်တော့်ခန္ဓာကိုယ်အတွင်းသို့ ဝင်လာမည့် သူတို့ကိုင်ဆောင်ထားကြသည့် မောင်းပြန်သေနတ်များမှ ကျည်ဖူးများသာ ဖြစ်ပါသည်။

သည့်နောက်တွင် ကျွန်တော် ပုန်းအောင်းနေရာ ချုံပုတ်အောက်ရှိ ချိုင့်ကလေးအတွင်းမှ ကျွန်တော့်ကို အညှာအတာ ကင်းမဲ့စွာ ဆွဲထုတ်ကြမည်။ ကားလမ်းပေါ်သို့ ရောက်အောင် တရွတ်တိုက်ဆွဲသွားကြမည်။ ကိုယ်ပေါ်မှ အဝတ်အစားများကို ချွတ်မည်။ သစ်ပင်တစ်ပင်မှာ ကြိုးနှင့် ပူးချည်မည်။ ပြီးတော့မှ ပျော်ပျော်ပါးပါး လှံစွပ်ကစားကြပေလိမ့်မည်။

အလွန် အရေးကြီးသည့် တဒင်္ဂအချိန်ကလေး ဖြစ်ပါသည်။ သော



www.burmeseclassic.com

www.burmeseclassic.com



နတ်မောင်းပေါ်မှ လက်ညှိုးကို ကွေးလိုက်ရမည်လော၊ မကွေးဘဲ သည်အတိုင်း နေရမည်လော၊ တစ်ခုခုကို ချက်ချင်း ဆုံးဖြတ်ရတော့မည့် အရေးအကြီးဆုံးသော တဒင်္ဂအချိန်ကလေး ဖြစ်ပါသည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။

ယခုအချိန်၌ သေနတ်မောင်းကို ဆွဲလိုက်ခြင်းသည် ကျွန်တော်၏ သေမင်းတမန်ကို အသံပေးပြီး ဖိတ်ခေါ်လိုက်ခြင်းသာလျှင် ဖြစ်ရပေတော့မည်။

သေနတ်ဒင်ပေါ်သို့ ကျွန်တော် ခေါင်းစိုက်ကျသွားသည်။

သည်အလုပ်မျိုးကို ကျွန်တော် မလုပ်နိုင်ပါ။

ရန်သူ ဂျပန်များကို ချေမှုန်းသုတ်သင်ရမည် ဟူသော ကျွန်တော် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရား ပျက်ကွက်သွားပါပြီ။

သို့ကလို ထမ်းဆောင်ရမည့်ဝတ္တရား ပျက်ကွက်ရခြင်းမှာ သေရမည်ကို ကျွန်တော် ကြောက်ရွံ့သောကြောင့် ဖြစ်ပါသည်။

ဂျပန်တို့သည် တုမနိုင်းသာသော စစ်သားကောင်းများ ဖြစ်သည်ဟု သူတို့ကိုယ်သူတို့ ယုံကြည်နေခြင်းသည် မမှန်ကန်ကြောင်း ကျွန်တော် ပြရမည့် အချိန်အခါလည်း ဖြစ်သည်။

အင်္ဂလိပ်လူမျိုး စစ်ဗိုလ်ငယ်ကလေး တစ်ယောက်သည် သူ့တိုင်းပြည်၊ သူ့လူမျိုးအတွက် အသက်နှင့်ရင်းပြီး တာဝန်ကျေပွန်သွားကြောင်း သမိုင်းသက်သေထူပြရတော့မည့် အချိန်အခါလည်း ဖြစ်သည်။

ဗိုလ်မှူးချုပ် ဝင်းဂိတ် ဦးဆောင်သော ခြသေ့်စစ်ဆင်ရေးကြီး၏ အဓိက ရည်မှန်းချက်ကို အကောင်အထည်ဖော်ပေးရတော့မည့် အကောင်းဆုံးသော အချိန်အခါလည်း ဖြစ်သည်။

မြန်မာပြည်တွင်းမှ အင်္ဂလိပ်တပ်များ ဆုတ်ခွာထွက်ပေးရသည့် (၁၉၄၂) ခုနှစ်မှစ၍ ဂျပန်စစ်သားတို့သည် မည်သူမျှ မနိုင်းယှဉ်သာသော၊ အနိုင်မယူနိုင်သော စစ်သားများ ဖြစ်ကြသည်ဟူသည့် အစွဲအလမ်းကြီးကို ချေဖျက်ပစ်နိုင်သည့် အမှန်ကန်ဆုံးသော အချိန်အခါလည်း ဖြစ်သည်။

ထိုထိုသော အကြောင်းများအတွက် ကျွန်တော်၏ လက်ညှိုးကလေးကို တစ်ချက်ကွေးလိုက်ရုံသာ ရှိသည်။





ကျွန်တော်၏ ရည်မှန်းချက်များ ပြီးပြည့်စုံနိုင်ရန်အတွက် ကျွန်တော့် သေနတ်မောင်းကို ဖြုတ်ချလိုက်ရုံသာ ဖြစ်သည်။

သို့သော်လည်း ကျွန်တော် အသက် မသေချင်ပါ။

သေနတ်မောင်းပေါ်မှ လက်ကို ကျွန်တော် ရုပ်လိုက်ပါသည်။ ကြေကွဲဝမ်းနည်းသည့်စိတ်၊ ရှက်သည့်စိတ်များကို ခံစားရင်း ကျွန်တော် ငြိမ်သက်နေမိသည်။

ရှက်စိတ်များက ရင်ထဲမှာ အလိပ်လိုက်တက်လာကြသည်။ ဂျပန်များကို သည်အတိုင်း ငေးကြည့်နေမိသည်။ ကြည့်နေဆဲမှာပင် ကားပေါ်မှ သူတို့ ဆင်းကြသည်။ ဗိုလ်လုပ်သူ၏ အော်ဟစ်အမိန့်ပေးသံကို ကြားရသည်။ ရန်သူများက အုပ်စုခွဲလိုက်သည်။ တစ်အုပ်စုက ကားလမ်း၏ တစ်ဖက်ခြမ်း တောစပ်ဆီသို့ ချီတက်နေရာယူသည်။ ကျန်တစ်အုပ်စုက ကျွန်တော်ပုန်းနေသည့်ဘက်သို့ ချီတက်လာသည်။ ပြီးတော့ မြေပြင်တို့ ဂရုတစိုက် စစ်ဆေးကြည့်ရှုနေကြသည်။ ဆုတ်ခွာသွားသော ကျွန်တော်တို့ စစ်ကြောင်း၏ ခြေရာလက်ရာများကို ရှာဖွေနေသည့်သဘော ဖြစ်သည်။ မြေပြင်ကို စစ်ဆေးကြည့်ရင်း သူတို့အချင်းချင်း စကားပြောနေကြသည်။ ဘာပြောသည်ကိုမူကား ကျွန်တော် နားမလည်။

ကျွန်တော် ရှိရာဘက်သို့ ချီတက်လာသည့် ရန်သူများသည် ကျွန်တော်နှင့် အလွန် နီးကပ်လာပြီ။ သူတို့ ကိုယ်ပေါ်မှ ယူနီဖောင်းများကိုပင် အသေးစိတ် မြင်တွေ့နေရပေပြီ။ ရိုင်ဖယ်သေနတ်များကို ပခုံးမှာ လွယ်ထားကြသည်။ စစ်သားတစ်ယောက်ကိုင်ထားသည့် သေနတ်ကမူ စက်သေနတ် အငယ်စားကလေးဖြစ်ကြောင်း သတိထားမိသည်။

ယခုအချိန်တွင် ကျွန်တော် ဘာလုပ်ရမည်နည်း။

ဘာကိုမှ မဆုံးဖြတ်နိုင်အောင် ကျွန်တော့် စိတ်အာရုံများ ဝေဝါးထိုင်းမှိုင်းနေသည်။ သူတို့ကို အော်ခေါ်ပြီး အကူအညီတောင်းရမည်လော။ လက်နက်ချပြီး အသက်ချမ်းသာခွင့်ပေးရန် အသနားခံရမည်လော။

ခြေထောက်မှ ဒဏ်ရာကြောင့် ကျွန်တော် မတ်တတ်မရပ်နိုင်ပါ။ ထို့ကြောင့် သူတို့ကို မတ်တတ်ရပ်လျက် လက်ဝှေ့ယမ်း မပြနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူတို့ ကြားလောက်အောင်တော့ အော်ခေါ်နိုင်စွမ်း ကျွန်တော့်မှာ ရှိပါသည်။ သည်လိုဆိုလျှင် မည်သို့ အော်ခေါ်မည်နည်း။

"ကျွန်တော် လက်နက်ချပြီဗျို့၊ ကျွန်တော့်ကို ပစ်မသတ်ပါနဲ့၊ ကျွန်တော်ဒီမှာရှိနေပါတယ်၊ ကျွန်တော့်ကိုယ် ကျွန်တော် ခင်ဗျားတို့လက် အပ်ပါတယ်"ဟု အော်ဟစ်ပြောဆိုရမည်လော။

နှုတ်ခမ်းအစုံကို ယှာနှင့်လျှက်လိုက်သည်။ ခြောက်သွေ့နေသည်။ မျက်နှာမှာ ချွေးစီးတွေ ပြန်နေသည်။ ပါးစပ်ကမူ ဘာသံမှ ထွက်မလာပါ။

ကျွန်တော့်ကို သူတို့ ရှာမတွေ့လျှင် ဘာဖြစ်မည်နည်း။ ကျွန်တော်က လက်နက်မချလျှင် ဘာဖြစ်မည်နည်း။ ထို့နောက်တွင် ဘာတွေကို ကျွန်တော် ဆက်လက် ကြုံတွေ့ရမည်နည်း။ သည်အတိုင်း လဲလျောင်းနေလျှင် ဘာတွေ ဆက်ဖြစ်မည်နည်း။ သည်သစ်ပင်ခြေရင်းရှိ ချုံပုတ်များအောက်မှ ကျင်းကလေးထဲတွင် သည်အတိုင်း လဲလျောင်းနေရင်း အစာရေစာပြတ်ကာ အသက်သေရမည်လော။

သူတို့ထံ လက်နက်ချပြီး လုံ့စွပ်အကစားခံကာ သေရခြင်းနှင့် စာလျှင် အစာရေစာပြတ်ပြီး သေရခြင်းကမှ တော်ဦးမည်။ ညစ်ပတ်ပေရေပြီး အလွန်တရာ အဆင့်အတန်းနိမ့်ကျသည့် ဂျပန်အကျဉ်းစခန်းအတွင်းမှာ သေရခြင်းထက် အဆများစွာ သာလိမ့်မည်။

ကျွန်တော့် ခန္ဓာကိုယ်အတွင်းမှ အသံတစ်ခုခုထွက်လာသည်ဟု ကျွန်တော်ထင်မိသည်။ ထိုအသံကို ဂရုစိုက်ပြီး ကျွန်တော် နားထောင်ကြည့်သည်။ အစာရေစာပြတ်ပြီး သေဖို့ဆိုသည်မှာ ရက်အတန်ကြာ စောင့်ရဦးမည်။ ထိုသို့ စောင့်ဆိုင်းနေရသည့် ရက်များအတွင်း ဘာမဆို ဖြစ်နိုင်သည်။ အကောင်းတရားတွေနှင့် ကြုံနိုင်သည်။ မိမိကိုယ်ကို မိမိ ရန်သူလက် ဝကွက်အပ်ခြင်းထက် အစာပြတ်၍ သေရမည့်ရက်ကို စောင့်ရင်း အကောင်းတရားများကို မျှော်လင့်နေခြင်းက ပို၍ အကျိုးရှိရမည်မှာ မုချဖြစ်သည်။

ကျွန်တော့်ဘက်ခြမ်းရှိ ရန်သူများအနက် တစ်ယောက်က တစ်စုံတစ်ရာကို ရုတ်တရက် အော်ဟစ်ပြောဆိုလိုက်သည်။ ကျောစိမ့်အောင် ကျွန်တော်ကြောက်သွားသည်။ တစ်စုံတစ်ရာကို သူမြင်တွေ့လိုက်ရဟန်





တူသည်။ ယင်း "တစ်စုံတစ်ရာ" ဟူသည်မှာ ကျွန်တော် ပုန်းအောင်းနေသည့် နေရာကို လမ်းညွှန်သော သဲလွန်စပစ္စည်းတစ်ခုခု ဖြစ်နိုင်ပါသည်။

ပထမဆုံး စအော်လိုက်သည့် ဂျပန်အနီးသို့ ကျန်စစ်သားများ ဝိုင်းလာသည်။ စိတ်အားထက်သန်စွာဖြင့်လည်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ သူတို့ ရပ်နေသော နေရာနှင့် ကျွန်တော်ရှိနေသည့် နေရာမှာ ကိုက်အနည်းငယ်ခန့်သာ ဝေးသည်။ သဲလွန်စ တစ်စုံတစ်ရာကို စတင်တွေ့ရှိသည့် ဂျပန်က လက်ဟန်ခြေဟန်ဖြင့် ရှင်းပြနေသည်။ ခြေရာကို တွေ့တာလည်း ဖြစ်နိုင်သည်။ ကျွန်တော်တို့ စစ်ကြောင်း ချီတက်သွားသဖြင့် ဝါးကိုင်း အကျိုးအပဲ့များကို တွေ့ခြင်းလည်း ဖြစ်နိုင်သည်။

ပိန်ပိန်ရှည်ရှည် ဂျပန်စစ်ဗိုလ်ရောက်လာပြီး သဲလွန်စရှာသည့် အလုပ်ကို သူက ဦးဆောင်နေသည်။ အရှေ့တက် အလင်းရောင်တွင် သူ့တို့၏ လှုပ်ရှားမှုများကို ကောင်းစွာ မြင်တွေ့နေရပြီ။ တွေ့သည့် အရာကို သေသေချာချာ စစ်ဆေးကြည့်ရှုနေသည်။ ပြီးတော့ ကိုယ်ကို မတ်မတ် ရပ်လိုက်သည်။ သူ့အမူအရာကို ကြည့်ရသည်မှာ ကျွန်တော် ပုန်းအောင်းနေသည့် နေရာကို အတိအကျ သိရှိပြီး ဖြစ်ရုံမျှမက ကျွန်တော့်အမည်၊ ကျွန်တော့်အဆင့်၊ ကျွန်တော့်ကိုယ်ပိုင်နံပါတ်များ အတိအကျ သိရှိနေသည့်ပုံစံမျိုး ဖြစ်သည်။ ပြီးတော့ ကျွန်တော်ရှိနေရာ ကုန်းမော့ပေါ်သို့ ဦးတည်တက်လာသည်။

သူ အလွန် စိတ်အားထက်သန်နေသည်ကို အတိုင်းသား မြင်နေရသည်။ ဗိုလ်အာသာဘက်စ်နှင့် ကားလ်ဗဟာဒူးသာပတို့ ကျွန်တော့်ကို ထမ်းပြီး တက်လာသည့် လမ်းကြောင်းအတိုင်း သူတက်လာသည်။ ပတ်လည်ရှိ ချုံပုတ်များအတွင်းသို့ သေချာစွာ ငုံ့ကြည့်သည်။ စေ့စေ့စပ်စပ် ရှာသည်။ ရှာရင်း ဆက်တက်မြဲ တက်လာသည်။ ကျွန်တော်ပုန်းနေသည့် နေရာသို့ တည့်တည့်ကြီး ဦးတည်ပြီး တက်လာနေခြင်း ဖြစ်သည်။

ကျွန်တော့် တစ်ကိုယ်လုံးမှာ ချွေးစီးများ ရွှဲနစ်ပြီး အေးစက်နေသည်။ ကြောက်လန့်သည့် စိတ်ကလည်း တစ်ကိုယ်လုံးကို လွှမ်းခြုံထားသည်။ ကျွန်တော်ပုန်းနေသည့် နေရာကို မတွေ့ပါစေနှင့်ဟု အထပ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းမိသည်။ သူနှင့် ကျွန်တော် သိပ်ကို နီးကပ်နေပြီ။ သူ့အသက် ရှူသံကိုပင် အတိုင်းသား ကျွန်တော် ကြားနေရပြီ။

သူ့အရပ်က ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ အနားကပ် ကြည့်တော့မှ သူ့ကိုယ်ထည်သည် ထင်သလောက် မသေး။ သာမန်ဂျပန်များထက် ပိုမိုထွားကျိုင်းသူ ဖြစ်သည်။ ခါးတစ်ဖက်မှာ ပစ္စတို၊ ကျန်ခါးတစ်ဖက်မှာ ဓားရှည်ကို ချိတ်ထားသည်။ ဝတ်ထားသည့် ယူနီဖောင်းက အချို့နေရာမှာ စုတ်နေသည်။

သေနတ်မောင်းတင်သံကို ကြားလိုက်ရသည်။ ခါးမှာ ချိတ်ထားသည့် ပစ္စတိုသေနတ်ကို ထုတ်ယူပြီး မောင်းတင်လိုက်ခြင်း ဖြစ်သည်။ ပြီးတော့ သူ့လူများကို ဦးဆောင်ပြီး ရန်သူ ရှာဖွေရေးလုပ်ငန်း စတော့သည်။

အချိန်အားဖြင့် သုံးမိနစ်မျှသာ ကြာပါလိမ့်မည်။ သို့သော်လည်း သုံးဘဝ၊ သုံးကမ္ဘာလောက် ကြာသည်ဟု ကျွန်တော် ထင်မိသည်။

ဂျပန်စစ်ဗိုလ်သည် ပစ္စတိုသေနတ်ကို ဘယ်ဘက်လက်သို့ ပြောင်းကိုင်လိုက်သည်။ ညာဘက်လက်ဖြင့် ဓားအိမ်မှဓားကို ချွတ်လိုက်သည်။ သို့သော် လုံးဝ ထွက်လာအောင် ချွတ်ချင်း မဟုတ်။ အရေးကြုံ၍ ဓားကို ချွတ်ရမည်ဆိုလျှင် အလွယ်တကူ ချွတ်ရ၊ မရ စစ်ဆေးသည့် သဘောမျိုး ဖြစ်သည်။ အလွယ်တကူ ချွတ်ရကြောင်း သိရသောအခါ "ဒေါက်" ခနဲ ပြန်ဆောင့်သွင်းလိုက်သည်။

ကျွန်တော့်ကိုယ်ပေါ်မှ အဝတ်အစားအားလုံး ချွေးများနစ်နေပြီ။ လည်ကုပ်မှ ချွေးများက ကျောရိုးတစ်လျှောက် စီးဆင်းသွားသည်။ ချွေးစီးကြောင်းက ရပ်လိုက်၊ ဆက်စီးသွားလိုက်၊ ရပ်လိုက် ဖြစ်နေသည်ကို သိနေရသည်။ လှုပ်ဝံ့ဖို့ နေနေသာသာ အသက်ကိုပင် ကျွန်တော် ပြင်းပြင်း မရှူရဲတော့ပေ။

ဂျပန်စစ်ဗိုလ်သည် ရုတ်တရက် နောက်သို့လှည့်ပြီး တောင်စောင်း အောက်ဘက်တွင် ရှိနေသည့် သူ့ရဲဘော် နှစ်ယောက်ကို တစ်စုံတစ်ရာ လှမ်းပြောသည်။ ပြီးတော့ ရုတ်ခြည်းဆိုသလိုပင် တစ်ဖက်သို့ လှည့်ထွက်သွားသည်။ ကျွန်တော်ပုန်းနေသည့် နေရာနှင့် ဝေးရာသို့ ထွက်သွားခြင်း ဖြစ်သည်။





ကျွန်တော့်အဖို့ ကံကောင်းထောက်မသောကြောင့် ကျွန်တော့်ကို သူ တွေ့မသွား။ ကျွန်တော်နှင့် ဝေးရာသို့ပင် သူ ထွက်သွားချေပြီ။ သည်နေရာမှာ ကျွန်တော့်ကို ထားရစ်ခဲ့ပြီး အာသာနှင့် ကားလ်ဘဟာဒူးတို့ ဆက်လက် ချီတက်သွားသည့် လမ်းကြောင်းအတိုင်း သူလိုက်သွားခြင်း ဖြစ်သည်။ ရဲဘော်နှစ်ယောက်ကလည်း သူနှင့် ထက်ကြပ်မကွာပါသွားသည်။

ခဏကြာတော့ မော်တော်ကားလမ်းဆီသို့ ပြန်လှည့်သွားပြန်သည်။ တစ်စုံတစ်ရာကို ခပ်မြန်မြန် အော်ဟစ် အမိန့်ပေးလိုက်သည်။ သူ့ရဲဘော်များ သူ့အနားသို့ ဝိုင်းသွားကြသည်။ မြေပုံတစ်ချပ်ကို ဖြန့်ပြီး သူက လက်ထောက်ပြနေသည်။

စစ်သားနှစ်ယောက် ကားပေါ်သို့ ခုန်တက်သည်။ မော်တော်ကားက မိုးမိတ်ဘက်သို့ ဦးတည်ပြီး ပြန်မောင်းသွားသည်။ လမ်းပေါ်မှာ ဖုန်များ တထောင်းထောင်း ထသွားသည်။ ဗြိတိသျှစစ်ကြောင်းသည် ရွှေလီမြစ်ဘက်သို့ ဦးတည်ချီတက်သွားကြောင်း မိုးမိတ်မှာ ရှိနေသည့် စစ်တပ်ကို သတင်းပို့ရန် ထွက်ခွာသွားခြင်း ဖြစ်ပေလိမ့်မည်။

ကြောက်စိတ်များ လွန်ကဲနေသည့်ကြားကပင် နောက်ထပ် သူတို့ ဘာတွေ ဆက်လုပ်ကြဦးမည်နည်းဟု ကျွန်တော် စဉ်းစားနေမိသည်။ ကျွန်တော့်ရှေ့မှာ ရှိနေသည့် ဂျပန်များသည် ကျွန်တော်တို့ စစ်ကြောင်း နောက်သို့ အမီလိုက်လိမ့်မည်။ မိုးမိတ်မှ စစ်တပ်လည်း ရောက်လာမည်။ ကျွန်တော်တို့စစ်ကြောင်း ရွှေလီမြစ်တောင်ဘက်ကမ်းသို့ အရောက်တွင် နောက်ပိုင်းမှ အလစ်ဝင်တိုက်မည်။ မြစ်မြောက်ဘက်ကမ်း တောတွင်းမှလည်း အင်အားကြီးမားသည့် ဂျပန်တပ်ကြီးက စောင့်နေလိမ့်မည်။ ရွှေလီမြစ်ကို ဖြတ်ကူးလာသည့် ဗြိတိသျှစစ်တပ် မှန်သမျှကို တစ်ဖက်မှ ဆီးကြိုတိုက်ခိုက်မည်။

ကျွန်တော့် တွေးထင်ချက်များ မှန်ကန်ကြောင်း နောင်ကျမှ သိရတော့သည်။ ကျွန်တော့်ရှေ့ ကားလမ်းပေါ်ရှိ ဂျပန်စစ်ဗိုလ်နှင့် အဖွဲ့သည် ကျွန်တော်တို့ စစ်ကြောင်း ချီတက်သွားရာ လမ်းကြောင်းအတိုင်း တောတွင်းသို့ ချင်းနင်းဝင်ရောက် ပျောက်ကွယ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ သားကောင်ကို လိုက်လံရှာဖွေသည့် လူ မုဆိုးတို့ တောတွင်း ရောက်သွားသည်နှင့် တစ်ပြိုင်တည်း ကျွန်တော့် ပတ်လည်မှာလည်း တိတ်ဆိတ်ခြင်းက ကြီးစိုးလာသည်။ သည်တောနက်ကြီးထဲမှာ ကျွန်တော် တစ်ယောက်တည်း အထီးကျန် ဖြစ်နေသည့် ဘဝကို ပြန်စဉ်းစားမိပြန် သည်။

နေထွက်လာပြီ။

ရန်သူနှင့် ပက်ပင်းတိုးသော်လည်း မိမိအသက် သေမှာစိုးသဖြင့် မတိုက်ခိုက်လိုက်သည့် ကိုယ့်အဖြစ်ကိုယ် ပြန်စဉ်းစားမိပြန်သည်။ ရှက်စိတ်များ ဝင်လာပြန်သည်။ ခုံပုတ်အောက်မှ ချိုင့်ကလေးထဲမှာ သက်သာသလို ကျွန်တော် ပြန်လှဲလိုက်သည်။ ဆေးတံထုတ်ပြီး ဆေးတစ်ဆုံထည့်ကာ ဖွာရှိုက်နေမိသည်။ ဆေးတံကို ဖွာရှိုက်လိုက်တော့မှ စိတ်တည်ငြိမ်မှု အတန်ငယ်ရပြီးနောက် နေသာထိုင်သာ ရှိသွားသည်။

သို့ကလို စိတ်တည်ငြိမ်မှု အတန်ငယ်ရသောအခါကျမှ လက်ရှိအနေအထားကို ပြန်လည် သုံးသပ်မိတော့သည်။ သည်လို သုံးသပ်မိခြင်းနှင့်အတူ တောတွင်းမှာ စွန့်ပစ်ထားခဲ့ရန် အမိန့်ပေးခဲ့သည့် ဗိုလ်မှူးကြီး အဲလက်ဇန်းဒါးအပေါ် ကျွန်တော့် ဒေါသအိုးများ ပေါက်ကွဲလာပြန်သည်။ အမှန်တော့ ကျန်လူများက သူ့အမိန့်ကို လွန်ဆန်ပြီး ကျွန်တော့်ကို သူတို့နှင့်အတူ သယ်ဆောင်သွားဖို့ သူ့ကိုပြောလျှင် နောက်ဆုံးတွင် သူလက်ခံရပေလိမ့်မည်။ ယခုတော့ ကျွန်တော့်ကို သူတို့ စွန့်ပစ်ထားခဲ့ကြပြီ။

ကျွန်တော် ပုန်းနေသည့် အနားမှ ဂျပန်များ ထွက်ခွာသွားကြသည်မှာ အလွန် သေချာပါသည်။ ယခုဆိုလျှင် ဘာသံမှ မကြားရတော့ပါ။ ကျွန်တော် အသက်ရှင်လျက် ရှိနေသေးသည်မှာလည်း သေချာသည်။ ကျွန်တော့်မှာ မျှော်လင့်ချက်တွေ ရှိသေးသည်။ အသက်ရှင်နေလိုသည့် ဆန္ဒကလည်း အပြည့်အဝ ရှိနေသည်။

တပ်ကြပ်ပရင်ဆင်းဂူရန်းနှင့် ကျွန်တော့် အခြေအနေသည် လုံးဝ မတူ။ ပရင်ဆင်း၏ ခြေထောက်က သွင်သွင်ကျိုးသွားသည်။ ကျွန်တော့် ဒဏ်ရာမှာ အသားထဲသို့ မော်တာကျည်ဆန်ဝင်သွားခြင်းသာ ဖြစ်သည်။ ဒဏ်ရာမှ မချိမဆံ့ နာသည်မှာ မှန်သည်။ တစ်စုံတစ်ခုကို အကူအညီ





ယူပြီး လမ်းလျှောက်မည်ဆိုလျှင် လျှောက်နိုင်သည်။ ကျွန်တော် လမ်းလျှောက်ရမည်။ မဖြစ်မနေ လျှောက်ကို လျှောက်ရမည်။

တစ်နေ့ကိုတစ်မိုင် လျှောက်နိုင်လျှင် တရုတ်ပြည်တွင်းသို့ သေချာပေါက် ရောက်ရမည်။ တစ်နေ့ တစ်မိုင်နှုန်းနှင့် ဆိုလျှင် သုံးလတော့ မနားမနေ လျှောက်ရမည်။ တရုတ်ပြည်တွင်းရှိ ယူနန်နယ်သို့ ရောက်လျှင် ကျွန်တော့်ဘဝ လုံးဝ လုံခြုံပြီ။

ကျွန်တော် အသက်ရှင်ဖို့အတွက် မည်သို့ ဆောင်ရွက်ရမည်ကိုမှ မတွေးတောတတ်။ သို့သော်လည်း ရှမ်းပြည်နယ်မှာရှိနေသည့် ဒေသခံတိုင်းရင်းသားများသည် ကျွန်တော့်အတွက် အထောက်အကူများ မဖြစ်နိုင်ပါသလော။ ကျွန်တော်လိုသည်မှာ သူတို့၏ ကောင်းမွန်စွာ ဆက်ဆံမှုနှင့် အစားအသောက်မျှသာ ဖြစ်ပါသည်။ ပြီးတော့ ရန်သူများ နေရာယူထားသည့် နေရာကို အတိအကျ သတင်းရရန် ဖြစ်ပါသည်။ ရန်သူသတင်းအတိအကျ ရလျှင် ကျွန်တော် ရှောင်တတ်တိမ်းတတ်ပြီ။ လွတ်မြောက်အောင် ထွက်သွားနိုင်ပြီ။ ပြီးတော့ ကိုယ့်တိုင်းပြည် ကိုယ်ပြန်ရန်သာ ရှိတော့သည်။

ဘယ်လမ်းက သွားမည်နည်း။ အရှေ့မြောက်စူးစူးသို့ တောတွင်းမှ ဖြတ်သွားလျှင် တရုတ်စစ်သားများထံ ရောက်သွားမည်။ အမေရိကန်စစ်တပ်လက်သို့လည်း ရောက်သွားနိုင်သည်။ တရုတ်-မြန်မာနယ်စပ်တွင် အမေရိကန်နှင့် တရုတ်တပ်များ တပ်စွဲထားသည်။ တစ်နေ့တို့ တစ်မိုင်မျှ ခရီးပေါက်ဖို့သာ လိုသည်။ ကောင်းနေသေးသည့် ခြေထောက်တစ်ချောင်းတည်းနှင့် လျှောက်ကို လျှောက်ရမည်။ သည်ဆုံးဖြတ်ချက်နှင့်အတူ ကျွန်တော့်စိတ်များ ပေါ့ပါးလွတ်လပ်သွားသည်။

ကျွန်တော့်ပစ္စည်းများကို အလေးချိန် လျှော့ပစ်ရမည်။ ကျောပိုးအိတ်ကို ဖြေလိုက်သည်။ ခရီးတစ်လျှောက်တွင် မရှိမဖြစ်သည့် ပစ္စည်းများကိုသာ ရွေးချယ်သယ်ဆောင်ရမည်။ အင်ဖာမှ ကျွန်တော်တို့ စစ်ထွက်လာစ၊ လွန်ခဲ့သည့် နှစ်လတုန်းက ကျွန်တော်သယ်ခဲ့သည့် ပစ္စည်းအလေးချိန်သည် အများနည်းတူ ပေါင် (၅၀)ရှိသည်။ ခြောက်ရက်စာ ရိက္ခာ၊ ကျည်ဆန်၊ ဟန်းကော၊ ရေဘူး၊ အခင်း၊ လက်ဖက်ခြောက်၊ သကြား၊ ဆား



www.burmeseclassic.com

www.burmeseclassic.com



ဓိုက်တာမင်စီ စသည်များ ဖြစ်သည်။

မြန်မာပြည်မြောက်ပိုင်းရှိ တောနက်ကြီးအတွင်းမှာ ခရီးပြင်းနှင်ရတော့မည့် လူတစ်ယောက်အဖို့ မည်သည့် ပစ္စည်းများ လိုအပ်သနည်း။ ဟန်းကောအဖုံး၊ ခြေအိတ်အသစ် တစ်စုံ၊ လေထီးကြိုးတစ်ချောင်း၊ မော်ဖီယားထိုးဆေး၊ အက်တီဘရင်ဆေးပြားဆယ်ပြား ဒါပဲ ဖြစ်သည်။ ကျန်ပစ္စည်းများ အားလုံးကိုစောင်နှင့် ထုပ်လိုက်သည်။

ပြီးတော့ ရေဘူးမပါမဖြစ်ဟု ဆုံးဖြတ်ရပြန်သည်။ တောလိုက်ဓား၊ အိမ်မြှောင်၊ ခြောက်လုံးပြူး. . . ဒါတွေကလည်း မပါလျှင် မဖြစ်သေး။ ဂေါ်ရခါးဓားကောက်၊ လက်ပစ်ဗုံးများနှင့် တော်မီဂန်းကိုမူ စောင်ထုပ်ထဲမှာ ထည့်လိုက်သည်။ ဒါတွေကိုတော့ သည်နေရာမှာပဲ ထားပစ်ခဲ့ရတော့မည်။

ပြီးတော့ ချိုင်းထောက်တစ်ခု လုပ်ရဦးမည်။

အနီးနားရှိ ဝါးတစ်ချောင်းကို အလောတော် ခုတ်လိုက်သည်။ အားလုံးပြည့်စုံသွားပြီ။ ကျင်းကလေးထဲသို့ ပြန်ဝင်ခဲ့သည်။ ချိုင်းနှင့် လက်မနာစေရန် ဝါးလုံး၏ တစ်ဖက်ထိပ်ပိုင်းကို ချောနေအောင် သပ်ရဦးမည်။ သိုးမွေးခေါင်းစွပ်ကို တစ်ဖက်စွန်းမှာ ချည်ရမည်။ သို့မှသာ ချိုင်းအနာသက်သာမည်။

ဝါးလုံးတောင်ဝှေး၏ တစ်ဖက်ထိပ်ဆီတွင် သိုးမွေးခေါင်းစွပ်ကို လေထီးကြိုးတစ်ချောင်းနှင့် ချည်ရင်း ကျွန်တော် စိတ်ထိခိုက်လာသည်။ ကျွန်တော် တပ်မှ ခွင့်ယူပြီး အိန္ဒိယပြည်မြောက်ပိုင်း အလွန်အေးသည့် တောင်ပေါ်ဒေသသို့ အနားသွားယူရန် အစီအစဉ်ရှိသည်။ "အဲဒီနေရာမှာ သိပ်ချမ်းလိမ့်မယ်" ဟူသော မှတ်ချက်နှင့်အတူ အမေပို့လိုက်သော ခေါင်းစွပ်ဖြစ်သည်။ နားနှစ်ဖက်လုံအောင် ဆွဲဖုံးထားနိုင်သည်။

အမေ အမြတ်တနိုးပို့လိုက်သည့် သိုးမွေးခေါင်းစွပ်ကို ကိုယ်နှင့်မကွာ ကျွန်တော်ထားခဲ့ပါသည်။ မြန်မာပြည်မြောက်ပိုင်း တောတွင်းဒေသမှာ အလွန်တရာ ပူအိုက်နေရာ ဤခေါင်းစွပ်သည် လုံးလုံး အသုံးမဝင်ခဲ့။ သို့သော်လည်း အမေ့ကို ချစ်သည့်စိတ်ဖြင့် သည်ခေါင်းစွပ်အပေါ်မှာ သံယောဇဉ်ထားခဲ့မိသည်။ ယခုတော့ ခေါင်းမစွပ်ရဘဲ တောင်ဝှေး၏ တစ်





ဖက်စွန်းမှာ စွပ်နေရချေပြီ။ သည်တောင်ဝှေးကို အားကိုးပြုပြီး မြန်မာပြည်တွင်းမှ ထွက်ခွာရတော့မည်။

အမေပေးသည့် လက်ဆောင်သည် ခေါင်းစွပ် မဟုတ်တော့ဘဲ ဒဏ်ရာရနေသည့် သားဖြစ်သူ၏ ချိုင်းထောက်အစွပ်ဘဝသို့ ပြောင်းလဲသွားသည်ကို အမေမြင်လျှင် မည်သို့များ ရှိလေမည်နည်းဟု ကျွန်တော် တွေးတောနေမိသည်။

ကျွန်တော် ခရီးဆက်ဖို့ အသင့်ဖြစ်ပြီ။ ခရီးဆက်ရမည်ဆိုသည်မှာ ကိုယ့်ခြေထောက်ကို အားကိုးပြီး လမ်းလျှောက်ရမည့် ဘဝဖြစ်သည်။

ညာဘက်သို့ ကျွန်တော် စောင်းလိုက်သည်။ မြေပြင်မှာ လက်ထောက်ပြီး တစ်ကိုယ်လုံး၏ အလေးချိန်ကို လက်ပေါ်မှာ အားပြုထားလိုက်သည်။ ပြီးတော့ ညာဘက်ခြေထောက်ကို ကွေးယူလိုက်သည်။ ခြေထောက်ကွေးမိသည်တွင် လက်နှင့် ခြေထောက်ကို အားပြုပြီး ခပ်ကုန်းကုန်းအနေအထားမှ မတ်တတ်ရပ်ကြည့်လိုက်သည်။ ဒဏ်ရာက ဆိုးဆိုးရွားရွား နာလွန်းသဖြင့် မထိန်းနိုင် မသိမ်းနိုင်၊ တစ်ချက်အော်လိုက်မိသည်။ အလွန်တရာ ချွန်ထက်သည့် ဆူးတစ်ချောင်းဖြင့် ထိုးသွင်းလိုက်သလို နာကျင်လှသည်။ အံကို ခပ်ခပ်တင်းတင်းကြိတ်ထားမိသည်။ အလွန်တရာ အခံရခက်လှသည့် ဝေဒနာဆိုးတစ်ခုပါကလား။

မြေပြင်ပေါ်သို့ ပြန်လဲကျသွားသည်။ ဘစ်ကိုယ်လုံးချွေးများ ရွှဲလာပြန်သည်။ ကျွန်တော် မတ်တတ်ရပ်နိုင်ဖို့အတွက် ဘင်စံတင်ယောတ်၏ အကူအညီကိုရမှ ဖြစ်တော့မည်။ မတ်တတ်ရပ်နိုင်မှသာလျှင် ကျွန်တော် ဆုံးဖြတ်ထားသည့်အစီအစဉ် အကောင်အထည်ပေါ်အောင် ဖော်နိုင်တော့မည်။

နာကျင်လွန်းသဖြင့် ကျရသည့်မျက်ရည်။ စိတ်ဓာတ်ချောက်ချားပြီး ဒေါသဖြစ်လွန်းသောကြောင့် ကျရသည့် မျက်ရည်များ မျက်လုံးများထဲမှာ အိုင်ထွန်းနေပြီ။ ကောင်းသည့် ခြေထောက်ကို အားပြုပြီး ရပ်ဖို့ကြိုးစားပြန်သည်။ မြေပြင်ပေါ်သို့ ပြန်လဲကျသွားပြန်သည်။ နာကျင်သည့် ဝေဒနာကို မချိမဆံ့ ခံစားရသည်။ ကျွန်တော့် ပတ်လည်မှာ ရှိနေသည့် မြေပြင်ကို လက်ချောင်းများဖြင့် ကုတ်ခြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်း အကြာကြီး ကျွန်တော် လဲလျောင်းနေမိသည်။ နာကျင်သည့် ဝေဒနာ ပျောက်ကင်းသွားသည်အထိ ငြိမ်နေရသည်။ အိတ်ထဲမှ ဆေးတံကို စမ်းမိသည်။ ထုတ်ယူပြီး ဆေးတစ်ဆုံထည့်ကာ ဖွာရှိုက်နေမိသည်။ တဖြည်းဖြည်းနှင့် မျှော်လင့်ချက်ကင်းသည့် စိတ်ခံစားမျိုး ပျောက်ကွယ်သွားသည်။ စိတ်ပျက်အားငယ်သည့် စိတ်ခံစားမျိုး ပျောက်ကွယ်သွားသည်။

ဆေးတံမှ မီးငြိမ်းသွားသည်။ မီးထပ်ညှိရန် အိတ်ထဲမှ မီးခြစ်ကို ထုတ်ယူလိုက်သည်။ စာရွက်ခေါက်ကလေး တစ်ခုကို သွားစမ်းမိသည်။ ဘာစာရွက်ကို ဘယ်တုန်းက ထည့်ထားမိမှန်း ကျွန်တော် သတိမရတော့ပြီ။ သတိလစ်နေစဉ်က အာသာဘက်စ်ကသော် လည်းကောင်း၊ အခြားတစ်ယောက်ယောက်ကသော် လည်းကောင်း၊ မြေပုံတစ်ချပ်ကို ခေါက်ထည့်ထားပေးခြင်းလည်း ဖြစ်နိုင်သည်။

စာရွက်ခေါက်ကလေးကို အိတ်ထဲမှ နှိုက်ယူပြီး ဖြန့်လိုက်သည်။ မြေပုံမဟုတ်ပါ။ နောက်ဆုံးစာနှင့်အတူ အမေပို့လိုက်သည့် စာရွက်ကလေး ဖြစ်သည်။ စာရွက်ပေါ်မှာ ပုံနှိပ်စာလုံး ကလေးများရှိသည်။

"မေမေ့သားလေး တခြားအကူအညီတစ်ခုခု လိုကောင်းလိုလိမ့်မယ်"

တဲ့။ မေမေက မှတ်ချက်ရေးပြီး ထည့်ပေးလိုက်သော စာရွက်ဖြစ်သည်။

ပုံနှိပ်စာလုံးများမှာ အမ်-လူဝီဟပ်စကင်၏ အဆိုအမိန့်များထဲမှ ကောက်ချက်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းသို့ ဗြိတိန်နိုင်ငံပါဝင်လာပြီး ပထမဆုံး နှစ်သစ်ကူးပွဲတော်တွင် ဆဋ္ဌမမြောက် ဂျော့ဘုရင်က တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်း ပြောကြားရာ ယင်းကောက်နုတ်ချက်ကလေးကို ကိုးကားသွားခဲ့ဖူးသည်။

"နှစ်သစ်ကူးရဲ့ ဝင်ပေါက်တံခါးဝမှာ ရပ်နေတဲ့လူတစ်ယောက်ကို ကျွန်တော်က ပြောပါတယ်။ 'ကျွန်တော့်ကို မီးတုတ်တစ်ချောင်းလောက် ပေးပါဗျာ၊ ဒါမှ ကျွန်တော် မသိကျွမ်းတဲ့ နှစ်သစ်အတွင်း ဘေးအန္တရာယ်ကင်းကင်းနဲ့ လျှောက်သွားနိုင်မှာဖြစ်ပါတယ်' လို့။ ဒီတော့ သူက





ပြန်ပြောတယ်။ 'ဘုရားသခင်ရဲ့ လက်တွင်းမှာ မင်းရဲ့ဘဝကို ပုံအပ်ပြီး မှောင်ထုအတွင်းသို့သာ တိုးဝင် လျှောက်ပေတော့၊ အဲဒီနည်းသာလျှင် မီးတုတ်တစ်ချောင်းရဲ့ အလင်းရောင်ထက်ပိုကောင်းပြီး ကိုယ်သိကျွမ်းတဲ့ လမ်းခရီးထက် ပိုပြီးတော့လည်း ဘေးအန္တရာယ် ကင်းဝေးနိုင်ပါတယ်'တဲ့။

ထိုစာတမ်းကလေးကို ကျွန်တော် ဖတ်ကြည့်သည်။ နောက်တစ်ခေါက် ပြန်ဖတ်ကြည့်သည်။ ပြီးတော့ ရိုရိုသေသေ ခေါက်ပြီး အိတ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။ ကျွန်တော့်စိတ်ထဲမှာ တစ်စုံတစ်ရာ ခံစားလာရသည်။

အသစ် အသစ်သော သတ္တိများ ပေါ်လာသည်။ အသစ်အသစ်သော ဆုံးဖြတ်ချက်များ ရင်ထဲမှာ ပြည့်လာသည်။ ကိုယ်လျှောက်ရမည့် လမ်းခရီးနှင့် ကျွမ်းဝင်ခြင်းမရှိသော၊ ကိုယ်နှင့် အသက်ပေးပြီး လက်ချင်းတွဲကာ တိုက်ပွဲဝင်ခဲ့ကြသည့် ရဲဘော်ရဲဘက်များ၏ စွန့်ပစ်ခြင်းကို ခံရသော၊ လမ်းလျှောက်နိုင်စွမ်းမရှိတော့အောင် ဒဏ်ရာလည်း ရထားသော တစ်တောလုံး တစ်တောင်လုံး ရန်သူများ ပြည့်နေသည့် ပတ်ဝန်းကျင်မျိုးကို ရင်ဆိုင်နေရသော ခြသေ့်တပ်ဖွဲ့ဝင် အင်္ဂလိပ်စစ်ဗိုလ်ကလေးတစ်ယောက်အဖို့ ဘာတွေ ဖြစ်လာနိုင်သနည်း။

ကျွန်တော့်မှာ ရဲဘော် မရှိ။ မိတ်ဆွေ မရှိ။ အထီးကျန်သက်သက်ဖြစ်သည်။

ရုတ်ခြည်း ဆိုသလိုပင် စာတမ်းကလေးပြောသလို လိုက်နာရန် ကျွန်တော့်ကိုယ် ကျွန်တော် ဆုံးဖြတ်ပြီးသား ဖြစ်သွားတော့သည်။

ဘုရားသခင်၏ လက်သို့ ကျွန်တော့်ကိုယ် ကျွန်တော် အပ်ရတော့မည်။ ဘုရား တရား အကြောင်းကိုလည်း သာမန်ကျောင်းသားကလေး တစ်ယောက်ထက်ပိုပြီး ကျွန်တော် ဘာမှ သိနားမလည်။ သို့သော်လည်း တောကြီးမျက်မည်းထဲမှာ ကျွန်တော် ခရီးဆက်ရတော့မည်။ ဘုရားသခင်၏ မဟာကရုဏာတော်ကို ယုံကြည်စိတ်ချသည့်စိတ်ဖြင့် လွတ်လမ်းကို ရှာရတော့မည်။ ကျွန်တော် ကြုံတွေ့ရမည့် ဘေးအန္တရာယ်များနှင့် လွတ်ကင်းအောင် ဘုရားသခင်က အကာအကွယ်ပေးတော့မည်။

ခါးပတ် ပတ်လိုက်သည်။ ပစ္စည်းထည့်ထားသည့် အိတ်ကို ချိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တောင်ဝှေးကို လှမ်းဆွဲယူသည်။ လဲနေသည့် အနေအထားမှ မတ်တတ်ရပ်နိုင်ရန် ကြိုးစားလိုက်သည်။ ဘယ်လိုနည်းနှင့်မှ တောင့်မခံနိုင်သည့် နာကျင်မှုကို ခံစားလိုက်ရပြန်သည်။ တစ်ဆက်တည်းမှာပင် မြေပြင်ပေါ်သို့ ကျွန်တော် ပြန်လဲကျသွားသည်။ အသက်ထွက်မလောက် နာကျင်သည့် ဝေဒနာ ဖြစ်ပါသည်။

သို့သော် ကျွန်တော် စိတ်မပျက်ပါ။ အားမလျှော့ပါ။ ဝေဒနာ အတန်ငယ် သက်သာသည်နှင့် တစ်ဖြိုင်တည်း ရှေးနည်းတူ မတ်တတ်ရပ်ဖို့ ကြိုးစားပြန်သည်။ သည်တစ်ကြိမ်တွင်လည်း ရှေးနည်းတူ မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ကျသွားပြန်သည်။ အလွန်တရာ သန်မာသည့် လက်ကြီးတစ်ဖက်ဖြင့် တွန်းလှဲလိုက်သလို ကျသွားခြင်း ဖြစ်သည်။

သည်အတိုင်းတော့ မဖြစ်နိုင်သေးပါ။ နည်းလမ်းတော့ ရှိရမည်။ ထိုနည်းလမ်းကို ရှာဖွေရမည်။ သို့မှသာလျှင် အမှောင်ထုအတွင်းသို့ ကျွန်တော် အမှန်တကယ် တိုးဝင်နိုင်ပေလိမ့်မည်။

နာကျင်သည့် ဝေဒနာက သက်သာမှု ရလာသောအခါတွင် ပတ်ဝန်းကျင်ကို လှည့်လည် စူးစမ်းကြည့်မိသည်။ ထိုအခါကျမှ ကျွန်တော် ရှိနေသည့် ချိုင့်ကလေး၏ နောက်ဘက်ပိုင်းတွင် ရေတိုက်စားထားသော တူးမြောင်းသဏ္ဍာန်တစ်ခုကို တွေ့ရသည်။ ပတ်လည်မှာ ချုံနွယ်ပိတ်ပေါင်းများ ရှုပ်လိုင်းနေသည်။ အမြင့်စောက်က ငါးပေလောက်သာ ရှိနိုင်သည်။

တောင်ဝှေးကို မြဲမြဲစွာကိုင်ပြီး မြောင်းရှိရာသို့ တွားလာခဲ့သည်။ ထိုနေရာသို့ ရောက်သောအခါ မြောင်းကမ်းပါးမှာ တောင်ဝှေးကို ထောင်လိုက်သည်။ လက်တစ်ဖက်ဖြင့် မြောင်းနံရံကို အားယူပြီး ကျန်လက်တစ်ဖက်ဖြင့် တောင်ဝှေးကို အားပြုလိုက်သည်။ ဖြည်းဖြည်းချင်း မတ်တတ်ရပ်ကြည့်သည်။ ဒဏ်ရာမှ အလွန်နာကျင်သည့် ဝေဒနာကို ခံစားရပြန်သည်။ ဝါးပင်မြစ်များနှင့် အခြားလက်လှမ်းမီရာ သစ်ပင်ငယ်များကို ဆွဲယူဆုပ်ကိုင်ပြီး မတ်တတ်ရပ်လိုက်သည်။

ကျွန်တော့် ကြိုးပမ်းချက် အောင်မြင်သွားပါပြီ။ မြေပြင်ပေါ်မှာ မတ်တတ်ရပ်နိုင်သည့် အနေအထားသို့ ရောက်ရှိသွားပါပြီ။

တောင်ကုန်းအောက်ရှိ မော်တော်ကားလမ်းကို အပေါ်စီးမှနေ၍





လှမ်းမြင်နေရသည်။ ကျွန်တော်နှင့် မလှမ်းမကမ်းတွင်လည်း လူသွားလမ်းတစ်ခုကို လှမ်းမြင်နေရပြီ။ ကျွန်တော် ခရီးဆက်ဖို့ အသင့် ဖြစ်ပါပြီ။

"တရုတ်ပြည်ကြီးရေ. . . ငါလာပြီဟေ့" အကျယ်ကြီး အော်လိုက်မိသည်။

ကျွန်တော် အများကြီး သတိကောင်းနေသည်။ ဆင်ခြေလျှောကလေးအတိုင်း သတိကြီးစွာထားပြီး ဒယိမ်းဒယိုင် ဆင်းလာခဲ့သည်။ အမှောင်ထုအတွင်းသို့ တိုးဝင်နေခြင်း ဖြစ်သည်။ အန္တရာယ်ပေါင်းစုံ ပြည့်လျှမ်းနေသည့် တောနက်နက်အတွင်းသို့ တိုးဝင်နေခြင်းလည်း ဖြစ်သည်။

သည်တောနက်ကြီးထဲမှာ ကျွန်တော် တစ်ယောက်တည်း။ အလွန်တရာ ရက်စက်ကြမ်းကြုတ်နေသည့် ကျွန်တော်၏ ရန်သူများက တောအနှံ့တောင်အနှံ့ ပြည့်နေသည်။ ဂျပန်တွေရှိသည်။ အင်္ဂလိပ်ကို မလိုလားသော တိုင်းရင်းသားတွေ ရှိသည်။ သွေးဆာနေသည့် တောရိုင်းတိရစ္ဆာန်တွေရှိသည်။ အဆိပ်ပြင်းသည့် မြွေတွေရှိသည်။ သည်မျှမကသေး။ နက်ရှိုင်းသည့် တောကြီးသည်လည်း ကျွန်တော်၏ ရန်သူပင် ဖြစ်ပါသည်။ သည်လို ရန်သူတွေ ပတ်လည်ဝိုင်းနေသည်ဆိုတော့ သည်တောတွင်းမှာ ကျွန်တော်တစ်ယောက်တည်း အထီးကျန်ဟု မဆိုနိုင်တော့ပါ။ မတ်မတ်မရပ်နိုင်သည့် တွန့်လိမ် ကောက်ကွေးနေသော ဒုက္ခိတဘဝ တစ်ခုသာ ပြောစရာ ရှိပါသည်။

လူသွားလမ်းကလေးသည် လိုဏ်ဂူတစ်ခု ပုံသဏ္ဍာန်မျိုး ဖြစ်နေသည်။ ကျောက်ဆောင်ဘက်သို့ ဦးတည်သွားသည်။ ကျွန်တော် လမ်းလျှောက် နေပုံကလည်း ရယ်စရာတော့ ကောင်းလှသည်။ ရှေ့ကို တည့်တည့်မတ်မတ် သွားနိုင်ခြင်း မရှိ။ ဟိုယိုင်လိုက် သည်ထိုးလိုက်ဖြင့် ကွေ့ကောက်သွားနေသည်။ ရေခဲပြင်ပေါ်မှာ လျှောစီးနေသူ တစ်ယောက်လို ဖြစ်နေသည်။ နာကျင်သည့် ဝေဒနာကတော့ အများကြီး သက်သာသွားပါပြီ။

ကုန်းအမော့ကလေး တစ်ခုကိုရောက်တော့ အလွန်တရာမောပန်းနွမ်းနယ်နေပြီ။ ခန္ဓာကိုယ်ထဲရှိသည့် အားအင်များ ကုန်ခန်းသွားပြီဟု ထင်မှတ်ရသည်။ သို့သော် မြေပြင်ပေါ်မှာ လဲလျောင်းပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အနားမယူရဲ။ မြေပြင်ပေါ်မှာ လဲလျောင်းမိလျှင် တစ်ခါပြန်ထဖို့ ခက်ပေတော့မည်။ မတ်စောက်သည့် ကမ်းပါးယံတစ်ခုရှိမှသာ မတ်တတ်ထနိုင်မည်။ ထို့ကြောင့်လည်း ကြမ်းတမ်းလှသည့် လူသွားလမ်းအတိုင်း ဝင်ပန်းကြီးစွာဖြင့် တစ်လှမ်းချင်း ခရီးဆက်နေရသည်။

သေလုမျောပါး ဝေဒနာကိုခံစားရင်း တစ်နာရီလောက် ခရီးပေါက်လာသောအခါ လမ်း၏ တစ်ဖက်ခြမ်းမှာ ကျောက်တုံးကျောက်ဆောင်များနှင့် ပြည့်နှက်နေသည်ကို တွေ့ရသည်။ ကျန်တစ်ဖက်ခြမ်းက နိမ့်နေပြီး တောင်ကြားလွင်ပြင်ဒေသလို ဖြစ်နေသည်။ တောကလည်း နက်လွန်းလှသည်။ ပုစွန်လုံးတစ်ကောင် လမ်းလျှောက်သလို ကျွန်တော် ဆက်လျှောက်ခဲ့သည်။ တစ်နေရာရောက်တော့ အလွန်ကြီးမားသည့် သစ်ပင်ကြီးတစ်ပင်ကျွန်တော့်အောက် ရောက်နေသည်ကို တွေ့ရသည်။ ငုံ့ကြည့်သောအခါ သစ်ပင်ထိပ်ဖျားကို တွေ့ရသည်။ တောင်ပြိုကျသောကြောင့် တောင်စောင်းတွင်ပေါက်နေသည့်သစ်ပင်ကြီး တောင်အောက်သို့ ရောက်သွားခြင်းဖြစ်ဟန်တူသည်။

ထိုနေရာက လွန်သွားတော့ စိမ်းလန်းစိုပြည်နေသည့် သစ်တောအတွင်းသို့ လူသွားလမ်းကလေးက ဦးတည်သွားပြန်သည်။ တစ်ဆက်တည်း ကျောက်ဆောင်ကျောက်တုံးများကို တွေ့ရပြန်သည်။ ဤလူသွားလမ်းကလေးကို မည်သူကမျှ ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားသည်မဟုတ်ပါ။ ရာစုနှစ်ပေါင်းများစွာကတည်းက တောတွင်းသားတို့ သွားလာဖန်များသဖြင့် လူသွားလမ်းဘဝသို့ ကူးပြောင်းလာခြင်းဖြစ်သည်။ ဖိနပ်မပါသည့်ခြေထောက်များဖြင့် နင်းဖန်များသောကြောင့် ကျောက်တုံးကျောက်ခဲများသည် ပြောင်လက်ချောမွေ့နေကြသည်။

ဒဏ်ရာရထားသည့် ခြေထောက်ကို ဝါးတစ်ချောင်းနှင့် ပူးပြီးလေထီးကြိုးနှင့် ချည်လိုက်သည်။ ကြိုးကလျော့နေလျှင် နှဲ့သလိုဖြစ်ပြီးဒဏ်ရာက နာပြန်သည်။ တစ်ခါတစ်ခါတော့လည်း ကျောက်တုံးနှစ်ခုကြားမှာ တောင်ဝှေးက ညပ်နေတတ်သည်။ သည်အခါမှာ အကြောင်းမဟုတ်သေး။ ဒဏ်ရာရသည့် ခြေထောက်တွင် ပူးချည်ထားသည့်ဝါးလုံး ကျောက်တုံးကြားမှာ ညပ်သောအခါကျမှ အဆိုးရွားဆုံးဝေဒနာကို ခံစားရလေ





တော့သည်။ ထိုအခါမျိုးတွင် မြေပြင်ပေါ်သို့ လဲကျသွားတော့မလို ဖြစ်တတ်သည်။ ကိုယ်ကို ကိုင်းထားရသည်။ ဝေဒနာကြောင့် စိမ်းရွှေရွှေအစာဟောင်းများ အန်ထွက်သည်။ တစ်ကိုယ်လုံးမှာ ချွေးများ ရွှဲနေပြီ။

ကျွန်တော် လဲကျမသွားအောင် ကြိုးစွာ သတိထားရသည်။ မြေပြင်ပေါ်သို့ လဲကျလျှင် ပက်လက်အလှန်ခံလိုက်ရသည့် လိပ်တစ်ကောင်၏ဘဝနှင့် ဘာမှခြားတော့မည်မဟုတ်ပါ။ ထိုအခါတွင် ကျွန်တော့်ဇီဝိန်ကိုခြွေမည့် ရန်သူများ ရောက်လာချိန်ကို သည်အတိုင်း စောင့်ဆိုင်းနေရပေတော့မည်။

ညဘက်သို့ ရောက်လာပြီ။ စုစုပေါင်း သုံးမိုင်လောက် ခရီးပေါက်မည်ဟု ကျွန်တော် ခန့်မှန်းမိသည်။ ထိုသုံးမိုင်မျှ ခရီးပေါက်နိုင်ဖို့အတွက် သေမလောက်ဝေဒနာကို ခံစားခဲ့ရသည်။ မည်မျှကြီးမားသည့် ဝေဒနာများကို ခံစားခဲ့ရကြောင်း ပြန်ပြောင်း၍ပင် မတွေးတောနိုင်တော့ပြီ။

နေဝင်လုအချိန်မှာပင် လမ်းနှစ်ခွနှင့် သွားတိုးသည်။ လူသွားလမ်းတစ်ခုပေါ်မှာ စစ်ဖိနပ်ရာများကို တွေ့ရသည်။ ကျွန်တော်တို့ စစ်ကြောင်း၏ စစ်ဖိနပ်ရာများ ဖြစ်ကြသည်။ ထိုအပေါ်တွင် ထပ်လျက် ဂျပန်စစ်ဖိနပ်ရာများကို တွေ့ရပြန်သည်။ မြန်မာပြည်တွင်းမှ ဆုတ်ခွာသွားကြသော ကျွန်တော်တို့ စစ်ကြောင်းနောက်သို့ ဂျပန်တပ်များက ထက်ကြပ်မကွာ လိုက်ပါသွားသည့်သဘော ဖြစ်သည်။

ယင်းလမ်းကြောင်းသည် တစ်ဖက်ရှိ တောအုပ်စိမ်းစိမ်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ထိုလမ်းကိုရှောင်ပြီး ညာဘက်လမ်းကြောင်းအတိုင်း ကျွန်တော် လိုက်ခဲ့သည်။ ခဏကြာတော့ နက်စောက်သည့် ချောက်တစ်ခုကို တွေ့ရသည်။ ထိုချောက်ထဲသို့ ကိုယ်ကိုလျှောပြီး ဆင်းလိုက်သည်။ ဒဏ်ရာမှာ မနာမကျင်ရှိနေသည်ကို အံ့သြဖွယ်ကောင်းလောက်အောင် ခံစားရသည်။ အောက်ကိုရောက်တော့သဘာဝက ဖန်တီးပေးထားသည့် တောင်ကြားကလေးကို တွေ့ရသည်။ ပို၍ အံ့သြဖွယ်ကောင်းသည်မှာ ကြည်လင်သည့် စမ်းချောင်းကလေးတစ်ခု စီးဆင်းနေသည်ကို တွေ့ရခြင်းပင် ဖြစ်သည်။ စမ်းချောင်းရေအောက်တွင် ကျောက်တုံးကျောက်ခဲများ ရှိနေသည်။ ဤတောင်ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရာကလေးသည် ကျွန်တော် ထင်ထားသလို ကျဉ်းကျဉ်းကလေး ဟုတ်ပုံမရ။ ပြီးတော့ တိမ်တိမ်ကလေး ဟုတ်ပုံမရ။ တစ်ဖက်သို့ အများကြီး ကျယ်ပြောပေလိမ့်ဦးမည်။ အောက်သို့လည်း အများကြီး နက်ရှိုင်းပေလိမ့်ဦးမည်။ တစ်ဖက်ကမ်းဆီနှင့် အောက်ပိုင်းဆီမှ ပုစဉ်းရင်ကွဲအော်သံများကို နားထောင်ကြည့်ခြင်းအားဖြင့် သိသာနိုင်သည်။

အလွန် ကျေနပ်နှစ်သိမ့်သည့်စိတ်ဖြင့် အကောင်းဆုံးနေရာကို ရွေးချယ်လိုက်သည်။ ပစ္စည်းများကို ဘေးမှာချသည်။ သက်သာသလို ငြိမ်ငြိမ်ကလေး နေလိုက်သည်။ တွေ့နေရသည့် အရာအားလုံးကို ကျွန်တော် အများကြီး သဘောကျသွားပါသည်။

ဘေးအန္တရာယ် အသွယ်သွယ်တို့မှ ကျွန်တော် လုံခြုံသွားပြီကို သိလိုက်သည်။ ခါးပတ်ကို ဖြုတ်ပြီး ဘေးမှာချထားသည်။ စစ်သားကောင်းတို့ ဆောင်ရွက်မြဲအတိုင်း ခြောက်လုံးပြူးကို အိတ်ထဲမှထုတ်ပြီး ကောင်းစွာ ပွတ်တိုက်သည်။ စိတ်တိုင်းကျ ပွတ်တိုက်ပြီးသောအခါ ကျည်ဆန်များ ပြန်ထည့်သည်။ ပြီးတော့ ကျွန်တော့်ညာဘက်လက်နှင့် လက်မအနည်းငယ်မျှသာ ဝေးသည့် ဦးထုပ်အောက်မှာ အသင့်ချထားလိုက်သည်။

လုံခြုံရေးကိစ္စများ စီစဉ်ပြီးသည်နှင့် ဘီစကွတ်ကို ထုတ်စားသည်။ အက်တီဘရင်ဆေးပြားတစ်ပြား သောက်သည်။ ပြီးတော့ ကျွန်တော် အိပ်ဖို့ အသင့် ဖြစ်ပါပြီ။ ဒဏ်ရာရစဉ်က သွေးအများကြီး ထွက်ခဲ့သည်။ ထို့ကြောင့် အားအင်ကုန်ခန်းခဲ့သည်။ ယခု မြန်မာပြည်တွင်းမှ ထွက်ခွာဖို့ ကြိုးစားနေရပြန်သည်။ အလွန်တရာ ပင်ပန်းလှသည်။ ဘာကိုမှ မကြောက်နိုင်တော့ဘဲ မောမောနှင့် အိပ်ပျော်သွားတော့သည်။

အိပ်ရာမှ ရုတ်တရက် ကျွန်တော် နိုးလာသည်။ ကျွန်တော့်နားထဲမှာ ခြေသံလိုလို ကြားရသည်။ ကျောက်တုံးပေါ်မှာ ရှပ်တိုက်ပြီး လျှောက်လာသည့် ခြေသံမျိုး ဖြစ်သည်။

ညာဘက်လက်က ခြောက်လုံးပြူးဒင်ကို ကိုင်မိလျက်သား ဖြစ်သွားသည်။ အမှောင်ထုအတွင်းသို့ အာရုံ စူးစိုက်ကြည့်လိုက်သည်။ ဘာကိုမှ မမြင်ရ။ ဘာသံကိုမှလဲ မကြားရပါ။ အချိန် အတန်ကြာသွားသည်။ ရုတ်တရက် မြန်လာသည့် သွေးခုန်နှုန်းက သာမန်အခြေအနေသို့ ပြန်





ကျသွားသည်။ ထိုအချိန်မှာပင် အသံကို ကြားရပြန်သည်။ တစ်ကိုယ်လုံး၏ အလေးချိန်ကို ခြေထောက်တစ်ဖက်တည်းပေါ်တွင် အားပြုပြီး လမ်းလျှောက်နေရသည့် အသံမျိုးဟု ကျွန်တော် ထင်သည်။ သစ်ကိုင်းများကြားမှ ပြိုးပြိုးပြောက်ပြောက်ကျနေသည့် လရောင်အတွင်းမှာ ခြေသံရှင်ကို မျက်တောင်မခတ်နိုင်ဘဲ ရှာမိသည်။ မှောင်ပိန်းနေသည့် ညဉ့်နက်နက်ကိုသာ မြင်ရသည်။ ကျွန်တော်၏ စိတ်အာရုံများကို ရန်သူက ကောင်းစွာ ညှဉ်းပန်းနှိပ်စက်နိုင်လျက် ရှိချေပြီ။

သူ့ပုံပန်းသဏ္ဍာန်ကို စိတ်ကူးဖြင့် မှန်းကြည့်သည်။ ကျွန်တော့်စိတ်အာရုံအတွင်း သူ့သဏ္ဍာန်ပေါ်လာသည်။

ဘာခံစားချက်မှ မရှိသော မျက်နှာထားပိုင်ရှင် ပုတက်တက်ဂျပန်စစ်သားတစ်ယောက်။

အမှောင်ထဲမှာ သူ့လက်၊ သူ့ယူနီဖောင်းတို့သည် စိမ်းဝါရောင်ပြေးနေသည်။ နှုတ်ခမ်းက ပြုံးသယောင်၊ မဲ့သယောင်၊ သရော်သယောင်။ မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်ပနေသည်။ ကြမ်းကြုတ်သည့် မျက်လုံးများ ဖြစ်ကြောင်း သိသာသည်။

စမ်းချောင်းကလေး နံဘေးအတိုင်း ကျွန်တော့်ဆီသို့ ဦးတည်ပြီး သူလျှောက်လာသည်။ ရေစပ်ကို တမင်ရွေးပြီး လျှောက်လာခြင်း ဖြစ်သည်။ သို့မှသာလျှင် ခြေရာမထင်ဘဲ သူ့နောက်သို့ ကျွန်တော် အလိုက်ရခက်ပေမည်။ ရိုင်ဖယ်သေနတ်ကို အသင့်အနေအထားမှာ ကိုင်ထားသည်။ ရိုင်ဖယ်ပြောင်းထိပ်မှာ တပ်ထားသည့် လှံစွပ်တလည်း လူ့သွေးသောက်တော့မယောင် မြင်ရသည်။ သူ့လက်ညှိုးကို သေနတ်မောင်းပေါ်မှာ အသင့်တပ်ထားသည်။ ကျွန်တော်၏ အသည်းနှလုံးအတွင်းသို့ ကျည်ဆန်များကို အလွယ်တကူ ပစ်သွင်းနိုင်ရန် ဖြစ်သည်။

ကျွန်တော် ရှိနေသည့် နေရာကို အတိအကျ သူမသိသေးဟန်လော။ တောနက်နက်၏ ညဉ့်နက်နက်မှာ အသံပြင်းစွာ ပြုနေသည်။ ကျွန်တော်၏ အသက်ရှူသံကို သူ မကြားသေးဟန်လော။

သူ၏ ပုံပန်းသဏ္ဍာန်ကို ကျွန်တော် ထပ်မံ အကဲခတ်ပြန်သည်။ စိမ်းဝါရောင်မျက်နှာကို ဘေးတစ်ဖက်သို့ လှည့်လိုက်သည်။ သူ၏ ညာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်နားရွက်က ကျွန်တော်နှင့်တည့်တည့် ဖြစ်သွားသည်။ သို့မှသာ ကျွန်တော်၏ အသက်ရှူသံကို သူကောင်းစွာ ကြားရပေတော့မည်။ သည် လောက်နက်သည့် ညကြီးမင်းကြီးမှာ အလွန် တိုးတိတ်သည့်အသံကိုပင် ကြားရနိုင်သည်။

သူ့အသံကို ထပ်မံ ကြားရပြန်သည်။ သည်တစ်ကြိမ် ကြားရခြင်း မှာ ကျောက်တုံးပေါ်တွင် နင်းနေသည့်ခြေသံ ဖြစ်သည်။ စမ်းချောင်း နံဘေးကို ခွာပြီး ကျောက်တုံးများရှိရာ ကမ်းပေါ်သို့ တက်လာဟန် ဖြစ် သည်။ တဖြည်းဖြည်းနှင့် ကျွန်တော့်ဘက်သို့ ပို၍ ပို၍ နီးလာသည်။ ကျွန်တော် တုန်လှုပ်ချောက်ချားနေပြီ။ ကျွန်တော် နောက်ဆုံး ကြားလိုက် ရသည့် အသံသည် ဂျပန်စစ်သားများ သေနတ်ပစ်ခါနီး နေရာယူသည့် အသံမျိုး ဖြစ်သည်။

ကျွန်တော့် တစ်ကိုယ်လုံး ချွေးစီးများ ရွှဲနေပြီ။ အထက်သွားနှင့် အောက်သွားလည်း တဆတ်ဆတ်ရိုက်ခတ်နေပြီ။ မမြင်တွေ့ရသည့်ရိုင်ဖယ် ပြောင်းဝသည် ကျွန်တော့် အသည်းနှလုံးဆီကို တည့်တည့်ချိန်ကာ တဖြည်းဖြည်း ရွေ့တိုးလာသည်ဟု အာရုံသိဖြင့် သိမြင်နေသည်။ ခြောက် လုံးပြူးကို ကျွန်တော် မြှောက်ကိုင်လိုက်သည်။ နောက် နှစ်ဆင့်မောင်း ကို တစ်ဆင့်ဆွဲတင်လိုက်သည်။ အပ်ကျသံကိုပင် ကြားရလောက်အောင် တိတ်ငြိမ်နေသော တောတွင်းအကာလ ညအခါတွင် ကျွန်တော်၏ သေနတ်မောင်းတင်သံက ကျယ်လောင်စွာဖြင့် သံသရာဆုံးတိုင် ပဲ့တင် ရိုက်သွားလေတော့သည်။

ကျွန်တော်၏ သေမိန့်ကို ကျွန်တော်ကိုယ်တိုင်ပင် ရေးလိုက်မိပါ ပြီ။ အထိတ်တလန့် ပြုလုပ်မိသော ကျွန်တော်၏ အပြုအမူက ကျွန်တော့် ကို ပြန်လည်သစ္စာဖောက်သွားပြီဖြစ်ကြောင်း များစွာ အသိနောက်ကျသွား ပါပြီ။

ကျွန်တော် ဘယ်မှာရှိနေသည်ကို သေနတ်မောင်းတင်သံက ညွှန် ပြလိုက်ပါပြီ။ မူလတုန်းက ကျွန်တော် ဘယ်မှာရှိနေသည်ကို သူ မသိခဲ့ဟု ဆိုခဲ့ပါလျှင်လည်း ယခုတော့ သူ သိသွားပါပြီ။ မမြင်တွေ့ရသော ရန်သူကို ကျွန်တော် ဘယ်မှာရှိနေကြောင်း မီးမောင်းထိုးပြလိုက်သလို ဖြစ်ပါသည်။





နောက်ဆုံး ကြည့်ခြင်းအနေဖြင့် ကြောက်လန့်တကြား ကျွန်တော်လှမ်းကြည့် သည်။ စမ်းချောင်းနံဘေးတွင် အထိတ်တလန့် ရပ်နေသည့် ဒရယ်တစ်ကောင် ကို လရောင်ဖြင့် မြင်တွေ့လိုက်ရသည်။ ကြည့်နေဆဲမှာပင် ဒရယ်သည် ထိုနေရာမှ အရှိန်နှင့် ပြေးထွက်သွားတော့သည်။ ကျွန်တော့်မြင်ကွင်းမှ ချက်ချင်း ပျောက်ကွယ်သွားတော့သည်။

စိတ်မောလူမောဖြင့် နောက်လှန်အိပ်ချလိုက်မိသည်။ အသက် အန္တရာယ်ပေါင်းများစွာကို အကြိမ်ကြိမ် ကြုံခဲ့ဖူးပြီ ဖြစ်သောကြောင့် ချက်ချင်း ကိုယ့်စိတ်ကိုယ် ဖြေနိုင်လိုက်သည်။ တစ်ခေါင်းလုံး ကိုက်ခဲနေ သည်ကို သတိထားမိသည်။ ကျွန်တော် ဖျားပါပြီ။ စိတ်ဓာတ်အရသော် လည်းကောင်း၊ ခန္ဓာကိုယ်အရသော်လည်းကောင်း များစွာ အင်အား ကုန်ခန်းသွားပါပြီ။ သေဘေးအန္တရာယ်သည် ကျွန်တော်နှင့် အလွန်တရာ နီးကပ်နေပြီ ဖြစ်ကြောင်း အလိုလို သိလိုက်ပါသည်။

ပြီးတော့ အိပ်မောကျသွားတော့သည်။

နံနက် အရုဏ်မတက်မီ အိပ်ရာမှ ကျွန်တော် နိုးလာသည်။ အချမ်းဒဏ်ကြောင့် တစ်ကိုယ်လုံး တုန်နေသည်။ တရှုတ်ပြည်ကို သွားရန် ဆုံးဖြတ်ပြီး ခြံစောင်ကို စွန့်ပစ်ခဲ့သည့် အမှားနှင့် ပတ်သက်၍ ယခုမှပင် နောင်တကြီးစွာ ရတော့သည်။ ယခုပင် လမ်းလျှောက်မှ ဖြစ်တော့မည်။ သို့တည်းမဟုတ် အဆုတ်အအေးမိသည့် ရောဂါဖြင့် သေဖွယ်ရာသာ ရှိ တော့သည်။ တောကြီးမျက်မည်းအတွင်းမှာ အသက်ရှင်နေနိုင်ရေးအတွက် နောက်ထပ် သင်ခန်းစာသစ်တစ်ခုကို ကျွန်တော် ရလိုက်ပြန်ပါသည်။ ညလုံးပေါက် လမ်းလျှောက်ရမည်။ ပင်လယ်ရေမျက်နှာပြင် အထက် ပေပေါင်းများစွာ မြင့်သည့်တောင်ပေါ်ဒေသတွင် နေ့ပိုင်းမှာ အိပ်ရမည်။

ကျွန်တော် လျှောချလာခဲ့သည့် ကမ်းပါးယံဆီသို့ ရွေ့သွားသည်။ ချုံပုတ်များကို တွန်းဖယ်လိုက်သည်။ ဝါးတောင်ဝှေးကို ရှေ့သို့ တွန်းလိုက် သည်။ ဗိုက်နှင့်ကပ်ပြီး ကမ်းပါးယံကို တွယ်တက်လိုက်သည်။ ဒဏ်ရာ ရထားသော ခြေထောက်က မခံမရပ်နိုင်လောက်အောင် နာကျင်ပြန် သည်။ မီးစနှင့် ထိုးလိုက်သလို အခံရဆိုးလှသည်။ တစ်ကိုယ်လုံး ချွေးတွေ ရွှဲလာသည်။ အသက်ဘေး ဖြစ်သည်မို့ ဝေဒနာကို မမှုနိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အားခဲပြီး အပေါ်တက်ခဲ့သည်။

ကျွန်တော့် ခန္ဓာကိုယ်အတွင်းမှာ ရှိရှိသမျှသော အားအင်များ တုန်ဆိုးနေသည်မှာ မှန်ပါသည်။ ထိုကြားထဲကပင် တောတွင်း၏ သဘာဝ ညအလှကို ခံစားရမိပါသည်။ သစ်ပင်ထိပ်ဖျားများ အကြားမှ လှမ်းမြင်ရသည့် ကောင်းကင်သည် ပြာလဲ့နေသည်။ ကြယ်ပွင့်များက ကျောက်သံပတ္တမြားများလို အရောင်တလက်လက် တောက်ပပြီး ကောင်းကင်မှာ တွဲလဲခိုနေကြသည်။ အားနေသည့် လက်တစ်ဖက်ကို မြှောက်လိုက်ပြီး သူတို့ကို ထိလိုထိငြား လှမ်းကိုင်ကြည့်မိသည်။ အရောင်တောက်ပလွန်းသောကြောင့် လက်တစ်ကမ်း အကွာမှာပင် ရှိနေသည်ဟု ထင်မှတ်ရခြင်း ဖြစ်ပါသည်။

မြန်မာပြည်တောတွင်း၏ ညအလှကို မည်သည့်နည်းနှင့်မျှ ကျွန်တော် မေ့ပျောက်နိုင်တော့မည် မဟုတ်ပါ။ လင်းထိန်နေသည့် လရောင်အောက်တွင် ယူနန်နယ်၏ တောင်ထွတ်များကို ဟိုအဝေးကြီးမှာ လှမ်းမြင်နေရသည်။ တရုတ်-မြန်မာနယ်ခြား၏ ဟိုမှာဘက်တွင် ဖြစ်ပါသည်။ အလွန် ဝေးပါသည်။ လရောင်အောက်မှာ တောင်ထွတ်များက မည်းမှောင်နေသည်။ သည်လရောင်၊ သည်အမှောင်နှင့် သည်တောင်ထွတ်တို့သည် နတ်ပြည်ပမာ ထင်ရသည်။

သစ်ပင်များ ပါးလာသည်။ သည်နေရာမှာ တောကဆုံးတော့မည်။ တောဆုံးလျှင် တောင်ကတုံးနှင့် တွေ့တော့မည်။ တောင်ကတုံးဆိုလျှင် အကွယ်မရှိ။ အကာမရှိ။ ရေခဲတမျှ အေးစက်လှသည့် လေအတိုးကို ဆိုးဆိုးရွားရွား ခံစားရတော့မည်။ ကျွန်တော့်ကိုယ်ပေါ်မှာ ကာကီအကျႌနှင့် ဘောင်းဘီသာရှိသည်။ သည်မျှ ရက်စက်ကြမ်းကြုတ်သော အအေးဒဏ်ကို ခုခံနိုင်စွမ်းရှိမည့် အဝတ်အစားများ မဟုတ်ပါ။

သစ်တော၏ အပြင်ဘက်သို့ ကျွန်တော် ထွက်နိုင်မည် မဟုတ်ကြောင်း သဘောပေါက်လိုက်ပါသည်။ သစ်တော၏ အပြင်ရောက်လျှင် သွေးခဲပြီး သေရုံမှတစ်ပါး တခြား မရှိပါ။

ကျွန်တော် ရောက်နေသည့် နေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်းများစွာမြင့်သော နေရာဖြစ်ကြောင်း သတိထားမိသည်။





ကြည့်နေဆဲမှာပင် ညပျောက်ပြီး နေ့ရောက်လာသည်။ ကောင်းကင်မှာ နေလုံးကို မြင်ရသည်။ မျက်လုံးတွေ ပြာလွန်းသဖြင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရသည်။ တောင်စောင်းကို အားပြုကာ အားတင်းပြီး ဆက်လျှောက်သည်။ သတိလစ်မသွားအောင် စိတ်ကို နိုင်နိုင်ထားရသည်။ အာရုံများက ထွေပြားမှိုင်းမှုန်နေသည်။ ခန္ဓာကိုယ်အတွင်းရှိ အားအင်တွေလည်း ကုန်ခန်းသည်ထက် ကုန်ခန်းလာသည်။ ကျွန်တော့်ဘဝ၏ ခရီးလမ်းဆုံးမှာ နီးကပ်သည်ထက် နီးကပ်လာပါပြီ။

ခေါင်းကို မတ်မတ်ထောင်၍ မရတော့ပါ။ ဇက်ကျိုးကျနေသဖြင့် မုတ်ဆိတ်မွေးများက ရင်ဘတ်ကို စူးနေသည်။ ကျွန်တော် လဲလျောင်းအနားယူမှ ဖြစ်တော့မည်။ သည်လိုမှ မဟုတ်လျှင် လူသွားလမ်းပေါ်မှာ လဲကျသွားပြီး ဘယ်တော့မှ မထနိုင်တော့သည့် ဘဝကို ရောက်ပေလိမ့်မည်။ ပုန်းအောင်းဖို့နေရာကို ပတ်လည်မှာ ရှာကြည့်သည်။ လုံခြုံသည့်နေရာဖြစ်ဖို့ လိုသည်။ သို့သော်လည်း တစ်နေရာမျှ မတွေ့နိုင်ပြီ။

တစ်ဖက်ကို ကြည့်လိုက်လျှင် အသူတရာနက်သည့် ချောက်။ ကျန်တစ်ဖက်ကို ကြည့်လိုက်ပြန်တော့ ကျောက်တောင်ကျောက်တုံးတို့ဖြင့် အတိပြီးသော တောင်ကမ်းပါးယံ။ လူသွားလမ်းကလေးအတိုင်း အားတင်းပြီး လျှောက်ခဲ့သည်။ ကျောက်ကမ်းပါးယံဘက်ကိုသာ ကျွန်တော် ရွေးချယ်ရတော့သည်။ ကိုယ်ကို မတ်မတ်ရပ်ထားနိုင်စွမ်း မရှိတော့ပါ။ လဲတော့၊ ပြိုတော့မလို ဖြစ်နေသည်။ နေပူရှိန်ကလည်း မီးနှင့်မြိုက်သလို အခံရဆိုးလှသည်။ လမ်းလျှောက်နေရသည့် မြေပြင်က လှိုင်းထနေသလို နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။

ရုတ်ခြည်းဆိုသလိုပင် ကျွန်တော့်ဆီသို့ ဦးတည်ပြေးလာသော လူနှစ်ယောက်ကို မြင်တွေ့လိုက်ရပါသည်။ အလွန်တရာ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းသော လူနှစ်ယောက်ဖြစ်ကြောင်း သတိထားလိုက်မိသည်။ အသိအာရုံများ အလွန်တရာ ထုံထိုင်းနေကြပြီ ဖြစ်သော်လည်း ထိုသူနှစ်ယောက်စလုံး လက်နက်ကိုယ်စီ ဆွဲကိုင်လာကြသည်ကို အသေအချာ သိလိုက်ရပါသည်။ ဂျပန်များပင် ဖြစ်ပါသည်။ ရိုင်ဖယ်ကိုယ်စီ ကိုင်ထားကြသည်။ ကျွန်တော့်ဆီသို့ ဦးတည်ပြီး တစ်ရှိန်ထိုး ပြေးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါးမှာ ချိတ်ထားသည့် ခြောက်လုံးပြူးကို ကျွန်တော် ဆွဲထုတ်ယူသည်။ တစ်ဖက်က ကျောက်နံရံကို မှီလိုက်သည်။ ခြောက်လုံးပြူးက ကျွန်တော့်ပေါင်၏ အထက်သို့ ထောင်တက်ပါမလာပါ။ သေနတ်မောင်းကို ဆက်ခါဆက်ခါ ကျွန်တော် ဖြုတ်လိုက်ပါသည်။ ဆူညံသံကြီးက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားသည်။ ထိုနည်းတူစွာ အလွန်တရာ ကြီးမားလှသော အမည်းရောင် မြူတိမ်တိုက်ကြီးက ကျွန်တော့်တစ်ကိုယ်လုံးကို ဖုံးလွှမ်းလိုက်လေသည်။

ကျွန်တော် သတိလစ် မေ့မြောသွားပါပြီ။

*   *   *



## အခန်း (၅)

## တောတွင်းက သုခဘုံ

ကျွန်တော့်ခန္ဓာကိုယ်တွင် ဘာအဝတ်အစားမှ မကပ်ဘဲ အပေါ်က စောင်ထပ်ခြုံထားသည်ကို သတိထားမိသည်။ ဘေး၁ ာ်သို့ စောင်းပြီး အန်ချလိုက်ချိန်မှာပင် စောင်က အသားကို ရှတတဖြစ်သွားကြောင်း သိလိုက်သည်။ တစ်ဖက်သို့ လှည့်ထွက်သွားသည်။ ပြီးတော့ သတိလစ်သွားပြန်သည်။

နောက်တစ်ကြိမ် သတိပြန်ရလာသောအခါ မျက်စိကို ဖွင့်ကြည့်မိသည်။ ခေါင်းထဲမှာ ကြည်လင်နေသည်။ နေရထိုင်ရသည်မှာလည်း အလွန်တရာ သက်သောင့်သက်သာ ရှိနေသည်။ စိတ်အာရုံများ ထွေပြားနေသည်မှာ မှန်ပါသည်။ သို့သော်လည်း တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ရှိနေသည်။ ခြေထောက်မှ ခေါင်းအထိ တစ်ကိုယ်လုံး သန့်သန့်ရှင်းရှင်း ရှိနေသည်ကိုလည်း သတိထားမိသည်။ ဒဏ်ရာကလည်း လုံးဝ မနာတော့။ ပင်ပန်းမှု၊ နွမ်းနယ်မှု၊ စိတ်ပျက်အားငယ်မှု အားလုံးသည်လည်း ကျွန်တော့်ကိုယ်တွင်းမှ ပျောက်ကွယ်သွားချေပြီ။

ကျွန်တော် သေပြီလော၊ နာကျင်ခြင်း မရှိ၊ သေခြင်းတရားကို ကြောက်ရွံ့ခြင်း မရှိသည့် အခြား ဘဝတစ်ခုသို့ ကျွန်တော်ရောက်နေပြီလော။ အခြားဘဝမှာ ရှိနေသည့် သန့်စင်ကြည်လင်သော စမ်းချောင်းကလေးထဲမှ ရေက ကျွန်တော့်တစ်ကိုယ်လုံးကို သန့်စင်ပေးလိုက်ပြီလော



www.burmeseclassic.com

www.burmeseclassic.com



ဆာလောင်မွတ်သိပ်မှုများ အားလုံးကို ထိုစမ်းချောင်းကလေးက ဆေးကြောသုတ်သင်ပေးလိုက်ပြီလော။

သည်အတိုင်းပဲ ဖြစ်နိုင်ပါသည်။ ခြေလက်များကို ဆန့်တန်းလိုက်သည်။ ခုတင်တစ်လုံးက မြည်သည့် အသံများကို ကြားရသည်။ သည်လိုဆိုတော့ ခုတင်တစ်လုံးပေါ်မှာ ကျွန်တော် အိပ်နေခြင်း ဖြစ်ရပေမပေါ့။

သတိထားပြီး ခေါင်းကို တစ်ဖက်သို့ စောင်းလိုက်သည်။ ညာဘက်မှာ ရွှေရောင်ဝင်းနေသည့်နေရောင် ထိုးကျနေကြောင်း သတိပြုမိသည်။ အုတ်နံရံအပေါ်ဘက်ရှိ လေဝင်ပေါက်ကလေးမှ နေရောင်ထိုးကျနေခြင်း ဖြစ်သည်ကို တွေ့ရသည်။ ထောင်အတွင်းက အုတ်နံရံများအတိုင်း ဖြစ်သည်။

ဘုရား . . . ဘုရား. . . ကျွန်တော် ထောင်ထဲရောက်နေပြီလော။

ထို့နောက် ပြောင်လက်အောင် တိုက်ချွတ်ထားသည့် ကြေးဖလားတစ်လုံးကို အိပ်ရာဘေးမှာ တွေ့ရသည်။ လက်တစ်ကမ်းအကွာမှာ ဖြစ်သည်။ ကြေးဖလားကို လှမ်းယူသည်။ အထဲမှာ ရှိသည့်ရေကို အငမ်းမရသောက်မိသည်။ အားရတော့မှ ကြမ်းပြင်ပေါ်သို့ ပြန်ချထားလိုက်သည်။ ဆည်းလည်းသံလိုလို အသံများကို မသဲမကွဲ ကြားရသည်။

"ရှူး"

ထိုအသံကို ကြားရသောအခါ အိပ်ရာပေါ်မှ ရုတ်တရက် ခုန်ထလိုက်မိတော့မလို ဖြစ်သွားသည်။ ဘယ်ဘက်သို့ လှည့်ကြည့်သည်။ အဝါရောင်သင်္ကန်းတစ်ခုကို မြင်ရသည်။ ထိုသင်္ကန်းက ကျွန်တော့်အိပ်ရာဘေးကြမ်းပြင်ပေါ်မှ ထလာသည်။ ဒဏ်ရာများကို ကျွန်တော် မေ့သွားသည်။ အိပ်နေရာမှ ရုတ်ခြည်း ထထိုင်လိုက်သည်။ နေရောင်က စူးရှလွန်းသောကြောင့် မျက်လုံးကို လက်နှင့် ကွယ်ထားရသည်။

သူသည် အရပ်ရှည်ပြီး အလွန်ပိန်သည့် လူတစ်ယောက် ဖြစ်သည်။ တစ်ကိုယ်လုံး သင်္ကန်းရုံထားသည်။ သင်္ကန်းရုံထားသည်ကို မြင်ရတော့မှ ရှမ်းပြည်နယ်မြောက်ပိုင်း၏ တစ်နေရာမှ ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးတစ်ပါးဖြစ်ကြောင်း သဘောပေါက်နားလည်လိုက်တော့သည်။ ရိတ်ထားသည့် ဆံပင်တိုကလေးများ ဖြူနေသည်ကို တွေ့ရသည်။





မျက်လုံးအစုံက အသက်ဝင်လှသည်။ ကျွန်တော့်ကို စိုက်ကြည့်နေသည့် ယင်းမျက်လုံးများမှာ အရောင်တဖိတ်ဖိတ် တောက်နေသည်။ သူ့ပါးစပ်နားသို့ လက်ညှိုးကိုကပ်ပြီး "ရှူး" ဟု ထပ်လုပ်ပြန်သည်။

စောစောက ခံစားခဲ့ရသည့် ကျေနပ်နှစ်သိမ့်မှုများ အားလုံး ကျွန်တော့်ရင်တွင်းမှ ထွက်ပြေးပျောက်ကွယ်သွားတော့သည်။ ထိတ်လန့်တကြီးဖြင့် ပတ်လည်မှာ ပြေးပေါက်ရှာမိသည်။ မြေအောက်တိုက်ခန်းတစ်ခုထဲမှာ ရောက်နေခြင်း ဖြစ်ကြောင်း သတိထားမိသည်။ အလုံတိုက်ခန်း ဖြစ်နေသည်။

ကျွန်တော် ဘာတွေ ဖြစ်ခဲ့သနည်းဟု ပြန်စဉ်းစားကြည့်မိသည်။ ကျွန်တော့်ကို သုတ်သင်ရန် ပြေးလာသည့် ဂျပန်စစ်သားနှစ်ယောက်ကို ခြောက်လုံးပြူးဖြင့် ကျွန်တော် ဆီးကြိုပစ်ခဲ့သည်။ ထိုမျှသာ မှတ်မိသည်။ နောက်ပိုင်း ဘာတွေ ဆက်လက်ဖြစ်ပွားသည်ကို မမှတ်မိတော့။ ကျွန်တော် သတိလစ်သွားခြင်း ဖြစ်သည်။

ယခု ကျွန်တော့် အနီးမှာ ရှိနေသည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးသည် မည်သူဖြစ်သနည်း။ သည်လို မြေအောက်တိုက်ခန်းကလေးထဲတွင် မည်သည့် အတွက်ကြောင့် ကျွန်တော့်ကို စောင့်ကြည့်နေသနည်း။

ကံတရားတို့သည် ကျွန်တော့်ထံမှ ထွက်ပြေးသွားကြပြီ ဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။ ရှမ်းရွာကလေး တစ်ရွာမှာ ဂျပန်အကျဉ်းသားအဖြစ် ကျွန်တော် အဖမ်းခံနေရပြီ။ ကျွန်တော့်ရှေ့မှာ ရှိနေသည့် သံဃာတော်သည် ဂျပန်အလိုတော်ရိ ဖြစ်ရမည်။ ယခု ကျွန်တော့် တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား ကြည့်ရှုနေသည်။ မည်သည့်နေရာကို နှိပ်စက်ရမည်နည်းဟူသော သဘောဖြင့် ကြည့်နေခြင်း ဖြစ်သည်။ သူတို့၏ နှိပ်စက်ညှဉ်းပန်းမှုကို ကျွန်တော် သေကောင်ပေါင်းလဲ ခံပေတော့။ သည်လို ဒုက္ခခံနေရသည်ကို သူတို့ ကြည့်ပြီး အလွန်စိတ်ချမ်းသာကြတော့မည်။

လွတ်လမ်းရှိ၊ မရှိ ပတ်လည်ကို ကျွန်တော် အကဲခတ်ကြည့်မိပြန်သည်။ မြေအောက်တိုက်ခန်းသည် အလျား (၁၂)ပေ၊ အနံ (၆)ပေ၊ အမြင့်ပေ(၃၀)ခန့်ရှိသည်။ မြင့်လွန်းသဖြင့် မျက်နှာကြက်ကိုပင် မမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပေါက်တံခါးသည် အလွန် ထူထဲခိုင်မာသည့် ကျွန်းသားတံခါးကြီး ဖြစ်သည်။ အတွင်းမှ မည်သည့်နည်းနှင့်မျှ ဖွင့်မရနိုင်။ ပတ်လည်က အုတ်နံရံများကို ကြည့်သည်။ မည်သည့်နည်းနှင့်မျှ ဖောက်ထွက် မရနိုင်။ အလင်းရောင် ဝင်နေသည့် လေဝင်ပေါက်ကလေး တစ်ခုရှိသည်။ အလွန်တရာ ကျဉ်းလှသောကြောင့် ကျွန်တော့်ကိုယ်လုံး မဆံ့နိုင်။

ယင်း လေဝင်ပေါက်ကလေး၏ အပြင်ဘက်တွင် စစ်ဖိနပ်နှင့် ယူနီဖောင်းဝတ် စစ်သားတစ်ယောက်၏ ခြေထောက်အစုံကို မြင်ရသည်။ ဂျပန်ယူနီဖောင်း ဖြစ်သည်။

ကျွန်တော့် တစ်ကိုယ်လုံးမှာ သွေးတိုးရပ်သွားသည်။ ကျွန်တော် အကျဉ်းသားဖြစ်ပြီ။ ဂျပန်တို့၏ စစ်သုံ့ပန်းဖြစ်သွားပြီ။ အသက်သေရုံမှ တစ်ပါး အခြား မရှိပြီ။

မြေအောက်တိုက်ခန်းကလေးကို တစ်ကြိမ် အကဲခတ်ကြည့်မိပြန်သည်။ ကြိုးခုတင်တစ်ခုပေါ်မှာ ကျွန်တော် ရောက်နေသည်။ လေဝင်ပေါက်ကလေးက ကျွန်တော့်ခေါင်းပေါ်မှာ ရှိသည်။ စိုးရိမ်ထိတ်လန့်မှုများ ပိုမိုကြီးထွားလာသည်။ အိပ်ရာပေါ်သို့ ကျွန်တော် ပြန်လှဲချလိုက်သည်။ မျက်လုံးများကိုလည်း မှိတ်ထားလိုက်သည်။ ခါးဆီသို့ မသိမသာ စမ်းကြည့်သည်။ ခါးပတ်မရှိတော့ပြီ။ ခြောက်လုံးပြူးလည်း မရှိတော့ပြီ။ အဝတ်အစားမကပ်သည့် အသားစိုင်များကိုသာ စမ်းမိသည်။ ကျွန်တော့်ကိုယ်ပေါ်မှာ ရှိနေသည့် အဝတ်အစားများနှင့် ပစ္စည်းအားလုံးကို သူတို့ ချွတ်ထားလိုက်ပြီး ဖြစ်ချေသည်။

ဂျပန်ဘာသာဖြင့် အမိန့်ပေးသံကို အပြင်ဘက်မှ ကြားလိုက်ရသည်။ စစ်ဖိနပ် ဆောင့်နင်းသံ၊ သေနတ်ပြင်ကိုင်သံများ ကြားရသည်။ လေဝင်ပေါက်ကလေးမှ ချောင်းကြည့်လိုက်သောအခါ ဂျပန်စစ်သားများ၏ ခြေထောက်များကို မြင်ရသည်။ ခြေထောက်များအနီးတွင် မြေပြင်ပေါ်၌ ထောက်ထားသည့် သေနတ်ဒင်များကိုပါ မြင်ရပါသည်။ အမိန့်ပေးသံ ထပ်ကြားရပြန်သည်။ ခြေထောက်များ တစ်ဖက်သို့ ရွေ့ကာ ချီတက်သွားသည်။ ဖုန်မှုန့်များ လုံးဝင်လာသည်။ လေဝင်ပေါက်မှ ထိုးကျနေသည့် နေရောင်သည် ဖုန်မှုန့်တန်းကလေး ဖြစ်သွားသည်။





သူတို့ မည်သည့် အရပ်သို့ ချီတက်သွားကြလေသနည်း။ ကျွန်တော့်ကို သုတ်သင်မည့် လက်မရွံ့ သေနတ်ကိုင်တပ်ဖွဲ့သည် ကျွန်တော့်ကို လာခေါ်တော့မည်လော။ ကျွန်တော့်ကို အပြင်ထုတ်ကာ ကျွန်တော်တို့၏ ခြသေ့်စစ်ဆင်ရေးသတင်းများ ရရှိနိုင်စေရန် အပြင်းအထန် နှိပ်စက်ပြီး စစ်ဆေးတော့မည်လော။

ဘုန်းတော်ကြီးကို ကျွန်တော် မော့ကြည့်လိုက်သည်။ သူ့ပါးစပ်ကို လက်ညှိုးနှင့် ပိတ်ပြီး တိတ်တိတ်နေရန် အချက်ပြသည်။ တစ်ဆက်တည်း ဇရာမတံခါးကြီးဆီသို့ သူလျှောက်သွားသည်။ တံခါးကို အသာအယာဖွင့်ကာ အပြင်သို့ ထွက်သွားသည်။

အံ့ဩထိတ်လန့်မှုများနှင့်အတူ ဒဏ်ရာရသည့်နေရာကို စမ်းကြည့်မိသည်။ ပတ်တီးအသစ် စည်းပေးထားကြောင်း စမ်းမိသည်။ သေသေချာချာ မြင်နိုင်အောင် ကိုယ်ပေါ်မှစောင်ကို ခွာလိုက်သည်။ မှန်ပါသည်။ သန့်ရှင်းသည့် အဖြူရောင်အဝတ်စတစ်ခုနှင့် ဒဏ်ရာကို ပတ်တီးပြင်စည်းပေးထားသည်။ ကျွန်တော် ရင်ခုန်လာသည်။ ဒဏ်ရာက နာကျင်ခြင်း မရှိသည်ကိုလည်း သတိထားမိသည်။

ခုတင်ပေါ်မှ အောက်သို့ ဆင်းလိုက်သည်။ ခဏကြာတော့ ဒယိမ်းဒယိုင်ဖြင့် ကျွန်တော် မတ်တတ်ရပ်မိနေပြီ။ အခန်းက ချာချာလည်သွားသည်။ အားနည်းသည့် ဝေဒနာကို ခံစားလိုက်ရသည်။ ချက်ချင်းဆိုသလိုပင် အာရုံများ ပြန်လည် ကြည်လင်လာသည်။ သတိဖြင့် ခြေထောက်နှစ်ချောင်းစလုံးထောက်မိအောင် ကြိုးစားကြည့်သည်။ ဒဏ်ရာက အနည်းငယ် နာသည်။ မခံမရပ်နိုင်အောင် နာကျင်ခြင်း မဟုတ်။ မိမိကိုယ်မိမိ မဟန်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲသွားခြင်း မရှိ။

အုတ်နံရံကို ကိုင်ပြီး ဟန်ချက်မိအောင် ကိုယ်ကို ထိန်းထားကြည့်သည်။ ဟန်နိုင်သောအခါ လမ်းလျှောက်ကြည့်သည်။ ဒဏ်ရာရထားသည့် ခြေထောက်က တောင့်တောင့်ကြီး ဖြစ်နေသည်။ တစ်လှမ်းနှစ်လှမ်း လျှောက်ကြည့်သည်။ စစ်ခနဲ စစ်ခနဲ နာသွားပြန်သည်။ စောစောကအတိုင်း မခံမရပ်နိုင်သော နာကျင်မှုမျိုးကား မဟုတ်။ အံကြိတ်ပြီး ခြေထောက်နှစ်ချောင်းစလုံးဖြင့် လျှောက်ကြည့်သည်။ အထိုက်



www.burmeseclassic.com

www.burmeseclassic.com



အလျှောက် လျှောက်နိုင်သည်ကို တွေ့ရသောအခါ ခုတင်ဆီသို့ ပြန်လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် ခြေနှစ်ချောင်းစလုံးနှင့် လမ်းလျှောက်နိုင်ပြီ။ ကျွန်တော့်ရှေ့မှာ အနာဂတ်ရှိလာပြန်ပြီ။

အိပ်ရာပေါ်မှာ ပြန်လှဲနေမိသည်။ အကျဉ်းသားဘဝရောက်နေသည်ကို စဉ်းစားမိပြန်သောအခါ စိတ်ဓာတ်ကျသွားပြန်သည်။ ယခုပင်သည်နေရာမှ လွတ်မြောက်နိုင်မည်လော။ မည်သည့်နည်းဖြင့် လွတ်မြောက်နိုင်မည်နည်း။

ထိုအချိန်မှာပင် ကျွန်းသားတံခါးကြီး ပွင့်သွားသည်။ လူသုံးယောက် တန်းစီပြီး ဝင်လာသည်။ ဘုန်းတော်ကြီးက အခြားလူများ ဝင်သာအောင် ကိုယ်ကို ဘေးသို့ အနည်းငယ် တိမ်းဖယ်ပေးသည်။ ကိုယ်လုံးကိုယ်ထည် ခပ်သေးသေးလူတစ်ယောက် ဝင်လာသည်။ သူ့နောက်မှ လုံ့စွပ်ကိုင် ဂျပန်စစ်သား ဝင်လာလိမ့်မည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော့်အထင် လွဲသွားပါသည်။ လုံ့စွပ်ကိုင်စစ်သားအစား အသားညိုညိုလူတစ်ယောက် ဝင်လာသည်။ ဘုန်းတော်ကြီး၏ အရပ်လောက်ပင် မြင့်မားသည်။ တောင်းတစ်လုံးကိုလည်း သယ်လာသည်။

ရှေ့ဆုံးမှ ဝင်လာသည့် ခပ်ညှက်ညှက်လူက ကျွန်တော့်ဆီသို့ လျှောက်လာရင်း တစ်စုံတစ်ရာကို ပြောနေသည်။ သူပြောနေသည့် ဘာသာစကားကို ကျွန်တော်နားမလည်ပါ။ ကျွန်တော်က ခေါင်းယမ်းပြလိုက်သည်။ သူ့စကားကို နားမလည်ရုံသာမဟုတ်၊ သူပြောစေချင်သည့် စကားများကိုလည်း ကျွန်တော် ပြောနိုင်မည်မဟုတ်ကြောင်း ခေါင်းယမ်းပြမိခြင်း ဖြစ်သည်။

"ခင်ဗျား ကချင်စကား ဖြစ်ဖြစ်၊ ဂေါ်ရခါးစကား ဖြစ်ဖြစ် တစ်ခုခုတော့ တတ်ရမယ်လို့ ကျုပ်ထင်တယ်"ဟု သူက ဂေါ်ရခါးဘာသာဖြင့် ရုတ်တရက် ဆက်ပြောသည်။

"ကျုပ်ဟာ ဒီရွာက သူကြီးပဲ" ဟုလည်း ထပ်ပြောပြန်သည်။

ဂေါ်ရခါးစကားကို ကြားလိုက်ရသည်တွင် ကျွန်တော့် နှလုံးသွေးများ အတိုးမြန်လာသည်။ ရွာသူကြီး ဆိုသူသည် ကျွန်တော်၏ ဂေါ်ရခါးဦးထုပ်ကို မြင်သောကြောင့် ဂေါ်ရခါးစကားတော့ တတ်ရမည်ဟု အထင်





ရောက်သွားခြင်း ဖြစ်ပေလိမ့်မည်။

သူ့ကို ကျွန်တော် အကဲခတ်ကြည့်မိသည်။ ကိုယ်လုံးကိုယ်ထည်က အတန်ငယ်ညှက်သည်။ ပုဆိုးနှင့် အစက်အပြောက်မထင်သော ရှပ်အင်္ကျီဝတ်ထားသည်။ ဆံပင်ကို ဘိုကေညှပ်ထားသည်။ ဆံပင်များကလည်း ဖြူဆွတ်နေကြပြီ။ နဖူးကျယ်သည်။ အသားညိုသည်။ မျက်လုံးများက အရောင်တောက်ပနေသည်။ ကျွန်တော့်ကို ကြည့်နေပုံမှာ ရန်လိုပုံမဟုတ်။ မိတ်ဆွေတစ်ယောက်ကို ကြည့်သည့် အကြည့်မျိုး ဖြစ်သည်။

"ခင်ဗျား ဒီကို ရောက်လာတဲ့အတွက် ဂုဏ်ယူပါတယ်ဗိုလ်ကြီး၊ ခင်ဗျားအဖျားကျသွားတာ တွေ့လို့လည်း ဝမ်းသာပါတယ်၊ ထမင်းသိပ်ဆာနေရောပေါ့"

သူ့စကားကို ဆက်ကြားရပြန်တော့ ကျွန်တော် ဝမ်းသာလုံးဆို့သွားမိသည်။ ရင်ထဲမှာ တင်းကျပ်နေခဲ့သည့် ကြောက်ရွံ့စိုးရိမ်စိတ်များလည်း လွင့်စဉ်ကွယ်ပျောက်သွားသည်။ သူ့ကို ပြေးဖက်ပြီး အခန်းထဲမှာ လှည့်လည်ကခုန်လိုသည့်စိတ်များ ပေါ်လာသည်။ မြေအောက်တိုက်ခန်းကလေးထဲမှာ ရောက်နေခြင်း၊ အပြင်တွင် ဂျပန်စစ်သားများ ဟိုမှသည်မှ လူးလာခေါက်တုံ့ သွားလာနေခြင်းများသည် တခြားကိစ္စဖြစ်နိုင်သည်။ ကံတရားက ကျွန်တော့်ဘက် ပြန်ရောက်လာပြန်ပြီ။ အမှောင်တွင်းမှနေ၍ မျှော်လင့်ချက်အပြည့်ရှိသော ဘဝသို့ ရောက်ရပြန်ပြီ။

တောင်းကိုင်ထားသူကို သူကြီးက မျက်ရိပ်ပြလိုက်သည်။ ထိုသူက ကျွန်တော့်ဘေးမှာ တောင်းလာချပေးသည်။ ပြီးတော့ သူတို့ သုံးယောက်လုံး နောက်သို့ အနည်းငယ်ဆုတ်ပြီး ရပ်ကြည့်နေကြသည်။ တိုက်ခန်းထဲမှာ တိတ်နေသည်။

"ကျေးဇူးတင်ပါတယ် သူကြီး၊ ထိုင်ကြပါဗျာ. . . ထိုင်ကြပါ"

ကျွန်တော်ကလည်း ဝမ်းသာစိတ်ကို မထိန်းနိုင်ဘဲ ပြန်ပြောမိသည်။

သူကြီးက ခုတင်စောင်းမှာ ဝင်ထိုင်သည်။ တောင်းကို ကျွန်တော် ဖွင့်လိုက်သည်။ ကြက်သားဟင်းနှင့် ထမင်းများထည့်ထားသည့် ပန်းကန်များကို တွေ့ရသည်။ ယင်း တဒင်္ဂအချိန်တွင် ထမင်းစားလိုသည့် စိတ်မှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး အခြား ဘာမှမရှိတော့ပြီ။ အငမ်းမရစားမိသည်။ တစ်သက်တွင် အရသာ အရှိဆုံးသော ထမင်းတစ်နပ် ဖြစ်ချေသည်။

ကျွန်တော် ထမင်းစားနေခိုက်မှာပင် သည်နေရာသို့ ကျွန်တော် မည်သို့မည်ပုံရောက်နေကြောင်း သူကြီးက ရှင်းပြနေသည်။ သူ စကားပြောပုံက အနည်းငယ်မြန်သည်။ သို့သော်လည်း ကျွန်တော် သတိလစ်မေ့မြောနေသည့် အချိန်ကာလအတွင်း ဘာတွေဖြစ်ခဲ့သည်ကို ကျွန်တော် ကောင်းစွာ သိရှိရတော့သည်။

ကျွန်တော့်ဆီသို့ လက်နက်ကိုယ်စီနှင့် ပြေးလာသည့် ဂျပန်စစ်သားနှစ်ယောက်ကို ခြောက်လုံးပြူးနှင့် ကျွန်တော် သုံးချက်ပစ်ကြောင်း၊ အမှန်မှာ ဂျပန်စစ်သားများ မဟုတ်ကြောင်း၊ တောထဲမှာ မီးသွေး သွားဖုတ်ကြသည့် ရှမ်းအမျိုးသားနှစ်ယောက် ဖြစ်ကြောင်း၊ အဖျားတက်နေသောကြောင့်၊ ကျွန်တော် မျက်လုံးများက အမှန်ကို မမြင်နိုင်ခြင်းဖြစ်ကြောင်း၊ သူတို့သည် တောထဲမှာ မီးသွေးဖုတ်နေကျဖြစ်ကြောင်း၊ ကျွန်တော် ပစ်သည့် ကျည်ဆန်များမှာလည်း ထိရောက်မှု မရှိကြောင်း။

သူတို့ကို ခြောက်လုံးပြူးဖြင့် ဆီးကြိုပစ်ပြီး ကျွန်တော်လဲကာ သတိလစ်သွားကြောင်း ရှမ်းအမျိုးသားနှစ်ယောက်က အူယားဖားယားဖြင့် ချုံပုတ်တွင်းသို့ ပြေးဝင်ပုန်းအောင်းကြရကြောင်း၊ ကျွန်တော့်ဘက်မှ ဘာသံမှ မကြားရတော့သောအခါ သစ်ခုတ်သည့် ပုဆိန်ကိုယ်စီကိုင်ပြီး ကျွန်တော့်ဆီသို့ လာကြကြောင်း၊ ကျွန်တော့်ကို ဂျပန်စစ်သားထင်ကြောင်း၊ သူတို့သည် ဂျပန်ဆန့်ကျင်ရေးသမားများ ဖြစ်သောကြောင့် ကျွန်တော့်ကို သုတ်သင်ပစ်ဖို့ ဖြစ်ကြောင်း၊ အနားရောက်သောအခါမှ အင်္ဂလိပ်စစ်ဗိုလ် တစ်ယောက်ဖြစ်နေပြီး သတိလစ်နေသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြင့် ကျွန်တော့်ကို ထမ်းပြီး သည်ရွာသို့ လာရောက်ပို့ဆောင်ပေးသွားခြင်း ဖြစ်ကြောင်း၊ အဆိုပါ ရှမ်းအမျိုးသား နှစ်ယောက်သည် အခြားရွာမှ ဖြစ်ကြောင်း သူကြီးက အစအဆုံး ရှင်းပြသည်။

သူကြီးထံသို့ ရောက်သည်နှင့်တစ်ပြိုင်နက်တည်း စေတီအောက်ရှိ လိုဏ်ဂူအတွင်းသို့ ကျွန်တော့်ကို ချက်ချင်းပို့ကြသည်။ ကျွန်တော့်ဒဏ်ရာကို ဆေးကြောသုတ်သင်ပြီး ဆေးထည့်ကာ ပတ်တီးအသစ်စည်းပေးကြ





သည်။

ထိုနေ့ညနေပိုင်းမှာပင် ဂျပန်တိုက်ကင်းတစ်ခု တောင်ဘက်ပိုင်းမှ ရောက်လာသည်။ ပြန်လည် ဆုတ်ခွာသွားသော ဗြိတိသျှစစ်ကြောင်း နောက်သို့ လိုက်လံ တိုက်ခိုက်နေသည့်တိုက်ကင်း ဖြစ်သည်။ သည်ရွာသို့ ရောက်လာသောအခါ တစ်ညနားရန် ဂျပန်စစ်ဗိုလ်က အမိန့်ပေးသည်။ ရွာထဲရှိ အိမ်အချို့ကို စစ်ဆေးမေးမြန်းပြီး စခန်းချကြသည်။ နောက်တစ်နေ့ မနက်တွင် ကျွန်တော်ရှိနေသည့် စေတီအနီးသို့ ဂျပန်တပ်ရောက်လာပြီး တန်းစီလူစစ်ခြင်း ဖြစ်သည်။

ထို့ကြောင့် စေတီအောက်ရှိ လိုဏ်ဂူအတွင်းမှ လေဝင်ပေါက် အတိုင်း ဂျပန်စစ်သားတို့၏ ခြေထောက်များကို ကျွန်တော် လှမ်းမြင်ခဲ့ရခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ဗြိတိသျှတပ် အကြွင်းအကျန်များကို ဆက်လက်ရှင်းလင်းရန် မြောက်ပိုင်းသို့ သူတို့ ချီတက်သွားကြတော့သည်။

သည်အကြောင်းများကို ကြားရတော့ ကျွန်တော့် ခန္ဓာကိုယ် အတွင်းမှာ အားခွန်အသစ်များ ရရှိလာသည်။ အစာရေစာလည်း ပြည့်ဝလုံလောက်စွာ စားလိုက်ရသောကြောင့် လူပါ လန်းလာသည်။ ကျွန်တော် အားပါးတရ စားသည်ကို ကြည့်ပြီး ဘုန်းတော်ကြီး၊ သူကြီးနှင့် တောင်းထမ်းလာသူတို့ ဝမ်းသာနေကြသည်။

"ဗိုလ်ကြီးရဲ့ အဝတ်အစားတွေ သွားယူခဲ့ပါကွာ"

သူကြီးက သူ့လူကို လှမ်းပြောသည်။ ထိုလူ ထွက်ခွာသွားပြီး ပြန်ဝင်လာသောအခါ ကျွန်တော့်ယူနီဖောင်းများ ပါလာသည်။ ယူနီဖောင်းများကို ကောင်းစွာ လျှော်ဖွပ်ပြီး သပ်သပ်ရပ်ရပ် ခေါက်ထားသည်ကို တွေ့ရသည်။ ထိုမျှမကသေး တောတွင်းမှာ တိုးခဲ့ရသည့်အတွက် စုတ်ပြဲနေသည့် နေရာများ၊ မော်တာစ ဝင်သွားသောကြောင့် ပေါက်နေသည့် နေရာများ အားလုံးကို ဖာထေး ချုပ်လုပ်ပေးထားပြီး ဖြစ်သည်။

ယူနီဖောင်းကိုဝတ်ပြီး ခါးပတ်ပတ်လိုက်သည်။ ကျွန်တော့်ခါးမှာ ခြောက်လုံးပြူးသေနတ် ချိတ်လျက်သား ပြန်ဖြစ်လာပြန်ပြီ။ ကျွန်တော့်ကို ကြည့်ပြီး သူတို့ အားလုံး ပြုံးနေကြသည်။

"ကိုင်း. . . ကျုပ်တို့ ရွာကလေးကို ထွက်ကြည့်ကြရအောင်၊ ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



တွေ မရှိတော့ပါဘူး၊ သူတို့ ပြန်လာရင်လည်း ကျွန်တော်တို့ ကြိုသိနိုင်နေမှာပါ" ဟု သူကြီးက ပြောသည်။

ကျွန်တော်သည် မည်သူမျှ မတွဲရဘဲ လိုဏ်ဂူကလေး အတွင်းမှ လှေကားအတိုင်း တက်ခဲ့သည်။ ခြေထောက်ကတော့ တောင့်တောင့်ကြီး ဖြစ်နေသည်။ သို့သော်လည်း အုတ်နံရံကိုကိုင်ပြီး တဖြည်းဖြည်းချင်း ထိန်းကာ အပေါ်သို့ တက်ခဲ့သည်။ ကျွန်တော်၏ ဖောင်ဖေ့းထောက်သံတ လိုဏ်ဂူကလေးအတွင်းမှာ ပဲ့တင်ရိုက်နေသည်။

အပြင်ကိုရောက်တော့ အလင်းရောင်က စူးရှလှသည်။ ကျင့်သားမရှိသေးသောကြောင့် မျက်စိကျိန်းစပ်လှသည်။ ခဏကြာတော့မှ နေသားကျသွားသည်။ တောင်ကြားဒေသ ဆင်ခြေလျှောကလေးမှာ တည်ထားသည့် ရွာကလေးသည် အလွန်တရာ လှပနေသည်။ ပတ်ဝန်းကျင်၏ အလှက ကျွန်တော်၏ အာရုံများကို ဖမ်းစားထားသည်။ သည်အလှမှာ ကျွန်တော် ယစ်မူးနေမိသည်။

ရွာက ရွာတန်းရှည်ကလေး ဖြစ်သည်။ ရွာ၏ တစ်ဖက်တစ်ချက်ရှိ တောင်စောင်းများတွင် လှေကားထစ် စိုက်ပျိုးကွင်းများကို လှမ်းမြင်ရသည်။ သည်တောင်ကြားရွာကလေးကို ကြည့်ရင်း ရှမ်းပြည်၏ အလှကို ကျွန်တော် ရိပ်စားမိလာသည်။

တစ်ရွာလုံး သန့်ရှင်းလှသည်။ ရွာလယ်လမ်းပေါ်တွင် သစ်ရွက်ကလေးတစ်ရွက်ပင် မရှိ။ အလုံးစုံ ငြိမ်းချမ်းသည့် ရွာကလေး ဖြစ်သည်။ ဟိုအိမ် သည်အိမ်မှ မီးခိုးများ ကောင်းကင်သို့ လွင့်တက်နေပုံကပင် ကြည့်မဝနိုင်အောင် ဖြစ်ရသည်။ အိမ်အားလုံးကို ကျွန်းသားများဖြင့် ဆောက်လုပ်ထားသည်။

ရွာဝင်တံခါးကို ရောက်တော့ တံခါးအထက်တွင် ထွင်းထုထားသော သစ်သားခြင်္သေ့ရုပ်ကို တွေ့ရသည်။ ခြင်္သေ့သည် မကောင်းဆိုးရွားနှင့် ရန်သူများ ဝင်မလာနိုင်အောင် အကာအကွယ်ပေးနိုင်သည်ဟု သူတို့ အယူရှိကြသည်။

ထိုအယူကို အစွဲပြုပြီး ဗိုလ်ချုပ်ဝင်းဂိတ်က ကျွန်တော်တို့၏ **စစ်ဆင်ရေးကို "ခြင်္သေ့စစ်ဆင်ရေး" ဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။**





ရွာကလေး၏ အလှမှာ အာရုံဝင်စားရင်း ကျွန်တော်တို့ လျှောက်လာခဲ့သည့် နောက်ပိုင်းကို ပြန်လှည့်ကြည့်မိသည်။ တောင်ကုန်းကလေးပေါ်တွင် တည်ထားသည့် စေတီတစ်ဆူကို သပ္ပာယ်စွာ ဖူးတွေ့ရသည်။ စေတီတည်ထားသည့် ယင်းတောင်ကုန်းသည် ရွာလယ်လော်က်မှာရှိသည်။ စေတီက ထုံးဖြူဖြူ နောက်ခံကားချပ်က စိမ်းညို့နေသည့် တောတန်းကြီး၊ အလွန် ပနံတင့်လှပါသည်။ စေတီ၏မုခ်ဦးတွင် အင်္ဂတေဖြင့် ထုလုပ်ထားသော ခြင်္သေ့ကြီးနှစ်ကောင်က မာန်ပါပါ ထိုင်နေကြသည်။ ဖြူဖွေးသောသွားများပေါ်အောင် မာန်ဖီနေကြသည်။

သည်နေရာသည် လူသားတစ်ယောက်အတွက် အငြိမ်းချမ်းဆုံးသောနေရာ ဖြစ်ပါသည်။ သံသရာဆုံးတိုင် ငြိမ်းချမ်းမည့်နေရာ ဖြစ်ပါသည်။

"ကျုပ်တို့ ရွာကလေးနဲ့ ပတ်သက်ပြီး၊ ကျုပ်တို့အားလုံး သိပ်ကို ဂုဏ်ယူတာပေါ့ဗျာ" ဟု သူကြီးက နှုးညံ့စွာ ပြောသည်။ ကျွန်တော့်စိတ်ထဲမှာ ခံစားနေရသည့် ငြိမ်းချမ်းမှုများကို သူ အလိုလို သိနေပုံရသည်။

"ဒီအရပ်ကို ကျုပ်တို့ လူမျိုးတွေ ပြောင်းလာကြတာ နှစ်ပေါင်းတစ်ရာကျော်ပြီ၊ အခုတော့ ရှမ်းပြည်နယ်ထဲမှာ ကျွန်တော်တို့လည်း အရေးပါ အရာရောက်တဲ့ လူမျိုးစုတစ်ခု ဖြစ်နေပြီလေ"

"သူကြီးတို့ လူမျိုးက ဘယ်က ရွှေ့လာကြတာလဲ" ဟု ကျွန်တော်က ပြန်မေးသည်။ မြန်မာပြည် အရှေ့မြောက်ပိုင်းတွင် သည်မြေ သည်ရေပေါ်ဦးစကတည်းက ဂေါ်ရခါးလူမျိုးများ သည်အရပ်မှာ စတင် အခြေစိုက်ခဲ့ကြသည်ဟု ကျွန်တော် ထင်ထားမိသည်။

"ကျုပ်တို့က နီပေါနိုင်ငံက လာတာပါ။ မြန်မာပြည်မြောက်ပိုင်းမှာ ဂေါ်ရခါးရွာတွေ အများကြီးရှိတယ်။ ဒီဒေသရဲ့ ရာသီဥတုနဲ့ မြေအနေအထားက ကျုပ်တို့ တိုင်းပြည်အတိုင်းပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကျုပ်တို့ တိုင်းပြည်မှာ စစ်မက်အခြေအနေ မကောင်းလို့ ရေကြည်ရာ မြက်နုရာရှာရင်း ကျုပ်တို့ ဒီအရပ်ကို ရောက်လာကြတာပဲ၊ ကျုပ်တို့ လူငယ်တွေဟာ မြန်မာပြည်နဲ့ အာသံပြည်က ဂေါ်ရခါးတပ်တွေမှာဝင်ပြီး စစ်မှုထမ်းကြလေ့ရှိတယ်၊ ကျုပ်ကိုယ်တိုင်လည်း လွန်ခဲ့တဲ့ နှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်လောက်တုန်းက အမှတ် (၄)ဂေါ်ရခါးတပ်ရင်းမှာ တပ်ကြပ်အဖြစ် စစ်မှုထမ်းခဲ့တယ်"

ထိုစကားကို ပြောတော့ ဂုဏ်ယူသည့် လေသံများ ပါနေကြောင်း သိသာလှသည်။ ဆံပင်ဖြူများ ပြည့်နေသည့် ဦးခေါင်းကို မတ်မတ်ထောင်ထားသည်။ ကျွန်တော့်ကိုလည်း ဘဝတူ စစ်သားချင်းဟူသော အကြည့်မျိုးဖြင့် ကြည့်သည်။ သူတာဝန်ထမ်းဆောင်ခဲ့သည့် ဂေါ်ရခါးတပ်ရင်းအတွက်လည်း ဂုဏ်ယူပုံရသည်။

သူကြီးအိမ်သို့ ရွာလယ်လမ်းကလေးအတိုင်း ကျွန်တော်တို့ လျှောက်ခဲ့ကြသည်။ သူကြီးအိမ်ရောက်သောအခါ လှေကားအတက်တွင် ဘုန်းတော်ကြီးက ကျွန်တော့်ကို ဖေးကူပေးထားသည်။ အိမ်ရှေ့ခန်းမှာ ကျွန်တော်တို့ ထိုင်မိကြသည်။ ကျွန်တော်တို့ ရှေ့မှာ ကြေးလင်ပန်းနှင့် ကြေးခွက်များ ချထားသည်။

ကျွန်တော်တို့ ထိုင်မိသည်နှင့် တစ်ပြိုင်တည်း သူကြီးက အိမ်ခန်းထဲသို့ ဝင်သွားသည်။ ခဏကြာတော့ ကနုတ်ကြောင်းများ ဖော်ထားသည့် ဘူးကလေးတစ်ခုကို ယူပြီး သူ ပြန်ထွက်လာသည်။ ဘူးကလေးမှာ စာရွက်စာတမ်းထည့်ရသည့် လက်ကိုင်အိတ် အရွယ်အစားလောက် ရှိသည်။ ကျွန်တော်တို့ ဘေးမှာ လာထိုင်ပြီး ဘူးကလေးကို ဖွင့်ပြသည်။

"ဒီမှာ ကြည့်ပါဦး ဗိုလ်ကြီး"

တံဆိပ်အချို့နှင့် ဂေါ်ရခါးဓားကောက် ထွက်လာသည်။ ဝေလမင်းသား၏ အမှတ်တံဆိပ်ကိုလည်း တွေ့ရသည်။ ဂေါ်ရခါးတပ်ရင်း (၄)၏ အမှတ်တံဆိပ် ဖြစ်ပါသည်။

"မြန်မာပြည်တပ်ထိန်းနဲ့ အာသံပြည် စစ်ပုလိပ်တပ်ရင်းတွေမှာ ကျုပ် စစ်မှုထမ်းခဲ့ဖူးတယ်။ ပထမကမ္ဘာစစ်ကြီးဖြစ်တော့ ဂေါ်ရခါးတပ်ရင်း (၄)ကို ရောက်တယ်။ ဒါပေမယ့် ရှေ့တန်းစစ်မျက်နှာကို ကျုပ်တို့တပ် အရောက်နောက်ကျတာနဲ့ ဘာတိုက်ပွဲမှ မဝင်လိုက်ရတော့ဘဲ အိန္ဒိယပြည်ကို ပြန်လာခဲ့ရတယ်။ အိန္ဒိယပြည်ရောက်တော့ အနောက်မြောက်ရှေ့တန်းစစ်မျက်နှာကို သွားရတယ်။ အာဖဂန်ခံတပ်ကို ဝင်အတိုက်မှာ ကျုပ် ဒဏ်ရာရပြီး (၁၉၂၁)ခုနှစ်မှာ တပ်က ထွက်ခဲ့ရတယ်"ဟု သူက





ရှင်းပြသည်။

ကျွန်တော့်အဖေလည်း ပထမကမ္ဘာစစ်တုန်းက ရှေ့တန်းစစ်မြေပြင်တွင် ဒဏ်ရာပြင်းထန်စွာ ရခဲ့ဖူးကြောင်း သူ့ကို ပြောပြသည်။ သည်ကစပြီး သူနှင့် ကျွန်တော်၏ ရင်းနှီးမှုမှာ ပိုမိုပွင့်လင်းခိုင်မာလာတော့သည်။

ရှမ်းတောင်တန်းပေါ်ရှိ သည်ရွာကလေးမှာ ကျွန်တော် အေးချမ်းလုံခြုံစွာ နေခွင့်ရနေပြီ။ သူကြီးအိမ် အိမ်ရှေ့ခန်းတွင် ကျယ်ကျယ်လွင့်လွင့် နားနေရသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။ သက်သောင့်သက်သာ အနားယူခွင့်ရနေပြီ။ ရွာတွင်းရှိ အမျိုးသမီးများကိုယ်တိုင် ရက်လုပ်ထားသည့် သိုးမွေးစောင်များနှင့် နွေးထွေးစွာ နေရသည်။

အစားအသောက်ကလည်း အချိန်မှန်ရောက်လာမြဲ ဖြစ်သည်။ နံနက်ပိုင်း လက်ဖက်ရည်၊ နေ့လယ်စာထမင်း၊ ညစာထမင်း။ ထမင်းတစ်နပ်နှင့် တစ်နပ်ကြားတွင်လည်း ဖရဲသီး၊ အရသာ ထူးခြားလှသည့် သစ်သီးဝလံအမျိုးမျိုး စသဖြင့် မထပ်ရအောင် ပြုစုကျွေးမွေးနေကြသည်။

သူကြီးအိမ်၏ အိမ်ရှေ့ခန်းမှနေ၍ ရွာကလေးကို အပေါ်စီးမှ စီးမြင်နေရသည်။ သူကြီး၏အိမ်မှာ ရွာလယ်စေတီတည်ထားရာ တောင်ကုန်း၏ အောက်ခြေမှာ ဖြစ်သည်။ အမြင့်ပိုင်းဖြစ်သောကြောင့် မြင်ကွင်းက ကျယ်ပြောပြီး တစ်ရွာလုံး၏ လှုပ်ရှားမှု မှန်သမျှကို ကောင်းစွာ မြင်တွေ့နေရသည်။ သည်တစ်ရွာလုံးကို အုပ်ချုပ်ရသူအနေဖြင့် သည်နေရာမှာ အိမ်ဆောက်ခြင်းသည် အသင့်မြတ်ဆုံး ဖြစ်သည်။

နေ့လယ်ပိုင်းတွင် နေရှိန်ပြင်းလှသော်လည်း သူကြီးအိမ်မှာ အရိပ်ကောင်းလှသဖြင့် အပူသက်သာသည်။ လေပြည်လေညင်းနှင့်အတူ လွင့်မျောပါလာသည့် စေတီမှ ဆည်းလည်းသံကလေးများကလည်း ကြည်နူးဖွယ်ကောင်းလှသည်။

ရွာသူ ရွာသားများ တောင်ယာသို့ အလုပ်သွား၊ အလုပ်ပြန်ကြသည်ကိုလည်း အိမ်ပေါ်မှ စီးမြင်နေရသည်။ ရွာတစ်ဖက်တစ်ချက်ရှိ တောင်စောင်းတွင် တောင်ယာလုပ်နေကြသည့် ရွာသူရွာသားများကိုလည်း လှမ်းမြင်နေရသည်။

အမျိုးသမီးများက ထဘီရင်လျားနှင့် တစ်မျိုး၊ အင်္ကျီဝတ်၍



www.burmeseclassic.com

တစ်သွယ် ရေခပ်သွားကြသည်မှာလည်း ကြည်နူးစရာတစ်မျိုး ကောင်းနေသည်။ သူတို့၏ ဆံပင်များမှာ နက်မှောင်ပြီး ရှည်လျားလှသည်။ ပန်းပန်သည့် ဝါသနာကလည်း အမျိုးသမီးတိုင်းမှာ ရှိသည်။ ဘယ်အမျိုးသမီးကို ကြည့်ကြည့် အလွန်တရာ လှပသည့် သစ်ခွပန်းတစ်မျိုးမျိုးကိုတော့ ပန်လျက်သား မြင်ရမည်ပင်။

ကျွန်တော့်အဖို့ စားပြီးအိပ် အိပ်ပြီးစားနှင့် အစစအရာရာတွင် ငြိမ်းချမ်းလျက်ရှိသည်။ အိပ်ရာမှ နိုးသည့်အချိန်တွင်လည်း ကျွန်တော့်ကို လာစောင့်နေသည့် ဧည့်သည်များကို အမြဲ မြင်တွေ့ရသည်။ ကျွန်တော် တစ်ယောက်တည်း အနေရအထိုင်ရခက်နေမည် စိုးသောကြောင့် သူကြီးက ဧည့်သည်မပြတ်အောင် ဖိတ်ပေးထားခြင်း ဖြစ်သည်။

ဧည့်သည်များသည် လက်ချည်းသက်သက် လာသည်ဟူ၍ မရှိ။ သစ်သီးဝလံမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ ပန်းမျိုးစုံ၊ သားစိမ်းငါးစိမ်း၊ တချို့က ချက်ပြုတ်ကြော်လှော်ပြီး ဟင်းများ၊ ဆန်များ စသဖြင့် လက်ဆောင်ပစ္စည်းများ ကိုယ်စီပါကြသည်။ အမြဲတမ်း ဆိုသလိုပင် ကျွန်တော့်ပတ်လည်တွင် ဧည့်သည်များ ယူလာကြသည့် လက်ဆောင်ပစ္စည်းများ ဝိုင်းဝိုင်းလည်နေတတ်သည်။ အစားအစာသာ မဟုတ်၊ သူတို့ကိုင်တွယ်သုံးစွဲသည့်လှံ၊ ဝါးချွန် စသည်များပါ ပါလာတတ်သည်။

လက်ဆောင်ပစ္စည်းများ ယူမလာရန် တောင်းပန်၍လည်း မရ။ မတတ်သာသည့်အဆုံးတွင် သည်အတိုင်း ထိုင်ကြည့်နေရတော့သည်။ ယင်းတို့အနက် အများစုကို ဘုန်းတော်ကြီးကျောင်းသို့ သူကြီးက ပေးပို့လှူဒါန်းသည်။

ညပိုင်းတွင် ရွာတံခါးကို အလုံပိတ်သည်။ တံခါးမှာ အမြဲတမ်းကင်းစောင့်ခိုင်းထားသည်။ မျှော်စင်တစ်ခု ဆောက်ထားသည်ကိုလည်း မြင်တွေ့ရသည်။ ထို့ကြောင့် ရွာအတွင်းသို့ ရန်သူများ ရုတ်တရက် ဝင်လာမည်ကို မစိုးရိမ်ရ။

ထိုသို့ အခါမလပ် ကင်းစောင့်ခြင်း၊ လုံခြုံရေးအစီအမံများကို အတိအကျပြုလုပ်ထားခြင်းကြောင့် စိတ်အေးနေရသော်လည်း သူကြီးက ကျွန်တော့်ကို စိတ်မချ။ ထို့ကြောင့် ညဘက်များတွင် စေတီအောက်မှ





လိုဏ်ဂူအတွင်းသို့ ပြန်ပို့ထားမြဲဖြစ်သည်။ စေတီအောက်မှ လိုဏ်ဂူသည် ရာခိုင်နှုန်းပြည့် လုံခြုံသည့်နေရာ ဖြစ်ချေသည်။

✧ ✧ ✧

www.burmeseclassic.com

## အခန်း (၅)

## တည်ကြက်များ

တောတွင်းရှိ ဂေါ်ရခါးရွာကလေးမှာ ကျွန်တော် နားနေရင်း ကျွန်တော်တို့တပ် မည်သို့ ချီတက်လာကြောင်း၊ ကျွန်တော် မည်သို့ မည်ပုံ ဒဏ်ရာရခဲ့ကြောင်းများ သူကြီးကို ရှင်းလင်းပြောပြသည်။ ကျွန်တော် ပြောပြသည်များကို နားထောင်ရင်း စစ်သားဟောင်းပီပီ သူကြီးကိုယ်တိုင် စိတ်အားတက်ကြွနေသည်ကို တွေ့ရသည်။ သူကိုယ်တိုင် စစ်သားဟောင်း တစ်ယောက် ဖြစ်သောကြောင့် စစ်ရေးစစ်ရာနှင့် ပတ်သက်ပြီး ကျွန်တော် ပြောပြသည်များကို အလွယ်တကူ သဘောပေါက် နားလည်သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြီး စစ်မျက်နှာများတွင် ဂျပန်နှင့် ရင်ဆိုင်တိုက်ရသည်နှင့် တစ်ပြိုင်တည်း ဂျပန်တို့၏ တိုက်စွမ်းရည်နှင့် ပတ်သက်၍ အမျိုးမျိုး ပြောဆိုလာကြသည်။

ဂျပန်တို့သည် တောတွင်းစစ်ဆင်ရေးတွင် အထူး ကျွမ်းကျင်ကြောင်း၊ မည်သည့် စစ်တပ်ကမျှ ၎င်းတို့ကို မယှဉ်ပြိုင်နိုင်ကြောင်း၊ နိပွန်တပ်မတော်သည် ချေမှုန်းဖျက်ဆီး၍ ရနိုင်ကောင်းသည့် တပ်မတော် မဟုတ်ကြောင်းများ ပြောဆိုနေကြသည်။ ဂျပန်ဘက်ကလည်း ဝါဒဖြန့်မှုများရှိသည်။ စစ်ဖြစ်ပြီဟော့ ဆိုကတည်းက အဘက်ဘက်တွင် ဂျပန်တို့ အသာရခဲ့သည်။ မဟာမိတ်တပ်များ တစ်ရှုံးတည်း ရှုံးခဲ့သည်။ ထို့ကြောင့် ပြောမည်ဆိုလည်း ပြောလောက်စရာ ဖြစ်နေသည်။





ယင်းအစွဲအလမ်းကြီးကို ဖျောက်ဖျက်ပစ်ရန် အတွက် တစ်ခုခုတော့ လုပ်ရတော့မည်။ ထို့ကြောင့် စစ်ဆင်ရေးကြီးတစ်ခု ထူးထူးခြားခြား လုပ်ရန် ဗိုလ်ချုပ်ကြီးဝေဗယ်က ဆုံးဖြတ်ခဲ့သည်။ ဂျပန် သိမ်းပိုက်ထားသည့် မြန်မာပြည်တွင်းသို့ ထိုးဖောက်ဝင်ရောက်ပြီး ထိုးစစ်ကြီးတစ်ခု ပြုလုပ်ရန် ဖြစ်သည်။ အကယ်၍ ယင်းထိုးစစ်ကြီး အောင်မြင်ခဲ့သော် မဟာမိတ်တပ်များအပေါ် ကမ္ဘာက အထင်ကြီးလာမည်။ **ချေမှုန်းမရနိုင်သော တပ်မတော်** ဟူသည်မှာ အစစ်အမှန် မဟုတ်၊ စစ်ရေး ဝါဒဖြန့်မှုအနေဖြင့် ချဲ့ကားထားခြင်းသာ ဖြစ်သည်ဟူသော အမြင်လည်း ပေါ်လာမည်။

ထို့ကြောင့် မြန်မာပြည်မှ ဗြိတိသျှတပ်များ ဆုတ်ခွာပြီး ခြောက်လမျှ မကြာမြင့်သေးမီမှာပင် ကန့်သတ်ထားသော ထိုးစစ်ကြီးတစ်ခု ပြုလုပ်ရန် စီမံကြလေတော့သည်။ မြန်မာပြည်မြောက်ပိုင်း ဒေသများမှ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်း စစ်တွေမြို့အထိ ထိုးစစ်ဆင်ရန် ဖြစ်သည်။

အမေရိကန် ဗိုလ်ချုပ်ကြီး ဖိနိဂါဂျိုးစတီးဝဲလ်က တရုတ်တပ်များနှင့် လက်တွဲပြီး တရုတ်၊ မြန်မာ နယ်စပ်ဘက်က တိုက်ဆင်းလာမည်။ ကျွန်တော်တို့က အိန္ဒိယပြည်ဘက်မှ တိုက်ဝင်သွားရန် ဖြစ်သည်။ ဂျပန်များကို နှစ်ဖက်ညှပ်ပြီး ချေမှုန်းရန် ဖြစ်သည်။ ကျွန်တော်တို့ဘက်က ဗိုလ်မှူးချုပ်ဝင်းဂိတ်က စစ်ဆင်ရေးမှူးကြီးအဖြစ် တာဝန်ယူ ဦးဆောင်သည်။ ဂျပန်တို့၏ ယံတမ်းပုံပြင်များကို ဖျက်ဆီးပစ်ရန် ဖြစ်သည်။

ကျွန်တော်တို့ဘက်က စစ်ဆင်ရေး အစီအမံများ ပြီးပြည့်စုံသလောက် ရှိနေပြီ။ သို့သော်လည်း အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်နှင့် တရုတ်တပ်များက ဘာအရိပ်အယောင်မျှ မပြသေး။ နောက်ဆုံးတွင်မူ ဗိုလ်မှူးချုပ်ဝင်းဂိတ် ဦးဆောင်သည့် လျှပ်တစ်ပြက် ထိုးစစ်ကိုသာ မဖြစ်မနေပြုလုပ်တော့ရန် ဗိုလ်ချုပ်ကြီးဝေဗယ်က ဆုံးဖြတ်လိုက်လေတော့သည်။

ထိုသို့ မဆုံးဖြတ်လျှင်လည်း မဖြစ်တော့။ စစ်ရေးအရ အားလုံး စိတ်ဓာတ်ကျသွားနိုင်သည်။ ဗြိတိသျှစစ်သားများသည် သူရသတ္တိနှင့် ပြည့်စုံကြောင်း၊ တစ်နည်းအားဖြင့် ဂျပန်တို့ထက်ပင် ပိုမို ရဲစွမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြရတော့မည့်အချိန် ဖြစ်လာသည်။ နောက်တစ်ကြောင်းကလည်း ဂျပန်က အင်အားကြီးဖြင့် အိန္ဒိယပြည်တွင်းသို့ ထိုးစစ်ဆင်ရန် စီမံနေပြီ။ ထိုအစီအမံကို အာရုံမစိုက်နိုင်ဘဲ သူတို့၏ ရှေ့တန်းစစ်ကြောင်းအတွင်းဘက်သို့ ဝင်လာသည့် ရန်သူတပ်များကြောင့် အာရုံထွေပြားသွားရမည်။ ပြီးတော့ အိန္ဒိယပြည်ကို ထိုးစစ်ကြီးဆင်မည့် အစီအမံလည်း ပျက်ပြားရမည်။

ထိုသို့ အချိန်ဆွဲထားနေခိုက်တွင် ဗြိတိသျှတပ်များက အင်အားပြည့်စုံအောင်၊ လက်နက်လုံလောက်အောင်၊ လုံလောက်သည့် လေ့ကျင့်မှုများ ပြုလုပ်နိုင်အောင် အပတ်တကုတ် ကြိုးစားကြရမည်။

စောစောပိုင်း ကျွန်တော်တို့ကိုပေးသည့် အမိန့်မှာ ရန်သူ့ထိုးစစ်ကို အချိန်ဆွဲထားနိုင်အောင် တန်ပြန်ထိုးစစ်ဆင်ရေး ဖြစ်သည်။

ကျွန်တော်တို့၏ စစ်ဆင်ရေး အစီအမံများ အားလုံးကို ဗိုလ်မှူးချုပ်ဝင်းဂိတ်ကိုယ်တိုင် ရေးဆွဲပြုလုပ်သည်။ ထိုးစစ်ဆင်မည့်တပ်များကို **ခြသေ့်တပ်**ဟု သူကပင် ကင်ပွန်းတပ်ခဲ့သည်။ ခြသေ့် ဟူသည်မှာ မကောင်းဆိုးဝါးများကို မောင်းထုတ်နိုင်ကြောင်း၊ ဘေးရန်အန္တရာယ်များကို ဟန့်တားနိုင်ကြောင်း၊ မြန်မာလူမျိုးများက အယူအစွဲရှိကြသည်။ **ထို့ကြောင့်လည်း** ဤအမည်ကို ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

ခြသေ့်တပ်များသည် ဂျပန်၏ ရှေ့တန်းစစ်ကြောင်း အနောက်ဘက်သို့ နက်ရှိုင်းစွာ ထိုးဖောက် ဝင်ရောက်သွားရမည်။ ဂျပန်သိမ်းပိုက်ထားသည့် နယ်မြေအတွင်းမှာ ရှုန်းရင်းဆန်ခတ်ဖြစ်ကုန်အောင် မွှေနှောက် တိုက်ခိုက်ရမည်။ ကျွန်တော်တို့မှာ နောက်ပိုင်း ဌာနချုပ်နှင့် ဆက်သွယ်ရေးလမ်းကြောင်း မရှိ။ ဝိုင်ယာလက်ဖြင့်သာ အဆက်အသွယ် ယူရမည်။ ရိက္ခာ၊ ဆေးဝါး၊ လက်နက်ခဲယမ်းမီးကျောက်နှင့် လိုအပ်သမျှများကို လေယာဉ်ပျံဖြင့်သာ လာရောက်ချပေးမည်။

ခြသေ့်တပ်များမှာ အင်အား(၃၀၀၀)ပါဝင်သည်။ ဘုရင့်တပ်တော်မှ တပ်ရင်း (၁၃)၊ ဂေါ်ရခါးရိုင်ဖယ်တပ်၊ အမှတ် (၂) ဘားမားရိုင်ဖယ်စသည့်တပ်များမှ လက်ရွေးစင်လူ (၃၀၀၀)ကို ရွေးထုတ်သည်။ ခြသေ့်တပ်မဟာကို စစ်ကြောင်းကြီး (၇)ကြောင်းခွဲသည်။ စစ်ကြောင်းတစ်





ကြောင်း၏ စစ်ကြောင်းမှူးသည် ဗိုလ်မှူး ဖြစ်ရမည်။ သူ့လက်အောက်တွင် အရာရှိရှစ်ဦးနှင့်အခြားအဆင့် (၂၅၀)ပါဝင်ရမည်။ လားနှင့် မြင်းအကောင်(၅၀)စီလည်း ပါရမည်။ စစ်ကြောင်းများကို အမှတ် (၁)မှ (၈) အထိ အမှတ်စဉ်ထိုးထားသည်။ သို့သော်လည်း အမှတ် (၆)စစ်ကြောင်း ဟူ၍ကား မရှိချေ။

ဗိုလ်မှူးချုပ်ဝင်းဂိတ်က သူဖွဲ့စည်းပေးထားသည့် စစ်ကြောင်းခုနစ်ကြောင်းဖြင့် ဂျပန်၏ ရှေ့တန်းစစ်မျက်နှာကို ထိုးဖောက်ပြီး အတွင်းသို့ နက်နိုင်သမျှ နက်အောင် ဝင်မည်။ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းမှ ဗြိတိသျှတိုက်ကင်းများ လှည့်လည်နေနိုင်သော်လည်း အရှေ့ဘက်ကမ်းမှာမူ ဂျပန်တပ်များချည်း ဖြစ်သည်။

သူတို့ သိမ်းပိုက်ရာနယ်မြေအတွင်း အတတ်နိုင်ဆုံး လျှို့ဝှက်လှုပ်ရှားမည်။ နောက်ပိုင်း စစ်ဌာနချုပ်နှင့် အဆက်အသွယ်ကို အားကောင်းသည့် ဝါယာလက်စက်များနှင့်သာ ရအောင်ယူမည်။ အကူအညီမှန်သမျှကို လေယာဉ်ဖြင့်သာ ချပေးရမည်။ ဂျပန်၏ နောက်ပိုင်းသို့ ဝင်ပြီး သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်ရမည်။ တံတား၊ မီးရထားစသည်များကို ဖောက်ခွဲဖျက်ဆီးပစ်ရမည်။ ဂျပန် ရိက္ခာကားတန်းများ၊ စစ်ကူကားတန်းများ၊ တိုက်ကင်းများ၊ တပ်အရွှေ့အပြောင်းများကို အစွမ်းကုန် ဖြတ်တောက်တိုက်ခိုက်ရမည်။

စစ်ကြောင်းတိုင်းမှာ ပါဝင်ဖွဲ့စည်းထားသည့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားတိုင်းသည် တိုက်စွမ်းရည်အပြည့် ရှိရမည်။ သယ်ဆောင်ဖွယ်ရှိသမျှကို လူအား၊ လား၊ သို့မဟုတ် မြင်းအားဖြင့်သာ သယ်ဆောင်ရမည်။ အခြားယာဉ်အား လုံးဝ မရှိ။

"ကျွန်တော်တို့ လားတွေ့ရဲ့ ပါးစပ်ထဲက သွားကိုတောင် မြနေအောင် ချွန်ပေးရတော့မယ့်အတိုင်းပဲ"ဟု ခြသေ့်တပ်သို့ ကျွန်တော်ရောက်လာစဉ်က ခြသေ့်တပ်သားတစ်ယောက်က ပြောဖူးသည်။ ဖြစ်နိုင်လျှင် လားနှင့် မြင်းကိုတောင် စစ်ကူတိုက်ခိုင်းမည့်သဘော ဖြစ်သည်။

**ချေမှုန်းသုတ်သင်ရေးတပ်ဖွဲ့**ဟု ဝင်းဂိတ်က အမည်ပေးထားသော စစ်ကြောင်းငါးကြောင်းသည် ချင်းတွင်းမြစ်ကို လျှို့ဝှက်ဖြတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



မည်။ သူတို့၏ ရည်မှန်းချက်များသို့ ရောက်သည်အထိ လျှို့ဝှက်ထားမည်။ ရုတ်တရက် အတိုက်ခိုက် အချောမှုန်းခံရသော အချိန်မှ ဂျပန်များ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်စေရန် ရည်ရွယ်သည်။

ဤ စစ်ကြောင်းနှစ်ကြောင်းကမူ ထိုသို့မဟုတ်။ ချင်းတွင်းမြစ်ကို တောင်ဘက်နားခပ်ကျကျမှ ဖြတ်မည်။ လျှို့ဝှက်မှုကို တင်းတင်းကျပ်ကျပ် မြှုလုပ်ရန် မလို။ ယင်း စစ်ကြောင်းနှစ်ကြောင်းကို ဂျပန်များ အာရုံစိုက်လာရန် လိုသည်။ ရန်သူကို စစ်မြူပေးသည့် တည်ကြက် များအဖြစ် တာဝန်ထမ်းဆောင်ရမည်။ ယင်းသို့ စစ်မြူပေးထားမှသာလျှင် ရန်သူများကို ချေမှုန်းသုတ်သင်ရေးတပ်ဖွဲ့တို့က ထင်သလို ခြယ်လှယ်နိုင်မည်ဖြစ်သည်။

ကျွန်တော်၏ တာဝန်မှာ အမှတ် (၂)စစ်ကြောင်း၏ အကူတပ်စုမှူးဖြစ်သည်။ အမှတ် (၁)နှင့် အမှတ်(၂)စစ်ကြောင်းတို့သည် စစ်မြူပေးရမည့် တည်ကြက် စစ်ကြောင်းများ ဖြစ်သည်။ ကျွန်တော်တို့အားလုံးမှာ ယုံကြည်မှု အပြည့်အဝ ရှိနေသည်။ တောတွင်းစစ်ဆင်ရေး၌ သူမတူအောင် ကျွမ်းကျင်သူ၊ စစ်ရေးစစ်ရာတွင် မည်သူမျှ မနိုင်းယှဉ်သာသူဟု ဂျပန်များ ကြွားလုံးထုတ်ထားသည်ကို ကျွန်တော်တို့က ချေဖျက်ကြရမည်။

ယခု ပြန်စဉ်းစားကြည့်တော့ လွယ်ကူသည့် အလုပ်ကား မဟုတ်။ ခြသေ့်တပ်အတွင်း ပါဝင်ဖွဲ့စည်းထားသူများမှာ ပထမတန်းစား စစ်သားများမဟုတ်။ ဒုတိယတန်းစားများသာ ဖြစ်သည်။ လေ့ကျင့်မှုလည်း ကောင်းကောင်းမရှိ။ မြို့ပေါ်မွေး မြို့ပေါ်ကြီး ပေါ်ကြော့တွေက များသည်။ အသက်ပိုင်းအရလည်း ပျမ်းမျှအသက်က (၃၀)ဖြစ်နေသည်။ အိမ်ထောင်သည်အများစုနှင့် အပျော်တမ်းတပ်ဖွဲ့များကို စုဆောင်းဖွဲ့စည်းထားသည်။ အင်္ဂလန်တွင် နောက်ချန်တပ်များ၏ ရုံးတာဝန်ယူခဲ့ကြရသူတွေဖြစ်သည်။

သည်လို လူမျိုးတွေနှင့် ခြသေ့်တပ်ကို ဝင်းဂိတ်က ဖွဲ့စည်းထားသည်။ အိန္ဒိယပြည်အလယ်ပိုင်းရှိ ရာသီဥတုအလွန် ဆိုးရွားလှသော တောနက်နက်ကြီးထဲတွင် အပြင်းအထန် လေ့ကျင့်စေသည်။ မနားမနေ





မောင်းခဲ့သည်။

"တောတွင်းစစ်ဆင်ရေးဆိုတာ လျင်မြန်ဖို့လိုတယ်၊ ကိုယ့်အားကိုယ်ကိုးဖို့ လိုတယ်၊ တပ်စုတပ်ဖွဲ့လိုက် တိုက်နေရတာမဟုတ်ဘူး၊ တစ်ဦးချင်းရဲ့ တိုက်စွမ်းရည် ထက်မြက်နေဖို့ လိုတယ် စစ်သားတစ်ယောက်ရဲ့ အသက်ဟာ သူ့အပေါ်မှာပဲ ရာခိုင်နှုန်းအပြည့် တည်နေတယ်။စစ်သားတစ်ယောက်ဟာ ရန်သူနဲ့ ချက်ချင်းရင်ဆိုင်ပြီး တိုက်ရမယ်၊ ဘယ်သူကမှ သူ့ကို မကူနိုင်ဘူး၊ ဒါကြောင့် ပိုတော်တဲ့လူက အောင်ပွဲခံလိမ့်မယ်။ မင်းတို့တစ်တွေဟာ ပိုတော်တဲ့လူတွေ ဖြစ်တယ်" ဟူသော စကားများကို ကျွန်တော်တို့ ကြားရသည်။

ဗြိတိသျှများသည် မလေးရှား၊ စင်္ကာပူနှင့် မြန်မာပြည်စစ်မြေပြင်များမှာ ခွက်ခွက်လန်အောင် ရှုံးခဲ့သည်။ သည်လို ရှုံးနိမ့်ခဲ့သည်မှာလည်း လပိုင်းကလေးမျှသာ ရှိသေးသည်။ သူတို့နှင့် နှိုင်းစာလျှင် ကျွန်တော်တို့က ပိုတော်တဲ့လူတွေ ဖြစ်နိုင်နေသည်။

ကျွန်တော့်ဇာတ်လမ်းသည် အိန္ဒိယပြည်အလယ်အပိုင်း တောတွင်းတစ်နေရာရှိ ခြသေ့်တပ်များ အပြင်းအထန်လေ့ကျင့်ရာ ဂျန်စီတပ်မြို့ကလေးမှ စပါသည်။

အလွန်တရာပူပြင်းလှသည့် တစ်ညနေခင်းတွင် အဆိုပါ တပ်မြို့ကလေးသို့ ကျွန်တော် ရောက်သွားပါသည်။ ထိုတပ်မြို့မှာ ခြေချလိုက်မိသည်နှင့် တစ်ပြိုင်တည်း ပတ်ဝန်းကျင်ကို ကြည့်ပြီး ကိုယ့်ဘဝကိုယ် သဘောပေါက်လိုက်ပါသည်။

ကျွန်တော်သည် ဗိုလ်သင်တန်းဆင်းခါစ စစ်ဗိုလ်အသစ်ကျပ်ချွတ်။ ခြသေ့်တပ်များ ဓမ္မပူရသို့ လေ့ကျင့်ရေး ဆက်ကြရမည့် ဆဲဆဲမှာ ကျွန်တော် ရောက်သွားသည်။ ဓမ္မပူရသည် အာသံ-မြန်မာ နယ်ခြားပေါ်မှာ တည်ရှိသည်။ ထိုမြို့မှနေ၍ အရှေ့ဘက်သို့ ကျွန်တော်တို့ အပြင်းအထန် ချီတက်ကြရမည်။

အမှတ် (၁) စစ်အုပ်စု၏ တပ်ရေးဗိုလ်ကြီးဘတ်ဝှစ်တယ်လ်သည် စောင်တစ်ထည်ကို စားပွဲခင်းလုပ်ထားသည့် စားပွဲနောက်မှာ ထိုင်နေသည်။ သူ့ရှက်ထည်တထည်မှာ ပုလောင်နေသည်။ မီးဖိုပေါ်က ဒယ်အိုးထဲ ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ရှိနေသည်။

ကျွန်တော် ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းပို့လိုက်သည်။ တပ်ရေးဗိုလ်ကြီး၏ တစ်မျက်နှာလုံး၊ တစ်ကိုယ်လုံးမှာ ချွေးများ ရွှဲရွှဲစိုနေသည်။ ကိုယ်ပေါ်မှ ချွေးများက ရေပေါက်များလို တစ်စက်စက် စီးကျနေသည်။ သူ့ချိုင်းကြားမှလည်း အဆက်မပြတ် ယိုစီးနေသည်။ ရင်ဘတ်ပေါ်တွင်လည်း အိုင်ထွန်းနေသည်။ သူ့ရှေ့မှာ သက်သာအနေအထားဖြင့် ကျွန်တော် ရပ်နေသည်။ တပ်ရေးဗိုလ်ကြီးက သူ့လက်ချောင်းကလေးများမှာ သီးနေသည့် ချွေးသီးချွေးပေါက်များကို စားပွဲခင်းလုပ်ထားသော စောင်နှင့် သုတ်လိုက်သည်။ ပြီးတော့မှ ကျွန်တော့်နာမည်ကို ပုံစံစာရွက်တွင် စာလုံးကြီးဖြင့် ရေးဖို့ ကြိုးစားသည်။

*ဇန်နဝါရီ (၇)၊ (၁၉၄၃)* ဟူသော ရက်စွဲကို သူထိုးလိုက်သည်။ သူ့နဖူးပေါ်မှ ချွေးစက်က ထိုစာလုံးများပေါ်သို့ တည့်တည့် ကျသွားသည်။ စောင်အစွန်းနှင့် သုတ်လိုက်သည်။ ရေးထားသည့် ရက်စွဲများ ပျက်သွားသည်။ ထို့ကြောင့် မူလရေးထားသည့် ဘေးတစ်နေရာမှာ အသစ်ပြန်ရေးရပြန်သည်။

**ရာထူး. . .** *ဒုတိယဗိုလ်* သူက ရွတ်ဆိုနေသည်။ သူ့ကိုယ်သူ ပြန်ပြောနေသည့် ပုံမျိုး ဖြစ်သည်။ ပြီးတော့ ပုံစံစာရွက်မှာ သူဖြည့်ရေးနေသည်။

***တပ်ရင်း. . . အမှတ် (၈) ဂေါ်ရခါးတပ်ရင်း၊*** တစ်ဆက်တည်း ကျွန်တော့်ကို မော့ကြည့်သည်။

"ပြန်တမ်းဝင်အရာရှိဖြစ်တဲ့နေ့"

"(၁၉၄၂)ခု၊ အောက်တိုဘာလ (၄)ရက်နေ့ ဗိုလ်ကြီး" ကျွန်တော်က ပြန်ဖြေသည်။

"အသက်"

" ၁၉ - နှစ် ဗိုလ်ကြီး"

"အကျိုးခံစားခွင့် ဆက်ခံမယ့် လူ"

"**အဖေပါ ဗိုလ်ကြီး**"

ထိုသို့ ရေးဖြည့်နေသည့် ကြားထဲတွင် သူ့နဖူးနှင့် မျက်နှာမှ ချွေး





များကို မကြာခဏ သုတ်ပစ်နေရသည်။ မင်များ မပြန့်စေရန်နှင့် ချွေးများ မစိုစေရန်လည်း မင်စုပ်စက္ကူနှင့် တို့နေရသည်။

"ကောင်းပြီ၊ အမှတ် (၂) စစ်ကြောင်းကို သတင်းသွားပို့ပါ၊ စစ်ကြောင်းမှူးက ဗိုလ်မှူးကြီးအင်းမက်၊ မင်း တိုက်ရိုက်သွားပြီး ချက်ချင်း သတင်းပို့ပါ။ အချိန် သိပ်မရှိဘူး"

နောက်သို့ တစ်လှမ်းဆုတ်ပြီး ကျွန်တော် အလေးပြုလိုက်သည်။ အလွန် ကြီးမားသည့် စွန့်စားခန်းကြီး စပါပြီ။

ဗိုလ်မှူးအာသာအင်းမက်သည် စစ်မဖြစ်မီတုန်းက ဘင်္ဂါပြည်နယ်မြောက်ပိုင်းတွင် လက်ဖက်ခြံစိုက်သည့်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ကြင်နာတတ်သူ ဖြစ်ပုံရသည်။ အေးချမ်းစွာ ပြုံးနေတတ်ပြီး ဘာကိုမဆို ခေါင်းအေးအေးထား အလုပ်လုပ်တတ်သူမျိုး ဖြစ်သည်။

စစ်ကြောင်းကြီး၏ အကူတပ်စုတွင် တပ်စုမှူးအဖြစ် ကျွန်တော် တာဝန်ယူရမည်ဖြစ်ကြောင်း သူက ပြောသည်။ ထိုမှတစ်ပါး အခြား ကျွန်တော် ဘာမှ နားမလည်။ ဗိုလ်သင်တန်းတုန်းက ယင်း သင်ခန်းစာများ ကျော်လွှားသွားပုံရသည်။

မည်သို့ဆိုစေ ကျွန်တော်ကိုင်ရသည့် အကူတပ်စုမှ ဂေါ်ရခါး ရဲဘော်များနှင့် တွေ့သောအခါ အစစအရာရာ အဆင်ပြေသွားတော့သည်။ တပ်စုတပ်ကြပ်ကြီး ကားလ်ဗဟာဒူးသာပသည် အတွေ့အကြုံရင့်ကျက်သော ဂေါ်ရခါး စစ်သားကောင်းတစ်ယောက် ဖြစ်သည်။ ဗိုလ်သင်တန်းမှ ဆင်းလာခါစ မနှးမနပ် အရာရှိပေါက်စကလေးများကို စိတ်ရှည်လက်ရှည် ဆက်ဆံပြီး ပွဲခေါ်သွားတတ်သူ ဖြစ်သည်။ သူ၏ ရိုင်းပင်းကူညီမှုကြောင့် ရက်အနည်းငယ်အတွင်း လိုအပ်သော ပညာများ ကျွန်တော် အထိုက်အလျောက် ပြည့်စုံသွားတော့သည်။

"အချိန် သိပ်မရှိဘူး"ဟု တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးဘတ်ဝှစ် တယ်လ် ပြောလိုက်သည်မှာ မှန်ပါသည်။ အမှတ် (၂) စစ်ကြောင်းသို့ ကျွန်တော် သတင်းပို့ပြီး သုံးရက်အကြာတွင် စစ်ကြောင်းမှူးက စစ်ကြောင်းရုံးသို့ အရာရှိအားလုံးကို ဆင့်ခေါ်လိုက်သည်။ ပြီးတော့ တည်ငြိမ်လေးနက်စွာ သူက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ည (၀၂၀၀)နာရီမှာ တို့စတင်ချီတက်မယ်။ အစစချောမောရင် ဓမ္မပူရကိုရောက်အောင် ရထားနဲ့ သုံးလေးရက်သွားရမယ်။ ဓမ္မပူရကနေ တစ်ဆင့် မိုင်(၁၅၀)ဝေးတဲ့ အင်ဖာမြို့ကို တောတွင်းကဖြတ်ပြီး ချီတက်ရမယ်။ ဟိုရောက်ရင် တစ်ပတ် အနားယူခွင့်ပေးမယ်"

ဓမ္မပူရနှင့် အင်ဖာသည် ဗိုလ်မှူးအင်းမက်ပြောသလို မိုင် (၁၅၀) မဝေးပါ။ (၁၄၃)မိုင်သာ ဝေးပါသည်။ (၁၉၄၃)ခုနှစ်၊ ဇန်နဝါရီလ (၂၈) နေ့တွင် အင်ဖာမြို့သို့ ကျွန်တော်တို့ ဆိုက်ရောက်ခဲ့ကြသည်။

အဆိုပါ ဓမ္မပူရအင်ဖာသို့ ညဦးပိုင်းမှာပင် ကျွန်တော်တို့ ချီတက်ကြသည်။ ဓမ္မပူရ မော်တော်ကားလမ်းပေါ်တွင် ဆက်သွယ်ရေးတပ်များက ဥဒဟိုသွားနေကြသည်။ ရိက္ခာပို့ခြင်း၊ စစ်ကူပို့ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်ပို့ခြင်းဖြင့် ပျားပန်းခပ်ဖြစ်နေသည်။ ထို့ကြောင့်လည်း သတင်းမပေါက်ကြားရေးနှင့် လုံခြုံရေးအတွက် နေ့အခါများတွင် မော်တော်ကားလမ်းနှင့် ဝေးရာ တောတွင်းမှာသာ ပုန်းအောင်းနေရသည်။

တောင်ဆင်း တောင်တက်များကိုလည်း ကျွန်တော်တို့ ဖြတ်ကျော်ချီတက်ခဲ့ရသည်။ အချို့တောင်တန်းများမှာ ပေပေါင်း(၅၀၀၀)ကျော်အထိမြင့်သည်ကို တွေ့ရသည်။ ညအချိန်တွင် ရာသီဥတုက အေးလွန်းလှသော်လည်း အတွေ့အကြုံသစ်မို့ စိတ်ဓာတ်တက်ကြွနေကြသည်။

အာသံတောင်ကြောပေါ်ရှိ မဏိပူရနယ်၏ မြို့တော်ဖြစ်သော အင်ဖာမြို့သို့ ကျွန်တော်တို့ ရောက်ကြပြီ။ သို့သော်လည်း မနားနိုင်။ အိန္ဒိယပြည်အလယ်ပိုင်းမှာ လေ့ကျင့်ခဲ့ရသည့် တောတွင်းလေ့ကျင့်ခန်းများကို အပြင်းအထန် ပြုလုပ်ကြရပြန်သည်။

ကျွန်တော်တို့ရောက်သည့် ဇန်နဝါရီလ (၂၈)ရက်နေ့ညမှာပင် ဝါးလုံးတဲတစ်လုံးကို ကျွန်တော် ဆောက်သည်။ သင်တန်းတွင် သင်ကြားခဲ့ရသည့်အတိုင်း ဆောက်လုပ်ခြင်းဖြစ်သည်။ သို့သော်လည်း မိုးခပ်သည်းသည်း ရွာချလာသောအခါ အမိုးလုပ်ထားသည့် ဝါးရွက်များကြားမှ မိုးရေများ တစိမ့်စိမ့် ယိုကျနေတော့သည်။ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါ။ ကျွန်တော့်ပတ်ပတ်လည်မှာ ရှိနေကြသည့် မြို့ကြီးသား လူပေါ်ကြော အင်္ဂလိပ်စစ်ဗိုလ်အားလုံး၏ တဲများမှာလည်း ကျွန်တော့်တဲနည်းတူ





မိုးယိုနေသည်ကို တွေ့ရသည်။ ဂေါ်ရခါးစစ်သားများ ဆောက်လုပ်ထားသည့် တဲများသာလျှင် လုံလုံခြုံခြုံ ရှိသည်။

မိုးကသည်းပြီး၊ မိုးရေများ အဖွဲဖွဲယိုနေသော်လည်း ကျွန်တော်တို့ တပ်မဟာကြီးတစ်ခုလုံး စိတ်ဓာတ် အလွန်တရာ တက်ကြွနေကြသည်ကို တွေ့ရသည်။ သည်နေရာကိုရောက်တော့ အိမ်ကို ပြန်လွမ်းမိသည်။ စစ်ရေးတာဝန် ထမ်းဆောင်နေရပြီမို့ အိမ်ကို ကြာကြာ မလွမ်းနိုင်ပါ။

ကျွန်တော်တို့ စစ်ဆင်ရေးစရမည့် "ယ,ရက်" သည် မနက်ဖြန်ပင် ဖြစ်ကြောင်း အမိန့်ရောက်လာသည်။ အင်ဖာရောက်လျှင် ရက်သတ္တပတ်တစ်ပတ် အနားပေးမည်ဆိုသော စကားမှာ အလိုလို ပျက်ပြယ်သွားတော့သည်။ မနက်ဖြန်မှာပင် ဂျပန်များ သိမ်းပိုက်ထားသည့် မြန်မာပြည်တွင်းရှိ တောနက်နက်များအတွင်းသို့ ကျွန်တော်တို့ ထိုးဖောက်ချီတက်ကြရတော့မည်။

"အရာရှိများ ခင်ဗျားတို့ရဲ့ အမှတ် (၁)နဲ့ အမှတ် (၂)စစ်ကြောင်းဟာ ရန်သူကို စစ်မြူပေးရမယ့် တည်ကြက်တွေ ဖြစ်တယ်"ဟု စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးချုပ်ဝင်းဂိတ်က ကျွန်တော်တို့ကို ပြောခဲ့သည်။ ကျွန်တော်တို့သည် ချင်းတွင်းမြစ်ကို ဖြတ်ကျော်ပြီး ချပ်သင်းမြို့လေး အနီးမှာ လှုပ်ရှားရမည်။ ကျွန်တော်တို့ကို ရန်သူများ အာရုံစိုက်လာအောင် စစ်မြူပေးရမည်။ သို့မှသာ မြောက်ဖျားဒေသမှာ လှုပ်ရှားမည့် ချေမှုန်းသုတ်သင်ရေးတပ်ဖွဲ့များကို ရန်သူတို့ သတိမပြုမိဘဲ ရှိမည်။ သည်အစီအစဉ်များ ရေးဆွဲထားခြင်းကို ကျွန်တော်တို့ သိပြီးဖြစ်ကြောင်း၊ လက်ခံပြီးလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဗေဒင်က တစ်စုံတစ်ရာ မတက်ဘဲ စီမံချက်အတိုင်း ယုံယုံကြည်ကြည် ဆောင်ရွက်ကြစေလိုကြောင်း ဝင်းဂိတ်က ပြောသည်။

တောတွင်းစစ်ဆင်ရေးနှင့် ပတ်သက်ပြီး ကျွန်တော်တို့မှာ ဘာအတွေ့အကြုံမှ မရှိ။ အသစ်အဆန်းဖြစ်နေသည်။ (၁၉၄၂)ခုနှစ် မြန်မာပြည်တွင်းမှ ဆုတ်ခွာစဉ်က အတွေ့အကြုံ အနည်းငယ်ရှိခဲ့ဖူးသည်ကိုသာ လက်ညှိုးထိုးပြရန် ရှိသည်။ ဘာပဲဖြစ်ဖြစ် စွန့်စားမှုတစ်ခုအဖြစ် ကျွန်တော်တို့ မှတ်ယူလိုက်ကြပါသည်။

နောက်ပိုင်းမှာ ကျန်ခဲ့သည့် စစ်ဌာနချုပ်နှင့် ကျွန်တော်တို့ကြား



www.burmeseclassic.com

www.burmeseclassic.com



တွင် ထောက်ပံ့ရေးလမ်းကြောင်းမရှိ၊ လိုသည့် အကူအညီကို ဝိုင်ယာလက်စက်ဖြင့် တောင်းရမည်။ လိုအပ်သည်များကို လေယာဉ်ပေါ်မှ ချပေးမည်။ ကျွန်တော်တို့အနေဖြင့် ရန်သူများကို တစ်တိုက်တည်း တိုက်နေဖို့သာ လိုသည်။ မည်သို့ဆိုစေ စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးချုပ်ဝင်းဂိတ်ကို ကျွန်တော်တို့ အကြွင်းမဲ့ ယုံကြည်ကိုးစားကြပါသည်။

တကယ် လက်တွေ့ကြုံရပြီဆိုတော့မှ ကိုယ့်တပ်အကြောင်း ကိုယ်သိတော့သည်။ လူပေါ်ကြော့တွေနှင့် ဖွဲ့စည်းထားသော တပ်၊ တောတွင်းစစ်ဆင်ရေး အတွေ့အကြုံမရှိသော တပ်၊ သည်လိုတပ်မျိုးကို မှန်ကန်သော လက်နက်တပ်ဆင်မှုနှင့် မှန်ကန်သော ဦးဆောင်မှုများရအောင် ဝင်းဂိတ်က မဖြစ်မနေ ပြုလုပ်ခဲ့သည်။ သည်လို တပ်မျိုးဖြင့် တိုးမပေါက်အောင် နက်လှသော မြန်မာပြည်တောနက်ကြီးအတွင်းမှ ရန်သူဂျပန်များကို ကျွန်တော်တို့ တိုက်ခိုက်ကြရတော့မည်။

ထိုညက မိုးသည်းသည်းကြီး ရွာနေသည်။ ကျွန်တော်တို့ အားလုံး အနက် စိတ်ဓာတ်ရေးရာအရ အမြင့်မားဆုံးမှာ မြန်မာနှင့် ဂေါ်ရခါး တပ်ဖွဲ့များ ဖြစ်သည်။ သူတို့ တပ်ဖွဲ့များမှာ ရယ်မောသံများ ဖုံးလွှမ်းနေသည်။ ဂျပန်များနှင့်တွေ့လျှင် မည်နည်းမည်ပုံ တိုက်ခိုက်မည့်အကြောင်းများကို ရွှန်းရွှန်းဝေအောင် ပြောဆိုနေကြသည်။

ယင်းသို့ အလွန်တရာ စိတ်ဓာတ်တက်ကြွနေသည့် ဂေါ်ရခါး တပ်စုကို ကျွန်တော် ကိုင်တွယ်ဖို့ အမိန့်ရပြီး ဖြစ်သည်။ ခဏကလေး ပေါင်းသင်းကြည့်ရုံဖြင့် ချက်ချင်း သိသွားသည်။ သူတို့ မျိုးရိုးကိုက စစ်သားမျိုးရိုး ဖြစ်သည်။ လူလားမြောက်သည်နှင့် တစ်ပြိုင်တည်း စစ်မှုထမ်းကြသည်။ ဗိတိုရိယ သူရဲကောင်းအဲ့ကိုလည်း သူတို့ တန်ဖိုးထားကြသည်။ မျှော်မှန်းချက်ထားကြသည်။

**သူရဲဘောကြောင်သူ အဖြစ် အသက်ရှင်နေရခြင်းထက်၊ သေရတာ မြတ်တယ်** ဟူသည်မှာ သူတို့၏ လက်သုံးစကားပုံ ဖြစ်ကြောင်း ကျွန်တော့် အကူရဲဘော်ကားလ်ဗဟာဒူးသာပက ပြောပြသည်။ ကားလ်ဗဟာဒူးသာပ သည်လည်း သူတို့မျိုးရိုးအလိုက် သူရသတ္တိနှင့် ပြည့်စုံသူ ဖြစ်သည်။

ကျွန်တော်တို့ တပ်မဟာကြီး တစ်ခုလုံးရှိ စစ်သား (၃၀၀၀)ခန့်၏





တာဝန်သည် ရန်သူနယ်မြေအတွင်းသို့ ဝင်ရောက်ပြီး မီးရထားလမ်းများကို ဖျက်ရမည်။ တံတားမှန်သမျှတို့ကို ဖောက်ခွဲရမည်။ မော်တော်ယာဉ်တန်းများနှင့် တိုက်ကင်းများကို ချုံခိုတိုက်ရမည်။ ရန်သူစစ်စခန်းများကို အလစ်ဝင်စီးရမည်။ ရန်သူအင်အားနှင့် နှိုင်းယှဉ်လျှင် ဆယ်ယောက်ကို တစ်ယောက်နှုန်းလောက် ကျွန်တော်တို့က နည်းနေသည်။ သို့သော်လည်း ကျွန်တော်တို့ မမှုပါ။ ကျွန်တော်တို့ အောင်ပွဲခံရလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ထားကြသည်။

ထိုအချိန်က ရန်သူနှင့် ကျွန်တော်တို့ ရင်ဆိုင်တိုက်နေရသည့် ရှေ့တန်းစစ်မျက်နှာ၏ စစ်မြေပြင်မှာ အလျားမိုင် (၁၀၀၀)လောက် ရှိနေသည်။ ဟိုဘက် သည်ဘက် တပ်စွဲပြီး ကိုယ့်နယ်မြေကိုယ် အခြေခံကာ တိုက်ခိုက်နေရသည့် ပုံမှန်စစ်ပွဲမျိုး ဖြစ်သည်။ ယင်း စစ်ပွဲပုံသဏ္ဌာန်ကို ယခု ကျွန်တော်တို့ ပြောင်းလိုက်ကြပြီ။

တောနက်ကြီးထဲတွင် တိုက်ပွဲဆင်ရမည်မှာ ခက်ခဲသည်မှန်သော်လည်း လိုအပ်သည့် လေ့ကျင့်မှု အပြည့်အဝရထားပြီး ဖြစ်သောကြောင့် ရန်သူကို ကျွန်တော်တို့ ကောင်းစွာ ရင်ဆိုင်နိုင်ရမည်ဟု စစ်ဆင်ရေးမှူးကြီးက ယုံကြည်ထားသည်။

ကျွန်တော်တို့တွင် ထောက်ပံ့ရေးလမ်းကြောင်း လုံးဝ မရှိကြောင်း၊ နောက်ပိုင်းနှင့် ဆက်သွယ်ရေးလမ်းကြောင်း လုံးဝ မရှိကြောင်း၊ ကျွန်တော်တို့ အားကိုးရမည်မှာ လေကြောင်းတစ်ခုသာရှိကြောင်း၊ ထို့ကြောင့် ဘာကိုမှ နောက်ဆံတင်းမနေတော့ဘဲ တစ်ဦးချင်း၏ တိုက်စွမ်းရည်ကို အစွမ်းကုန် မြှင့်တင်ဖို့သာလိုကြောင်း ဗိုလ်မှူးချုပ်ဝင်းဂိတ်က ထပ်ခါထပ်ခါ သတိပေးနေသည်။ တောနက်ကြီးအတွင်းမှနေ၍ ရန်သူများကို အစွမ်းကုန် နှောင့်ယှက်ရန်သာ အရေးကြီးကြောင်း အထပ်ထပ်မှာကြားသည်။

"ယူနီဖောင်းကို သက်သောင့်သက်သာရှိအောင်ဝတ်" ဟူသည်မှာ ကျွန်တော်တို့ နေ့စဉ် လိုက်နာရမည့် စစ်စည်းကမ်းဖြစ်သည်။ တောတွင်းမှ ခရီးပြင်း ချီတက်ရမည်။ ရန်သူနှင့် အပြင်းထန်ဆုံး တိုက်ရမည်။ ထို့ကြောင့် သက်သောင့်သက်သာရှိသော ယူနီဖောင်းဝတ်ဆင်ထားဖို့ လိုသည်။ ခန္ဓာကိုယ်ပေါ်တွင်လည်း မလိုအပ်သည့် ပစ္စည်းအပိုများ မယူရ



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားသည့် ပစ္စည်းများကိုမူ ပြည့်စုံအောင် ယူရမည်။

စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးချုပ်ဝင်းဂိတ် ကိုယ်တိုင်လည်း ယူနီဖောင်းကို ရိုးရိုးကလေး ဝတ်ဆင်ထားသည်။ အလွယ်တကူ ချီတက်နိုင်အောင် သက်သောင့်သက်သာပင် ဝတ်ဆင်ထားသည်။ ခြသေ့်တပ်ကို ဖွဲ့စည်းရန်နှင့် ခြသေ့်စစ်ဆင်ရေးကို ဦးဆောင်ရန် အိန္ဒိယပြည်သို့ သူရောက်လာစဉ်က ယခင် စစ်ပွဲများ၌ သူအောင်ပွဲခံခဲ့ပုံများကို ကျွန်တော်တို့အားလုံး ပြောမဆုံး ရှိခဲ့ကြသည်။ သူ့လက်အောက်မှာ တာဝန်ထမ်းဆောင်နေကြသူအားလုံး သူ့အကြောင်းကို ကောင်းစွာသိပြီး သူ့အပေါ်မှာလည်း ယုံကြည်မှု အပြည့်အဝထားကြသည်။

ကျွန်တော်တို့ အမှတ်(၂)စစ်ကြောင်းကို လာရောက်စစ်ဆေးစဉ်က မြင်တွင်းတို့ ကျွန်တော့်တစ်သက်တွင် မေ့နိုင်တော့မည်မဟုတ်ပါချေ။ သူ့နှုတ်ခမ်းက ပါးပါးလျားလျား။ ခေါင်းပေါ်မှာ မသပ်မရပ်ရှိနေသည့် ဆံပင်များက ညာဘက်မျက်လုံးပေါ်သို့ အုပ်ကျနေသည်။ တောင်ဝှေးကို အားပြုပြီး ကိုယ်ကို ရှေ့သို့ ကိုင်းထားသည်။

"မင်းတို့စစ်ကြောင်းက ချပ်သင်းကို ချီတက်ရမယ်၊ ချပ်သင်းရဲ့ မြောက်ဘက်နား မီးရထားလမ်းကို ဖျက်ဆီးရမယ်၊ ချပ်သင်းကို ချီတက်တာရယ်၊ မီးရထားလမ်းကို ဖျက်ဆီးတာရယ်ကြောင့် မင်းတို့ကို ရန်သူက အာရုံစိုက်လာအောင် လုပ်ရမယ်၊ မင်းတို့နောက်ကို ရန်သူလိုက်လာအောင် လုပ်ရမယ်၊ မြောက်ပိုင်းမှာ ဆင်နွှဲမယ့် ချေမှုန်းသုတ်သင်ရေး တပ်ဖွဲ့တွေရဲ့ အောင်ပွဲဟာ ရန်သူကို စစ်မြှူပေးရမယ့် တည်ကြက်များ ဖြစ်တယ်၊ ကံကောင်းကြပါစေ"

ဝင်းဂိတ်က သူ၏ ညွှန်ကြားချက်ကို တိုတိုတုတ်တုတ်ပင် ပြောသွားသည်။ ပြီးတော့ ကျွန်တော်တို့အားလုံးကို ဖြည်းဖြည်းချင်း မျက်လုံးဝေ့ကြည့်သည်။ ကျွန်တော်တို့၏ အသည်းနှလုံးအတွင်းသို့ ရောက်အောင် ထိုးဖောက်မြင်နိုင်စွမ်းသည့် အကြည့်ဟု ထင်မှတ်ရသည်။

ကျွန်တော်တို့ စစ်မထွက်မီကလေးမှာပင် ဗိုလ်ချုပ်ကြီးဝေဗယ် ကိုယ်တိုင် ရောက်လာသည်။

ရန်သူများ သိမ်းပိုက်ထားသော မြန်မာပြည်အတွင်းရှိ မိမိနှင့်





အကျွမ်းတဝင်မရှိသော တောကြီးမျက်မည်းအတွင်းသို့ ချီတက်ခြင်းအားဖြင့် မဟာမိတ်နိုင်ငံများအားလုံးက မိမိတို့ကို အာရုံစိုက်လာမည် ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးဝေဗယ်က ပြောသည်။

သူ့ရှေ့မှ ဖြတ်သန်းချီတက်ပြီး ကျွန်တော်တို့ အလေးပြုကြသည်။ စစ်ကြောင်းမှူးက "ညာကြည့်"ဟု အလေးပြုရန် အမိန့်ပေးသောအခါ ကျွန်တော်တို့အားလုံး ညာကြည့်ပြီး ဗိုလ်ချုပ်ကြီးဝေဗယ်ကို အလေးပြုကြသည်။ ကျွန်တော့် မျက်လုံးအိမ်ထဲမှာ မျက်ရည်များ စိုနေပြီ။

မူလ အစီအစဉ်မှာ မြန်မာပြည်အရှေ့မြောက်ဘက်ခြမ်းမှနေ၍ အမေရိကန် ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် တရုတ်တပ်များက ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ပြီး ကျွန်တော်တို့က အနောက်ဘက်ခြမ်းမှ ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်သည်။ သို့သော်လည်း စစ်ဆင်ရေး တကယ်တမ်း စသောအခါ တရုတ်-မြန်မာပြည်နယ်စပ်တစ်လျှောက် တပ်ဖြန့် နေရာယူထားသည့် အမေရိကန်နှင့် တရုတ်တပ်များက တိုက်ခိုက်ခြင်း မရှိ။

ကျွန်တော်တို့ဘက်က ထိထိရောက်ရောက် တိုက်ခိုက်ပြခြင်း မရှိဘဲ သူတို့ဘက်က စွန့်စွန့်စားစား တိုက်ခိုက်လိုစိတ်မျိုး ချန်ကေရှိတ်တွင် ရှိပုံမပေါ်။ ထို့ပြင်မကသေး ချန်ကေရှိတ်တပ်များကို ဂျပန်က ဝင်မတိုက်သေးသမျှကာလပတ်လုံး ဂျပန်ကို စတင်တိုက်ခိုက်ရန်လည်း စိတ်ဝင်စားပုံမရ။ ယင်းသို့သော အခြေအနေများကြောင့် ဝင်းဂိတ်အနေဖြင့် စီစဉ်ပြီးသား စစ်ဆင်ရေးကို မဖြစ်မနေ ဆင်နွှဲရတော့မည်။ ထို့အတွက် လိုအပ်သည်များ စစ်ဆေးရန် အိန္ဒိယပြည်သို့ ဗိုလ်ချုပ်ကြီးဝေဗယ် ရောက်ရှိလာခြင်း ဖြစ်သည်။

အင်ဖာမှ ကျွန်တော်တို့ စစ်ထွက်လာပြီး ချင်းတွင်းမြစ်ကမ်းသို့ ရောက်အောင် ကိုးရက်လုံးလုံး ပင်ပန်းတကြီး ချီတက်ကြရသည်။ တောင်တက်တောင်ဆင်းတွေများသည်။ တောကလည်း ထူထပ်သည်။ သင်တုန်းဓားလို ချွန်ထက်လှသော မြက်ပင်ရှည်များ၊ ယင်ကောင်များ၊ ကင်းမလက်မည်းများ၏ အန္တရာယ်ကလည်း ကြီးမားလှသည်။

ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းနှင့် ရှေ့တန်းစစ်မျက်နှာကြားဒေသသည် ကြားချောင်နေသည့်ဒေသ ဖြစ်နေသည်။ ရန်သူလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ မိမိတပ်လည်းမရှိ၊ တစ်ခါတစ်ရံ မိမိတပ်က တိုက်ကင်းထွက်သည့် များတော့ရှိသည်။ ထို့ကြောင့်လည်း တိုက်ကင်းထွက်ရာမှ ပြန်လာသည့် အားမားရိုင်ဖယ်တပ်ဖွဲ့များကို တွေ့ရတတ်သည်။

ကျွန်တော်တို့ စစ်မြှုတပ်များက ကလေးဝမြို့ အနီးမှနေပြီး ချင်းတွင်းမြစ်ကို ဖြတ်ရန် ဖြစ်သည်။ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းသို့ ရောက်လျှင်လည်း ကျွန်တော်တို့ ရင်ဆိုင်ရမည့်တောသည် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းကတောနှင့် ဘာမှ မခြားနိုင်ဟု ထင်မှတ်မိသည်။

အင်ဖာနှင့် ချင်းတွင်းမြစ်အကြားတို့ တစ်နေရာတွင် ကျွန်တော်တို့ တည်ကြက်စစ်ကြောင်း အမှတ် (၁)နှင့် (၂)သည် ချေမှုန်းသုတ်သင်ရေးတပ်ဖွဲ့များနှင့် စစ်ဆင်ရေးမှူးကြီးဝင်းဂိတ်၏ စစ်ဌာနချုပ်ကို လမ်းခွဲ ချီတက်ကြရန် ဖြစ်သည်။

အမှတ် (၁)နှင့် (၂)စစ်ကြောင်း နှစ်ခုကို ကွပ်ကဲသူမှာ ဒုတိယ ဗိုလ်မှူးကြီးအလက်ဇန်းဒါး ဖြစ်သည်။ တမူးမြို့နားမှာ ပင်မတပ်ဖွဲ့များ နှင့် ကျွန်တော်တို့စစ်ကြောင်း ခွဲလိုက်သည်။ ပင်မစစ်ကြောင်းများက နေ့ဘက်မှာနားပြီး ညဘက်တွင် ချီတက်ကြမည်။ ကျွန်တော်တို့က ရန်သူများ မမြင်မြင်အောင် နေ့ဘက်မှာ ချီတက်ကြမည်။

ချင်းတွင်းမြစ်ကို ဖြတ်ပြီး ကျွန်တော်တို့ ဆက်လက် ချီတက်လာကြတော့ ရယ်စရာကောင်းသော အဖြစ်အပျက်ကလေးတစ်ခုနှင့် ကြုံခဲ့ရသေးသည်။

ဗိုလ်မှူးဂျွန်ဂျက်ဖရီသည် ဗိုလ်မှူးချုပ်ယူနီဖောင်းကို အခန့်သားပြောင်းလဲ ဝတ်ဆင်လိုက်သည်။ ပြီးတော့ သူ့လူများနှင့်အတူ ကျေးရွာတစ်ရွာသို့ ဦးတည်ချီတက်သွားသည်။ ထိုကျေးရွာမှ သူကြီးသည် ဂျပန်အလိုတော်ရိ ဖြစ်ကြောင်း ကျွန်တော်တို့အားလုံး သိထားပြီး ဖြစ်သည်။

ဗိုလ်မှူးဂျွန်ဂျက်ဖရီသည် တကယ့်လူ တစ်ယောက်လည်း ဖြစ်သည်။ အိုင်းရစ်လူမျိုး ဖြစ်သည်။ ဘုရင့်ရေတပ်မတော်သို့ ဝင်ခဲ့သည်။ ဗိုလ်မှူးရာထူးသို့ တိုးမြှင့်ပေးရန် တန်းစီစာရင်းတွင် သူ့အမည်ပါနေသည့် အချိန်မှာပင် စီးပွားရေးလုပ်ငန်းလုပ်ရန် ဆုံးဖြတ်ပြီး တပ်က ထွက်လိုက်သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာချိန်တွင် ဆောက်သင်မ်တန်နှင့်





ပို့စမောက်သ်မြို့များ တစ်ဝိုက်တွင် သူပိုင်ဆိုင်သည့် ဓာတ်ဆီဆိုင်များ လက်ညှိုးထိုးမလွဲဖြစ်နေပြီ။ သို့သော်လည်း စစ်ဖြစ်ပြီဟော့ ဆိုသည်နှင့် တစ်ပြိုင်နက်တည်း ရေတပ်မတော်သို့ ပြန်ပြေးဝင်သည်။

စစ်ရေယာဉ်တစ်စီးကို ဦးစီးပြီး တိုက်ပွဲဝင်ခွင့်ရဖို့ လပေါင်းများစွာ စောင့်ရဦးမည်ဟု သူပြောသည်။ သည်လောက်အထိတော့ သူ စိတ်မရှည်နိုင်။ ထို့ကြောင့် ရိုးရိုးရဲဘော်ဘဝဖြင့် ကြည်းတပ်မှာ ပြောင်းဝင်လိုက်သည်။ ရိုးရိုး ရဲဘော်ဘဝဖြင့် ခြောက်လ တာဝန်ထမ်းဆောင်ပြီးမှ ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းခံရသည်။ ထိုအချိန်မှစပြီး တိုက်ပွဲဖြစ်မည့် နေရာများသို့သာ သူအာရုံစိုက်နေသည်။ ကမ္ဘာ့အရှေ့တွင် တိုက်ပွဲများ ပြင်းထန်နေပြီကို သိသောအခါ သူကိုယ်တိုင် ဆန္ဒပေးပြီး အရှေ့ဖျားစစ်မြေပြင်သို့ မရောက်ရောက်အောင် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ နောက်ဆုံးတွင်တော့ ဝင်းဂိတ်၏ ခြင်္သေ့စစ်ဆင်ရေးမှာ သူပါဝင်လာခြင်း ဖြစ်သည်။

ဂျပန်အလိုတော်ရိကျေးရွာသို့ တကယ်တမ်း ဦးတည်ချီတက်သည့် အချိန်တွင် ဗိုလ်မှူးဂျွန်ဂျက်ဖရီသည် ဗိုလ်မှူးချုပ် ယူနီဖောင်းလောက်နှင့် အားရတင်းတိမ်ခြင်းမရှိဘဲ ဗိုလ်ချုပ်ကြီး ယူနီဖောင်းကို ပြောင်းလဲဝတ်ဆင်သည်။ သူ့ပခုံးပေါ်ရှိ ဗိုလ်ချုပ်ကြီးရာထူးတံဆိပ်များသည် ပြိုးပြိုးပြက်ပြက် အရောင်လက်နေသည်။

ဂျပန်လိုလားသည့် ကျေးရွာအတွင်းသို့ ရောက်သောအခါ ဦးစီးအရာရှိများကို စုဝေးစေကာ မြေပုံတစ်ချပ်ဖြန့်ပြီး အလုပ်ရှုပ်တော့သည်။ ဂျပန်သူလျှို ရွာသူကြီးကလည်း သူလိုသမျှ အကူအညီများကို ပေးနေသည်။ ဗိုလ်မှူးဂျက်ဖရီက ချင်းတွင်းမြစ်၏ တောင်ဘက်အစွန်အဖျားလောက်မှနေ၍ ရန်သူနယ်မြေအတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် သူ့ဦးစီးအရာရှိများနှင့် ဆွေးနွေးတိုင်ပင်နေသည်။

ယင်းသို့သော အချိန်မှာပင် ဂျပန်သူလျှို သူကြီးက ဂျပန်ဆီသို့ ဆက်သားလွှတ်ကာ သတင်းပို့ခိုင်းပြီး ဖြစ်နေပြီ။ ဗြိတိသျှတပ်များကို ဗိုလ်ချုပ်ကြီးအဆင့်ရှိသူတစ်ဦး ကိုယ်တိုင် သူ၏ ဦးစီးအရာရှိများနှင့် အတူ ဦးဆောင်လာကြောင်း၊ ထို့ကြောင့် အင်အား အလွန်တရာ များပြား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြောင်း၊ ချင်းတွင်းမြစ်၏ တောင်ဘက်ဖျားလောက်မှနေ၍ ဖြတ်ကျော်လိမ့်မည်ဖြစ်ကြောင်းများ သတင်းပို့ပြီး ဖြစ်သည်။

သို့သော်လည်း ဂျွန်ဂျက်ဖရီနှင့် သူ့လူများသည် အခြားလမ်းကြောင်းကို ရွေးပြီးချီတက်ကြတော့သည်။ အမှတ် (၁)နှင့် အမှတ် (၂) စစ်ကြောင်းကို ဖြတ်ကျော်တက်ကာ ချပ်သင်းမြို့ကလေးရှိရာသို့ (၄၀)နာရီတွင်း ချီတက်သွားတော့သည်။ ဂျပန်တပ်များကမူ ရွာသူကြီး၏ သတင်းပေးချက်အရ ချင်းတွင်းမြစ်တောင်ဘက်ဖျားကို အာရုံပြုနေသည်။

ဗိုလ်မှူးကြီးအလက်ဇန်းဒါးက ရန်သူ၏ နယ်မြေအတွင်းသို့ ကျွန်တော်တို့ ဝင်ရောက်လာပြီ ဖြစ်ကြောင်း ရန်သူသိအောင် ကြိုးစားနေသည်။ ချင်းတွင်းမြစ်ကို မဖြတ်ကျော်မီ နှစ်ရက်အလိုတွင် ထောက်ပံ့ရေးပစ္စည်းများ လေယာဉ်ဖြင့်ချပေးရန် နောက်တန်းသို့ အကြောင်းကြားခဲ့သည်။ ဒါကိုတာလေယာဉ်ပျံနှစ်စီး ရောက်လာပြီး ကျွန်တော်တို့ လိုအပ်နေသည့် စားနပ်ရိက္ခာများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ ဆေးဝါးများ၊ အဝတ်အစားများ ချပေးသွားသည်။ ရဲဘော်အားလုံး ငါးရက်စာ ရိက္ခာအပြည့်အစုံ ရသွားသည်။

ချင်းတွင်းမြစ်သို့ ရောက်ခါနီး အချိန်တွင် ဗိုလ်မှူးချုပ်ဝင်းဂိတ်ကိုယ်တိုင် ကျွန်တော်တို့ စစ်ကြောင်းသို့ မမျှော်လင့်ဘဲ ရောက်လာသည်။ ကျွန်တော်တို့ကို နောက်ဆုံး အားပေးစကား ပြောကြားရင်း နှုတ်ဆက်ရန်ဖြစ်သည်။ သူကိုယ်တိုင် တောတွင်းတစ်နေရာရှိ ကျွန်တော်တို့ စစ်ကြောင်းကို လာရောက်တွေ့ဆုံသည့်အတွက် ကျွန်တော်တို့အားလုံး အများကြီးစိတ်ဓာတ်တက်ကြွသွားတော့သည်။

ကျွန်တော်တို့ကို လာရောက်တွေ့ဆုံရင်း (၁၉၄၃)ခု ဖေဖော်ဝါရီလ (၁၄)ရက် နေ့စွဲထိုးထားသော အမိန့်ကိုလည်း ထုတ်ပြန်သွားသည်။ ယင်းအမိန့်မှာ . . .

*"ယနေ့သည် စစ်မြေပြင်သို့ အဝင်တံခါးဝတွင် ငါတို့ ရပ်နေသည့်နေ့ ဖြစ်သည်။ ပြင်ဆင်မှုများ အားလုံးကိုလည်း ငါတို့ ပြုလုပ်ခဲ့ပြီးပြီ။ ငါတို့၏ စွမ်းရည်သတ္တိနှင့် ငါတို့၏ သေနင်္ဂဗျူဟာများကို ရန်သူတို့ မျက်ဝါးထင်ထင် တွေ့မြင်စေရန်လည်း ငါတို့ လုပ်ဆောင်ပြကြရတော့*





*မည်။ ယခုအချိန်တွင် ရှေ့တန်း စစ်မျက်နှာအသီးသီး၌ တိုက်ပွဲဝင်လျက်ရှိကြသော မဟာမိတ်တပ်များအားလုံးသည် ငါတို့နှင့် တစ်စိတ်တစ်ဝမ်းတည်း ရှိနေကြသည်။*

*ရှေ့တန်း စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်နေကြသည့် မဟာမိတ် တပ်သားများအဖို့ အရေအတွက်အားဖြင့် နည်းကောင်းနည်းမည်။ သို့သော်လည်း တက်ကြွသော စိတ်ဓာတ်နှင့် ကောင်းမွန်သော စစ်ပရိယာယ်များကို ကိုင်စွဲထားကြသူများ ဖြစ်သည်။ ငါတို့သည်လည်း ကိုယ်ကျိုးမဖက်ဘဲ အကောင်းဆုံးသော သေနင်္ဂဗျူဟာ၊ နည်းဗျူဟာနှင့် စစ်ပရိယာယ်များကို ကျင့်သုံးရင်း တိုက်ပွဲဝင်ကြရတော့မည်။*

*ယခု သည်နေရာသို့ ငါတို့ ရောက်ရှိနေကြပြီ။ သည်နေရာကို ငါတို့ကိုယ်တိုင် ရွေးချယ်ပြီး ရောက်ရှိလာကြခြင်းဖြစ်သည်။ သည်နေရာမှ ကြုံတွေ့ရမည့် အခက်အခဲပေါင်းစုံနှင့် ရာသီဥတု ဘေးအန္တရာယ်ပေါင်းစုံကိုလည်း ငါတို့ ရင်ဆိုင်မည်ဟု ငါတို့ကိုယ်တိုင် ဆုံးဖြတ်ခဲ့ကြပြီးဖြစ်သည်။ ဤကဲ့သို့သော ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြသူများသည် သာမန်လူများထက် ရဲစွမ်းသတ္တိ ပိုမိုကြီးမားသူများ ဖြစ်သည်။*

*ထို့ကြောင့် ငါတို့မှာ ကြောက်စိတ်ဟူ၍ တစ်ရွေးသားမျှ မရှိ။ ငါတို့ ထမ်းဆောင်ကြရမည့် တာဝန်မှန်သမျှကို ဦးလည်မသုန် ထမ်းဆောင်ကြတော့မည်သာ ဖြစ်သည်။ ငါတို့၏ တာဝန်ထမ်းဆောင်မှုသည် ငါတို့ခေတ် ငါတို့ အချိန်အခါ၏ ကောင်းကျိုးကို သယ်ပိုးခြင်းလည်း မည်သည်။*

*တိုက်ပွဲဟူသည်မှာ အမြဲတမ်း ပြင်းထန်နေမည် မဟုတ်။ ထို့နည်းတူ လျင်မြန်စွာ ပြီးဆုံးသော တိုက်ပွဲချည်းလည်း မဖြစ်နိုင်။ အောင်ပွဲဟူသည်မှာ ရေတွက်၍ ရစကောင်းသော အရာလည်း မဟုတ်။ သို့သော် ကမ္ဘာစစ် ပြီးဆုံးရေးအတွက် ငါတို့ အစွမ်းရှိသမျှ တိုက်ပွဲဝင်တော့မည် ဟူ၍ကား သန္နိဋ္ဌာန်ချမှတ်ပြီး ဖြစ်သည်။ ငါတို့နှင့် လက်တွဲတိုက်ပွဲဝင်နေကြသည့် ရဲဘော်ရဲဘက်အားလုံးကိုလည်း ငါတို့ ယုံကြည်ကိုးစားထားပြီး ဖြစ်သည်။ ဤကမ္ဘာပေါ်တွင် ရှိနေကြသည့် အစိုးရအားလုံးနှင့် ကမ္ဘာသူကမ္ဘာသားများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေး ဟူသည်မှာ ငါတို့၏ အဓိက ရည်မှန်းချက် ဖြစ်သည်။*



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မှာကြားလိုသည်မှာ ယခု ငါတို့ ထမ်းဆောင်ကြရတော့မည့် တာဝန်သည် ကြီးလေးသည်မှန်၏။ ရှုပ်ထွေးသည် မှန်၏။ ထို့ကြောင့် ငါတို့၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဘုရားသခင်ထံမှာ ဆုတောင်းကြစို့. . . "ဟူ၍ ပါရှိသည်။ အမိန့်၏ အောက်တွင် **"စစ်ဆင်ရေးမှူး ဗိုလ်မှူးချုပ်ဝင်းဂိတ်၊ တပ်မင်း၊ အမှတ် (၇၇) အိန္ဒိယခြေလျင်တပ်မဟာ"** ဟု လက်မှတ်ရေးထိုးထားလေသည်။

✧ ✧ ✧



## အခန်း (၆)

## မြန်မာပြည်တောတွင်းမှ ငရဲခန်း

အမှတ် (၁) စစ်ကြောင်းနှင့် အမှတ် (၂) စစ်ကြောင်းမှ ဗိုလ်မှူးချုပ်ဝင်းဂိတ် မြန်လည်ထွက်ခွာသွားသည့်နှင့် တစ်ပြိုင်တည်း ကျွန်တော်တို့အားလုံး စစ်လက်နက်ပစ္စည်းများကို ပြင်ဆင်ကာ စတင်ချီတက်ကြသည်။ ချင်းတွင်းမြစ်သို့ရောက်ရန် မိုင်အနည်းငယ်မျှသာ လိုတော့သည်။

ဗိုလ်မှူးချုပ်ဝင်းဂိတ် ခေါင်းဆောင်သည့် ချေမှုန်းသုတ်သင်ရေးတပ်ဖွဲ့များသည် တိုးနဲ့ရွာမှ စတင် ထွက်ခွာကြမည် ဖြစ်သည်။ ညဘက်အမှောင်ထုအတွင်းမှာ သူတို့ ချီတက်ကြမည်။ မူးမြစ်ဝှမ်းဘက်ကို ချီတက်ရန် ဖြစ်သည်။ သူတို့တပ်ဖွဲ့များ ညအခါ ချီတက်နေချိန်တွင် ကျွန်တော်တို့ စစ်ကြောင်းများက နေ့ဘက်မှာ ချီတက်နေကြသည်။ ကျွန်တော်တို့ချီတက်ပုံမှာ မြွေပုံသဏ္ဌာန် တစ်ဦးနှင့်တစ်ဦး ရှေ့နောက်စီတန်းပြီး ချီတက်ကြခြင်း ဖြစ်သည်။

ချင်းတွင်းမြစ်ကို ပထမဦးဆုံး စတင် မြင်တွေ့လိုက်ရသည့်အခါ ထိုမြင်ကွင်းကို တစ်သက်မမေ့နိုင်အောင် ဖြစ်တော့သည်။ စိမ်းလန်းနက်မှောင်နေသည့် တောကြီးထဲတွင် တငြိမ့်ငြိမ့်စီးဆင်းနေသော ချင်းတွင်းမြစ်ကြီးကို တွေ့လိုက်ရသည်။ တစ်နာရီပြီး တစ်နာရီ တစ်ရက်ပြီးတစ်ရက် တောနက်နက်အတွင်းမှာသာ မနားတမ်း ချီတက်ခဲ့ရသဖြင့် ဤတောနက်ကြီးကို တစ်စုံတစ်ခုက နှစ်ပိုင်းဖြစ်အောင် ဖြတ်တောက် မထားတော့



www.burmeseclassic.com

www.burmeseclassic.com



လေပြီလောဟု ကျွန်တော် တွေးမိသည်။ ယခု ချင်းတွင်းမြစ်ကြီးက နက်ရှိုင်းလှသည့် တောကြီးကို နှစ်ပိုင်းဖြတ်တောက်ထားလိုက်သည်။ မြစ်၏ အကျယ်အဝန်းမှာ တစ်မိုင်၏ လေးပုံတစ်ပုံလောက် ရှိလိမ့်မည်။

ကျွန်တော်တို့ ဖြတ်သန်းချီတက်ခဲ့သည့် ခရီးကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် တောပြီးတောင်၊ တောင်ပြီးတောသာလျှင် ဖြစ်သည်။ ဘယ်ကို ကြည့်ကြည့်၊ တောအထပ်ထပ် တောင်အထပ်ထပ်ကိုသာ တွေ့ရသည်။ ယခု ချင်းတွင်းမြစ်ကို တွေ့ပါပြီ။ ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းသို့ ကူးပြီးသောအခါတွင်လည်း တောင်ပြီးတော၊ တောပြီးတောင်ကိုသာ တွေ့ရဦးမည်။ "လူတိုးမပေါက်နိုင်သော တောများ" ဟု ဆိုသည်။

မြွေတစ်ကောင်လို ကျွန်တော်တို့စစ်ကြောင်းက ဆက်လက်ချီတက်လာသည်။ လူနောက်က လူ၊ လူနောက်က ဝန်တင်လားနှင့် မြင်း၊ လားနှင့် မြင်းနောက်က လူ။

ချင်းတွင်းမြစ်ကမ်းသို့ မရောက်မီ မြစ်နှင့်တောစပ်ကြားတွင် လယ်ကွင်းများ ရှိသည်။ သို့သော်လည်း မြန်မာပြည်တွင်းသို့ ဂျပန်များ ဝင်လာသည့်အချိန်မှစ၍ စိုက်ပျိုးရေး ကောင်းစွာ မလုပ်နိုင်တော့သောကြောင့် လယ်ရိုင်းများဘဝသို့ ကူးပြောင်းစပြုနေပြီ။

ကျွန်တော်တို့ စစ်ကြောင်းနှစ်ကြောင်း ချင်းတွင်းမြစ်ကမ်းသို့ ရောက်လာသည်။ တစ်ဖက်ကမ်းတွင် အောက်တောင်ရွာကြီး ရှိသည်။ မြစ်ကမ်းသို့ ကျွန်တော်တို့ရောက်တော့ ဘားမားရိုင်ဖယ် ရှေ့ပြေးတပ်ဖွဲ့ကို တွေ့ရသည်။ ယင်း ဘားမားရိုင်ဖယ် ရှေ့ပြေးတပ်ဖွဲ့က ကျွန်တော်တို့ ရှေ့မှ ကြိုတင်ချီတက်သွားကာ ချင်းတွင်းမြစ်ကို ကျွန်တော်တို့ ကူးဖြတ်နိုင်ရန်အတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးထားသည်။

ဗြိတိသျှတပ်များ ပြန်ဝင်လာကြသည်ကို မြင်တွေ့ရသောအခါ အောက်တောင် ရွာသူ ရွာသားများ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံရသည်။ တစ်ဖက်ကမ်းသို့ ကျွန်တော်တို့ ကူးနိုင်အောင် လှေများ စီစဉ်ပေးသည်။ ရွာသားများ ကိုယ်တိုင်က ခေါက်တုံ့ခေါက်ပြန် လှော်ခတ်ပို့ပေးသည်။ ထို့ကြောင့်လည်း ရန်သူထံသို့ သတင်းတစ်စုံတစ်ရာ မပေါက်ကြားဘဲ လုံခြုံအေးချမ်းစွာ ကျွန်တော်တို့ ကူးဖြတ်နိုင်ခဲ့ကြသည်။





အောက်တောင်ရွာမှာ ကျွန်တော်တို့ စခန်းချသည်။ ထမင်းဟင်းများကို ရွာက ချက်ကျွေးသည်။ ကျွန်တော်တို့ စစ်ကြောင်းက အသင့်ယူလာသော ငွေဒင်္ဂါးများဖြင့် ကျသင့်သည့် ထမင်းဖိုး၊ ဟင်းဖိုးများကို ပေးချေသည်။ ထိုရွာမှာ ကျွန်တော်တို့ တစ်ညအိပ်ကြသည်။ ကောင်းစွာ အနားယူ အိပ်စက်ကြရသည့်ည ဖြစ်သည်။

နောက်တစ်နေ့မနက် အရုဏ်တက်အချိန်မှာပင် ကျွန်တော်တို့ စစ်ကြောင်း ဆက်လက် ချီတက်ခဲ့သည်။ တောင်ဘက်စူးစူးသို့ ချီတက်ကြခြင်း ဖြစ်လေသည်။ တစ်နေကုန် ချီတက်ကြသည်။ ညမိုးချုပ်တော့ စစ်ကြောင်းနားပြီး နာရီအနည်းငယ် အိပ်စက် အနားယူကြသည်။

နာရီအနည်းငယ်မျှသာ နားနိုင်ပြီး ကျွန်တော်ပါဝင်သော အမှတ် (၂)စစ်ကြောင်းက စတင်ချီတက်တော့သည်။ ယခုတစ်ကြိမ်တွင်မူ အရှေ့စူးစူးသို့ ဦးတည်ချီတက်ရခြင်း ဖြစ်သည်။ ကျွန်တော်တို့၏ ရည်မှန်းချက်ကား မြစ်ကြီးနား-မန္တလေးကားလမ်းပေါ် ရှိ ချပ်သင်းမြို့ကလေး။ အမှတ် (၁) စစ်ကြောင်းက ကျွန်တော်တို့နှင့် လမ်းခွဲသွားပြီ။ ယခု ကျွန်တော်တို့ ချီတက်နေသည့် နယ်မြေများသည် ရန်သူ လုံးဝ ကြီးစိုးထားသည့် နယ်မြေများ ဖြစ်သည်။

သည်နေရာမှာပင် မြန်မာပြည် တောနက်ကြီး၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် ရင်ဆိုင်ရတော့သည်။

ရှေ့သို့ တိုးလိုက်လေတိုင်း ဝါးတောကြီးများက အုတ်နံရံသဖွယ် ဆီးကာနေသည်။ ဝါးပင်များသည် ပေ (၃၀)ကျော်အထိ မြင့်မားကြသည်။ အဖိုးတန် ကျွန်းပင်ကြီးများကလည်း မရေမတွက်နိုင်အောင် ပေါက်ရောက်နေသည်။ မြန်မာ့သစ်တော၏ အဖိုးတန်ရတနာများကို ကျွန်တော်တို့ သတိပြုမိကြသည်။ အလွန်တရာ ထူပြောသည့် တောကြီးများကို တိုးရင်း ချွန်ထက်သည့် ဆူးတောများနှင့်လည်း ရင်ဆိုင်ရသည်။ အချို့မြက်ပင်များသည် အလွန်သန်စွမ်းကာ အရွက်များက သင်တုန်းဓားသွားလို ထက်နေသည်။ အဝတ်အစားများကလည်း စုတ်ပြတ်ကုန်ပြီး အသားအရေများကလည်း ငါးကို ဓားနှင့် မွှမ်းထားသလို ဖြစ်နေပြီ။

ကိုယ်ပေါ်ရှိ ယူနီဖောင်းများမှာလည်း ချွေးဖြင့် ရွှဲနစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောအထပ်ထပ်၊ တောင်အထပ်ထပ်ကို တိုးခဲ့ရသဖြင့် ညစ်ပတ်ပေရေနေသည်။ တောများ၊ တောင်များကိုသာမက ချောင်းငယ်၊ မြောင်းငယ်များကိုလည်း ဖြတ်သန်းကျော်လွှားရသည်။ ထိုချောင်းများ၊ မြောင်းများအတွင်းမှ သွေးငတ်နေသည့် မျှော့ကြီးများက ကျွန်တော်တို့ကို တွယ်ကပ်ပါလာသည်။ သွေးများကို အငမ်းမရ ဖောက်ယူစုပ်ကြသည်။ ကျွန်တော်တို့ ခန္ဓာကိုယ်တွင်းမှာ ရှိနေသည့် သွေးများ ကုန်ခန်းသွားပြီလားဟုပင် ထင်မှတ်ရသည်။

ရာသီဥတုကလည်း ပူပြင်းလွန်းလှသည်။ ခေါင်းပေါ်မှ နေ၏ အပူရှိန်သည် မခံမရပ်နိုင်အောင်ပင် လောင်ကျွမ်းလှသည်။ မီးဖိုပေါ်ရှိ ဒယ်အိုးပေါ်မှာ တက်ထိုင်နေရသလို ခံစားရသည်။ မောပန်းနွမ်းနယ်မှု၊ အားအင်ကုန်ခန်းမှုများကြောင့် ရန်သူနှင့် ပက်ပင်းတိုးလျှင် စွမ်းစွမ်းတမံမှ တိုက်နိုင်ပါ့မလားဟု တွေးပူနေမိပါသည်။ ရန်သူအင်အား အလုံးအရင်းနှင့် သိမ်းပိုက်ထားသည့် နယ်မြေအတွင်းသို့ ကျွန်တော်တို့ ရောက်ရှိနေကြပြီ မဟုတ်လား။

ယင်းသို့ ခရီးကြမ်းကြီးကို ချီတက်ရင်း ချင်းတွင်းမြစ်၏ အရှေ့ စူးစူး တောပါးသည့်နေရာသို့ ရောက်လာသည်။ ကျွန်းပင်ကြီးများကိုသာ အများဆုံး မြင်ရသည်။ အောက်ခြေက အတော်ကြီး ရှင်းသည်။ ဝါးရုံများ ပါးသွားသည်။ မြေပြင်ကလည်း ညီလာသည်။ ကျွန်တော်တို့အားလုံး အပျော်ကြီး ပျော်သွားကြပါသည်။ ယခုအချိန်အထိ ကျွန်တော်တို့ ပတ်လည်မှာ ရန်သူ၏ အရိပ်အယောင်ကို မတွေ့မြင်ရသေးသဖြင့် စိတ်သက်သာရာလည်း ရနေသည်။

ယင်းနေရာမှာ ကျွန်တော်တို့ စခန်းချသည်။ ထမင်းချက်ကြသည်။ ထမင်းဟင်းကို နှစ်ယောက်တစ်တွဲ ချက်ပြုတ်စားကြခြင်း ဖြစ်သည်။ ထမင်းချက်ပြီးသောအခါ နှစ်မိနစ်အတွင်း ပြီးစီးအောင် စားရပါသည်။ ကိုယ့်အိမ်ကိုယ်ရာမှာလို ဖိမ်ဆွဲပြီးစားနေ၍ မဖြစ်။ ထမင်းစားပြီး လက်ဖက်ရည် ဖျော်သောက်ပြန်တော့လည်း ကသုတ်ကရက်ပင်။

နံနက်စာ ချက်ပြုတ်စားသောက်ပြီးသောအခါ တောက်လျှောက် အနားမယူနိုင်သေး။ ကျွန်တော်တို့ကိုယ်ပေါ်မှာ ရှိနေသည့် လက်နက်





ခဲယမ်းမီးကျောက်များကို စစ်ဆေးရသည်။ ကျည်ဆန်များကို ကျည်ဘူးထဲမှသော်လည်းကောင်း၊ ကျည်ကပ်ထဲမှ သော်လည်းကောင်း ထုတ်ယူပြီး တန်းစီထားရသည်။ လိုအပ်သော ခြောက်သွေ့မှုကို ရရှိရန် ဖြစ်သည်။ နေသားတကျမထားဘဲ ဖြစ်သလိုထားလျှင် မလိုလားအပ်သည့် ပေါက်ကွဲမှုများ ဖြစ်ပေါ်တတ်သည်။ သေနတ်များကို အမြဲ အသင့်ဖြစ်နေအောင် တိုက်ချွတ်ရသည်။

ပြီးတော့မှ စိတ်ချလက်ချ အနားယူနိုင်လေသည်။ အနားယူရင်း ဆေးလိပ်ကလေး တစ်ဖွာနှစ်ဖွာ ဖွာကာ မိဘဆွေမျိုးများကို လွမ်းမည့် အပြုတွင် . . .

"ချီတက်ဖို့ အသင့်ပြင်"

ဟူသော အမိန့်သံကပေါ် ထွက်လာတော့သည်။ မဆန့်သေးသည့် ကျောကို မတ်မတ်ထောင်ပြီး လက်နက် ခဲယမ်းမီးကျောက်များကို သယ်ဆောင်ကာ စစ်ကြောင်းအသွင်ဖြင့် ဆက်လက် ချီတက်ရပြန်တော့သည်။ ဝန်တင်လားနှင့် မြင်းများလည်း ကျွန်တော်တို့နည်းတူ သူတို့ သယ်ဆောင်မည့်ဝန်များကို ဘေးနှစ်ဖက်တွင် အလေးချိန် အညီအမျှ တင်ရင်း ဝန်တင်လားတပ်သားများ၏ ထိန်းကျောင်းမှုဖြင့် ချီတက်လာကြရသည်။

ရေရှင်ရွာအနီးသို့ ရောက်ကြသောအခါ လေကြောင်းမှ အင်အားဖြည့်ရိက္ခာနှင့် လက်နက် ခဲယမ်းမီးကျောက်များကို လေထီးဖြင့် လာရောက်ချပေးသည်။ ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းသို့ ရောက်လာပြီး ပထမဆုံး ရရှိသော ရိက္ခာဖြည့်တင်းမှု ဖြစ်သည်။ ကျွန်တော်တို့ ခြသေ့်တပ်ဖွဲ့ဝင်အားလုံး ဆယ်ရက်စာ ရိက္ခာကိုယ်စီနှင့် ဖြစ်သွားပြန်သည်။

ရေရှင်ရွာသည် အတန်ငယ်ကြီးသည့် ရွာကြီးတစ်ရွာ ဖြစ်သည်။ ဒါကိုတာလေယာဉ်များက ကျွန်တော်တို့အပေါ်သို့ လေထီးဖြင့် ထောက်ပံ့ရေးပစ္စည်းများ ချပေးနေခြင်းကို ရေရှင်ရွာသူရွာသားအားလုံး ကလေးလူကြီးမကျန် ထွက်ကြည့်နေကြသည်။ ထိုရွာသူရွာသားများသည် ကျွန်တော်တို့အပေါ် သစ္စာ ရှိ၊ မရှိ မသိနိုင်ပါ။ ရန်သူ့ထံသို့ သတင်းသွားပေး၊ မပေး မပြောနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဝင်းဂိတ်၏ စီမံချက်မှာ ကျွန်တော်တို့ ရန်သူနယ်မြေအတွင်းသို့ ဝင်ရောက်လာကြောင်း ရန်သူ သိရမည်။ ရန်သူ၏ သူလျှိုများ သိရမည်။ ကျွန်တော်တို့ကို ရန်သူလိုက်တိုက်သော အခါကျမှ ကျွန်တော်တို့ စွန့်စားကြရမည် ဖြစ်သည်။ သို့ကြောင့်လည်း ထောက်ပံ့ရေးပစ္စည်းများ လေကြောင်းမှ ချပေးခြင်းကို ရွာသူရွာသားများ မြင်တွေ့ကြပေစေတော့။

မြန်မာပြည်တွင်း၌ ဂျပန်လိုလားသော ကျေးရွာများ ရှိသလို၊ ဗြိတိသျှကို လိုလားသော ကျေးရွာများလည်း ရှိပါသည်။ ဂျပန်ကို လိုလားသည့် ကျေးရွာများအဖို့ မထောင်းတာလှသော်လည်း အင်္ဂလိပ်လိုလားသော ကျေးရွာများ အနေနှင့်ကား ခံရချက် မသက်သာလှပေ။

ယင်းကျေးရွာမျိုးကို ရွာလုံးကျွတ်မီးတင်ရှို့သည်။ မသက်သာသည့် ယောက်ျားမှန်သမျှကို သတ်ဖြတ်ပစ်သည်။ အရွယ်ရောက်ပြီး ဖြစ်သည့် မိန်းကလေးများနှင့် အရွယ်ကောင်းဆဲ အမျိုးသမီးများကို တပ်သားသစ်များအဖြစ် စုဆောင်းသိမ်းသွင်းသည်။ အဆိုပါ တပ်သားသစ်များသည် သူတို့၏ သတ်သာချောင်ချိရေးတပ်ရင်းများ အတွက် ဖြစ်သည်။

သက်သာချောင်ချိရေး တပ်ရင်းများကို ဂျပန်ပြည်မှာ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ရှေ့တန်းစစ်မြေပြင်သို့ ဂျပန်တိုက်ခိုက်ရေးတပ်ဖွဲ့များ ချီတက်သွားပြီး သူတို့နောက်မှ ဒုတိယလှိုင်းလုံးကြီးများသဖွယ် လိုက်လံ ချီတက်လာသူများမှာ သက်သာချောင်ချိရေးတပ်ရင်းများ ဖြစ်သည်။

ယင်းတပ်ရင်းများကို အရွယ်ရောက်ပြီး အမျိုးသမီးများနှင့် ဖွဲ့စည်းထားသည်။ ဂျပန်ပြည်တွင် ပြည်ချစ်၊ မျိုးချစ်စိတ် ထက်သန်သည့် အမျိုးသမီးများကို စုစည်းသိမ်းသွင်းသည်။ ပြည်ချစ်၊ မျိုးချစ်စိတ်ရှိသည့် အမျိုးသမီးများဟု ဆိုသော်လည်း သူတို့ထမ်းဆောင်ရမည့် တာဝန်နှင့် ပတ်သက်၍ တတယ်တမ်း စိတ်ပါလက်ပါ ရှိ၊ မရှိဟူသည်မှာတော့ တွေးစရာ ဖြစ်သည်။

ရှေ့တန်းမှာ တိုက်ခိုက်နေကြသည့် နိပ္ပွန်တပ်မတော်သားများကို အဆိုပါ သက်သာချောင်ချိရေးတပ်ဖွဲ့ဝင် အမျိုးသမီးများက ဖျော်ဖြေကြ





ရသည်။ သက်သာချောင်ချိမှုကို ပေးကြရသည်။ စစ်အစပိုင်းတွင် သူတို့ဘက်က အသာစီးရနေသောကြောင့် ဂျပန်စစ်သားများအကြိုက် အလိုလိုက်ရန် အမျိုးသမီးများကိုယ်တိုင် လိုလိုလားလား ရှိလိမ့်မည်ဟု သူတို့မျှော်လင့်ထားခဲ့ကြသည်။ သို့သော်လည်း ဟောင်ကောင်၊ စင်ကာပူ၊ ရန်ကုန်နှင့် မန္တလေးမြို့များကို သူတို့သိမ်းပိုက်ပြီးသောအခါတွင် သူတို့ထင်ထားသလို မဟုတ်တော့ကြောင်း မြင်တွေ့ရတော့သည်။ အမျိုးသမီးများသည် မိမိတို့၏ဘဝကို အဆုံးခံပြီး သက်သာချောင်ချိရေးတပ်ရင်းများသို့ ဝင်ရောက်ဖို့ အသက်အသေခံကာ ငြင်းဆန်မှုများနှင့်သာ ကြုံတွေ့ရတော့သည်။

ထို့ကြောင့်လည်း အင်္ဂလိပ်ဘက်သား ရွာများဟု စွဲချက်တင်ပြီး ရွာကို မီးတင်ရှို့ကာ အရွယ်ရောက်သူ မြန်မာအမျိုးသမီးကလေးများအား သက်သာချောင်ချိရေးတပ်ရင်းများ အတွင်းသို့ ဇွတ်သွတ်သွင်းခဲ့မှုများ ရှိခဲ့သည်။

မသက်သာသည့် ရွာသူရွာသားများကို ကြိမ်ဒဏ်ပေးခြင်း၊ ရေနွေးလောင်းခြင်း၊ လက်သည်းခွံခွာခြင်း စသည်တို့မှာ အသေးအမွှား ဖြစ်သွားတော့သည်။ ယင်းသို့သော အပြုအမူများအပြင် ရက်စက်ကြမ်းကြုတ်တောက်မှုများကိုပါ ပြုလုပ်လေ့ရှိသည်။

ဆန်၊ စပါး အများအပြား စိုက်ပျိုးသည့် နယ်မြေဒေသမှန်သမျှကို ဂျပန်များက သိမ်းပိုက်ထားသည်။ ထွက်သမျှ ဆန်စပါးကိုလည်း သူတို့လက်အပ်ရသည်။ တိုင်းသူပြည်သားများစားဖို့ ဆန်စပါးကို သူတို့က ပြန်ဖြန့်ပေးသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်သူလျှိုဟု အစွပ်စွဲခံရသည့် ကျေးရွာများကို ရက်စက်ကြမ်းကြုတ်ရန် အလွန် လွယ်ကူသည်။

ထိုမျှ နှိပ်စက်ညှဉ်းပန်းနေသည့်ကြားကပင် ဂျပန်သစ္စာကို မခံသော မြန်မာတိုင်းရင်းသား အများအပြား ရှိလေရာ အံ့သြဖွယ်ကောင်းလှသည်။ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများသည်၊ ဖက်ဆစ်တို့အပေါ် သစ္စာမခံဆုံး ဖြစ်သည်။ ဖက်ဆစ်တို့က မည်မျှပင် နှိပ်စက်ကလူပြုပေစေ သူတို့ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားခဲ့သည်။ သူတို့တိုင်းပြည် ဖက်ဆစ်အောက်



www.burmeseclassic.com

www.burmeseclassic.com



ဘ လွတ်မြောက်ရေးအတွက် အဆိုးရွားဆုံးသော ဘေးအန္တရာယ်များကို သတ္တိပြောင်မြောက်စွာ ရင်ဆိုင်ခဲ့ကြသည်။

မည်သို့ဆိုစေ၊ သည်လိုကြားထဲမှာ လောက်ကောင်များ ရှိတတ်စမြဲဖြစ်ပါသည်။

ရေရှင်ရွာ အနီးမှာ လေကြောင်းမှ ထောက်ပံ့ရေးပစ္စည်း ချပေးအပြီး နောက်နှစ်ညအကြာတွင် ဂျပန်တပ်များနှင့် ပထမဦးဆုံးအကြိမ်တွေ့ဆုံတိုက်ပွဲဖြစ်ပွားတော့သည်။

ဘားမားရိုင်ဖယ်တိုက်ကင်းမှ တပ်စုတစ်စုနှင့် ဂျပန်တိုက်ကင်းတို့ရင်ဆိုင်တိုးကြသည်။ ယင်း ဟိုက်ပွဲတွင် ဘားမားရိုင်ဖယ်က အောင်ပွဲခံလိုက်ပါသည်။ ဂျပန်များကို အကျအဆုံးများစွာဖြင့် အောင်မြင်စွာ ချေမှုန်းတွန်းလှန်လိုက်နိုင်သည်။ ဂျပန်စစ်သား ၁၅ဦးကိုလည်း ဒဏ်ရာဖြင့် သုံ့ပန်းအဖြစ် ဖမ်းဆီးရမိခဲ့သည်။ ကျွန်တော်သည် တကယ့်စစ်မြေပြင်တွင် တကယ်တိုက်ပွဲအစစ်ကို မဆင်နွှဲသေးဘူးသော လူငယ်ကလေး စစ်စစ်သာလျှင် ဖြစ်ပါသည်။ ဖမ်းမိလာသည့် ဂျပန်စစ်သုံ့ပန်းကို ကျွန်တော်တို့ခိုအောင်းနေသည့် နေရာမှထွက်ပြီး သွားကြည့်ရသည်မှာ တစ်မျိုးထူးဆန်းနေသည်။

တိုက်ပွဲက ညဘက်တွင် ဖြစ်ပွားခဲ့လေသည်။ ဂျပန်သုံ့ပန်းကို **ကျွန်တော်တို့** စခန်းသို့ ညတွင်းချင်း ခေါ်လာပြီး သစ်ပင်အောက်မှာကြိုးတုပ်ထားသည်။ သူ့ရင်ဘတ်မှာ တော်မီဂန်းကျည်ဆန် မှန်ထားသည်။ သို့သော်လည်း သေလောက်သည့်ဒဏ်ရာ ဟုတ်ပုံမရ။

ကာကီရောင်ယူနီဖောင်း ဝတ်ထားသည်။ သူ့အင်္ကျီမှာ သွေးရွှဲနေသည်။ အစားအသောက် ကောင်းကောင်းမွန်မွန် စားရပြီး ကျန်းမာသန်စွမ်းပုံရသည်။ သူ့ခန္ဓာကိုယ်ပေါ်တွင် လက်ပစ်ဗုံး ရှိ မရှိ သေသေချာချာ စစ်ဆေးရှာဖွေပြီး ဖြစ်သည်။ ဖမ်းမိသည့် ဂျပန်စစ်သားများသည် သူတို့ ကိုယ်ပေါ်တွင် လက်ပစ်ဗုံးကို ဝှက်ထားတတ်သည်။ ရန်သူများဝိုင်းဝိုင်းလည်သော အချိန်ကျမှ ဝှက်ထားသည့် လက်ပစ်ဗုံးကို ရုတ်တရက် ထုတ်ယူပင်ဖြုတ်ပြီး ရန်သူများ အလယ်မှာ သူ့ကိုယ်သူ အဆုံးစီရင်တတ်သည်။ ထိုအခါတွင် ပတ်လည်မှာ ရှိနေကြသည့် ရန်သူများပါ အတုံး





အရုံး ဖြစ်ပေတော့။

သူသည် ကျွန်တော် ပထမဦးဆုံးအကြိမ် တွေ့မြင်ဖူးသော ဂျပန်သုံ့ပန်းဖြစ်ပါသည်။ တကယ်လက်တွေ့ မြင်တွေ့ရပြန်တော့လည်း ဘာမှထူးခြားသည်ဟု မဆိုသာ။ အသားက ဝါဝါ၊ ပါးစပ်က ကျယ်ကျယ်ဖြင့်ဂျပန်လူငယ်တစ်ယောက် ဖြစ်ပေသည်။ ယခု စစ်ဆင်ရေးတွင် ဤကဲ့သို့သော သုံ့ပန်းပေါင်း ဘယ်လောက်များများကို ထပ်မံတွေ့ရဦးမည်နည်းဟု ကျွန်တော် တွေးကြည့်မိသည်။ နောက်တစ်နေ့ မနက် နေထွက်လာတော့ ထိုသစ်ပင်အောက်မှာပင် သူ့အသက်ပျောက်ပြီး တောင့်နေသည်ကို တွေ့ရသည်။

ရေရှင်ရွာနှင့် မလှမ်းမကမ်းတွင် ဖြစ်ပွားခဲ့ရသည့် ထိုတိုက်ပွဲကြောင့် ကျွန်တော်တို့ စစ်ကြောင်းတစ်ခုလုံး အသင့်အနေအထားသို့ ချက်ချင်း ပြောင်းလိုက်ကြရသည်။ ရန်သူများနှင့် အချိန်မရွေး တွေ့နိုင်ပြီ။ လက်အားလုံးကို သေနတ်မောင်းများပေါ်မှာ အမြဲတင်ထားကြသည်။ မျက်စိအားလုံး ကျီးကန်းတောင်းမှောက် ဖြစ်နေကြသည်။ နားများအားလုံးသည် အပ်ကျသံကိုပင် ကြားရလောက်အောင် စွင့်ထားကြသည်။ လှုပ်ရှားမှု မှန်သမျှကိုလည်း အသံလုံနိုင်သမျှ လုံအောင် ထိန်းနေကြရသည်။ ဘယ်အချိန်တွင် ဘယ်နေရာက ရန်သူကျည်ဆန် ထွက်လာမည်နည်း။

မူးမြစ်ကမ်းသို့ ကျွန်တော်တို့ စစ်ကြောင်း ရောက်လာသည်။ ဆက်လက် ဖြတ်ကျော်ရဦးမည့်မြစ် ဖြစ်သည်။ ထိုမြစ်ကို ဖြတ်မကူးမီ ပုံမှန်ချီတက်ရေးကို ကျွန်တော်တို့ စွန့်လွှတ်လိုက်ကြသည်။ နည်းပရိယာယ်သုံးပြီးမှ တစ်ဖက်ကမ်းသို့ ကူးကြရန် ဖြစ်သည်။ ကျွန်တော်တို့စစ်ကြောင်းကို ချေမှုန်းဖို့ ဂျပန်များ အင်ကြီးအားကြီးဖြင့် စုစည်းနေလောက်ပြီ ဖြစ်ကြောင်း ခန့်မှန်းထားပြီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ကို ရုတ်တရက် ဝင်မတိုက်နိုင်အောင် ရသမျှ အချိန်ဆွဲသည့်သဘော ပြုလုပ်ရခြင်း ဖြစ်သည်။

မြစ်ကမ်းနံဘေးရှိ ရွာကလေးတစ်ရွာ အနီးသို့ အရောက်တွင် စစ်ကြောင်းနားရန် အမိန့်ရောက်လာသည်။ နောက်နှစ်နာရီအကြာတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာကို ပတ်ပြီး ချီတက်ရန် အမိန့်လည်း တစ်ဆက်တည်းပါလာသည်။

ထိုအမိန့်အတိုင်း ရွာနှင့်မနီးမဝေးမှဖြတ်ပြီး တောတွင်းသို့ တပ်စုလိုက် ကျွန်တော်တို့ ချီတတ်သွားကြသည်။ နောက်တပ်စုများကလည်း အရှိန်မပျက် ချီတက်လာသည်။ တောတွင်းသို့ ရောက်သောအခါ တော၏ မျက်ကွယ်အခွင့်အရေးကို ယူပြီး စောစောက စတင် ချီတက်ခဲ့သည့် နေ့ရာသို့ ပြန်သွားသည်။ ထိုနေရာမှတစ်ဖန် မူလချီတက်သည့် လမ်းကြောင်းအတိုင်း တောတွင်းသို့ ချီတက်ပြန်သည်။ တပ်စုများသည် ထို အတိုင်း အကြိမ်ကြိမ်အဖန်ဖန် လုပ်ကြသည်။

ဂျပန်၊ တရုတ်၊ မြန်မာ၊ အင်္ဂလိပ်မှန်သမျှသည် အတူတူပဲ ဖြစ်သည်။ မြင်ကွင်းကို ဖြတ်ပြီး ချီတက်သွားသောတပ်က တောအုပ်အကွယ်မှ ပြန်လာပြီး ထိုမြင်ကွင်းကိုပင် တစ်ကြိမ် ချီတက်သောအခါ စောစောက တပ်ပင်ဖြစ်သည်ဟု မည်သူမျှ မမှတ်မိနိုင်။

ထိုနည်းအားဖြင့် အထပ်ထပ်အခါခါ ဖြတ်ကျော်လေသောအခါတွင် အင်အား (၂၅၀)သာရှိသော ကျွန်တော်တို့ စစ်ကြောင်းကို အင်အားထောင်ပေါင်းများစွာ ပါဝင်သည့် တပ်မဟာကြီးတစ်ခု ချီတက်လာကြောင်း ဂျပန်သူလျှိုများက သတင်းပေးကြတော့သည်။ ဂျပန်များကလည်း ယုံကြည်လက်ခံကြရတော့သည်။ ထို့ကြောင့် ကျွန်တော်တို့ကို ရုတ်တရက် ဝင်မတိုက်ရဲတော့ဘဲ လက်တွန့်သွားခြင်း ဖြစ်သည်။

ထိုနည်းအားဖြင့် မူးမြစ်ကို လုံခြုံအေးချမ်းစွာ ဖြတ်ကူးနိုင်ခဲ့သည်။ ယခုဆိုလျှင် ကျွန်တော်တို့၏ ရည်မှန်းချက်နှင့် အလွန်တရာ နီးကပ်လာပြီ။ မန္တလေး၊ မြစ်ကြီးနား ရထားလမ်းပေါ်ရှိ ကျွန်တော်တို့၏ ရည်မှန်းချက်ဖြစ်သော ချပ်သင်းမြို့ကလေးသို့ တစ်နေ့ခရီးပင် ချီတက်ရတော့မည် မဟုတ်ပေ။ သည်မီးရထားလမ်းကို အားကိုးပြီး ရန်သူများက ရှေ့တန်းသို့ စစ်ကူပို့ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်၊ ဆေးဝါးနှင့် ရိက္ခာပို့ခြင်းများကို ပြုလုပ်နေကြသည်။

မူးမြစ်ကို ကျော်ဖြတ်ပြီး မကြာမီမှာပင် ကျွန်တော်တို့ အမှတ် (၂) စစ်ကြောင်း တောတွင်းမှာ စီတန်းနေရာယူရန် စစ်ကြောင်းမှူး ဗိုလ်မှူးအင်းမက်က အမိန့်ပေးသည်။ ဝင်ရောက်တိုက်ခိုက်ရမည့် ရည်မှန်းချက်





သို့ ရောက်လုနီးနေပေပြီ။ စိတ်ထဲမှာ အလွန် ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်နေမိသည်ကိုလည်း ထူးဆန်းစွာ သတိပြုမိသည်။

ကျွန်တော်နှင့် မလှမ်းမကမ်းမှ ဆက်သွယ်ရေးရဲဘော်သည် ဝိုင်ယာလက်စက်ကိုဖွင့်ပြီး နောက်တန်းစစ်ဌာနချုပ်ကို ခေါ်နေသည်။ နောက်တန်းစစ်ဌာနချုပ်က အင်ဖာမှာရှိသည်။ ကျွန်တော်တို့ ရောက်ရှိနေသည့်နေရာနှင့် မိုင်ပေါင်း (၁၅၀)လောက်ဝေးသည်။ နောက်တန်းစစ်ဌာနချုပ်နှင့် ကျွန်တော်တို့ အဆက်အသွယ်ယူနိုင်သည့် လမ်းကြောင်းမှာ ဝိုင်ယာလက်စက်တစ်လုံးသာ ဖြစ်သည်။

"ဟယ်လို . . . ဓာတ်မှန် . . . ဟယ်လို . . . ဓာတ်မှန် . . . ကြားရင်အကြောင်းပြန်ပါ . . . ဒါပဲ"

ဆက်သွယ်ရေးရဲဘော်က သူ့စက်ကို ဖွင့်ပြီး အဆက်အသွယ်ရဖို့ ကြိုးစားနေသည်။ သို့သော်လည်း မအောင်မြင်ရှာ။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေ ရွှဲနေသည်။ နေ၏အပူဒဏ်က မခံနိုင်လောက်အောင် ပြင်းထန်လှသည်။ နောက်တန်းစစ်ဌာနချုပ်နှင့် အဆက်အသွယ်ရအောင် သူ အကြိမ်ကြိမ် ကြိုးစားသည်။ သို့သော်လည်း ကြိုးစားတိုင်း ဘာမှ ထူးခြားမလာသည်ကိုသာ တွေ့ရသည်။

သူ့ကိုကြည့်ရင်း ကျွန်တော်ပါ ပျင်းရိငြီးငွေ့သလို ခံစားလာရသည်။ ပန်းရောင်နှင့် အဖြူရောင် ရောနေသည့် လိပ်ပြာတစ်ကောင် အပေါ်မှ ပျံဆင်းလာသည်။ ပြီးတော့ ဆက်သွယ်ရေးရဲဘော်၏ ဦးထုပ်ပေါ်မှာ သွားနားနေသည်။ အလွန်တရာ လှပသည့် လိပ်ပြာကလေးဖြစ်သည်။ ထိုမြင်ကွင်းကို ကြည့်ရင်း ကျွန်တော် ကြည်နူးလာပြန်သည်။ တောထဲ၊ တောင်ထဲမှ အလှကလေးတစ်ခု ဖြစ်သည်။ ထိုအခါ ဆက်သွယ်ရေးရဲဘော်က သူ့မျက်ခုံးပေါ်မှ ချွေးများကို လက်ဖြင့် သပ်ချလိုက်သည်။ သူ့ဦးထုပ်ပေါ်မှာ နားနေသော လိပ်ပြာကလေးက လန့်ပျံပြေးသွားသည်။ သစ်ပင်ထိပ်ဖျားများဆီသို့ ရောက်သည်အထိ အမြင့်ကြီး ပျံပြေးသွားပြီး ပျောက်ကွယ်သွားတော့သည်။

ကိုယ်ကို တစ်ပတ်လှိမ့်လိုက်မိသည်။ ဆက်သွယ်ရေးရဲဘော်က အားမလျှော့သေးဘဲ တရစပ် ခေါ်နေသည်။ သစ်ပင်များကို ကျော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရထားလမ်းဆီသို့ မျှော်ကြည့်လိုက်သည်။ သစ်တောများအကြားတွင် မီးရထားလမ်းက လဲလျောင်းနေသည်ကို အပေါ်စီးမှ ကျွန်တော် လှမ်းမြင်ရသည်။ ညနေပိုင်းသို့ ရောက်လာပြီ။ အပူရှိန်က မလျော့သေး။ မီးရထားလမ်းကို မျက်စိတစ်ဆုံး လှမ်းကြည့်မိသည်။

မီးရထားလမ်းတစ်လျှောက်တွင် မီးရထား မရှိ။ လူသူ မရှိ။ ယုတ်စွအဆုံး တိရစ္ဆာန်ပင် မရှိ။ ပကတိ သက်ရှိသတ္တဝါ ကင်းမဲ့နေသည်ကို တွေ့ရသည်။ မီးရထားလမ်း၏ တစ်ဖက်တစ်ချက်တွင် ကိုက်(၂၀)လောက် ကျယ်သည့် ကွင်းပြင်ကလေး ဖြစ်နေသည်။ ပြီးတော့မှ သစ်တောများက စတင်ပေါက်ရောက်သည်။

ကျွန်တော်တို့၏ အမှတ် (၂) စစ်ကြောင်းသည် မီးရထားလမ်းနှင့် ကပ်လျက် တောတွင်းတစ်နေရာမှ တောင်ကြောပေါ်မှာ နေရာယူထားသည်။ ချစ်ချစ်တောက် ပူပြင်းလောင်မြိုက်နေသည့် နေရောင်အောက်မှာ "န-နာရီ"ကို သည်းအတိုင်း ထိုင်စောင့်နေကြရသည်။ ယနေ့ည ကျွန်တော်တို့ လုပ်ငန်းစကြရတော့မည်။ မီးရထားလမ်းကို မိုင်းခွဲမည်။ ရန်သူစခန်းများကို ဝင်တိုက်မည်။

ဆက်သွယ်ရေးရဲဘော်ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။

သူကြိုးပမ်းချက် မအောင်မြင်တော့သောကြောင့် လက်လျှော့သွားပုံရသည်။ သစ်ပင်ကို ကျောမှီပြီး ခြေထောက်နှစ်ချောင်းကို သူ့ဝိုင်ယာလက်စက်ပေါ်မှာ တင်ထားကာ ငိုက်မျဉ်းနေသည်။ သူ့ဦးထုပ်ကို မျက်နှာပေါ်မှာ ဆွဲအုပ်ထားလေသည်။ သည်တောတွင်းတစ်နေရာမှာ ငြိမ်းချမ်းမှုကို သူ ကောင်းစွာ ရရှိနေသည့်ပုံ ဖြစ်သည်။ ခပ်လှမ်းလှမ်းမှ ငှက်အော်သံကိုလည်း ကြားရသည်။

သေနတ်ဒင်တစ်ခုက ကျွန်တော့်နံဘေးကို လာထောက်သဖြင့် ကျွန်တော် လန့်နိုးသွားသည်။ ကျွန်တော့်ဘေးနားမှာ မတ်တတ်ရပ်ပြီး ပြုံးကြည့်နေသူမှာ ဗိုလ်အာသာဘက်စ် ဖြစ်သည်။

"လက်ဖက်ရည်ဖျော်ပြီးပြီ ကဲ. . . ထ၊ သွားသောက်ရအောင်"

ထိုမျှပြောပြီး တစ်ဖက်သို့ လှည့်ထွက်သွားသည်။ အမြဲတမ်း ပျော်ရွှင်နေတတ်သည့် သူ့မျက်နှာပေါ်တွင် တစ်စုံတစ်ရာသောခံစားချက် ရှိနေ





သည်ဟု ကျွန်တော်ထင်သည်။

"ခင်ဗျား ဘာဖြစ်နေလဲ အာသာ. . . ခင်ဗျားမျက်နှာ ကြည့်ရတာ တစ်မျိုးပဲ"

"ဘာမှ မဖြစ်ပါဘူးကွာ. . . ဟောဒီဟန်းကောတွေနဲ့ ရေနွေးကျိုရတာ စိတ်ကုန်လွန်းလို့၊ နည်းနည်းကလေးနွေးဖို့ကို နာရီဝက်လောက် အချိန်ကုန်တယ်"

ပြောပြောဆိုဆိုဖြင့် လက်ဖက်ရည်ထည့်ထားသည့် မတ်ခွက်ကို လှမ်းပေးသည်။ လက်ဖက်ခြောက်ဖတ်တွေ ပေါလောမျောနေသည်ကို တွေ့ရသည်။

သူ့ကို သဘောကျစွာ ကျွန်တော်ကြည့်မိသည်။ ခြသေ့်တပ်တွင် ကျွန်တော် စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစ၍ အာသာနှင့် တွဲဖြစ်ခဲ့သည်။ အလွန် ပျော်တတ်သူ ဖြစ်သည်။ ကျွန်တော့်ထက် အနည်းငယ် အသက်ကြီးသည်။ ယခင်က ဘဏ်တိုက်စာရေးလုပ်ခဲ့သည်။ နောက် တပ်ထဲသို့ ရိုးရိုးရဲဘော်အဖြစ် ဝင်ရောက်ခဲ့ပြီး တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့သည်။ (၁၉၄၁)ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိ ဖြစ်လာသည်။

ခြသေ့်တပ်သို့ ကျွန်တော်ရောက်လာတော့ သူက ကျွန်တော့်ထက် စစ်မှုထမ်းသက်ရင့်ပြီး အတွေ့အကြုံများသည့်သူမို့ အစစအရာရာ ကျွန်တော့်ကို သွန်သင်ဆုံးမခဲ့သည်။ အချိန်အား ရတိုင်းလည်း ကျွန်တော်တို့နှစ်ယောက် စကားလက်ဆုံကျခဲ့သည်။ သူနှင့် ကျွန်တော် အယူအဆ ကွဲလွဲသည်များ ရှိတတ်သော်လည်း တစ်ယောက်အပေါ် တစ်ယောက်ထားရှိသည့် ခင်မင်မှုသံယောဇဉ်နှင့် တစ်ယောက်အသက် တစ်ယောက် အပ်ပြီး ရန်သူကို အတူလက်တွဲတိုက်ခိုက်ကြရမည့် ရဲဘော်ရဲဘက်ချင်းမို့ ခဏချင်းပင် အပြန်အလှန် နားလည်ခွင့်လွှတ်နိုင်ခဲ့ကြသည်။ ဘာပဲဖြစ်ဖြစ် ယခုအချိန်တွင် သူနှင့် ကျွန်တော်သည် ဘဝတူ တည်ကြက်များပင် ဖြစ်ပါသည်။

ကျွန်တော်က ဗိုလ်သင်တန်းဆင်းစ စစ်ဗိုလ်ပေါက်စ။ ဗိုလ်အာသာဘက်စ်က ကျွန်တော့်ထက် အတွေ့အကြုံ ရင့်ကျက်သူ။ ထို့ကြောင့်လည်း သူ့ကို ကျွန်တော် လေးစားမိသည်။ ပြင်သစ်နိုင်ငံတွင် ဂျာမန်တပ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ မည်သို့မည်ပုံ တိုက်ခိုက်ခဲ့ရကြောင်းများကိုလည်း ပြန်ပြောင်းပြောပြတတ်သည်။

သူတို့တစ်တွေက စစ်မြေပြင်မှာ တိုက်ပွဲဝင်နေကြစဉ် ကျွန်တော်သည် (၁၆)နှစ်သားမျှသာ ရှိသေးသည့် ကျောင်းသားကလေး။ သို့သော်လည်း စစ်သားများကို ကျွန်တော့်အဖေနှင့်အတူ ကူညီနိုင်ခဲ့သည့်အတွက် ကျွန်တော် ဂုဏ်ယူမိပါသည်။ ကျွန်တော့်အဖေမှာ မော်တော်ကားလေး တစ်စီးရှိသည်။ စစ်မြေပြင်မှ ကယ်ဆယ်ရရှိလာသည့် စစ်သားများကို ဝေးမောက်မြို့ ဆိပ်ကမ်းမှနေ၍ ဘေးလွတ်ရာသို့ ကူသယ်ခေါက်သယ်သယ်ပေးခွင့်ရရှိခဲ့သည်။

ဗိုလ်အာသာဘက်စ်ကမူ ပြန်တမ်းဝင်အရာရှိ ဖြစ်ပြီးသည်နှင့် အိန္ဒိယပြည်သို့ အထူးတာဝန်ဖြင့် စေလွှတ် တာဝန်ပေးခြင်းခံရသည်။ အထူးတာဝန်ဆိုသည်မှာ ဝင်းဂိတ်၏ ခြသေ့်တပ်ဖွဲ့သို့ ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ရခြင်း ဖြစ်သည်။

မြန်မာပြည်တောတွင်းမှာ ဆိုးရွားသည့် ရာသီဥတုနှင့် ထူထပ်သည့် တောတောင်တို့၏ ဒုက္ခမျိုးစုံကို ကျွန်တော်တို့ ရင်ဆိုင်ရင်း ချီတက်ခဲ့ကြရာတွင် အာသာသည် စိတ်ဓာတ်အရရော ခန္ဓာကိုယ်အရပါ အလွန်တောင့်တင်းကြံ့ခိုင်သူ ဖြစ်သည်ကို တွေ့ရသည်။ ကျွန်တော့်အဖို့ အလွန်အားကိုးလောက်သည့် တိုက်ဖော်တိုက်ဖက် တစ်ယောက်ရခြင်းပင် ဖြစ်ပါသည်။ ယခု ကျွန်တော့်ဘဝ၏ ပထမဦးဆုံး တိုက်ပွဲကို သူနှင့်အတူ လက်တွဲတိုက်ရမည် ဆိုသောအခါ စိတ်ပျော်လက်ပျော် ဖြစ်မိပါသည်။

အာသာဖျော်ထားသည့် လက်ဖက်ရည်ကိုသောက်ပြီး သူ့ကို တစ်ချက် ပြုံးပြလိုက်ကာ တစ်ရေးတစ်မော ပြန်အိပ်ဖို့ ကျွန်တော် လဲလျောင်းလိုက်မိပါတော့သည်။

✧ ✧ ✧



# အခန်း (၇)

## ဆင်ပြောင်ကြီး အမြီးကျမှတစ်

ထိုနေ့ညသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်နေကုန် ခိုအောင်းနေခဲ့သည့် တောအုပ်ကို ကျောခိုင်းကာ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပေါ်သို့ စစ်ကြောင်းကြီးတစ်ခုလုံး ဆင်းသက်လာခဲ့ကြသည်။ နောက်ဘက်ကို ပြန်မျှော်ကြည့်တော့ မည်းမှောင်နေသည့် သစ်တောကြီးကို လရောင်အောက်မှာ မြင်တွေ့ရသည်။

နှစ်နာရီမျှကြာအောင် မီးရထားသံလမ်းအတိုင်း ချီတက်ခဲ့ကြသည်။ ဘာသံမှလည်း မကြားရ။ ဘာအရိပ်အယောင်မှလည်း မမြင်ရ။ မိုင် (၁၀၀) ပတ်လည်လောက်အတွင်းမှာ ရန်သူတစ်စုံတစ်ယောက်မျှ ရှိလေဟန်မတူ။

ကျွန်တော်တို့ စစ်ကြောင်းတွင် လူ (၂၅၀)နှင့် လားအကောင်(၂၀) ပါသည်။ တစ်ဦးချင်း တန်းစီပြီး ချီတက်ကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ ရောက်ရှိ ချီတက်နေသည့် နေရာသည် ဂျပန်၏ ရှေ့တန်းစစ်ကြောင်း အတွင်းဘက် မိုင် (၁၅၀)အကွာလောက်မှာ ဖြစ်သည်။

စစ်ကြောင်းရပ်ရန် ရှေ့ဆုံးမှ ချီတက်နေသည့် စစ်ကြောင်းမှူး ဗိုလ်မှူးအင်းမက်ထံမှ အမိန့်ရသည်။ မီးရထားလမ်းတစ်လျှောက်မှာ ရပ်နေကြသည့် ကျွန်တော်တို့အားလုံး၏ မျက်လုံးများနှင့် သွားများမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိန်ထိန်သာနေသော လရောင်ဖြင့် အရောင်လက်သွားကြသည်။ ကျွန်တော့် ရှေ့မလှမ်းမကမ်းရှိ လားတစ်ကောင်ပေါ်တွင် ဗစ်ကာအမျိုးအစား အလတ်စား စက်သေနတ်တစ်လက် ရှိသည်။ ယင်း စက်သေနတ်၏ ပြောင်းဝကို လှမ်းမြင်နေရသည်။ ဂေါ်ရခါးစားကောက်များလည်း လရောင်အောက်မှာ အရောင်လက်နေကြသည်။

အနေရချောင်သွားအောင် ကျောပိုးအိတ်ကို အနေအထားပြင်လိုက်သည်။ ကျွန်တော့်ရှေ့မှာ ရှိနေသည့် လားမကလေးနယ်လီက အမြီးတိုယမ်းလိုက်သည်။ ကျွန်တော့် လက်ဖျံရိုးကို လာရိုက်မိနေသည်။ ထို့ကြောင့် နောက်ဘက်သို့ ခြောက်လက်မခန့် ရွှေ့ပေးလိုက်ရသည်။ စစ်ကြောင်း စတင်ချီတက်ခဲ့ကတည်းက နယ်လီနှင့်ကျွန်တော် အတူချီတက်ခဲ့သည်။ တောကိုတိုးလျှင် တိုးချင်း၊ တောင်ကိုတက်လျှင် တက်ချင်း နယ်လီ၏ နောက်မှ ကျွန်တော်ထက်ကြပ်မကွာ ပါခဲ့သည်။ နယ်လီသည် ကျွန်တော်တို့ စစ်ကြောင်း၏ ဝိုင်ယာလက်စက်ကို သယ်ဆောင်ခဲ့ရသည်။ သူနှင့်အတူ ခရီးရှည် ချီတက်ခဲ့ရပြီမို့ နယ်လီ အမြီးခတ်တတ်သည့် အကျင့်ကို ကျွန်တော်တို့ သိနေပြီ။ သူနှင့် မလွတ်မလပ်နေရာတွင် လူတစ်ယောက်ယောက် ရှိနေသောကြောင့် ထိုလူကို ကလူကျီစယ်သည့် အနေဖြင့် အမြီးခတ်ခြင်းလည်း ဖြစ်နိုင်သည်။

ဆက်လက်ချီတက်ဖို့ နောက်ထပ်အမိန့်စောင့်ရင်း မီးရထားလမ်းပေါ်မှာ ကျွန်တော်တို့ အမှတ်(၂)စစ်ကြောင်း ရပ်ဆိုင်းနေကြသည်။ ထိုအခိုက် တိမ်တိုက်ကြီးတစ်ခုအတွင်းသို့ လဝင်သွားသည်။ ငွေရောင်တောက်ပနေသော ကမ္ဘာလောကကြီးသည် မည်းမှောင်သော လောကအဖြစ်သို့ ပြောင်းလဲသွားသည်။

ရုတ်တရက် နယ်လီက ရှေ့တိုးသွားသည်။ သူ့ကို ထိန်းသည့် လားထိန်းက ဆွဲခေါ်သွားသောကြောင့် ဖြစ်သည်။ နယ်လီ ရှေ့သို့ ဆက်လက်ချီတက်ခြင်းသည် ကျွန်တော့်ကိုပါ ချီတက်ဖို့ အချက်ပြသည့်သဘောလည်း ဖြစ်သည်။ သူ ချီတက်ပြီးလျှင် သူ့နောက်မှကပ်၍ ချီတက်ရမည့်သူမှာ ကျွန်တော်ဖြစ်သည်။ ကျွန်တော် ရှေ့သို့ ဆက်လက်ချီတက်သောအခါ နောက်မှာ ရှိနေကြသူများလည်း အဆင့်ဆင့် ချီတက်လိုက်





ပါလာကြသည်။ သည်လိုနည်းဖြင့်ပင် စစ်ကြောင်းကြီးတစ်ခုလုံး ရှေ့သို့ ရွေ့လျားသွားတော့သည်။

အသံမထွက်အောင် ဂရုစိုက်ပြီး ချီတက်နေကြရသော်လည်း လုံးဝအသံလုံဖို့တော့ မတတ်နိုင်ပါ။ ကျွန်တော်တို့ ကိုယ်ပေါ်မှာ ပါလာသည့် သေနတ်၊ လက်ပစ်ဗုံး၊ လုံ့စွပ်၊ ရေဘူး၊ ဟန်းကောနှင့် ကျောပိုးအိတ်စသည်များက အနည်းနှင့်အများ ဆိုသလိုတော့ အသံမြည်စမြဲ ဖြစ်သည်။ မည်သည့်နည်းနှင့်မျှ ရှောင်တိမ်း၍ မရနိုင်ပါ။

အကာအကွယ်ယူ ပုန်းအောင်းနေသည့် တောတွင်းမှ ထွက်ပြီး အကာအကွယ်ကင်းမဲ့သည့် မီးရထားသံလမ်းပေါ်သို့ တက်ခဲ့ရသည့် အချိန်မှစ၍ ကျွန်တော့်စိတ်များ မသက်မသာ ဖြစ်နေမိသည်။ အကယ်၍ ချုံခိုတိုက်ခိုက်ခြင်း ခံရမည်ဆိုလျှင် ကျွန်တော်တို့ စစ်ကြောင်းသည် သည်သံလမ်းပေါ်မှာ ပစ်မလွဲ ဖွဲအိတ်ကြီးများဘဝသို့ ရောက်ရှိသွားပေတော့မည်။ ဘေးတစ်ဖက်တစ်ချက်တွင်လည်း တောကြီးက ထူထပ်နေသည်။ တောတွင်းက နေရာယူပြီး ချုံခိုတိုက်ခိုက်ကြရမည်ဆိုလျှင် ကျွန်တော်တို့ ဘာမှ မတတ်နိုင်ပါ။

ကျွန်တော်တို့ စစ်ကြောင်းမှာ တစ်ရှိန်ထိုးချီတက်နိုင်ခြင်းလည်း မရှိ။ ရန်သူရှာဖွေရေး တပ်စုများက ဘေးတစ်ဖက်တစ်ချက်ရှိ တောအုပ်များဆီသို့ သွားရောက်ကင်းထောက်သည့် အချိန်တိုင်း စစ်ကြောင်းတစ်ကြောင်းလုံး ရပ်နားပြီး စောင့်ဆိုင်းနေရသည်။ သည်လိုဖြင့် ရပ်နားပေးရသည့် အကြိမ်ပေါင်းမှာလည်း မရေမတွက်နိုင်အောင် ရှိနေပြီ။ တောတွင်းမှာလည်း လမ်းကြောင်းအကြိမ်ကြိမ် ရှာခဲ့ပြီ။ တောတွင်း၌ လမ်းကြောင်းတွေ့လျှင် တောကိုအကာအကွယ်ယူ၍ ထိုလမ်းကြောင်းအတိုင်း ချီတက်လာကာ ရည်မှန်းချက်ဖြစ်သော ချပ်သင်းသို့ အရောက်သွားရန်ဖြစ်သည်။ သို့သော်လည်း လမ်းရှာမတွေ့ခဲ့ပါ။

တစ်ကြိမ်တွင် တောတွင်းမှ လမ်းကြောင်းတစ်ခုကို တွေ့သည်။ သို့သော်လည်း ထိုလမ်းကြောင်းမှ ချီတက်၍ မဖြစ်နိုင်ပါ။ ထိုလမ်းကြောင်းအတိုင်း ချီတက်လျှင် ရည်မှန်းချက်သို့ အချိန်နောက်ကျပြီးမှ ရောက်မည်။ ယင်းလမ်းကြောင်းက ခရီးကို ပိုဝေးစေသည်။ သတ်မှတ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်နှင့်အစီအစဉ်အတိုင်း ရည်မှန်းချက်သို့ ရောက်ဖို့လိုအပ်သည်။ အမှောင်ထုကို အကာအကွယ်ယူပြီး ရန်သူစခန်းဆီကို လျှပ်တစ်ပြက် ဝင်ရောက် စီးနင်းနိုင်ဖို့ လိုသည်။

လမ်းကြောင်းတစ်ခု တွေ့ပြန်ပြီဟု လမ်းပြများက သတင်းပို့သဖြင့် ခဏရပ်နားရပြန်သည်။ ရှေ့ဆုံးကင်းမှ ဘာသံကြားရမည်နည်းဟု စောင့်ရင်း ကျွန်တော် တစ်ချက်သမ်းလိုက်မိသည်။ လူသံနှင့် ဝန်တင်လားတို့၏ အသံများသာ ပျံ့လွင့်လာသည်။ ကျွန်တော် တစ်ချက် ထပ်သမ်းလိုက်မိပြန်သည်။

ကျွန်တော့်မျက်စိနှင့် မမြင်နိုင်သည့် ရှေ့တန်းတစ်နေရာဆီမှ သေနတ်သံတစ်ချက် ထွက်လာသည်။ သို့သော်လည်း စက္ကန့်ပိုင်းကလေးမျှသာ ကြာသည်။ ကျွန်တော့်ပတ်လည်မှ လောကကြီးတစ်ခုလုံး ပေါက်ကွဲသံများဖြင့် ဖုံးလွှမ်းသွားချေတော့သည်။

စက်သေနတ်သံကို အဆက်မပြတ် ကြားရသည်။ စစ်ပွဲလေ့ကျင့်မှုအတွေ့အကြုံအရ ဂျပန်စက်ကလေးသံဖြစ်ကြောင်း သိနားလည်လိုက်သည်။ အခြား စက်သေနတ်များ၏ အသံကလည်း သံပြိုင်ပေါ်လာသည်။ ရိုင်ဖယ်သေနတ်သံများကလည်း စက်သေနတ်သံနှင့် ပူးပေါင်းလိုက်ကြသည်။ **တိုက်ပွဲတစ်ခု၏ ကြောက်မက်ဖွယ်ကောင်းသော အသံများက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားလေပြီ။**

"နေရာယူ"

ရှေ့ပိုင်းတစ်နေရာမှ အော်ဟစ်အမိန့်ပေးသံကို ကြားရသည်။ အသံက ကြမ်းတမ်းခက်ထန်လှသည်။

"ဘုရား . . . ဘုရား" ဟူသော အသံတစ်ခုလည်း ဆက်တိုက်ပေါ်လာသည်။ ပြီးတော့ တိတ်သွားသည်။

ကျွန်တော့်ပခုံးပေါ်မှ တော်မီဂန်းသည် တိုက်ပွဲဝင်တော့မည့် အနေအထားဖြင့် ကျွန်တော့်လက်တွင်းသို့ ချက်ချင်း ရောက်လာသည်။ ညသည် အလွန် ပူအိုက်နေသည်။ သို့သော်လည်း ကျွန်တော့်ကိုယ်ပေါ်မှာ အေးစက်နေသည့်ချွေးများ ရွှဲနေသည်။

ရှေ့သို့ လှမ်းကြည့်သည်။ ဘာမှ မမြင်ရ။ ကျွန်တော့်ရှေ့မှ လားမ





ကလေးနယ်လီက ပတတ်ရပ်လိုက်သည်။ ကျွန်တော့်ကိုယ်ပေါ်မှာ ထိုးကျနေသည့် လရောင်ကို သူ့ကိုယ်လုံးနှင့် ကွယ်လိုက်သလို ဖြစ်သွားသည်။ တစ်ဆက်တည်း နောက်ပိုင်းသို့ လှည့်ကာ မီးရထားသံလမ်းခင်းထားသည့် တာရိုး၏ ဘေးသို့ဆင်းပြီး ဝပ်ချလိုက်သည်ကို တွေ့ရသည်။

သည်တော့မှ ကျွန်တော့်အသိအာရုံများ ပြန်လည်ဝင်စားလာသည်။ သည်စစ်ပွဲမှ လွတ်ကင်းအောင် ရှောင်ပြေးလိုသည့်စိတ်များလည်း အဆက်မပြတ် ပေါ်ထွက်လာသည်။ ဝန်တင်လားမကလေး နယ်လီ၏ နောက်မှ တစ်ဆက်တည်း ကျွန်တော်လည်း ဒိုင်ဗင်ထိုးချလိုက်မိလေတော့သည်။

စစ်ကြောင်းကြီး တစ်ခုလုံး ဗရုန်းသုန်းကားနှင့် ဖရိုဖရဲ ဖြစ်နေသည်။ ရန်သူနှင့်မတွေ့မီ ချီတက်လာကြစဉ်တုန်းကတော့ အင်မတန်စနစ်ကျသည်။ စည်းကမ်းရှိသည်။ ယခု ရန်သူနှင့်ပက်ပင်းတိုးသည်နှင့် တစ်ပြိုင်တည်း ကစဉ့်ကလျား ဖြစ်ကုန်တော့သည်။

ဝန်တင်လားနှင့် မြင်းတွေရော၊ လူတွေရောပါ သံလမ်းပေါင်ဘေးတစ်လျှောက်တွင် ဝပ်သူဝပ်၊ လှိမ့်သူလှိမ့်၊ လူးသူလူးဖြစ်နေကြသည်။ အချို့က ကြောင်ပြီး တောင့်ဓုတောင့်ကြီး ရပ်နေကြဆဲ ဖြစ်သည်။ အထိတ်တလန့်ဖြင့် ကန်ကျောက်ရုန်းကန်နေသည့် လားများကို လားတပ်ရဲဘော်အချို့က မရမက ထိန်းနေကြသည်။

ဂျပန်စက်သေနတ်သံများက အဆက်မပြတ် ပေါ်နေသည်။ ခဏကြာတော့ ကျွန်တော်တို့၏ ဘရင်းဂန်းသေနတ်သံများကို ကြိုကြားကြိုကြား စတင်ကြားလာရသည်။ ရိုင်ဖယ်သံများ၊ သေနတ်မောင်းပြန်တင်သည့် အသံများ၊ လက်ပစ်ဗုံးပေါက်ကွဲသံများပါ ဆက်တိုက်ပေါ်ထွက်လာသည်။ သည်တော့မှ နှစ်ဖက်ပစ်ခတ်မှုများ ရောထွေးသွားကာ တကယ့်တိုက်ပွဲကြီး၏ အသွင်သို့ ရောက်တော့သည်။

ကျွန်တော့်ဘေးမှ ဘရင်းဂန်းသေနတ် စတင်ပစ်ခတ်သံကို ကြားရသည်။ ကျွန်တော်နှင့် အလွန် နီးကပ်လှသည်။ ကျည်ဆန်များက ကျွန်တော့်ခေါင်းပေါ်မှကျော်ပြီး မီးရထားသံလမ်းအထက်မှ ဖြတ်သန်းပြေးထွက်သွားကြသည်။ ကျွန်တော့်ပတ်လည်မှ ဒဏ်ရာရနေသည့် ရဲဘော်



www.burmeseclassic.com

www.burmeseclassic.com



များ၏ အော်ဟစ်ညည်းညူသံကိုလည်း ကြားရသည်။

အော်ဟစ်အမိန့်ပေးသံ၊ ထိန်းမနိုင်သည့် လားများကို ဖွတ်အတင်း ထိန်းသိမ်းနေသည့်အသံ၊ ဆဲသံဆိုသံ၊ ညည်းညူသံ၊ ဂျပန်စက်သေနတ်သံ၊ ကျွန်တော်တို့၏ ဘရင်းဂန်းသံ၊ ရိုင်ဖယ်သံ၊ လက်ပစ်ဗုံးပေါက်ကွဲသံ၊ မော်တာကျည်ဆန်ကျကွဲသံ၊ ပစ္စတိုသေနတ်သံ၊ ခြောက်လုံးပြူးသေနတ်သံ၊ လှံစွပ်များတပ်သည့် အသံ၊ ဂေါ်ရခါးဓားကောက်များ ထုတ်သံ စသည်ဖြင့် တိုက်ပွဲ၏ သွေးဆာသောအသံမျိုးစုံတို့ တစ်ပြိုင်တည်း ဖြစ်ပေါ်နေသည်။

ကျွန်တော့်ရှေ့နှင့် နောက်နားမှာ လက်ပစ်ဗုံးများ ကျကွဲသည်။ ကျောက်ခဲစကလေးများက မိုးရေစက်များလို ကျွန်တော့်ကိုယ်ပေါ်သို့ တဖွဲဖွဲကျလာသည်။ ရေခဲရေနှင့် အပက်ဖျန်းခံလိုက်ရသလို ကျွန်တော့်ခေါင်းထဲမှာ ကြည်လင်လာသည်။ ရုတ်တရက် ကျွန်တော် သတိပြန်ဝင်လာသည်။ ဘေးပတ်လည်မှ အသံများကိုလည်း ကောင်းစွာ သတိထားမိတော့သည်။

"လှံစွပ်တပ်"

ကျယ်လောင်စွာ ကျွန်တော် အော်ဟစ်အမိန့်ပေးလိုက်သည်။ စိတ်တယောင်ချောက်ချား အော်ဟစ်လိုက်သည့် အသံမျိုး ဖြစ်သည်။ အံ့ဩစရာကောင်းလောက်အောင်ပင် ကျွန်တော်ကိုယ်တိုင် အော်ဟစ်အမိန့်ပေးလိုက်မိခြင်း ဖြစ်ကြောင်း သတိထားမိသည်။ ကျွန်တော့် အမိန့်ကို တုံ့ပြန်သည့်အနေဖြင့် လှံစွပ်တပ်သံများကို ကြားရသည်။ ကျွန်တော်သည် ယခုတိုက်ပွဲတွင် ထိရောက်စွာ ပါဝင်ဆင်နွှဲနေသည့် အစိတ်အပိုင်းတစ်ခု ဖြစ်သွားလေတော့သည်။

လားတစ်ကောင်က နောက်ပိုင်းသို့ ပြန်ပြေးလာသည်။ လားထိန်းရဲဘော်က ပင်ပန်းတကြီး လိုက်ထိန်းနေသည်။ လားပေါ်မှာ တင်ထားသည့်အထုပ်က ကြိုးပြတ်သွားပြီး တစ်ဖက်ခြမ်းမှာသာ အထုပ်တစ်ခုတွဲလောင်းရှိနေသည်။ တွဲလောင်းဖြစ်နေသည့် အထုပ်ကို လှမ်းကြည့်လိုက်သောအခါ ပေါက်ကွဲမှုအင်အား အလွန်ကြီးမားသည့် (၈၀၈)ယမ်းဘီလူးသေတ္တာ ဖြစ်နေသည်ကို တွေ့ရသည်။ လားထိန်းဂေါ်ရခါးက ဇက်





ကြိုးဆွဲထိန်းနေသည်။ ကျွန်တော် ဘာမှ စဉ်းစားမနေနိုင်တော့ဘဲ တာရိုးနှင့် တစ်သားတည်းကျအောင် ဝပ်နေလိုက်တော့သည်။ သည်နောက်ကတော့ လားနှင့် ယမ်းဘီလူးသေတ္တာမှာ လွတ်ထွက်သွားတော့သည်။

ခေါင်းမော့ပြီး သံလမ်းကိုကျော်ကြည့်လိုက်သည်။ တစ်ဖက်ခြမ်းမှာရှိနေသော တောအုပ်ကို လရောင်အောက်မှာ မြင်ရသည်။ တောစပ်တွင် အော်ဟစ် ညာသံပေးနေကြသည့် ဂျပန်စစ်သားများကိုပါ တွေ့ရသည်။ သူတို့၏ လက်နက်များမှာ လရောင်အောက်တွင် ပြိုးပြိုးပြက်ပြက် လက်နေကြသည်။ ကျွန်တော်နှင့် ကိုက်သုံးဆယ်လောက်သာ ကွာဝေးမည်။

"ဘန်ဇိုင်း. . . ဘန်ဇိုင်း"

ဂျပန်တို့၏ စစ်ကြွေးကြော်သံများမှာ တစ်တောလုံး ညံနေသည်။ စစ်မြေပြင်တစ်ခုလုံးကို ဖုံးလွှမ်းနေသည်။ ကျွန်တော်၏ ညာဘက်လက်သည် ခါးပတ်ဆီသို့ အလိုအလျောက် ရောက်သွားသည်။ လက်ပစ်ဗုံးကို အသင့်စမ်းမိသည်။ ဖြုတ်ယူပြီး ပင်ကိုပါ တစ်ဆက်တည်း ဖြုတ်လိုက်သည်။ ကိုက်သုံးဆယ် အကွာခန့်တွင်ပင် ဟစ်ကြွေးနေသည့် ရန်သူများဆီသို့ လှမ်းပစ်လိုက်သည်။ ရန်သူတို့၏ အလယ်တည့်တည့်မှာ အနီရောင် မီးတောက်နှင့် အမည်းရောင် မီးခိုးလုံးများ ထသွားသည်ကို လရောင်တွင် မြင်တွေ့လိုက်ရသည်။ စောစောက အော်ဟစ်အမိန့်ပေးနေသော ရန်သူများ လက်ပစ်ဗုံးပေါက်ကွဲသည့် ပတ်လည်မှာ လဲပြိုကျသွားကြတော့သည်။

ကျွန်တော်၏ လက်ပစ်ဗုံး ကျပေါက်ကွဲသံသည် ပတ်လည်ကို အချက်ပေးလိုက်သလို ဖြစ်သွားလေသည်။ ပတ်လည်မှ တော်မီဂန်း၊ ဘရင်းဂန်း နှင့် ရိုင်ဖယ်သံများ အစုလိုက်အပြုံလိုက် ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ဂျပန်စစ်ဗိုလ်တစ်ယောက် ရှေ့မှာ ဘွားခနဲပေါ်လာသည်။ ကျွန်တော်နှင့် (၁၅)ကိုက်မျှသာ ဝေးမည်။ သူ့လက်ထဲမှာ ဓားရှည်ကို ကိုင်ထားသည်။ ကျွန်တော့်ဆီသို့ ဦးတည်ပြေးလာနေသည်။ သူ့ရင်ဘတ်တည့်တည့်ကို တော်မီဂန်းနှင့် ထိုးချိန်ပြီး မောင်းဖြုတ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပခုံးစွန်းတွင် ဘာတွန်းကန်အားမှ လာဆောင့်သည်ကို မခံစားလိုက်ရပါ။ ထို့ကြောင့် နောက်ထပ် မောင်းဆက်ဖြုတ်သည်။ ရှေ့နည်းအတူ ဖြစ်သည်။ ဂျပန်စစ်ဗိုလ်ကလည်း ဓားမိုးလျက်နှင့် တဖြည်းဖြည်း နီးကပ်သည်ထက် နီးလာပြီ။ မောင်းကို ဆက်ခါဆက်ခါ ဖြုတ်ချသည်။ တော်မီဂန်းမှ ဘာသံမှ ထွက်ပေါ်မလာပါ။

ကျွန်တော့် မျက်နှာပေါ်တွင် ချွေးများ ချက်ချင်း ရွှဲလာသည်။ မျက်လုံးထဲသို့ စီးဝင်လာသည်။ ဂျပန်စစ်ဗိုလ်က ဆာမူရိုင်းဓားရှည်ကို ဝင့်ရင်း ဝင်လာသည်။ ဘာဆက်လုပ်ရမည်နည်း။ ထိုအခိုက် ဓားလွတ်ကိုင် ဂျပန်စစ်ဗိုလ်သည် ကျွန်တော့်ရှေ့နားမှာ ပုံလဲသွားတော့သည်။

မျက်လုံးထဲသို့ စီးဝင်နေသည့် ချွေးများကို လက်ဖမိုးဖြင့် သုတ်ပစ်လိုက်သည်။ ယခုမှ အသက်ရှူရကောင်းမှန်း သိတော့သည်။ ညာဘက်ဘေးမှ ရယ်သံကြားရသည်။ လှည့်ကြည့်လိုက်တော့ အားပါးတရ ပြုံးနေသည့် ကျွန်တော့် အကူရဲဘော်ကားလ်ဗဟာဒူးကို တွေ့ရသည်။ ပြီးတော့ ကျွန်တော့်ဆီသို့ အလွန် ယုံကြည်စိတ်ချသည့် ပုံစံမျိုးဖြင့် ကိုယ်ကို ကိုင်းလိုက်ပြီး လေသံနှင့်ပြောသည်။

**"ဗိုလ်ကြီး** မောင်းပြန်သေနတ်ကို ပစ်မယ်ဆိုရင်၊ အရင်မောင်းတင်**ရတယ်လို့ ညွှန်ကြား**ချက်စာအုပ်ထဲမှာ ပါတယ်ဗျ။ ဘေးက မောင်း**တလေးတို့ အသာ**ကလေး နောက်ဘက်ဆွဲလိုက်ရုံပဲ"

စကားဆုံးသောအခါ ကားလ်ဗဟာဒူးက ခပ်တိုးတိုးကလေး ရယ်ပြန်သည်။ ပစ်သံခတ်သံတွေ ဆူညံနေသည့်ကြားမှာပင် သူ့ရယ်သံကို ကောင်းစွာ ကြားရသည်။ ကျွန်တော်ကလည်း ပြန်ရယ်မိသည်။ ကယောင်ချောက်ချား ရယ်မိခြင်းလော၊ ရှက်ကိုးရှက်ကန်း ရယ်မိခြင်းလော ကျွန်တော် အတိအကျ မပြောနိုင်ပြီ။

ဤမျှ တိုက်ပွဲပြင်းထန်နေချိန်တွင် ကားလ်ဗဟာဒူးသည် သူ့အရာရှိက မောင်းမတင်ဘဲ သေနတ်ပစ်နေသည်ကို ဟာသလုပ်မိအောင် လုပ်နိုင်သူဖြစ်သည်။

ရုတ်ခြည်း ဆိုသလိုပင် သေနတ်သံများ စဲသွားကြသည်။ တိုက်ပွဲပြီးသွားသည့်သဘောမျိုး ဖြစ်နေသည်။ ရိုင်ဖယ်သေနတ်သံအချို့ကိုသာ





ခပ်ဝေးဝေးဆီမှ ကြိုကြားကြိုကြား ကြားရတော့သည်။ ကျွန်တော့်ဘဝတွင် ပထမဦးဆုံး နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ရသည့်တိုက်ပွဲမို့ ကျွန်တော်တုန်လှုပ်ချောက်ချားနေမိသည်မှာ အမှန် ဖြစ်ပါသည်။ ယခုလို အလွန်တရာ တိတ်ဆိတ်သွားပြန်တော့လည်း နေမထိထိုင်မသာ ဖြစ်နေမိပြန်သည်။ ယခု တိုက်ပွဲသည် ကျွန်တော်တို့ ချုံခိုအတိုက်ခံရသည့် တိုက်ပွဲဖြစ်သည်။ ရန်သူအင်အား ဘယ်လောက်များများဖြင့် ကျွန်တော်တို့ အတိုက်ခံရခြင်း ဖြစ်ကြောင်း ခန့်မှန်းကြည့်မိသည်။

မီးရထားလမ်း တစ်ဖက်တစ်ချက်ရှိ တောတွင်းမှနေ၍ တရစပ်ပစ်ခတ်ခဲ့ကြသည့် ရန်သူ့လက်နက်အမျိုးအစားများကို ကျွန်တော် ခွဲခြားကြည့်သည်။ (၃)လက်မမော်တာကြီးတွေ ပါသည်။ (၂)လက်မမော်တာကလေးတွေပါသည်။ စက်ကလေးများ ပါသည်။ ရိုင်ဖယ်လည်းပါသည်။ အနည်းဆုံး စက်ကြီးနှစ်လက်ပင် ပါဦးမည်ဟု ထင်ရသည်။ ရန်သူ၏ပစ်ခတ်ခြင်းကို ဘယ်တုန်းကမှ ကျွန်တော် မခံခဲ့ရဖူးဘူးသေးချေ။ သို့သော်လည်း ကျွန်တော့်အသိဉာဏ်နှင့်ကျွန်တော် ခန့်မှန်းကြည့်သည်။ ဂျပန်တို့က အနည်းဆုံး လူ (၈၀၀)ပါသည့် တပ်ရင်းတစ်ရင်းနှင့် လူ (၂၅၀)သာပါသော ကျွန်တော်တို့ စစ်ကြောင်းကို အပြင်းအထန် ချေမှုန်းခြင်းဖြစ်ရမည်။ ကျွန်တော် ခန့်မှန်းတွက်ဆချက် မှန်ကန်ကြောင်း နောက်ကျမှ သိရတော့သည်။

ယခု ဘာဆက်လုပ်မည်နည်း။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေပြီ။ ရထားလမ်းနှစ်ဖက်ရှိ တောတွင်းမှ နောက်ထပ် ရန်သူများ ထွက်လာကာ တစ်လောထပ်တိုက်ကြဦးမည်လော။ သို့တည်းမဟုတ် ယခုလို ကျွန်တော်တို့ ငြိမ်သက်စွာ ဝပ်နေတုန်း ဂျပန်များက ကျွန်တော်တို့ကို လုံးဝ ပိတ်မိအောင် နောက်ပိုင်းမှ လှည့်ဝိုင်းနေကြပြီလော။

ကျွန်တော့် ဘယ်ဘက်ဘေးမှ တစ်စုံတစ်ယောက်၏ ကျည်ကပ်လဲသံက အလွန်တိတ်ဆိတ်နေသည့်ညမှာ ခေါင်းလောင်းထိုးသံလို ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်လာသည်။ ကျွန်တော့် ဘယ်ဘက်ဘေးမှာမည်သူ ရှိသနည်း။ ကားလ်ဗဟာဒူးသည် ကျွန်တော့် ညာဘက်ဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



နှိုသည်။ သို့ဆိုလျှင် ဘယ်ဘက်ဘေးက မည်သူနည်း။

စစ်ဗိုလ်တစ်ယောက်အနေဖြင့် ထမ်းဆောင်ရမည့် တာဝန်များကို ကျွန်တော် ချက်ချင်း သတိရလိုက်သည်။ မိမိပတ်လည်တွင် မည်သူတွေ ရှိနေကြောင်း သိရမည်။ မိမိပတ်လည်မှာ ရှိနေသူများနှင့် မကင်းမကွာ ရှိရမည်။ မိမိပတ်လည်တွင် ဘယ်သူတွေပဲ ရှိနေပေစေ၊ နောက်ထပ် ဆက်လက်တိုက်ပွဲဝင်ဖို့အတွက် သူတို့အားလုံးကို ကျွန်တော်၏ အုပ်ချုပ်မှု အောက်သို့ သွတ်သွင်းထားရမည်။

"ကားလ်ဗဟာဒူး၊ ဟေ့-ကားလ်ဗဟာဒူး"

ကျွန်တော်က လေသံဖြင့် ခေါ်သည်။

"ဟုတ်ကဲ့ဗိုလ်ကြီး" သူက ညင်သာစွာ ပြန်ထူးသည်။

"မင်းညာဘက်မှာ ဘယ်သူရှိသလဲ"

ကျွန်တော့်မေးခွန်း ဆုံးသွားသော်လည်း ချက်ချင်း အဖြေပြန် မလာ။ ကားလ်ဗဟာဒူးက အမှောင်ထဲသို့ အားစိုက်ကြည့်နေပုံရသည်။ အတော်ကြာတော့မှ အဖြေ ပြန်ရသည်။

"ဘယ်သူမှ မမြင်ရဘူး၊ ကျွန်တော် သွားကြည့်ရမလား"

"သွားကြည့် . . . ခြေသံလုံပစေ"

တစ်ဖက်သို့ သူထွက်သွားသည်။ သူ့ခါးမှာရှိနေသည့် ကျည်ဘူး အချင်းချင်း ရိုက်ခတ်သံများ ထွက်ပေါ်လာသည်။ ပြီးတော့ တိတ်သွား သည်။ မိနစ်အနည်းငယ်ကြာတော့ အသံ တိုးတိုးကလေးများ ပြန်ကြားရ ပြန်သည်။ ကျွန်တော့်အနီးသို့ မိကျောင်းတွားတွားပြီး သူပြန်ကပ်လာ သည်။

"တစ်ယောက်မှ မတွေ့ခဲ့ဘူး ဗိုလ်ကြီး၊ အလောင်း လေးငါး လောင်းပဲ တွေ့ခဲ့တယ်"

ထို့ကြောင့် ကျွန်တော့် ဘယ်ဘက်ဘေးမှာ ရှိနေသည့် ဂေါ်ရခါး စစ်သားကလေးဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

"ဟိုဘက်ကို သတင်းဆက်ပို့၊ မင်းဘယ်ဘက်မှာ ရှိနေသူတွေနဲ့ အဆက်အသွယ်ယူ"

ကျွန်တော် အမိန့်ပေးသော်လည်း ဂေါ်ရခါးစစ်သားကလေးက





ငေးနေသည်။ ကျွန်တော် ပြောနေသည်ကို ကြားဟန်မတူဘဲ ကောင်းကင် သို့သာ မမှိတ်မသုန်ကြည့်နေသည်။ သူ့လက်ထဲက ရိုင်ဖယ်သေနတ်ကိုမူ တိုက်ပွဲဝင်ရန် အသင့်အနေအထားမျိုးမှာ ကိုင်ဆောင်ထားသည်။

သူ့အနေအထားကို မြင်ရသောအခါ ကျွန်တော့်စိတ်ထဲမှာ အလိုလို လုံခြုံမှု ရလာသည်။ သည်လို သတိဝီရိယကောင်းသော ဂေါ်ရခါး စစ်သားများကို ဘယ်ညာ နေရာယူခိုင်းပြီး စစ်တိုက်ရလို့များကတော့ ဘယ် လောက် တိုက်ရတိုက်ရဟု စိတ်ကူးပေါက်လိုက်မိသည်။ ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ရမည်ဆိုလျှင် အမိန့်ကို တစ်သဝေမတိမ်းနာခံပြီး တိုက် ခိုက်တတ်ကြသော စစ်သားကောင်းများ ဖြစ်သည်ကို လက်တွေ့ကျမှ ပိုမို သိရှိရတော့သည်။

မည်သို့ပင် သတိအနေအထားမှာ ရှိနေတတ်သော်လည်း ဘယ် ဘက်ဘေးမှ ဂေါ်ရခါးရဲဘော်သည် ကျွန်တော့်အမိန့်ကို ချက်ချင်း လိုက်နာဖို့ လိုသည်။ သို့သော် သူ မတုန်မလှုပ်လုပ်နေသည်။ ကျွန်တော် စိတ်မရှည် နိုင်တော့ပြီ။ ထို့ကြောင့် သူ့ကို အမိန့်ထပ်ပေးသည်။ သူက ငေးမြဲငေးနေ သည်။

"ဟေ့ကောင် ငါပြောတာ မကြားဘူးလား"

ကျွန်တော်က ပြောပြောဆိုဆို သူ့ပခုံးကို ခပ်ကြမ်းကြမ်း တွန်းပစ် လိုက်သည်။ တစ်ဖက်သို့လည်ပြီး သူလဲကျသွားသည်။ ပြီးတော့ မလှုပ် မယှက်ငြိမ်သက်နေသည်။ ကျွန်တော့် တစ်ကိုယ်လုံးရှိ သွေးကြောများ ရပ်ဆိုင်းသွားသည်။

အမြဲတမ်း ပြုံးရွှင်နေတတ်သည့် ဂေါ်ရခါးစစ်သားကလေး၏ ယခင်လှုပ်ရှားမှုများ ကျွန်တော့်စိတ်အာရုံထဲမှာ ပြန်လည်မြင်ယောင် လာသည်။ သူသည် ကျွန်တော့်ထက်ပင် အသက် ငယ်လွန်းသေးသည်။ စစ်ပွဲဖြစ်ပြီဆိုလျှင် စစ်မြေပြင်မှာပင် လူများ သေကျေပျက်စီးကြကြောင်း ကျွန်တော် ကြားဖူးပါသည်။ ဓမ္မတာလည်း ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော် ကိုယ်တွေ့ မကြုံဖူးဘူးသေးပါ။ ယခု ကြုံမည့်ကြုံရတော့ ကျွန်တော့် ဘေးမှာပင် သူ့အသက်ပျောက်လျက် ရှိချေပြီ။ ကျွန်တော် ခြသေ့်တပ်သို့ ရောက်သည့်အချိန်မှစပြီး သည်ဂေါ်ရခါးရဲဘော်ကလေးနှင့် လက်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



တတိုးနေခဲ့ရသည်။ သူသည် ကျွန်တော့်တပ်စုမှ ရဲဘော်ဖြစ်သောကြောင့်လည်း ကျွန်တော်နှင့် ပိုရင်းသည်။

သူ့အသက်မှာ (၁၆)နှစ်မျှသာ ရှိသေးသည်။ ဂေါ်ရခါးလူမျိုးများသည် စစ်မှုထမ်းလိုဇောဖြင့် သူတို့အသက်ကို လိမ်ပြောကာ စစ်ထဲဝင်ကြလေ့ရှိသည်။ အချို့ဆိုလျှင် (၁၄)နှစ်ကို(၁၆)နှစ်ပြောပြီး ဝင်ကြသည်အထိရှိသည်။

ကျွန်တော်တို့ နောက်ကျောဘက်မှ သေနတ်သံများ ရုတ်တရက် ထွက်လာသည်။ ထိုအခါကျမှ ကျွန်တော်သတိပြန်ဝင်လာသည်။ ကြားရသော သေနတ်သံများသည် ဂျပန်စက်ကလေးသံဖြစ်သည်။ ကျွန်တော် ချက်ချင်း တုံ့ပြန်လိုက်သည်။ ဝပ်နေရာမှ ရုတ်တရက် ထလိုက်သည်။

“ရဲဘော်တွေ . . . ငါ့နောက် အကုန်လိုက်ခဲ့”

ရထားလမ်းဘေးရှိ တောတွင်းသို့ ကျွန်တော် တစ်ဟုန်ထိုးပြေးခဲ့သည်။ “ရဲဘော်တွေ” ဟုခေါ်သာခေါ်ရသည်။ ကျွန်တော့်ရဲဘော် မည်သူမှန်းမသိ။ မည်သူတွေ ကျန်နေသေးမှန်း မသိ။ ဂျပန်စက်ကလေး ကျည်ဆန်များက ကျွန်တော်တို့ ခေါင်းပေါ်မှ တဝီဝီ ဖြတ်သန်းသွားနေကြသည်။

ရှေ့ဘက်တွင် ကျွန်တော်တို့ စစ်ကြောင်း၏ ရှေ့ပြေးကင်းရှိသည်။ ရှေ့ပြေးကင်း၏ နောက်နားမှာ စစ်ကြောင်းမှူးရှိသည်။ ထိုနေရာကို မှန်းပြီး ကျွန်တော် ပြေးလာခဲ့သည်။ ထိုနေရာသို့ ရောက်လောက်ပြီဟု ထင်မှတ်သည့်နေရာတွင် ချုံပုတ်တစ်ခုအတွင်းသို့ ဒိုင်ဗင်ထိုးဝင်လိုက်သည်။ ကျွန်တော်နှင့်အတူ ပြေးလိုက်လာကြသည့် ဂေါ်ရခါးစစ်သားများလည်း ကျွန်တော့်ဘေးသို့ ခုန်ဝင်ပြီး ဝပ်နေလိုက်ကြသည်။

ကျွန်တော်တို့နောက်သို့ ရန်သူများ လိုက်လာ၊ မလာ စူးစမ်းကြည့်သည်။ ပြီးတော့ မီးရထားလမ်းပေါ်သို့ တွားလာပြီး ကြည့်သည်။

အမှတ် (၂)စစ်ကြောင်းသည် တည်ကြက်လုပ်ရမည့် တာဝန်ကို ကျေကျေပွန်ပွန်ကြီး ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း တွေ့ရသည်။

လရောင်အောက်မှာ အကာအကွယ်မယူဘဲ မီးရထားသံလမ်းပေါင်အတိုင်း ချီတက်ခဲ့ကြသည်။ ရန်သူကို စစ်မြှုခဲ့ကြသည်။ ယခုတော့





ရထားလမ်းတာရိုးတစ်လျှောက်တွင် လူသေအလောင်းတွေ ထပ်နေပြီ။ ဝန်တင်လားနှင့် မြင်းအသေကောင်တွေ ထပ်နေပြီ။ ကျွန်တော်တို့ သယ်ဆောင်ခဲ့ကြသည့် လက်နက်ခဲယမ်းမီးကျောက်များ မြင်မကောင်းအောင် ဖွာဆန်ကြဲနေပြီ။

ကျွန်တော်တို့၏ အမှတ် (၂) စစ်ကြောင်းကြီး ဘယ်ရောက်သွားပြီနည်း။

အလွန်တရာ ကြမ်းတမ်းခက်ခဲလှသည့် တောကြီးမျက်မည်းများကို ကျွန်တော်တို့ တိုးပြီး ဖြတ်သန်းချီတက်ခဲ့ကြသည်။ သို့ကလို အပင်ပန်းခံ ချီတက်ခဲ့ကြခြင်းသည် ယခုလို အစုလိုက်အပြုံလိုက် အသတ်အဖြတ်ခံရန် သက်သက်အတွက် ဖြစ်နေသည်။

“ငါ့နောက်လိုက်ခဲ့”

ကျွန်တော် အမိန့်ပေးမိပြန်ပြီ။ ကျွန်တော် နှုတ်ဖျားမှ မည်နည်းမည်ပုံ ထွက်သွားသည်ကိုလည်း ကျွန်တော် မသိလိုက်ပြီ။ မိမိကိုယ် မိမိပင်ပြန်ပြီး အံ့ဩနေမိသည်။ ရထားလမ်းကို ခွာပြီး တောတွင်းသို့ တစ်ဟုန်ထိုး ပြေးဝင်ခဲ့သည်။ ချုံပုတ်များအတွင်းမှာ ဆင်ကန်းတောတိုး ပြေးဝင်လာမိကြသည်။ ကျည်ဆန်များက ကျွန်တော်တို့နောက်မှ လိုက်လာနေဆဲဖြစ်သည်။

ထို့ကြောင့် ညာဘက်သို့ ချိုးကွေ့လိုက်သည်။ ချုံပုတ်များကို အတင်းတိုးဝင်လိုက်သည်။ ရုတ်တရက် လူသွားလမ်းကလေးကို တွေ့လိုက်ရသည်။ ကျွန်တော်တို့ ကိုယ်ပေါ်မှာ လွယ်ပိုးထားသည့် ပစ္စည်းများက အသားတွင်းသို့ ထိုးဖောက်ဝင်ရောက်တော့မယောင် ဖြစ်လာသည်။ တောင်ကုန်းကလေးပေါ်သို့ ရောက်လာသည်။ အပေါ်ရောက်တော့ နေရာယူကြသည်။ ရန်သူများ လိုက်လာ၊ မလာ အသံနားထောင်ကြည့်သည်။ ဘာသံမှ မကြားရ။ မည်သူမျှ လိုက်လာပုံ မရ။ သည်တော့မှပင် အသက်ကို ဝအောင်ရှူနိုင်တော့သည်။

အသက်ဝအောင်ရှူသည်နှင့် တစ်ဆက်တည်းမှာပင် ယခုအချိန်တွင် လိုအပ်သည့် အစီအစဉ်များ ကျွန်တော် ပြုလုပ်ရတော့မည်ဖြစ်ကြောင်းလည်း သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ သတိရလိုက်သည်နှင့် တစ်ပြိုင်နက်တည်းပင် ကျွန်တော် တုန်လှုပ်ချောက်ချားသွားမိသည်။ ကျွန်တော်သည် တောကြီးမျက်မည်း အတွင်းမှာ ဝေါ်ရခါးစစ်သားခုနစ်ယောက်နှင့်အတူ အထီးကျန်ဖြစ်နေပြီ။ ကျွန်တော်တို့ စစ်ကြောင်းကြီးတစ်ခုလုံး မည်သည့်အရပ်သို့ ရောက်သွားသည်ကိုလည်း လုံးဝ မသိ။ ချုံခိုတိုက်ခိုက်ခံရသည်တွင် ဘယ်လောက် များများ အသက်မသေဘဲ ကျန်နေခဲ့သည်ကိုလည်း မသိ။

ကျွန်တော်တို့သည် ရန်သူ့နယ်မြေအတွင်း၊ စည်းအတွင်း မိုင် (၁၅၀)အကွာသို့ ရောက်နေပြီ ဆိုသည်ကိုသာ ကျွန်တော်သိသည်။ ကျွန်တော်နှင့် ဂေါ်ရခါးရဲဘော်ခုနစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်။ ဂေါ်ရခါးရဲဘော်ခုနစ်ယောက်နှင့်အတူ နီပွန်တပ်မတော်ကြီးတစ်ခုလုံးကို ကျွန်တော် ရင်ဆိုင်ရတော့မည်။ ထိုအတွေးများ ဝင်ရောက်လာသည်နှင့် တစ်ပြိုင်တည်း ရှေ့ဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ဖို့ စိတ်ကူးမှာ ကြက်ပျောက်ငှက်ပျောက် ပျောက်ဆုံးသွားလေတော့သည်။

ထိုအခိုက်မှာပင် စိတ်သက်သာရာရစေရန် အကြောင်းတစ်ခုက ရုတ်တရက် ပေါ်လာသည်။ ဘရင်းဂန်းဆွဲသံများ ကြားလိုက်ရသည်။ ကျွန်တော်တို့ ဗြိတိသျှတပ်က ဖြစ်သည်။ သည်လိုဆိုလျှင် ကျွန်တော်တို့ လူတွေ ရှိနေသေးသည်။ ကျွန်တော်တို့နှင့် ကိုက်တစ်ထောင်လောက် ဝေးသည့် နေရာမှ ကြားနေရခြင်း ဖြစ်သည်။ ချက်ချင်း ဆိုသလိုပင် ဂျပန်ရိုင်ဖယ်များက ပြန်လည် တုံ့ပြန်ပစ်ခတ်သည်။

ကျွန်တော်တို့ အားလုံး ဝမ်းလျားမှောက်လိုက်ကြသည်။ လက်နက်များကို အသင့်အနေအထားသို့ ပြင်ပြီး သေနတ်သံများ ကြားရာဘက်သို့ လှည့်ချိန်ထားလိုက်ကြသည်။ ထိုအချိန်မှာပင် တိမ်တိုက်ထဲမှ လထွက်လာသည်။ မြင်ကွင်းတစ်ခုလုံးကို မြင်ရသည်။ တောင်ကုန်းကလေးတစ်ခု ပေါ်မှာ ကျွန်တော်တို့ ရောက်နေကြောင်း သတိပြုမိသည်။ တစ်ဖက်မှာ ရေခန်းနေသည့်ချောင်း ရှိသည်။ ကျန်တစ်ဖက်တွင် တောအုပ်ရှိသည်။ ရန်သူနှင့် ကျွန်တော်တို့ကြားမှာ တောအုပ်ကလေး ခံနေသည်။ ထိုအဖြစ်ကို မြင်ရတော့ များစွာ စိတ်သက်သာရာရမိသည်။

တောအုပ်ကလေး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်





နေကြသည်ကို သေနတ်ပြောင်းဝများမှ ထွက်လာသည့်မီးရောင်များကြောင့် ကောင်းကောင်း မြင်တွေ့နေရသည်။ ကျွန်တော်တို့တပ်နှင့် ရန်သူတို့သည် တစ်ဖက်ကို တစ်ဖက်မှ နေရာမှန်းပြီး ပစ်ခတ်နေကြခြင်း ဖြစ်ကြောင်း သိသာသည်။

ကားလ်ဗဟာဒူးက ကျွန်တော်ရှိရာသို့ မိကျောင်းတွားတွားပြီး ကပ်လာသည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်နေသည့် ဘက်သို့ ထိုးပြသည်။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ ဗိုလ်ကြီး"

သူ့အမေးပုစ္ဆာကို ကြားရတော့ ကျွန်တော်သည် ဤတပ်စုကို ခေါင်းဆောင်နေသည့် စစ်ဗိုလ်ဖြစ်ကြောင်း သတိ ပြန်ဝင်လာသည်။ ထို အသိနှင့်အတူ ကိုယ့်စိတ်ကိုလည်း ကိုယ်ပြန်ထိန်းနိုင်လိုက်သည်။ အခြေအနေကိုလည်း ပြန်လည်သုံးသပ်နိုင်လိုက်သည်။ မီးရထားလမ်းပေါ်မှာ ပထမဆုံးအကြိမ်အဖြစ် ကျွန်တော် ပွဲတိုးခဲ့ဖူးပြီ။ ရန်သူ့ကျည်ဆန်များ ကြားမှာ နေခဲ့ဖူးပြီ။ ယခု သည်နေရာမှာ ထပ်ကြုံတွေ့ရဦးမည်။ သည်တော့မှ ကျွန်တော် ဘာလုပ်ရမည်ကို ကျွန်တော် တက်ခဲ့ရသည့် သင်တန်းနှင့် အတွေ့အကြုံများအရ သဘောပေါက် သိနားလည်တော့သည်။

"တပ်ကြပ် ပရင်ဆင်းဂူရန်းကို ခေါ်စမ်း" ဟု အမိန့်ပေးလိုက်သည်။

ကားလ်ဗဟာဒူးသည် ကျွန်တော့် ဘယ်ဘက်ရှိ ချုံပုတ်များအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ ခဏကြာတော့ တပ်ကြပ်ပရင်ဆင်း ကျွန်တော့်အနားသို့ ရောက်လာသည်။

"လေးမယ့်ပစ္စည်းတွေ ဒီမှာထားခဲ့၊ ဒီကနေ ဟောဟိုချောင်းထဲကို ဆင်းမယ်၊ တိုက်ပွဲဖြစ်နေတဲ့ နေရာကို ကွေ့ပြီး တောင်ကုန်းရဲ့ နောက်ဘက်ကို သွားမယ်၊ ဒါမှ တို့တပ်နဲ့ပြန်ပေါင်းမိမယ်၊ သူတို့နောက်ကို တို့ရောက်လာကြောင်း သိမယ်"

"ဟိုမှာ ပစ်နေတဲ့ ရန်သူဟာ ကျွန်တော်တို့နောက်ကို လိုက်လာတဲ့ ရန်သူလို့ ကျွန်တော်ထင်တယ် ဗိုလ်ကြီး။ ကျွန်တော်တို့ တောင်ကုန်းပေါ် ရောက်နေပြီလို့ သူတို့ ထင်ပုံရတယ်။ သူတို့ကို နောက်ကျောက ပန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မတက်နိုင်ဘူးလား။ ကျွန်တော်တို့ တပ်နှစ်စုခွဲထားတယ်လို့ သူတို့ကြိုတွက်ထားမိမှာ မဟုတ်ဘူး" ဟု တပ်ကြပ်ပရင်ဆင်းက ပြန်ပြောသည်။

အခြေအနေ အရပ်ရပ်ကို သေချာစွာ မသုံးသပ်ဘဲ လက်လွတ်စပယ်ဆုံးဖြတ်မိသည့် ကျွန်တော့်အဖြစ်ကို အံ့ဩမဆုံး ဖြစ်မိသည်။ သူပြောသည့်နည်းသာလျှင် မှန်ကန်ပြီး အလွယ်တကူ အကောင်အထည်ဖော်နိုင်မည်။

"ကောင်းတယ် . . . အဲဒီအတိုင်း လုပ်မယ်၊ ဒါပေမယ့် ဟောဟိုတောင်ကုန်းပေါ်မှာ ရှိနေတဲ့ တို့စစ်ကြောင်းကို အဆက်အသွယ်ယူပြီး တို့အစီအစဉ်ကို သူတို့ သိအောင် သတင်းပို့ရမယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

"ကျွန်တော် သတင်းသွားပို့မယ် ဗိုလ်ကြီး"

"ဆရာတစ်ယောက်တည်း မသွားနဲ့၊ တို့အားလုံး အတူသွားမယ်၊ တို့အင်အား သိပ်နည်းနေပြီ၊ လူထပ်ခွဲနိုင်တဲ့ အနေအထားမျိုး မဟုတ်ဘူး"

လေးလံသည့် ပစ္စည်းအားလုံး လမ်းဘေးတွင် ဝှက်ထားခဲ့ရန် ကျွန်တော် အမိန့်ပေးလိုက်သည်။ အပူရှိန်ကလည်း မကျသေး။ ကျွန်တော်တို့ အားလုံး ချွေးများ ရွှဲနစ်နေကြသည်။ အသက်ပြင်းပြင်းရှူပြီး ထိုနေရာကို ခွာခဲ့ကြသည်။ ချောင်းကမ်းပါးသို့ရောက်လာသည်။ ချောင်းကမ်းပါးစောက်က ခြောက်ပေခန့် နက်သည်။ ချောင်းထဲမှာ ရေမရှိ။ သဲသာရှိသည်။ သဲပေါ်တွင် ချုံပုတ်ငယ်ကလေးများ ပေါက်နေသည်။

ဂေါ်ရခါးရဲဘော်များကို ဦးဆောင်ပြီး ရှေ့သို့ ကျွန်တော် ချီတက်ခဲ့သည်။ ဗြိတိသျှတပ်များ နေရာယူထားသည့် နေရာကိုမှန်းပြီး နောက်ကျောဘက်မှ တက်ခဲ့သည်။ ထိုအချိန်မှာပင် ကျွန်တော်တို့ကို စက်သေနတ်ဖြင့် လှမ်းဆွဲသည်။ သို့သော်လည်း ညဘက်ဖြစ်သောကြောင့် စက်သမားသည် ကျွန်တော်တို့ကို ကောင်းစွာ မှန်းဆနိုင်ပုံ မရ။ ကျည်ဆန်များက ကျွန်တော်တို့ခေါင်းပေါ် အမြင့်ကြီးမှ ပျံသန်းသွားသည်။

ချောင်းထဲမှာ ကျွန်တော်တို့ ဝပ်ပြီး လေးဖက်ထောက် ချီတက်ခဲ့ကြသည်။ စက်သေနတ်ပစ်ကွင်းနှင့် ကွယ်အောင် ချောင်းကမ်းပါးကို





အရောက်သွားရမည်။ ဘေးမှ ကျွန်တော့် အကူရဲဘော် ကားလ်ဗဟာဒူးတသေနတ်သမားကို ဆဲရေးတိုင်းထွာရင်း ကျိန်ဆဲနေသည်။ သူက ဂေါ်ရခါးဘာသာဖြင့် ဆဲနေသောကြောင့် ကျွန်တော် ကောင်းစွာ နားမလည်။ ကျွန်တော် နားလည်သလောက်မှာ . . .

"အခု ပစ်နေတာ ဘရင်းဂန်း . . . အခု ပစ်နေတာ ဘရင်းဂန်း" ဟူသော စကားလောက်သာ ဖြစ်သည်။

"မိုက်ကန်းတဲ့ခွေးသား . . ."

ကားလ်ဗဟာဒူး ပြောတော့မှ သဘောပေါက်ကာ ကျွန်တော်တို့ကို ဘရင်းဂန်းဖြင့် အဆက်မပြတ် ပစ်နေသည့် အင်္ဂလိပ်စစ်ဗိုလ်ကို အားပါးတရ ဆဲမိတော့သည်။ ပစ်ရမည့်သူသည် ရန်သူလား မိတ်ဆွေလား အနည်းဆုံး ခွဲခြားသင့်သည်။ ယခုတော့ ဘာကိုမှ မစူးစမ်းဘဲ အရမ်းကာရောပစ်နေသည်။ နောက်ထပ် ဘရင်းဂန်းကျည်ဆန် အတွဲလိုက်ဝင်လာပြန်သည်။ ရန်သူနှင့် မိမိတပ် နှစ်ဖက်ကြားတွင် ပိတ်ညပ်နေသည့် အဖြစ်မှ မည်သို့ ထိုးဖောက်ထွက်ရမည်နည်းဟု ကျွန်တော် နည်းလမ်းရှာရတော့သည်။ သို့သော်လည်း ပြဿနာက သူ့အလိုလို ပြေလည်သွားတော့သည်။

"ခွေးမသားဂျပန် . . . ခွေးမသားဂျပန်"

ဂေါ်ရခါးရဲဘော်တစ်ယောက်၏ အော်ဟစ်ဆဲဆိုသံ ရုတ်တရက်ပေါ်ထွက်လာသည်။ ဆဲဆိုသံနှင့်အတူ ရန်သူရှိရာ ချောင်းကမ်းပါးပေါ်သို့ ရဲဘော်တစ်ယောက် ပြေးတက်သွားသည်ကို တွေ့ရသည်။ သူ့လက်ထဲမှ ရိုင်ဖယ်သေနတ်ကလည်း မီးများ ပွင့်နေသည်။

သည်တော့မှ ရန်သူ့အရိပ်များကို ကျွန်တော် လှမ်းမြင်ရသည်။ လရောင်အောက်တွင် ရန်သူ့သံခမောက်များကိုပါ မြင်ရသည်။ ဂျပန်များဖြစ်သည်မှာ သေချာသည်။ လှံစွပ်များကိုပင် လရောင်ဖြင့် မြင်တွေ့နေရပြီ။

အသံကုန် ကျွန်တော် အော်လိုက်သည်။ ဘာတွေ အော်လိုက်မိသည်ကိုပင် ကိုယ့်ဟာကိုယ် မသိလိုက်ပါ။ ကျည်ဆန်များ အဆက်မပြတ်တွန်းကန်ထွက်သွားသည့်အတွက် ကျွန်တော့်လက်ထဲမှ တော်မီဂန်း



www.burmeseclassic.com

www.burmeseclassic.com



တုန်ခါနေသည်ကိုသာ သတိထားမိတော့သည်။ ရန်သူများ ရှိရာသို့ အဆက်မပြတ် အတွဲလိုက် ကျွန်တော် ဆွဲနေခြင်း ဖြစ်သည်။ သေနတ်ကို မောင်းတင်ဖို့ သည်တစ်ခါတော့ မမေ့တော့ပါ။ ကျွန်တော့်သေနတ်ထဲမှ ကျည်ဖူးများ ရန်သူရှိရာသို့ အဆက်မပြတ် ထွက်သွားသည်ကို သိရသည်တွင် အကျေနပ်ကြီး ကျေနပ်လိုက်မိသည်။

အလွန် တိုတောင်းသည့် စက္ကန့်ပိုင်း အချိန်ကလေးသာ ကြာပါသည်။ တောတွင်းဘုရင်ဟု ကြွားလုံးထုတ်နေကြသည့် ရန်သူအလောင်းများပေါ်မှာ အောင်နိုင်သူကြီးများပမာ ကျွန်တော်တို့ရပ်ရင်း အားပါးတရ အော်ဟစ်ဆဲဆိုနေကြမိသည်။

ကျွန်တော်တို့ မတ်မတ်ကြီး ရပ်နေကြပါသည်။ အမျိုးအမည်မသိသည့်၊ အမှတ်အသားမသိသည့် ချောင်းကလေးတစ်ခုတွင် ကျွန်တော်တို့ အောင်ပွဲခံနေကြပါသည်။ ကျွန်တော်တို့၏ စစ်ဖိနပ်အောက်တွင် ရန်သူများ အလောင်းချင်းထပ်နေပါသည်။ လရောင်အောက်မှ ချောင်းငယ်ကလေး၏ မြင်ကွင်းသည် အောင်ပွဲခံ ကျွန်တော်တို့သေနတ်များ၊ လုံ့စွပ်များ၊ ဓားကောက်များ၏ အရောင်တဖွေးဖွေးဖြင့် ဖုံးလွှမ်းလျက် ရှိပါသည်။ ကျွန်တော်တို့၏ လုံ့စွပ်နှင့်ဓားသွားများတွင် ရန်သူသွေးများဖြင့် ရွှဲလျက်ရှိပါသည်။ သူတို့ကိုယ်သူတို့ မည်သူမျှ မနိုင်းယှဉ်ဝံ့သော တောတွင်းဘုရင်များအဖြစ် လွန်ခဲ့သည့် စက္ကန့်ပိုင်းကလေးအထိ စိတ်ကြီးဝင်ကာ သွေးနားထင်ရောက်ခဲ့ကြသည်။ ယခုတော့ ကျွန်တော်တို့ ခြေထောက်အောက်မှာ အလောင်းကောင်များ ဖြစ်နေပြီ။

ရှေ့နားဆီမှ မချိမဆံ့ ညည်းညူသံကို ကြားရသည်။ လှမ်းကြည့်လိုက်တော့ မည်းမည်းသဏ္ဌာန်တစ်ခု တွန့်လိမ်ကောက်ကွေးနေသည်ကို တွေ့ရသည်။ ကျွန်တော့်ဘေးသို့ ဂေါ်ရခါးရဲဘော်နှစ်ယောက် ရောက်လာသည်။ ချက်ချင်းပင် တွန့်လိမ်ပြီး ညည်းညူနေသူဆီသို့ ကျွန်တော်တို့ ရောက်သွားသည်။

သွေးအိုင်ထွန်းသည့် သဲပြင်ပေါ်သို့ မျက်နှာမှောက်လျက်ကျပြီး တွန့်လိမ်ညည်းညူနေသူမှာ တပ်ကြပ်ပရင်ဆင်းဂူရန်း ဖြစ်သည်ကို တွေ့ရတော့သည်။ သူ့ဒဏ်ရာကို ကြည့်ရန် ညင်ညင်သာသာ ပက်လက်လှန်





လိုက်သည်။ သူ့နှုတ်ခမ်းကို ပြတ်လုတဲတဲ အထိ ကိုက်ထားသည်ကို တွေ့ရသည်။ ဒဏ်ရာကို အလွယ်တကူတွေ့ပါသည်။ ညာဘက်ပေါင် သွင်သွင်ကျိုးနေသည်။ ယမ်းနံ့များ ညှော်နေသည်ကို တွေ့ရသဖြင့် အနီးကပ်ပစ်ခတ်ခြင်းကို ခံရကြောင်း ထင်ရှားသည်။ စစ်ဆေးကြည့်သောအခါ သူ့ဘေးမှာ ရန်သူအလောင်းတစ်လောင်း ရှိနေသည်။ ပရင်ဆင်း၏ ဓားကောက်က ရန်သူ၏ လည်ပင်းမှာ နစ်ဝင်နေသည်။ ထိုအချိန်မှာပင် ရန်သူ၏ ကျည်ဆန်က သူ့ပေါင်ကို ထိမှန်သွားခြင်း ဖြစ်ပေလိမ့်မည်။

သည်မြင်ကွင်းကို မြင်တွေ့လိုက်ရသည်တွင် အော်ဂလီဆန်ပြီး အန်ချင်သလို ဖြစ်လာသည်။ ထိုအချိန်မှာပင် ကျွန်တော်တို့အပေါ်ဘက် ချောင်းကမ်းပါးဆီမှ ဂေါ်ရခါးဘာသာဖြင့် အော်ဟစ်သံများ ကြားရသည်။ ကျွန်တော့်လူများကလည်း ပြန်အော်ကြသည်။ ခဏကြာတော့ ကျွန်တော့် တပ်စုတပ်ကြပ်ကြီး ကားလ်ဗဟာဒူးနှင့် ရဲဘော်နှစ်ယောက် ရောက်လာသည်။ ချိုခိုတိုက်ခံရသည့် အချိန်ကစပြီး ကျွန်တော်တို့နှင့် လူချင်းကွဲသွားခဲ့သည်။

တပ်ကြပ်ပရင်ဆင်းဂူရန်းကို တောင်ကုန်းကလေး၏ ထိပ်ပေါ်သို့ ကျွန်တော်တို့လူစု ဂရုတစိုက် သယ်ဆောင်လာကြသည်။ တပ်စုတပ်ကြပ်ကြီးက မော်ဖီးယားထိုးပေးသည်။ ဒဏ်ရာကို ဆေးထည့်ပြီး ပတ်တီးစည်းပေးသည်။ ဝါးတစ်ချောင်းခုတ်ပြီး သူ့ပေါင်နှင့် ကပ်၍ ပူးချည်ပေးထားသည်။ ပရင်ဆင်းသည် အံကို တင်းတင်းကြိတ်ရင်း သူခံစားနေရသည့် ဝေဒနာကို ဘေးလူများမသိအောင် ဖုံးကွယ်ထားသည်။ ကျွန်တော်တို့အားလုံးကိုလည်း ကျေးဇူးတင်သည့် အမူအရာဖြင့် တစ်ဦးစီကို လိုက်ကြည့်နေသည်။

တောထဲမှာ ဝှက်ထားခဲ့သည့် ပစ္စည်းများကို ဂေါ်ရခါးရဲဘော်နှစ်ယောက်အား အယူခိုင်းလိုက်သည်။ သည်နေရာမှာ ရှိနေသည့် ရန်သူများအားလုံးကို ကျွန်တော်တို့ ရှင်းလင်းပြီး ဖြစ်သွားသည်။ ချောင်းထဲက အုပ်စုကို ကျွန်တော်တို့က ရှင်းသည်။ တစ်ဖက်တောစပ်မှ အုပ်စုတို့ တစ်ဖက်တောင်ကုန်းပေါ်မှ ကျွန်တော်တို့ တပ်ကရှင်းသည်။

တောင်ကုန်းပေါ်မှာ ကျွန်တော်နှင့် ရဲဘော်အချို့ နေရာယူထား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ တပ်စုတပ်ကြပ်ကြီး ကားလ်ဗဟားဒူးနှင့် ရဲဘော်ငါးယောက်က တစ်ဖက်တွင် နေရာယူသည်။ ကျွန်တော်တို့၏ စစ်ကြောင်းကြီး ဘယ်ရောက်သွားသည် ဆိုသည်ကို ကျွန်တော်တို့နည်းတူ တပ်စုတပ်ကြပ်ကြီး ကားလ်ဗဟာဒူးတို့ လှုသိုက်လည်း မသိလိုက်ကြ။

တောင်ကုန်းထိပ်ပေါ်တွင် အသင့်နေရာယူရင်း အရုဏ်တက်ချိန်ကို ကျွန်တော်တို့ စောင့်ဆိုင်းနေကြသည်။ ကျွန်တော် အိပ်ပျော်သွားသည်ဟု ထင်သည်။ တစ်စုံတစ်ယောက်က ပခုံးကို လာကိုင်တော့မှ နိုးသည်။ ဘေးမှာ လဲလျောင်းနေသည့် အကူရဲဘော်ကားလ်ဗဟာဒူးကို တွေ့ရသည်။ သူပြုံးနေသည်။ စကားတော့ တစ်စုံတစ်ရာ မပြော။ ယခုအချိန်သည် အသင့်အနေအထားမှာ ရှိနေရမည့်အချိန် ဖြစ်သောကြောင့် ကျွန်တော့်ကို သူ လာနှိုးခြင်း ဖြစ်ကြောင်း သဘောပေါက်ပါသည်။

ယခုအချိန်သည် တောတွင်းစစ်ဆင်ရေး ဆင်နွှဲသူများအားလုံး အိပ်ရာမှနိုးပြီး အသင့်အနေအထားတွင် နေကြရမည့်အချိန် ဖြစ်သည်။ ရန်သူလည်း ထိုနည်းအတူ။ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် အကဲခတ်ပြီး စောင့်ဆိုင်းရသည့် အချိန်။ အသက်အန္တရာယ် ကြီးမားချိန် ဖြစ်သည်။

အရုဏ်တက်စပြုပြီကို မြင်ရသည်။ သစ်ပင်ထိပ်ဖျားများပေါ်သို့ နံနက်ခင်းအလင်းရောင် ထိုးကျလာသည်။ စောစောပိုင်းက မည်းမည်းအရောင်များကို မြင်ရပြီး တဖြည်းဖြည်း တော၏အစိမ်းရောင်ပေါ်လာသည်။ တောတွင်းညသည် တောတွင်းနေ့ ဖြစ်လာပြန်ပြီ။

ကိုယ့်အဖြစ်ကို ကိုယ်ပြန်စစ်ဆေးကြည့်မိသည်။ ကျွန်တော်နှင့်အတူ ရဲဘော်ခြောက်ယောက်။ ဒဏ်ရာရနေသည့် တပ်ကြပ်ပရင်ဆင်းက တစ်ယောက်၊ တပ်စုတပ်ကြပ်ကြီးနှင့် သူ၏ ဂေါ်ရခါးရဲဘော်ငါးယောက်။ ကျွန်တော်တို့ ၂အားလုံးသည် စစ်ကြောင်းကြီးတစ်ခုလုံး၏ မသေကွင်းမသေကျန်များ ဖြစ်လေသလော။

သေနတ်မောင်းများပေါ်တွင် အသီးသီး လက်အသင့်တင်ရင်း အရုဏ်တက်အချိန်ကို ကျွန်တော်တို့ စောင့်ဆိုင်းနေကြသည်။ အလင်းရောင်ပေါ်သည်နှင့် တစ်ပြိုင်နက်တည်း တောကလည်း ဆူစပြုလာသည်။ ကျွန်တော်၏ နှလုံးခုန်နေသံများသည်ပင်လျှင် တောဆူသံများကြားမှာ





ပျောက်ကွယ်သွားတော့သည်။ ငှက်အော်သံ၊ မျောက်အော်သံများဖြင့် တစ်တောလုံး ဖုံးနေသည်။ ကျွန်တော် ဘာလုပ်မည်နည်း။ ဂေါ်ရခါးရဲဘော် (၁၂)ယောက်၊ ဒဏ်ရာရနေသူ တစ်ယောက်ဖြင့် ကျွန်တော် ဘာဆက်လုပ်ရမည်နည်း။ အသက်ရှင်လျက် ကျန်ရစ်သည့် အရာရှိသည် ကျွန်တော်တစ်ယောက်တည်း ဖြစ်နေပြီလော။ သည်လူများ အားလုံးကို ကျွန်တော်တစ်ယောက်တည်းက တာဝန်ယူ ဦးဆောင်သွားရတော့မည်လော။

"မန္တလေးလမ်းပေါ်မှာ အရုဏ်ဦးရောင်ခြည်ဟာ မိုးကြိုးထစ်သလို ပေါ်လာပြီ၊ ဗြိတိသျှစစ်သားတို့ ပြန်လာပြီ၊ မန်းရွှေမြို့တော်သို့ ပြန်လာပြီ"

တိုးတိုးကလေး ကျွန်တော် သီချင်းဆိုနေမိသည်။ ဘာကြောင့် သီချင်းဆိုမိမှန်း ကျွန်တော် မသိ။ ကြောက်စိတ်ကြောင့်လော၊ ကယောင်ချောက်ချားစိတ်ကြောင့်လော၊ ဘာလုပ်ရမှန်း မသိသည့် ဇဝေဇဝါစိတ်ကြောင့်လော။ မန္တလေးသို့ရောက်ဖို့ ဆိုသည်မှာ ခရီးရှည်ကြီးသွားရဦးမည်။ ထိုမျှ အချိန်ကြာကြာ ကျွန်တော် အသက်ရှင်နေနိုင်ပါဦးမည်လော။

"ကျန်တဲ့ လူတွေတော့ လစ်ကုန်ကြပြီနဲ့ တူပါတယ် ဗိုလ်ကြီးရယ်" တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို ကျွန်တော့်ဘေးမှ ကားလ်ဗဟာဒူးက စတင်ဖျက်ဆီးလိုက်သည်။ ကျွန်တော့်စိတ်ထဲမှာ ဘာတွေ စဉ်းစားနေသည်ကို သူ အတပ်သိပုံ ရပါသည်။ သူတို့ ဘယ်ကို သွားနိုင်သနည်း။ ပြန်လာပြီး ကျွန်တော်တို့ကို ဘာကြောင့် မရှာသနည်း။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီး မေးခွန်းများ ထုတ်နေမိသည်။

ဖြစ်နိုင်သည့် အကြောင်းများကိုလည်း တွေးကြည့်နေမိသည်။ ကျွန်တော်တို့စစ်ကြောင်းကြီး ချီတက်လာချိန်တွင် ဂျပန်များက တောတွင်းမှ အသင့်နေရာယူပြီး ကျွန်တော်တို့ကို စောင့်ဆိုင်းနေပုံရသည်။ စောင့်သည့်အတိုင်း ကျွန်တော်တို့ ရောက်လာသည်။ တိုက်ပွဲဖြစ်သည်။ ကျွန်တော်တို့တပ်ပျက်သွားသည်။ သည်နယ်မြေကြီး တစ်ခုလုံးတွင် ရန်သူအင်အားက တပ်မဟာကြီး တစ်ခုလောက် ရှိပေလိမ့်မည်။ တပ်ပျက်သွားသည့် ကျွန်တော်တို့ကို တောနင်းပြီး ရှာဖွေနေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဂိတ်၏ အစီအစဉ်များ အောင်မြင်သည်မှာ သံသယဖြစ်ဖွယ် အကြောင်း မရှိတော့ပါ။ ရန်သူအားလုံးသည် ချပ်သင်းတစ်ဝိုက်ကိုသာ အာရုံစိုက်နေကြပုံရသည်။ သည်လိုအချိန်မျိုးတွင် ဝင်းဂိတ်၏ တပ်များ က မြောက်ပိုင်းတွင် ထင်တိုင်းလှုပ်ရှားနိုင်ခွင့်ရမည်။ သည်ဒေသတစ်ခု လုံးမှာ ဂျပန်များ အလစ်မပေးတမ်း နိုးကြားတက်ကြွနေလောက်ပြီ။ ချောင်းထဲမှာ ရန်သူများ အတုံးအရုံးကျအောင် ကျွန်တော်တို့ တိုက်ပြီး ရှောင်ထွက်လာခဲ့သည်။ ရန်သူသည် ကျွန်တော်တို့နောက်သို့ ဘာကြောင့် ဆက်မလိုက်သနည်း။

အဖြေက လွယ်လွယ်ကလေး ဖြစ်ပါသည်။ ရန်သူတို့သည် ပိုမို အင်အားကြီးသည့် ကျွန်တော်တို့ တပ်များနောက်သို့ မျက်ခြည်မပြတ် လိုက်နေပုံရသည်။ ကျွန်တော်တို့က လူနည်းစုကလေးဖြစ်သည်။ ချပ်သင်း နှင့် မီးရထားလမ်းတစ်ဝိုက်မှ ကျွန်တော်တို့ ထွက်ခွာမသွားနိုင်။ သည် နေရာတွင် ရှိနေပြီဆိုလျှင် သူတို့အဖို့ သပိတ်ဝင်အိတ်ဝင် ဖြစ်သည်။ ဘယ်အချိန်တိုက်တိုက် အလွယ်ကလေးတိုက်နိုင်သည်။ အရေးကြီးသည် မှာ အင်အားကြီးသည့် အုပ်စု လွတ်ထွက်မသွားရေး ဖြစ်သည်။

ထိုအခွင့်အရေးကောင်းကြီးကို ကျွန်တော် ရအောင်ယူရတော့ မည်။ ချပ်သင်းနယ်မြေမှ ဖြစ်သည့်နည်းဖြင့် အမြန်ဆုံး ထွက်ခွာသွား ခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်ပါသည်။

အင်အားကြီးမားသော ရန်သူနှင့် ရင်ဆိုင်တွေ့လျှင် ကျွန်တော်တို့ စစ်ကြောင်းကို အုပ်စုအသေးကလေးများအဖြစ် လူစုခွဲပြီး ရှောင်တိမ်း ပေးရန် အတိအကျ ညွှန်ကြားထားသည်။ အုပ်စုကလေးများဖွဲ့ပြီး ပြောက်ကျားစစ်ဆင်ရေးသဘောဖြင့် ရန်သူကို အတတ်နိုင်ဆုံး အနှောင့် အယှက် ပေးရမည် ဖြစ်သည်။ ယခု ထိုအတိုင်း ဖြစ်ပုံရသည်။ ရန်သူက အင်အားကြီးမားသောကြောင့် အုပ်စုကလေးများဖွဲ့ပြီး ခွဲထွက်သွားကြ ခြင်းသာ ဖြစ်ပေလိမ့်မည်။

သည်အတိုင်းမှန်လျှင် ကျွန်တော်လည်း ထိုအတိုင်း ဆက်လက် ဆောင်ရွက်ရတော့မည်။ သည်နေရာက ခွာရမည်။ ရန်သူကို အစွမ်းကုန်





အနှောင့်အယှက်ပေးရမည်။ သို့သော်လည်း ထိုသို့သော အမိန့်ထုတ်ဖို့ ကျွန်တော့်မှာ အခက်အခဲတစ်ခု ပေါ်ပေါက်လာသည်။ သည်အမိန့်ကို ပါးစပ်က မထွက်ရက်အောင် ဖြစ်နေသည်။

တပ်ကြပ်ပရင်ဆင်းဂူရုန်း။

သူ့မှာ ဒဏ်ရာကြီးနှင့် သူလမ်းမလျှောက်နိုင်။ ထက်ကြပ်မကွာ လိုက်နေသည့် ရန်သူများကြားမှာ သည်လူနာကြီးကို ထမ်းပြီး လွတ် မြောက်အောင် ကျွန်တော်တို့ ရှောင်တိမ်းနိုင်ကြပါမည်လော။ သည်လို ဆိုလျှင် သည်လူနာကြီးကို သည်အတိုင်း စွန့်ပစ်ထားခဲ့ရမည်လော။

တပ်ကြပ်ပရင်ဆင်းဂူရုန်း အကြောင်းကို ကျွန်တော် စဉ်းစားနေမိ သည်။ သူသည် နီပေါကျေးရွာကလေးတစ်ရွာမှ သူလိုကိုယ်လို ဂေါ်ရခါး အမျိုးသားတစ်ယောက် ဖြစ်သည်။ သူ့အဖေကလည်း စစ်သား။ သူဖြစ် ချင်သည်ကလည်း စစ်သား။ သူ့ဘဝ၏ တစ်ခုတည်းသော ရည်မှန်းချက် သည် စစ်သားဖြစ်ဖို့။

ထို့ကြောင့် အသက်မပြည့်သေးသည်ကို ပြည့်ပါပြီဟု လိမ်ပြီး စစ်ထဲဝင်လိုက်သည်။ အမှတ် (၂) ဂေါ်ရခါးရိုင်ဖယ်တပ်ရင်းမှာ စစ်သား ကလေးဖြစ်လာသည်။ မကြာမီ စက်သေနတ်သင်တန်းသို့ သူ့ကို စေလွှတ် သည်။ သင်တန်းတွင် သူ့အောင်မှတ်များက ကောင်းလှသည်။ မှတ်ချက် ကောင်းများလည်း အရေးခံခဲ့ရသည်။ ယင်းကြိုးပမ်းချက်များ၏ ရလဒ် ကား သူ့လက်မောင်းပေါ်မှာ ရာထူးအဆင့် နှစ်ရစ်ရလာခြင်း ဖြစ်သည်။ သည်လိုဖြင့် တပ်ကြပ်ပရင်ဆင်းဂူရုန်းသည် စက်သေနတ်သမား (၁) အဖြစ် ကျွန်တော့်တပ်စုသို့ ရောက်လာသည်။

ဒဏ်ရာရသည့် သူ၏ ညာဘက်ပေါင်ကို ကျွန်တော် ကြည့်နေမိ သည်။ ပြီးတော့ သူ့မျက်နှာကို အကဲခတ်ကြည့်မိသည်။ ဒဏ်ရာကြောင့် သူ့မျက်နှာ ချောင်ကျသွားသည်။ မလွှဲမရှောင်သာတော့သည့် ဆုံးဖြတ် ချက်တစ်ခုအား ကျွန်တော် ချမှတ်ရတော့မည် ဖြစ်ကြောင်း သူက ကောင်းကောင်းသိနေပုံရသည်။

ဆေးရုံတက်ပြီး ဆေးဝါးကုသမှုကို လုံလောက်စွာ မခံယူဘဲ သူ လမ်းလျှောက်နိုင်တော့မည် မဟုတ်ချေ။ လမ်းလျှောက်နိုင်အောင် ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခွဲစိတ်ကုသခံရမည်။ အကြာကြီး အနားယူရမည်။ ကျွန်တော်တို့ ခြသေ့်တပ်အနေဖြင့် လမ်းမလျှောက်နိုင်လောက်အောင် ဒဏ်ရာရနေသူကို ကျန်လူအင်အား အလျှော့ခံပြီး သယ်ဆောင်သွားခွင့် မရှိ။ ဒါကို ပရင်ဆင်းလည်း သိနေသည်၊ ဒဏ်ရာရသူကို သယ်ဆောင်နေခြင်းအားဖြင့် မိမိဘက်က တိုက်အားလျော့မည်။ ရန်သူ၏ ချေမှုန်းခြင်းကို ခံရမည်၊ ယခုလည်း ကျန်လူ (၁၂)ယောက်၏ အသက်နှင့် ပတ်သက်၍ မည်သို့ သဘောထားမည်နည်း။ ပရင်ဆင်းနှင့် ပတ်သက်၍ မည်သို့ ဆုံးဖြတ်မည်နည်း။ (၁၂)ယောက်အကျိုးအတွက် သူ့အသက်ကို စွန့်ရတော့မည်။

ကျွန်တော့် မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ပြည့်လာသည်။

ပရင်ဆင်းဆီသို့ ကျွန်တော် လျှောက်သွားသည်။ သူ့ဘေးမှာ ထိုင်ချပြီး သူ့လက်မောင်းကို တင်းတင်းဆုပ်ကိုင်လိုက်ပါသည်။ ကျွန်တော့် ရင်ထဲမှာ ခံစားနေရသည်များကို စကားလုံးများအဖြစ်သို့ ပြောင်းလဲ ပြောဆိုနိုင်ခြင်း မရှိပါ။ သူ့ကို ဖြစ်သည့်နည်းဖြင့် သယ်ယူပြီး နောက်တန်းက ဆေးရုံအရောက် ပို့ပေးချင်သည်။ သို့သော်လည်း ပေးအပ်ထားသော အမိန့်နှင့်တာဝန်ကို မလိုက်နာဘဲ နေနိုင်ခွင့် မရှိပါ။

ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။ တင်းတင်းစေ့ထားသည့် သူ့နှုတ်ခမ်းကို ဖြေလျှော့လိုက်သည်။ မသိမသာ ပြုံးသည့် အပြုံးရိပ်ကလေးက သူ့နှုတ်ခမ်းထောင့်မှာ ပေါ်လာသည်။ ရဲဘော်များအားလုံး ဆက်လက် ချီတက်ကြဖို့ အသင့်ဖြစ်နေကြပြီ။ သူတို့အားလုံး၏ ရင်ထဲမှာလည်း မည်သို့ ခံစားနေကြရမည် ဖြစ်ကြောင်း ကျွန်တော် သိသည်။ သို့သော်လည်း သူတို့ ဇွတ်ကျောခိုင်းလိုက်ကြသည်။

ပရင်ဆင်းဂူရန်း၏ လက်မောင်းကို ကျွန်တော် တစ်ကြိမ်ဖျစ်ညှစ်လိုက်ပြန်သည်။ ပြီးတော့ ထိုင်ရာမှ ထရပ်သည်။

"တပ်ကြပ်ကြီးပရင်ဆင်းဂူရန်းကို ရထားလမ်းပေါ်ရောက်အောင် သယ်ခဲ့ကြ"ဟု ကျွန်တော် အမိန့်ပေးလိုက်မိသည်။

"မလုပ်ပါနဲ့ ဗိုလ်ကြီး၊ ကျွန်တော် ဒီမှာပဲ နေခဲ့ပါရစေလား" ပရင်ဆင်းက ကျွန်တော့်ကို ပြုံးပြပြီး ပြောသည်။





ပရင်ဆင်းမှန်သည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်မိသည်၊ သည်နေရာကလေးမှာ သူလဲလျောင်းနေရင်း ဖြတ်သွားဖြတ်လာ မြန်မာတိုင်းရင်းသားများကို စောင့်မည်။ တစ်စုံတစ်ယောက်ကို တွေ့လျှင် အကူအညီတောင်းမည်။ သူတို့ လုံခြုံသည့် နေရာသို့ ခေါ်သွားမည်။ ဆေးဝါးကုသပေးမည်။ သည်နည်းဖြင့် သူ အသက်ချမ်းသာရာရမည်။

"ကောင်းပြီ . . ပရင်ဆင်း၊ မင်းကြိုက်သလို လုပ်ပါ"

ဟု ကျွန်တော် ပြန်ပြောရတော့မည်။

ပရင်ဆင်းသည် သူ့လက်ထဲမှ တော်မီဂန်းသေနတ်ကို ကျွန်တော့် အကူရဲဘော် ကားလ်ဗဟာဒူးဆီသို့ လှမ်းပေးသည်။

"မင်း ရိုင်ဖယ်သေနတ် ငါ့ကို ပေးပါ၊ ဒီသေနတ်က ပိုပြီး အသုံးဝင်ပါတယ်"

ဂေါ်ရခါးစစ်သားနှစ်ယောက်သည် တုန်လှုပ်ချောက်ချားစွာဖြင့် သေနတ်ချင်း လဲလှယ်နေကြသည်။

ပြီးတော့ ကျွန်တော့်ကို မော့ကြည့်လိုက်ပြန်သည်။ အလွန်တရာ ညင်သာနူးညံ့သည့် အကြည့် ဖြစ်သည်။

ပြီးတော့ အနည်းငယ် ပြုံးယောင်ပြုလိုက်သည်။

"နှုတ်ဆက်လိုက်ပါတယ် ဗိုလ်ကြီးရယ်"

သူက ညင်ညင်သာသာကလေး ပြောသည်။

ကျွန်တော်တို့ချင်း တင်းတင်းကျပ်ကျပ်ကြီး လက်ဆွဲနှုတ်ဆက်ကြသည်။ ပြီးတော့ သူ့ကို ချက်ချင်း ကျောခိုင်းပြီး ကျွန်တော် ထွက်ခဲ့သည်၊ ကျွန်တော့် မျက်လုံးထဲမှာ မျက်ရည်ပူများ ပြည့်နေပြီ။

နောက်ပိုင်းမှ ရိုင်ဖယ်သေနတ်သံတစ်ချက် ကြားလိုက်ရသည်။

တပ်ကြပ်ပရင်ဆင်းဂူရန်းသည် သူရဲကောင်းတကာ့ အကောင်းဆုံးတို့အနက် သူရဲကောင်း အပီသဆုံး ဖြစ်ခဲ့သည်တကား။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## ကိုသက်ပြင်းတို့ ဆက်တိုက်ခြင်း

တစ်လောကလုံး နေအလင်းရောင် ကောင်းစွာရနေပြီ။ ကျွန်တော်တို့သည် တောတွင်းမှ ခြေသံလုံလုံဖြင့် ထွက်လာကြသည်။ မနေ့ညက တိုက်ပွဲဖြစ်ပွားသည့် မီးရထားလမ်း နေရာသို့ ဦးတည်လာခဲ့သည်။ ယခုမှပင် တိုက်ပွဲနေရာကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရတော့သည်။

ဝန်တင်လားများနှင့် မြင်းသေကောင်များ၊ ဗြိတိသျှစစ်သားနှင့် ဝေါ်ရခါးရဲဘော်တို့၏ အလောင်းများ၊ စစ်ပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များမှာ မီးရထားလမ်းဘေးတစ်ဝိုက်တွင် မြင်မကောင်းအောင် ပြန့်ကျဲနေသည်။

ဂျပန်တို့သည် မီးရထားလမ်းဝဲယာရှိ တောတွင်းမှ စောင့်ဆိုင်းပြီး နှစ်ဖက်ညှပ်တိုက်ခိုက်သည့်မှာ သေချာသွားသည်။

စစ်ဆင်ရေးမှူးကြီး ဝင်းဂိတ်က ကျွန်တော်တို့ကို ညွှန်ကြားချက်ပေးလိုက်သည်။ ရန်သူနယ်မြေအတွင်းသို့ ဝင်ရောက်ပြီး ဟိုမှသည်မှ ချီတက်ရမည်။ ရန်သူကိုတွေ့လျှင် ဖြစ်သည့်နည်းဖြင့် တိုက်ခိုက်အနိုင်ယူရမည်။ ရန်သူ့ပစ္စည်းကိုတွေ့လျှင် ဖြစ်သည့်နည်းဖြင့် ဖျက်ဆီးပစ်ရမည်။ ရန်သူ၏ ဆက်သွယ်ရေးလမ်းကြောင်းနှင့် ထောက်ပံ့ရေး လမ်းကြောင်းများကို အစွမ်းကုန် ဖြတ်တောက်ပစ်ရမည်။ နောက်ဆုံးမဖြစ်မနေ ဆောင်ရွက်ရမည့် တာဝန်မှာ ချပ်သင်းအနီးနှင့် မီးရထားလမ်းကို မိုင်း





ထောင်ရန် ဖြစ်သည် စသည်ဖြင့် တာဝန်များ ပေးလိုက်သည်။

သူ့အပြောကတော့ ကျွန်တော်တို့၏ အောင်ပွဲချည်းသာ ဖြစ်ပါသည်။

ယခု စစ်မြေပြင်ကို မြင်ရတော့မှ ကျွန်တော်တို့ အရှုံးကြီး ရှုံးနိမ့်လိုက်ရပြီဖြစ်ကြောင်း သဘောပေါက် နားလည်လိုက်တော့သည်။

ကျွန်တော် နေရာကိုအရွှေ့လိုက်တွင် ဘေးသို့ ကားလ်ဗဟာဒူး ရောက်လာကြောင်း သတိထားလိုက်မိသည်။ ကျွန်တော်နှင့် ကိုက် (၅၀) လောက်အကွာ တောစပ်တစ်နေရာတွင် လူရိုပ်သဏ္ဍာန်သုံးခု လှုပ်ရှားသွားသည်ကို ရုတ်တရက် မြင်လိုက်ရသည်။ လက်ထဲမှ တော်မီဂန်းကို အသင့်အနေအထားမှာ ကိုင်လိုက်မိသည်။

လူရိပ်သုံးခုသည် တောတွင်းမှထွက်လာကာ အလောင်းများကြားတွင် လှုပ်ရှားနေကြသည်။ တစ်ယောက်က ဂေါ်ရခါးဓားကောက်ကို ကိုင်ပြီး အလောင်းများ၏ လည်ပင်းမှ တစ်စုံတစ်ရာကို ဖြုတ်ယူနေပုံပေါ်သည်။ ကျွန်တော့် ကျောရိုးထဲမှာ စိမ့်ခနဲ ဖြစ်သွားပေသည်။ ထို့ကြောင့် လူရိပ်များဆီသို့ သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

ဓားကောက်ကိုင်ထားသော တစ်ယောက်က အလောင်းများကြားမှ မတ်တတ် ထရပ်လိုက်သည်။ တောအုပ်ကို ကျော်ဖြတ်ပြီးကျလာသည့် နေရောင်က သူ့ကိုယ်ပေါ်မှာ လင်းသွားသည်။

ကျွန်တော် အသံကုန် မအော်ဘဲ မနေနိုင်ပါ။

မတ်တတ် ထရပ်လိုက်သူသည် ဗိုလ်အာသာဘက်စ် ဖြစ်လေသည်။

ကျွန်တော် အဆက်မပြတ် အသံကုန်အော်မိသည်။ လက်များကို ဝှေ့ယမ်းရင်း သူ့ဆီသို့ အားကုန်ပြေးမိသည်။ ကျွန်တော်တို့ချင်း ပြန်လည်တွေ့ဆုံကြရသောကြောင့် ပျော်မဆုံးအောင် ဖြစ်သွားမိတော့သည်။

ကျဆုံးသွားသော ရဲဘော်များ၏ အမှတ်အသားကို ရယူနိုင်ရန် ဂေါ်ရခါးရဲဘော်နှစ်ယောက်နှင့် ပြန်လာခြင်း ဖြစ်ကြောင်း အာသာက ပြောပြသည်။ မီးရထားလမ်းတာရိုးပေါ်ရှိ မြက်ခင်းပေါ်မှာ ကျွန်တော်တို့ ထိုင်ကြရင်း အတွေ့အကြုံများကို အပြန်အလှန် ပြောမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အာသာ၏ အတွေ့အကြုံသည်လည်း ကျွန်တော်နှင့် ထပ်တူထပ်မျှလောက် ဖြစ်နေသည်။ ချုံခိုအတိုက်ခံရသည်နှင့် တစ်ပြိုင်နက်တည်း နီးရာချုံအတွင်းသို့ သူ ဒိုင်ဗင်ထိုးဝင်ခဲ့သည်။ သူ့အနားမှာရှိနေသော ဝေါ ရခါးရဲဘော်များကို စုပြီး တောတွင်းမှာ တစ်ညလုံး တဝဲလည်လည် ဖြစ်နေကြသည်။ စစ်ကြောင်းနှင့် အဆက်အသွယ်ရဖို့ ကြိုးစားသည်။ သို့သော်လည်း လုံးဝ မအောင်မြင်။ ထိုသို့ ရှိနေဆဲ ကံကောင်းထောက်မသောကြောင့် ဘုရင့်လေတပ်မတော်မှ ဗိုလ်ကြီးအက်ဒီအက်ဒမန်နှင့် ဗိုလ်ကျွန်ဂရစ်ဖစ်တို့ လူစုကို သွားတွေ့သည်။ သူတို့မှာလည်း ရဲဘော်အနည်းငယ်နှင့် တောတွင်းမှာ တဝဲလည်လည် ဖြစ်နေသည်။

ရထားလမ်းဘေးမှာ လန့်ပြေးနေသည့် ဝန်တင်လားနှင့် မြင်းများကို ရနိုင်သမျှ လိုက်ဖမ်းကြသည်။ ကျွန်တော်လည်း ကျွန်တော့်လူများနှင့်အတူ ဗိုလ်အာသာဘက်စ်တို့နှင့် ပေါင်းပြီး တာဝန်များကို ခွဲဝေယူလိုက်သည်။

အချိန်အနည်းငယ် အတွင်းမှာပင် ဝန်တင်လားနှစ်ကောင်ကို ဖမ်းဆီးရမိသည်။ စက်လတ်တစ်လက်နှင့် ပြန့်ကျဲနေသော ခဲယမ်းမီးကျောက်များကို လားတစ်ကောင်ပေါ်သို့ နိုင်သမျှကောက်တင်သည်။ ကျန်လားတစ်ကောင်ပေါ်သို့မူ ပေါက်ကွဲမှုအားကောင်းသော ယမ်းဘီလူးများနှင့် စနက်တံများ၊ ခဲယမ်းမီးကျောက်များကို စုဆောင်းတင်သည်။ ရိက္ခာများကိုလည်း လိုက်ကောက်သည်။

ကျွန်တော်တို့ လူစု ပြန်ပေါင်းမိပြီ။ လုံလောက်သော ရိက္ခာရပြီ။ လုံလောက်သော လက်နက်ခဲယမ်းမီးကျောက်များရပြီ။ လူအင်အားလည်း အထိုက်အလျောက်ရှိပြီ။ ကျည်ကပ်များကို ယမ်းတောင့်များ အပြည့်ဖြည့်ကြသည်။ ရထားလမ်းဘေးမှာ ဒဏ်ရာ ဆိုးဆိုးရွားရွားဖြင့် လဲနေသည့် လားတစ်ကောင်ကို သတ်ပစ်ခဲ့ရသေးသည်။

လေတပ်ဗိုလ်ကြီးအက်ဒီအက်ဒမန်သည် စစ်မဖြစ်မီက တောလိုက်မုဆိုးကြီးတစ်ယောက်ဖြစ်သည်။ တောကောင်ကြီးများကိုသာ လိုက်လံပစ်ခတ်သည်။ ထို့ကြောင့် တောနှင့်ပတ်သက်လျှင် အလွန် ကျွမ်းကျင်လိမ္မာသူဖြစ်သည်။ စစ်ဖြစ်သောအခါ လေသူရဲအဖြစ် မြန်မာပြည်စစ်မြေပြင်သို့





သူ့ကို ပို့လိုက်သည်။ သူကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့သည်။

သူ့ကို မွေးဖွားခဲ့သည့် နယူးဂီနီကို ဂျပန်များ သိမ်းပိုက်သောအခါ သူ့မိဘနှစ်ပါးစလုံး ဂျပန်လက်ချက်ဖြင့် အသက်ပျောက်ခဲ့သည်။ ထိုရာဇဝင်ကြွေးကိုဆပ်ဖို့ သူ အခိုင်အမာ ဆုံးဖြတ်ခဲ့သည်။ ဝင်းဂိတ်၏ ခြသေ့စစ်ဆင်ရေး စတင်သောအခါ တောကျွမ်းသည့် အက်ဒီက ယင်းစစ်ဆင်ရေးတွင် လိုက်ပါခွင့်တောင်းပြီး လိုက်ပါလာခြင်း ဖြစ်သည်။

အင်ဖာမှ စတင်ချီတက်ခဲ့သည့် ခရီးတစ်လျှောက်လုံး သူ့ကိုယ်ပေါ်မှာ ဟုတ္တိပတ္တိ ပစ္စည်းများ မသယ်ဘဲ နာဂတောင်တန်းပေါ်မှာ ပေါက်ဖွားသည့်လားကလေး၏ ကျောပေါ်သို့သာ အတင်တင်ခဲ့သည်။ သူ့ကိုယ်လုံးနှင့် လားကလေး၏ ကိုယ်လုံးကို နှိုင်းစာကြည့်လျှင် သူ့ကိုယ်လုံးကပင် ပိုမိုကြီးမားနေသေးသည်။ ထို့ကြောင့်လည်း . . .

“ခင်ဗျားကြီး အတော်သောက်ပျင်းထူတဲ့လူ၊ ခင်ဗျား အတ္တဘောကြီးနဲ့ဆိုရင် အဲဒီ လားကလေးကိုတောင် ခင်ဗျားက ထမ်းခဲ့ဖို့ကောင်းတာ”ဟု ကျွန်တော်တို့က သူ့ကို နောက်ပြောင်လှောင်ရှိခဲ့ကြသည်။ ယခု သူ့လားကလေးလည်း မနေ့ညက တိုက်ပွဲမှာ ကျဆုံးခဲ့ရရှာပြီ။

“ကိုင်း . . . တို့အားလုံး ခြေလျင်နဲ့ တောင်တက်အသင်းဝင်တွေ ဖြစ်သွားပြီပေါ့ကွာ၊ သိပ်ကို စိတ်ဝင်စားစရာကောင်းတဲ့ ခရီးကို ဆက်ကြရဦးမယ်” ဟု အက်ဒီအက်ဒမန်က ပြောသည်။

ကျွန်တော်တို့ အရာရှိများ ချက်ချင်း အစည်းအဝေးထိုင်ကြသည်။ မြန်မာပြည်တွင်းမှ ထွက်ခွာကြဖို့ မည်သည့်ဒေသကို ရွေးမည်နည်းဟု တိုင်ပင်ကြသည်။ အက်ဒီအက်ဒမန်က အရှေ့တောင်စူးစူးသို့ သွားပြီး မြန်မာနိုင်ငံနယ်စပ်ကို ဖြတ်ကျော်ကာ အင်ဒိုချိုင်းနားအတွင်းဝင်ရန်သာ အကျောက်အကန် ပြောသည်။

“တို့ကို အကူအညီပေးမယ့် ဝေါ်တစ်ကောင် အဲဒီဘက်မှာ ရှိတယ်၊ သူ့ကို ငါသိတယ်”ဟု အက်ဒီက ပြောသည်။

သူ့ အဆိုပြုချက်ကို ကျွန်တော်တို့ မငြင်းနိုင်ပါ။ ကျွန်တော်တို့ ခေါင်းဆောင်အဖြစ် သူ့ကို အများသဘောတူ တင်မြှောက်လိုက်ပြီး ဖြစ်သည်။ ကျွန်တော်တို့ အားလုံးထဲမှာ သူက ရာထူးအကြီးဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံလည်း အရင့်ကျက်ဆုံး ဖြစ်သည်။

သို့ဖြင့် အရှေ့တောင်ဘက်ကို ဦးတည်ပြီး အကြောက်အရွံ့ တင်းမဲ့သော အက်ဒီက ခေါင်းဆောင် ချီတက်သည်။ သူ့နောက်က ကျွန်တော်၊ ကျွန်တော့်နောက်က ဗိုလ်အာသာဘက်စ်၊ သူ့နောက်က ဗိုလ်ဂျွန်ဂရစ်ဖစ်။ ဂျွန်ဂရစ်ဖစ်သည် ရဲဘော်ရဲဘက် ပီသသူ ဖြစ်သည်။ အရပ်က ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ထည်က တောင့်တောင့်တင်းတင်း၊ အလွန်သန်မာပြီး ဘယ်လို အခက်အခဲမျိုးကမှ သူ့ကို အနိုင်မယူနိုင်သည့် ပုံစံမျိုး ဖြစ်သည်။

ပိုလျှံသောရိက္ခာ၊ ပိုလျှံသော လက်နက်ခဲယမ်းမီးကျောက်များဖြင့် ပြန်လည်ဖွဲ့စည်းမိပြီးဖြစ်သော ကျွန်တော်တို့ တပ်ဖွဲ့ကလေးကို ကြည့်ကာ ယုံကြည်စိတ်ချမှုများ အပြည့်အဝရလာကြပြန်သည်။ ကျွန်းတောကြီးများ ထဲမှာ ကျွန်တော်တို့ မနားတမ်း ချီတက်ခဲ့ကြသည်။ တောစပ်အလွန် မန္တလေး-မြစ်ကြီးနား ရထားလမ်းကို ရောက်သည်အထိ ချီတက်ကြခြင်း ဖြစ်သည်။

တောစပ်ကလေး အလွန်မှာ မီးရထားလမ်းကို တွေ့ရပြီ။ လူသွားလမ်းတလေးတ တောစပ်ကို ကျော်ပြီး ကွင်းပြင်ထဲသို့ ထွက်သွားသည်။ လူသွားလမ်းတလေးမှာ ခပ်ဖုန်ဖုန် ဖြစ်နေသည်ကို ကြည့်ရခြင်းအားဖြင့် လူသုံးများကြောင်း သိသာသည်။ ထို့ကြောင့် သည်နေရာမှာ အန္တရာယ် များနိုင်သည်။ ဗိုလ်ကြီးအက်ဒီအက်ဒမန်က အချက်ပြလိုက်သောကြောင့် တောစပ်ကလေးမှာ ကျွန်တော်တို့ နေရာယူပြီး ငြိမ်သက်နေကြသည်။

ဘာသံကိုမှ မကြ ရ။ တောင်နှင့်မြောက်ဘက်ကို လှမ်းမျှော်ကြည့်သည်။ မျက်စိတစ်ဆုံးတွင် ဘာကိုမှ မမြင်ရ။ မီးရထားသံလမ်းသည်သာလျှင် မြွေနှစ်ကောင်လို ပူပြင်းလှသည့် နေရောင်အောက်မှာ အရောင်တောက်နေသည်။ ရထားလမ်းပေါ်မှ ကျောက်ခဲများကလည်း နေရောင်ဖြင့် လက်နေကြသည်။ လူရိပ်လူရောင်ဝေး၍ သက်ရှိသတ္တဝါကိုပင် မမြင်ရ။ မိတ်ဆွေလည်း ရှိပုံမပေါ်။ ရန်သူလည်း ရှိပုံမပြ။

ကွင်းပြင်ကလေးကို ဖြတ်ရန် အလုံခြုံဆုံး အချိန်ဖြစ်သည်ဟု ကျွန်တော်တို့ ဆုံးဖြတ်လိုက်ကြသည်။ အက်ဒီက ရှေ့ဆုံးမှ၊ အာသာနှင့်





ကျွန်တော်က နောက်ဆုံးမှ နေရာယူပြီး ကွင်းပြင်ကလေးကို အပြေးဖြတ် ကျော်လာခဲ့ကြသည်။ ခပ်လှမ်းလှမ်းမှ မမြင်တွေ့နိုင်စေရန် ကျွန်တော်တို့ ကိုယ်များကို အကိုင်းနိုင်ဆုံး ကိုင်းထားကြသည်။ မီးရထားလမ်းဘေးမှာ ကျွန်တော်တို့ နေရာယူလိုက်ကြသည်။ အာသာနှင့် ကျွန်တော်တို့က အပြန်အလှန် မျက်ရိပ်ပြသည်။ အပြန်အလှန်လည်း သဘောပေါက် နားလည်လိုက်ကြပါသည်။

"ဟုတ်တယ်. . . သေသေချာချာကို အလုပ်ဖြစ်မယ့် နေရာမျိုးပဲ၊ တို့လုပ်ရမယ့် အလုပ်တစ်ခု ပြီးမြောက်သွားတာပေါ့ကွာ"

ဟု အာသာက ကျွန်တော့်ကို လှမ်းပြောသည်။

ရှေ့မှာ ရှိနေသည့် လားကို ဖမ်းဆွဲလိုက်သည်။ လားပေါ်မှာ တင်ထားသည့် ယမ်းဘီလူးဘူးကို ယူသည်။ စနက်တံကို ယူသည်။ ပြည့်စုံတော့မှ လားထိန်းရဲဘော်ကို လားနှင့်အတူ ဆက်သွားနှင့် ခိုင်းလိုက်သည်။

မီးရထားသံလမ်းနှစ်ခုကြားရှိ ချိုင့်ကလေးထဲမှာ ယမ်းဘီလူးဘူးနှင့် စနက်တံမြှုပ်ရသည့် အလုပ်မှာ တစ်မိနစ်မျှပင် မကြာလိုက်ပါ။ အာသာကလည်း သံလမ်းနှင့်ယှဉ်ပြီး မြေစိုက်ကို ချည်သည်။ သည်အပေါ်မှ ဖြတ်သန်းမောင်းနှင်သွားမည့် မည်သို့သော ဂျပန်မီးရထားမဆို ကိစ္စချောဖို့သာ ပြင်ပေရော့။

အာသာနှင့် ကျွန်တော်တို့ နှစ်ယောက် တစ်ဖက် တောအုပ်ဆီသို့ ပြေးခဲ့သည်။ ကျွန်တော်တို့ ကိုယ်များမှာ ချွေးများ ရွှဲနစ်နေသည်။

ရထားတစ်စီးစီး ဖြတ်ကျော်မောင်းသွားဖို့ ကျွန်တော်တို့ ကျိတ်ပြီး ဆုတောင်းနေမိကြသည်။ ထိုနေ့ညက ဆုတောင်းမပြည့်ပါ။ ကျွန်တော်တို့ ဆက်လက်ချီတက်မြဲ ချီတက်ခဲ့ကြသည်။ မီးရထားလမ်းနှင့် ဆယ်မိုင်ခန့် အကွာသို့ ရောက်သောအခါ ရောမ ပေါက်ကွဲမြည်ဟည်းသံကြီးကို ကြားလိုက်ရသည်။ မျှော်မှန်းထားကြသည့်အတိုင်း ဂျပန်တို့၏ ရိက္ခာတင်ရထား ကျွန်တော်တို့ မိုင်းဗုံးကို နင်းမိချေပြီ။

ထိုနေ့ညက ကျွန်တော်တို့ လုံခြုံအေးချမ်းစွာ နားနေအိပ်စက်နိုင်ကြပါသည်။

အာသာက ကျွန်တော့်ကို အသာကလေး တို့လိုက်သည်။ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှနိုးပြီး ကြည့်လိုက်တော့ လင်းရောင်သန်းပြီ။ အသင့်ပြင်ထားရမည့် အရုဏ်တက် အချိန်သို့ ရောက်ပြန်ပြီ။ ကောင်းစွာ အနားယူအိပ်စက်နိုင်ခဲ့သည့်အတွက် ကိုယ်ရောစိတ်ပါ လန်းဆန်းကြည်လင်နေသည်။ တောကျွမ်းသည့် ဗိုလ်ကြီးအက်ဒီအက်ဒမန်သည် အလုံခြုံ စိတ်အချဆုံးရသောနေရာကို ကျွန်တော်တို့အတွက် ရွေးချယ်ပေးနိုင်ခဲ့သည်။ ပိုမို လုံခြုံသည့် နေရာကောင်းတစ်ခုကို မကြာမီ တွေ့ရတော့မည်ဟု သူ တွက်ဆထားကြောင်းဖြင့်လည်း ပြောပြသည်။

သူ ပြောသည်မှာ မှန်ပါသည်။ ကျွန်တော်တို့ ချီတက်နေသည့် လမ်းကြောင်းသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာသည်။ ဘေးတစ်ဖက်တစ်ချက်တွင် စိမ်းလန်းစိုပြည်သည့် တောင်ကမ်းပါးယံကြီးများက မိုးထိုးပြီး မိုးနေသည်။ ကျွန်တော်တို့ ချီတက်လာသည့် လမ်းကျဉ်းကလေးသည် အလွန် လုံခြုံစိတ်ချရသည့် တောင်ကြားတစ်ခု အတွင်းသို့ ဦးတည်သွားသည်။ တောင်ကြားထဲမှာ စိမ်းလန်းကြည်လင်သည့် စမ်းချောင်းကလေး တစ်ခုကလည်း ဖြတ်သန်းစီးဆင်းနေသည်။

ယင်း တောင်ကြားအတွင်းမှာပင် ကျွန်တော်တို့ စစ်ကြောင်းမှ ဆရာဝန် ဗိုလ်ကြီးလပ်စ်ခ်နှင့် သွားတိုးတော့သည်။

"ဟား. . . ဟား. . . လေတပ်ဗိုလ်ကြီးအက်ဒမန် ဖြစ်ကောင်းဝါရဲ့လို့ ကျုပ် ထင်သဗျား"

ကျွန်တော်တို့ကို တွေ့သည်နှင့် တစ်ပြိုင်တည်း ဆရာဝန်လပ်စ်ခ်က အသောကလေးဖောက်ပြီး ဆီးကြိုနှုတ်ဆက်သည်။ ကျွန်တော်တို့ အားလုံး အပျော်ကြီး ပျော်သွားကြသည်။ အလိုအပ်ဆုံးသော အချိန်တွင် ကိုယ့်ရဲဘော်များနှင့် ပြန်လည်တွေ့ဆုံပူးပေါင်းမိခြင်း ဖြစ်လေရာ မည်သူမပျော်ဘဲ ရှိနိုင်ပါအံ့နည်း။

မီးဖိုဘေးမှာ ဝိုင်းထိုင်ကြသည်။ အတွေ့အကြုံများကို အပြန်အလှန် ဖလှယ်ကြသည်။ ဆရာဝန်၏ အတွေ့အကြုံကလည်း ကျွန်တော်တို့နှင့် ထူးခြားလှသည်မဟုတ်။ ရန်သူ၏ ချုံခိုတိုက်ခိုက်ခြင်း ခံရသည်နှင့် တစ်ပြိုင်တည်း စစ်ကြောင်းကို လူစုခွဲပစ်ရန် အမိန့်ပေးသံကို သူကြားလိုက်ရသည်။





ထို့ကြောင့် တပ်စိတ်တစ်စိတ်ကို အရယူပြီး တောတွင်းသို့ သုတ်ိုးဝင်ခဲ့သည်။ နောက်ဆုံး သည်နေရာသို့ ရောက်လာသည်။ တစ်နေ့နှင့် တစ်ညရှိပြီ။ မည်သူ့ကိုမျှ မမြင်တွေ့ခဲ့။

နောက်တစ်နေ့ အရုဏ်တက်ချိန်ကလေးမှာ အိပ်ရာက ကျွန်တော်နိုးလာပြန်သည်။ သစ်ပင်ထိပ်ဖျားများပေါ်သို့ အရုဏ်ဦးရောင်ခြည်များ ထိုးကျနေသည်။ ဆရာဝန် ဗိုလ်ကြီးလပ်စ်ခ်နှင့် စကားသွားပြောလိုစိတ်ပေါက်လာသည်။ ကိုယ်ပေါ်မှ စောင်ကို ခွာချခဲ့ပြီး သူရှိမည့် နေရာသို့ လျှောက်သွားတော့ သစ်တုံးတစ်တုံးပေါ်မှာ ထိုင်ပြီး စောင်တစ်ထည် ပတ်ထားသည်ကို တွေ့ရသည်။ ကျွန်တော်လည်း သူ့ဘေးမှာ ဝင်ထိုင်ကာ လှပသည့် ကောင်းကင်ကို မော့ကြည့်နေမိသည်။

ကျွန်တော်တို့ နှစ်ယောက်သားသည် အမှတ်မထင်ပင် ဆေးတပ်သားလေး တစ်ယောက်ထံသို့ မျက်စိရောက်သွားကြ၏။ ဆေးတပ်သားကလေးမှာ အိပ်နေဆဲ ဖြစ်သည်။ ည၏ အလင်းရောင် တဖြည်းဖြည်း ပျောက်စပြုလာလေသည်။ အရုဏ်တက်၏ အလင်းရောင်များက ပိုမိုအားကောင်းလာသည်။

ယင်း အလင်းရောင်အောက်တွင် မြွေဟောက်တစ်ကောင်သည် ဆေးတပ်သား ရဲဘော်ကလေး အိပ်နေရာအနီးသို့ ရွေ့လျားလာသည်။ ပါးပျဉ်းထောင်ထားသည်။ အလွန် အဆိပ်ပြင်းသည့်မြွေ ဖြစ်ကြောင်း ကျွန်တော်တို့ သိသည်။ ဆေးတပ်သားကလေးကို ပေါက်တော့မည့်ဟန် ဖြစ်သည်။ သူ၏ သေရေးရှင်ရေးမှာ စက္ကန့်ပိုင်းကလေးအတွင်း အဆုံးအဖြတ်ပေးရတော့မည် ဖြစ်သည်။

ခါးမှ ခြောက်လုံးပြူးကို ဆွဲဖြုတ်ယူပြီးနောက် မောင်းကို တစ်ချက်ဆွဲတင်လိုက်သည်။ မြွေဟောက်၏ ပါးပျဉ်းတည့်တည့်ကို ထိုးချိန်လိုက်သည်။ မြွေဟောက်၏ ကိုယ်ထည်က နှစ်လက်မခန့် ရှိသည်။ ခါးမှ ခြောက်လုံးပြူးကို ဤမျှ မြန်မြန်ဆွဲထုတ်ပြီး ဤမျှ မြန်မြန်မောင်းတင်ကာ ထိုးချိန်လိုက်နိုင်ခြင်းအတွက် ကိုယ့်ဟာကိုယ် အံ့သြသွားမိသည်။ အလွန် လျင်မြန်သည့်နှုန်းထား ဖြစ်သည်။ ခြောက်လုံးပြူးမောင်းကို ညှစ်လိုက်သည်။ ဒိုင်းခနဲ မြည်ဟည်းသွားသည်။ ယမ်းနံ့များ နှာခေါင်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လာသည်။ သို့သော်လည်း သေနတ်ကျည်ဆန်ထွက်သွားသည့် အတွက် တွန်းကန်အားကို ကျွန်တော့် လက်ထဲမှာ မခံစားလိုက်ရပါ။ ဆေးတပ်သားကလေးကို ပေါက်တော့မည့် မြွေဟောက်မှာ တွန့်လိမ်ပြီး မြေကြီးပေါ်သို့ လန်ကျသွားသည်။

ဘာဖြစ်သည်ကို ကျွန်တော်ကိုယ်တိုင် ရေရေရာရာမသိသေးမီမှာပင် စခန်းတစ်ခုလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်တော့သည်။ ခြောက်လုံးပြူးကိုယ်စီကိုင်ပြီး ရပ်နေကြသည့် ကျွန်တော်တို့နှစ်ယောက်ဆီသို့ ဝိုင်းလာကြသည်။ သူ့သေနတ်ကို လှမ်းကြည့်လိုက်သည်။ ပြီးတော့ ကိုယ့်သေနတ်ကိုယ် ကြည့်မိသည်။ သူ့သေနတ်ပြောင်းဝသည် အောက်သို့ စိုက်ကျနေကာ မီးခိုးတငွေ့ငွေ့ ထွက်နေသည်။

"အံ့သြစရာကောင်းလိုက်လေ ဆရာရယ်၊ တင်ပါးပေါ်မှာ ချိတ်ထားတဲ့ သေနတ်ကိုဖြုတ်ပြီး ဒါလောက် မြန်မြန်ပစ်နိုင်အောင် ဘယ်မှာများ ဆရာသွားသင်ခဲ့သလဲ"

ဟု ကျွန်တော်က ဟန်မဆောင်နိုင်တော့ဘဲ မေးသည်။

ဆရာဝန်က အားပါးတရ ပြုံးလိုက်သည်။

"အေး. . . ဆန်းတော့အဆန်းသားကွ၊ ဒီလိုသက်ရှိ အကောင်ကို ငါ့တစ်သက်မှာ တစ်ခါမှ မပစ်ဖူးပါဘူးကွ" ဟု သူက ပြောသည်။

ကျွန်တော်တို့နှစ်ယောက်၏ အဖြစ်မှန်ကို သိတော့မှ စခန်းတစ်ခုလုံး ပင့်သက်ချနိုင်ကြတော့သည်။ ဆေးတပ်သားကလေး၏ အသက်ကို ဗိုလ်ကြီးလပ်စ်ခ်က ကယ်တင်လိုက်ခြင်းပင် ဖြစ်လေသည်။

အဆိုပါ လျှို့ဝှက်စခန်းကလေးမှာ ကျွန်တော်တို့ နှစ်နေ့နှင့် နှစ်ည နားနေကြသည်။ ပတ်လည်မှာ တိုက်ကင်းများလွှတ်သည်။ ကင်းများ ချထားသည်။ ဘာအနှောင့်အယှက်မှ မရှိ။ ရန်သူ၏ အရိပ်အယောင်ကိုပင် မမြင်ရ။ အင်ဖာမှ ထွက်လာကတည်းက အငြိမ်းချမ်းဆုံး၊ အလုံခြုံဆုံး နားနေခွင့်ရသည့် နှစ်နေ့နှင့် နှစ်ည ဖြစ်ပါသည်။

ဒုတိယနေ့ ကုန်ဆုံးသောအခါ စစ်ကြောင်းမှူး ဗိုလ်မှူးဂျေဒန်းလော့၏ အမှတ် (၁) စစ်ကြောင်းသည် ကျွန်တော်တို့၏ လျှို့ဝှက်နေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့သည်။ ကျွန်တော်တို့ ချုံခို





တိုက်ခံရသောအခါ သူတို့စစ်ကြောင်းက ကျွန်တော်တို့နှင့် ဆယ်မိုင်ခန့် ဝေးသည့် နေရာတွင် ရောက်ရှိနေသောကြောင့် မည်သည့်နည်းနှင့်မျှ စစ်ကူမပေးနိုင်အောင် ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

တိုက်ပွဲမဖြစ်မီကလေးတွင် ဂျပန်စစ်သားများ မီးရထားနှစ်စီး အပြည့် ချပ်သင်းသို့ ရောက်လာကြသည်ဟု ဆိုသည်။ နောက်ထပ် ရောက်လာသည့် ရိက္ခာတင် ဂျပန်ရထားတစ်စီးမှာမူ မိုင်းဗုံးနင်းမိပြီး တိမ်းမှောက်သွားသည်ဟု ဗိုလ်မှူးဒန်းလော့က ပြောပြသည်။ အာသာနှင့် ကျွန်တော်တို့မှာ ထိုစကားကို ကြားရသဖြင့် အပျော်ကြီး ပျော်သွားမိသည်။ ကျွန်တော်တို့ ထောင်ထားသည့် မိုင်းဗုံးကိုနင်းမိကာ တိမ်းမှောက်သွားသည့် ရထားကြီးကို စိတ်ကူးထဲမှာ မြင်ယောင်လာပြီး ကြည်နူးဝမ်းမြောက်မှုများကို ခံစားလိုက်ရလေသည်။

အမှတ် (၁) စစ်ကြောင်းနှင့် ပူးပေါင်းကာ ကျွန်တော်တို့တပ်များကို ပြန်လည်ဖွဲ့စည်းကြသည်။ မူလ စစ်ဆင်ရေး အစီအစဉ်များအတိုင်း ဆက်လက် အကောင်အထည်ဖော်ရန် ကျွန်တော်တို့ ပြင်ဆင်ကြသည်။ ဗိုလ်မှူးဒန်းလော့၏ အမှတ် (၁)စစ်ကြောင်းမှာ ခရီးဝေးဆက်သွယ်နိုင်သည့် ဝိုင်ယာလက် စက်တစ်လုံး ရှိနေသည်။ ထို့ကြောင့်လည်း ပြင်ပကမ္ဘာနှင့် ကျွန်တော်တို့ ပြန်လည်အဆက်အသွယ် ရကြပြန်သည်။ အင်ဖာမှာရှိနေသည့် နောက်တန်းစစ်ဌာနချုပ်နှင့်လည်းကောင်း၊ မြန်မာပြည် မြောက်ပိုင်းတောတွင်းမှာ စစ်ဆင်ရေးဆင်နွှဲနေသည့် ဗိုလ်မှူးချုပ်ဝင်းဂိတ်နှင့်လည်းကောင်း နေ့စဉ် အဆက်အသွယ်များ ပြုလုပ်ကြသည်။

ကျွန်တော်တို့ အမှတ် (၂)စစ်ကြောင်း ချုံခိုအတိုက်ခံရပြီး၊ သည်တောတွင်း၌ ကျန်နေရစ်သူများမှာ အာသာဘက်စ်၊ အက်ဒီအက်ဒမန်၊ ဂွန်ဖရန်ဖစ်နှင့် ကျွန်တော်တို့ အရာရှိ လေးဦးအပြင် ရဲဘော်အချို့သာ ဖြစ်သည်။ ဗိုလ်မှူးအင်းမက်သည် ကျန်နေသည့် အမှတ် (၂)စစ်ကြောင်းကို ဦးဆောင်ပြီး အိန္ဒိယပြည်ဘက်သို့ အလျင်အမြန် ပြန်လည်ဆုတ်ခွာ ချီတက်သွားပြီဟု ဗိုလ်မှူးဒန်းလော့က ပြောသည်။ ယခုလောက်ဆိုလျှင် ချင်းတွင်းမြစ်ရောက်ဖို့ ခရီးတစ်ဝက်ပင် ပေါက်နေလောက်ပြီဟု ဆိုသည်။

သူတို့ နောက်သို့ ဂျပန်တပ်များက မျက်ခြည်ပြတ်မခံဘဲ တရစပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေသည်။ မော်တာများဖြင့် လှမ်းထုသည်။ ခြေလျင်တပ်များဖြင့် လျှပ်တစ်ပြက် ဖြတ်တိုက်သည်။ ထက်ကြပ်မကွာ လိုက်လာသည့် ရန်သူများကိုလည်း တွန်းလှန်နိုင်ခြင်း မရှိတော့။ ထို့ကြောင့် လေးလံသည့် လက်နက်ကြီးများနှင့် အခြားပစ္စည်းများကို စွန့်ပစ်ကာ အမြန်ဆုံး ဆုတ်ခွာနိုင်ရေးအတွက် တပ်စုကလေးများဖွဲ့ပြီး လူခွဲထုတ်လိုက်ကြောင်း လွှနိခဲ့သည့် နာရီပိုင်းကလေးက ဗိုလ်မှူးဒန်းလော့နှင့် ဝိုင်ယာလက်စက် အဆက်အသွယ်ရစဉ်က သိရသည်ဟု ဆိုသည်။

အသစ် ပြန်လည်ဖွဲ့စည်းပြီးဖြစ်သည့် အမှတ် (၁)စစ်ကြောင်းအဖို့ သတင်းအပြည့်အစုံများကို မပြတ်ရနေသည်။ မြောက်ပိုင်းမှာ တိုက်ပွဲဝင်နေသည့် ဝင်းဂိတ်၏ ချေမှုန်းသုတ်သင်ရေးတပ်များအနေဖြင့် အချိန်လုံလောက်စွာရပြီး အောင်ပွဲများ ရရှိနေကြောင်းသိရသည်။ သူတို့ အချိန်ရအောင် အောင်ပွဲရအောင် ကျွန်တော်တို့ အနစ်နာခံလိုက်ရခြင်းပင် ဖြစ်သည်။

ကျွန်တော်တို့ စစ်ကြောင်းသည် ရန်သူနယ်မြေအတွင်းပိုင်းသို့ နက်သည်ထက်နက်အောင် ဆက်လက်ချီတက်ရမည်ဟု ဝင်းဂိတ်က ညွှန်ကြားသည်။ ဧရာဝတီမြစ်ကိုဖြတ်ပြီး ဆက်လက် ချီတက်ရန် ဖြစ်သည်။

"ဘာတွေနဲ့မှား ကြုံတွေ့ရဦးမလဲဆိုတာ တွေးနေမိတယ်ကွာ၊ အခုလို ဆက်ပြီး ချီတက်ကြရဦးမယ်ဆိုတော့ အတော် စိတ်ချမ်းသာသွားတယ်။ မဟုတ်ဘူးလား ချာတိတ်" ဟု အာသာက ကျွန်တော့်ကို လှမ်းပြောသည်။

ကျွန်တော်တို့ အရာရှိများအားလုံး စိတ်ဓာတ်တက်ကြွနေကြသည်။ ကျွန်တော်တို့၏ နောက်ထပ်ရည်မှန်းချက်သည် မန္တလေး၊ လားရှိုး မီးရထားလမ်းဖြစ်သည်။ ဂုတ်ထိပ်တံတားကို ချိုးဖျက်ပေးရမည်။ ဂုတ်ထိပ်တံတားကို လေတပ်ဖြင့် ဖျက်ဆီး၍ မလွယ်ကူ။ ထို့ကြောင့် ခြေလျင်တပ်ဖြင့် ချဉ်းကပ်ပြီး မိုင်းထောင်ရမည် ဖြစ်သည်။

"ကျွန်တော်တို့ မိုးကုတ်ကိုလည်း ဝင်တိုက်ရဦးမယ် ဗိုလ်ကြီး၊ မိုးကုတ်ကိုတိုက်ပြီး ပတ္တမြားတွင်းတွေ သိမ်းမိမယ်ဆိုရင် အင်္ဂလိပ်အဖို့ အခုတိုက်နေတဲ့ စစ်စရိတ်တွေ ကျေရော"





ကျွန်တော်တို့၏ နောက်ရည်မှန်းချက်သည် မန္တလေး-လားရှိုး မီးရထားလမ်းနှင့် ဂုတ်ထိပ်တံတားဖြစ်ကြောင်း သိရသောအခါ ကျွန်တော့် အကူရဲဘော် ကားလ်ဗဟာဒူးက ကျွန်တော့်ကို လာပြောသည်။

ကျွန်တော်တို့ ခိုအောင်းစခန်းချနေသည့် လှိုဝှက်နေရာကလေးနှင့် ဧရာဝတီမြစ်မှာ မိုင်အနည်းငယ်သာ ကွာဝေးသည်။ သည်ခရီးကို ချီတက်ရတော့ စစ်ကြောင်းတစ်ခုလုံး ပျော်မြူးနေကြသည်။ ဧရာဝတီမြစ်ကို တကောင်းရွာအနီးမှ ဖြတ်ကူးရန် စစ်ကြောင်းမှူး ဗိုလ်မှူးဒန်းလော့က စီစဉ်ထားသည်။ တကောင်းရွာသည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင် ရှိပြီး အထိုက်အလျောက် ကြီးမားသည့် ရွာကြီးတစ်ရွာ ဖြစ်ပေသည်။ မိတ်ဆွေရွာ ဖြစ်နိုင်စရာ အကြောင်းရှိသည်ဟုလည်း ခန့်မှန်းထားသည်။

စစ်ကြောင်းကြီး တစ်ခုလုံး မကူးဖြတ်မီ လိုအပ်သော အစီအစဉ်များကြိုတင်ပြုလုပ်ထားနိုင်ရန် ဗိုလ်ကြီးချာလီဘာရစ် ခေါင်းဆောင်သည့် ဘားမားရိုင်ဖယ်တပ်ကို စေလွှတ်လိုက်သည်။ ဘားမားရိုင်ဖယ်တပ်သည် ညအမှောင်ထုကို အကာအကွယ်ယူကာ တစ်ရက်စောပြီး ထွက်ခွာသွားလေသည်။

နံနက် အရုဏ်မတက်မီမှာပင် တကောင်းရွာသို့ သူတို့ ရောက်သွားကြသည်။ ရန်သူကင်းရှင်းကြောင်း၊ ရွာသူရွာသားများကလည်း လိုလိုလားလားရှိကြောင်း၊ ထမင်း၊ ကြက်သားဟင်း၊ ဟင်းသီးဟင်းရွက် စသည်များ ရရှိရေး၊ ထမင်းစားသောက်ရေးများပါ စီစဉ်ပြီးဖြစ်ကြောင်း ဝိုင်ယာလက်စက်ဖြင့် သတင်းပြန်ပို့သည်။ ထိုသတင်းကို ကြားသိရရုံမျှဖြင့်ပင် ထမင်းတစ်နပ်တော့ လူလိုသူလို စားရချေသေးရဲ့ဟု ကျွန်တော်တို့ စိတ်ကူးပေါက်ပြီး သွားရည်တမျှားမျှား ဖြစ်နေမိကြသည်။

တစ်ယောက်ချင်း ရှေ့နောက်တန်းစီပြီး ဗိုလ်မှူးဒန်းလော့ နောက်မှလိုက်ကာ ဧရာဝတီမြစ်ကမ်းဘက်သို့ ချီတက်ခဲ့ကြသည်။ နောက်ဆုံး တငြိမ့်ငြိမ့်ရေစီးနေသည့် ဧရာဝတီမြစ်ကြီးကို မြင်ရသည်။ မြစ်အနီးသို့ ရေမရှိသည့် ချောင်းငယ်တစ်ခုအတိုင်း ချဉ်းကပ်သွားရသည်။

မြစ်တစ်ဖက်ကမ်းသို့ ကူးဖို့အတွက် ဘားမားရိုင်ဖယ်က အားလုံး စီစဉ်ထားပြီး ဖြစ်သည်။ ကျွန်တော်တို့သည် မြစ်ကမ်းပါးရှိ တောတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပုန်းအောင်းနေကာ အသုတ်လိုက် ဖြတ်ကူးသွားကြရန် ဖြစ်သည်။

နာမည်ကြီးလှသည့် ဧရာဝတီမြစ်ကြီးကို တကယ်မြင်တွေ့ရသောအခါ ဧရာဝတီမြစ်၏ အလှကို မြတ်နိုးမိပါသည်။ တကောင်းရွာမှာ အရှေ့ဘက်ကမ်းတွင် ရှိသည်။ အပူရှိန်ကဲသည့် နေရောင်အောက်မှာ ပျောက်ကွယ်နေသည်။ စေတီဘုရားပုထိုးများမှ ဆည်းလည်းမြည်သံကလေးများ လွင့်မျောလာသည်။ အလွန်သာယာသည့် အသံ ဖြစ်ပါသည်။

ဧရာဝတီမြစ်နှင့် တကောင်းရွာကို ကျော်ကြည့်လိုက်လျှင် ရှမ်းရိုးမတောင်တန်းကြီးများကို ပျပျမှိုင်းမှိုင်းကြီး မြင်တွေ့နေရလေသည်။ ကျွန်တော်တို့၏ ရည်မှန်းချက် ဂုတ်ထိပ်တံတားသည် ယင်း ရှမ်းတောင်တန်းကြီးပေါ်တွင် ရှိသည်။

နေ့လယ်ခင်း၏ အပူရှိန်က မျက်တောင်များ လေးလာသည်အထိ အိပ်ချင်စိတ်ကို ဖြစ်ပေါ်စေတော့သည်။ သည်လို အိပ်ချင်မူးတူး ဖြစ်နေသည့်အချိန်တွင် ကျွန်တော်တို့ မိုင်းထောင်ခဲ့သဖြင့် တိမ်းမှောက်သွားသည်ဆိုသော ဂျပန်ရိက္ခာရထားကြီးကို မျက်စိထဲမှာ အိပ်မက်လို မြင်ယောင်နေမိသည်။ ယခုလည်း ဂုတ်ထိပ်တံတားကြီးကို မည်သည့်နည်းနှင့်မျှ ပြန်ပြင်၍မရအောင် ကျွန်တော်တို့ ဖောက်ခွဲဖျက်ဆီးကြရပါဦးမည်။

**"ဝပ် နေရာယူ"**

**ကျွန်တော်၏** စိတ်ကူးယဉ်အိပ်မက်မှာ ရုတ်တရက်ထွက်ပေါ်လာသည့် အမိန့်ပေးသံကြောင့် ပျက်စီးသွားတော့သည်။ ငိုက်မျဉ်းနေကြသူများအားလုံး အသက်ဝင်လှုပ်ရှားလာကြသည်။ ကျွန်တော်သည် အနီးရှိ ချုံပုတ်တစ်ခုအတွင်းသို့ ကိုယ်ကို ပစ်သွင်းပြီး ဝင်လိုက်သည်။

မြူတွေခပ်ဆိုင်းဆိုင်းထဲမှာ စက်နှစ်လုံးတပ် လေယာဉ်ပျံတစ်စီးပေါ်လာသည်။ ဂျပန်လေယာဉ်ပျံ ဖြစ်သည်မှာ သေချာသည်။ သံသောင်ပြင်ပေါ်သို့ ရောက်နေကြသူများသည် သောင်ပြင်ပေါ်မှာ ပြားနေအောင်ဝပ်နေကြသည်။

ကောင်းကင်ကို မော့ကြည့်လိုက်တော့ တစ်မိုးလုံး စက္ကူဖြူကလေးတွေနှင့် ပြည့်နေသည်။ အောက်ကို ရောက်လာသဖြင့် ကောက်ကြည့်လိုက်သောအခါ ရိုးရိုးဗလာစာအုပ် အရွယ်မျှရှိသည့် ကြေညာချက်များ





ဖြစ်နေသည်ကို တွေ့ရသည်။ စာရွက်ပေါ်တွင် အင်္ဂလိပ်ဘာသာ၊ အူရဒူဘာသာ၊ ဟိန္ဒူဘာသာ၊ မြန်မာဘာသာများနှင့် ရိုက်နှိပ်ထားသည်ကို တွေ့ရသည်။

သနားဖွယ်ကောင်းသော အင်္ဂလိပ်-အင်ဒီးယန်း
တပ်သားများ သက်နက်ချရန် တိုက်တွန်းချက်

*သင်တို့သည် ကြီးမားသည့်ဘေးအန္တရာယ် ညှပ်တွင်းသို့ ကျရောက်နေပြီကို သင်တို့ မရိပ်စားမိသေးသလော။ ရက်စက်ကြမ်းကြုတ်ပြီး ကိုယ်ကျိုးရှာ အင်္ဂလိပ်စစ်ဗိုလ်တို့သည် သင်တို့အား သေတွင်းထဲသို့ တွန်းပို့လျက် ရှိလေပြီ။*

*မတ် (၈)ရက်နေ့မနက်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြီးအတွင်းမှာ သင်တို့၏ မဟာမိတ်အင်အားစုများ အားလုံး ပြုတ်ပြုတ်ပြုန်းခဲ့ပြီ။ နောက်ကြောင်းသို့ ပြန်လှည့်ပြေးနေသည့်တပ်များ အားလုံးနီးပါးကိုလည်း နိပ္ပွန်တပ်များက လက်ရဖမ်းဆီးရမိထားပြီ။ သင်တို့အနက် တစ်ဦးတလေမျှ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းသို့ ပြန်လည် ကူးဖြတ်နိုင်တော့မည် မဟုတ်ပေ။*

*လွန်ခဲ့သည့် မေလအတွင်းက ဤအရပ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ အင်္ဂလိပ်စစ်ဗိုလ်များက စွန့်ခွာထွက်ပြေးခဲ့သောကြောင့် ကျန်ရစ်သူ သင်တို့၏ ညီအစ်ကိုတော်များမှာ အစာရေစာပြတ်ခြင်း၊ ကူးစက်ရောဂါ ဖြစ်ပွားခြင်းများကြောင့် သေကျေပျက်စီးခဲ့ကြရဖူးပြီ။*

*သင့်အနားမှာ သေမင်း ကပ်နေပြီ။ နိပ္ပွန်တပ်မတော် ရှိရာသို့ ချက်ချင်းလာပြီး လုံခြုံမှုကို အရယူလော့။*

*မည်သည့် မြန်မာလူမျိုးမဆို ဤစာရွက် ပေးလိုက်ပါက သင့်အတွက် လမ်းပြအဖြစ် ဆောင်ရွက်ပေးလိမ့်မည်။ ဆန့်ကျင်သူမှန်သမျှကို ညက်ညက်ကြေအောင် ချေမှုန်းပြီး လက်နက်ချသူမှန်သမျှကို အကာအကွယ်ပေးရန် နိပ္ပွန်တပ်မတော်ကြီးက သန္နိဋ္ဌာန်ချပြီး ဖြစ်သည်။*

*ချက်ချင်း လက်နက်ချဖို့ မတုံ့နှေးပါနှင့်။*

ကျွန်တော့်ဘေးနားမှာ ရပ်နေသည့် ဗြိတိသျှစစ်သားကလေးက ကြေညာချက်ကို ဖတ်ကြည့်နေသည်။ ပြီးတော့ သောင်ပြင်ပေါ်သို့ ပျစ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



တဲထွေး တစ်ချက် ထွေးလိုက်သည်။

"စက္ကူဖြန်းပြီး ကြေညာတဲ့အလုပ်တွေ ပြန်လုပ်နေကြပြန်ပြီကိုး" ဟူသော မှတ်ချက်ကိုပါ ချလိုက်သေးသည်။

ခဏအကြာမှာပင် မြစ်တစ်ဖက်ကမ်းသို့ လှေများဖြင့် စနစ်တကျ ဖြတ်ကူးကြတော့သည်။

ကိုယ့်အလှည့်နှင့်ကိုယ် ကူးသွားသည်။ ယင်းသို့ ကူးနေခိုက် တစ်ဖက်ကမ်း တောတွင်းမှာ နောက်ချန်တပ်ကို အသင့်ချထားရသည်။

ရောဝတီမြစ်ဖြတ်ကူးရေး စီမံချက်ကို ဗိုလ်ကြီးဗီဗီယန်ဝက်သရောက တာဝန်ယူ ပြုလုပ်သည်။ အစမှ အဆုံးတိုင် သူပဲ ကြီးကြပ်သွားသည်။ ဗိုလ်ကြီးဗီဗီယန်ဝက်သရောသည် ဂေါ်ရခါးစကားကို မွှတ်နေအောင် ပြောနိုင်သူ ဖြစ်သလို ဂေါ်ရခါးစစ်သားများ၏ ချစ်ခင်လေးစားမှုကိုလည်း ကောင်းစွာ ရရှိထားသူ ဖြစ်သည်။

အာသံပြည်နယ်တွင် သူ့အဖေက လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း လုပ်ခဲ့သည်။ ထို့ကြောင့် ဂေါ်ရခါးလူမျိုးများကြားမှာ သူ ကြီးပြင်းလူလား မြောက်ခဲ့ရပြီး သူတို့ စကားကိုလည်း မိမိ၏ ဘာသာစကားကဲ့သို့ တတ်ကျွမ်းနေခြင်း ဖြစ်သည်။

**မြစ်ဖြတ်ကူးရေး**ကို သာမန် အလုပ်ကလေး တစ်ခုသဖွယ် **အေးအေးဆေးဆေး** ကြီးကြပ်ပေးနေသည့် ဗိုလ်ကြီးဗီဗီယန်ဝက်သရောကို ကြည့်နေရင်း ဂျန်စီတုန်းက မြင်ကွင်းများ ကျွန်တော့် စိတ်အာရုံထဲမှာ ပေါ်လာသည်။

သုံးတန်ကားကြီးအပြည့်ရှိသော ကျွန်တော်တို့ စစ်ဗိုလ်ကြီးငယ်များသည် ညစာစားဖို့ ဂျန်စီမြို့ရှိ ကလပ်သို့ သွားခဲ့ကြသည်။ သန်းခေါင်တိုင်အောင် ယူနီဖောင်းဝတ် စစ်ဗိုလ်ကြီးငယ်တို့ဖြင့် ဘားခန်းထဲမှာ စည်ကား သိုက်မြိုက်နေသည်။

ကလပ်တွင် ကျွန်တော်တို့ စစ်ဗိုလ်များချည်း မဟုတ်ပါ။ စစ်ဗိုလ်ကတော်များ၊ စစ်ဗိုလ် မိခင်များ၊ စစ်ဗိုလ် ညီမများ စသဖြင့် ဝတ်ကောင်းစားလှဝတ်ဆင်ထားကြသော အမျိုးသမီးများလည်း ပါသည်။ ကမ္ဘာစစ်ဖြစ်သောအခါ ဂျန်စီမြို့ကလေးသည် တပ်မြို့ ဖြစ်လာသောကြောင့် အိမ်





ထောင်သည်များပါ ပြောင်းရွှေ့နေထိုင်လာကြသည်။

ဗိုလ်မှူးအင်းမက်က အာသာဘက်စ်၊ ကျွန်တော်နှင့် ဗိုလ်သင်တန်းတစ်ပတ်တည်းဆင်း ဟာရီးဂျိမ်းစ်နှင့် ကျွန်တော့်ကိုပါ ဖိတ်ကြားသောကြောင့် ကျွန်တော်တို့လည်း ထိုပွဲသို့ တက်ရောက်ခဲ့ကြသည်။

ယင်းပွဲတွင် ဗီဗီယန်ဝက်သရောသည် လူတကာနှင့်သူ့မိခင်တို့ မိတ်ဆက်ပေးရင်း ဂုဏ်ယူနေပုံရသည်။ သူ့မိခင်မှာ အသက် (၅၀)တွင်းလောက်ရှိပြီ။ အေးအေးဆေးဆေး နေတတ်ပြီး စကားနည်းသည့်ပုံမျိုး ဖြစ်သည်။ သို့သော်လည်း စကားပြောရာမှာတော့ တိကျပြတ်သားသည်။ ကျွန်တော်နှင့်လည်း စကားလက်ဆုံကျခဲ့သည်။ အမှန်တော့ ကျွန်တော် အနည်းငယ် အရက်မူးနေပြီ ဖြစ်သောကြောင့် လူကြီးဝိုင်းဝင်ပြီး အာချောင်ရဲခြင်း ဖြစ်သည်။

ထိုအခိုက် ကျွန်တော်တို့၏ လက္ခဏာများကို ကြည့်ပြီး ဗေဒင်ဟောပေးဖို့ တစ်စုံတစ်ယောက်က ဗီဗီယန်၏မိခင်ကို တိုက်တွန်းနေသည်။ စစ်ထွက်ကြရမည်ဖြစ်သောကြောင့် ကျွန်တော်တို့၏ အနာဂတ် ကံကြမ္မာအကြောင်း ကိုယ်စီကိုယ်ငှ သိချင်နေကြသည်။ ဗီဗီယန်၏ မိခင်အကြောင်းကို သိရှိသူအတော်များများသည် ရှေ့ဖြစ်ဟောနှင့် ပတ်သက်ပြီး **အလွန်မှန်**သည်ဟုလည်း နာမည်ကြီးသည်။

ဗိုလ်မှူးအင်းမက်၏ လက်ဝါးကို ဆွဲယူကြည့်သည်။ **မျက်မှောင်**ကုတ်ပြီး သေသေချာချာကြည့်သည်။ **ပြီးတော့မှ စိတ်သက်သာရာ ရသွား**သလို သူ့မျက်နှာပေါ်မှာ **အပြုံးတစ်ခု ပေါ်လာသည်။**

"ရှင့်အဖို့မှာတော့ သိပ်မချောင်လှပေဘူး၊ **ဒါပေမယ့်** အာမှကြောက်စရာမရှိဘူး၊ အားလုံး အဆင်ပြေသွားလိမ့်မယ်" ဟု ပြောသည်။

အဘွားကြီး ရှေ့မှာ လက်ဝါးတွေကို အစီအရီ ထိုးပြနေကြသည်။ ဗိုလ်မှူးအင်းမက်နှင့်အတူ မသိနိုင်သော စစ်မြေပြင်တစ်ခုသို့ မကြာမီ စစ်ထွက်ကြရမည့်သူတွေချည်း ဖြစ်သည်။

"ဟော့ . . ဗီဗီယန် လာခဲ့ . . မင်းအလှည့်ကွ"

ဗိုလ်မှူးအင်းမက်က ဘားကောင်တာမှာ ရှိနေသည့် ဗီဗီယန်ဝက်သရောကို လှမ်းအော်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗီဗီယန် အနည်းငယ် မူးနေပုံရသည်။ လူအုပ်ထဲသို့ တိုးဝင်လာပြီး သူ့အမေရှေ့သို့ သူရောက်လာသည်။ အဘွားကြီး၏ မျက်နှာမှာ တိမ်ဖုံးသလို ရုတ်တရက် အုံ့ဆိုင်းသွားသည်။ ကမ်းပေးနေသော ဗီဗီယန်၏ လက်ကို လှမ်းဆွဲယူသည့်လက်များ တုန်ယင်နေကြောင်း ကျွန်တော် သတိထားလိုက်မိသည်။

"ကျွန်မသားရဲ့ လက္ခဏာကို ဟောရမှာလား" အဘွားကြီးက တစ်စုံတစ်ရာကို ဖုံးကွယ်ရန် ကြိုးစားသည့် အနေဖြင့် စကားစပြောသည် "တကယ်ကတော့ လက္ခဏာကြည့်ပြီး ဟောနေဖို့ မလိုပါဘူးရှင့် . . . ကျွန်မသားအကြောင်းကို ကျွန်မ အကုန်သိပြီးသားပါ"

ထိုစကားကိုကြားတော့ ကျွန်တော်တို့အားလုံး ဝိုင်းရယ်ကြသည်။ သူ နောက်ဆုံး ခွင့်ယူပြီး ဘာတွေလုပ်ခဲ့ကြောင်း ဝိုင်းဝန်းနောက်ပြောင်ကြသည်။ အဘွားကြီးက ပြုံးတော့ ပြုံးရှာပါသည်။ သို့သော်လည်း အားယူပြီး ဟန်လုပ်ပြုံးရသည့် အပြုံးမျိုး။

ဗီဗီယန်နှင့် ပတ်သက်သည့် ဟောကိန်းက မည်သို့များ ရှိလေသနည်းဟု သိချင်စိတ်ကို မျိုသိပ်ရင်း ထိုနေ့ ညစာစားပွဲကို ကျွန်တော် တော့ခိုင်းမိခဲ့ပါသည်။

✧ ✧ ✧



## အခန်း(၉)

## ရောဝတီ၏ ဟိုမှာဘက်က

"အကူတပ်စု - ရှေ့တက်နေရာယူ"

ရုတ်တရက် အော်ဟစ်လိုက်သည့် အမိန့်သံကြောင့် ကျွန်တော့် အတွေးအာရုံများ ပြယ်လွင့်သွားသည်။ အကူတပ်စုသည် ကျွန်တော့် တပ်စု ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်တပ်စုကို လှေရှိရာသို့ ဦးဆောင်ခေါ်ယူလာခဲ့သည်။ ပထမဆုံး ဝန်တင်လားများပေါ်မှ အထုပ်အပိုးများကို ဖြေပြီး လှေပေါ်သို့ တင်ရသည်။ နောက်မှ လူများတက်သည်။ လားများကိုမူ လှေနောက်မှာ ကြိုးဖြင့်ချည်ပြီး ဆွဲယူခဲ့သည်။ ခြေထောက်မှ ဖိနပ်များကို ချွတ်ပြီး ကြိုးစနှစ်စပူးချည်ကာ လည်ပင်းမှာ တွဲလောင်းခွဆွဲထားသည်။ ရေကူးရန် အရေးပေါ် အခြေအနေ ပေါ်ပေါက်လာပါက အသင့်ဖြစ်ရန် ပြင်ဆင်ထားခြင်း ဖြစ်သည်။

လှေများမှာ မြန်မာပိုင်လှေများ ဖြစ်သည်။ လှော်သူများကလည်း မြန်မာလူမျိုးများ ဖြစ်သည်။ လှေတစ်စီးလျှင် လူ (၁၂)ယောက်ခန့် စီးနင်းလိုက်ပါလာကြသည်။ မြစ်ထဲသို့ရောက်တော့ လေပြည်လေညင်းကလေး တိုက်ခတ်လာပြီး အပူသက်သာသွားသည်။

ကျွန်တော့်နားအစုံကမူ ရန်သူ့လေယာဉ်ပျံသံကိုသာ အာရုံစိုက်နေမိသည်။ ရောဝတီမြစ်ကို ကျွန်တော်တို့ ဖြတ်ကူးမည့်အကြောင်း သူတို့ သိကောင်းသိထားမည်။ သည်လို မြစ်ကိုဖြတ်ကူးနေခိုက် လေကြောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ရခြင်းသည် တိုက်ခိုက်သူအဖို့ စိတ်ထင်တိုင်း အပေါ်စီးရသည့် အနေအထား ဖြစ်သည်။ အတိုက်ခံရသူမှာ ထောင်ချောက်ထဲ ပိတ်မိနေသည့်ကြွက်နှင့် ဘာမှ မခြားတော့ပေ။

တစ်ဖက်ကမ်းကိုရောက်တော့ ကမ်းနှင့် (၂၅)ကိုက်ခန့်ကွာသည့် သောင်ပြင်မှာ ဆင်းကြသည်။ ပစ္စည်းများကို ကမ်းပေါ်သို့ လူအင်အားဖြင့် တင်ပေးသည်။ ကမ်းပေါ်ရောက်တော့မှ ဝန်တင်လားများပေါ်သို့ ပြောင်းတင်ပေးကြသည်။ ကျွန်တော်တို့ကမူ ထမင်းပူပူ၊ ဟင်းပူပူ စားရရေးနှင့် တကောင်းရွာကြီး၏ အရိပ်အာဝါသမှာ အနားယူနိုင်ရေးကိုသာ အာရုံစိုက်နေမိကြသည်။

တကောင်းရွာကြီးသည် မြစ်ကမ်းပါးရှိ အခြား မြန်မာရွာများ အတိုင်းပင် ဖြစ်သည်။ မိုးအခါ မြစ်ရေကြီးလျှင် ရေမမြုပ်စေရန် ခြေတံရှည်အိမ်များကို ဆောက်လုပ်ထားကြသည်။ အိမ်တိုင်းလိုလို၏ မျက်နှာစာမှာ ဟင်းသီးဟင်းရွက် စိုက်ခင်းကလေးတွေ ရှိသည်။ ရွာသူရွာသားများက ကျွန်တော်တို့ကို လိုလိုချင်ချင် ဆက်ဆံကြပါသည်။

ကျွန်တော်တို့ တောင့်တနေသည့် ထမင်းကောင်း၊ ဟင်းကောင်း စားရရေးကို ကြာကြာမစောင့်ရပါ။ စစ်ကြောင်း၏ တပ်ထောက်ဗိုလ်ကြီး ဂျွန်ဖောင်လာနှင့် ဗိုလ်ကြီးဂျော့ကာန်းတို့က ထမင်းဟင်းများ ဝေပေးနေသည်။ အငွေ့တထောင်းထောင်းထနေသည့် ထမင်းနှင့် သခွားသီးဟင်းတို့ လူတိုင်းရသည်။ ရှစ်ယောက်တစ်အုပ်စုလျှင် ကြက်တစ်ကောင်ရသည်။ ဝေစုကို ယူပြီးသည်နှင့် တစ်ပြိုင်တည်း ကျွန်တော်တို့ တာဝန်ကျသည့် နေရာသို့ သွားကာ စက်သေနတ်နှင့် မော်တာများကို အသင့်ပြင်ဆင်ကြသည်။ ပြီးတော့မှ ထမင်းကို အားရပါးရ စားနိုင်ကြတော့သည်။

ထမင်းစားပြီးသည်နှင့် တစ်ပြိုင်တည်း ပေရေညစ်ပတ်နေသော ကျွန်တော်တို့ ယူနီဖောင်းများကို ဧရာဝတီမြစ်ကမ်းမှာ လျှော်ဖွပ်ကြသည်။ တောအထပ်ထပ် တောင်အထပ်ထပ် သွားလာခဲ့ရသဖြင့် စုတ်ပြဲနေသည်များကို ဖာတန်ဖာ၊ ချုပ်တန်ချုပ်ကြရသည်။ အားလုံးပြီးတော့ အရိပ်ကောင်းသည့် သစ်ပင်အောက်မှာ ဝါးဆေးတံကလေး တစ်ချောင်းဖြင့် ကျွန်တော် မှိန်းနေမိသည်။ ပြီးတော့ အိပ်မောကျသွားတော့သည်။





ကျွန်တော့်နားထဲသို့ အော်သံတစ်ခု တိုးဝင်လာသည်။ တော့တိုလည်း တစ်စုံတစ်ယောက်က ခပ်ကြမ်းကြမ်း ပုတ်လိုက်သည်။ ရုတ်တရက် ကျွန်တော် လန့်နိုးသွားသည်။

"ဟေ့ကောင်ကြီး ထတော့လေကွာ မြန်မြန်လုပ်၊ တို့စစ်ကြောင်း ဆက်တက်တော့မယ်၊ အားလုံး အသင့်ဖြစ်နေပြီ၊ ပြီးတော့ မင်း တပ်စုတာဝါတို့နဲ့ အတူတူ ချီတက်ရမယ်ကွ၊ မြန်မြန်လုပ်"

ကျွန်တော့်ကို လာပုတ်နှိုးသူမှာ အာသာဘက်စ် ဖြစ်သည်။ သူ့မျက်နှာကြီးက ပြုံးနေသည်။

ချက်ချင်း အိပ်ရာမှထပြီး အကျီဝတ်၊ ခါးပတ်ပတ်၊ ကျောပိုးအိတ်လွယ်ကာ ချီတက်ရန် အသင့်ပြင်လိုက်ရတော့သည်။ အာသာ့နောက်သို့ လိုက်ခဲ့ပြီး ကျွန်တော့်တပ်စု နေရာယူရမည့် နေရာမှာ ဝင်တန်းစီကာ ဆက်လက် ချီတက်ခဲ့ကြတော့သည်။ ရန်သူ့နယ်မြေထဲသို့ နက်ရှိုင်းသည်ထက် နက်ရှိုင်းစွာ ဝင်လာမိသော်လည်း ကျွန်တော်တို့ ပျော်မြူးနေကြပါသည်။ အကြီးမားဆုံးသော အဟန့်အတားကြီးဖြစ်သည့် ဧရာဝတီမြစ်ကြီးကို ကျွန်တော်တို့ အောင်မြင်စွာ ကူးဖြတ်နိုင်ခဲ့ကြပြီ မဟုတ်ပါလား။

အရှေ့စူးစူးသို့သာ ဆက်လက် ချီတက်နေမည်ဆိုလျှင် ရွှေလီမြစ်အနီးမှ ဖြတ်သွားရမည်။ ဆက်လက် ချီတက်သော် သံလွင်မြစ်ကိုတွေ့မည်။ ဆက်လက် ချီတက်သော် တရုတ်ပြည်ကြီးထဲသို့ ရောက်သွားမည်။ ရွှေလီမြစ်သည် တကောင်းရွာမြောက်ဘက်နားမှ ဧရာဝတီမြစ် အတွင်းသို့ စီးဝင်သွားသည်။ ရွှေလီမြစ်အောက်ဘက်နားသို့ ဆက်သွားသော် မိုးကုတ်နှင့် မိုးမိတ်မြို့များသို့ ရောက်မည်။

ဗိုလ်မှူးကြီးအလက်ဇန်းဒါးက ကျွန်တော်တို့ စစ်ကြောင်းကို ဧရာဝတီမြစ်အနီးမှ မြန်နိုင်သမျှ မြန်မြန်ခွာစေချင်သည်။ ကျွန်တော်တို့ကတော့ နားမလည်။ ဂျပန်လေယာဉ်ပျံက လက်နက်ချဖို့ ကြေညာချက်များ လာကြသွားသည် မဟုတ်ပါလား။ ထိုအပြုအမူကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ မည်သည့်နေရာ ရောက်နေသည်ကို သူတို့ သိပုံမပေါ်။ သိရိုးမှန်လျှင် ဧရာဝတီမြစ်ကို ဖြတ်ကူးစဉ်က ဝင်တိုက်မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တပ်များကို မော်တော်ကားများနှင့် သယ်ယူပို့ဆောင်ပေးနိုင်သည့် နေရာလည်း ဖြစ်သည်။

ယခုတော့ အထူထပ်ဆုံးသော ဝါးတောကြီးများကို ကျွန်တော်တို့ မနားမနေ တိုးကြရတော့မည်။ တစ်ကိုက်ချင်း တောရှင်းပြီး ချီတက်ရမည်။ တစ်ပေချင်း ရှင်းရမည်။ တစ်လက်မချင်း ရှင်းရမည်။ အဆုံးအစ မရှိသော ဝါးတောကြီးသည် ကျွန်တော်တို့ ရှေ့တွင် ကာဆီးလျက်ရှိချေပြီ။

အရှေ့စူးစူးသို့ ဤနည်း ဤပုံအတိုင်း (၇၂)နာရီလုံးလုံး ချီတက်ခဲ့ကြရသည်။ ချပ်သင်းတိုက်ပွဲ ဖြစ်ပွားပြီးနောက် ဆယ်ရက်အကြာတွင် ချီတက်နေရခြင်း ဖြစ်သည်။ ထိုသို့ ဝါးတောနက်နက်ကို တိုးနေခိုက်မှာပင် ဗိုလ်မှူးမိုက်ကားလ်ဗတ် ဦးဆောင်သည့် အမှတ် (၃)စစ်ကြောင်းနှင့် ကျွန်တော်တို့ သွားဆုံသည်။ ကျွန်တော်တို့ စစ်ကြောင်းနှစ်ခု ယာယီပေါင်းပြီး လျှို့ဝှက်နေရာတွင် စခန်းချနေကြရန်၊ စခန်းချရင်း လေကြောင်းမှ အင်အားဖြည့်ပစ္စည်းများ တောင်းယူရန် ဗိုလ်မှူးကြီးအလက်ဇန်းဒါးက ဆုံးဖြတ်လိုက်သည်။ ကျွန်တော်တို့ စစ်ကြောင်း နှစ်ကြောင်းစလုံးမှာ သူ၏ အုပ်ချုပ်မှုအောက်တွင် ရှိနေသည်။

ကျွန်တော်တို့၏ လျှို့ဝှက်စခန်းအဖြစ် တောနက်ကြီးအတွင်းမှ ရေခန်းနေသည့် ချောင်းဘေးတစ်နေရာကို ရွေးလိုက်သည်။ ပတ်လည်မှာမူ အလွန်ထူထပ်သည့် ဝါးတောကြီးများ ပိတ်ဆို့ကာရံထားသည်။ ထိုဝါးတောကြီးများကို တိုးရင်းဖြင့် ကျွန်တော်တို့လည်း လူရုပ်မပေါ်တော့။ လူတိုး မပေါက်သည့် ဝါးတောများကို၊ လူတိုးပေါက်သည့် ဝါးတောများအဖြစ် ဆုံးဖြတ်ပြီး ဖွတ်အမြဲ့ တိုးဝင်ခြင်း၏ ရလဒ်အဖြစ် လူတိုင်းလူတိုင်း ဒဏ်ရာ ဗရပွဖြင့် သွေးချင်းချင်း ရဲနေတော့သည်။

ဗိုလ်မှူးမိုက်ကားလ်ဗတ်၏ အမှတ် (၃)စစ်ကြောင်းထဲတွင် အမှတ် (၅)စစ်ကြောင်းမှ တပ်အချို့လည်း ပါဝင်နေသည်။ ဗိုလ်မှူးဘားနဒ်ဖာဂူဆန်သည် သူ၏ အမှတ် (၅)စစ်ကြောင်း ပင်မအင်အားကို ခေါင်းဆောင်ပြီး မကြာမီ သည်နေရာသို့ ချီတက်ရောက်ရှိလာမည် ဖြစ်ကြောင်း အမှတ် (၅)စစ်ကြောင်းမှ ရဲဘော်များက ပြောကြသည်။ ကျွန်တော်တို့အားလုံး ပင်ပန်းနွမ်းနယ်နေကြသည်မှာ မှန်ပါသည်။ သို့သော်လည်း ထိုသတင်း





ကြားသောအခါ ဝမ်းမသာဘဲ မနေနိုင်ပါ။ စစ်ကြောင်းအသီးသီးတွင် ကျွန်တော်တို့ သူငယ်ချင်းတွေ ရှိနေကြသည်။ ထို့ကြောင့် သူငယ်ချင်းများနှင့် ပြန်လည်ပေါင်းဆုံကြရတော့မည် ဆိုသည့်အတွက် အားလုံး ဝမ်းသာကြခြင်း ဖြစ်သည်။ အမှတ် (၅) စစ်ကြောင်းတွင် ကျွန်တော်နှင့် ဗိုလ်သင်တန်း တစ်ပတ်တည်းဆင်း သူငယ်ချင်း ဟာရီဂျိမ်းစ် ပါဝင်သည်။

ဗိုလ်မှူးမိုက်ကားလ်ဗတ်၏ အမှတ် (၃) စစ်ကြောင်းသည် ရထားလမ်းတစ်လျှောက်တွင် အောင်ပွဲခံတိုက်ပွဲများ ဆင်နွှဲခဲ့သဖြင့် နာမည်ကောင်းရနေသည်။ ယင်း တိုက်ပွဲများတွင် ကျွန်တော့်သူငယ်ချင်း ဟာရီဂျိမ်းစ်သည်လည်း ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြောင်း သူတို့စစ်ကြောင်းမှ အရာရှိများက ပြောပြသည်။

သူတို့ စစ်ကြောင်းများ၏ အောင်ပွဲသတင်းများကို ကြားရသောအခါ မနာလိုချင်စိတ်ပင် ပေါက်မိသည်။

ချင်းတွင်းမြစ်အနီးမှ ရွာတစ်ရွာတွင် ရန်သူ (၂၀၀)ခန့် စခန်းချနေကြောင်း အမှတ် (၃) စစ်ကြောင်းမှူး မိုက်ကားလ်ဗတ်က မြန်မာလူမျိုး မိတ်ဆွေတစ်ဦးထံမှ သတင်းရလာသည်။ ထို့ကြောင့် အလစ်ဝင်တိုက်ဖို့ ပြင်ဆင်သည်။ သို့သော်လည်း ဝင်းဂိတ်က "မင်းရှေ့ဆက်တက်၊ မင်းနောက်က ဖာဂူဆန်ရဲ့ အမှတ် (၅)စစ်ကြောင်းက ဝင်တိုက်လိမ့်မယ်"ဟု အမိန့်ပေးသဖြင့် မချင့်မရဲဖြင့် ရှေ့ဆက်တက်ခဲ့ရသည်။

ဂျပန် စခန်းချနေသည့် နေရာသို့ ဖာဂူဆန်၏ အမှတ် (၅) စစ်ကြောင်း ရောက်သွားသည့်အခါ ဂျပန်တို့က ဆင်လေးစီး အကူအညီဖြင့် ကသုတ်ကရက် ဆုတ်ခွာသွားပြီကိုသာ တွေ့ရတော့သည်။ မိုက်ကားလ်ဗတ်၏ စစ်ကြောင်း (၃)ကမူ ရှေ့သို့သာ ဆက်တက်နေရသည်။

ဧရာဝတီမြစ်ကိုရောက်တော့ အရှေ့ဘက်ကမ်းသို့ ကူးခိုင်းသည်။ မိုးကုတ်ဘက်သို့ ဦးတည်ချီတက်ပြီး မန္တလေး-လားရှိုး ရထားလမ်းကို ချိုးဖောက်ပစ်ရန် ဖြစ်သည်။ သည်နယ်မြေတွင် သူ့တပ်မဟာကြီး တစ်ခုလုံး လှုပ်ရှားဖို့ ဝင်းဂိတ်က ရည်ရွယ်သည်။ ထို့ကြောင့် စစ်ကြောင်း (၅)ကိုလည်း ရှေ့သို့သာ ဆက်တက်ခိုင်းနေသည်။

အမှတ် (၁) နှင့် (၂) တည်ကြက်စစ်ကြောင်းများကို ရန်သူက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားပုံမပြ။ ထို စစ်ကြောင်းနှစ်ခုစလုံး တပ်ပျက်သွားပြီဟု ယူဆပုံရသည်။ ထို့ကြောင့် အကြွင်းအကျန်များကို ပင်လယ်ဘူးအနီးမှာ ပိတ်ဆို့ပြီး အလွယ်တကူ ချေမှုန်းနိုင်လိမ့်မည်။ အရေးကြီးသည်မှာ ကျန်စစ်ကြောင်းများဖြစ်သည်ဟု ဂျပန်က တွက်ဆထားပုံရသည်။

ဖာဂူဆန်၏ စစ်ကြောင်း (၅)မှ ဗိုလ်ကြီးတော်မီရောဘတ်၏ တပ်နှင့် ရန်သူများ ဘူးချောင်းတံတားအနီးမှာ ပက်ပင်းတိုးကြသည်။ ရန်သူဒရိုင်ဘာနှင့် မော်တော်ကားတစ်စီးမှ လွဲပြီး အားလုံးကို သုတ်သင်ချေမှုန်းနိုင်ခဲ့သည်။ သို့သော်လည်း မိမိတို့ဘက်မှ သုံးယောက်ဒဏ်ရာရသည်။ ထိုသုံးယောက်အတွက် ဖာဂူဆန် ခေါင်းကိုက်ရတော့သည်။ နောက်ဆုံးတွင်မူ မူလစည်းကမ်းအတိုင်း ဒဏ်ရာရသူများကို ပစ်ထားခဲ့ရတော့သည်။

ဘူးချောင်းမီးရထားတံတားကိုလည်း ဖာဂူဆန်တို့က မိုင်းထောင်ပြီး ဖောက်ခွဲပစ်နိုင်ခဲ့သည်။ ဘူးချောင်းတံတားသည် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းတွင် အရေးကြီးသည့်တံတား ဖြစ်သည်။ ယင်းတံတားကို ပြန်လည်ပြုပြင်ရန် မလွယ်ကူနိုင်သည်အထိ ဖျက်ဆီးပစ်နိုင်ခဲ့သောကြောင့် **သူတို့၏ ရောမအောင်ပွဲကြီးလည်း** ဖြစ်နေတော့သည်။

**ယင်းသို့ ချေမှုန်းသုတ်သင်ရေး** တိုက်ပွဲများ အဆက်မပြတ် ဆင်နွှဲ**နေစဉ် စစ်ကြောင်း** (၁)နှင့် (၂)တို့၏ သတင်းများကို ဗိုလ်ကားလ်ဗတ်နှင့် ဘားနဒ်ဖာဂူဆန်တို့ လုံးဝ မရဘဲ ဖြစ်နေသည်။ ထို့ကြောင့်လည်း စိတ်ပူနေကြသည်။

*"အုပ်စု (၁) လက်အောက်ရှိ စစ်ကြောင်းများမှ သတင်းအဆက်အသွယ် မရသည်မှာ (၁၀)ရက်လောက်ရှိပြီ။ ရောဝတီမြစ်ဖြတ်ကူးရေးသည် အန္တရာယ်ကြီးနိုင်သည်။ စစ်ကြောင်း (၄)၏ သတင်းများလည်း မကြားရချေ။ ထို့ကြောင့် ဂန့်ဂေါနယ်မှ တောင်တန်းတစ်နေရာတွင် လျှို့ဝှက်စခန်းရှာပြီး ခိုအောင်းပါ။ မီးရထားလမ်းများ ပြန်လည်တည်ဆောက်သည်ကို အစွမ်းကုန်နှောင့်ယှက်ပါ"*

ဟူသော ညွှန်ကြားချက်တပ်မဟာ ဌာနချုပ်မှ ရောက်ရှိလာ





သည်။

ဂျပန် ရှေ့တန်းစစ်ကြောင်း၏ အတွင်းဘက်၌ သုတ်သင်ချေမှုန်းရေးကို အကောင်အထည်ဖော်ဆောင်ရန် ကျန်ရှိနေသည်မှာ မိမိတို့၏ စစ်ကြောင်း နှစ်ကြောင်းသာဖြစ်ကြောင်း ဗိုလ်ကားလ်ဗတ်နှင့် ဘားနဒ်ဖာဂူဆန်တို့က သဘောပေါက်ထားကြသည်။ ယင်းသို့ ထင်မြင်ယူဆထားသည်မှာ ကျွန်တော်တို့ စစ်ကြောင်းနှင့် မဆုံသေးခင်က ဖြစ်သည်။

ထိုအချိန်မှာပင် တပ်မဟာဌာနချုပ်မှ ကြေးနန်းသတင်းတစ်ခု ဝင်လာပြန်သဖြင့် သူတို့ အံ့အားသင့်ကြရပြန်သည်။ ယင်းသတင်းမှာ. .

*"အမှတ် (၇)နှင့် (၈) စစ်ကြောင်းများသည် ရောဝတီမြစ်ကို အလုံးအရင်းနှင့် ဖြတ်ကူးပြီးပြီ ဖြစ်ကြောင်း။ အမှတ် (၅) စစ်ကြောင်းက မိုက်ကားလ်ဗတ်၏ ကွပ်ကဲမှုဖြင့် မန္တလေး-လားရှိုးမီးရထားလမ်းပေါ်မှ ဂုတ်ထိပ်တံတားကို မိုင်းခွဲဖျက်ဆီးပစ်ရမည် ဖြစ်ကြောင်း။ (မိုက်ကားလ်ဗတ်ကို ဒုတိယဗိုလ်မှူးကြီးအဖြစ် စစ်မြေပြင်ရာထူးတိုးမြှင့်မှုဥပဒေအရ တိုးမြှင့်ပေးထားပြီး ဖြစ်သည်။) အမှတ် (၁) စစ်ကြောင်း (အမှတ် (၂) စစ်ကြောင်းမှ တပ်ကွဲအုပ်စုကို ကျွန်တော်တို့ အပါအဝင်) သည် ဗိုလ်မှူးကြီးအလက်ဇန်းဒါး၏ အမိန့်ကိုရယူပြီး မိုးကုတ်ဘက်သို့ ချီတက်ရမည် ဖြစ်ကြောင်း"*

များ ပါရှိလာသည်။

"တွေ့တယ်မဟုတ်လား ဗိုလ်ကြီး။ ကျွန်တော် ပြောတာမှန်သွားပြီ၊ ဗိုလ်ကြီးနဲ့ ကျွန်တော့်အတွက် **ပတ္တမြားတွေ မိုးကုတ်မှာ ရနိုင်မယ်**ထင်သလား"

ကျွန်တော့် အကူရဲဘော် ကားလ်ဗဟာဒူးက တပ်မဟာမှ ကြေးနန်းသတင်းအကြောင်း သိသောအခါ မသိမသာ ပြုံးရင်း ကျွန်တော့်ကို မေးသည်။

စစ်ဆင်ရေးမှူးကြီး ဝင်းဂိတ်ထံမှ ရောက်ရှိလာသည့် အထက်ပါညွှန်ကြားချက်များကြောင့် အားလုံး အံ့အားသင့်သွားကြသည်။ ဒုတိယဗိုလ်မှူးချုပ်ကြီးမိုက်ကားလ်ဗတ်အဖို့မူ စိတ်အချမ်းသာဆုံးသော ညွှန်ကြားချက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မက်ဟောတန် ၏ မြန်မာ့တောတွင်း ၁၀၀



(၁၉၄၂)ခုနှစ် ဗြိတိသျှတပ်များ မြန်မာပြည်တွင်းမှ ဆုတ်ခွာစဉ်က မိုက်ကားလ်ဗတ်သည် ဂုတ်ထိပ်တံတားမှာရှိနေသည်။ တံတားကို ဖောက်ခွဲပစ်ဖို့ အားလုံးအသင့်ပြင်ပြီး ဖြစ်သည်။ အထက်သို့ သတင်းပို့ အစီရင်ခံလိုက်သည်။ သို့သော် ဘာအမိန့်မှ ပြန်ကျမလာ။ တံတားဘေးတွင် ဇွဲကောင်းကောင်းဖြင့် ဆယ်ရက်လုံးလုံး ထိုင်စောင့်ခဲ့သည်။ နောက်ဆုံး ဂျပန်များ ဝင်လာသည်အထိ ဘာအမိန့်မှ ကျမလာသောကြောင့် မချင့်မရဲဖြင့် ကျောခိုင်းထွက်ခွာခဲ့ရသည်။

ယခုတော့ သူ့ရည်မှန်းချက်များ အောင်မြင်ပေတော့မည်။ ဧရာမ တောင်တန်းကြီးများနှင့် တောနက်ကြီးများက ကာဆီးနေသော်လည်း သူ တစ်ဟုန်ထိုး ချီတက်သွားချင်နေလေသည်။

သည်လို အဖြစ်အပျက်မျိုးတွေ ကြားနေရသော်လည်း ကျွန်တော်တို့ သဝန်တိုခြင်း မဖြစ်မိကြပါ။ စနစ်တကျ ပြန်လည် ဖွဲ့စည်းထားပြီးဖြစ်သော စစ်ကြောင်းတွင် ကျွန်တော် ပါဝင်တာဝန်ယူရပြီ ဖြစ်သည့်အတွက် စိတ်အားတက်ကြွလျက်ရှိသည်။ ချပ်သင်း ချူခိုတိုက်ပွဲမှာ ကျွန်တော်တို့ စစ်ကြောင်း အထိနာခဲ့သည်၊ ထို့အတွက် ရာဇဝင်ကြွေးဆပ်လိုစိတ်သာ ပြင်းပြနေသည်။

မိုက်ကားလ်ဗတ်နှင့် ဘားနဒ်ဖာဂူဆန်တို့၏ စစ်ကြောင်းများနှင့် ကျွန်တော်တို့စစ်ကြောင်း တောတွင်းလျှို့ဝှက်စခန်းမှာ ပေါင်းစည်းမိကြခြင်းသည် အချိန်ကောင်းဖြစ်နေသည်။ ထိုနေ့မှာ (၁၉၄၃)ခု၊ မတ်လ(၁၆) ရက်နေ့ ဖြစ်သည်။

လျှို့ဝှက်စခန်းမှာ လေးရက်လုံးလုံး ကျွန်တော်တို့ ဆက်ပြီး စခန်းချနေကြသည်။ စုတ်ပြဲနေသည့် အဝတ်အစားများ ပြင်ခြင်း၊ လက်နက်ခဲယမ်းများ ပြင်ဆင်ခြင်းဖြင့် ကျွန်တော်တို့ အချိန်ကုန်သွားသည်။

ထိုအချိန်တွင် ဗိုလ်မှူးချုပ်ဝင်းဂိတ်သည် သူ၏ တပ်မဟာဌာနချုပ်နှင့်အတူ နမ္မတူဘော်တွင်းသို့ ဦးတည်ကာ အရှေ့တောင်ဘက်သို့ ချီတက်လျက်ရှိသည်။ သူနှင့်အတူ ဗိုလ်မှူးဒဗလျူစကော့၏ အမှတ်(၈)စစ်ကြောင်းနှင့် ဗိုလ်မှူး ကေ-ဒီဂေ့လ်စ်၏ အမှတ် (၇) စစ်ကြောင်းများ ချီတက်လာကြသည်။ ကျွန်တော်တို့ စခန်းချနေသည့် လျှို့ဝှက်နေရာ၏ မြောက်ဘက်





မိုင် (၃၀)ခန့်အကွာတွင် ရှိနေသည်။

သတင်းအဆက်အသွယ်ပြတ်ပြီး ပျောက်ဆုံးနေသော ဗိုလ်မှူး အာရ်-ဘီ-ဂျီဘရွမ်ဟက်၏ အမှတ် (၄) စစ်ကြောင်းနှင့်လည်း အဆက်အသွယ် ပြန်ရသည်။ သူတို့သည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း မူးမြစ်ဝှမ်းဒေသမှာ ကျန်ရစ်ခဲ့ပြီး ကျွန်တော်တို့၏ နောက်ချန်တပ်အဖြစ် အပြင်းအထန် လှုပ်ရှားနေသည်။ ဂျပန်တို့၏ အဆက်မပြတ် ဝင်ရောက်တိုက်ခိုက်ခြင်းကို တရစပ် ခံနေရသည်။

လျှို့ဝှက်စခန်းမှာ နေရသည့် ထိုရက်များသည် ကျွန်တော့်အဖို့ အလွန် စိတ်ချမ်းသာရသောနေ့ရက်များ ဖြစ်သည်။ သူငယ်ချင်း ဟာရိုးလ်ဂျိမ်းစ်နှင့်လည်း ပြန်တွေ့နေရသည်။ ဟာရိုးဂျိမ်းစ် အာသာဘက်စ်နှင့် ကျွန်တော်တို့ သုံးယောက်သည် ကျောင်းသားကလေးများလို ပြန်ဖြစ်ပြီး အထူးတွဲမိနေကြတော့သည်။ ကိုယ့်အတွေ့အကြုံများကို ကိုယ်ပြန်ပြောကြသည်။ ဟာရိုးဂျိမ်းစ်ကြုံတွေ့ခဲ့ရသည့် ဧရာမ စွန့်စားခန်းများမှာ နားထောင်မဝနိုင်လောက်အောင် ရှိသည်။

လျှို့ဝှက်စခန်း၌ ကျွန်တော်တို့ အနားယူခြင်းသည် မတ်လ (၁၉) ရက်နေ့တွင် အဆုံးသတ်သွားချေသည်။ မိုက်ကားလ်ဗတ်သည် ဂုတ်ထိပ်တံတားကို မိုင်းခွဲဖျက်ဆီးရန် သူ့စစ်ကြောင်းကို ခေါင်းဆောင်ပြီး ထိုနေ့ညက စခန်းမှ ထွက်ခွာ ချီတက်သွားတော့သည်။

အမှတ် (၅) စစ်ကြောင်းမှူး ဘားနဒ်ဖာဂူဆန်က နမ္မတူဘော်တွင်းဘက်သို့ ချီတက်သည်။

ဖာဂူဆန်သည် ဝင်းဂိတ်အတွက် စိတ်သောကရောက်နေသည်။ တပ်မဟာဌာနချုပ် စစ်ကြောင်းများဖြစ်သော အမှတ် (၇)နှင့် အမှတ်(၈) တို့နှင့် အဆက်အသွယ်မရဘဲ ဖြစ်နေသည်။

ကျွန်တော်တို့ စစ်ကြောင်းက မိုးကုတ်ဘက်သို့ ဦးတည်ချီတက်ကြမည်။ ကျွန်တော်တို့ စစ်ကြောင်းကို ဗိုလ်မှူးကြီးအလက်ဇန်းဒါးက သူ၏ အုပ်ချုပ်မှုအောက်သို့ လုံးလုံးလျားလျား သွတ်သွင်းထားလိုက်တော့သည်။ လေကြောင်းမှ အားဖြည့်ပစ္စည်းချပေးမည်ကို ကျွန်တော်တို့ မျှော်နေကြသည်။ လေကြောင်းမှ ပစ္စည်းချပေးလျှင် ကျွန်တော်တို့ရှိသည့်နေရာကို



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်များ သိသွားမည်စိုးသောကြောင့် စိတ်မသက်မသာလည်း ဖြစ်နေကြသည်။ ပစ္စည်းချရန် ကျွန်တော်တို့ ရွေးချယ်ထားသည့် နေရာမှာ လုံခြုံမှုရှိသည်ကတော့ အမှန်။ လေယာဉ်ပျံကို အချက်ပြနိုင်ရန် မီးပုံများကို ကျွန်တော်တို့ ချက်ချင်း ပြင်ဆင်ကြသည်။ ကြိုးမဲ့ ကြေးနန်းဖြင့်လည်း အဆက်အသွယ်ယူပြီးပြီ။ မီးပုံများမှ မီးတောက်များ တရှိန်ရှိန်တက်လာသည်။ လောင်စာများကို လောင်နေသည့် တဖျစ်ဖျစ် အသံများကို ကြားရသည်။ ပုစဉ်းရင်ကွဲ အော်သံများကလည်း တစ်တောလုံးကို ဖုံးနေသည်။ အတော်ဝေးဝေးမှ မျောက်အော်သံနှင့် ကျားဟိန်းသံကို ကြားရသည်။

ကျွန်တော်တို့ အားလုံး ကောင်းကင်ကို အားတက်သရော မော့ကြည့်နေကြသည်။ လေယာဉ်ပျံသံကိုလည်း နားထောင်နေကြသည်။ နောက်ဆုံးတွင် ဒါကိုတာလေယာဉ်ပျံနှစ်စီး ရှေ့ဆင့်နောက်ဆင့် ပျံလာသည်။ အချက်ပြထားသည့် မီးပုံများကို မြင်သောအခါ ဝဲကြည့်သည်။ ပြီးတော့ ပစ္စည်းများ ချပေးတော့မည့် ပုံမျိုးဖြင့် နိမ့်နိမ့်ကလေး ပြန်ဆင်းလာသည်။ သို့သော် တစ်စုံတစ်ရာ ချပေးခြင်း မရှိ။ မိမိတပ် ဟုတ်၊ မဟုတ် သေချာအောင် စစ်ဆေးခြင်း ဖြစ်သည်။

နောက်ဆုံး သေချာသွားတော့မှ ပစ္စည်းများ ချပေးသည်။ ကောင်းကင်တစ်ခွင်လုံး လေထီးများ ပြည့်နေရာ ကောင်းကင်တွင် မှိုများပွင့်နေသည်နှင့်ပင် တူသေးတော့သည်။

ကျွန်တော်တို့မှာ (၁၄)ရက်စာ ရိက္ခာကိုယ်စီနှင့် ဖြစ်သွားသည်။ ယူနီဖောင်းအသစ်များလည်း ပါလာသည်။ ကိုယ်ပေါ်မှ စုတ်ပြတ်နေပြီဖြစ်သည့် ယူနီဖောင်းများကို ချွတ်ကာ အသစ်များနှင့် လဲလှယ်ကြသည်။ လက်နက်ခဲယမ်းမီးကျောက်များလည်း ပါသည်။ ဘရင်းဂန်းပြောင်းတို့များလည်း ပါသည်။ ကျွန်တော်တို့ စစ်ကြောင်းသည် လက်နက်အပြည့်၊ ပစ္စည်းအပြည့်၊ အားမာန်အပြည့်နှင့် စစ်ကြောင်းအသစ်တစ်ခု ဘဝသို့ ပြောင်းလဲလာပြန်သည်။

ထိုနေ့သည် ကျွန်တော့် အကူရဲဘော် ကားလ်ဗဟာဒူး၏ မွေးနေ့ဖြစ်သည်။

ကားလ်ဗဟာဒူး၏ မွေးနေ့အတွက် အာသာနှင့် ကျွန်တော်က





ပွဲကလေးတစ်ခု ပြုလုပ်ရန် ပြင်ဆင်သည်။ ဘီစကွတ်မုန့်များကို တန်းကောထဲ ထည့်ကျိုပြီး ကိတ်မုန့်လုပ်သည်။ ပြီးတော့ မီးခြစ်ဆံ (၁၉)ချောင်းကို ယင်းကိတ်မုန့်မှာ ထိုးစိုက်ပြီး မီးရှို့လိုက်သည်။ ကားလ်ဗဟာဒူးက မီးခြစ်ဆံ (၁၉)ဆံလုံးကို တစ်ပြိုင်တည်း မီးငြိမ်းသွားအောင် တစ်ချက်တည်း မှုတ်ပစ်လိုက်သည်။ ပြီးတော့မှ ခြေသလုံးမွေးကျလောက်အောင် ထက်မြနေသည့် သူ၏ ဓားကောက်ဖြင့် ကိတ်မုန့်ကို လှီးလိုက်သည်။ ကားလ်ဗဟာဒူး၏ မွေးနေ့ပွဲအခမ်းအနားကလေးသို့ ကျွန်တော်၏အကူတပ်စုမှ ရဲဘော်များလည်း တက်ရောက်ကြသည်။

သူ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကျွန်တော်တို့ ဝေစုရထားသော စွန်ပလွန်ယိုများကိုပါ ဘီစကွတ်နှင့်အတူ တည်ခင်းဧည့်ခံလိုက်ကြသည်။ ပြီးတော့ ဂေါ်ရခါးလူမျိုးတို့၏အကြောင်းများကို သူတို့ပြောကြသည်။ ကျွန်တော်တို့က စိတ်ဝင်တစား နားထောင်သည်။ ထိုနေ့ညက တောတွင်းတစ်နေရာမှာ ကျင်းပခဲ့ကြသည့် မွေးနေ့ပွဲကလေးကို ကျွန်တော်တို့ တစ်သက်မေ့နိုင်ကြတော့မည် မဟုတ်ပါ။

နောက်တစ်နေ့မနက်သည် ကျွန်တော်တို့ စစ်မြေပြင်တစ်ခုလုံး အပျော်ရွှင်ဆုံးသော နေ့ရက်ဟု ဆိုနိုင်သည်။

မနေ့ညက လေယာဉ်ပျံဖြင့် ချပေးသွားသည့် စာများကို ယနေ့နံနက် ဝေသည်။ ဇနီး၊ သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမ ဆွေမျိုးမိတ်သင်္ဂဟများထံမှ ရေးလိုက်သည့် စာများကို ရန်သူနယ်မြေ တောနက်နက်အတွင်းမှာ ဖတ်ကြရလေရာ စာရသူတိုင်း အံ့မြှုနေကြသည်။ အများစုသည် ငါးစောင်ခြောက်စောင်အထိ ရကြသူများချည်း ဖြစ်သည်။ စာများကို အခေါက်ခေါက်အခါခါ ပြန်ဖတ်ကြသည်။ ကိုယ့်စာမှာ စိတ်ဝင်စားပြီး ငြိမ်သက်နေသူ၊ အနီးဝန်းကျင်မှ အဖော်ကို ပြန်ပြောင်းပြောပြနေသူဖြင့် ပျော်စရာ ကောင်းလှသည်။

ကွက်တာမြို့မှ ကျွန်တော် ရေးလိုက်သည့် စာကို ရရှိပြီး ဖြစ်ကြောင်း အမေ့ထံမှ စာထဲမှာပါသည်။ ထိုစာအရ အိန္ဒိယပြည်မြောက်ဘက်စွန်းသို့ ကျွန်တော်ရောက်နေသည်ကို သိရကြောင်း၊ ထိုဒေသသည် အအေးဓာတ် လွန်ကဲကြောင်း၊ ကျွန်တော့်အတွက် ခရစ္စမတ်လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကလေးတစ်ခု ထည့်ပေးလိုက်ကြောင်း ရေးသားထားသည်။ ကတ်ထူပြားနှင့် လုပ်ထားသည့် ဘူးကလေးတစ်ခုလည်း စာနှင့်အတူ ပါလာသည်။

စီးကရက်လား၊ ဆေးတံသောက်ဆေးလား၊ သစ်သီးစုံကိတ်မုန့်လား သိချင်ဇောကို ကျွန်တော် မထိန်းနိုင်ပြီ။ အထုပ်ပေါ်မှ ဖဲကြိုးကလေးများကို မားနှင့်ဖြတ်လိုက်သည်။ သပ်သပ်ရပ်ရပ် ခေါက်ပြီးထည့်ထားသည့် ခေါင်းစွပ်ကလေးတစ်ခု ထွက်လာသည်။ သိုးမွေးဖြင့် ထိုးထားသည်။ နားရွက်နှစ်ဖက်အုပ်သည်။ အအေးဓာတ် လွန်ကဲသည့် အိန္ဒိယပြည်မြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်နေသော သားဖြစ်သူ နွေးနွေးထွေးထွေး နေနိုင်စေရန် ပို့ပေးလိုက်သည့် အမေ့မေတ္တာကို ကျွန်တော် မြတ်နိုးမဆုံး ဖြစ်မိပါသည်။ သားဖြစ်သူသည် အလွန်တရာ ပူပြင်းခြောက်သွေ့သည့် မြန်မာပြည် တောကြီးမျက်မည်းအတွင်းမှ ရန်သူများကြားတွင် ရောက်ရှိနေသည်ကိုမူကား အမေ မသိရှာလေပြီ။

အဆိုပါ ခရစ္စမတ်လက်ဆောင်နှင့်အတူ "နှစ်သစ်ရဲ့ ဝင်ပေါက်တံခါးဝမှာ ရပ်နေတဲ့ လူတစ်ယောက်ကို ကျွန်တော်က မေးပါတယ်" အစရှိသည့် ကောက်နုတ်ချက်ကလေး ပုံနှိပ်ထားသော စာရွက်ကလေးတစ်ရွက်ပါလာသည်။

အဖေ့စာကတော့ တိုတိုတုတ်တုတ် ပြတ်ပြတ်သားသားပင် . . . ။ အချိန်ရတိုင်း စာရေးဖို့အကြောင်း၊ မကြာခဏ စာရသည်ကို ကြည့်ခြင်းအားဖြင့် ကျွန်တော့်တွင် စာများများ ရေးချိန်ရလောက်အောင် အခြေအနေပေးနေသည်ကို မှန်းဆနိုင်မည် ဖြစ်ကြောင်း ပါရှိသည်။

ဒေလီမြို့မှာ ရှိနေသည့် အမျိုးသမီးမိတ်ဆွေထံမှ စာတစ်စောင်လည်း ပါလာသည်။ မတ်(၂၀)ရက်နေ့သည် သူ၏ (၂၁)နှစ်မြောက် မွေးနေ့ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မှူးထံ ခွင့်တောင်းပြီး သူ၏ မွေးနေ့ပွဲသို့ လာတက်သင့်ကြောင်းများ ရေးထားသည်။ မတ်လ (၂၀)ရက်နေ့သည် မနက်ဖြန်ပင် ဖြစ်နေပါပကော။ ကျွန်တော်ကား သူနှင့် မိုင်ပေါင်းများစွာဝေးသည့် တောတွင်းမှာ ရောက်ရှိနေချေပြီ။

"ကျွန်တော့် မိန်းမ လခတိုးတယ်ဗျ"





ကျွန်တော့်အနီးမှာ ထိုင်နေသည့် လင်ဗာပူးလ်မြို့သား **တပ်ကြပ်**ကလေးက သူ့မိန်းမ၏ စာကို ဖောက်ဖတ်ရင်း ပြောသည်။

"အို. . ."

သူ့ဘေးမှာ ထိုင်နေသည့် တပ်ကြပ်ကြီးက အာမေဋိတ်သံပြုသည်။ သူ့လေသံက မယုံသလိုရှိသည်။

"ဟုတ်တယ်ဗျ၊ အခုဆိုရင် သူ့လခ တစ်ပတ်ကို ငါးပေါင်ဖြစ်သွားပြီ" တပ်ကြပ်ကလေးက ဆက်ပြောပြန်သည်။

"သြ. . ."

တပ်ကြပ်ကြီးကလည်း အာမေဋိတ်သံ ပြုပြန်သည်။ မယုံကြည်သလို လေသံက ပိုပြီး သိသာလာသည်။

"ကျွန်တော့်မိန်းမကို တော်တော် အားကိုးကြပုံရတယ်ဗျ၊ သူ့အလုပ်ရှင်က စာရင်းကိုင်ပညာပါ သင်ပေးနေပြီလို့ ပါတယ်"

တပ်ကြပ်ကလေးက ထပ်ပြောသည်။

"ဟေ. . ."

တပ်ကြပ်ကြီးက စောစောကအတိုင်း အာမေဋိတ်သံပြုလိုက်ပြန်သည်။ သူသည် တစ်လျှောက်လုံး တစ်လုံးတည်းသော အာမေဋိတ်သံကိုသာ မှန်မှန်ပြုနေလေတော့သည်။

ရိက္ခာနှင့် လက်နက်ခဲယမ်းမီးကျောက်များကိုလည်း ပြည့်စုံအောင် ဖြည့်တင်းပြီးပြီ။ ယူနီဖောင်းအသစ်များကိုလည်း လဲလှယ်ဝတ်ဆင်ပြီးပြီ။ မိသားစုများထံမှ စာများကိုလည်း ဖတ်ကြရပြီ။ ကျွန်တော်တို့ စစ်ကြောင်းကြီးတစ်ခုလုံး အပျော်ရွှင်ဆုံးနေ့ ဖြစ်ပါသည်။

ယင်းသို့ ရှိနေခိုက် မွန်းလွဲပိုင်းတွင် ဂျပန်များ ဝိုင်းလာပြီ ဖြစ်ကြောင်း လှည့်ကင်းမှ ရုတ်တရက် သတင်းပို့လိုက်သည်။ စစ်ကြောင်းကြီး တစ်ခုလုံး ဓာတ်လိုက်သလို လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ စောစောက ငြိမ်းချမ်းနေသော စစ်ကြောင်းကြီးသည် ဆယ်မိနစ်အတွင်းမှာ တိုက်ခိုက်ရေး စစ်ကြောင်းအသွင်သို့ ပြောင်းကာ တောတွင်းသို့ တရကြမ်း တိုးဝင်လျက် ရှိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

### အကုန်သတ်လော့

မိနစ်နှစ်ဆယ်ခန့်အကြာတွင် လျှို့ဝှက်စခန်းနှင့် မိုင်ဝက်မျှဝေးသည့်နေရာသို့ ကျွန်တော်တို့ ရောက်လာကြသည်။ ထိုအချိန်မှာပင် ကျွန်တော်တို့ စွန့်ခွာခဲ့သည့် လျှို့ဝှက်စခန်းနေရာမှ ပေါက်ကွဲသံများ ရုတ်တရက် ပေါ်ထွက်လာသည်။ မော်တာဆန်များ အဆက်မပြတ် ပေါက်ကွဲနေသည်။ ဂျပန်တို့သည် မိနစ်နှစ်ဆယ်မျှ နောက်ကျသွားလေသည်။ ထို့ကြောင့် သူတို့ ပစ်လွှတ်သည့် မော်တာများမှာ အချည်းနှီး ဖြစ်သွားရတော့သည်။

လူတိုးရန် အလွန်ခက်ခဲသည့် တောကြီးအတွင်းသို့သာ ကျွန်တော်တို့ ဖွတ်ဆက်တိုးကြရတော့သည်။ အချိန်က မွန်းလွဲပိုင်း နေရှိန်အပြင်းဆုံးအချိန်။ သို့သော်လည်း အသက်ဘေးမှ ဘာမှ စောဒကတက်မနေနိုင်တော့ပါ။ ဂျပန်များကလည်း ကျွန်တော်တို့နောက်မှ ထက်ကြပ်မကွာ လိုက်လာပုံရသည်။ ထို့ကြောင့် ညဘက်မှာပါ မနားတမ်း ဆက်လက်ချီတက်ကြရတော့သည်။

စစ်ကြောင်း ခေတ္တနားချိန်တွင် စစ်ကြောင်းမှူး ဗိုလ်မှူးဒန်းလော့က အရာရှိအားလုံးကို ခေါ်ယူသည်။

"တို့စစ်ကြောင်းဟာ အရှေ့တောင်ဘက်ကို ဦးတည်ပြီး ချီတက်နေတယ်၊ ဒီအတိုင်း ဆက်တက်မယ်။ မိုးမိတ်မြို့ရဲ့ တောင်ဘက် မလှမ်း





မကမ်းမှာ အရာရှိတစ်ယောက်နဲ့ တပ်ဖွဲ့ကလေးတစ်ခုတို့ကို စောင့်နေလိမ့်မယ်။ သူနဲ့တွေ့မယ်၊ နောက်ထပ် တို့ထမ်းဆောင်ရမယ့်တာဝန်ကို သူက ပေးလိမ့်မယ်"

စစ်ကြောင်းမှူး၏ စကားအတိုင်းဆိုလျှင် ကျွန်တော်တို့၏ အမှတ်(၁)စစ်ကြောင်းသည် ရေမရှိသော၊ ပူပြင်းလောင်ကျွမ်းသော၊ သင်တုန်းဓားသွားလို ထက်သည့် ဆင်ငိုမြက်တောကြီးများ ထူထပ်သော ခရီးကြမ်းကြီးကို ဖြတ်သန်းကာ (၇၅)မိုင်ခန့် အကွာအဝေးသို့ ချီတက်ကြရဦးမည်ဖြစ်သည်။ ကျွန်တော်တို့ ဘာတတ်နိုင်ကြမည်နည်း။

ဝန်တင်လားများကို ဆွဲရင်း တောနက်ကြီးအတွင်းသို့ တိုးဝင်ကြသည်။ အသစ်ကျပ်ချွတ် လဲလှယ်ထားသည့် ယူနီဖောင်းများမှာ ချွေးများဖြင့် ရွှဲနစ်နေပြီ။ ထူထပ်သည့် တောတွင်းသို့ အတင်းတိုးဝင်း ခဲ့ရသောကြောင့် ချုံနှင့်ငြိ၊ ဆူးနှင့်ခြစ်ကာ အစုတ်အပြဲ ဗရပွနှင့် ဖြစ်ကုန်ပြန်ပြီ။ လူတိုင်း၏ ခန္ဓာကိုယ်မှာ ဆူးခြစ်မိသည့်ဒဏ်ရာ၊ သစ်ကိုင်းခြစ်မိသည့်ဒဏ်ရာ၊ ငုတ်ဆူးသည့် ဒဏ်ရာများဖြင့် သွေးခြင်းခြင်းရဲနေကြပြီ။

ခါးမှ ရေဘူးများ ခန်းခြောက်ကုန်ပြီ။ ရေမသောက်ရသည်မှာ နာရီပေါင်းများစွာ ကြာမြင့်ပြီဖြစ်သောကြောင့် နှုတ်ခမ်းများ၊ လျှာများ ခြောက်သွေ့နေပြီ။ ထိုအခိုက် ဝန်တင်လားများ ရုတ်တရက် လန့်ကုန်သည်။ လားထိန်းရဲဘော်များ ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည်။ မတ်တတ်ရပ်ခြင်း၊ ကန်ကျောက်ခြင်း၊ ကျယ်လောင်စွာ ဟီခြင်းများကို လုပ်ကြသည်။ နောက်ဆုံး လားထိန်းရဲဘော်များ ထိန်းမနိုင်တော့။ လားများ လွတ်ထွက်ကာ ဆင်ငိုမြက်တောကြီးအတွင်းသို့ ပြေးဝင်သွားကြသည်။

လားထိန်းရဲဘော်တစ်ယောက်က လားများနောက်သို့ ထက်ကြပ်မကွာ လိုက်သွားသည်။ ခဏကြာတော့ သူ့အော်သံကို ကြားရသည်။

"ရေတွေ့ပြီဗျို့၊ လားတွေ ရေတွေ့လို့ရုန်းတာ"

ကျွန်တော်တို့အားလုံး အသက်ရှူမှန်သွားကြသည်။ လားများ ဦးဆောင်ရာသို့ လိုက်သွားသည်။ ရေအိုင်ခပ်ကြီးကြီးတစ်ခုကို တွေ့ရသည်။ ရေများက နောက်ကျိနေသည်။ ရေမျက်နှာပြင်ပေါ်တွင်လည်း အမှိုက်သရိုက်များ ဖုံးလွှမ်းနေသည်။ သောက်ဖို့နေနေသာသာ ခြေဆေးလက်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ပင် ပြုလုပ်ဖို့ မကောင်းပါ။

သို့သော်လည်း ကျွန်တော်တို့ သန့်ဖို့၊ မသန့်ဖို့၊ ကြည်ဖို့၊ မကြည်ဖို့ ဇီဇာကြောင်နေနိုင်သည့် အခြေအနေမျိုး မဟုတ်ပါ။ ရေဖြစ်ဖို့သာလျှင် အရေးကြီးပါသည်။ ဘာရေကိုမဆို သောက်သုံးရတော့မည့်ဘဝ ဖြစ်သည်။

လားများက ရေအိုင်တွင်းသို့ အငမ်းမရ ဆင်းသွားကြသည်။ ကျွန်တော်တို့ရဲဘော်များကမူ ရေကို စည်းကမ်းတကျ သုံးစွဲကြသည်။ ပထမဆုံး အခွံချည်းဖြစ်နေသည့် ရေဘူးများကို ဖြည့်သည်။ ပြီးတော့ ရေကို နည်းနည်းချင်းသောက်သည်။ ခြောက်နေသည့် လျှာနှင့် အာခေါင်များ အကျင့်ရလာတော့မှ ဝအောင် သောက်သည်။

ထိုနေရာမှာ နားကြသည်။ နားကောင်းနေဆဲမှာပင် ကြောက်လန့်တကြား အော်သံနှင့်အတူ စစ်ကြောင်းကြီးတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

"ကျား . . . ကျား"

အော်သံသည် ရှေ့ဘက်ကာကင်းဆီမှ ထွက်လာခြင်း ဖြစ်သည်။ ဆင်ငိုမြက်တောကြီးအတွင်း ကျွန်တော်တို့ ဘယ်ဘက်တွင် မြက်ပင်များ လှုပ်ရှားကာ စွတ်ကြောင်းကြီးလို ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။ မိုင်ဖယ်သေနတ်များအားလုံး ယင်းမြက်ပင်များ လှုပ်ရှားသွားသည့်ဘက်ကို လိုက်ချိန်ထားကြသည်။

ခဏကြာတော့ အင်္ဂလိပ်ရဲဘော်ကလေး တစ်ယောက် ဆင်ငိုမြက်တောကြီးကို တရကြမ်းတိုးကာ ကျွန်တော့်ဆီသို့ ပြေးလာသည်။ ဆင်ငိုမြက်များ ရှသောကြောင့် သူ့တစ်ကိုယ်လုံး သွေးချင်းချင်း နီနေသည်။ မျက်လုံး ပြူးထွက်နေသည်။ ပါးစပ်အဟောင်းသားနှင့် အသက်ရှူများနေသည်။ တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ်တုန်နေသည်။

"ကျားကြီးဗျ . . . ကျားကြီး၊ ကျွန်တော့် ရှေ့တည့်တည့်မှာ လာရပ်နေတာ"

သူ့ပါးစပ်က ကပေါက်တိကပေါက်ချာ စကားလုံးများ ထွက်လာသည်။ သည်ရဲဘော်ကလေးသည် လူသားရန်သူများနှင့် ရင်ဆိုင်တိုက်





ခဲ့ရစဉ်က သွေးအေးအေးဖြင့် သတ္တိပြောင်မြောက်စွာ တိုက်ခဲ့သူ ဖြစ်သည်။ နောက်ထပ်လည်း ပြောင်မြောက်သော သတ္တိဖြင့် တိုက်ပွဲဝင်ဦးမည်မှာ သေချာသည်။ သို့သော်လည်း ကျားသတ္တဝါနှင့် ရင်ဆိုင်တွေ့ရသော အခါတွင် သူ့သတ္တိများ ဘယ်ရောက်ကုန်ပြီနည်း။ ဤမျှ ကြမ်းတမ်းသော၊ ဤမျှ ပိတ်ဆို့သော၊ လူတိုးမပေါက်သော ဆင်ငိုမြက်တောကြီးများကို အလွယ်တကူ တိုးထွက်ကာ ပြေးလာနိုင်ခဲ့တော့သည်။

"ကျွန်တော်တို့နောက်က ကျားတစ်ဒါဇင်လောက် လိုက်လာရင် ဘယ်လောက်ကောင်းမလဲဗျာ။ ရှေ့မှာကာနေတဲ့၊ လူတိုးမပေါက်ဘူးဆိုတဲ့ ဒီတောလောက်တော့ အပျော့ပေါ့"

ဟု ရဲဘော်တစ်ယောက်က မှတ်ချက်ချသည်။

ရှေ့နောက် တစ်ဦးချင်းတန်းစီပြီး ကျွန်တော်တို့ ဆက်လက်ချီတက်ကြပြန်သည်။ မီးခဲလိုပူနေသော သဲသောင်ပြင်နှင့် သင်တုန်းဓားလို ထက်သော ဆင်ငိုမြက်တောကြီးများကို တဖြည်းဖြည်း လွန်မြောက်လာကြသည်။ အရိပ်အာဝါသကောင်းသည့် သစ်တောကြီးများကို တွေ့ရပြီ၊ မြောက်ပိုင်းရှမ်းပြည်နယ် တောင်တန်း၏ အခြေသို့ ချဉ်းကပ်လာမိကြပြီ။

သို့သော်လည်း မိုးကုတ်ဘက်သို့ ကျွန်တော်တို့ ချီတက်ကြရဦးမည် ဖြစ်လေရာ အရိပ်အာဝါသကောင်းသည့် ယင်းတောကြီးများကို ဖယ်ခွာရပြန်သည်။ အချွန်အတက်တွေများသော၊ ကျောက်တုံး ကျောက်ဆောင်တွေပေါသော၊ လှိုင်းလုံးများလို အနိမ့်အမြင့်များသော၊ ပူပြင်းလောင်ကျွမ်းသော တောင်တန်းများပေါ်မှာ ချီတက်ရပြန်သည်။ တစ်ဆက်တည်းမှာပင် အလွန်ထူထပ်သည့် ဝါးတောကြီးများကို တွေ့ရသည်။ ထိုဝါးတောကြီးများကို တစ်ပင်ချင်း ခုတ်ထွင်ရှင်းလင်းရင်း မနားတမ်း ချီတက်ကြရသည်။ နာရီပေါင်းမည်မျှ၊ ရက်ပေါင်းမည်မျှ ကြာပြီကိုပင် မခန့်မှန်းနိုင်ကြတော့။

တောင်ကြောကြီး တစ်ခုပေါ်သို့ ရောက်လာသည်။ ရှေ့ကို လှမ်းမျှော်ကြည့်လိုက်သည်။ ပိန်းပိတ်နေသည့် တောနက်ကြီးကို တွေ့ရသည်။ ညီညီညာညာလည်း မဟုတ်။ အတက်အဆင်းတွေနှင့်။ ချောက်တွေနှင့်။ ကမ်းပါးယံတွေနှင့်။ ဘေးတစ်ဖက်တစ်ချက်သို့ မျှော်ကြည့်သည်။ ထိုနည်း



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်းပင်။ သည်တောကို မတိုးဘဲ မည်သည့်လမ်းက ချီတက်မည်နည်း။

ဝါးရုံများကို ခုတ်ထွင်ရှင်းလင်းလိုက်၊ နားလိုက်။ ယင်းတာဝန်သည် ကျွန်တော်တို့ မလွှဲမရှောင် ထမ်းဆောင်ကြရသည့် တာဝန် ဖြစ်နေပြီ။ (၂၄) နာရီလုံးလုံး မနားတမ်း လူလဲဖြင့် ကျွန်တော်တို့ တိုးဝင်ချီတက်နေကြရသည်။ စစ်ကြောင်း တစ်ခုလုံး လူရုပ်ပေါ် သူဟူ၍ လုံးဝ မရှိတော့။

လူတိုင်းမှာ အနာစိမ်းများ ပေါက်နေသည်။ ရာသီဥတု ပြင်းထန်လွန်းသောကြောင့် အနာတွေကလည်း တအား ရင်းနေသည်။ အာသာဘက်စ်နှင့် အုက်ဒီအက်ဒမန်လို ကိုယ်ခန္ဓာတောင့်တင်း ထွားကျိုင်းသူများပင် ယဲ့ယဲ့ကလေးသာ ကျန်တော့သည်။ လူသားများကို မဆိုထားဘိ၊ ဝန်တင်လားများပင် လုပ်လီလုပ်လဲ့သာ သွားနိုင်ကြတော့သည်။

တစ်ရက်ပြီးတစ်ရက် တုန်ဆုံးသွားသည်။ ရိက္ခာလည်း လျော့ပါးလာပြီ။ ငှက်ဖျားရောဂါပျောက်ဆေး အက်တီဘရင်ဆေးပြားများလည်း နည်းပါးလာပြီ။ ဝါးရုံများကို ရှင်းလင်းခုတ်ထွင်ရင်း တစ်ယောက်ပြီး တစ်ယောက် လဲကျနေကြသည်။ မြေပြင်ပေါ်သို့ အားပြတ်ပြီး လဲကျသွားလျှင် တော်တော်နှင့် ပြန်မထနိုင်တော့။ ကျန်ရဲဘော်များက ဝိုင်းကူဖေးမပေးမှပင် တဖြည်းဖြည်း ပြန်ထနိုင်တော့သည်။

တစ်နေ့တွင် ဗြိတိသျှ စစ်သားကလေး တစ်ယောက်မှာ ဝါးရုံကို ရှင်းလင်းခုတ်ထွင်ရင်း စိတ်ဖောက်ပြန်သွားတော့သည်။ ရင်ခေါင်းထဲမှ ထွက်လာသည့် အသံနက်ကြီးဖြင့် အော်ဟစ်ကာ ဝါးရုံအတွင်းသို့ အတင်းပြေးဝင်သွားသည်။ ပြီးတော့ ဝါးပင်များကို လက်ချည်းသက်သက် ဆွဲလှဲသည်။ မည်သူကမျှ ဆွဲလိုက်ချိန် မရလိုက်။ ဝါးကြောရှသည့် ဒဏ်ရာများ ဆိုးဆိုးရွားရွားရသည်။ အပူပိုင်းဒေသ၏ ရောဂါပိုးများ ဝင်ကာ အချိန်အနည်းငယ်အတွင်းမှာပင် အသက်ပျောက်ရှာလေတော့သည်။

လူတိုး မပေါက်နိုင်သော တောကြီးစင်စစ် ဖြစ်ချေသည် တကား။

ဗိုလ်မှူးကြီးအလက်ဇန်းဒါးနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးဒန်းလော့တို့က အရာရှိအားလုံးကို ခေါ် ယူလိုက်သည်။

“တောတိုးတဲ့ အလုပ်ကို လက်မြှောက်အရှုံးပေးကြစို့၊ ဒီအတိုင်း





ဆက်သွားနေရင် တို့စစ်ကြောင်းတစ်ခုလုံး တစ်ယောက်မှ ကျန်တော့မှာ မဟုတ်ဘူး။ ဒါကြောင့် လူသွားလမ်းအတိုင်း လိုက်မယ်။ ရန်သူလက်ထဲကို ရောက်ဖို့ အန္တရာယ်တော့ရှိတယ်။ စွန့်ရမှာပဲ” ဟု တပ်မှူးက ပြောသည်။

ကျွန်တော်တို့ အရာရှိများ အားလုံးကို မြေပုံများ ဖြန့်ဝေပေးထားသည်။ သို့သော်လည်း အားကိုးလောက်သည့် မြေပုံများမဟုတ်။ မြေပုံထဲမှာ လူသွားလမ်းဟု ပြထားသည်။ တကယ်ကတော့ ချောင်းဖြစ်နေသည်။ ကျွန်းတောကြီးဟု ပြထားသည်။ သို့သော်လည်း ခွေးတစ်စီနှင့် ရွာဖြစ်နေသည်။ ရွာဆိုလျှင် ဂျပန်ရှိနိုင်သည်။ အန္တရာယ်ပိုကြီးနိုင်သည်။ ထို့ကြောင့် မြေပုံကို အားကိုး ချီတက်ခြင်းမှာ အကြီးမားဆုံးသော စွန့်စားခန်းကြီး ဖြစ်နေလေပြီ။

တောဟူသည်မှာ အမြဲတမ်း ပြောင်းလဲနေတတ်သည်။ ကျွန်တော်တို့ လက်ဝယ်ရှိနေသည့် မြေပုံများမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာတကတိုင်းထွာရေးဆွဲထားသောမြေပုံများ ဖြစ်သည်။ တစ်လနှင့်တစ်လ မတူအောင် တစ်နှစ်နှင့်တစ်နှစ် မတူအောင် ပြောင်းလဲနေတတ်သည့် တောတွင်းမှာ သည်မြေပုံများသည် မည်သို့ အသုံးဝင်တော့ပါမည်နည်း။

သည်လိုဖြင့် စမ်းတဝါးဝါးသွားကြရင်း အရာရှိတစ်ဦးနှင့် သူ့အဖွဲ့ကလေးစောင့်နေမည်ဆိုသည့် နေရာသို့ ရောက်ကြသည်။ ဘာ အရာရှိမှ မတွေ့။ ဘာအဖွဲ့မှ မတွေ့။ လူအချို့ စခန်းချသွားသည့် အစအနများကိုတော့ တွေ့ရသည်။ ရောက်ချိန်တန်သည့်တိုင်အောင် ကျွန်တော်တို့ ရောက်မလာကြသောကြောင့် အားလျှော့ပြီး ပြန်သွားဟုံရသည်။

ဘားမားရိုင်ဖယ်မှ မြန်မာရဲဘော်တစ်ဦးကို အရပ်ဝတ်အရပ်စားဝတ်ဆင်စေပြီး ရွာနီးချုပ်စပ်များသို့ သတင်းယူလွှတ်ရသည်။ သူပြန်လာတော့မှပင် သတင်းအမှန်ကို ကြားရသည်။

ကျွန်တော်တို့ ချိန်းထားသည့် နေရာတွင် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက လက်နက်ကိုင် အချို့ကို ထင်းခုတ်သမားများက တွေ့ခဲ့ကြောင်း၊ ခေါင်းဆောင်သူမှာ မျက်နှာဖြူတစ်ဦး ဖြစ်ကြောင်း၊ ကျွန်တော်တို့ ရောက်မလာမီ ရက်အနည်းငယ်အတွင်းက မြောက်ဘက်သို့ ဦးတည်ခရီးဆက်သွားပြီ ဖြစ်ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှမကသေး ဤနယ်မြေတစ်ဝိုက်တွင် ဂျပန်တပ်များ အင်အားကြီးမားစွာဖြင့် လှုပ်ရှားနေကြောင်း၊ တောင်ကြောတိုင်း၊ တောအုပ်တိုင်းတွင် တပ်စွဲထားခြင်း၊ တိုက်ကင်းလှည့်ခြင်းများ အဆက်မပြတ် ပြုလုပ်နေကြောင်းများကိုပါ မြန်မာရဲဘော်ကလေးက စုံစမ်းသိရှိခဲ့သည်။

ကျွန်တော်တို့ ဘာဆက်လုပ်ရမည်ဆိုသည်ကို ပြောပြမည့် အဖွဲ့ကလေးနှင့် လွဲသွားသောကြောင့် တပ်မဟာဌာနချုပ်နှင့် အဆက်အသွယ်လုံးဝမရှိတော့ရုံမှတစ်ပါး ဗိုလ်မှူးကြီးအလက်ဇန်းဒါးအဖို့ အခြားလုပ်စရာ မရှိတော့ပြီ။ ရေဒီယိုဖြင့် ဆက်သွယ်လျှင် ကျွန်တော်တို့ ရှိနေသည့် အရပ်ဒေသကိုဖော်ပြရတော့မည်။

မွန်းလွဲပိုင်း နေရှိန်က အလွန် ပူပြင်းနေသည်။ ကျွန်တော်တို့အားလုံး မျှော်လင့်ခြင်းကြီးစွာဖြင့် ဝိုင်ယာလက်စက်ဘေးမှာ ဝိုင်းထိုင်နေကြသည်။ ဆက်သွယ်ရေးရဲဘော်က တပ်မဟာဌာနချုပ်ကို ခေါ်နေသည်။ ခဏကြာတော့ အဆက်အသွယ်ရသည်။ ပြီးတော့ ညွှန်ကြားချက်ရသည်။

"လေးလံတဲ့ ပစ္စည်းမှန်သမျှ အကုန်စွန့်ပစ်၊ ဝန်တင်လားတွေအကုန်သတ်၊ မြန်မာပြည်တွင်းက ချက်ချင်းထွက်"

ညွှန်ကြားချက်က ထိုမျှသာ ဖြစ်သည်။

ဒေလီမြို့မှာ ရုံးဖွင့်ထားသည့် စစ်ဦးစီးချုပ်ရုံးမှ ကျွန်တော်တို့စစ်ဆင်ရေးကို ရပ်ဆိုင်းလိုက်ရန် ဆုံးဖြတ်ပုံရသည်။ ကျွန်တော်တို့ စစ်ဆင်ရေးကိုလည်း ကျေနပ်နှစ်သက်ပုံရသည်။ ထို့ကြောင့် ချက်ချင်းရပ်ဆိုင်းခိုင်းလိုက်ခြင်းဖြစ်သည်။

ကောင်းပြီ။ ကိုယ့်နယ်မြေသို့ ကိုယ်ပြန်ကြရတော့မည်။ မိမိနှင့်ကျွမ်းဝင်ခြင်းမရှိသော တောကြီးမျက်မည်းများကို မိုင် (၃၀၀)ခရီး ဖြတ်ကျော်ပြီး ပြန်ကြရဦးမည်။ ယင်းတောကြီးမျက်မည်း ဆိုသည်မှာ ရိုးရိုးတောမဟုတ်။ ရန်သူဂျပန်များ ပြည့်နေသည့်တော ဖြစ်သည်။ သူတို့ ရဲဘော်များကို သုတ်သင်ခဲ့သူ ခြင်္သေ့တပ်သားများအား လက်စားချေမည့်ဂျပန်များ ဖြစ်သည်။ သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖောက်ခွဲဖျက်ဆီးခဲ့သူ ခြင်္သေ့တပ်သားများအား ရာဇဝင်ကြွေးဆပ်မည့် ဂျပန်များဖြစ်သည်။





ကျွန်တော်တို့ ဖျက်ဆီးပစ်ခဲ့သည့် သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများမှာ ခြောက်လခန့်ကြာအောင် ပြင်ဆင်ယူရမည့် အခြေအနေထိ ဆိုးရွားသွားကြောင်း နောင်မှသိရသည်။ မီးရထားတံတားနှင့် ကားလမ်းတံတားများကို ပြန်ဆောက်ဖို့ ဆိုသည်မှာလည်း လွယ်ကူလှသည်မဟုတ်။ မကြာမီမှာပင် မိုးရာသီသို့လည်း ရောက်တော့မည်။

ထို့ကြောင့် သည်နယ်မြေကြီး တစ်ခုလုံးတွင် ဂျပန်စစ်တပ် အင်အား(၃၀၀၀၀)လောက်နှင့် လှုပ်ရှားနေပြီ။ ယင်းအင်အားကို အာသံနယ်ထဲသို့စေလွှတ်ဖို့ စောစောက ရန်သူများ စီစဉ်ခဲ့သည်။ သို့သော်လည်း ခြင်္သေ့တပ်များ ဝင်လာသဖြင့် အာသံနယ်သို့ မစေလွှတ်တော့ဘဲ သည်တောတွင်းမှာကျွန်တော်တို့ကို အပြီးအပိုင် ချေမှုန်းခိုင်းလိုက်ချေပြီ။

မြန်မာပြည်မြောက်ပိုင်းတွင် လီဒိုလမ်းမကြီးကို ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ဖောက်လုပ်နေသောကြောင့်သာ ကျွန်တော်တို့အပေါ်သို့ ရန်သူအာရုံစိုက်မှု အထိုက်အလျောက် လျော့နည်းကြောင်း နောင်ကျမှသိရသည်။

ခြင်္သေ့စစ်ဆင်ရေးတွင် ကျွန်တော်တို့ သည်ရွေ့သည်မျှ အပင်ပန်းအဆင်းရဲခံခဲ့ကြသည်မှာ အချည်းနှီးတော့ မဖြစ်ပါ။ နောက်ပိုင်းတွင် ကျွန်တော်တို့ စစ်အောင်နိုင်ခြင်းသည် ဤအတွေ့အကြုံများ၏ ရလဒ်လည်း ပါသင့်သလောက် ပါသည်မှာ မှန်ပါသည်။

တပ်မဟာဌာနချုပ်မှ ရရှိသည့် သတင်းထဲတွင် ကျွန်တပ်များအားလုံး ချင်းတွင်းမြစ်ဆီသို့ ဆုတ်ခွာ ချီတက်နေကြပြီ ဖြစ်ကြောင်းပါသည်။ သည်အတိုင်းဆိုလျှင် ကျွန်တော်တို့သည် ရန်သူ့နယ်မြေတွင်နောက်ချန်တပ်ဘဝသို့ ကျရောက်နေပြီ ဖြစ်သည်။ မြန်မာပြည်ထဲမှာကျွန်တော်တို့ ရှိနေသမျှ အချိန်တိုင်း ရန်သူ၏ အဆက်မပြတ် ချေမှုန်းခြင်းခံရတော့မည့်သဘော ဖြစ်သည်။

ကျွန်တော်တို့ တပ်များ ပြန်ဆုတ်နေပြီကို သိသည်နှင့် တစ်ပြိုင်တည်း ရန်သူက ဆုတ်လမ်းများကို ပိတ်ဆို့တော့မည်။ ဧရာဝတီမြစ်၊ ရွှေလီမြစ်၊ မူးမြစ်နှင့် ချင်းတွင်းမြစ်များကို ကျွန်တော်တို့ ဖြတ်ကူးကြရမည်ဖြစ်ရာ ကူးမည့်နေရာ မှန်သမျှကို ပိတ်ဆို့တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားလမ်းများကို ပိတ်တော့မည်၊ တောထူထပ်သည့် နေရာများကို ပိတ်တော့မည်။ ကျွန်တော်တို့၏ ထွက်ပေါက်သည် အဘယ် မှာနည်း။ လေးလံသည့် စစ်ပစ္စည်းများအားလုံးကို ကျွန်တော်တို့ ဖျက်ဆီး ကြသည်၊ စစ်ထွက်သည်မှစ၍ တစ်လျှောက်လုံး လက်တွဲခဲ့ရသော ဝန်တင်လားများကို သတ်ဖြတ်ပစ်ရမည်။ လားသတ္တဝါသည် တိရစ္ဆာန် များထဲတွင် သတ္တိအရှိဆုံး၊ ဖွဲ့အကောင်းဆုံး၊ ခြေအမြဲဆုံး၊ အလေးချိန် အများဆုံးကို သယ်ဆောင်နိုင်သော သတ္တဝါ ဖြစ်သည်။

စက်လတ်တစ်လက်ကို ကျွန်တော် ဖျက်ဆီးနေရာမှ ခေတ္တနားပြီး ပတ်ဝန်းကျင်ကို လှည့်လည်အကဲခတ်ကြည့်မိသည်၊ ကိုယ်ကိုင်ခဲ့သည့် လက်နက်များကို ဖျက်ဆီးပစ်ရသည့်အတွက် စိတ်မချမ်းမသာလည်း ဖြစ်နေမိသည်။ ကျွန်တော့်တပ်စုမှ လက်ကျန်ရဲဘော်များကို ရေတွက် ကြည့်သည်။

ကျွန်တော်၏ အကူရဲဘော် ကားလ်ဗဟာဒူး။ ကျွန်တော်နှင့် မလှမ်း မကမ်းမှာထိုင်ပြီး ဝါးခြမ်းပြားများနှင့် မီးဖိုကာ ရေနွေးကျိုနေသည်။ သူ့မျက်နှာပေါ်တွင် ဘာခံစားချက်မှ ရှိပုံမရ။

တပ်စုတပ်ကြပ်ကြီး ကားလ်ဗဟာဒူး။ ကျွန်တော်တို့ စွန့်ပစ်ထား ခဲ့မည့် လက်နက်ခဲယမ်းမီးကျောက်များကို စနက်တံတပ်ပြီး မိုင်းထောင် နေသည်။ တကယ့် စစ်သားကောင်းတစ်ယောက် ဖြစ်သည်။ မည်သည့် အချိန်တွင်၊ မည်သည့်တာဝန်ကို၊ မည်သို့ ထမ်းဆောင်ရမည် ဖြစ်ကြောင်း သူကောင်းစွာသိသည်။ ယခုလည်း အလုပ်သင့် အလုပ်ထိုက်ဆုံးသော အလုပ်တစ်ခုကို လုပ်ကိုင်နေခြင်း ဖြစ်သည်။

ရဲဘော်လာချီမန်ပန်းနှင့် ရဲဘော်ကာလူးရာနား။ သူတို့နှစ်ယောက် ကို ခွဲမရသော ငါးလခြမ်းနှစ်ကောင်ဟု ကျွန်တော်တို့က နာမည်ပေးထား သည်။ ဘယ်အခါကြည့်ကြည့် တပူးတွဲတွဲ ဖြစ်နေသည်။ ဘာတာဝန်ကို ထမ်းဆောင်ထမ်းဆောင်နှစ်ယောက် အတူလုပ်သည်။ တစ်ယောက်ကို ရှာလျှင် အထွေအထူး မရှာရ၊ တစ်ယောက်ရှိနေသည့်နေရာမှာ ကျန် တစ်ယောက်မုချရှိသည်။ ယခုလည်း လက်နက်များကို ဖျက်ဆီးနေသော သူတို့နှစ်ယောက်ကို တွဲလျက် တွေ့ရသည်။





မူလတုန်းက ကျွန်တော့်တပ်စုအင်အားမှာ ကိုးယောက်ဖြစ်သည်။ ယခု ငါးယောက်ပဲ ကျန်တော့သည်။ တပ်စုတပ်ကြပ်ကြီး ကားလ်ဗဟာ ဒူးသာပ၊ ကျွန်တော့်အကူရဲဘော် ကားလ်ဗဟာဒူး၊ ငါးလခြမ်းနှစ်ကောင် ဖြစ်သော လာချီမန်ပန်းနှင့် ကာလူးရာနား။ ပြီးတော့ ကျွန်တော်။

တပ်ကြပ်ပရင်ဆင်းဂူရန်း။ ချပ်သင်းတိုက်ပွဲမှာ ပေါင်တွင် ဒဏ်ရာ ရသဖြင့် ကျွန်တော်တို့ ထားခဲ့သည်။ သူ့ကို ကျောခိုင်းအပြီး ကြားလိုက် ရသော သေနတ်သံတစ်ချက်ကြောင့် သူဘဝ ဆုံးခန်းတိုင်ရောက်သွား ပြီဖြစ်ကြောင်း သိခဲ့ကြရသည်။

ရဲဘော် ကာနာဘာသာပ။ ဆင်ငိုမြက်တောကြီးများကို ကျွန်တော် တို့ ခုတ်ဖြတ်တိုးရစဉ်က ပျောက်ဆုံးသွားသည်။ သူ့ကံကြမ္မာအမှန်ကို ကျွန်တော်တို့ မသိရတော့ပါ။ စိတ်ဖောက်ပြန်ပြီး သေသွားသလော။ သူ့ ကိုယ်ပေါ်မှ အနာတွေရင်းပြီး အသက်ကုန်သွားသလော။ သို့မဟုတ် ကျား စာဖြစ်သွားပြီလော။ တောထဲမှာ တပ်ကွဲပြီး ဆင်အနင်းခံလိုက်ရပြီလော။

ရဲဘော်တာတပ်ဆင်းသာပ။ လေကြောင်းအကူအညီရပြီး မကြာ မီ ဂျပန်ရောက်လာသဖြင့် လှို့ဝှက်စခန်းကို ကျွန်တော်တို့ ချက်ချင်း စွန့်ခွာချိန်တွင် တန်းစီလူစစ်တော့ သူ ပျောက်နေပြီ။ တကောင်းရွာမှာ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသလို သစ်ရိပ်တစ်ခုခုတွင် သူ အိပ်မောကျပြီး ကျန်ရစ်ခဲ့သလော။

ရဲဘော်ဂိုပန်း။ ရှမ်းရိုးမတောင်ခြေတွင် တောနက်နက်ကြီးများ ကို ခုတ်ထွင်ရှင်းလင်းပြီး တောတိုးရစဉ်က ဝါးရုံကိုခုတ်ရင်း သူ လဲကျ သွားသည်။ မြေကြီးနှင့် သူ့ကိုယ်လုံးထိ သည်နှင့်တစ်ပြိုင်တည်း အသက် ပျောက်နေပြီကို တွေ့ရတော့သည်။

ကျွန်တော့်တပ်စု၏ မူလအင်အား လက်ကျန်မှာ ငါးယောက်သာ ရှိတော့သည်။ ငါးယောက်၊ သည်ငါးထောက်ထဲက အိန္ဒိယပြည်သို့ ဘယ် နှစ်ယောက် ပြန်ရောက်မည်နည်း။ အလွန် နည်းပါးပါလိမ့်မည်။ ယခုလို တပ်မဟာကြီး၏ နောက်ချန်တပ်အဖြစ် တာဝန်ယူရတော့မည် ဖြစ်လေ ရာ အိန္ဒိယပြည်သို့ ပြန်ရောက်နိုင်သူမှာ မရှိသလောက် နည်းပါးဖို့ သေချာ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားလ်ဗဟာဒူး လာပေးသည့် လက်ဖက်ရည်ကို ယူသောက်လိုက်သည်။ သူ့မျက်နှာက ပြုံးနေသည်။ ကျည်ဆန်အိတ်ထဲမှ မြေပုံကို ထုတ်ယူပြီး ဖြန့်ကြည့်နေမိသည်။

သည်စစ်ကြောင်းကြီး၏ ကံကြမ္မာနှင့်ပတ်သက်ပြီး ကျွန်တော်သည် အဆုံးအဖြတ် ပေးပိုင်ခွင့်ရှိသူ မဟုတ်ပါ။ ကျွန်တော့်အသက်သည် (၁၉)နှစ်မျှသာ ရှိသေးသည်။ ထိုမျှမကသေး။ စစ်ကြောင်းကြီး တစ်ခုလုံးတွင် လုပ်သက်အနုဆုံးနှင့် ရာထူးအငယ်ဆုံးဗိုလ်။ သို့သော်လည်း ကျွန်တော်မတွေးဘဲ မနေနိုင်ပါ။ မစဉ်းစားဘဲ မနေနိုင်ပါ။ ကျွန်တော်တို့ ထွက်ပေါက်ကို မည်သို့ ရှာကြမည်နည်း။

တရုတ်ပြည်သည်သာလျှင် ကျွန်တော်တို့၏ အကောင်းဆုံးသောထွက်ပေါက်ဖြစ်ပါလိမ့်မည်။ အိန္ဒိယပြည်ကိုပြန်ဖို့ ဆိုသည်မှာ မိုင်ပေါင်း (၃၀၀)ဝေးသည်။ တောတောင်ထူထပ်သည်။ ရန်သူတွေ ခြေချင်းလိမ်နေသည်။

သည်နေရာမှ တရုတ်ပြည်သို့ မိုင် (၁၀၀)သာ ဝေးသည်။ အမြင့်ပေ (၁၀၀၀၀)လောက်ရှိသည့် တောင်တန်းကြီးတွေကို ကျော်ဖြတ်ရမည်မှာတော့ မှန်သည်။ သို့သော်လည်း အိန္ဒိယပြည်သို့ ပြန်သည့်လမ်းနှင့်စာလျှင် အများကြီး လမ်းသာသည်။ မြင့်မားသည့် တောင်တန်းကြီးတွေခံနေသည်က တစ်ကြောင်း၊ ကျွန်တော်တို့၏ တပ်မဟာတစ်ခုလုံး အိန္ဒိယပြည်သို့ ပြန်လည်ဆုတ်ခွာနေသည်က တစ်ကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့ စစ်ကြောင်းတရုတ်ပြည်ဘက်သို့ ထွက်မည်ဟု ရန်သူက မတွက်ဆနိုင်။ သို့ဆိုလျှင် ရန်သူ့အန္တရာယ် အနည်းဆုံးလမ်း ဖြစ်သည်။ ခရီးအတိုဆုံးဖြစ်သည်။ တရုတ်ပြည်ရောက်လျှင် အိန္ဒိယသို့ ပြန်ရန် မခက်တော့။ အမေရိကန်တပ်တွေလည်း ရှိနေသည်။ မဟာမိတ်တပ်ချင်းကို အကူအညီမပေးဖွယ်ရာ အကြောင်းမရှိ။

သစ်ပင်တစ်ပင်၏ နောက်ကွယ်မှ ဆဲဆိုသံတစ်ခုကို ကြားရသောကြောင့် ကျွန်တော့်စိတ်ကူးများ ပျက်ပြယ်သွားသည်။ လှမ်းကြည့်လိုက်တော့ အာသာဘက်စ်ကို တွေ့ရသည်။ သူ့ဆီသို့ ကျွန်တော်လျှောက်သွားသည်။ လက်ပစ်ဗုံးတစ်လုံးကို ပင်ဖြုတ်ပြီး ချုပုတ်မှာ ကပ်ချည်နေသည်။





ရန်သူ့ကို မိုင်းထောင်နေခြင်း ဖြစ်သည်။ သူ့အလုပ်ကို သူ စိတ်တိုင်းမကျသောကြောင့် ဆဲဆိုကျိန်ဆဲနေသည်။ ကျွန်တော့်ကို တွေ့တော့ လှမ်းပြောသည်။

"တို့ တရုတ်ပြည်ဘက်ကို လှည့်ထွက်ရင် ကောင်းမယ်လို့ ငါ စဉ်းစားနေမိတယ်ကွာ"

"ပညာရှိချင်း ဉာဏ်ချင်းထပ်တယ် ဆိုတာ ဒါပေါ့ဗျာ၊ ကျွန်တော်လည်း ဒီအတိုင်း စဉ်းစားနေတာ။ ကျွန်တော်တို့ စဉ်းစားသလို ဗိုလ်မှူးကြီးကပါ ဒီအတိုင်းစဉ်းစားပါစေလို့ ဆုတောင်းရတော့တာပဲဗျာ"

ဟု ကျွန်တော် က ပြန်ပြောသည်။

ထိုအချိန်မှာပင် စစ်ကြောင်း ဆက်လက်ချီတက်ဖို့ အမိန့်ပေးသည့်အသံကို ကြားလိုက်ရသည်။

လေးလံသည့် စစ်လက်နက်ပစ္စည်းများကို စွန့်ပစ်ခဲ့ပြီး ဖြစ်သဖြင့် ပေါ့ပေါ့ပါးပါး ချီတက်နိုင်ခဲ့ကြသည်။ သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်နေသည့် တောင်ပေါ်သို့ ဦးတည်တက်ခဲ့ကြသည်။

မိုးမိတ်မြို့၏ တောင်ဘက်သို့ ကျွန်တော်တို့ ရောက်နေသည်။ သည်နေရာမှာ ဂျပန်များ အလုံးအရင်းနှင့် တပ်စွဲထားသည်။ ယခု ကျွန်တော်တို့ တက်နေကြသည့် တောင်ထိပ်ပေါ်သို့ရောက်လျှင် မိုးမိတ်မြို့ကို စီးပြီးမြင်နိုင်မည်ဟု ထင်မှတ်ရသည်။ ယင်းတောင်ထိပ်ပေါ်သို့ ရောက်အောင်ချွေးတဒီးဒီးဖြင့် တက်ခဲ့ကြသည်။

ထိုအခိုက်မှာပင် နောက်ပိုင်းမှ ပေါက်ကွဲသံတို့ ကြားလိုက်ရသည်။ ပြီးတော့ . . . ပေါက်ကွဲသံများ ဆက်တိုက်ပေါ်လာသည်။ အာသာက ကျွန်တော့်ကို လှမ်းကြည့်ပြီး မျက်စခိုလိုက်သည်။

"သူငယ်ချင်းရေ . . . ဘာတွေဖြစ်ကုန်ပြီ ထင်သလဲ"

ဟု သူက မေးသည်။

ကျွန်တော်တို့ စွန့်ပစ်ခဲ့ကြသည့် လက်နက်ခဲယမ်းမီးကျောက်များနှင့်အတူ ဗုံးများထောင်ခဲ့သည်။ ထိုဗုံးများကြားသို့ တိုးဝင်မိသည့် ဂျပန်များ၏ မြင်ကွင်းမှာ စိတ်ကူးအာရုံတွင် ပေါ်လာသည်။

စစ်ကြောင်း ခဏနားသည်။ အားလုံး အားအင်ကုန်ခန်းနေကြပြီး



www.burmeseclassic.com

www.burmeseclassic.com



နေပူရှိန်ကလည်း ညှာတာမှု ကင်းမဲ့စွာဖြင့် လောင်ကျွမ်းနေသည်။

ခဏနားပြီး ဆက်တက်ခဲ့ပြန်သည်။ သစ်ပင်များ တဖြည်းဖြည်း ပါးလာသည်။ ကျောက်ဆောင်ကျောက်စွန်း အချွန်အတက်များ ပိုပေါ်လာသည်။ တောင်ထိပ်သို့ ရောက်လာသည်။ တစ်ဖက်ခြမ်းက ကျောက်တောင်ကြီး မတ်နေသည်။ ကျန်တစ်ဖက်ခြမ်းမှာ နိမ့်လျှောဖြစ်သည်။ နိမ့်လျှော၏အောက်မှာ သစ်တောရှိသည်။ သစ်တော၏ ဟိုမှာဘက်၌ သစ်တော၊ ထိုသစ်တော၏ ဟိုမှာဘက်တွင် တောင်၊ မညီမညာသည့် တောင်။ လှိုင်းလုံးများလို နိမ့်ချည်မြင့်ချည် ဖြစ်နေသော တောင်များ။ သည်တောင် သည်တောများကိုကျော်ပြီး ကျွန်တော်တို့ ချီတက်ကြရဦးမည်။

စစ်ကြောင်းနားရန် အမိန့်ရပြန်သည်။ သည်နေရာမှာ နားရမည်ဆိုတော့ စစ်ရေးအရ မြေအနေအထားကို ကျွန်တော် တွေးကြည့်နေမိသည်။ ကျောက်တောင်ကြီးကို ကျွန်တော်တို့ ကျောပေးထားသည်။ မျက်နှာမူရာဘက်တွင် ဆင်ခြေလျှော။ ရန်သူလာတိုက်လျှင် အုတ်နံရံကို ကျောပေးပြီး ဆုတ်လမ်းမရှိ ခုခံတိုက်ခိုက်ရတော့မည့် အနေအထားမျိုး ဖြစ်သည်။

အပူငွေ့ တရှိန်ရှိန်ဟပ်နေသည့် ကျောက်တုံးကြီးများ အရိပ်အောက်မှာ ကျွန်တော်တို့ နေရာယူကြသည်။ ရနိုင်သမျှ အရိပ်ကလေးကို အကာအကွယ်ယူနေရသည်။

"အရာရှိအားလုံး စစ်ကြောင်းမှူး ခေါ်တယ်၊ ကျွန်အရာရှိတွေကို သတင်းဆက်ပို့"

သတင်းပို့သံကြားသဖြင့် ကျောပိုးအိတ်ကို ကောက်လွယ်ရပြန်သည်။ တော်မီဂန်းကို ပခုံးပေါ်မှာ ထမ်းလိုက်သည်။

စစ်ကြောင်းမှူး ဗိုလ်မှူးဒန်းလော့ထံမှာ ကျွန်တော်တို့ အရာရှိတွေ စုံကြပြီ။ စစ်ကြောင်းမှူးသည် ရိုင်ဖယ်သေနတ်ကိုထောက်ပြီး အားပြုရပ်နေသည်။ သူ့ကိုယ်ပေါ်မှ ယူနီဖောင်းများ စုတ်ပြတ်နေသည်။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ မြင်မကောင်းအောင် ရှည်နေသည်။ ပါးရိုးငေါ်အောင် ချောင်ကျနေသည့် မျက်နှာပေါ်တွင် အရောင်တောက်နေ





သည့် မျက်လုံးအစုံသာလျှင် သိသာထင်ရှားတော့သည်။

ခါတိုင်း တင်းမာပြတ်သားစွာ ပြောတတ်သော်လည်း၊ ယခု စကားပြောသောအခါ အားနည်းသည့် လေသံပါနေသည်။ ဟိုတုန်းကနှင့် ဘာမှ မတူတော့။ သူ့ကိုယ်ပေါ်မှာ အားလုံး ပြောင်းလဲသွားပြီ။

"ည လထွက်တဲ့အချိန်အထိ ငါတို့စစ်ကြောင်း ဒီမှာ နားမယ်၊ မိုးမိတ်မြို့နဲ့လည်း သိပ်မဝေးတော့ဘူး၊ မိုးမိတ်ကားလမ်းက ဟောဒီတောင်အောက်နားတင် ရှိမယ်၊ မီးမဖိုရဘူး၊ မလိုအပ်ဘဲ တစ်နေရာက တစ်နေရာကို ကူးမသွားရဘူး၊ မတော်တဆ သေနတ်ကျည်ဆန် ထွက်တာမျိုး လုံးဝ မဖြစ်ပါစေနဲ့၊ ရန်သူကို အသံပေးလိုက်သလို ဖြစ်မယ်"

ထိုဆုံးဖြတ်ချက်ကို ကြားရတော့ ကျွန်တော်တို့ မဖွဲ့ဩကြပါ။ သည်နေရာမှာ နားဖို့ကလွဲပြီး အခြားဘာမှ လုပ်စရာ မရှိတော့ပါ။ အားလုံး အလွန်မတန် ပင်ပန်းနွမ်းနယ်နေကြပြီ။ စစ်ကြောင်းမှူး၏ အမိန့်အတိုင်း ဆက်လက်အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့အရာရှိများ မိမိနှင့် သက်ဆိုင်ရာ တပ်ဖွဲ့အသီးသီးသို့ ပြန်သွားကြသည်။

ကျွန်တော်တို့အောက် ပေ (၁၅၀၀)လောက်မှာ မော်တော်ကားလမ်းရှိသည်။ ပတ်ပတ်လည်က တောင်များမှာ ကျောက်တောင်ကျောက်စွန်းများနှင့် ဖုံးလွှမ်းနေသည်ကိုသာ တွေ့မြင်ရသည်။ နောက်ဘက်မှာ ကျောက်ကမ်းပါးယံကြီး ရှိသည်။ ရှေ့ဘက်မှာ ဆင်ခြေလျှော ရှိသည်။ ဆင်ခြေလျှောအဆုံးတွင် သစ်တော ရှိသည်။ ရန်သူ ဝင်တိုက်ချင်းတိုက်လျှင် ဆင်ခြေလျှောဘက် တောအုပ်ဆီမှသာ ဖြစ်နိုင်သည်။ ကျွန်တော်တို့ရှေ့ ကိုက်နှစ်ဆယ် သုံးဆယ်ခန့်အကွာတွင် သစ်ပင်ချုံပင် လုံးဝ မပေါက်သည့် ကျောက်သားပြင်ကွက်လပ် ဖြစ်သည်။ သဘာဝက ဖန်တီးပေးထားသော သတ်ကွင်း ဖြစ်နေသည်။ အောက်ဘက်တောအုပ်ဆီမှ ဝင်တိုက်ပြီး၊ ကျွန်တော်တို့ကို ချေမှုန်းဖို့ ကြိုးစားမည့် မည်သည့် ရန်သူမျိုးကိုမဆို အလွယ်တကူ ဆီးကြိုသုတ်သင်နိုင်သော အနေအထားမျိုး ဖြစ်သည်။

ထိုနေရာကို မျက်နှာမူပြီး ကျွန်တော် နေရာယူသည်။ ကျွန်တော့်တပ်စုကို ခံစစ်အနေအထားအဖြစ် နေရာချထားပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ လက်ဝဲဘက်အောက်နားကလေးမှာ ဗိုဗိုယန့်ဝက်သရော ၏တပ်ခွဲ နေရာယူသည်။ ငါးလခြမ်းနှစ်ကောင်ဖြစ်သော လာချီမန့်ပန်းနှင့် ကာလူးရာနားတို့ နှစ်ယောက်ကိုမူ ရှေ့ကာကင်းအဖြစ် တာဝန်ပေးထားသည်။

ခဏကြာတော့ စစ်ကြောင်းမှူးရောက်လာပြီး တပ်များနေရာချထားပုံကို စစ်ဆေးသည်။ စိတ်အေးနပ်သွားပုံ ရသည်။ ကျွန်တော်လည်း ကိုယ့်အစီအမံကို ကိုယ်ပြန်ပြီး သဘောကျနေမိသည်။ စစ်ကြောင်းမှူးပြန်သွားတော့ ကျွန်တော်တို့တပ်၏ အနေအထားများကို ကျွန်တော် လှည့်ကြည့်သည်။ ရဲဘော်များနှင့် စကားပြောသည်။ သူတို့ မေးသည်များကို ဖြေသည်။ သူတို့ နားမလည်သည်များကို ရှင်းလင်းပြသည်။ ရဲဘော်တစ်ယောက် တံကောက်ကွေးတွင် အနာပေါက်ပြီး အခြေအနေဆိုးနေသည်ကို တွေ့ရသဖြင့် ဆေးဝါးစာဝန်ခေါ် ပေးခဲ့ရသေးသည်။

နေ့လယ်ခင်း နေပူရှိန်အမြင့်ဆုံးအချိန် ဖြစ်သည်။ ကျွန်တော်တို့အားလုံး ကျောက်တုံး ကျောင်ဆောင်ကြီးများအောက် နေရိပ်ကလေးများမှာ ဖြစ်သလို နေရာယူထားကြသည်။ ခေါင်းပေါ်မှာ မိုးနေသည့် ကျောက်တုံးကြီးများမှာလည်း နေပူရှိန်ကြောင့် လက်ဖြင့် မကိုင်နိုင်လောက်အောင် ချစ်ချစ်တောက် ပူနေသည်။ ယင်းကျောက်တုံးအရိပ်၏ မြေပြင်မှာလည်း အပူငွေ့ကြောင့် ပူလောင်နေသည်။ မတတ်နိုင်ပါ။ ယင်းမြေပြင်ပေါ်မှာပင် အနားယူရင်း တရုတ်ပြည်ဘက် ထွက်ပေါက်အကြောင်းကိုသာ စဉ်းစားနေမိသည်။

ကျွန်တော့်ဘေးမှာ ကားလ်ဗဟာဒူး အိပ်ပျော်နေသည်ကို တွေ့ရသည်။ တပ်ကြပ်ကြီးပရင်ဆင်းဂူရုန်းထံမှ သူ ရခဲ့သည့် တော်မီဂန်းကို ပိုက်ရင်း အိပ်ပျော်နေခြင်း ဖြစ်သည်။ ရုတ်တရက် အရေးပေါ်လျှင် သေနတ်ကို အသင့်အသုံးပြုနိုင်အောင် ယင်းသို့ ကိုင်ထားခြင်း ဖြစ်သည်။

မုတ်ဆိတ်ကျင်စွယ်မျှပင် မပေါက်သေးသော သူ့မျက်နှာကလေးကို ကျွန်တော် ငေးကြည့်နေမိသည်။ သူ့မျက်နှာကလေးမှာ အလွန်တရာနုနယ်လှသည်။ သူ့အသက် (၁၉)နှစ်ရှိပြီဟု ဆိုသည်။ ကျွန်တော် မယုံပါ။ စစ်ထဲဝင်ချင်လွန်းသောကြောင့် အသက်ကို တမင် ကြီးပြောပုံရသည်။





ဂေါ်ရခါးလူမျိုးများ ယင်းသို့ ပြုလုပ်လေ့ ရှိကြသည်။

ယခု စစ်ဆင်ရေးကြီး စကတည်းက သူနှင့် ကျွန်တော် လက်တွဲတိုက်ခိုက်ခဲ့ကြသည်။ ယခုဆိုလျှင် နှစ်လပင် ကျော်လွန်ခဲ့လေပြီ။ ယင်းနှစ်လကျော်ကာလအတွင်း တစ်ယောက်အပေါ် တစ်ယောက် ပိုပြီး နားလည်ခဲ့ကြသည်။ သံယောဇဉ် ပိုကြီးခဲ့ကြသည်။ အိပ်ပျော်နေသည့် သူ့မျက်နှာကလေးကို ကြည့်ရင်း ချပ်သင်းတိုက်ပွဲတုန်းက အဖြစ်အပျက်ကို ကျွန်တော် ပြန်သတိရနေမိသည်။

ပရင်ဆင်းဂူရုန်း တိုက်ပွဲမှာ ကျပြီးသောအခါ ထိုနေရာအတွက် သူ့ကို တပ်ကြပ်ရာထူး ကျွန်တော်ပေးသည်။ သူတို့ စစ်တိုက်ခြင်းမှာ သည်လို ရာထူးဌာနန္တရ ရကြဖို့ ဖြစ်သည်။ ရာထူးတိုးခြင်းကို အလွန်ဂုဏ်ယူသည့်လူမျိုး ဖြစ်သည်။ သို့သော် သူက တွင်တွင်သာ ငြင်းသည်။

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး၊ ဗိုလ်ကြီးကို ကျွန်တော် တာဝန်ယူစောင့်ရှောက်ပါ့မယ်လို့ ပရင်ဆင်းဂူရုန်းကို ကျွန်တော် ကတိပေးလိုက်ပြီးပြီ၊ အဲဒီတာဝန်ကို ထမ်းဆောင်ဖို့ သူ့ဆီက တော်မီဂန်းကို ကျွန်တော် လက်ခံယူခဲ့တာ မဟုတ်လား" ကားလ်ဗဟာဒူးက ပြန်ပြောသည်။

သူ့ကို ဘယ်လိုမှ ဖျောင်းဖျပြောဆို၍ မရပါချေ။ ကျွန်တော့်ကို "တာဝန်ယူစောင့်ရှောက်ဖို့" စကားကိုသာ သူ တွင်တွင်ပြောလေသည်။ စစ်ဆင်ရေးကြီး ပြီးဆုံးသည်အထိ ကျွန်တော်၏ အကူရဲဘော်အဖြစ် တာဝန်ယူကာ ကျွန်တော်နှင့် လက်တွဲတိုက်ခိုက်သွားတော့မည်ဟု ပြောသည်။

"ကျွန်တော်တို့ ဒီစစ်ဆင်ရေးကြီး ပြီးသွားရင် အမှတ် (၂) ဂေါ်ရခါးတပ်ရင်းကနေ ဗိုလ်ကြီးရဲ့အမှတ်(၈)ဂေါ်ရခါးတပ်ရင်းကို ကျွန်တော် ပြောင်းခဲ့မယ်၊ ဒါမှ စစ်ပြီးသွားတဲ့နောက်ပိုင်းမှာလည်း ဗိုလ်ကြီးနဲ့ ကျွန်တော် တပ်ရင်းတစ်ခုတည်းမှာ အတူတူ စစ်မှုထမ်းခွင့်ရကြမယ်"

ဟုလည်း ပြုံးပြုံးကလေး ဆက်ပြောပြန်သည်။

ကျွန်တော့်ဇာတိမှာ စကော့တလန် ဖြစ်သည်။ စကော့တလန်ကို ကျွန်တော် သဘောကျ၊ မကျ သူက မေးလေ့ရှိသည်။ အင်္ဂလန်အကြောင်းကိုတော့ သူ အနည်းအကျဉ်း သိထားသည်။ အင်္ဂလန်ဘုရင် ဘိသိက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပွဲတုန်းက ဂေါ်ရခါးတပ်နှင့်အတူ သူ့အဖေ လိုက်သွားရဖူးသည်။ သူ့အဖေ ပြန်ပြောပြသဖြင့် သိတန်သရွေ့သိထားခြင်း ဖြစ်သည်။ စကော့တလန် အကြောင်း သူ့ကို ကျွန်တော်ပြောပြသည်။ တစ်နေ့နေ့တွင် အလည် ခေါ် သွားပါမည်ဟုလည်း ကတိပေးလိုက်သည်။

သူသည် စစ်သားကောင်းတစ်ယောက် ပီသ သလို တပည့်ကောင်း တစ်ယောက်လည်း စစ်မှန်ပါသည်။ စခန်းချပြီဆိုလျှင် ကျွန်တော့်အတွက် အကောင်းဆုံး နေရာတစ်ခုကို သူဦးထားပြီး ဖြစ်သည်။ အိပ်ရာများ ပြင် ပြီးဖြစ်သည်။ ကျွန်တော် တပ်နေရာသွားချိန်က် အခြားသူ ဝင်မငြိအောင် သူက စောင့်ရှောက်ပေးထားသည်။ ကျွန်တော်ပြန်လာတော့ အငွေ့ တထောင်းထောင်းထနေသော လက်ဖက်ရည်ခွက်ကို အသင့်ဆီးကြိုပေး လေ့ရှိသည်။

"လက်ဖက်ရည် . . . ဗိုလ်ကြီး"

ဟူသော သူ့အသံကလေးကို ယနေ့တိုင် နားထဲမှာကြားယောင် နေမိသည်။ စကားပြောတော့လည်း သိမ်မွေ့နူးညံ့သည်။ ယဉ်ကျေးဖွယ် ရာသည်။

အန္တရာယ်တစ်ခုခုနှင့် ကြုံပြီဆိုသည့်အခါတိုင်း ကျွန်တော့်ဘေးမှာ သူအမြဲရှိနေတတ်သည်။ ကျွန်တော် ခြေလှမ်းတိုင်း၊ လှုပ်ရှားတိုင်း သူမျက် ခြည်ပြတ်မခံ။ သူ့လက်ထဲမှ တော်မီဂန်းသေနတ်ကို အသင့်အနေအထားမှာ ကိုင်ဆောင်ထားပြီး ဖြစ်သည်။ မည်သည့် အင်္ဂလိပ်အရာရှိမျိုးမဆို သူလို သတ္တိရှိသော၊ ကြင်နာတတ်သော၊ အလိုက်သိတတ်သော၊ သစ္စာရှိသော သက်တော်စောင့်မျိုးကို ယခုလို ကျဉ်းထဲကျပ်ထဲတွင် အလိုမရှိဘဲ နေမည် မဟုတ်ပါ။

သူ့အကြောင်းကို တသိတတန်းကြီး တွေးတောစဉ်းစားရင်း သူ့ အပေါ် ပိုပြီး အကြင်နာဖက်လာမိသည်။ သူကတော့ အိပ်မောကျ ကောင်းနေတုန်း။ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ရစေရန် သူ့ရင်ဘတ်ပေါ်မှ တော်မီဂန်းကို အသာအယာယူပြီး သူ့ဘေးမှာ ချပေးလိုက်သည်။ ပြီးတော့ နွေးနေသည့် မြေပြင်ပေါ်မှာ ကျွန်တော်လည်း မောမောနှင့် အိပ်ပျော် သွားတော့သည်။





ပစ်ခတ်သံများကြောင့် ကျွန်တော် လန့်နိုးသွားသည်။ ချက်ချင်းပင် တော်မီဂန်းကို အသင့်ကိုင်ရင်း မြေပြင်ပေါ်မှာ မှောက်လျက်ဝပ်ပြီးသား ဖြစ်နေသည်။ ကျွန်တော်တို့ ပတ်လည်သို့ ကျည်ဆန်များ တသောသော ဝင်လာသည်။ ကျွန်တော်နှင့် မလှမ်းမကမ်း ကျောက်တုံးအစွန်းပေါ်မှာ တင်ထားသည့် ဝိုင်ယာလက်စက်ကို ကျည်ဆန်တွေ အဆက်မပြတ် ထိမှန်နေသည်။ အိပ်ချင်မူးတူးစိတ်များ ပျောက်လွင့်သွားပြီး ကောင်းစွာ နိုးလာပြီ။

"အကူတပ်စု နေရာယူ"

ကြမ်းတမ်းသောအသံဖြင့် ကျွန်တော် အော်ဟစ်အမိန့်ပေးလိုက် သည်။ တကယ်ကတော့ အမိန့်ပေးရန် မလိုတော့ပါ။ ကျွန်တော့် ပတ်လည် တွင် သေနတ်မောင်းတင်သံများ ပစ်ခတ်သံများ ဖုံးလွှမ်းနေပြီ။ ကျွန်တော့် ပတ်လည်မှာ ကျွန်တော့်ရဲဘော်များအားလုံး တက်ညီလက်ညီ တိုက်ပွဲဝင် နေကြပြီ။

ကျွန်တော်တို့ရှေ့ ဆင်ခြေလျှော၏ ဟိုမှာဘက်တွင် ရှိနေသော တောအုပ်ဆီသို့ လှမ်းကြည့်သည်။ သစ်ပင်အရိပ်များမှ လွဲပြီး ဘာကိုမှ မမြင်ရ။ ပို၍ အာရုံစိုက်ကြည့်သည်။ ဘာမှ အကြောင်းမထူးချေ။ ထို့ကြောင့် ဝိုင်ယာလက်စက်ကို လှည့်ကြည့်သည်။ ရန်သူ့ လက်နက်ဒဏ်ကြောင့် တစ်စစီ ဖြစ်သွားပြီ။ မည်သည့်နည်းနှင့်မျှ ရနိုင်တော့မည် မဟုတ်ပါ။

တောတွင်းတစ်နေရာမှ ဂျပန်စက်ကလေးအသံ ကြားရသည်။ ပြီးတော့ အခြားစက်များကပါ တရစပ် ပူးပေါင်း ပစ်ခတ်ကြသည်။ ရိုင် ဖယ်သေနတ်များကပါ စက်ကလေးများနှင့်အတူ သံပြိုင်ဟာစ်ကြွေးကြ သည်။ မိုးဦးရာသီတွင် မိုးကြိုးများ အဆက်မပြတ် ထစ်သလို တစ်တော လုံး ညံနေသည်။ ယခုအချိန်ထိ ရန်သူကို ကျွန်တော် မမြင်သေး။ သစ်ပင် များကိုသာ မြင်နေရသည်။ အောက်သို့ ထိုးကျနေသည့် သစ်ပင်ရိပ်များ ကိုသာ မြင်တွေ့နေရသေးသည်။

"ငါ အမိန့်မပေးဘဲ မပစ်နဲ့" ဟု ကျွန်တော်အော်လိုက်ရသည်။

ထိုအချိန်မှာပင် ကျွန်တော့် ဘယ်ဘက် ရှေ့နားသို့ ဗိုလ်ကြီး ဗီဗီယန်ဝက်သရော ပြေးဆင်းသွားသည်ကို မြင်လိုက်ရသည်။ သူ့တပ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



မှ တပ်စုတစ်စု ထိုနေရာတွင် နေရာယူထားသည်။ ရန်သူနှင့်အနီးဆုံး၊ တိုက်ပွဲအပြင်းထန်ဆုံး နေရာလည်း ဖြစ်နေသည်။ အရာရှိတစ်ယောက်သည် တိုက်ပွဲ အပြင်းထန်ဆုံးနေရာသို့ သွားရောက်နေရာယူပြီး ဖိဖိစီးစီး ကွပ်ကဲအုပ်ချုပ်ပေးရန် အလွန် အရေးကြီးပါသည်။

ရန်သူနှင့် အနီးဆုံး နေရာရှိ သူ့တပ်စုဘေး ကျောက်တုံးနောက်ကွယ်သို့ သူပြေးဝင်နေရာယူပြီး အနီးကပ် ကွပ်ကဲနေချိန်အထိ ကျွန်တော်တို့ အခြေအနေမှာ အဆိုးရွားဆုံး ဖြစ်နေသည်။ ပတ်လည်မှာ မော်တာဆန်တွေ အဆက်မပြတ် ကျကွဲနေသည်။ ကျောက်တုံး ကျောက်ဆောင်တွေများကြားမှာ တစ်လုံးပြီး တစ်လုံး ကျကွဲနေသဖြင့် ကျောက်တုံး အပွဲ့အစများ လွင့်စဉ်ဖုံးလွှမ်းနေသည်။ ဖုန်တွေ သဲတွေလည်း မှောင်နေသည်။ ရဲဘော်အချို့၏ အော်ဟစ်ညည်းညူသံကို ကြားရသဖြင့် ကျွန်တော်တို့ဘက်တွင် အထိအခိုက်နှင့် အကျအဆုံးရှိနေပြီဟု သိနားလည်လိုက်ရသည်။

ကျောက်တုံးနှင့် ပိုနီးသည့် နေရာသို့ ကျွန်တော် တိုးကပ်လိုက်သည်။ ဂျပန်စက်သေနတ်ကျည်ဆန်ကြောင့် မသေရဘဲ ကျောက်ခဲမှန်ပြီး သေရမည့် အဖြစ်မျိုးကို ကျွန်တော် မလိုလားပါ။

**တောစပ်တစ်လျှောက်ကို အာရုံစိုက်ပြီး** ကျွန်တော် ကြည့်ပြန်သည်။ **သစ်ပင်ရိပ်များအတွင်း** သေသေချာချာကြည့်သည်။ ရန်သူ အရိပ်အယောင်ကို လုံးလုံး မမြင်ရပါ။ ဘေးအိတ်ထဲမှ ကျည်ကပ်သုံးခုထုတ်ယူပြီး ရှေ့နားမှာ အသင့်ချထားလိုက်သည်။ ရန်သူကို မြင်တွေ့ရသဖြင့် တရစပ်ပစ်ဖို့ လိုအပ်ပြီဆိုလျှင် ပစ်မှတ်မှ မျက်စိမခွာဘဲ ကျည်ကပ်အသစ်ကို အလွယ်တကူ လဲထည့်နိုင်ရန် ဖြစ်သည်။

ဝိုင်ယာလက်စက်ကြီး တစ်စစီ ပျက်သွားသည့် အဖြစ်က ကျွန်တော့် အသိဉာဏ်ထဲသို့ ရောက်ရှိလာပြန်သည်။ ယခုအချိန်ကစပြီး ကျွန်တော်တို့ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးကြရတော့မည်။ ကိုယ့်လမ်း ကိုယ်ဖောက်ကြရတော့မည်။ ကိုယ့်အန္တရာယ် ကိုယ်ရှင်းပြီး မြန်မာပြည်တွင်းမှ ထွက်ခွာရတော့မည်။ ဝိုင်ယာလက်စက် မရှိတော့သောကြောင့် လေယာဉ်ပျံဖြင့် လာရောက်ချပေးမည့် ရိက္ခာကိုမမျှော်နိုင်တော့။ ဆေးဝါးကို မမျှော်နိုင်





တော့။ လက်နက်ခဲယမ်းမီးကျောက်များကို မမျှော်နိုင်တော့။ ယခုအချိန်မှစပြီး ကိုယ့်ဘဝကိုယ် ဖန်တီးကြရတော့မည်။

"အကုန်သတ် . . . ဟိုခွေးကောင်တွေကို အကုန်သတ်"

ရန်သူများကို ဗိုလ်ကြီးဗီဗီယန်ဝက်သရော မြင်လိုက်ဟန်တူသည်။ ကြောက်မက်ဖွယ်ကောင်းသော သူ၏ အော်ဟစ်အမိန့်ပေးသံကြီး ပေါ်လာသည်။ သူ့ဘေးမှ ဘရင်းဂန်းနှင့် ရိုင်ဖယ်သေနတ်များ သံပြိုင်မောင်းဖြုတ်လိုက်ကြသည်။ ရန်သူတို့၏ အော်ဟစ်ညည်းတွားသံကို ကြားရသည်။ အလွန် အထိနာသွားသည့် အသံများ ဖြစ်သည်။

သည်တော့မှ ရန်သူတို့ကို ကျွန်တော် မြင်တွေ့ရလေတော့သည်။ သစ်တောအောက်ခြေမှာ မည်းမည်းအရိပ်များ ရွေ့လျားနေသည်။ တဖြည်းဖြည်း ရွေ့နေသည်။ ကြီးမားသည့် သစ်ပင်ရိပ်ကြီးများအောက်မှ တောစပ်ဘက်ဆီသို့ တိုးထွက်လာကြသည်။ ရန်သူ . . .။ ရန်သူကို တွေ့ရပါပြီ။

"အကူတပ်စု ရှေ့မှာ ရန်သူ . . . ပစ်"

အောင်ပွဲခံ စစ်သူကြီးတစ်ယောက်၏ အောင်မြင်သော အသံကြီးကဲ့သို့ ကျွန်တော် သံကုန်အော်ဟစ် အမိန့်ပေးလိုက်သည်။ ကျွန်တော့် ပတ်လည်မှ ကမ္ဘာကလေးမှာ သေနတ်သံတွေ ဆူညံသွားသည်။ အဆက်မပြတ် မောင်းတင်သံတွေ ကြားရသည်။ ကျည်ကပ်အသစ်လဲသံတွေ ကြားရသည်။

ပတ်လည်မှာ ယမ်းနံ့တွေ ညှော်နေသည်။ နှာခေါင်းထဲသို့လည်း ယမ်းနံ့များ တိုးဝင်လာသည်။ ကျွန်တော်၏ တော်မီဂန်းသေနတ်မှ ခဲဖူးများသည် အဆက်မပြတ် တွန်းကန်ထွက်ကာ ယမ်းနံ့များ ကျွန်တော့် ပတ်လည်မှာ ဖုံးလွှမ်းသွားသည်။

ကားလ်ဗဟာဒူးဘက်သို့ မသိမသာ ငဲ့စောင်းကြည့်လိုက်သည်။ သူ့ရှေ့နားရှိ မြက်ပင်ကလေးများမှာ ပြားခနဲ ပြားခနဲ ဖြစ်သွားလေသည်။ သူ့တော်မီဂန်းမှ ကျည်ဆန်များ ထွက်သွားသည့်အရှိန်ကြောင့် ဖြစ်သည်။ ကျည်ဆန်တစ်တွဲ ထွက်သွားပြီးတိုင်း သူ့သေနတ်သည် နောက်ထပ်ဆက်ပစ်ရန် အသင့်အနေအထားသို့ ပြန်ရောက်နေမြဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ပစ်အား အလွန် ထိရောက်ပါသည်။ ကျွန်တော်တို့ ပစ်မှတ်မှာရှိနေသည့် ရန်သူများ အတုံးအရုံးဖြစ်ကုန်သည်။

အမှန်တော့ ရန်သူက ကျွန်တော်တို့ကို တက်ရောက်ချေမှုန်းရန် ကြိုးစားခြင်း ဖြစ်သည်။ သို့သော်လည်း ကျွန်တော်တို့၏ ပစ်အားကောင်းမှုကြောင့် ရန်သူ၏ ပထမအကြိမ် ကြိုးစားချက် ပျက်ပြားသွားသည်။ သူတို့ဘက်က သေနတ်သံပါ ပါးသွားသည်။ သစ်ပင်များနောက်ကွယ်နှင့် ကျောက်ဆောင်များ နောက်ကွယ်မှ ကြိုကြားကြိုကြား ပေါ်ထွက်လာသည့် ရိုင်ဖယ်သံများသာ ရှိတော့သည်။ သူတို့ ကျည်ဆန်အားလုံးလိုလိုမှာ ကျွန်တော်တို့ ခေါင်းပေါ် အမြင့်ကြီးမှ ကျော်ဖြတ်သွားနေသည်။ ခဏကြာတော့ လက်ပစ်ဗုံးအငယ်စားများ၊ မော်တာများဖြင့် ကျွန်တော်တို့ကို ထုပြန်သည်။ ပတ်လည်မှာ ဗုံးဆန်တွေ တသောသော လာကျနေပြန်သည်။

ရုတ်တရက် မော်တာဆန်များ အကျရပ်သွားသည်၊ စက်ကလေးများလည်း ရပ်သွားသည်။ လက်ပစ်ဗုံးများလည်းမကျတော့။ ညည်းညူအော်ဟစ်သံများမှတစ်ပါး ရန်သူဘက်က လုံးဝ တိတ်ဆိတ်သွားသည်။ မော်တာနှင့် စက်ကလေးများသာ မဟုတ်၊ ရိုင်ဖယ်သေနတ်သံများပင် လျှင် သူတို့ဘက်က ရပ်သွားတော့သည်။

သေနတ်သံများ ရပ်သွားရုံမက ရန်သူလှုပ်ရှားမှုများကိုပါ မတွေ့ရတော့။ စစ်မြေပြင်ကြီးတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ ကောင်းကင်မှ နေရှိန်ကသာလျှင် အဆက်မပြတ် ချစ်ချစ်တောက် ပူပြင်းနေသည်။ မိနစ်အနည်းငယ် ကြာအောင် ကျွန်တော်တို့ အသက်မရှူနိုင်ဘဲ စောင့်ဆိုင်း အကဲခတ် ကြည့်နေမိသည်။ လှုပ်ရှားမှု တစ်စုံတစ်ရာကို ရုတ်ခြည်း မြင်တွေ့လိုက်ရပါသည်။

"လှုံ့စွပ်တပ်"

ကျွန်တော် အော်ဟစ်အမိန့်ပေးလိုက်သည်။ ကျွန်တော့် အသံ အလွန်ကျယ်ပါသည်။ သို့သော်လည်း ရိုးရိုးစစ်မိန့်ပေးခြင်းမျိုး မဟုတ်ဘဲ ထိတ်လန့်တကြား အော်ဟစ်သည့် အသံမျိုးလည်း ရောစွက်ပါဝင်နေကြောင်း သတိပြုလိုက်မိသည်။





ဘယ်ဘက်ဘေးမှာ ရှိနေသည့် ကားလ်ဗဟာဒူးက သူ၏ ဓားကောက်ကို လျင်မြန်စွာ ဆွဲထုတ်လိုက်သည်။ နေရောင်မှာ အသွားလက်သွားသည်။ ကျွန်တော်ကလည်း ခါးမှဓားကို သူနည်းတူ ဆွဲထုတ်လိုက်သည်။ သူက ကျွန်တော့်ကို ပြုံးပြသည်။

ဘယ်ဘက်ရှေ့နား ကုန်းဆင်းကလေးမှာ ရှိနေသည့် ဗီဗီယန်ဝက်သရော၏ အော်ဟစ်အမိန့်ပေးသံက တိတ်ဆိတ်ငြိမ်သက်နေမှုကို ဖြိုခွဲပစ်လိုက်သည်။

ဂျပန်တပ်ကြပ်ကြီး တစ်ယောက်သည် သစ်ပင်တစ်ပင်၏ အကွယ်မှ အခြားအပင်ဆီသို့ ပြေးထွက်လိုက်သည်။ ဗီဗီယန်၏ အော်ဟစ်သံနှင့် တစ်ဆက်တည်းလိုပင် ဂျပန်တပ်ကြပ်ကြီးသည် သစ်ပင်နှစ်ပင်ကြားတွင် လေထဲသို့ မြောက်တက်သွားသည်။ ပြီးတော့ မြေပြင်ပေါ်သို့ ပြန်ကျသွားပြီး ငြိမ်သက်နေတော့သည်။

ကျွန်တော်တို့ ပတ်လည်မှာ လက်ပစ်ဗုံးများ ဆက်တိုက်ကျကွဲလာပြန်သည်၊ ကျောက်ဆောင်များမှ ကျောက်ခဲစများ ပွင့်ပြီး လွင့်စဉ်နေသည်။ ကျွန်တော်တို့ ကိုယ်ပေါ်သို့ ကျောက်မှုန့်များ၊ ဖုန်များ တသောသောကျလာနေသည်။

ဘယ်ဘက်ဘေးမှ ကားလ်ဗဟာဒူးကို မသိမသာ လှည့်ကြည့်သည်။ သူကလည်း တစ်ဖက်ကို လှမ်းကြည့်နေသည်။ သူကြည့်သည့်နေရာကို လှမ်းကြည့်လိုက်တော့ ဝေါ်ရခ်ငးရဲဘော်တစ်ယောက်သည် သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် ဖုံးအုပ်ထားသည်။ လက်ချောင်းကလေးများကြားမှ သွေးများ ယိုစီးကျနေသည်။ တစ်ဆက်တည်းမှာပင် ကျွန်တော့်ရှေ့နားက ရဲဘော်တစ်ယောက် ကျောက်တုံးဘေးတွင် ငုတ်တုတ် ထထိုင်ပြီး ပြန်လဲကျသွားသည်။ ပြင်းထန်လှသည့် နေရှိန်ကြောင့် မီးဖုတ်ထားသလို ဖြစ်နေသော မြေပြင်ပေါ်သို့ သွေးများ ယိုစီးကျသွားသည်။

သေနတ်ထဲသို့ ကျည်ကပ်အသစ်တစ်ခု လဲထည့်ရင်း ကျောက်တုံးအကွယ်သို့ ကျွန်တော် ပိုကပ်လိုက်သည်။ ထိုအချိန်မှာပင် ကျွန်တော်တို့ကို တက်ရောက်ချေမှုန်းရန် ရန်သူများပေါ်လာကြပြန်သည်။ ဆင်ခြေလျှောအောက်ခြေ တောနက်နက်အတွင်းမှ နေအလင်းရောင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရနေသည့် တောအုပ်အပြင်သို့ သူတို့ ထွက်လာကြသည်။ ဂျပန်လူမျိုးတို့၏ ပြောင်မြောက်သော သတ္တိကို ထုတ်ဖော် ပြသနေသကဲ့သို့ ရှိပါသည်။

သူတို့ လက်ထဲမှ လုံ့စွပ်တပ်ထားသော သေနတ်များကို အသင့်ကိုင်ထားသည်။ တဖြည်းဖြည်း ရှေ့သို့ တက်လာကြသည်။ သွေးအေးအေးဖြင့် ချေမှုန်းပွဲစတော့မည့် ပုံစံမျိုးဖြင့် ဖြည်းဖြည်းကလေး တိုးလာကြခြင်းဖြစ်သည်။ ကျွန်တော်တို့ ပစ်ခတ်နေသည့် ကျည်ဆန်များသည် သူတို့ကိုယ်ထဲသို့ ထိုးဖောက်မဝင်နိုင်ဟု ယုံကြည်နေကြသည့်ပုံစံမျိုး ဖြစ်သည်။

ကျွန်တော်တို့ဆီသို့ တန်းစီချီတက်လာရင်း သူတို့ သေနတ်ပြောင်းဝများမှ မီးပွင့်ကလေးများ အဆက်မပြတ် လက်နေသည်။ တစ်ဆက်တည်း ကျွန်တော်တို့ ခေါင်းပေါ်နှင့် ကျွန်တော်တို့ ကြားထဲမှာလည်း ကျည်ဆန်တွေ ပလူပျံနေသည်။

ရန်သူသည် ဖြည်းဖြည်းတက်နေရာမှ ခပ်သုတ်သုတ် တက်လာသည်။ ခပ်သုတ်သုတ်တက်နေရာမှ အပြေးတက်လာသည်။ သဘာဝက ကျွန်တော်တို့အတွက် ဖန်တီးပေးထားသော သတ်ကွင်းထဲသို့ သူတို့ ရောက်လာသည်။ သူတို့ လုံ့စွပ်များပေါ်သို့ နေရောင်က ထိုးကျနေရာ အရောင်တဖိတ်ဖိတ်တောက်နေသည်။ ကျွန်တော့်လည်မျိုတည့်တည့်ကို ချိန်ပြီး ချီတက်လာကြသလား ထင်မှတ်ရသည်။

အရုပ်ဆိုးသည့် သွားများပေါ် အောင် ပါးစပ်ကို ဖြဲထားကြသည်။ ကျွန်တော်တို့ကို သွားဖြဲပြီး ခြောက်နေသည့်ပုံမျိုး ဖြစ်သည်။ ဂျပန်တစ်ယောက်က ကျွန်တော့်ဆီသို့ ဦးတည်လာသည်။ သွေးရောင်တောက်နေသည့် သူ့မျက်လုံးအစုံကို မြင်တွေ့ရသည်။ တစ်လှမ်းချင်း တိုးလာသည်။ သူ့သေနတ်ပြောင်းဝက ကျွန်တော့်နှလုံး တည့်တည့်သို့ ချိန်ထားသည်။ ခြောက်ကိုက်၊ ငါးကိုက်၊ လေးကိုက်၊ သုံးကိုက်။ သူ့ကိုယ်လုံးသည် ကြည့်နေရင်းမှာပင် ပို၍ ပို၍ ကြီးမားလာသည်။ အသက်ကို ဝအောင်ရှူလိုက်သည်။ လက်ညှိုးကို ညှစ်လိုက်သည်။ ရန်သူသည် အပေါ်သို့ မြောက်တက်သွားသည်။ ပြီးတော့ နောက်သို့ လွင့်သွားသည်။ ကျွန်တော့်သေနတ်ထဲမှ ကျည်ဖူးများသည် သူ့ရင်ဘတ်ထဲသို့ ရွှေ့ပြောင်း နေရာ





ယူသွားကြပြီ။ ထိုအဖြစ်အပျက်သည် ကျွန်တော်တစ်ဦးတည်း၏ ရှေ့မှာသာ မဟုတ်ပါ။ လူတိုင်း လူတိုင်း၏ ရှေ့မှာ ထိုအတိုင်း ဖြစ်နေသည်။ ရန်သူတို့သည် အသေခံတက်လာပြီး ကျွန်တော်တို့ကို အပြီးသတ် ချေမှုန်းရန် ကြိုးစားကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ စစ်ကြောင်းတစ်ခုလုံးက တည်တည်ငြိမ်ငြိမ်ပင် ရင်ဆိုင် ဖြေရှင်းလိုက်ပါသည်။

ကျွန်တော့် လက်ချက်ဖြင့် ကျဆုံးသွားသော ရန်သူ့အလောင်းကို လှမ်းကြည့်လိုက်သည်။ ထိုမှ တစ်ဆက်တည်း ကျွန်တော်တို့ ရှေ့မျက်နှာစာကို လှမ်းကြည့်သည်။ ပြီးတော့ သတ်ကွင်းဆီသို့ ကြည့်သည်။ ရန်သူ့အလောင်းတွေ ထပ်ထပ်ကြမ်းနေသည်။ ပတ်ဝန်းကျင်ကြီး တစ်ခုလုံး တိတ်ဆိတ်သွားပြန်ပြီ။ ငှက်အော်သံများ ကြားလာရပြန်ပြီ။ ကျွန်တော်တို့ ပတ်လည်မှာ ညည်းညူသံများ ကြားရသည်။ ကိုယ့်ဘက်မှာလည်း အထိအခိုက်တွေ ရှိနေကြောင်း သတိပြုမိသည်။

နေစောင်းသွားပြီမို့ သစ်ပင်ရိပ်များက ပိုမို ရှည်လျားလာသည်။ တိုက်ပွဲပြီးသွားပြီ။ သို့သော် လုံးဝ ပြီးဆုံးသွားခြင်းကား မဟုတ်။ ပတ်လည်မှ ဘေးအန္တရာယ်များ ယာယီဖယ်ခွာသွားသည့် သဘောမျှသာ ဖြစ်သည်။ နောက်ထပ် အန္တရာယ်က အသင့်စောင့်ဆိုင်းလျက်ရှိကြောင်း ကျွန်တော်တို့အားလုံး အလိုလို သိနေသည်။

ကျွန်တော်တို့အားလုံး မြေပြင်မှာ ဝပ်မြဲဝပ်နေကြသည်။ မိမိနေရာယူထားသည့် ကျောက်တုံးများ နောက်ကွယ်မှာ ငြိမ်သက်ရင်း ရေဘူးထဲမှ ရေများကို သောက်နေကြသည်။ တစ်နေကုန် နေရှိန်ကြောင့် ရေဘူးထဲမှ ရေများလည်း ရေနွေးများ ဖြစ်နေသည်။ ညမှောင်သည် အထိတော့ ကျွန်တော်တို့ကို ဝင်မတိုက်ဘဲ နေလိမ့်ဦးမည်ဟု ခန့်မှန်းရသည်။ ကျွန်တော်တို့ကလည်း မှောင်သည်နှင့်တစ်ပြိုင်တည်း မိုးမိတ်မော်တော်ကားလမ်းကို ဖြတ်ကျော်ကာ တစ်ဖက်သို့ ကူးတော့မည်။

ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်သက်ပြီး ထပ်မံ ပေါ်ပေါက်လာဦးမည့် အန္တရာယ်ကို စိတ်မသက်မသာစွာဖြင့် စောင့်ဆိုင်းနေရစဉ် ရှေ့နားမှာ ရှိနေသည့် အာသာဘက်စ်ကို ကျွန်တော် လှမ်းကြည့်သည်။ သူ့ကို ကျွန်တော် လက်လှမ်းပြသည်။ သူ့ကို မြင်ရတော့ ကျွန်တော် ပျော်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်တို့ကို ချေမှုန်းမည့် ရန်သူအားလုံးကို ကျွန်တော်တို့က ပြန်လည် ချေမှုန်းသုတ်သင်လိုက်ပြီး ဖြစ်ချေသည်တကား။

"ဗိုလ်ကြီး . . . ဗိုလ်ကြီး . . .၊ ဟိုမှာကြည့်စမ်း . . . လာချီမန်နဲ့ ကာလူး . . ."

တပ်စုတပ်ကြပ်ကြီး ကားလ်ဗဟာဒူးက အော်လိုက်သည်။ သူ လက်ညှိုးညွှန်ပြရာသို့ ကျွန်တော် လှမ်းကြည့်သည်။ လာချီမန်ပန်းသည် ဒဏ်ရာရနေသည့် သူ့သူငယ်ချင်း ကာလူးရာနားကို ပခုံးပေါ်မှာ ထမ်းကာ သူ နေရာယူခဲ့သည့် ကာကင်းနေရာမှ ကျွန်တော်တို့ရှိရာသို့ တက်လာသည်။ ရန်သူများ ကျွန်တော်တို့ကို ဝင်တိုက်တော့ သူတို့လည်း ဝိုင်းမိနေဟန်တူသည်။ သို့သော်လည်း ကာလူးရာနား ဒဏ်ရာရအပြီးတွင် ချုံပုတ်အောက်မှာ ပုန်းနေရင်း သူတို့ လွတ်မြောက်ခဲ့ကြသည်။

သူတို့နှစ်ယောက်ကို လှမ်းကြည့်နေဆဲမှာပင် ကျွန်တော်တို့ ပတ်လည်မှာ မော်တာကျည်ဆန်များ ရုတ်တရက် ကျကွဲတော့သည်။ ထပ်မံဖြစ်ပွားလာသည့် တိုက်ပွဲသံကို ကြားရသည်နှင့် တစ်ပြိုင်တည်း လာချီမန်ပန်းသည် သူ့သူငယ်ချင်းကို ထမ်းပြီး တောတွင်းသို့ ပြန်ဝင်ပြေးတော့သည်။ ဗုံးပေါက်ကွဲသံများကြားမှ လာချီမန်၏ ရိုင်ဖယ်သေနတ်သံကို ကြားရသေးသည်။ သို့သော်လည်း ဦးတည့်ရာသို့ သူပစ်နေရာ ရန်သူ ဘက်သို့ ကျည်ဆန်တစ်တောင့်မျှ မရောက်။ ခဏကြာတော့ ဂျပန်စက်ကလေးသံကြားရသည်။ သူတို့နှစ်ယောက်ကို မည်သို့ ကယ်တင်နိုင်မည်နည်းဟု တွေးရင်း ကျောက်တုံးပေါ်သို့ ကျွန်တော် ဝမ်းလျားထိုးတက်ကာ အကြည့်တွင် ကျွန်တော့်ကမ္ဘာကြီး ပေါက်ကွဲတုန်လှုပ်သွားသည်။ ကျွန်တော်လည်း ရှေ့သို့ လွင့်သွားလေတော့သည်။

မိုးမိတ်မြို့ဆေးရုံ တောင်ထိပ်တစ်နေရာမှာ ဒဏ်ရာရပြီး ထိတ်လန့်တကြားဖြင့် ကျွန်တော် လဲနေချေပြီတကား။

"ကျွန်တော် ဒဏ်ရာရပြီး ကျွန်တော့်ရဲဘော်တွေက ကျွန်တော့်ကို ပစ်ထားခဲ့တဲ့ ဇာတ်လမ်းကတော့ ဒါပါပဲ သူကြီးရယ် . . ."

သူကြီးကို ဇာတ်လမ်းကုန် ပြန်ပြောပြမိသည်။

✧ ✧ ✧



## အခန်း(၁၁)

### တစ်ခုတည်းသော ထွက်ပေါက်

ဂျပန်တပ် အဖမ်းခံရတော့မည့် ဘေးအန္တရာယ်မှ သီသီကလေး လွတ်မြောက်ခဲ့ပုံ၊ ဒဏ်ရာကြီးဖြင့် လမ်းလျှောက်ရင်း သေလုမြောပါး ခံစားခဲ့ရပုံ၊ မီးသွေးဖုတ်သမားနှစ်ယောက်နှင့် တွေ့သောအခါ ဂျပန်တပ်များဟု ထင်မိပုံ စသည်များကို သူကြီးအား ကျွန်တော် ရှင်းပြသည်။

"အဲဒီနောက် ဘာတွေဆက်ဖြစ်တယ် ဆိုတာတော့ ကျွန်တော့်ထက် သူကြီးက ပိုသိပါတယ် ခင်ဗျာ၊ ကျွန်တော့်အသက်ကို သူကြီး ကယ်တင်ပြီး အခုလို ပြုစုစောင့်ရှောက်ထားတာတွေကို ကျွန်တော့် တစ်သက်မှာ မေ့နိုင်တော့မှာ မဟုတ်ပါဘူး . . ."

ထိုရွာကလေးမှာ တစ်ရက်ပြီးတစ်ရက် အချိန်ဖြုန်းရင်း ကျွန်တော် အနားယူနေသည်။ ခြေထောက်မှ ဒဏ်ရာလည်း အများကြီး သက်သာလာပြီ။ သူကြီးနှင့်သော်လည်းကောင်း၊ ရွာထဲမှ လူကြီးသူမများနှင့်သော်လည်းကောင်း စကားစမြည် ထိုင်ပြောနေရသောကြောင့် အချိန်ကုန်လို့ ကုန်မှန်းပင် မသိလိုက်။

သူကြီးက သူ့လူများကို တောတွင်းသို့ အမြဲလွှတ်ထားပြီး သတင်းစုဆောင်းခိုင်းထားသည်။ ပတ်ဝန်းကျင်တွင် ဖြစ်ပွားနေသည့် သတင်းများကို အမြဲမပြတ်ရနေသည်။

အရေးအတွက်များပြားလှသည့် အင်္ဂလိပ်စစ်သားများ မြောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းသို့ ဦးတည်ချီတက်သွားသည်ဆိုသော သတင်းများ၊ တောတွေ တောင်တွေထဲမှာ ဂျပန်တိုက်ကင်းများ ခြေချင်းလိမ်နေသည်ဆိုသည့် သတင်းများ အဆက်မပြတ် ရနေသည်။

မြောက်ဘက်သို့ ချီတက်သွားသည်ဆိုသော အင်္ဂလိပ်တပ်များမှာ ကျွန်တော့်တပ်မှ အသက်ရှင် ကျန်ရစ်နေသူများ ဖြစ်နိုင်သည်။ ရွှေလီမြစ်ကို ဖြတ်ကျော်သွားဖို့ သူတို့ ကြိုးစားဟန်တူသည်။ သို့တည်းမဟုတ် တရုတ်ပြည်တွင်းမှ ယူနန်နယ်သို့ ဆုတ်ဖို့ ကြိုးပမ်းကောင်း ကြိုးပမ်းလိမ့်မည်။

"အဲဒီနှစ်လမ်းစလုံးက လွတ်အောင်ထွက်ဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး ဗိုလ်ကြီး"

သူကြီးက ကျွန်တော့် တွေးထင်ချက်များကို ပယ်ချလိုက်သည်။ ရွှေလီမြစ်မှာ ရေစီးသန်လှကြောင်း၊ လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် ဂျပန်ရေယာဉ်များကလည်း မြစ်ကြောင်းထဲမှာ မပြတ် တိုက်ကင်းလှည့်နေကြောင်း၊ ဖြတ်သွားတပ်များဖြတ်ကူးနိုင်သည့် နေရာများကိုလည်း တပ်စခန်းများ အပြည့်ချထားကြောင်း၊ ထို့ကြောင့် ထိုလမ်းက ဖောက်ထွက်ဖို့မှာ မဖြစ်နိုင်ကြောင်း။

အရှေ့မြောက်ဘက်သို့ သွားမည်ဆိုလျှင်လည်း ထွက်ပေါက်က အလွန်နည်းကြောင်း၊ တရုတ်ပြည်သို့ ဝင်နိုင်သည့် တောင်ကြားလမ်း လေးခုရှိကြောင်း၊ ယခုအခါတွင် ယင်းတောင်ကြားလမ်းများ အားလုံးကိုလည်း ဂျပန်တပ်များ အလုံးအရင်းနှင့် အစောင့်ချထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်ပြည်သို့ ထွက်ပေါက်မှာလည်း မဖြစ်နိုင်ကြောင်း သူကြီးက ရှင်းပြသည်။

"ဒီတော့ ဗိုလ်ကြီး စဉ်းစားကြည့်၊ ခင်ဗျားလူတွေ အဲဒီလမ်းက ထွက်ဖို့ ကြိုးစားရင်တော့ ဘယ်နည်းနဲ့မှ မအောင်မြင်နိုင်ဘူး။ သူတို့ အတွက် ထွက်ပေါက်တစ်ခုပဲ ရှိတယ်။ အဲဒီ ထွက်ပေါက်ကတော့ လာလမ်း အတိုင်း အိန္ဒိယပြည်ထဲသို့ ပြန်ဝင်ဖို့နည်းပဲ၊ ကျုပ်တော့ အဲဒီလမ်းတစ်ခုပဲ မြင်တယ်"

စကား များများစားစားတော့ ကျွန်တော် ပြန်မပြောမိ။ သို့သော် လည်း သူကြီး၏ ထင်မြင်ယူဆချက်များကိုမူ ကျွန်တော် လက်မခံနိုင်





အောင် ဖြစ်နေမိသည်။ ဂျပန်အင်အား ဘယ်လောက်များများ၊ မိုင်ပေါင်း (၂၀၀)လောက်ရှည်လျားသည့် ရွှေလီမြစ်ကြောင်းကြီးတွင် တစ်မိုင်ချင်း နေရာမလပ် ပိတ်ဆို့ထားဖို့ ဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ ဂျပန်နယ်မြေ အတွင်း စစ်ဆင်ရေး ဆင်နွှဲခဲ့ဖူးပြီးဖြစ်သည့် ကျွန်တော့် အတွေ့အကြုံအရ သိနေသည်။

ဖြတ်ကျော်နိုင်ခြင်း မရှိဟု ဂျပန်များ တွေးထင်ထားသည့် အရံ အတားအားလုံးကို ကျွန်တော်တို့ ဖြတ်ကျော်ခဲ့ကြပြီးပြီ။ ခြသေ့်တပ်များ သည် မဖြစ်နိုင် ဆိုသော အရာအားလုံးကို၊ ဖြစ်နိုင် ဟူသော အနေအထား သို့ ပြောင်းလဲပြခဲ့ပြီးပြီ။ ထို့ကြောင့် ဖြတ်ကျော်နိုင်သည့် လမ်းတစ်ခုတော့ မုချရှိရမည်။ တရုတ်ပြည်သို့သွားရာ တောင်ကြားလမ်းများကို မဖြတ် ကျော်နိုင် ဟူသော သူကြီး၏ အယူအဆကို ကျွန်တော် လက်ခံနိုင်ပါ သည်။ သို့သော်လည်း ရွှေလီမြစ်ကို ဖြတ်ကူး၍ မဖြစ်နိုင် ဆိုသော သဘောထားကိုကား လက်မခံနိုင်။

သည်ရွာကလေးမှာ ဆယ်ရက်လုံးလုံး နားနေခဲ့ရသည်။ အိပ် လိုက်၊ စားလိုက်၊ သောက်လိုက်၊ စကားပြောလိုက်ဖြင့် နေခဲ့သည်။ (၁၁) ရက်မြောက်နေ့တွင် လမ်းစလျှောက်ဖို့ သူကြီးက တိုက်တွန်းလေသည်။ ကျွန်တော်ကလည်း လက်ခံပြီး လမ်းလျှောက်ခဲ့သည်။ ရွာလယ်လမ်း ကလေးအတိုင်း စုန်ကာ၊ ဆန်ကာ လျှောက်ခဲ့သည်။

ယနေ့သည် ကျွန်တော် လမ်းလျှောက်ကျင့်သည့် တတိယ မြောက်နေ့ ဖြစ်သည်။ သူကြီးနှင့် ကျွန်တော် အိမ်ရှေ့ခန်းမှာ ထိုင်ပြီး ခေါင်ရည်သောက်ရင်း စကားပြောနေကြသည်။

ထိုအခိုက် အော်ဟစ်သတိပေးသည့် အသံတစ်ခုကို ကြားလိုက် ရသည်။ တစ်ရွာလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ကျွန်တော်တို့ လျှို့ဝှက်စခန်းတွင် နားနေခိုက် ရန်သူ့သေနတ်သံကို ကြားရသောအခါ လူပ်ရှားသွားသည့် သဘောမျိုး ဖြစ်သည်။ အိမ်အသီးသီးမှ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး အကုန် ပြေးထွက်လာကြသည်။ ခွေးတွေကလည်း ဟောင်ကြသည်။ ပြီးတော့ သတိပေးသံ ပေါ်ထွက်ရာ ရွာဝင်တံခါးမကြီး ဆီသို့ ပြေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ" ဟု ကျွန်တော်က သူကြီးကို မေးသည်။

"မြောက်ပိုင်းက သတင်းပို့မယ့် ဆက်သား ရောက်လာတယ်"

သူကြီးက တိုးတိုးလေးပြောသည်။ မျက်မှောင်ကုတ်ထားသည်။ ဆက်သားယူလာမည့် သတင်းသည် မကောင်းသတင်းသာ ဖြစ်မည်ဟု သူ မျှော်မှန်းထားပုံရသည်။

ကျွန်တော်တို့ နှစ်ယောက် ထိုင်နေရာမှာ ထရပ်လိုက်ချိန်တွင် ကချင်လူငယ်တစ်ယောက် ကျွန်တော်တို့ ရှိနေရာသို့ ပြေးတက်လာသည်။ ဘောင်းဘီသို့ လုံးဝ မကြည့်၊ တာဝေးအပြေးသမားတစ်ယောက် အပြေးပြိုင်လာရာ ပန်းတိုင်သို့ ဝင်ခါနီးတွင် ပန်းတိုင်တစ်ခုတည်းကိုသာ အာရုံစိုက်ထားသည့် ပုံစံမျိုးနှင့် အတူတူ ဖြစ်သည်။

သူကြီးရှေ့မှာ သူရပ်သည်။ အပန်းတကြီး ပြေးလာရသောကြောင့် သူ့ရင်အစုံမှာ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ ပြီးတော့ ကချင်ဘာသာဖြင့် ခပ်သွက်သွက် ပြောပြသွားသည်။

ကချင်လူငယ်သည် သူပြောလိုရာ ပြောပြီးသောအခါ နောက်ကြောင်းသို့ ပြန်လှည့်ပြေးထွက်သွားသည်။ ပြီးတော့ အိမ်များနောက်ကွယ်မှာ ပျောက်သွားသည်။ သူကြီးက ကျွန်တော့်ဘက်သို့ လှည့်လာသည်။ သူ့မျက်နှာပေါ်မှာ စိတ်မချမ်းသာသည့် အမူအရာ ပေါ်နေသည်။

"ဗိုလ်ကြီးလူတွေ ရွှေလီမြစ်ကို ဖြတ်ကူးဖို့ ကြိုးစားရင်း အတိုက်ခံကြရတယ်"

သည်စကားကို သူပြောလိုပုံမရ။ သို့သော်လည်း မပြောမဖြစ်သောကြောင့် ပြောရသည့် အမူအရာမှာ ပေါ်လွင်နေသည်။

"ဗိုလ်ကြီးတို့ဘက်က အကျအဆုံးများတယ်။ အရာရှိတစ်ယောက်လည်း ကျတယ်လို့ ပြောတယ်။ ဒါကြောင့် ရွှေလီမြစ်ကို သူတို့ မဖြတ်ကျော်နိုင်တော့ဘဲ တောင်ဘက်ကို ပြန်လှည့်လာကြတယ်တဲ့ ဂျပန်တွေကလည်း သူတို့တပ်တွေနဲ့ တိုက်ကင်းတွေအားလုံးကို တပ်လှန့်ထားတယ်။ တောထဲ တောင်ထဲမှာရှိသမျှ ဗြိတိသျှတပ်တွေကို ဧရာဝတီမြစ်ဝှမ်း လွင်ပြင်ထဲကို မောင်းထုတ်ပစ်ရမယ်တဲ့၊ လွင်ပြင်ထဲရောက်တော့ အပြီးချေမှုန်းမယ်တဲ့၊ အင်အားကောင်းတဲ့ ဂျပန်တပ်တစ်တပ်လည်း ကျုပ်တို့ ရွာကို ဦးတည်ပြီး





ချီတက်လာနေပြီ။ ဒီရွာမှာ အခြေစိုက်စခန်းချပြီး ပတ်လည်ကို တိုက်ကင်းတွေ လွှတ်မယ်တဲ့"

သူကြီး၏ အမူအရာသည် အလွန်တရာ စိတ်ထိခိုက်နေပုံမျိုး ဖြစ်သည်။ ထိုအမူအရာကို မြင်တော့ သူ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိပါသည်။

ဂျပန်များ လိုက်တိုက်သဖြင့် ရွှေလီမြစ်ကို မကူးဖြတ်နိုင်ဘဲ တောင်ဘက်သို့ ပြန်လှည့်လာရသည်ဆိုသော ဗြိတိသျှတပ်သည် ကျွန်တော်၏ အမှတ် (၁) စစ်ကြောင်းမှတစ်ပါး အခြားတပ် မဖြစ်နိုင်ပြီ။

"ဗိုလ်ကြီး ဒီအတိုင်းဆိုရင် ဘာလုပ်ကြမလဲ"

သူကြီးက လေသံကလေးဖြင့် မေးလာသည်။ ကျွန်တော်ကမူ ရွှေလီမြစ်ကို မည်သို့ ဖြတ်မည်နည်းဟုသာ စဉ်းစားနေမိသည်။ ရွှေလီမြစ်သည် ဖြတ်ကျော်နိုင်သည့် မြစ် ဖြစ်ရပေမည်။ ဗြိတိသျှတပ်များ ဖြတ်ကျော်ဖို့ကြိုးစားသည်ကို ကြည့်ခြင်းအားဖြင့် ဖြတ်ကျော်၍ ရနိုင်ကြောင်း ထင်ရှားသွားပြီ။

"သူကြီး . . . မြန်မာပြည်ကို ဖြတ်ပြီးပြန်ဖို့ တစ်လမ်းသာရှိတယ်လို့ သူကြီးပြောခဲ့တာမှန်ကြောင်း ကျွန်တော် သဘောပေါက်သွားပြီ။ ကျွန်တော် အဲဒီအတိုင်းလုပ်တော့မယ်။ အမြန်ဆုံး ဒီရွာက ထွက်တော့မယ်၊ ဂျပန်တွေ ရောက်မလာခင်သွားမှ ကျွန်တော့်ကို ဒီမှာ ဖမ်းမိသွားရင် သူကြီးတို့ တစ်ရွာလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်"

သည်ရွာမှ အမြန်ဆုံး ထွက်ခွာသွားရေးကိုသာ ကျွန်တော် အပြင်းအထန် စဉ်းစားနေမိသည်။ နေမဝင်မီမှာတော့ ဂျပန်များ ရောက်လာဦးမည်မထင်။ ကျွန်တော် အချိန်ကောင်းစွာ ရနေသေးသည်။ ရွှေလီမြစ်ကို ဖြတ်ကူးရန် ကြိုးစားရင်း ဂျပန်အတိုက်ခံရသည့်တပ်မှာ ကျွန်တော်၏ အမှတ်(၁) စစ်ကြောင်းသာ ဖြစ်ရမည်။ ဘယ်လောက်များများ ကျန်နေသေးသည် မသိ။

သူတို့နှင့် ပြန်လည်ပူးပေါင်းပြီး ကျွန်တော် ချီတက်နိုင်သည်။ ယခုတစ်ကြိမ်တွင်တော့ ကျွန်တော့်ကို သူတို့ စွန့်ပစ်ခဲ့ကြလိမ့်မည်မဟုတ်။ သူတို့နှင့်အတူ အနောက်စူးစူးသို့ ချီတက်ပြီး အိန္ဒိယပြည်သို့ ပြန်ရတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။ ရေဝတီမြစ်၊ မူးမြစ်၊ ချင်းတွင်းမြစ်၊ ထူထပ်သည့်တော၊ ပိုးမွှားမျိုးစုံ၊ တရစပ်တိုက်နေသည့် ရန်သူများ. . . ဒါတွေကို ရင်ဆိုင်ဖြေရှင်းပြီး ခရီးကြမ်းနှင်ရဦးတော့မည်။

"ချင်းတွင်းမြစ် တစ်ဖက်ကမ်းရောက်ရင် ကျွန်တော်တို့ လုံခြုံသွားပြီ၊ ချင်းတွင်းမြစ်ကို ဖြတ်နိုင်ဖို့ပဲ လိုတယ်၊ ကျွန်တော်တို့ လုပ်ရမယ့် အလုပ် ဒီတစ်ခုပဲ ရှိတယ်၊ ချင်းတွင်းမြစ်ကို မရောက်ရောက်အောင် သွားရမယ်" ကျွန်တော့်အသံ အတော်ကလေး ကျယ်လောင်သွားသည်။

"ဒါပေမယ့် ဗိုလ်ကြီး၊ ခင်ဗျားခြေထောက်ကို ကြည့်ဦး၊ အထိုက်အလျောက် ပြန်ကောင်းလာတာတော့မှန်တယ်၊ ဒါပေမယ့် ကောင်းကောင်း လျှောက်နိုင်သေးတာမဟုတ်ဘူး၊ ဒီမှာပဲ နေလိုက်ပါလား၊ ဗိုလ်ကြီးမဲ့တစ်ပေါက်မစွန်းအောင် ကျွန်တော်တို့ စောင့်ရှောက်ပါ့မယ်၊ လုံခြုံအောင် ဝှက်ထားပေးမယ်၊ ဂျပန်တွေ ဒီရွာမှာ တစ်သက်လုံး နေစမ်းပါစေ၊ ဗိုလ်ကြီးကို မတွေ့စေရဘူး၊ ဒီရွာမှာပဲ ကျွန်တော်တို့နဲ့ နေပါ၊ ကျွန်တော်တို့ရွာသားအဖြစ်နဲ့ပဲ နေသွားပါ"

သူကြီးက တွင်တွင်သာ တားနေသည်။ စိတ်ထိခိုက်နေသည့် လေသံမျိုး ဖြစ်သည်။ မျက်နှာပေါ်မှာလည်း ဝမ်းနည်းသည့် အရိပ်ယောင်များ သိသာထင်ရှားစွာ ပေါ်နေသည်။

ကျွန်တော့်စိတ်များ အလွန် လှုပ်ရှားလာသည်။ သည်ရွာကလေး၏ လုံခြုံမှု၊ အေးချမ်းမှု၊ ရွာသူရွာသားများ၏ ချစ်ခင်ရင်းနှီးမှု၊ ကူညီစောင့်ရှောက်မှုများသည် ကျွန်တော့်တစ်သက်တွင် နောက်ထပ် မရနိုင်တော့မည့် အတွေ့အကြုံများ ဖြစ်သည်။ သို့သော်လည်း ကျွန်တော် သည်မှာနေ၍မဖြစ်။ ကျွန်တော့်မှာ တာဝန်တွေ ရှိသေးသည်။ မိမိတပ်နှင့် ပြန်လည် ပူးပေါင်းရမည်။ ပြီးတော့ မြန်မာပြည်တွင်းမှ ရန်သူများကို မဖြစ်မနေ အပြီးတိုင် မောင်းနှင်ထုတ်ရဦးမည်။ ထိုတာဝန်များကို ထမ်းဆောင်နိုင်ဖို့ အတွက် မြန်မာပြည်တွင်းမှ မဖြစ်မနေ ထွက်ခွာသွားရမည်။

"ကျေးဇူးတင်ပါတယ် သူကြီးရယ်၊ ဒါပေမယ့် ကျွန်တော် မသွားလို့ မဖြစ်တော့ဘူး၊ ကျွန်တော့်အပေါ် တင်ထားတဲ့ သူကြီးရဲ့ ကျေးဇူးတွေဟာ ဆယ်သက်ဆပ်လို့ မကုန်နိုင်တော့ပါဘူး၊ ဒါလောက် ကြီးမားတဲ့ ကျေးဇူးတွေကို ပေါ်လွင်အောင် စကားနဲ့လည်း ပြောမပြနိုင်တော့ပါဘူး"





"ဒါလောက် ကူညီရတာဟာ ကျုပ်တို့အတွက် မပြောပလောက်ပါဘူးဗျာ"

သူက အေးချမ်းညင်သာစွာ ပြန်ပြောသည်။ ကျွန်တော်က ကျွန်တော့်မှာ ရှိနေသေးသည့် ငွေဒင်္ဂါးများကို ထုတ်ပေးသည်။ သူကြီးက ခေါင်းခါပြီး ငြင်းသည်။

"ငွေမလိုချင်ပါဘူး ဗိုလ်ကြီး၊ မပေးပါနဲ့၊ တစ်နေ့နေ့မှာ ကျုပ်တို့ဆီ တစ်ခေါက်လောက် အရောက် ပြန်လာမယ်ဆိုရင်ပဲ ကျေနပ်ပါပြီ"

"စိတ်ချပါ သူကြီး၊ မဖြစ်မနေ ကျွန်တော် ပြန်လာပါ့မယ်" ဟု ကျွန်တော် ပြန်ဖြေမိသည်။ ထိုစကားကို ကျွန်တော် စိတ်ပါလက်ပါ ပြောခြင်း ဖြစ်သည်။ အသည်းနှလုံးထဲမှ ပြောခြင်း ဖြစ်သည်။ တကယ်လည်း မရောက် ရောက်အောင် ပြန်လာဖို့ ကျွန်တော် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ခရီးထွက်ဖို့ ချက်ချင်း ပြင်ဆင်သည်။ ယူနီဖောင်း ပြန်ဝတ်ရပြန်ပြီ။ ခါးမှာ ခြောက်လုံးပြူး ချိတ်ရပြန်ပြီ။ သူကြီးက ကချင်အမျိုးသားလမ်းပြကလေးတစ်ယောက်ကို စီစဉ်ပေးသည်။ လိုအပ်သည့် ရိက္ခာများလည်း ထည့်ပေးလိုက်သည်။ သူကြီး၏ တူတစ်ယောက် လုပ်ထားသည့် တောင်ဝှေးတစ်ချောင်းလည်း အသင့်ရှိနေပြီ။ ချိုင်းထောက်မပါဘဲ တောင်ဝှေးအားကိုးဖြင့် ကျွန်တော် လမ်းလျှောက်နိုင်နေပြီ။

သူကြီး၊ လမ်းပြနှင့် ကျွန်တော်တို့သုံးယောက် ရွာထဲမှဖြတ်ပြီး ရွာထိပ်သို့ လျှောက်လာခဲ့ကြသည်။ တစ်ရွာလုံးရှိ ကလေးလူကြီး၊ မိန်းမယောကျာ်းများအားလုံး ကျွန်တော့်ကို ထွက်နှုတ်ဆက်ကြသည်။ ယုတ်စွအဆုံး ခွေးများကပင်လျှင် အမြီးတနန့်နန့်ဖြင့် ကျွန်တော်တို့ နောက်မှ လိုက်လာကြသည်။

ရွာသူရွာသားများ အော်ဟစ်ပြောဆိုနေကြသည့် စကားအဓိပ္ပာယ်ကို ကျွန်တော် နားမလည်ပါ။ သို့သော်လည်း ကျွန်တော် သွားမည့်ခရီးလမ်းတွင် ဘေးအန္တရာယ် မတွေ့ဖို့၊ လိုရာခရီးသို့ ချောချောမောမော ရောက်ဖို့၊ တစ်ချိန်ချိန်တွင် သူတို့ ရွာကလေးသို့ ပြန်လာဖို့ ပြောနေကြခြင်း ဖြစ်ကြောင်း ရိပ်စားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာဝင်တံခါးမကြီးသို့ ရောက်လာသည်။ ကျွန်တော်တို့ သုံးယောက် ရပ်လိုက်ကြသည်။ သူကြီးက စိတ်မကောင်းသော အမူအရာဖြင့် ကျွန်တော့်ကို ကြည့်နေသည်။

"ခြေထောက်ကိုတော့ ဂရုစိုက်ဗိုလ်ကြီး၊ နောက်လေးငါးဆယ်ရက် ဆိုရင် တောင်ဝှေးမကူဘဲ လျှောက်လို့ ရနိုင်ပါပြီ"

"သွားတော့မယ် သူကြီး . . . ကျေးဇူးတင် မဆုံးကြောင်း ထပ်ပြော ပါရစေ"

သူကြီး၏ လက်ကို ကျွန်တော် တင်းတင်းကြီး ဖျစ်လိုက်သည်။ သူကြီးကလည်း တင်းတင်းကြီး ပြန်ဖျစ်သည်။ တကယ်ခွဲရမည်ဆိုတော့လည်း ကျွန်တော့်ရင်ထဲမှာ ဗလောင်ဆူနေသည်။ ပါးစပ်မှ တကယ် ထွက်သွားသည့် စကားများထက်ပို၍ အဓိပ္ပာယ်လေးနက်သည့် စကားကို ပြောချင်နေသည်။ သို့သော် တစ်လုံးမှ ပြောမထွက်ပါ။

"သွားတော့ ဗိုလ်ကြီး၊ ခရီးအရှည်ကြီး ဆက်ရဦးမယ်၊ ဗိုလ်ကြီး ရဲဘော်တွေနဲ့ မတွေ့ရင် ဒီကို ပြန်လာခဲ့ပါ။ ကျွန်တော်တို့ ကောင်းကောင်း စောင့်ရှောက်ထားပါ့မယ်၊ မပူပါနဲ့"

ရွာပြင်သို့ လမ်းပြနှင့်အတူ ထွက်ခဲ့သည်။ မလှမ်းမကမ်း တောတန်း ကလေး အကွေ့သို့ ရောက်သောအခါ နောက်ပြန်လှည့်ကြည့်မိသည်။ သူကြီးသည် သူ့အိမ်လသာဆောင်ပေါ်သို့ ပြန်ရောက်ပြီး ကျွန်တော့်ကို မတ်တတ်ရပ်ကြည့်နေသည်။ ကျွန်တော် ပြန်လှည့်ကြည့်သည်ကို တွေ့ သောအခါ သူ့ညာဘက် လက်တစ်ဖက် မြှောက်တက်သွားပြီး အလေးပြု လိုက်သည်။ သူသည် ဂေါ်ရခါးရိုင်ဖယ်တပ်မှ တပ်ကြပ်ဘဝသို့ ပြန်ရောက် သွားဟန်တူလေသည်။

တောတန်းကွေ့ကလေးကို ကျော်လိုက်မိသည်နှင့် ရက်သတ္တ နှစ်ပတ်လုံးကို ကျွန်တော် ငြိမ်းချမ်းလုံခြုံစွာ နေထိုင်ခွင့်ရခဲ့သည့် ရွာ ကလေးသည် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

လမ်းပြ ကချင်အမျိုးသားကလေးကို ယခုမှ ကျွန်တော် သတိရ တော့သည်။ သူ့ဘက်ကို လှည့်ကြည့်လိုက်သည်။ သည်ဒေသတွင် တွေ့ ရတတ်သည့် တိုင်းရင်းသားများအတိုင်း ဖြစ်သည်။ ကျန်းမာသန်စွမ်း





သည်။ သွက်လက်ဖျတ်လတ်သည်။ ဖော်ရွေပျူငှာသည်။ သစ္စာရှိသည်။ အနစ်နာခံသည်။ ဒါတွေအားလုံး သူ့မှာ ရှိနေသည်ကို သတိပြုမိသည်။

ရွာကို ကျော်ခိုင်းစတွင် လမ်းပြက ခပ်သွက်သွက် လျှောက်နေ သည်။ ရန်သူများ ရွာအဝင်နှင့်လွတ်အောင် ဖြစ်သည်။ ရွာတွင်းသို့ ရန် သူများ ရောက်လာလျှင် ရွာနှင့် ခရီးအတော်ဝေးဝေးသို့ ကျွန်တော်တို့ ရောက်နှင့်နေစေရန် ဖြစ်သည်။

လူအများ ရှုတ်တရက် မမြင်သာသည့် တောလမ်းမှ သူခေါ်လာ သည်။ ခြေထောက်ဒဏ်ရာမှာ နာကျင်သည် ဆိုရုံကလေးသာ ခံစားရ တော့သည်။ ခရီးဆက်နေခြင်းကို လုံးဝ အဟန့်အတားမပြု။

ရွာနှင့် အတော်ကလေး လှမ်းလာတော့ လမ်းပြကလေးက မကြာ ခဏ နားခိုင်းသည်။ သူနားခိုင်းလျှင် နားလိုက်၊ သူလျှောက်ခိုင်းလျှင် လျှောက်လိုက်ဖြင့် ခရီးဆက်ကြသည်။ ပတ်လည်မှာတော့ စိမ်းလန်းနေ သည့်တော။ ဘယ်ကိုကြည့်ကြည့် တော။ တစ်တောကို ကျော်သွားပြန် တော့ နောက်တစ်တော။

မိုးမိတ်ကားလမ်းအနီးသို့ ရောက်လာကြသည်။ အာသာနှင့် ကားလ်ဗဟာဒူးတို့ ကျွန်တော့်ကို ဝှက်ထားခဲ့သည့် နေရာကလေးကို တွေ့ သည်။ ချုံပုတ်အောက်သို့ ဝင်ပြီး ကျွန်တော်ထားခဲ့သည့် ပစ္စည်းများကို ယူသည်။ လမ်းပြကလေးက ချုံပုတ်အောက်မှ ကျွန်တော်၏ တော်မီဂန်း သေနတ်ကို ဝမ်းသာအားရ ကောက်လွယ်သည်။ ပြီးတော့ သတိဝီရိယ ကြီးစွာဖြင့် လမ်းတစ်ဖက်ခြမ်းသို့ ကူးခဲ့ကြသည်။ လမ်းတစ်ဖက်မှ ဆင် ခြေလျှော ဖြစ်နေသော တောအတွင်းမှာ လျှောက်ကြသည်။

တောတွင်းတစ်နေရာမှာပင် ထိုည ကျွန်တော်တို့ အိပ်ကြသည်။ နှစ်နှစ်ခြိုက်ခြိုက်ကြီး ကျွန်တော် အိပ်ပျော်ခဲ့ပါသည်။ ကချင်လမ်းပြ ကလေးသည် ကျွန်တော့်ကို လမ်းပြပေးရုံသာ မဟုတ်၊ ကျွန်တော် ကြုံတွေ့ ရမည့် ဘေးအန္တရာယ်များမှ လွတ်ကင်းအောင်ပါ အကာအကွယ်ပေးနေ သူ ဖြစ်ချေသည်။

နောက်တစ်နေ့ မနက် အရုဏ်မတက်မီအချိန်မှာပင် ကျွန်တော် တို့ ခရီးဆက်ကြပြန်သည်။ အနောက်မြောက်သို့ ဦးတည်ပြီး လျှောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နေမွန်းတည့်တော့ တောနက်နက်ကြီး အလယ်မှာ ကျွန်တော်တို့ ရောက်နေကြပြီ။ ထိုနေရာမှာ စခန်းချသည်။ လမ်းပြကလေးက ဝါးခြောက်များကို စုကောက်ပြီး မီးဖိုကာ ထမင်းဟင်းချက်သည်။

ပတ်လည်မှာ ရှိနေနိုင်သည့် ဂျပန်များသည် မီးဖိုကိုမြင်ပြီး လိုက်လာမည့်အရေးကို ကျွန်တော် တွေးတောစိုးရိမ်ခြင်း လုံးဝ မဖြစ်ပါ။ လမ်းပြကလေးကို အကြွင်းမဲ့ ကျွန်တော် ယုံကြည်ပြီး ဖြစ်သည်။ ထို့ကြောင့်လည်း သူ့ဘေးမှာ စိတ်ချလက်ချထိုင်ပြီး တော်မီဂန်းသေနတ်ကို စစ်ဆေးခြင်း၊ တိုက်ချွတ်ခြင်း၊ ဆီထည့်ခြင်းများ ပြုလုပ်သည်။ သေနတ်ကိုင်ပုံကိုင်နည်း၊ ပစ်ပုံပစ်နည်း၊ ပြင်ပုံပြင်နည်းများ သူ့ကို သင်ပေးသည်။ သူ အလွန် သဘောကျနေသည်။

"မင်းကို အဲဒီသေနတ်ပေးခဲ့မယ်၊ မင်း ကိုင်ပေတော့"

ဟု ပြောပြီး သူ့ကို ပေးလိုက်သောအခါတွင် သူဝမ်းသာလုံးဆို့နေလေတော့သည်။

စားသောက်ပြီးတော့ ကျွန်တော်တို့နှစ်ယောက် တစ်ရေးတမော အိပ်ကြသည်။ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည် မသိလိုက်။ သူလှုပ်နှိုးလိုက်တော့မှပင် နိုးတော့သည်။ ခရီးဆက်ကြပြန်သည်။ ခရီးလမ်းက ကြမ်းလှသည်။ လထွက်လာသည်အထိ ဆက်လျှောက်ကြသည်။ အမှောင်ထုထဲတွင် ကျွန်တော် ဘာမှ မမြင်ရပါ။ သူ့နောက်နားမှ မှန်းဆပြီးသာ လိုက်နေရသည်။ ဒဏ်ရာကလည်း အတော်ကလေး ပြန်နာနေသည်။ ဝါးကိုင်းများက မျက်နှာနှင့်ကိုယ်လုံးတို့ကို ရိုက်ထားသဖြင့် စပ်ဖျဉ်းဖျဉ်း ဖြစ်နေသည်။

ခဏကြာတော့ တောင်ခြေတစ်ခုသို့ ရောက်နေပြီဟု ခန့်မှန်းရသည်။ တစ်ဖက်တွင် တောင်ကြားလွင်ပြင်သဏ္ဍာန် ရှိနေလိမ့်မည်ထင်သည်။ လေကလည်း အနည်းငယ် ပူလာသည်။ ထိုနေရာရောက်တော့ လမ်းပြကချင်ကလေးက ကျွန်တော့်ကို လေသံဖြင့် တစ်စုံတစ်ရာ လှမ်းပြောသည်။ သူ့အနားသို့ ကျွန်တော် တိုးကပ်သွားသည်။

"နားထောင်ကြည့်စမ်း ဗိုလ်ကြီး"

သူက ကျွန်တော့်နားနားသို့ ကပ်ပြောသည်။ သူပြောသည့်အတိုင်း





အာရုံစိုက်ပြီး နားထောင်ကြည့်ပါသည်။ ဘာသံမှ မကြားရပါ။ အတိတ်ဆိတ်တကာ့ အတိတ်ဆိတ်ဆုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

"ဘာသံမှ မကြားရဘူး"

ကျွန်တော်ကလည်း လေသံကလေးဖြင့်ပင် ပြန်ပြောသည်။

"ဘာသံမှ မကြားရတာကိုဘဲ ကျွန်တော် နားထောင်ခိုင်းတာ ဗိုလ်ကြီး၊ ဒီလို အချိန်မျိုးမှာ အခုလို တစ်တောလုံး ငြိမ်နေတယ်ဆိုတာ တစ်ကောင်ကောင်ကို သတ်တော့မယ်ဆိုတဲ့ သဘောပဲ"

လေသံနှင့် ပြန်ပြောသံကို ကြားရသောအခါ ကျွန်တော် ကျောစိမ့်သွားသည်။ မည်သို့သော ဘေးအန္တရာယ်ကို ကြုံတွေ့ရမည် မသိနိုင်ဘဲ သူ့ဘေးမှာ ကျွန်တော် ထိုင်ချလိုက်သည်။ လထွက်လာပြီ ဖြစ်သော်လည်း လကိုမူ မမြင်ရသေးပါ။ သူ ငေးကြည့်နေသည့်ဘက်သို့ ကျွန်တော်ကလည်း လိုက်ကြည့်သည်။ သို့သော် မည်းမှောင်နေသည့်တောမှတစ်ပါး ဘာမှ မမြင်တွေ့ရပါ။ တစ်မိနစ်ပြီး တစ်မိနစ် အချိန်တွေ ကုန်သွားသည်။ တစ်တောလုံး တစ်တောင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အပ်ကျသံကိုပင် ကြားရလောက်သည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ကြောက်စိတ်များ လွှမ်းလာသည်။ ဘာကို ကြောက်မှန်းလည်း မသိ။

ခပ်လှမ်းလှမ်းဆီမှ ကျားဟိန်းသံ ပေါ်လာသည်။

ကျွန်တော့် ကျောရိုးများ စိမ့်ခနဲ ဖြစ်သွားသည်။ နောက်ထပ် ဟိန်းသံတစ်ခု ပေါ်လာပြန်သည်။ ခဏနေတော့ ပထမဟိန်းသံကို ပြန်ထူးသည့် သဘောဖြင့် တော၏ တစ်ဖက်ခြမ်းမှ ဟိန်းသံတစ်ခုကို ကြားရသည်။

"ကျား"

လမ်းပြကလေးက ပြောသည်။ ကြောက်ရွံ့သည် လေသံ တစ်စက်ကလေးမျှ မပါ။ ဘာမဆို သူသိသည်၊ ကျွမ်းသည်ဟူသည့် သဘောမျိုးသာ ပါသည်။

"ကျားတွေ တောလိုက်တဲ့ အကြောင်း ကြားဖူးသလား ဗိုလ်ကြီး"

သူက မေးသည်။ သစ်ပင်ထိပ်များသို့ ကျော်တက်လာစပြုပြီးဖြစ်သည့် လရောင်တွင် အရောင်လက်သွားသော သူ့သွားများကို မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ကျွန်တော့်ကို သူ ပြုံးပြနေခြင်း ဖြစ်သည်။ ကျွန်တော်က လုံးဝ မကြားဖူးဘူးကြောင်း ပြန်ဖြေလိုက်သည်။

"ဒါဆိုရင် ဗိုလ်ကြီးကို ကျွန်တော် ပြောပြမယ်"

ချုံပုတ်အတွင်းသို့ သူ ဝင်လာသည်။ ပြီးတော့ ကျွန်တော့်ဘေးမှာ အကျအန ထိုင်သည်။ ပတ်ဝန်းကျင်တွင် ဘာတွေဖြစ်နေသည်ကို အရေး မစိုက်တော့ဘဲ ဂေါ်ရခါး ဘာသာဖြင့် ကျွန်တော့်ကို ရှင်းပြတော့သည်။

"ကျားတွေ တောလိုက်တဲ့ အကြောင်းဟာ သိပ်စိတ်ဝင်စားဖို့ ကောင်းတယ် ဗိုလ်ကြီး။ သူတို့ချင်း ရှစ်ကောင်၊ ကိုးကောင်၊ ဆယ်ကောင် လောက်စုကြတယ်။ ပထမဆုံး ကျားတစ်ကောင်က သားကောင်ရှိမယ့် နေရာကို ကင်းထောက်ထွက်တယ်။ အခု ကျွန်တော်တို့ အောက်မှာ ရှိနေတဲ့ တောမျိုးပေါ့။

ကျန်တဲ့ ကျားတွေက တောပတ်လည် သားကောင်ထွက်လာမယ့် နေရာတွေက စောင့်တယ်။ ကင်းထောက်ထွက်လာတဲ့ ကျားက သူလိုချင်တဲ့ သားကောင်ကို တွေ့ပြီဆိုရင် အသံပေးပြီး သူ့နောက်ကို လိုက်တယ်။ တောအပြင်ကို ထွက်ရင် ထွက်ပေါက်ကနေ အသင့်စောင့်နေတဲ့ ကျားက ဆီးဖမ်းတယ်၊ ဗိုလ်ကြီးတို့ စစ်တပ်မှာ ချုံခိုတိုက်တယ် ဆိုတာမျိုးပေါ့။ ထွက်ပေါက်မရှိမှန်းသိပြီး၊ ဒီတောအုပ်ထဲမှာပဲ စုန်ချည်ဆန်ချည်ပြေးနေရင် ချေမှုန်းရေးတာဝန်ယူထားတဲ့ ကျားနှစ်ကောင်၊ သုံးကောင်က တောအုပ်ထဲကို ဆင်းလာပြီး သားကောင်နောက်ကို လိုက်တယ်။

သူတို့ ဝိုင်းထားတဲ့တောထဲမှာ သားကောင်ဘယ်နှစ်ကောင်ရှိမလဲ ရှိသမျှအကောင် မလွတ်တော့ဘူး။ ထွက်ပေါက်တွေမှာ စောင့်နေတဲ့ ကျားတွေကလည်း ဟိန်းသံတွေပေးနေတယ်၊ ဒီတော့ ထွက်ပေါက်မရှိတော့ဘူးဆိုတာ သားကောင်က သိတယ်၊ ချေမှုန်းရေးကျားတွေကလည်း တောထဲကို ဆင်းလာပြီဆိုတော့ လည်စင်းခံရုံပဲ၊ ပြီးတော့မှ ရထားတဲ့ သားကောင်ကို သူတို့ စုစားကြတော့တယ်၊ အခု ကျွန်တော်ပြောပြနေတာ ဟုတ်၊ မဟုတ် ဗိုလ်ကြီး နားထောင်ကြည့်"

တစ်ဖက်တောင်စောင်းဆီမှ ကျားဟိန်းသံ ပေါ်ထွက်လာသည်။ အခြားတစ်ဖက်မှ ပြန်ဟိန်းသည်။ ကျွန်တော်တို့၏ အောက်နားလောက်





မှ အသံပြန်ပေးသည်။ တစ်တောလုံး ကျားဟိန်းသံတွေ ညံနေသည်။ ခဏကြာတော့ ကျွန်တော်တို့အောက်ရှိ တောင်ကြားထဲမှ တောထဲမှာ ကမ္ဘာပျက်သလို ဗရုန်းသုန်းကားသံများကို ကြားရသည်။ ချေမှုန်းရေး တာဝန်ယူထားသည့် ကျားများက သားကောင်များကို အပြင်းအထန် ဝင်ရောက်ချေမှုန်းနေဟန်တူသည်။

"ကျွန်တော်တို့ အိပ်လိုက်ကြရင် ကောင်းမယ်ထင်တယ် ဗိုလ်ကြီး"

သူ့အကြံပေးချက်ကို ကျွန်တော် သဘောတူလိုက်သည်။ အောက်က တောကို ကျွန်တော်တို့ ဖြတ်မည်ဆိုလျှင်လည်း ကျားများက ကျွန်တော်တို့ကို စိတ်ဝင်စားကြတော့မည် မဟုတ်ပါချေ။ သူတို့မှာ အစာရေစာကို လုံလောက်စွာရထားပြီ။ ထို့ကြောင့် ကျွန်တော်တို့မှာ အန္တရာယ် မရှိနိုင်။ သို့သော်လည်း သည်နေ့ညအဖို့တော့ ခရီးမဆက်ချင်တော့ပြီ။

စိတ်ချလက်ချ အိပ်လိုက်ကြသည်။

နောက်နေ့မနက် နေထွက်လာတော့ မြူတွေဆိုင်းနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့နှစ်ယောက်လည်း ခရီးဆက်ကြပြန်သည်။ တောင်အောက်ဆီသို့ သူက ဦးဆောင်ခေါ်သွားသည့်လမ်းမှာ အချွန်အတက်တွေ များလှသည်။ စလုံးစခုနိုင်လှသည်။

တဖြည်းဖြည်းနှင့် တောကပါးလာသည်။ သစ်ပင်များ ကျဲလာသည်။ အတော်ကလေးသွားမိတော့ သဲမြေများဖုံးသည့်မြေပြန့်ဆီသို့ ရောက်လာသည်။ မြေပြန့် ဆိုသော်လည်း အလွန်ထူထဲသော ဆင်ငိုမြက် တောကြီး ပေါက်နေသည့် မြေပြန့် ဖြစ်သည်။ ထိုနေရာမှာ ခဏနားကြသည်။ ပြီးတော့ ရှေ့ဆက်ချီတက်မည့် အစီအစဉ်ကို တိုင်ပင်ကြသည်။

ရွာထဲမှ သူကြားခဲ့ရသည့် သတင်းများအရ ရွှေလီမြစ်ကို ဖြတ်ကူးရန် ကြိုးစားရင်း ဂျပန်အတိုက်ခံရသည့် ဗြိတိသျှတပ်သည် ယခု ကျွန်တော်တို့ ရောက်နေသည့်လမ်းမှ ချီတက်သွားသည်မှာ သေချာကြောင်း သူက ပြောပြသည်။

ကျွန်တော့်စစ်ကြောင်းကို အမီလိုက်နိုင်ဖို့အတွက် အခက်အခဲ နှစ်ခုရှိနေသည်။ ပထမအချက်မှာ စစ်ကြောင်းနောက်သို့ ကျွန်တော် လိုက်နေသလို ရန်သူကလည်း မျက်ခြည်ပြတ်မခံဘဲ လိုက်နေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရန်သူ့လက်တွင်းသို့ ကျွန်တော် ကျရောက်သွားနိုင်သည်။

ဒုတိယအချက်မှာ စစ်ကြောင်းကို ကျွန်တော် မီနိုင်ဖို့ ဖြတ်လမ်းမှ လိုက်ရမည်။ ဖြတ်လမ်းဆိုသည်မှာ ယခု ရှေ့မှာရှိနေသည့် ဆင်ငိုမြက်တောကြီးကို ဖြတ်ကျော်လိုက်ရန် ဖြစ်သည်။ ထိုနည်းလမ်းမှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ။ သည်မြက်တောကြီးကို တိုးနိုင်သည့်အင်အား ကျွန်တော့်တွင် လုံးဝ မရှိတော့ပါ။

လူအင်အား (၂၅၀)ဖြင့် သည်လို အခက်အခဲများကို စုပေါင်းဖြေရှင်းခဲ့ကြဖူးလေသည်။ နောက်ဆုံး မအောင်မြင်တော့သောကြောင့် ကျွန်တော်တို့ လက်လျှော့ခဲ့ရဖူးပြီ။ ယခု ကျွန်တော် တစ်ယောက်တည်း ကျော်ဖြတ်ရမည်ဆိုလျှင် စဉ်းစားဖို့ပင် မကောင်းတော့ချေ။

ထို့ကြောင့် ရိုးရိုးလမ်းမှ လိုက်ရုံမှတစ်ပါး အခြားနည်းလမ်းမရှိပြီ။

ညနေစောင်းတော့ မြောက်ဘက်သို့ ဦးတည်ပြီး ကျွန်တော်တို့ လျှောက်ကြသည်။ တစ်ဖက်မှာ ဆင်ငိုမြက်တောကြီး၊ တစ်ဖက်မှာက နက်ရှိုင်းသည့်တော။

နားကိုလည်း အနားမပေးနိုင်၊ မျက်လုံးကိုလည်း အအားမပေးနိုင်။ ချီတက်သွားသည့် စစ်ကြောင်း၏အသံကို နားထောင်ရသည်။ သူတို့၏ ခြေရာကို မြေပြင်ပေါ်မှာ ရှာရသည်။ သည်လိုဖြင့် ညမှောင်လာတော့ ချုံထဲမှာ ဝင်အိပ်လိုက်ကြပြန်သည်။

နောက်တစ်နေ့မှာတော့ ခပ်စောစောပင် ကျွန်တော်တို့ ခရီးဆက်ခဲ့သည်။ တုံ့ဆိုင်းဆိုင်းလုပ်နေ၍ မဖြစ်တော့၊ မြန်နိုင်သမျှ မြန်မြန်သွားဖို့လိုပြီ။ ခရီးများများတွင်ဖို့လိုပြီ။ သို့ကလို ခရီးကြမ်းနှင်သည့်အတွက် ဒဏ်ရာရထားသည့် ခြေထောက်က နာလာသည်။ နေကလည်း အညာတာကင်းမဲ့စွာ ပူပြင်းလောင်ကျွမ်းလှသည်။

နေ့ခင်းရောက်သောအခါ လမ်းပြကချင်ကလေးသည် ဝမ်းသာအားရအော်ပြီး ရှေ့သို့ ပြေးသွားသည်။ ပြီးတော့ မြေကြီးပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ကာ တစ်စုံတစ်ရာကို သေချာစွာ စစ်ဆေးကြည့်ရှုနေသည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာလည်း စိတ်အားထက်သန်မှုတွေနှင့် လွှမ်းခြုံသွားသည်။ သူတို့ ရှိရာနေရာသို့ အူယားဖားယား ပြေးသွားမိသည်။





မြက်တောကြီးထဲသို့ ဦးတည်ဝင်သွားသည့် ခြေရာများကို တွေ့ရသည်။ ခြေရာများကို ဖုံးကွယ်ထားခဲ့သည် မှန်သော်လည်း ကျွန်တော်တို့ ကောင်းစွာ မြင်တွေ့နေရသည်။ ဗြိတိသျှစစ်တပ်သုံး စစ်ဖိနပ်ခွာရာများ ဖြစ်သည်။ ကျွန်တော်တို့ စစ်ကြောင်း၏ ခြေရာများဖြစ်ကြောင်း သေချာသွားပါပြီ။ အနောက်စူးစူးသို့ ဦးတည်ချီတက်သွားခြင်း ဖြစ်သည်။

"သူတို့ပဲ . . . ဒါ. . . သူတို့ပဲ၊ ဒီတောကို တိုးပြီး သူတို့နောက် လိုက်ကြမယ်"

အရူးတစ်ယောက်လို ကျွန်တော် ထအော်လိုက်မိသည်။

သို့သော်လည်း လမ်းပြကလေးက ဒူးထောက်ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။ ခေါင်းကို ယမ်းခါနေသည်။ သူ့မျက်နှာပေါ်မှာ စိတ်မကောင်းသည့် အမူအရာများ အထင်းသား ပေါ်နေသည်။ ပြီးတော့ ခြေရာများကို ကျော်ခိုင်းပြီး မြောက်စူးစူးသို့ ဦးတည်ကာ ဆက်သွားနေတော့သည်။

"ဒီခြေရာတွေက ရက်သတ္တသုံးပတ်လောက် ကြာသွားပြီ ဗိုလ်ကြီး ကျွန်တော်တို့ ဆက်သာ လျှောက်ကြစို့"

ဟုလည်း လေသံ ခပ်ပျက်ပျက်ဖြင့် ပြောသည်။

လမ်းပြကလေးသည် လူဖြစ်ကတည်းက တောအင်မတန်ကျွမ်းကြောင်း၊ သည်လို ကိစ္စမျိုးတွင် အထူးသေချာကြောင်း ကျွန်တော်သိပါသည်။ သို့သော်လည်း သူ့အပြောကို ကျွန်တော် မယုံကြည်ချင်ပါ။ ခဏစောင့်ဖို့ပြောပြီး ခြေရာများကို ကျွန်တော် သေသေချာချာ ငုံ့ကြည့်သည်။

ခြေရာနှုတ်ခမ်းသားများ ပွဲ့ကျနေသည်။ အချို့နေရာများတွင် တောတိရစ္ဆာန် ခြေရာများလည်း ထပ်နေသည်ကို တွေ့ရသည်။ လမ်းပြကလေးပြောသည်မှာ မှန်ပါသည်။ ဝင်းဂိတ်၏ အခြားစစ်ကြောင်းတစ်ခု လွန်ခဲ့သည့် ရက်သတ္တသုံးပတ်လောက်က သည်နေရာမှ ဆုတ်ခွာသွားခြင်း ဖြစ်ပေလိမ့်မည်။ ယင်း ခြေရာများသည် ဗိုလ်မှူးမိုက်ကားလ်ဗတ်၏စစ်ကြောင်း အိန္ဒိယပြည်သို့ ချီတက်သွားသည့် ခြေရာများဖြစ်ကြောင်း နောင်ကျမှ သိရသည်။

လမ်းပြကလေးနောက်သို့ ကျွန်တော် လိုက်ခဲ့သည်။ မွန်းလွဲပိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေရှိန်ကလည်း ညှဉ်းပန်းနှိပ်စက်လှပြီ။ တစ်ဖက်မှာက ဆင်ငိုမြက်တောကြီး။ ကျန်တစ်ဖက်မှာက ရော်ရွက်ဝါတွေ တသောသော ကြွေကျနေသည့် သစ်တော။ ဆင်ငိုမြက်တောစပ်မှ သဲပြင်က တရှိန်ရှိန် ပူနေသည်။ သစ်တောအောက်ခြေမှ ရော်ရွက်ဝါများကလည်း တရှိန်ရှိန် ပူနေသည်။

ထိုအခိုက်မှာပင် ရုတ်တရက် ကျွန်တော်တို့ တွေ့လိုက်ရပြန်သည်။ ဟုတ်ပါသည်။ ကျွန်တော်တို့ရှေ့မှာ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။ ကချင်လမ်းပြကလေးဘေးမှာ ကျွန်တော် လေးဖက်ထောက်လိုက်သည်။ ဘာမှ သံသယဖြစ်စရာ မလိုပါ။ အလွန်တရာ သေချာလှပါသည်။ နွေးနွေးကလေးတောင် ရှိနေသေးသည်ဟု ထင်မှတ်ရသည်။ ဒါဇင်ပေါင်းများစွာသောလူများ ချီတက်သွားကြသည့် ခြေရာများ၊ တောအုပ်ဘက်မှထွက်ပြီး ဆင်ငိုမြက်တောကြီးအတွင်း တိုးဝင်သွားသည့် ဗြိတိသျှစစ်သားတို့၏ စစ်ဖိနပ်ရာများ။ ကျွန်တော် အမီလိုက်နေသည့် စစ်ကြောင်းသာ ဖြစ်ရမည်။ အာသာဘက်စ်နှင့် ကားလ်ဗဟာဒူးတို့ကို ပြန်လည်တွေ့ဆုံရတော့မည်။

"ဒီမှာ ကြည့်ဦး ဗိုလ်ကြီး"

လမ်းပြကလေးက ဆင်ငိုမြက်တောစပ်မှ ခြေရာကို ပြပြန်သည်။ ကျွန်တော် စဉ်းစားကြည့်သည်။ ထိုနေရာက မြေအနည်းငယ်ပျော့သည်။ စစ်ဖိနပ်ရာများမှာ လတ်လတ်ဆတ်ဆတ် ဖြစ်သည်။ နှုတ်ခမ်းသားများမှာ ရှင်းနေသည်။ ပုံပျက်နေသည်များ လုံးဝ မရှိ။

"ဒီနေ့မနက် စောစောလောက်ကမှ သွားကြတဲ့ ခြေရာတွေဆိုတာ သေချာပါတယ်" ဟု ကချင်လမ်းပြက ပြောသည်။

ခြေရာများကို ကျွန်တော်တို့ သေသေချာချာ ကြည့်ကြပြန်သည်။ ဂျပန်စစ်ဖိနပ်ရာကို လုံးဝ မတွေ့ရ။ ဝန်တင်လားခြေရာကိုလည်း မတွေ့ရ။ သို့ဆိုလျှင် သည်နေ့မနက် ခပ်စောစောက ဖြတ်ကျော်သွားသည့် ကျွန်တော်တို့ စစ်ကြောင်းသည် ဂျပန်များလက်မှ လွတ်မြောက်သွားကြောင်း သေချာသည်။ အနေးနှင့် အမြန်ဆိုသလို ကျွန်တော့်စစ်ကြောင်းနှင့် ပြန်လည် ပူးပေါင်းမိတော့မည်ဖြစ်ကြောင်း ကျွန်တော် စိတ်ချ လက်ချ ယုံကြည်သွားသည်။





သည်ခြေရာသည်အမှတ် (၁)စစ်ကြောင်း၏ ခြေရာဖြစ်ရမည်။ ဂျပန်တို့ အချိန်မီ ရောက်မလာမီ ဧရာဝတီမြစ်ကို ဖြတ်ကူးနိုင်ရန် သူတို့ အပြင်းချီတက်သွားပုံရသည်။ ဧရာဝတီမြစ်ကမ်းမှ တကောင်းရွာသို့သာ သွားရမည်။ တကောင်းရွာသူရွာသားများသည် ဗြိတိသျှတပ်ကို လိုလားသူများ၊ ဂျပန်ကို ဆန့်ကျင်သူများ ဖြစ်သည်။ ထို့ကြောင့်လည်း ဧရာဝတီမြစ်ကို ဖြတ်ကူးဖို့ လှေအလွယ်တကူ ရနိုင်မည်။

ထို့ကြောင့် သူတို့ကို မီအောင် ကျွန်တော် အလျှင်အမြန်လိုက်ရပေလိမ့်မည်။ ဧရာဝတီမြစ်ကို သူတို့ ဖြတ်မကူးမီ ကျွန်တော် မီဖို့လိုသည်။ မိုးရာသီ မကျရောက်သေးသဖြင့် မြစ်တွင်းမှာ သောင်တွေပေါ်နေသည်။ ကျွန်တော်တို့ အလွယ်တကူပင် ဖြတ်ကူးနိုင်မည် ဖြစ်သည်။

လမ်းပြကလေးဘက်သို့ ကျွန်တော် လှည့်လိုက်သည်။ သူနှင့်အတူ လာခဲ့ရသည့် ခရီးတစ်လျှောက်လုံးမှာ လိုလေသေးမရှိ ကျွန်တော့်ကို ကူညီခဲ့သည်။ သူ့ကျေးဇူးတရားကလည်း ကြီးမားလှပါသည်။

သူ့လက်ထဲသို့ ငွေဒင်္ဂါးများ ထည့်ပေးလိုက်သည်။ အလွန်တရာ ကျေးဇူးတင်လှကြောင်း ပြောပြရသည်။ ကျွန်တော့်ကို တစ်ယောက်တည်း ခွဲလွှတ်လိုက်ပြီး သူ မပြန်လိုကြောင်း ကျွန်တော်သိသည်။ ကျွန်တော်နှင့် အတူ ဆက်လိုက်ရန်ပြောလျှင် ကျွန်တော့်စစ်ကြောင်းနှင့် ပြန်လည် ပူးပေါင်းမိသည်အထိ သူ မညည်းမညူ လိုက်မည်ဖြစ်ကြောင်း အကြွင်းမဲ့ ယုံကြည်သည်။ သို့သော်လည်း ကျွန်တော့်အတွက် စွန့်စားရသည့် အလုပ်များကို မလုပ်စေချင်တော့ပါ။ မလုပ်သင့်တော့ဟုလည်း ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

"ငါ့ကို မင်း အကောင်းဆုံး ခေါင်းဆောင်ပြီး ခေါ်လာနိုင်ခဲ့ပါတယ် သူငယ်ချင်းရယ်၊ မကြာခင် ငါ့ရဲဘော်တွေနဲ့ ပြန်တွေ့ပြီး အားလုံး အဆင်ပြေသွားတော့မှာပါ၊ ကဲ သွားတော့မယ်နော်"

သူ့လက်ကို ကျွန်တော် တင်းတင်းဖျစ်လိုက်သည်။ ပြီးတော့ သူ့ကို ကျွန်တော် ကျောခိုင်းလိုက်သည်။ နောက် (၂၄)နာရီအတွင်းမှာပင် ကျွန်တော်သည် အာသာဘက်စ်တို့ ကားလ်ဗဟာဒူးတို့နှင့် အတူတူ ရှိနေချေတော့မည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

## လိုက်ပေဦးတော့

မိုးမိတ်မြို့အနီး တောတွင်းတစ်နေရာမှာ မီးသွေးဖုတ်သမားနှစ်ယောက်နှင့် တွေ့ပြီးသည့်နောက် ပထမဦးဆုံးအကြိမ် တောတွင်းမှာ တစ်ကိုယ်တည်း ပြန်ဖြစ်ရပြန်ပြီ။

ကျွန်တော့်စစ်ကြောင်းကို မမီလိုက်လျှင် ဘာလုပ်မည်နည်းဟု တွေးရပြီ။ ဧရာဝတီမြစ်သည် မိုးရာသီ မဟုတ်သောကြောင့် ရေမပြည့်သေး။ ကျွန်တော် တစ်ဦးတည်း မကျော်ဖြတ်နိုင်စရာ အကြောင်းမရှိ။ သို့သော်လည်း တစ်မိုင်မျှသာ အကွာအဝေးလောက်ကိုပင် ရေကူးသွားနိုင်သည့် အင်အား ကျွန်တော့်မှာ မရှိပါ။

သည်လိုဆိုလျှင် ညအချိန်တွင် ရွာအနီးသို့ ချဉ်းကပ်ပြီး လှေတစ်စီးလောက်ကို ခိုးယူရတော့မည်။ လှေကို ရေထဲထမ်းချပြီး တစ်ဖက်ကမ်းသို့ လှော်ခတ်သွားရမည်။ ထိုအကြောင်း စဉ်းစားကြည့်ရင်း မဖြစ်နိုင်သည့် အချက်ကို သွားတွေ့ပြန်သည်။ လှေတွေက အနည်းဆုံး(၁၆)ပေလောက် ရှည်သည်။ ထိုလှေမျိုးကို ရေထဲသို့ ထမ်းချနိုင်သည့် အင်အား သို့မဟုတ် ဆွဲချနိုင်သည့် အင်အားလည်း ကျွန်တော့်တွင် မရှိပါ။

နောင်ခါလာ နောင်ခါစေ့းဟု သဘောထားလိုက်တော့သည်။ ကျွန်တော့်ရှေ့မှ ဆုတ်ခွာသွားနေသော စစ်ကြောင်းကြီးကိုမီရန် အာရုံတစ်ခုသာ လက်ခံထားလိုက်တော့သည်။ ထို အာရုံတစ်ခုဖြင့်ပင် ရှေ့ခရီး





ကို ဆက်ခဲ့တော့သည်။

ဧရာဝတီမြစ်ကမ်းဘေးရှိ သဲသောင်ပြင်ကြီးသည် နေပူရှိန်အောက်မှာ ချစ်ချစ်တောက်နေလိမ့်မည်။ ထိုသောင်ပြင်ပေါ်မှာ ဖြတ်လျှောက်နေသည့် ကျွန်တော်တို့ ရဲဘော်များမှာ ခေါင်းငိုက်စိုက်ကျနေလိမ့်မည်။ သူတို့ တစ်ကိုယ်လုံးမှာ ချွေးများ ရွှဲနေလိမ့်မည်။ အဝတ်အစားများ စုတ်ပြတ်နေလိမ့်မည်။ အချို့မှာ သွေးစသွေးနများ ရှိနေလိမ့်မည် စသဖြင့် ကျွန်တော့်စိတ်ကူးထဲမှာ စစ်ကြောင်းကြီး၏ ပုံသဏ္ဌာန် ပေါ်လာသည်။

ထိုစစ်ကြောင်းကြီးထဲမှာ ကားလ်ဗဟာဒူး သေချာပေါက်ရှိနေလိမ့်မည်။ ကားလ်ဗဟာဒူး မပါသည့် မည်သည့် စစ်ကြောင်းနှင့်မျှ ကျွန်တော် မဆုံတွေ့လိုပါ။

ရှေ့မှာ ကာဆီးနေသည့် အခက်အခဲများကို ဖြတ်ကျော်နိုင်ဖို့ ဆိုသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ ကျွန်တော် ယခု ရောက်နေသည့် နေရာနှင့် ဧရာဝတီမြစ်ကမ်းသည် မိုင်သုံးဆယ်လောက် ကွာဝေးသေးသည်။ ယင်း မိုင်သုံးဆယ်လောက်ခရီးကို ဆင်ငိုမြက်တောကြီးထဲတဖြတ်သွားရမည် ဆိုခြင်းမှာ အကြီးမားဆုံးသော အခက်အခဲ ဖြစ်သည်။ သည်အခက်အခဲကို ကျော်လွှားနိုင်သည်ထားဦးတော့ အချိန်မီရောက်ဖို့ ဆိုသည်မှာ အတော်ခက်ခဲသည့်အရာ ဖြစ်နေသည်။

နေချစ်ချစ်တောက် ပူနေသည်။ အောက်က မြေပြင်ကလည်း မညီမညာ ဖြစ်နေသည်။ ပတ်လည်မှ ချုံနွယ်ပိတ်ပေါင်း များစွာကလည်း လူကို ဒုက္ခပေးနေသည်။ ဆူးတွေက ခြစ်သည်။ သစ်ကိုင်းတွေက ရိုက်သည်။

သို့သော်လည်း ကျွန်တော့်မှာ အားမာန်အပြည့်ရှိနေသည်။ မျှော်လင့်ချက်အပြည့် ရှိနေသည်။ မကြာမီ နာရီပိုင်းအတွင်း ကျွန်တော့် ရဲဘော်များနှင့် ပြန်လည်ဆုံစည်းရတော့မည်။ အိန္ဒိယပြည်သို့ ရောက်အောင် ကျန်သည့်ခရီးကို ရဲဘော်များနှင့်အတူ လက်တွဲချီတက်ရတော့မည်။ ထို့ကြောင့် မည်သည့်အပတန်အတား၊ မည်သည့်အခက်အခဲကိုမျှ မမှုတော့ဘဲ ကျွန်တော် ခရီးဆက်တော့သည်။ ဒဏ်ရာရသည့် ခြေထောက်က သိသိသာသာ ထူးထူးခြားခြား နာလာသည်ကိုပင် မမှုတော့။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ငိုမြက်တောကြီးအတွင်း စိတ်ဓာတ်အားမာန်အပြည့်ဖြင့် တိုးလာခဲ့ရင်း ပန်းသီးပုံသဏ္ဌာန်အသီးများ သီးနေသော အပင်များကို တွေ့ရသည်။ စားပွဲတင်တင်းနစ်ဘောလုံး အရွယ် ရှိသည်။ ခူးပြီး စားကြည့်တော့ အရသာက ခါးလှသည်။ ဖန်လည်း ဖန်လှသည်။ ဘာအသီးမှန်း မသိ။ သို့သော်လည်း သည်လောက် ပူပြင်းလောင်ကျွမ်းနေသည့် နေရောင်ထဲမှာ စားစရာတစ်ခုခုတော့ ရထားဖို့လိုသည်။ ဘာမှ မရှိသည့်အဆုံးတွင် စားကောင်းသောအရာတစ်ခုခုကို စားနေနိုင်ဖို့လိုသည်။ အရသာကောင်းဖို့၊ မကောင်းဖို့က အရေးမကြီး။ ထို့ကြောင့် ယင်း အသီးတော်တော်များများကို ခူးယူခဲ့သည်။ ကျွန်တော့် အဆုံးအဖြတ် မှန်သွားပါသည်။ ဧရာဝတီမြစ်ကို ဖြတ်ကူးသည့်အချိန်အထိ ထိုအသီးများက ကျွန်တော့်ကို အာဟာရဖြစ်စေခဲ့လေတော့သည်။

နေဝင်သွားပြီ။ တဖြည်းဖြည်း အလင်းရောင် အားနည်းလာပြီ။ ထိုအခိုက် ရေမရှိသည့် ကျင်းကလေးတစ်ခုအနီးတွင် ယုန်ကလေးတစ်ကောင် ဝပ်နေသည်ကို တွေ့ရသည်။ သူ့ကို ရုတ်တရက်ကျွန်တော် ခုန်အုပ်လိုက်သည်။ သို့သော်လည်း ဖုန်နှင့် ကျောက်ခဲများသာ ကျွန်တော့်လက်ထဲမှာ ပါလာသည်။ ထို့ကြောင့် ကမန်းကတန်း ထလိုက်သည်။ မြက်တောထဲသို့ ဝင်ပြေးသည့်ယုန်ကို လက်ထဲမှာ ပါလာသော ဖုန်များ၊ ကျောက်ခဲများနှင့် သိမ်းကျုံးပစ်လိုက်သည်။ ယုန်ကလေးကလည်း ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

"ဟေ့ကောင် ပြန်လာခဲ့. . . ခုချက်ချင်း ပြန်လာခဲ့"

ဟု ရူးကြောင်ကြောင် အော်လိုက်မိသေးသည်။

တစ်ကိုယ်တည်း ခရီးဆက်ရသည့် ပထမနေ့မှာ ရေရှာရသည်က ဒုက္ခ အလွန်ကြီးမားလှသည်။ ရေရှိမည်အထင်နှင့် ဟိုဝင်သည်ထွက် အလုပ်ရှုပ်ခဲ့ရသည်။ ရေကား မရခဲ့။

ထိုနေ့ ညနေပိုင်းက ကျွန်တော့် ဘယ်ဘက် အတော်ဝေးဝေးကောင်းကင်တွင် လင်းတအုပ်တွေ အုပ်ဖွဲ့ပြီး ပျံဝဲနေကြသည်ကို တွေ့ရသည်။ တစ်မိုင်၊ တစ်မိုင်ခွဲလောက်တော့ ဝေးပေလိမ့်မည်။ တောထဲမှာ သူတို့အစာ တိရစ္ဆာန်တစ်ကောင်ဖြစ်ဖြစ်၊ လူသားဖြစ်ဖြစ် တွေ့နေပုံရသည်။





တွေ့နေရိုးမှန်လျှင် ကျွန်တော့်နောက်သို့ ချက်ချင်းတော့ လိုက်လာကြဦးမည်မဟုတ်။

နောက်ထပ် အဆိုးဆုံး ဒုက္ခပေးနေသည်မှာ ယင်ကောင်များ ဖြစ်သည်။ မောင်းမရ၊ ခြောက်မရ။ ကျွန်တော့် ဘယ်ဘက်လက်မောင်းတလည်း သစ်ကိုင်းများ ထိုးခြစ်မိသဖြင့် အနာဖြစ်နေသည်။ ထိုအနာတိုယင်တွေက ဝိုင်းအုံနားကြသည်။ ဦးထုပ်ကို ချွတ်ပြီး တဖုတ်ဖုတ် ရိုက်ဝစ်သည်။ ရိုက်တုန်းခဏပင် သက်သာသည်။ ပြီးတော့ ကြောက်ခမန်းလိလိဝိုင်းအုံလာကြပြန်သည်။ မတတ်နိုင်သည့် အဆုံးတွင် ပတ်တီးစည်းလိုက်ရတော့သည်။ ပတ်တီးပေါ်မှာ အုံကြပြန်သည်။ မျက်နှာပေါ်မှာ အုံကြပြန်သည်။ ကြိုက်သလိုသာ နှိပ်စက်ပေတော့ဆိုကာ ပေယျာလကန် ပြုထားလိုက်ရတော့သည်။

ညမှောင်တော့မှပဲ ယင်ကောင်တို့၏ ဘေးအန္တရာယ်မှ လွတ်မြောက်တော့သည်။ သန်းပေါင်းများစွာသော ပုစဉ်းရင်ကွဲအော်သံများကို အဖော်ပြုပြီး တစ်ညအိပ်လိုက်သည်။

နောက်နေ့မနက်တွင် ခရီးဆက်ရပြန်သည်။ သည်နေ့တော့ ရဲဘော်များနှင့် မုချ ပြန်လည်ဆုံတွေ့ရတော့မည်ဟု ထင်မှတ်မိသည်။ ရေကလည်း ပြတ်ပြီ။ နေကလည်း ပြင်းလှသည်။ မြက်တောကြီးထဲတွင် ဘေးသို့ ဖွဲ့ဆင်းသွားသည့် လမ်းကြောင်းကလေးများနှင့် မကြာခဏ တွေ့ရသည်။ ရေတွေ့နိုးနိုးနှင့် ထိုလမ်းကြောင်းကလေးများကို ဝင်ရှာသည်။ ဘာရေမှ မတွေ့ပါ။ ကျားနှင့်ပြောင်များ တိုးဝင်သည့် လမ်းကြောင်းများဖြစ်နိုင်သည်။ သူတို့နှင့် ပက်ပင်း မတိုးမိသည့်အတွက်ပင် ဝမ်းသာရသေးတော့သည်။

နေပြင်းလွန်းသောကြောင့် မျက်လုံးများက ပြာဝေနေသည်။ ထိုအခိုက်မှာပင် ကျွန်တော့်ရှေ့မှ ကျယ်လောင်သောအသံကြီး မြည်ဟည်းလာသည်။ ရေခဲတောင်ကြီး ပြိုကျလိုက်သည့် အသံမျိုး ဖြစ်သည်။ သို့သော်လည်း သည်လောက်ပူပြင်းပြီး သည်လို မြေပြန့်နေရာမျိုးတွင် အဘယ်နည်းဖြင့် ရေခဲတောင် ရှိနိုင်ပါမည်နည်း။

အသံကြီးက ကျယ်လောင်သည်ထက် ပိုမိုကျယ်လောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘက်သို့ ပိုနီးလာသည်။ တောင်ပေါ်မှ ကျောက်ဆောင်ကြီး တစ်ခု ပြိုကျလာကာ ကျွန်တော့်ကိုယ်ပေါ်မှာ ပိနေတော့မည်ဟု ထင်ရသည်။ သို့သော်လည်း တောင် ဘယ်မှာ ရှိသနည်း။ ဘယ်ကလာမည်နည်း။ ပတ်လည်မှာ မြေပြန့်သာလျှင် ရှိချေသည်။

ကျွန်တော့်တစ်ကိုယ်လုံး ယိမ်းထိုးလာသည်။ ကျွန်တော် ရပ်နေသည့် မြေပြင်ကြီးသည် သိမ့်သိမ့်ခါနေသည်။ တစ်ကိုယ်လုံးမှာလည်း ကြောက်စိတ်များနှင့် ထုံမွှမ်းနေသည်။ ကျွန်တော် အသက်ဆုံးရှုံးရတော့မည်မှာ သေချာသွားပြီ။ သို့သော်လည်း မည်သည့်ပုံစံမျိုးရှိသည့် အန္တရာယ်ကို ကြုံတွေ့ပြီး အသက်ဆုံးရှုံးရမည်နည်း။

မိုးကြိုးအချက်ပေါင်းများစွာ တစ်ပြိုင်နက်ပစ်နေသလို မြည်ဟည်းနေသည်။ ခြေထောက်အောက်မှာရှိနေသည့် မဟာပထဝီမြေကြီးသည် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားပြီး ကျွန်တော်ပါ အောက်ထဲသို့ နစ်မြုပ်ဝင်သွားတော့မည်ဟု ထင်မှတ်ရသည်။ ဘာကိုမှ စဉ်းစားမနေနိုင်တော့ဘဲ နောက်ဘက်မှာ ရှိနေသည့် ဆင်ငိုမြက်တောကြီးအတွင်းသို့ ကိုယ်လုံးကို ပစ်သွင်းလိုက်ရတော့သည်။

ကျွန်တော် အသက်ရှူဖို့ မေ့နေသည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲနေသည်။ မြေပြင်မှာ ပြားပြားဝပ်အောင် ပြိုလဲသွားသည့် ဆင်ငိုမြက်တောကြီးကို ကြည့်နေမိသည်။ အကောင်ပေါင်း မရေတွက်နိုင်အောင် များပြားလွန်းသည့် ဧရာမတောဆင်ရိုင်းအုပ်ကြီးသည် မြက်တောကြီးအတွင်း ဖြတ်ပြီး အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ပြေးသွားကြခြင်း ဖြစ်သည်။ ကျွန်တော့်မျက်စိရှေ့မှာ ချက်ချင်းပေါ်လာပြီး၊ မြင်ကွင်းထဲမှ ချက်ချင်းပျောက်သွားတော့သည်။

နောက်ဘက်မှာ ဖုန်လုံးတွေ တသောသောထ ကျန်ရစ်ခဲ့သည်။ တစ်စစီ ပြန့်ကျဲလွင့်စဉ်သွားသည့် ကျွန်တော့် ပစ္စည်းကလေးများကို လိုက်ကောက်ရသည်။ ဆင်ရိုင်းအုပ်ကြီးနှင့် ဆယ်ကိုက်မျှပင် မဝေးကွာလှချေ။ သေဘေးနှင့် သီသီကလေး လွတ်ခဲ့ပြန်ပြီတကား။

ဒုတိယနေ့မှာလည်း ကျွန်တော် ဆက်လျှောက်နေရဆဲ ဖြစ်သည်။ ပတ်ပတ်လည်မှာ ဆင်ငိုမြက်တောကြီးကို စိတ်ပျက်ဖွယ်ရာ မြင်တွေ့ရ





သည်။ သည်မြက်တောကြီးအတွင်းမှ မည်သည့်အခါကျမှ လွတ်မြောက်နိုင်မည်နည်း။ တစ်နေရာတွင် စိတ်ပျက်လက်ပျက်ဖြင့် ရပ်နေခိုက် တစ်တောလုံး ဆူနေသည်ကို ကြားရသည်။ ဘာတွေဆူနေမှန်း မသိ။ နားမခံနိုင်လွန်းသောကြောင့် နားနှစ်ဖက်ကိုအုပ်ပြီး ပိတ်ထားရသည်။ သို့သော်လည်း လက်ကို ထိုးဖောက်ဝင်လာသည်။ မတတ်သာသည့် အဆုံးတွင် ကျွန်တော် ပြန်အော်မိသည်။ လည်ချောင်းထဲမှာခြောက်ပြီး ဘာသံမှ ထွက်မလာနိုင်တော့သည်အထိ ပြန်အော်နေမိခြင်း ဖြစ်သည်။

တောဆူနေသည့်ကြားမှ ကျွန်တော် ခရီးဆက်ခဲ့သည်။ ခရီးဆက်ရင်း မြက်ပင်တွေခြေရင်း ရေခန်းခြောက်နေသည့် တွင်းတစ်ခုအဝမှာ ဖွတ်တစ်ကောင် မလှုပ်မယှက်ဝပ်နေသည်ကို တွေ့ရသည်။ သံကုန်ဟစ်ပြီး သူ့ကို ခုန်အုပ်ကာ လည်မျိုကို ညှစ်ထားမိသည်။ ကိုယ်လုံးအရှည်က တစ်ပေခွဲလောက်ရှိသည်။ မြေကြီးရောင် ဖြစ်သည်။ ခေါင်းပေါ်တွင် အနီစက်များ ရှိသည်။ နဂါးအငယ်စားကလေး၏ ပုံမျိုး ဖြစ်သည်။ ဘာပုံပဲပေါက်ပေါက် စားစရာအစာ ဖြစ်သည်ကတော့ သေချာသည်။ ဝမ်းဗိုက်ကို ဓားနှင့် ခွဲလိုက်သည်။ အထဲမှာ ရှိနေသည့်ကလီစာများကို ထုတ်ပစ်လိုက်သည်။ သူ့အမြီးနှင့် သူ့ကို ပြန်ပတ်ကာ ခါးပတ်မှာ ချိတ်ထားလိုက်သည်။ သည်လောက်ပူပြင်းနေသည့် နေရှိန်နှင့်ဆိုလျှင် မကြာခင်ခြောက်သွားလိမ့်မည်။

သားစိမ်းငါးစိမ်းကို စားရမည်မှာ စိတ်မရဲလှ။ သို့သော်လည်း ကျွန်တော် မတတ်နိုင်ပြီ။ နေဝင်ချိန်တွင် ထိုနေ့အတွက် ခရီးကို အဆုံးသတ်လိုက်သည်။ နေရှိန်ဖြင့် ခြောက်နေပြီဖြစ်သော ဖွတ်ခြောက်ကို ဖွတ်အတင်းစားရတော့သည်။ ရွှံ့ပေနေသည့် ကတ်ထူစက္ကူကတ်ပြားကြီးကို ကိုက်နေရသလို ရှိသည်။

တတိယမြောက်နေ့ ကုန်ဆုံးခါနီးတော့ ဆင်ငိုမြက်တောကြီး အပြင်ဘက်သို့ တဖြည်းဖြည်း ကျွန်တော် ထွက်လာသည်ကို သတိထားမိသည်။ ရှေ့ဘက်မှ သဲကန္တာရကြီးကို တွေ့ရသည်။ နေရောင်က တရှိန်ရှိန်ပူနေရာ သဲကန္တာရကြီး မဟုတ်ဘဲ မီးပင်လယ်ပြင်ကြီး ဖြစ်နေသည်။

တစ်ကိုယ်လုံး နုံးချည့်သွားသည်။ အားအင်များ လုံးဝ ကုန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ရပ်နေရာမှ ပုံလျက်သား လဲကျသွားသည်။ မည်သည့်နည်းနှင့်မျှ ကျွန်တော် ခရီးမဆက်နိုင်တော့ပါ။ မျက်စိများ ပြာဝေလာသည်။ မြင်ကွင်းများ မှုန်ဝါးသွားသည်။ သတိလစ်ပြီး မေ့မြောသွားတော့သည်။

ဘယ်လောက်ကြာအောင် သတိလစ်သွားသည်မသိ။ သတိပြန်လည်လာသဖြင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်ကိုယ်ပေါ်သို့ ပူပြင်းသည့် နေရောင် ထိုးကျနေသည်ကို တွေ့ရသည်။

နေရာရွှေ့ချင်စိတ်လည်း မရှိတော့။ လှုပ်ချင်ရှားချင်စိတ်လည်း မရှိတော့။ လှုပ်ရှားနိုင်လောက်အောင်လည်း ခွန်အား မရှိတော့။ ငေးမိငေးရာ ငေးနေရင်း မြင်ကွင်းထဲမှာ ပုရွက်ဆိတ်နီကလေးတစ်ကောင် ပေါ်လာသည်။ သူ့ကျောပေါ်မှာ သူ့ကိုယ်လုံး၏ သုံးဆလောက်ကြီးသော မြေကြီးကို သယ်လာသည်။ အိမ်ဆောက်ဖို့ မြေကြီးသယ်နေဟန် ရှိသည်။ တစ်နေရာရောက်တော့ ချိုင့်ကလေးတစ်ခုပေါ်တွင် မြက်ပင်ကလေး တစ်ခုက တံတားသဖွယ် ကန့်လန့်ဖြတ်တင်နေသည်။

ထိုမြက်ပင်တံတားကလေးပေါ်မှ သူဖြတ်သည်။ အလယ်လောက်ရောက်တော့ အောက်သို့ လိမ့်ကျသွားသည်။ သူ့ကျောပေါ်မှ မြေကြီးခဲကလေးကလည်း ဘေးသို့ လွင့်သွားသည်။ ခဏကြာအောင် သူငြိမ်နေသည်။ သေသွားပြီဟု ကျွန်တော်ထင်သည်။ သို့သော် မသေပါ။ ခဏကြာတော့ လှုပ်ရှားလာပြီး သူ့ဘေးက မြေကြီးခဲကလေးကို ကောက်သယ်ပြန်သည်။ ချိုင့်ကလေးထဲမှ ဖြည်းဖြည်းချင်း တက်လာသည်။ နောက်ဆုံး အပေါ်သို့ ရောက်လာသည်။ ချိုင့်ကလေးနှင့် မလှမ်းမကမ်း နေရာဆီသို့ ရောက်လာသည်။ သူ့ကိုယ်ပေါ်မှ မြေကြီးခဲကို ချလိုက်သည်။ ခဏနားနေသည်။ သူ လက်လျှော့လိုက်ပြီဟု ကျွန်တော်ထင်သည်။ ကျွန်တော့်အထင်မှားသွားပြန်ပါသည်။ မြေကြီးခဲကလေးကို ကောက်သယ်ပြီး ရှေ့ဆက်ထွက်ခွာသွားတော့သည်။

ပုရွက်ဆိတ် အနီကလေးသည် သူဘယ်သွားနေသည်ကို သိသည်။ သူ့ ဘာတာဝန် ဆောင်ရွက်နေသည်ကို သိသည်။ သူ့တာဝန်ကို သူဆက်ဆောင်ရွက်သည်။ သူ့မှာ အနာဂတ် ရှိသည်။

ကျွန်တော့် စိတ်ဓာတ်အင်အားများ ချက်ချင်း ပြန်တက်လာ





သည်။ လဲနေရာမှာ ထလိုက်သည်။ ပစ္စည်းများကို ကောက်ယူလိုက်သည်။ သည်အခက်အခဲတွေကို ကျော်လွှားနိုင်ရမည်။ ဖွဲ့ကို မလျှော့ဘဲ ထားရမည်။ ကျွန်တော့်မှာ အနာဂတ်ရှိသည်။ မျှော်လင့်ချက်များ ကင်းမဲ့နေသည့် အနာဂတ်မဟုတ်။

ဒယိမ်းဒယိုင်ဖြစ်နေသည်မှာ မှန်ပါသည်။ တစ်ကိုယ်လုံး ယိမ်းထိုးနေသည်မှာ မှန်ပါသည်။ သို့သော်လည်း မျှော်လင့်ချက်အပြည့်ရှိသော အနာဂတ်ကိုရောက်အောင် သွားရမည်။

နေပူရှိန် လျော့သွားသည်။ ကျွန်တော့်ရှေ့မှာ ကျွန်းတောကြီးကို မြင်လိုက်ရသည်။ အားမာန်များ ပိုတက်သွားသည်။ ကျွန်းတောကြီးဆီသို့ အားသွန် လျှောက်ခဲ့သည်။ ကျွန်းတောအစပ်သို့ ရောက်သည်တွင် ကြည်လင်သော ရေတသွင်သွင်စီးနေသည့် စမ်းချောင်းကလေးတစ်ခုကို တွေ့ရသည်။ ကျွန်တော့်စိတ်ဓာတ်များ အခေါင်အထွတ်အထိ တက်လာသည်။

စမ်းချောင်းထဲမှာ ရေသောက်သည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်များ သက်သာအောင် ရေချိုးသည်။ အဆစ်အမြစ်များကို ရေနှင့် နှိပ်နယ်ပေးသည်။ ရေဘူးကို ရေအပြည့်ဖြည့်သည်။ တစ်ကိုယ်လုံး လန်းလာသည်။

သည်နေရာမှာ ကျွန်တော်တို့ စစ်ကြောင်း ရပ်နားသွားဖွယ်ရာ အကြောင်းရှိသည်။ သို့တည်းမဟုတ် ရပ်နားနေဆဲလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် ရှာကြည့်သည်။ စမ်းချောင်းနှင့် ခပ်လှမ်းလှမ်း ကျွန်းတောကြီး၏ အတွင်းဘက် ခပ်ကျကျမှာ စခန်းချနေခြင်းလည်း ဖြစ်နိုင်သည်။ မျှော်လင့်ချက်ဖြင့် ရှာဖွေရင်း မီးဖိုဟောင်းများမှ ပြာများကို တွေ့ရသည်။ လက်နှင့် စမ်းကြည့်တော့ အေးနေပြီ။ မနေ့ညက အသုံးပြုသွားပုံရသည်။ သည်လိုဆိုလျှင် (၁၂)နာရီလောက် ကျွန်တော် နောက်ကျနေပြန်ပြီ။

ဒါကို စိတ်ပျက်နေ၍ မဖြစ်။ မြန်မာပြည်တွင်းမှ ဖြစ်သည့်နည်းဖြင့် ထွက်ခွာရတော့မည်။ ကျောပိုးအိတ်ကို ပြန်ပိုးလိုက်သည်။ ခါးပတ်ကို တင်းအောင်ပတ်လိုက်သည်။ အမီလိုက်ရပေတော့မည်။

ရှေ့မှာ တောင်ကုန်းကလေး ခံနေသည်။ ဆင်ခြေလျှောကလေး အတိုင်း တက်သွားရမည်။ အားစိုက်ရင်း မျက်လုံးများ ပြာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ မှုံနောက်နောက် ဖြစ်လာသည်။ အားသိပ်နည်းနေပြီ။ သည်လိုအချိန်မျိုးတွင် ကျွန်တော် သတိလစ်သွားလျှင် မဖြစ်။ ရှေ့မှာ မြင်နေရသည့် မြေပြင်သည် လှိုင်းလုံးများလို နိမ့်ချည်၊ မြင့်ချည် ဖြစ်နေသည်။ ပြီးတော့ ကျွန်တော့် ပတ်ပတ်လည်မှာ ချာလပတ်ယမ်းအောင် လည်နေသည်။ အစွမ်းကုန် အားတင်းထားမှ ဖြစ်မည်။ သည်နေရာမှာ အားပြတ်လဲကျသွား၍ မဖြစ်။

နောက်ဆုံး တောင်ကုန်းကလေး ထိပ်ဖျားသို့ ကျွန်တော် ရောက်ခဲ့တော့သည်။ တောင်ကုန်းကလေးပေါ်မှနေ၍ တစ်ဖက်ခြမ်း အောက်ဘက်ကို ကြည့်လိုက်တော့ ဧရာဝတီမြစ်ကမ်းမှ တကောင်းရွာကြီး။

ဝမ်းသာလွန်းသဖြင့် အသံကုန် မအော်လိုက်မိရန် အတော်စိတ်ထိန်းထားလိုက်ရသည်။ ရွာကြီးကို သေသေချာချာ လှမ်းကြည့်လိုက်မိပြီး အကဲခတ်သည်။ လူရိပ်လူယောင် ဘာမှ မမြင်ရ။ ရွာသူရွာသားများကိုလည်း မမြင်ရ။ ဗြိတိသျှစစ်သားများကိုလည်း မမြင်ရ။

"ငါ. . . သိပ်နောက်ကျသွားပြီလား၊ သူတို့ မြစ်တစ်ဖက်ကမ်းကို ကူးသွားကြပြီလား" ဟု ကိုယ့်ဟာကိုယ် မေးခွန်းပြန်ထုတ်မိသည်။

စိတ်တည်ငြိမ်အောင် အစွမ်းကုန် ထိန်းထားသည်။ ပတ်ဝန်းကျင် အခြေအနေအားလုံးကို စေ့စေ့စပ်စပ် သုံးသပ်ကြည့်သည်။ ဗြိတိသျှစစ်သားတို့၏ စစ်ဖိနပ်ခြေရာများ တွေ့သည်။ ရွာဘက်သို့ ဦးတည်သွားခြင်း ဖြစ်သည်။ ရွာသူရွာသားများ၏ ခြေရာများကိုပါ တွေ့ရသည်။

ဘာကြောင့် ဤမျှထိအောင် တိတ်ဆိတ်နေရသနည်း။ ၎င်းရွာထဲမှာ ဂျပန်များ ရောက်ရှိ စောင့်ဆိုင်းနေကြပြီလော။ ဖြစ်နိုင်ပါသည်။ ရွာတွင်းသို့ ဂျပန်များ ရောက်ရှိနေသောကြောင့်သာလျှင် မြန်မာလူမျိုးများ၏ အရိပ်အယောင်ကို သော်လည်းကောင်း၊ ဗြိတိသျှစစ်သားများ၏ အရိပ်အယောင်ကို သော်လည်းကောင်း မမြင်တွေ့ရခြင်း ဖြစ်ပေမည်။ ဗြိတိသျှစစ်သားများ အားလုံး အသတ်ခံရပြီးပြီနှင့် တူသည်။ ရွာသူရွာသားများအားလုံး ကြောက်လန့်တကြားဖြင့် ထွက်ပြေးလွတ်မြောက်သွားကြပြီနှင့် တူသည်။

သို့သော် တိုက်ပွဲဖြစ်ပွားသည့် အရိပ်အယောင် ဘယ်မှာနည်း။





အကျိုးအပဲ့တွေ ဘယ်မှာနည်း။ မီးလောင်ပြင် ဘယ်မှာနည်း။ ကျည်ဆန်တွေ ဘယ်မှာနည်း။

ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော် ချလိုက်ပါသည်။ သည်အခွင့်အရေးကို အရယူရတော့မည်။ ထိုင်ရာမှ ထလိုက်သည်။ သစ်ပင်များကြားမှ ၎င်းရွာကြီးဆီသို့ ဦးတည်သွားသော သဲလမ်းကလေးအတိုင်း အပြေးကလေး ကျွန်တော် ဆင်းခဲ့တော့သည်။

ရွာတွင်းသို့ ကျွန်တော် ဝင်ခဲ့သည်။ ဝါးအိမ် အချို့ကို ဖြတ်ကျော်ခဲ့သည်။ အိမ်များထဲမှ ရွာသူရွာသားများ အားတက်သရော စကားပြောနေသံများကို ကြားလိုက်ရသည်။ ဘာပြောနေသည်ကို မသိလိုက်ရမီမှာပင် မြန်မာလူမျိုးတစ်ဦး ရုတ်တရက်ထွက်လာပြီး ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်သည်။ တစ်ဆက်တည်းမှာပင် လမ်းဘေးမှ ချုံပုတ်များအတွင်းသို့ ဆွဲခေါ်သွားတော့သည်။

ဘာဖြစ်သည်ကို ကျွန်တော် မသိပါ။ သို့သော်လည်း မရုန်းမကန်ဘဲ ကျွန်တော် လိုက်သွားသည်။ စုတ်ပြတ်နေသည့် ကျွန်တော့်အကျႌကို မလွတ်တမ်း သူကိုင်ထားသည်။ လမ်းကျဉ်းကလေးအတိုင်း သူ့နောက်မှ ကျွန်တော် လိုက်ပါသွားသည်။ ပြီးတော့ မျက်နှာချင်းဆိုင် ပူးကပ်ဆောက်ထားသည့် အိမ်များကြားသို့ ရောက်လာသည်။ ထိုမှတစ်ဆင့် ချုံပုတ်များအတွင်း တိုးဝင်ပြန်သည်။ ကျွန်တော့် အသည်းနှလုံးတွေ တုန်လှုပ်ချောက်ချားလာသည်။ ထိုအချိန်မှာပင် ကျွန်တော့်ကို သူ လွှတ်လိုက်သည်။ တစ်ဆက်တည်း ကျွန်တော့်ကို တွန်းလွှတ်လိုက်သည်။

လဲကျလုမတတ် ယိုင်ထွက်သွားသည်။ ချုံပုတ်များထဲမှတစ်ဆင့် သောင်ပြင်ပေါ်သို့ ရောက်သွားသည်။ ကျွန်တော့်ခေါင်းပေါ်မှာ ငှက်ပျောပင် ရွက်ဖားကြီးများက အုပ်မိုးထားသည်။ ထို့ကြောင့် အရိပ်ထဲမှာ ကျွန်တော် ရှိနေသည်။ တစ်ဆက်တည်းမှာပင် ကျွန်တော့်ရှေ့ သောင်ပြင်ပေါ်၌ လက်နက်ကိုင်တစ်စုကို ဖြုန်းခနဲ တွေ့လိုက်ရတော့သည်။

သူတို့ မျက်နှာများက စိမ်းဝါရောင် တောက်နေသည်။ ကျွန်တော့်ဘက်သို့ အားလုံး မျက်နှာမူလိုက်ကြသည်။ ကျွန်တော့်ခန္ဓာကိုယ်တွင်းမှာ အင်အား အလွန်တရာ ကုန်နေပြီဖြစ်သော်လည်း အလွန် လျင်မြန်သည့်



www.burmeseclassic.com

www.burmeseclassic.com



အဟုန်ဖြင့် မြေပြင်ပေါ်သို့ ဝပ်ချလိုက်သည်။ တစ်ဆက်တည်း ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။ ကျွန်တော်၏ လျင်မြန်မှုမျိုးနှင့် ထပ်တူပင် တစ်ဖက်မှ လက်နက်ကိုင်များကလည်း မြေပြင်ပေါ်သို့ ဝပ်ချလိုက်သည်။ တချို့က မုဆိုးဒူးထောက် ထိုင်ကြသည်။ သူတို့လက်ထဲမှာ ရှိနေသည့် ရိုင်ဖယ်သေနတ်များနှင့် တော်မီကန်းများက ကျွန်တော့်ကို တည့်တည့်ချိန်လျက်။ ထိုအချိန်တွင် . . .

"ဟော့ကောင်တွေ အရမ်းမလုပ်နဲ့၊ ဘယ်သူလဲ သေသေချာချာ ကြည့်ဦး"

ဆရာဝန်ဗိုလ်ကြီးလပ်စ်၏ အသံက တိတ်ဆိတ်ငြိမ်သက်မှုကို ဖောက်ခွဲဖျက်ဆီးလိုက်သည်။ ဒါဇင်ပေါင်းများစွာသော လက်ညှိုးများက သေနတ်မောင်းပေါ်မှ ပြေလျော့သွားကြသည်။ ပင့်သက်ကို ရှိုက်လိုက်မိသည်။ ပြီးတော့ ကျွန်တော့်စစ်ကြောင်းနှင့် ပြန်လည်ဆုံတွေ့ပြီ ဖြစ်သောကြောင့် ဝမ်းသာလုံးဆို့ကာ ရှိုက်ကြီးတငင် ငိုလိုက်မိပါတော့သည်။

"မင်းရောက်လာတာ တကယ့်ကို လက်မတင်ကလေးပါပဲကွာ"

ဆရာဝန်ဗိုလ်ကြီးက ပြောသည်။ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော၊ လူတစ်ယောက်နှင့်ပင် မတူတော့သော ကျွန်တော့်ကို သူ ချက်ချင်းမှတ်မိလိုက်သောကြောင့်သာ ကျွန်တော့်ရဲဘော်များ၏ ကျည်ဆန်မှာ အသက်ပါမသွားခြင်းဖြစ်သည်ကို ကျွန်တော် နားလည်လိုက်ပါသည်။

"မင်း ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲ၊ မိုးမိတ်မှာ မင်း ကြွသွားပြီလို့ တို့အားလုံးက ထင်နေတာ"

ဆရာဝန်က ကျွန်တော့်ကျောကို တစ်ချက်ပုတ်လိုက်သည်။ ပြီးတော့ မြစ်ကမ်းပါးမှာ စောင့်နေသည့် ရဲဘော်များဆီသို့သွားရန် ကျွန်တော့်ကို တွန်းလွှတ်လိုက်သည်။ "အဖြေမပေးပါနဲ့ဦး ငါ့သီရာ၊ ဟိုဘက်ကမ်း ရောက်တော့မှပဲ မင်းဇာတ်လမ်းကို ပြောပြပါတော့"ဟု သူက ဆက်ပြောသည်။ လက်မတင်ကလေး ကျွန်တော် ရောက်လာသည် ဆိုခြင်းမှာ မှန်ပါသည်။ ဧရာဝတီမြစ်၏ တစ်ဖက်ကမ်းကိုကူးဖို့ နောက်ဆုံး လှေနှစ်စီးသာ ကျန်ရှိပါတော့သည်။ တစ်စီးက လူပြည့်သွားပြီ၊ ကျန်တစ်စီးပေါ်သို့ ရဲဘော်တွေ ဆင်းကြတုန်း ဖြစ်သည်။ လှေလှော်ပေးမည့် မြန်မာလူမျိုး





များကိုလည်း တွေ့ရသည်။ လှေတွေက ရေယိုနေသည့် လှေအိုကြီးများ ဖြစ်သည်။ ဂျပန်တွေ မတွေ့အောင် ရွာသူရွာသားများ ဝှက်ထားရာမှ ထုတ်ယူလာခြင်း ဖြစ်ပုံရသည်။

"တို့ ရှာရနိုင်သမျှထဲမှာတော့ အကောင်းဆုံး လှေတွေပါပဲကွာ၊ ကဲ. . . မင်းတက်တော့၊ မင်းတစ်ယောက်အတွက်ကတော့ နေရာတွေ အများကြီး ကျန်ပါသေးတယ်" ဟု ဆရာဝန်ဗိုလ်ကြီးက ပြောသည်။ လှေပေါ်မှာ ရဲဘော်ဆယ့်တစ်ယောက် ရှိနေနှင့်ပြီ။ တင်နိုင်သည့် အလေးချိန်ထက် ပိုနေသဖြင့် အန္တရာယ်ရှိသည်မှာတော့ မှန်သည်။ သို့သော် ကျွန်တော်တို့ ဘာတတ်နိုင်ကြမည်နည်း။

"ဗိုလ်ကြီးကို ပြန်တွေ့မယ်လို့ ကျွန်တော်တို့ လုံးဝ မထင်ဘူး၊ အခုတော့လည်း ဗိုလ်ကြီးပြန်ရောက်လာတာပဲ၊ ဗိုလ်ကြီးလည်း အများသူငါလို ခဲမှူးစေ့ကြီးပေါ့ဗျာ၊ ဒါပေမယ့် အဲဒီခဲမှူးစေ့ကြီးက အလယ်မှာ အပေါက်ကြီးနဲ့ဗျ"

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး ထူလပျစ်နှင့် ပုံပန်းပျက်ကာ မျက်နှာမှာ မပျော်ဂနီရောင် ထနေသော တပ်ကြပ်ကလေးတစ်ဦးက ဆီးမေးသည်။ လှေပေါ်မှာ ရှိနေသည့် လူအားလုံးက ဝိုင်းရယ်ကြသည်။ ရယ်သူများထဲမှာ ကျွန်တော်လည်း ပါပါသည်။ ကျွန်တော်တို့အားလုံး ဘာမှ သုံးမရတော့သည့် စစ်သားများဘဝသို့ တကယ်လည်းရောက်နေကြပြီ မဟုတ်လား။

ထိုတပ်ကြပ်နှင့် ကျန်လူများက ကျွန်တော့်လက်ကိုတွဲယူကာ လှေပေါ်သို့ တင်လိုက်ကြသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

## အသက်နှင့်ရင်းကာ ကူးဖြတ်ခြင်း

အသားကျအောင် ကျွန်တော်တို့ မထိုင်ရသေးမီမှာပင် ကမ်းမှ လှေခွာလာသည်။ လှော်နေသည့် တက်များကလည်း အကောင်းမဟုတ်၊ တစ်ခြမ်းပဲ့တက်တွေ ဖြစ်သည်။

ရေထဲမှာ လှေသွားနေပုံက ညင်သာလှလေသည်။ နေလုံးက အနောက်ဘက်ကောင်းကင်မှာ ဝင်လုဆဲဖြစ်နေပြီး ဧရာဝတီမြစ်ရေပြင်ပေါ်မှာ နီရဲသော ဆည်းဆာရောင်ခြည်များကို ပက်ဖျန်းထားသည်။ ရေလယ်မှာ ထွန်းနေသည့် သောင်ကြီးများကို တွေ့ရသည်။ မိုးအခါတွင် သည်သောင်များအားလုံး ရေအောက်မှာ နစ်နေကြပေလိမ့်မည်။

ဒဏ်ရာရသည့် ကျွန်တော့်ကို မိုးမိတ်အနီးမှာ ထားခဲ့ပြီး နောက်ပိုင်း ဆက်လက်ဖြစ်ပွားသည့် အမှတ် (၁) စစ်ကြောင်း၏ အတွေ့အကြုံများကို တပ်ကြပ်ကလေး ပြန်ပြောပြသည်။

တပ်ကြပ်ကလေး၏ စိတ်နေသဘောထားနှင့် ပြုမူလှုပ်ရှားပုံများမှာ နှစ်သက်သဘောကျစရာကောင်းလှသည်။ ကျွန်တော့်ကို သူကောင်းကောင်း သိနေသည်။ သို့သော်လည်း သူ့ကို ကျွန်တော် မမှတ်မိပါ။ သူ၏ မိခင်စစ်ကြောင်းသည် အမှတ် (၁) စစ်ကြောင်းဖြစ်ပုံရသည်။ ကျွန်တော်၏ မိခင်စစ်ကြောင်းဖြစ်သော အမှတ် (၂)စစ်ကြောင်းမှ ဟုတ်ပုံမရ။ ဟုတ်လျှင် ကျွန်တော် သိလောက်သည်။ ဒဏ်ရာရသဖြင့် ပစ်ထား





ခဲ့ရသည့် အရာရှိဆို၍ ကျွန်တော်တစ်ဦးတည်းသာရှိသည်။ ထို့ကြောင့်လည်း ကျွန်တော့်ကို သူ သိနေခြင်း ဖြစ်ပုံရသည်။

သူ့ကိုယ်ပေါ်မှာ ရှိနေသည့် အဝတ်အစားများအားလုံး စုတ်ပြတ်နေသည်။ လူရုပ်လည်းမပေါ်တော့ပြီ။ ဆိုးရွားလှသည့် ရာသီဥတုဒဏ်များကို ခံထားရသောကြောင့် အသားအရောင်လည်း အလွန်မည်းနက်နေပြီ။

ကျွန်တော်တို့ စစ်ကြောင်းသည် ယနေ့မနက်ကမှ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းကို ရောက်လာကြောင်း၊ မြစ်ရိုးတစ်လျှောက်တွင် ရှိရှိသမျှလှေများကို ဂျပန်များက သိမ်းသွားကြောင်း၊ စက်တပ်မော်တော်နောက်မှာ ချိတ်တွဲပြီး ယူဆောင်သွားလာနေကြကြောင်း၊ ကျွန်တော်တို့ ဖြတ်ကူးတော့မည်ကို ကြိုတင်မှန်းဆထားပြီးဖြစ်သောကြောင့် ဖြတ်နိုင်မည့် နေရာမှန်သမျှကို ပိတ်ဆို့ထားကြောင်း။

ထိုသတင်းများကို ကြားရသော်လည်း စစ်ကြောင်းမှူး ဗိုလ်မှူးဒန်းလော့က ဧရာဝတီမြစ်ကို မဖြစ်မနေ ဖြတ်မည်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ရွာသားများ ဝှက်ထားသည့် လှေကွဲကြီးနှစ်စီးကို ရအောင်ငှားပြီး ယခုလို ဖွတ်ဖြတ်ကူးကြခြင်းဖြစ်ကြောင်း၊ လှေကွဲကြီးနှစ်စီးဖြင့် တစ်နေကုန် ကူးသယ်ခေါက်သယ် ဖြတ်ကူးနေရာ ကျန်စစ်ကြောင်းကြီးတစ်ခုလုံး အနောက်ဘက်ကမ်းသို့ ရောက်သွားကြပြီဖြစ်ကြောင်း၊ ကျွန်တော်တို့ လှေနှစ်စီးသည် နောက်ဆုံးဖြစ်ကြောင်း တပ်ကြပ်ကလေးက ပြောပြသည်။

ဆရာဝန် ဗိုလ်ကြီးလပ်စ်တို့လှေသည် ကျွန်တော်တို့နောက် ကိုက်သုံးဆယ်လောက်မှ ပါလာသည်။

"ဟိုဘက်မှာ ဂျပန်တွေရှိနေနိုင်တယ်၊ မနက်တုန်းက ဝမ်းဝဲလ်နဲ့ တပ်စိတ်တစ်စိတ်ကို ရှေ့ကြိုလွှတ်လိုက်တယ်၊ တစ်နာရီလောက်ကြာတော့ ဘရင်းဂန်းဆွဲသံ ကြားရတယ်၊ ပြီးတော့ တိတ်သွားတယ်၊ နောက်ဘာဖြစ်မှန်းလဲ မသိဘူး၊ အဲဒီအချိန်က စပြီး ဝမ်းဝဲလ်တို့ရဲ့ တပ်စိတ်နဲ့လည်း ပြန်မတွေ့ရတော့ဘူး၊ ကျွန်တော်တို့တော့ ဘာမှနားမလည်နိုင်အောင် ဖြစ်နေတယ်ဗိုလ်ကြီးရယ်" ဟု တပ်ကြပ်ကလေးက ပြောသည်။

စကားလမ်းကြောင်း ပြောင်းပေးသည့်အနေဖြင့် မူလ စီစဉ်ထားသည့်အတိုင်း ရွှေလီမြစ်ကို ဘာကြောင့် ဖြတ်မကူးသနည်းဟု ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က မေးကြည့်သည်။

"ကျွန်တော်တို့ ကြိုးစားတာပေါ့ ဗိုလ်ကြီးရာ၊ နှစ်ကြိမ်၊ သုံးကြိမ် ကြိုးစားတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဖြတ်မယ်ကြံတိုင်း ဂျပန်တွေက အမြဲရောက်နှင့်နေကြတာချည်းပဲ၊ တစ်နေရာမှာတော့ တောထဲကနေပြီး ကျွန်တော်တို့ အသာကလေး ထွက်ခဲ့တယ်၊ ရွှေလီမြစ်ကမ်းကို ကပ်တယ်၊ အဲဒီနေရာက ရေစီးကလည်း သိပ်ကြမ်းတဲ့နေရာ။

ရိုင်ဖယ်သေနတ်ကြိုးတွေကို ဆက်ပြီး သုံးယောက်တစ်တွဲ ကြိုးနဲ့ ပူးချည်တယ်၊ ပြီးတော့ တစ်ဖက်ကမ်းကို အစုလိုက်ကူးတယ်၊ ရေလယ်လောက်လည်းရောက်ရော တစ်ဖက်ကမ်းကနေပြီး ခွေးမသားတွေက ဆီးဆော်တော့တာပါပဲဗျာ၊ ရေလယ်မှာ သုံးယောက် လောက်ကျသွားတယ်၊ ဟိုဘက်ကမ်းကို ကျွန်တော်တို့ လူသုံးယောက် တပ်ကျုံ့ပြီး ရောက်သွားတယ်၊ အလကားကောင်တွေ၊ ဟိုဘက်ကမ်း တက်သွားတာများဗျာ၊ ယောက္ခမအိမ် တက်သွားတဲ့အတိုင်းပဲ၊ ဟိုဘက်က ကွိခနဲ ဆီးဖမ်းတာပေါ့၊ ကျွန်တော်တို့လည်း နောက်ကြောင်း ပြန်ကူးပြေးရတော့တာပေါ့၊ ရေစီးက ကြမ်းတာက တစ်ကြောင်း၊ ဟိုဘက်မှာ သူတို့ရှိပြီး ဒီဘက်မှာ ကျွန်တော်တို့ ရှိနေတာ တစ်ကြောင်းဆိုတော့ သူတို့ဘက်လည်း ကျွန်တော်တို့ မသွားနိုင်၊ ကျွန်တော်တို့ ဘက်လည်း သူတို့မလာနိုင်ဘူး၊ သူ ကိုယ်မနိုင်၊ ကိုယ့် သူမနိုင် သရေပွဲကြီးပေါ့ ဗိုလ်ကြီးရာ မနိပ်ဘူးလား။

ဖောင်လုပ်ဖို့ ကျွန်တော်တို့ ကြိုးစားကြတယ်၊ သစ်သားတစ်ဝက်လောက်လည်းရရော ခွေးမသားတွေ ကျွန်တော်တို့ဘက်ကမ်းမှာ ပေါ်လာပြန်ရောဗျ၊ တောထဲက ထွက်လာကြတာ၊ အဲဒီမှာတော့ အပြန်အလှန် လူသတ်ပွဲကြီးပဲ၊ ကျွန်တော်တို့ဘက်ကလည်း မြင်မကောင်းအောင် အတုံးအရုံး ကျကုန်တယ်၊ သူတို့ဘက်မှာလည်း မြင်မကောင်းအောင် အလောင်းတွေ တောင်ပုံရာပုံပဲ၊ ကျွန်တော်တို့လည်း တောင်ကြားထဲကို ပြန်ဝင်ပြီး ဘာဆက်လုပ်ကြမလဲ ဆိုတာ စဉ်းစားရတော့တယ်။

အဲဒီမှာ ဗိုလ်ကြီးဗီဗီယန်ဝက်သရော ကျရရှာတာပဲ၊ ဗိုလ်ကြီးဝက်သရောက တပ်စုတစ်စုနဲ့ သူတို့ထဲကို အတင်းဝင်ဖောက်ပြီး တိုက်တယ်၊ ခွေးသားတွေ ပြေးလိုက်ကြတာ အမြီးကိုဘန်းလို့၊ ဒါပေမယ့် ခွေးသား





စက်သမားတစ်ကောင်က ချုံပုတ်ထဲမှာ ပုန်းနေရစ်ခဲ့တယ်၊ ဘယ်လောက်သတ္တိနည်းပြီး ဘယ်လောက် သောက်ရှက်နည်းသလဲ၊ တကယ်ဆို တခြားကောင်တွေနဲ့အတူရောပြီး သတ္တိရှိရှိ ထွက်ပြေးပါတော့လား၊ အခုတော့ ချုံပုတ်ထဲမှာ ပုန်းပြီး ဗိုလ်ကြီးကို ပစ်တော့တာပဲ၊ တော်တော် သောက်ရှက်မရှိတဲ့ ခွေးမသား၊ စစ်တိုက်တာ ချုံထဲပုန်းနေရတယ်လို့ဗျာ၊ ခုတော့ သူ့လက်ချက်နဲ့ ဗိုလ်ကြီးဝက်သရော ကျတော့တာပေါ့၊ ဗိုလ်ကြီးဝက်သရောဟာ တကယ့် အရာရှိကောင်းတစ်ယောက်ပါ ဗိုလ်ကြီးရယ်"

ဗီဗီယန်ကျဆုံးခဲ့ရှာပြီ။ *"တကယ့်အရာရှိကောင်းတစ်ယောက်ပါ"* ဟု တပ်ကြပ်ကလေးက ပြောသည်။ သည်လောက် တန်ဖိုးရှိသော ချီးကျူးစကားမျိုးကို မည်သည့် ဗြိတိသျှအရာရှိမျှ ပြောနိုင်တော့မည် မဟုတ်ကြောင်း ကျွန်တော် သဘောပေါက်နားလည်လိုက်ပါသည်။

ဗီဗီယန် ကျဆုံးသွားသည်နှင့်တစ်ပြိုင်တည်း စစ်ကြောင်းကြီး တစ်ခုလုံး မရှက်နိုင် မကြောက်နိုင် အော်ဟစ်ငိုကြွေးကြသည်ဟု ဆိုသည်။ သူ့ကို လူတိုင်းက ချစ်ကြသည်၊ လေးစားကြသည်။ သူ့လက္ခဏာကို ကြည့်ပြီး ဗေဒင်ဟောရန် ပြောသောအခါ သူ့မိခင် မျက်စိမျက်နှာပျက်သွားသည်ကို ကျွန်တော် ပြေးသတိရလိုက်သည်။ ယခု တိုက်ပွဲမှာ သူသားကျသွားကြောင်း သိရမည်ဆိုလျှင် မည်သို့ ရှိလေမည်နည်း။

တပ်ကြပ်ကလေး ဇာတ်ကြောင်း ပြန်လှန်ပြီးသောအခါ ခဏတော့ တိတ်ဆိတ်ငြိမ်သက်သွားသည်။ နောက်ပိုင်းသို့ ကျွန်တော် လှမ်းကြည့်သည်။ ဆရာဝန်ဗိုလ်ကြီးတို့၏ လှေများသည် ကျွန်တော်တို့နောက် အတော်လှမ်းလှမ်းမှာ ကျန်ခဲ့သည်။ ဝမ်းဗိုက်ထဲမှ ရေများကို ဟန်းကောနှင့် ဝိုင်းပက်ထုတ်နေကြရာ ဝင်လုဆဲနေရောင်ခြည်အောက်မှာ တလက်လက် မြင်နေရသည်။

"အဲဒီလှေကတော့၊ ကတော့ကြီးကျနေတာပါပဲ ဗိုလ်ကြီးရာ၊ ယိုလိုက်ရတဲ့ရေ မပြောပါနဲ့တော့၊ ဘယ်တော့နစ်မလဲ. . . ဘယ်တော့ နစ်မလဲနဲ့၊ ကျွန်တော်တို့ တစ်နေကုန် စောင့်ကြည့်နေကြတာ ဒါပေမယ့် လှေစုတ်ကြီးက မနစ်ဘူးဗျာ. . . ဟား. . . ဟား. . . ဟား. . ."

ကျွန်တော့်အတွေးကို သိဟန်ဖြင့် တပ်ကြပ်ကလေးက ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးတို့လှေကို ကြည့်ပြီး ပြောနေသည်။

"အိန္ဒိယပြည် ပြန်ရောက်အောင် ကျွန်တော်တို့ ဘယ်လောက်ကြာကြာ သွားရမလဲဗိုလ်ကြီး" မုတ်ဆိတ်မွေး၊ ပသိုင်းမွေးဗရပျစ်ရှိသော အခြားရဲဘော်ကလေး တစ်ယောက်က လှမ်းမေးသည်။

"ဘယ်လောက်ကြာမလဲ. . . ဟုတ်လား၊ ငါလည်း အတိအကျ မပြောတတ်ပါဘူးကွာ၊ နှစ်ပတ်လောက်တော့ ကြာလိမ့်မယ်ထင်တာပဲ"

သည်လောက်သာလျှင် အကောင်းဆုံးသောအဖြေကို ကျွန်တော် ပေးနိုင်ပါသည်။ ရက်သတ္တပတ် သုံးပတ်ဆိုသည်မှာ အလွန်ဆုံးဖြစ်နိုင်သည်။ ထို့ထက် နောက်ကျသွားလျှင် မြန်မာပြည်ထဲမှာ မိုးကျပေတော့မည်။ မိုင် (၂၀၀)လောက်ခရီးကို ရန်သူ ထပ်ထပ်ကြမ်းနေသည့် ကြားမှ ဖြတ်ကျော်ရဦးမည်။

ရောဝတီမြစ်သည် အသက်စွန့်ပြီး ဖြတ်ရသည့် ပထမဦးဆုံးသော အတားအဆီးတစ်ခုသာ ဖြစ်သေးသည်။ ဟိုဘက်မှာ ဖြတ်ကျော်စရာတွေ ကျန်သေးသည်။ မူးမြစ်၊ ပြီးတော့ ချင်းတွင်းမြစ်၊ အသက်ကိုရင်းပြီး ဖြတ်ကူးရမည့် မြစ်များ။ ထိုမျှမကသေး၊ ယင်းမြစ်များတစ်ဝိုက်တွင် ရန်သူတို့ကလည်း ပိုမိုကြီးမားသည့် အင်အားဖြင့် စောင့်ဆိုင်းနေကြပေလိမ့်မည်။ ကူးဖြတ်နိုင်သည့် လှေသမ္ဗန်မှန်သမျှကိုလည်း ရန်သူတို့က သိမ်းပိုက်ထားပြီး ဖြစ်လိမ့်မည်။ ကျွန်တော်တို့ကို အကူအညီမပေးရန် တိုင်းရင်းသား ရွာသူရွာသားအားလုံးကိုလည်း ရန်သူတို့က ခြိမ်းခြောက်ထားပြီး ဖြစ်လိမ့်မည်။

သို့ဆိုလျှင် လမ်းခရီးမှာ တိုင်းရင်းသားများထံမှ ဘာအကူအညီကိုမှ ကျွန်တော်တို့ မရနိုင်။ အစားအသောက် မရနိုင်။ ရေတစ်ပေါက်ပင်လျှင် မရနိုင်။

တစ်ဖက်ကမ်းသို့ရောက်ရန် လေးပုံတစ်ပုံခန့်သာ ကျန်တော့သည်။ ကျွန်တော့်တို့ စစ်ကြောင်း ရွှေလီမြစ်သို့အကူး ချုံခိုအတိုက်ခံရသည့် မြင်ကွင်းကို ကျွန်တော် တွေးမကြည့်ပဲ မနေနိုင်အောင် ဖြစ်နေသည်။ မည်မျှ အဖြစ်ဆိုးလိုက်လေမည်နည်း။

"ဒီနေ့ ဘယ်နှစ်ရက် ရှိသွားပြီလဲ . . . . ဘယ်သူများသိသလဲ"





ကျွန်တော်က လှေထဲမှာ ရှိနေသူများကို လှည့်မေးသည်။ သူတို့လည်း အသေအချာ သိပုံမရ။ တစ်ယောက်တစ်ပေါက် ပြောနေကြသည်။

"ဒီနေ့ ဧပြီလ (၁၃)ရက်နေ့လို့ ထင်တယ် ဗိုလ်ကြီး၊ ကျွန်တော့် ဒိုင်ယာရီထဲမှာ ရက်တချို့ကိုတော့ ကြက်ခြေမခတ်ခဲ့မိဘူး"

ဧပြီလ (၁၃)ရက်။ သည်လိုဆိုလျှင် ရန်သူ့နယ်မြေတွင်းသို့ ကျွန်တော်တို့ ဝင်ခဲ့ကြသည်မှာ (၆၆)ရက် ရှိသွားပြီ။ နာရီအားဖြင့် (၁၅၈၄) နာရီ ရှိသွားပြီ။ ချွေးနှင့် သွေးနှင့်၊ အကြောက်တရားနှင့် သေခြင်းနှင့် တောနှင့် တောင်နှင့်၊ ဂျပန်နှင့် ဆာလောင်ခြင်းနှင့် မွတ်သိပ်ခြင်းနှင့် လုံးထွေးခဲ့ရသော (၆၆)ရက်။ သို့တည်းမဟုတ် နာရီပေါင်း (၁၅၈၄)နာရီ။

ဘုရား ဘုရား သည်လိုအဖြစ်ဆိုးတွေနှင့် ဘယ်လောက်များများ ဆက်လက် ကြုံတွေ့နေရဦးမည်နည်း။

ထိုအချိန်မှာပင် ကျွန်တော့်ခေါင်းထဲသို့ အသိတစ်ခု ဝင်လာသည်။ ယနေ့ ဧပြီလ (၁၃)ရက် (အမှန်မှာ ဧပြီလ (၂၃)ရက် ဖြစ်သည်။ ရဲဘော်ကလေးက ဆယ်ရက်ကို မရေတွက်ခဲ့မိသောကြောင့် လွှော့နည်းနေခြင်း ဖြစ်သည်။) ဆိုလျှင် ကျွန်တော့်အသက် (၂၀)တင်းတင်းပြည့်သည့်မွေးနေ့ ဖြစ်ချေသည်။

လွန်ခဲ့သည့် နှစ်တုန်းက သည်လို နေ့မျိုးမှာပင် အိန္ဒိယပြည်သို့ ကျွန်တော်ရောက်ခဲ့သည်။ ကမ္ဘာတစ်ဝက်ကို ဖြတ်ပြီး ရောက်လာခြင်း ဖြစ်သည်။ စိတ်ဓာတ်က ကျောင်းသားကလေး၊ တစ်နည်းဆိုရသော် ကျောင်းသားစိတ်မကုန်သေးသော လူငယ်ကလေး။ ပြီးတော့ ရန်သူကို တိုက်ဖို့ သင်တန်းတက်မည့် ကျောင်းသားကလေး။

ယခုတော့ ကလေးစိတ် မကုန်သေးသည့် ကျောင်းသားကလေး မဟုတ်တော့ပြီ။ စစ်သားရင့်မာကြီး ဖြစ်နေပြီ။ ကျွန်တော် အများကြီး စိတ်ပင်ပန်းသွားပါသည်။

"ဗိုလ်ကြီး အသင့်ပြင်တော့လေ၊ ကမ်းကို ရောက်ဖို့ ကိုက်တစ်ရာလောက်ပဲ လိုတော့တယ်"

ရောဝတီမြစ်ပြင်ထဲမှာ အတွေးရေလျဉ်ကြောသို့ ကျွန်တော် မျောနေသည်။ တပ်ကြပ်ကလေး၏ သတိပေးစကားကြောင့် သတိပြန်ရလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် တပ်ကြပ်ကလေး၏ သတိပေးစကားသည် တစ်ဖက်ကမ်းမှာ အသင့်စောင့်နေသည့် ဂျပန်များ ကျွန်တော်တို့ကို ဆီးကြိုပစ်အောင် အချက်ပေးလိုက်သည်နှင့်လည်း တူသွားတော့သည်။

ကမ်းပေါ်မှ ဂျပန် စက်သေနတ်သံက ရုတ်တရက် ဆူညံသွားတော့သည်။ ကျွန်တော်တို့ ခေါင်းပေါ်မှနေ၍ အနီးကပ်ပစ်လိုက်ခြင်းဖြစ်သည်။ လှေပတ်လည်မှ ရေပြင်ပေါ်မှာ ကျည်ဆန်တွေ တသောသောကျလာသည်။ အချို့က ခေါင်းပေါ်မှ လွင့်ထွက်သွားသည်။ ကြောက်မက်ဖွယ် အကောင်းဆုံးသော အချိန်ကလေး အတွင်းမှ အဖြစ်အပျက်များကို ကျွန်တော် ကောင်းစွာ အမှတ်ရနေသေးသည်။

ဧပြီ (၁၃)ရက်ဖြစ်ကြောင်း ကျွန်တော့်ကို ပြောပြသည့် ရဲဘော်ကလေးသည် လှေနံရံပေါ်သို့ စောင်းကျသွားသည်။ သူ့ဆံပင်များက ရေထဲမှာ ပေါလောပေါ်နေသည်။ တခြားတစ်ယောက်က အပေါ်သို့ မြောက်တက်သွားပြီး သူ့ရဲဘော်များအပေါ်သို့ ပြန်လန်ကျသွားသည်။

လှေကို ထိန်းမရတော့။ အားလုံး ဗရန်းသုန်းကား ဖြစ်သွားကြလေရာ လှေထဲမှာလည်း ရေတွေ ပြည့်လာသည်။ ပြီးတော့ လှေမှောက်သွားသည်။ ကျည်ဆန်များက ကျွန်တော့်ခေါင်းပေါ်မှ လက်မအနည်းငယ်မျှသာကွာပြီး လှေကို လာမှန်နေသည်။ လှေမှောက်သွားသဖြင့် တစ်ဖက်ခြမ်းသို့ ကျွန်တော် ရောက်သွားသည်။ လှေက ကျွန်တော့်ကို ကာပေးထားသလို ဖြစ်သွားသည်။ သည်အတိုင်း ငြိမ်နေလိုက်ခြင်းသည်သာလျှင် အလုံခြုံဆုံး ဖြစ်ပေလိမ့်မည်။

စက်သေနတ်ကျည်ဆန်တွေက မိုးသီးမိုးပေါက်ပမာ ကျနေသည်။ ကမ်းသို့ရောက်ဖို့ ကိုက်တစ်ရာလောက် ကျန်ရှိနေသေးရာ ဒဏ်ရာရထားသည့် ခြေထောက်ဖြင့် ကျွန်တော် ရောက်အောင် ကူးနိုင်လိမ့်မည် မထင်။

ဖိနပ်ထဲသို့ ရေဝင်သောကြောင့် သိပ်လေးလာသည်။ ကျောပိုးအိတ် ပြုတ်ကျသွားသည်။ လှေက ရေစီးကြောင်းအတိုင်း တဖြည်းဖြည်းမျောပါသွားသည်။ ရေစီးကြောင်းက ကမ်းဘက်သို့ မသိမသာ ရွေ့သွားကြောင်း သတိထားမိသည်။ ရှိသမျှအားကို အကုန်သုံးပြီး ကမ်းဘက်သို့ ယက်ယူရသည်။ ဖိနပ်များက ပိုလေးလာကာ ကျွန်တော့်ကို ရေအောက်





သို့ ဆွဲချနေသည်။

စက်သေနတ်သံ တိတ်သွားသည်။ လှေပေါ်မှာပါသူ အားလုံးကိစ္စတုံးကုန်ပြီဟု ရန်သူတို့ ထင်လိုက်ပုံရသည်။ အနောက်ဘက်ကမ်းပေါ်မှာ တိုက်ပွဲဆက်ဖြစ်နေပြီ။ ကျွန်တော်တို့၏ ဘရင်းဂန်းနှင့် တော်မီဂန်းသံများကို ကြားရသည်။ ကမ်းပေါ်ရှိ ချုံပုတ်များထဲမှ လူသုံးယောက် သောင်ပြင်ပေါ်သို့ လေးဘက်တွားဆင်းလာပြီး လှေပေါ်မှ အသက်ရှင်နေသေးသူများကို ကမ်းပေါ်သို့ ဆွဲတင်နေသည်။ သောင်ပြင်ပေါ်မှာ ချင်းချင်းနီနေသည်။ သွေးများကား မဟုတ်ပါ။ ဆည်းဆာရောင်က သွေးရောင်ဖျန်းပေးထားခြင်း ဖြစ်သည်။

ရဲဘော်သုံးယောက်သည် သောင်ပြင်ပေါ်မှာ သူတို့ တာဝန်ကို တည်ငြိမ်စွာ ထမ်းဆောင်နေကြသည်။ စက်သေနတ်က သူတို့ကို ဦးတည်ပြီး ပစ်နေပြီ။ ဂျပန်ကျည်ဆန်ကို သူတို့ 'ပြီး' နေကြပုံမျိုး ဖြစ်သည်။ နောက်ဆုံး ကမ်းပေါ်ရှိ ချုံပုတ်များအတွင်းသို့ သူတို့ အောင်မြင်စွာ ပြန်လည် ဝင်ရောက်သွားကြသည်။ မသေဘဲ ကျန်နေသူများကိုလည်း ကယ်တင်လိုက်နိုင်သည်။

မြစ်လယ်ဆီသို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ဆရာဝန်ဗိုလ်ကြီးလပ်စ်ခ်တို့၏ လှေသည် ရေလယ်မှာသာ ရှိသေးသည်။ သို့သော် ကျွန်တော်တို့ဘက်သို့ ဦးမတည်တော့။ လာလမ်းအတိုင်း အရှေ့ဘက်ကမ်းကို ပြန်လှော်ပြေးကြပေပြီ။ တကောင်းရွာမှာ သူတို့ လုံလုံခြုံခြုံ နေနိုင်ကြပေလိမ့်မည်ဟု ကျွန်တော် ထင်သည်။ သူနှင့် ကျွန်တော် ပြန်တွေ့ခွင့် မကြုံတော့ပါ။ နောက်တွင် စစ်သို့ပန်းဘဝဖြင့် ဂျပန်အကျဉ်းထောင်ထဲမှာ သူ ကွယ်လွန်သွားရှာလေသည်။

ရွှံ့ညွှန်တွေ ဖုံးနေသည့်ကမ်းနှင့် ဆယ်ကိုက်လောက်သာ ကွာတော့သည်။ သည်နေရာမှာပင် စွန့်စားပြီး လှေကို ခွာသင့်သည်ဟု ကျွန်တော် တွေးလိုက်မိသည်။ လှေကို တွန်းထုတ်လိုက်ပြီး ကမ်းသို့ကူးခဲ့သည်။ ဒဏ်ရာရထားသည့် ခြေထောက်က နာလာသည်။ သို့သော်လည်း ဆက်ကူးခဲ့သည်။ ရေစပ်ကို ရောက်တော့ ကမ်းပေါ်ရှိ ချုံပုတ်များဆီ အရောက်ပြေးရသည်။ သို့သော်လည်း ရေတွေပြည့်နေသည့် ဖိနပ်အစုံက အလွန်



www.burmeseclassic.com

www.burmeseclassic.com



တရာ လေးလံနေပြီ၊ ထင်သလောက် ပြေးနိုင်မည် မဟုတ်။

ခြောက်လုံးပြူးထဲမှာ ရှိနေသည့် ရေစိုသွားသော ကျည်ဆန်ခြောက်တောင့်ကို လွှင့်ပစ်လိုက်သည်။ ရေလုံပလတ်စတစ်ဘူးထဲမှ ကျည်ဆန်အသစ်ကို ထုတ်ယူဖြည့်လိုက်သည်။ ရေစပ်ကိုကပ်ပြီး ကမ်းပေါ်သို့ တက်မည်အပြုတွင် နောက်ဘက်မှ အော်ခေါ်သံ ကြားရသည်။

"ဗိုလ်ကြီး. . . ကျွန်တော့်ကို စောင့်ပါဦးဗျ"

လှည့်ကြည့်လိုက်တော့ ကျွန်တော့်လှေပေါ်မှ တပ်ကြပ်ကလေးဖြစ်သည်။ ကမ်းဆီသို့ သူကူးလာသည်။ ရိုင်ဖယ်သေနတ်ကို ခေါင်းပေါ်မှာ မြှောက်ထားသည်။ သူ့ကို ကျွန်တော် လှမ်းဆွဲလိုက်သည်။ ကမ်းပေါ်ရောက်သည်နှင့် တစ်ပြိုင်တည်း လည်ပင်းမှ ရိုင်ဖယ်သေနတ်ကို ဖြုတ်ကာ ကျည်ဆန်အသစ်ဆယ်တောင့် ထည့်လိုက်သည်။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ ဗိုလ်ကြီး"

မျက်လုံးပေါ် ဖုံးနေသည့် ရေစိုနေသော ဆံပင်များကို ယမ်းခါပစ်ရင်း သူကမေးသည်။ တဖြည်းဖြည်း မှောင်လာပြီ။ သို့သော်လည်း သူ့မျက်လုံးများ ပြူးနေသည်ကို အတိုင်းသား မြင်နေရသည်။ ထို့ကြောင့် ကျွန်တော် စိတ်သက်သာရာရသွားသည်။

"တို့နှစ်ယောက် လူချင်း မကွဲဖို့ အရေးကြီးတယ်၊ တို့လုပ်ရမှာ ဒါပဲ၊ တို့မှာ ရိက္ခာ မရှိဘူး၊ ပိုက်ဆံ မရှိဘူး၊ မြေပုံ မရှိဘူး၊ ဘာမှမရှိဘဲနဲ့ မိုင် (၂၀၀)ခရီးကို တို့အရောက်သွားရမယ်၊ ဒါပေမယ့် တို့ လူချင်းကွဲမသွားရင် အဲဒီခရီး ရောက်ရမယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

"စိတ်ဓာတ်ကျ မစေစမ်းပါနဲ့ ဗိုလ်ကြီးရာ၊ ကျွန်တော့်မှာ ငွေငါးကျပ်ကြီးများတောင်ရှိပါသေးတယ်ဗျ။ ပြီးတော့ မြေပုံတစ်ခုလည်း ရှိတယ်၊ မိုးမိတ်တုန်းက တပ်ကြပ်ကြီး တစ်ယောက်ဆီက ဘီစကွတ်တစ်ထုပ်နဲ့လဲလာခဲ့တယ်။ သူက ငတ်ပြီး မသေချင်ဘူးတဲ့၊ ကျွန်တော်က ရန်သူသတ်လို့ မသေချင်ဘူး၊ ဒီတော့ သူက သောက်တော်၊ ကျွန်တော်က သောက်ကြောက် နှစ်ယောက်စလုံး အကျိုးရှိသွားတယ်၊ ဘယ်လောက် ဟန်ကျသလဲ၊ ဟား. . . ဟား"

"ကောင်းပါလေကွာ ငါ့မှာ မြေပုံဖတ်ဖို့ ကွန်ပါရှိတယ်၊ ကဲ သွားကြစို့"





ကျွန်တော်တို့ရှေ့မှာရော၊ ပတ်လည်မှာပါ တိုက်ပွဲဖြစ်နေပြီ။ နှစ်ဖက် ပစ်ခတ်သံများကို ကြားနေရသည်။ ရန်သူတို့၏ ချုံခိုတိုက်ခိုက်မှုကြောင့် ကျွန်တော်တို့ စစ်ကြောင်းကြီးသည် အုပ်စုကလေးများအဖြစ် တကွဲစီ ဖြစ်သွားသည်။ အုပ်စုကလေးများမှတစ်ဖန် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ထပ်ကွဲသွားပြန်သည်။ တချို့က တစ်ဦးချင်းကွဲပြီး ကိုယ့်အသက်ကိုယ်လုကာ ကိုယ့်လမ်းကိုယ် ပြေးကြရတော့သည်။

အနောက်ဘက်သို့ ဦးတည်ပြီး ကျွန်တော်တို့ လာခဲ့ကြသည်။ ရှေ့မှာ တောကြီးက ခံနေသည်။ ချုံပုတ်တွေ ရှိသည်။ ဝါးရုံတွေ ရှိသည်။ ငှက်ပျောတော ရှိသည်။ သစ်ကိုင်းတွေက အသားများကို ရှပြန်သည်။ အရိုးခိုက်အောင် နာလှသည်။ ဒါတွေကို အရေးစိုက်မနေနိုင်။ တိုက်ပွဲဖြစ်နေသည့် နေရာနှင့်လွတ်အောင် သွားနိုင်ဖို့သာ အရေးကြီးနေသည်။

သည်နေရာမှာ ဂျပန်တွေ ခြေချင်းလိမ်နေအောင် ရှိနိုင်သည်။ ကျွန်တော်တို့ နှစ်ယောက်သည် ဆယ်မိနစ်ခန့် မနားတမ်းပြေးခဲ့ကြရာ တောနက်နက်အတွင်းရှိ တောင်ကုန်းကလေးတစ်ခုသို့ ရောက်လာကြသည်။ သည်ပတ်ဝန်းကျင်တွင် ချုံနွယ်ပိတ်ပေါင်း အထူထပ်ဆုံးသော တောင်ကုန်းကလေး ဖြစ်သည်။ ချုံပုတ်ထဲသို့ဝင်ပြီး အမောပြေအောင်၊ အသက်ရှူမှန်အောင် နားကြသည်။ အသက်ရှူမှန်တော့မှ လွတ်မြောက်ရေးအတွက် အတိအကျဆုံး အစီအစဉ်ကို စီစဉ်ကြရတော့သည်။

လထွက်ချိန်အထိစောင့်မည်။ ထိုအချိန်ဆိုလျှင် သည်နေရာတစ်ဝိုက်မှာ ရှိနေသည့် ဂျပန်များသည် ဖရိုဖရဲ ဆုတ်ခွာသွားသော ကျွန်တော်တို့ တပ်များနောက်သို့ လိုက်ကြပေလိမ့်မည်။ ထိုအချိန်ကျမှ သည်နေရာကို ခွာပြီး မီးရထားလမ်းရှိရာသို့ ဦးတည်ချီတက်ရမည်။ ယင်းမီးရထားလမ်းသည်လည်း ကျွန်တော်တို့ နောက်ထပ်ကျော်ဖြတ်ရဦးမည့် အခက်အခဲတစ်ခုပင် ဖြစ်သည်။

တောတိုးသံတစ်ခုကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ ရှေ့ဘက်ကိုက် (၂၀၀)လောက်က ဖြစ်သည်။ ကျွန်တော်တို့ ငြိမ်နေလိုက်ကြသည်။ ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။ တပ်ကြပ်၏ ရိုင်ဖယ်သေနတ် လုံခြုံရေးမောင်းဖြုတ်သံကို ကြားလိုက်ရသည်။ တောတိုးသံက



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း နီးလာသည်။ စက္ကန့်အနည်းငယ်ကြာတော့ ဗြိတိသျှ စစ်သားတစ်ယောက် ဒယိမ်းဒယိုင် လျှောက်လာသည်ကို တွေ့ရသည်။

သူတစ်ကိုယ်လုံးမှာ သွေးချင်းချင်းရဲနေသည်။ လက်တစ်ဖက်က ဘေးမှာ တွဲလောင်းဖြစ်ပြီး ပတ်ချာလည်နေသည်။ အတောင်ပံတစ်ချောင်း ကျိုးနေသည့်ကြက်လို ဖြစ်နေသည်။ သူ့ကို ခပ်တိုးတိုး လှမ်းခေါ်ကြည့်သည်။ ကြားပုံမရချေ။ အလွန်အကျွံ အရက်မူးနေသူ တစ်ယောက်လို ကျွန်တော်တို့ တည့်တည့်သို့ လျှောက်လာသည်။ ကျွန်တော်တို့ကိုလည်း မြင်ပုံမရ။

တပ်ကြပ်က ခုန်ထွက်သွားပြီး ချုံပုတ်ထဲသို့ ဆွဲသွင်းလာသည်။ စက်သေနတ်ကျည်ဆန်ကြောင့် သူ ဘယ်ဘက်လက် ကြေမွနေသည်။ ရင်ဘတ်ထဲသို့လည်း ကျည်ဆန်နှစ်တောင့် ဝင်ထားသည်ကို တွေ့ရသည်။ သူ့လက်မောင်းတစ်ဖက်ထဲသို့ ကျွန်တော်က မော်ဖီးယားဆေးထိုးသွင်းလိုက်သည်။ တပ်ကြပ်က ရေနည်းနည်းတိုက်သည်။ အနည်းငယ် သတိပြန်လည်လာပုံရသည်။

"ဟောဟိုနားမှာ ဒဏ်ရာရနေသူတွေရှိသေးတယ်" ဟု ပြောရင်း တစ်ဖက်သို့ လက်ညှိုးထိုးပြကာ သူ အိပ်ပျော်သွားတော့သည်။

တပ်ကြပ်က ကျွန်တော့်ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်သည်။ ကျွန်တော်ကလည်း သူ့ကို ပြန်ကြည့်သည်။ စိတ်ထဲမှာ ဖြစ်ပေါ်နေသည်များကို ကျွန်တော်တို့ချင်း အပြန်အလှန် သိနားလည် လိုက်ကြပါသည်။

ဒဏ်ရာနှင့် ရဲဘော်ကို သည်အတိုင်းထားခဲ့ကာ ကျွန်တော်တို့ နှစ်ယောက်တည်း ကိုယ်လွတ်ရုန်းသွားကြမည်လော။ သို့တည်းမဟုတ် ဒဏ်ရာရနေသူတွေ ရှိနေသေးသည်ဆိုသော နေရာသို့ သွားကြည့်မည်လော။

အလွန် စိတ်ထိခိုက်စွာဖြင့် ဒဏ်ရာနှင့် ရဲဘော်ကို ကျွန်တော်တို့ ထားခဲ့ရတော့သည်။ ပြီးတော့ အခြား ဒဏ်ရာနှင့် လူတွေ ရှိသေးသည်ဆိုသော နေရာသို့ သွားပြီး ဘာလုပ်ပေးနိုင်သေးသနည်းဟု စစ်ဆေးကြည့်ရှုရန် ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

"ဆရာရေ သွားစို့၊ ဟိုလူတွေကို သွားကြည့်ရအောင်"





"ကောင်းတယ် ဗိုလ်ကြီး"

တပ်ကြပ်ကလေးသည် တစ်ချက်ကလေး တုံ့ဆိုင်းခြင်း မရှိဘဲ ကျွန်တော်နှင့်အတူ ထလိုက်လာသည်။ ဒဏ်ရာရနေသူတွေရှိသည့် နေရာကို ခက်ခက်ခဲခဲရှာမနေရပါ။ ဒဏ်ရာနှင့်ရဲဘော် လျှောက်လာသည့် လမ်းအတိုင်း လိုက်သွားရုံသာ ရှိသည်။ ချုံပုတ်များတွင် သူ့ဒဏ်ရာမှ သွေးများစွန်းနေသည်ကို လရောင်ဖြင့် ကောင်းစွာ မြင်နေရသည်။ ထိုလမ်းတစ်လျှောက် လိုက်သွားရုံသာ ဖြစ်သည်။ ခဏကြာတော့ . . . စကားပြောသံများကို မသဲမကွဲ ကြားရသည်။

"ဗြိတိသျှ စစ်သားတွေပဲ" ဟု ကျွန်တော်က ပြောသည်။

"အသံသိပ်မကျယ်နဲ့ဦး ဗိုလ်ကြီး၊ မသေချာသေးဘူး၊ ကျွန်တော်တို့ သတိနဲ့ သွားမှ"

လေးဖက်ထောက်ပြီး ရှေ့သို့ ဆက်တက်ခဲ့သည်။ ဗလုံးဗထွေး စကားပြောသံများ ပိုကျယ်လာသည်။ စမ်းချောင်းကလေးတစ်ခုကို တွေ့ရသည်။ စမ်းချောင်းကလေးဘေးမှာ ကွက်လပ်ကလေးရှိသည်။ ထိုကွက်လပ်ကလေးပေါ်တွင် လူတစ်စုကို တွေ့ရသည်။

ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနှင့် လူတစ်ယောက်က လူတစ်စု၏ အလယ်မှာ ရပ်နေသည်။ အင်္ဂလိပ်လူမျိုး ဖြစ်သည်။ သူ့ပတ်လည်မှ ရဲဘော်များက အင်္ဂလိပ်ရော ဂေါ်ရခါးပါ ရောနေသည်။ သူ့ဘယ်ဘက်လက်သည် ဒဏ်ရာရထားပြီး သေနတ်ကြိုးနှင့် သိုင်းချည်ထားသည်။ သွေးများက တစ်စက်စက် ကျနေသည်။ သို့သော်လည်း သူရပ်နေပုံ၊ သူစကားပြောနေပုံကို ကြည့်ခြင်းအားဖြင့် စိတ်ဓာတ်အရရော၊ ခန္ဓာကိုယ်ကြံ့ခိုင်မှုအရပါ အလွန် အစွမ်းထက်လှကြောင်း သိသာလှသည်။

အမိန့်ပေးသည့် လေသံမျိုးဖြင့် သူ ပြောနေသည်။ သဲသဲကွဲကွဲတော့ မကြားရပါ။ ထို့ကြောင့် ရှေ့သို့ ကျွန်တော်တို့ တိုးခဲ့ကြပြန်သည်။ အချို့က သူ့ပတ်လည်မှာ ထိုင်နေသည်။ အချို့က လဲနေသည်။

"ငါပြောနေတယ်မဟုတ်လား၊ အကုန်ထ. . . တို့ ဆက်သွားမယ်" သူ့လေသံက ကျွန်တော်တို့ရှိရာသို့ လွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ တစ်ကောင်မှ မနေခဲ့ရဘူး၊ ကိုယ့်ခြေထောက် ကိုယ်အားကိုးပြီး ဒီတိုင်းပြည်ထဲက လွတ်အောင် ထွက်မယ်။ ကိုင်း ထကြ၊ တစ်ယောက်မကျန် ထကြ"

သူသည် ပြောပြောဆိုဆိုဖြင့် သူ့ခြေထောက်နားမှာ လဲနေသည့် စစ်သားတစ်ယောက်ကို ကောင်းနေသေးသော ညာဘက်လက်ဖြင့် အကျႌစဆွဲပြီး ထူလိုက်သည်။ သို့သော်လည်း အကျႌစသာ စုတ်ပြဲပြီး သူ့လက်ထဲမှာ ပါလာသည်။

"ကျုပ်ကို ထားခဲ့၊ တစ်လက်မမှ ကျုပ်ဆက်မသွားဘူး၊ ဂျပန်အဖမ်းခံမယ်၊ သုံ့ပန်းဖြစ်ရတာကမှ ဒီထက် သက်သာဦးမယ်"

"သူပြောတာ မှန်တယ်ဆရာကြီး၊ ကျွန်တော်တို့ကို စစ်ကြောင်းက ပစ်ထားခဲ့ပြီပဲ၊ ကျွန်တော်တို့ အားလုံး လက်နက်ချမယ်"

အခြား အသံတစ်ခု ပေါ်လာပြန်သည်။

ထိုအသံကို ကြားရသောအခါ ကျွန်တော်နှင့် ဘာမှမဆိုင်တော့သလို စိတ်ထဲမှာ ခံစားရသည်။ တပ်ကြပ်ကလေးနှင့် ကျွန်တော်သည် သူတို့ကို ကျောခိုင်းပြီး ကိုယ့်လွတ်လမ်း ကိုယ်ရှာရန်သာ ရှိတော့သည်။ ဂျပန်ဆီမှာ လက်နက်ချလိုသူပဆိုလျှင်လည်း သူတို့ ကြိုက်ရာလမ်းကို ရွေးပေစေတော့။

ယင်းသို့ စဉ်းစားမိသည့် အခိုက်အတန့်မှာပင် သူတို့ ပြဿနာအတွင်းသို့ ကျွန်တော်ဝင်သင့်ကြောင်း အတွေးပေါ်လာသည်။ "ငါဟာ အရာရှိတစ်ယောက်ပါလား" ဟူသော အသိစိတ်က ကျွန်တော့်ကို နှိုးဆော်လိုက်သည်။ တပ်ကြပ်ကလေး၏ လက်မောင်းကို ကျွန်တော် ဖျစ်လိုက်သည်။

"လာကွာ. . . တို့ဝင်မှ ဖြစ်တော့မယ်"

ကျွန်တော်တို့ နှစ်ယောက် ပြိုင်တူထလိုက်သည်။ သူတို့ ရှိနေရာသို့ ဝင်သွားသည်။ မျက်လုံးအားလုံး ကျွန်တော်တို့အပေါ် ရောက်လာသည်။ တစ်ပြိုင်တည်းမှာပင် သူတို့လက်ညှိုးများလည်း ရိုင်ဖယ်သေနတ်နှင့် တော်မီဂန်းများ၏ ခလုတ်ပေါ်မှာ အသင့်တင်ထားကြပြီး ဖြစ်သည်။

သို့သော်လည်း ကျွန်တော်တို့ နှစ်ယောက်စလုံး ဗြိတိသျှ စစ်သား





များဖြစ်ကြောင်း သိသာလောက်အောင် လရောင်က လင်းထိန်နေပါသည်။ တပ်ကြပ်ကြီးဆီသို့ ကျွန်တော် တန်းလျှောက်သွားသည်။ တင်ပါးက ဒဏ်ရာကြောင့် ထော့ကျိုးထော့ကျိုးဖြစ်နေသည်ကို ကြည့်ပြီး သူ့ကို အထင်မသေးအောင် အတတ်နိုင်ဆုံး မတ်ထားရသည်။ တပ်ကြပ်ကြီးကို ယခင်က ကျွန်တော် မြင်ဖူးသည် မမြင်ဖူးသည် မပြောတတ်ပါ။ သို့သော်လည်း သူက ကျွန်တော့်ကို ချက်ချင်းမှတ်မိကာ ဆီးကြို အလေးပြုသည်။

"ဗိုလ်ကြီး"

"မင်းတို့ကို ပြန်ခေါ်ဖို့ ဟောဒီဆရာနဲ့ ငါ့ကို စစ်ကြောင်းက ပြန်လွှတ်လိုက်တယ်၊ အခုအချိန်ကစပြီး ငါဟာ မင်းတို့ရဲ့ တပ်မှူးပဲ၊ အိန္ဒိယ အရောက် တို့ပြန်ဆုတ်မယ်၊ တို့စစ်ကြောင်းကို မကြာခင် မီအောင် လိုက်ရမယ်"

မလွဲမရှောင်သာ ကျွန်တော် လိမ်လိုက်ရသည်။ ကျွန်တော် လိမ်လိုက်ရသည်မှာ အလွန် ထိရောက်သွားပါသည်။ တပ်ကြပ်ကြီးကတော့ ယုံကြည်ပုံ မရပါ။ သို့သော်လည်း ကျွန်တော့်အမိန့်ကို သူနာခံတော့မည် ဖြစ်ကြောင်း သူ့အမူအရာများက ပြနေသည်။ ပတ်လည်ကို ကျွန်တော် အကဲခတ်ကြည့်လိုက်သည်။ လဲသူလဲ ထိုင်သူထိုင်ဖြင့် အားလုံး ဒဏ်ရာကိုယ်စီနှင့် ရှိနေကြသည်။ အနာများ ဒဏ်ရာများမှ ညှီစို့စို့ အနံ့လည်း ဖုံးလွှမ်းနေသည်။

"ဆရာကြီး နာမည်ပြော"

"ဟေးစ် ဗိုလ်ကြီး၊ ဘုရင့်လေတပ်မတော် တပ်စိတ်မှူး"

သွက်သွက်လက်လက် သူ ပြန်ဖြေသည်။

"ခင်ဗျားနဲ့ လူဘယ်နှစ်ယောက်ရှိသလဲ"

"(၁၄)ယောက် ဗိုလ်ကြီး၊ ဂေါ်ရခါးရဲဘော်လေးယောက် ပါပါတယ်"

"ကောင်းပြီ သူတို့ အခြေအနေကြည့်ရအောင်"

အနောက်ဖူးဖူးသို့ မဆိုင်းမတွ ဆုတ်ခွာလိုသည့်စိတ်က ကျွန်တော့်ရင်ထဲမှာ ပြင်းပြနေပါသည်။ သို့သော်လည်း သူတို့ကိုတော့ မထားခဲ့ရက်။ တပ်ကြပ်ကြီးဟေးစ်က သူ့လူများ၏ အခြေအနေကို လိုက်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ရခါးရဲဘော်နှစ်ယောက်နှင့် ဗြိတိသျှရဲဘော်တစ်ယောက်မှာ မြေပြင်ပေါ်တွင် အသက်ကုန်နေပြီကို တွေ့ရသည်။ ကျန်လူများအနက် နှစ်ယောက်က ရင်ဘတ်တွင် ဒဏ်ရာအတော်ပြင်းသည်။ မည်သည့်နည်းနှင့်မျှ လမ်းလျှောက်နိုင်ကြမည်မဟုတ်။ ကျန်ကိုးယောက်စလုံးလည်း သေနတ်ဒဏ်ရာကိုယ်စီနှင့် ဖြစ်ကြသည်။ သို့သော်လည်း လမ်းလျှောက်နိုင်သည့် အနေအထားတွင် ရှိသည်။

တပ်ကြပ်ကြီးဟောစ်၏ ဘယ်ဘက်လက်မှ ဒဏ်ရာမှာ အတော်ဆိုးပုံရသည်။ ဝေဒနာကို အပြင်းအထန် ခံစားနေရပေလိမ့်မည်။ သို့သော်သူ တစ်ချက်မညည်း။ မျက်နှာ တစ်ချက်မပျက်။

"ဒီနေရာကို ဘယ်လိုလုပ် ရောက်လာတာလဲ ဆရာကြီး"

"တိုက်ပွဲဖြစ်နေတုန်း မြစ်ကမ်းပါးမှာ သူတို့ကို လိုက်ကောက်ပြီး ဒီနေရာ ခေါ်လာတာပါ ဗိုလ်ကြီး"

'လိုက်ကောက်ပြီး ခေါ်လာတာပါ' ဟူသော တပ်ကြပ်ကြီးဟောစ်၏ စကားကို နောက်မှ အပြည့်အစုံသိရတော့သည်။ ဂျပန်က ချုံခိုတိုက်သဖြင့် ရေလယ်က သောင်ပြင်ပေါ်မှာ ကျွန်တော်တို့ ရဲဘော်တွေ အတုံးအရုံးဖြစ်နေကြသည်။ ယင်းတို့အနက် အသက်ရှင်နေသေးသူများကို မကြောက်မရွံ့ သူ ဆင်းကယ်သည်။ သောင်ပြင်ပေါ်မှနေ၍ ချုံပုတ်များရှိရာ ကမ်းပေါ်သို့ တစ်ယောက်ချင်း သယ်ယူသည်။ သူ့စကားအရဆိုလျှင် တစ်ယောက်ချင်းကို လိုက်ကောက်ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ လိုက်ကောက်နေဆဲမှာပင် ရန်သူစက်သေနတ်ကျည်ဆန်က သူ့ဘယ်ဘက်လက်ကို ခြေမွပစ်လိုက်သည်။ လှေကိုစွန့်ပြီး ရေစပ်သို့ ကျွန်တော်အကူး သောင်ပြင်ပေါ်မှာ ဒဏ်ရာရနေသူများကို လိုက်ကောက်နေသောသူ့ကို ကျွန်တော် မြင်ခဲ့ရသေးသည်။ တရစပ်ပစ်နေသည့် ဂျပန် စက်သေနတ်ကို လုံးဝ သူ ဂရုမစိုက်။ ကျွန်တော် မြင်ခဲ့ရသည့် ဂျပန်ကျည်ဆန်ကို ဘာမထီသူသည် ယခု တပ်ကြပ်ကြီးဟောစ်ပင် ဖြစ်ချေသည်။

ဒဏ်ရာနှင့် ရဲဘော်တစ်ယောက်ကို တောင်ကုန်းကလေးအနီးတွင် ကျွန်တော်တို့ ထားခဲ့ကြောင်း တပ်ကြပ်ကြီးဟောစ်ကို ကျွန်တော်က ပြောပြသည်။





"သိပ်သနားစရာကောင်းတဲ့ ရဲဘော်ပါ ဗိုလ်ကြီးရယ်၊ ဒဏ်ရာကြောင့် သူရူးသွားတယ်၊ အိမ်ပြန်တော့မယ်လို့ သွေးရူးသွေးတန်းအော်ပြီး အဲဒီဘက်ကို ထွက်ပြေးသွားတယ်၊ သူကြာကြာလည်း အသက်မရှင်နိုင်ပါဘူး၊ ဒီအတိုင်း ကြည့်နေလိုက်တာဟာ သူ့အတွက် အကောင်းဆုံးပါပဲ ဗိုလ်ကြီး"

ပြီးတော့ ကျွန်တော့်အနားသို့ သူကပ်လာသည်။ အခြားမည်သူမျှ မကြားအောင် ကျွန်တော့်နားနားကပ်ပြီး တိုးတိုးကလေး ပြောသည်။

"ဒီအချိန်မှာ ဗိုလ်ကြီးရောက်လာတာ ကျေးဇူးတင်ပါတယ် ဗိုလ်ကြီးရယ်၊ ကျွန်တော်တို့ကို ပြန်ခေါ်ဖို့ ဗိုလ်ကြီးကို ဘယ်သူကမှ လွှတ်လိုက်တာမဟုတ်ဘူးဆိုတာလဲ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် တခြားနည်းမရှိတော့ဘူး၊ ဗိုလ်ကြီးရဲ့ လှည့်ကွက်ကလေးက သိပ်အဖိုးတန်သွားတယ်၊ ကျေးဇူးတင်လို့ မဆုံးပါဘူး"

အိန္ဒိယပြည်သို့ ဆက်လက်ဆုတ်ခွာဖို့ ကျွန်တော်တို့ ချက်ချင်းပြင်ဆင်ကြသည်။ ရင်ဘတ်မှာ ဒဏ်ရာရထားသော ရဲဘော်နှစ်ယောက်အတွက် ထမ်းစင်ကို ဝါးများခုတ်ပြီး လုပ်ကြသည်။ တပ်ကြပ်ကြီးဟောစ်နှင့် ကျွန်တော်တို့က လက်နက်များကို စစ်ဆေးသည်။ ထမ်းစင်နှင့် လိုက်ရမည့် ရဲဘော်နှစ်ယောက်မှလွဲပြီး ကျန်လူအားလုံးကို လက်နက်ကိုယ်စီတပ်ဆင်ပေးလိုက်သည်။ ရဲဘော်တစ်ယောက်လျှင် ကျည်ဆန် (၃၀)စီခွဲပေးသည်။ ကျွန်တော့်ခြောက်လုံးပြူးကို တပ်ကြပ်ကြီးအားပေးပြီး သူ့ရိုင်ဖယ်ကို ကျွန်တော်က ယူသည်။ သူ့လက်တစ်ဖက်သာ အကောင်းရှိရာ လက်နှစ်ဖက်နှင့် ပစ်ရသော ရိုင်ဖယ်သည် သူ့အတွက် အသုံးမဝင်တော့ပြီ။ သည်လိုဖြင့် အထိုက်အလျောက် တိုက်ခိုက်အားရှိသော တပ်ဖွဲ့ကလေးတစ်ခုကို ကျွန်တော်တို့ ဖွဲ့စည်းပြီး ဖြစ်သွားသည်။

ပြီးတော့ ရိက္ခာအတွက် ပြင်ဆင်ရသည်။ ဆန်လေးပေါင်လောက်စုဆောင်းရသည်။ လူတစ်ကိုယ်လျှင် လက်ခုပ်တစ်ခုပ်စာ ဝေခြမ်းပေးလိုက်သည်။ ရှိသမျှ ငွေတွေစုပြီး တစ်ယောက်လျှင် ငွေဒင်္ဂါးရှစ်ပြားစီဝေပေးသည်။ ကျွန်တော်တို့မှာ မြေပုံရှိပြီ။ ကွန်ပါရှိပြီ။ ရည်မှန်းချက်သို့ ချီတက်နိုင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့စည်းပြီးသည်နှင့် တစ်ပြိုင်တည်း ချီတက်ဖို့ တပ်ကြပ်ကြီးကို ကျွန်တော် အမိန့်ပေးလိုက်သည်။ သည်ကစပြီး ဘုရင့်လေတပ်မတော်မှ တပ်ကြပ်ကြီးတစ်ဦး၊ တပ်ကြပ်တစ်ဦး၊ ဂေါ်ရခါးနှစ်ဦး အပါအဝင် ရဲဘော်ကိုးဦးနှင့် ထမ်းစင်ပေါ်မှ ဒဏ်ရာကြီးသူ နှစ်ဦးတို့ကို ခေါင်းဆောင်ပြီး ကျွန်တော် ချီတက်ခဲ့လေတော့သည်။

ချင်းတွင်းမြစ်ဘက်သို့ ကျွန်တော်တို့ ချီတက်နေကြပြီ။ ဟိုမှာဘက်တွင် ကျွန်တော်တို့အတွက် လုံခြုံရာ အိန္ဒိယပြည်။

✧ ✧ ✧



## အခန်း(၁၄)

## အကျိုးတပ်ကို အကျိုးဗိုလ်က ခေါင်းဆောင်ခြင်း

ဒဏ်ရာပြင်းသူနှစ်ယောက်၏ ထမ်းစင်ကို အလှည့်နှင့် ထမ်းလာခဲ့ကြသည်။ တောင်ကုန်းအနီးမှာ ထားခဲ့သည့် ရဲဘော်ကိုဝင်ကြည့်သည်။ နောက်ထပ် ထမ်းစင်တစ်ခုလုပ်ပြီး သူ့ကို သယ်ယူဖို့ ပြင်ဆင်သည်။ သို့သော်လည်း ကျွန်တော်တို့ ရောက်သွားတော့ သူ အသက်ပျောက်နေပြီ။ ထို့ကြောင့် အနီးတစ်ဝိုက်ရှိ သစ်ရွက်ခြောက်များကို စုဆောင်းပြီး သူ့အလောင်းပေါ်မှာ အုပ်ခဲ့သည်။

အနောက်စူးစူးသို့ ဆက်လျှောက်ကြသည်။ ကျွန်တော့်မှာ ရှိနေသည့် ကွန်ပါအားကိုးဖြင့် တောနက်အမှောင်တွင်းမှာ ခရီးဆက်ကြခြင်းဖြစ်သည်။ ယင်းသို့ ခရီးဆက်နေသည့် တစ်ညလုံးလိုလို သေနတ်သံအချို့ကို ရံဖန်ရံခါ ကြားနေရသည်။ အနီးတစ်ဝိုက်မှာတော့မဟုတ်။ တပ်ပျက်ပြီး ဖရိုဖရဲဆုတ်ခွာနေသည့် ကျွန်တော်တို့ ရဲဘော်များကို ရန်သူက တစ်ယောင်ချင်းလိုက်လံ သုတ်သင်နေခြင်း ဖြစ်နိုင်သည်။

နံနက် အရုဏ်တက်တော့ တောစပ်သို့ ရောက်လာကြသည်။ တောစပ်အပြင်မှာ လယ်ကွင်းတွေ ရှိသည်။ လယ်ကွင်းများ၏ တစ်ဖက်မှာ ကျေးရွာကလေးတစ်ရွာကို လှမ်းမြင်ရသည်။ ကျေးရွာကလေးသည် နံနက်ခင်းမြူတွေအောက်မှာ ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။

တပ်ကြပ်ကြီးဟေးစ်ကို ကျွန်တော် လှမ်းကြည့်သည်။ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပြန်ကြည့်သည်။ ကျွန်တော်တို့ စိတ်ထဲတွင် ဖြစ်ပေါ်နေသည်များကို အပြန်အလှန် သဘောပေါက်နားလည်လိုက်ကြပါသည်။

"ဒီနေရာ အကောင်းဆုံးပဲ ဆရာကြီး၊ ထမ်းစင်တွေထားခဲ့ဖို့ ဒီထက်ကောင်းတဲ့နေရာ ကျုပ်တို့ ရှာတွေ့နိုင်တော့မှာ မဟုတ်ဘူး"

ထမ်းစင်ပေါ်မှ လူနာနှစ်ယောက်ကို တောစပ်အစွန်သို့ ရောက်အောင်ရွှေ့ကြသည်။ ရွာသူရွာသားများ အလွယ်တကူ မြင်နိုင်မည့်နေရာ၊ အရိပ်ကောင်းကောင်းလည်း ရသည့်နေရာမှာ ချကြသည်။ လူနာနှစ်ယောက်သည် မယုံကြည်နိုင်လောက်အောင် စိတ်ကြည်နူးနေသည်ကို မြင်တွေ့ရသည်။ ကံသာအမိ၊ ကံသာအဖ၊ ဖြစ်လိုရာဖြစ်စေတော့။ ကျွန်တော့် မျက်လုံးအစုံမှာ မျက်ရည်များ ပြည့်လာသည်။

သူတို့ကို ကျောခိုင်းပြီး ထွက်ခဲ့သည်၊ တစ်နာရီလောက် သွားမိတော့ လိုဏ်ဂူတစ်ခုကို ကံအားလျော်စွာ တွေ့သည်။ အားလုံး ပင်ပန်းနွမ်းနယ်နေကြပြီ ဖြစ်သောကြောင့် ယင်း လိုဏ်ဂူကလေးထဲမှာ တစ်နေကုန် အိပ်စက် အနားယူကြသည်။

ညမှောင်တော့ ဆက်ထွက်ကြပြန်သည်၊ လမ်းလျှောက်နေရင်း မြေပြင်အနေအထားက ညီညာလာသည်ကို တွေ့ရသည်။ တပ်ကြပ်ကြီးတေးစ်နှင့် ကျွန်တော်က ရှေ့မှ ဦးဆောင်ချီတက်သည်။ ဆာလောင်မွတ်သိပ်ခြင်းက ဆိုးရွားသည်ထက် ဆိုးရွားလာပြီ။ အဆာပြတ်သည့်အတွက် အားလုံး ချောက်ချားနေကြပြီ။

လက ခေါင်းပေါ်သို့ ရောက်လာသည်။ အလင်းရောင် ပိုရလာသည်၊ သို့သော်လည်း ကျွန်တော်တို့၏ စိတ်အလင်းရောင်ကိုကား မရနိုင်ပြီ။ ယင်းအခိုက် နောက်ဘက်မှ အော်သံတစ်ချက်ကြားရသည်။ ပြန်ပြေးကြည့်သောအခါ နောက်ဆုံးမှ ချီတက်လာသော ဗြိတိသျှစစ်သားသည် အားပြတ်ပြီး လဲကျသွားခြင်း ဖြစ်သည်၊ တပ်ကြပ်က သေွးစမ်းကြည့်နေသည်။

"အသက်မရှိတော့ဘူး ဗိုလ်ကြီး"

ကျွန်တော့်ကို မော့ကြည့်ပြီး ခပ်တိုးတိုးပြောသည်။

တပ်ကြပ်နှင့် ကျွန်တော်က သူ့အလောင်းကို ချုံပုတ်ထဲသို့ ရွှေ့





သည်။ သစ်ရွက်ခြောက်များ ကောက်ယူပြီး သူ့ကိုယ်ပေါ်မှာ ဖုံးအုပ်ပေးခဲ့ကြသည်။ ဗြိတိသျှစစ်သားတစ်ယောက်ကို အရပ်ဒေသမသိသည့် တောထဲတစ်နေရာမှာ ကျွန်တော်တို့ စွန့်ပစ်ခဲ့ကြရပြန်ပြီ။

အားလုံး ပင်ပန်းနေကြပြီဖြစ်သောကြောင့် နားဖို့ အမိန့်ပေးလိုက်သည်။ တပ်ကြပ်ကြီးတေးစ်က နောက်ဗိုင်းသို့သွားပြီး ရဲဘော်များကို စစ်ဆေးသည်။ ပြီးတော့ သူ ပြန်လာသည်။

"ရဲဘော်နှစ်ယောက်တော့ ပျောက်သွားပြန်ပြီ ဗိုလ်ကြီး၊ အခုပဲ ပျောက်သွားတယ်၊ တပ်ပြေးဖြစ်သွားကြပြီနဲ့တူတယ်"

"မဟုတ်ဘူးဆရာကြီး၊ သူတို့ကို တပ်ပြေးလို့မခေါ်နိုင်ဘူး၊ သောက်ရူးတွေ၊ တပ်ပြေး မဟုတ်ဘူး. . . သောက်ရူးတွေ"

ဟု ကျွန်တော် ပြန်ဖြေမိသည်။

သူတို့နှင့် လုံးဝ ပြန်မတွေ့တော့၊ ယခု ကျွန်တော်တို့ အင်အားမှာ စုစုပေါင်း ကိုးယောက်သာ ရှိတော့သည်။

နားလိုက်၊ သွားလိုက်နှင့် တစ်ညလုံး တောထဲမှာ ခရီးဆက်ကြသည်။ မနက် အရုဏ်တက်လုနီးတော့ ရှေ့ဘက်မှာ ကွင်းပြင်လိုလို တွေ့ရသည်။ ထို့ကြောင့် တပ်ကို ချုံပုတ်ထဲမှာ နေရာယူခိုင်းပြီး တပ်ကြပ်ကို ခေါ်ကာ ရှေ့သို့ ကျွန်တော် တက်ခဲ့သည်။

ကိုက်ငါးဆယ်လောက်သွားမိတော့ တောစပ်သို့ ရောက်လာသည်။ တစ်ဖက်တွင် ကိုက်နှစ်ရာလောက်ကျယ်သည့် လယ်ကွင်း။ ထိုလယ်ကွင်း၏ ဟိုမှာဘက်တွင် မြန်မာ့ကျေးရွာကလေးတစ်ရွာ။

အကဲခတ်ကြည့်နေရင်း အရုဏ်တက် အလင်းရောင်နှင့်အတူ တစ်ရွာလုံး အသက်ဝင် လှုပ်ရှားလာသည်။ ယောကျ်ားများက ကောက်ဆွများ၊ ထွန်ခြစ်များကို ကိုင်ဆောင်ပြီး လှုပ်ရှားနေကြသည်။ အမျိုးသမီးများက အိုးခွက်ပန်းကန်များ ဆေးကြောသုတ်သင်နေကြသည်။ ထိုအခိုက် မိန်းမပျိုကလေး တစ်ဦးက ခေါင်းပေါ်မှာ ရေအိုးရွက်ပြီး လက်တွင်ရေပုံးဆွဲကာ ရွာထိပ်မှ ရေတွင်းဆီသို့ လျှောက်လာနေသည်ကို တွေ့ရသည်။ သူ့ကိုယ်ပေါ်မှ အချိုးအစားပြေပြစ်သော အဖုအထစ်များက မိန်းမတို့၏ အလှတို့ အစွမ်းကုန် ဖော်ပြနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလောက် ဆိုရင် စိတ်ချရပါပြီ၊ သွားကြစို့"

ကျွန်တော်က တပ်ကြပ်ကို လှမ်းပြောလိုက်ပြီး တောအုပ်အပြင်သို့ အတူ ထွက်ခဲ့သည်။ ရွာဆီသို့ ဦးတည်သွားသော လယ်ကွင်းများအလယ်မှ သဲလမ်းကလေးအတိုင်း ပခုံးချင်းယှဉ်ပြီး လျှောက်ခဲ့ကြသည်။ ရိုင်ဖယ် သေနတ်များကို ပခုံးပေါ်မှာ ထမ်းထားသည်။ သို့မှသာ ကျွန်တော်တို့ကို မြင်လျှင် အန္တရာယ်ပြုမည့် ရန်လိုသူများ မဟုတ်ကြောင်း ထင်မှတ်ကြမည်။

"ဟောဟို ရေတွင်းဘေးက ဟာမလေး တော်တော်ကို နိုပ်တာပဲ ဗိုလ်ကြီးရာ"

တပ်ကြပ်ကလေးသည် သည်လိုနေရာမျိုးမှာ သည်အလှကို မြင်မိအောင် မြင်တတ်သေးသည်။ ထိုစကားကြောင့် ရေတွင်းဘေးသို့ ကျွန်တော်လှမ်းကြည့်မိသည်။ သူ့စကားမှန်ပါသည်။ ရေတွင်းထဲမှ ရေကို ငင်နေသည့် မိန်းမပျိုကလေး၏ ကိုယ်လုံးကိုယ်ပေါက်သည် အချိုးအဆစ် ပြေပြစ်လှသည်။ ကျွန်တော်တို့ မြင်နေရသည်မှာ ဘေးတစ်စောင်းဖြစ်သောကြောင့် သူ့အလှက ပိုပေါ်လာသည်။

ထိုအခိုက် ကျွန်တော်တို့ကို လှမ်းမြင်သွားသည်။ လက်ထဲမှ ပုံးကို ရုတ်တရက် လွှတ်ချလိုက်ကာ သရဲတစ္ဆေလိုက်လာသည့်အလား ရွာဘက်သို့ ခြေကုန်သုတ်ကာ ပြေးလေတော့သည်။

"သွားပါပြီဗျာ၊ မျက်နှာပေါ်က ဒီသောက်မွေးတွေရှုပ်လို့ ထွက်ပြေးသွားပြီဗျာ၊ အမှန်ကတော့ ကျွန်တော်ဟာ တကယ့်ကို လူချောဗျ၊ သိလား ဗိုလ်ကြီး"

သည်လောက် အကျပ်အတည်းကြားမှာပင် တပ်ကြပ်ကလေး၏ ဟာသဉာဏ်က ရှင်လှသည်။ မရိတ်ရသည်မှာ ကြာပြီဖြစ်သော မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများမှာ သူ့မျက်နှာပေါ်တွင် ရှုပ်ထွေး ပွေလိမ်နေသည်။

ခြေလှမ်း အနည်းငယ် ဆက်လျှောက်မိသောအခါ ရွာထဲမှာ တစ်ခုခု ဖြစ်ပြီကို ကျွန်တော် သတိထားလိုက်မိသည်။

"ခဏ စောင့်ဦး တစ်ခုခုတော့ ဖြစ်နေပြီ ထင်တယ်"





ကျွန်တော်က တပ်ကြပ်ကလေး၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်သည်။ လယ်ကွင်းထဲမှာ ကျွန်တော်တို့ နှစ်ယောက် ထီးထီးကြီး ရပ်နေကြသည်။ ရွာထဲမှာ ရှိနေသည့် ဂျပန်များကို မိန်းမပျိုကလေးက သွားပြောလိုက်ပြီလော၊ ရွာထဲမှာ တစ်စုံတစ်ရာ ဖြစ်နေပြီမှာ သိသာနေပြီ။

"ဝပ်"

ခြောက်လက်မလောက် မြင့်သည့် လယ်ကန်သင်းရိုးဘေးမှာ ကျွန်တော်တို့ နှစ်ယောက် ထိုးဝပ်လိုက်ကြသည်။

"ဘာဖြစ်တာလဲ ဗိုလ်ကြီး. . . ဂျပန်လား"

"ထင်တယ်"

ရိုင်ဖယ် သေနတ်များကို ကန်သင်းရိုးပေါ်မှာ မေးတင်ထားလိုက်သည်။ သို့သော်လည်း မြန်မာ ယောကျ်ားတစ်စုတို့သည် ရွာထဲမှ ဟန်မပျက် ထွက်လာသည်။ သူတို့ဆီသို့ ချိန်ထားသည့် ကျွန်တော်တို့ သေနတ်များကို နည်းနည်းကလေးမှ အမှုထားပုံမရ။ ကျွန်တော်တို့ ဆီသို့ ဦးတည်လာသည်။ ပူးနေရာမှ တဖြည်းဖြည်း လူချင်းလည်း ခွဲလိုက်ကြသည်။

တစ်ခုခုတော့ ဖြစ်နိုင်ပြီ။ ရွာသား ဆယ့်နှစ်ယောက်လောက်ရှိမည်။ ကောက်ဆွနှင့် ထွန်ခြစ်များကို ကိုင်ဆောင်လာကြသည်။

"ကန်သင်းရိုးပေါ်မှာ အသာကလေး လည်စင်းပေးထားလိုက် ဗိုလ်ကြီး ကျွန်တော်တို့ ခေါင်းကို သူတို့ ဖြတ်ချင်ရင် အလွယ်တကူ ဖြတ်လို့ရအောင်၊ ဟား. . . ဟား. . . ဟား"

တပ်ကြပ်ကလေးက ပြောရင်း ရယ်လိုက်သည်။ မရေရာသည့် အန္တရာယ်နှင့် ရင်ဆိုင်နေရချိန်မှာပင် သူ့စိတ်က ရှင်လန်းနေသည်။ တစ်ချိန်တည်းမှာပင် သူ့ရိုင်ဖယ်ခလုတ်ပေါ်သို့ လက်ညှိုးကို ခပ်တင်းတင်း တင်လိုက်ကြောင်း ကျွန်တော် သိလိုက်သည်။

"မပစ်နဲ့. . . ရယ်စရာ တစ်ခုခုတော့ ဖြစ်နေပုံပဲ၊ ဘာဖြစ်တယ် ဆိုတာတော့ ငါမသိဘူး၊ ရွာထဲမှာ ဂျပန်ရှိနေရင် ဘာဖြစ်လို့ ဂျပန်တို့ သူတို့ သတင်းမပေးသလဲ၊ နောက်ပြီးတော့ မားတွေ၊ လှံတွေ မကိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လယ်လုပ်ပစ္စည်းတွေ ကိုင်ပြီး ဘာကြောင့် ထွက်လာတာလဲ ရွာထဲမှာ ဂျပန်ရှိနေရိုးမှန်ရင် အခုလောက်ဆို တို့ကို ဆော်ပြီးပြီ"

"ဟုတ်တယ် ဗိုလ်ကြီး၊ အခုပုံကတော့ ကျွန်တော့်ခေါင်းကို ကောက်ဆွတွေ၊ ထွန်ခြစ်တွေနဲ့ အမှန့်ခြေပစ်တော့မယ့် ပုံမျိုးနဲ့ တူတယ်၊ ဟား. . . ဟား"

ရွာသားများသည် ကိုယ့်အလုပ်ခွင်သို့ ကိုယ်သွားသည့်ပုံမျိုးဖြင့် ဟန်မပျက် အေးအေးလူလူ ဆက်လျှောက် လာနေကြသည်။ ကျွန်တော်တို့နှင့် ကိုက်အနည်းငယ်မျှသာ ဝေးတော့သည်။ ကျွန်တော်တို့ ရိုင်ဖယ် ပြောင်းဝရှေ့သို့ ရောက်လာကြပြီ။ သို့သော်လည်း သူတို့ချင်းစကားပြော မပျက်။ ကျွန်တော်တို့ အနီးရောက်ပြီ။ ခေါင်းဆောင်နှင့်တူသူက တစ်စုံတစ်ရာ အချက်ပြသည်။ သူအချက်ပြပုံကို ကျွန်တော် နားလည်သဘောပေါက်လိုက်မိသည်ဟု ထင်သည်။

"တို့ ဦးထုပ်တွေ ချွတ်ပြီး သူတို့နဲ့ ဟန်မပျက်ရောလိုက်သွားဖို့ အချက်ပေးနေတာကွ၊ တစ်ခုခုတော့ ဖြစ်နေပုံပဲ သူတို့နဲ့ရောပြီး ယုံယုံကြည်ကြည် လိုက်သွားဖို့က လွဲပြီး တခြားဘာမှ မရှိတော့ဘူး"ဟု ကျွန်တော်က တပ်ကြပ်ကလေးကို ပြောသည်။

"ဗိုလ်ကြီးက ဒါပဲဆိုရင် ကျွန်တော်ကလည်း ဒါပဲပေါ့ ဗိုလ်ကြီးရာ" တပ်ကြပ်ကလေးက ကျွန်တော့်ကို ပြုံးပြသည်။

ရွာသားများကျွန်တော်တို့ဘေး ရောက်သည်နှင့် တစ်ပြိုင်တည်း တပ်ကြပ်ကလေးနှင့် ကျွန်တော်လည်း ခေါင်းပေါ်မှ ဦးထုပ်များကို ချွတ်လိုက်သည်။ ပြီးတော့ ဝပ်နေရာမှ ထပြီး သူတို့လူအုပ်ထဲမှ ရောနှောဝင်ကာ သူတို့လျှောက်သည့်ဘက်သို့ ဟန်မပျက်လျှောက်လိုက်လာခဲ့သည်။ တောတွင်းသို့ ကျွန်တော်တို့အားလုံး မရောက်မချင်း မရပ်နားဘဲ ဆက်လျှောက်လာခဲ့ခြင်း ဖြစ်သည်။ ချုံပုတ်ထဲမှ တပ်ကြပ်ကြီး ဟေးစ်ပြေးထွက်လာသည်။

"ဘာဖြစ်တာလဲ ဗိုလ်ကြီး၊ ဗိုလ်ကြီးတို့ ဝပ်နေတဲ့အနား သူတို့ရောက်တဲ့အချိန်မှာ ကျွန်တော်တို့ ပစ်လု တဲတဲကလေးပဲ လိုတော့တယ်"ဟု ဟေးစ်က ဆီးပြောသည်။





တောထဲသို့ ကျွန်တော်တို့အားလုံး ရောက်ပြီ။ ရွာသားများက သူတို့ချင်း ကျွက်ကျွက်ညံအောင် စကားပြောနေကြသည်။ ကျွန်တော်တို့အပေါ် ရန်လိုသည့် အမူအရာကိုကား မမြင်တွေ့ရ။ စိတ်အားထက်သန်စွာ ပြောနေကြခြင်းကိုသာ တွေ့ရသည်။ ခဏကြာတော့ သူတို့ထဲမှ ခေါင်းဆောင်ရွာသူကြီးကို ရွေးလိုက်သည်။ ဂေါ်ရခါး ရဲဘော်တစ်ဦးကို ခေါ်ပြီး တတ်သလောက် မှတ်သလောက်နှင့် စကားပြန် လုပ်ခိုင်းရပြန်သည်။

ဂျပန် တိုက်ကင်းတစ်ခုသည် မနေ့ညက သူတို့ရွာမှာ ဝင်အိပ်သွားကြောင်း ယနေ့မနက် နေထွက်တော့မှ ရွာထဲက ထွက်ခွာသွားကြကြောင်း မြောက်ဘက်သို့ ဦးတည်သွားခြင်း ဖြစ်ကြောင်း သူကြီးက ပြောပြသည်။

ယခုမှ အားလုံး စိတ်သက်သာရာ ရသွားကြတော့သည်။ ရထားလမ်းသို့ ရောက်ရန် မဝေးတော့ကြောင်း ဂျပန်တိုက်ကင်းများ နေ့ရောညပါ ခြေချင်းလိမ်အောင် လှုပ်ရှားနေကြောင်း၊ မီးရထားလမ်းသို့ ရောက်အောင် လမ်းပြတစ်ယောက် ထည့်ပေးမည်ဖြစ်ကြောင်း၊ သို့သော်လည်း ထိုထက်ပို၍ လိုက်ပို့ပေးနိုင်မည် မဟုတ်ကြောင်း သူကြီးက ပြောပြသည်။

ကျွန်တော်တို့ကို အစားအသောက်တစ်ခုခု ကျွေးနိုင်၊ မကျွေးနိုင် မေးကြည့်သည်။ သူကြီးက စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောပြီး သူ့လူအချို့နှင့်အတူ ရွာဘက်သို့ ပြန်သွားသည်။

တစ်နာရီလောက်ကြာတော့ အမျိုးသမီး တစ်ကျိပ်လောက် ရွာထဲမှ ထွက်လာသည်ကို အူတကြွတ်ကြွတ်မြည်နေသော ကျွန်တော်တို့ လူစုလှမ်းမြင်ရသည်။ သူတို့ ခေါင်းပေါ်မှာ တောင်းတွေ အိုးတွေ ရွက်လာကြသည်။

"ဗိုလ်ကြီး. . . ရေတွင်းနားမှာ တွေ့ခဲ့ရတဲ့ ကောင်မချောချောတလေး ပါလာရင် ဘယ်လောက်ကောင်းမလဲနော်၊ သူ့မျက်နှာကလေး ထိုင်ကြည့်ပြီး ဘာဟင်းမှ မပါဘဲ ထမင်းတစ်အိုးလုံး ပြောင်သွားအောင် တွယ်ပြလိုက်ချင်စမ်းလှတယ် ဗိုလ်ကြီးရာ" တပ်ကြပ်ကလေး၏ အသံပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများအားလုံး ပြုံးနေကြသည်။ သူတို့ ရွက်လာသည့် တောင်းများ၊ အိုးများကို ကျွန်တော်တို့ ရှေ့မှာ ချပေးသည်။ အရသာ ထူးကဲသည့် ထမင်းနှင့် အဝါးရ ခက်သော အသားဟင်းအပြည့် ပါလာသည်ကို တွေ့ရသည်။ ယင်းအသားမှာ ဆင်သားဖြစ်ကြောင်း၊ ယခု ထမင်းနှင့် မစားဘဲ နောက်ပိုင်း ခရီးဆက်ရင်း လမ်းတစ်လျှောက်မှာ ဝါးသွားသင့်ကြောင်း ဂေါ်ရခါးရဲဘော်ကလေးတစ်ယောက်က ပြောပြသည်။

သန့်ရှင်းသည့် အဝတ်စများ၊ ရေနွေးများနှင့် အနာပျောက်ကင်းစေသည့် တိုင်းရင်းဆေးများကိုပါ အမျိုးသမီးများက ယူလာကြသည်။ ကျွန်တော်တို့ ရဲဘော်များ၏ ကိုယ်ပေါ်မှ ဒဏ်ရာများကို ရေနွေးဖြင့် ဆေးကြောသုတ်သင်ပေးကြသည်။ တိုင်းရင်းဆေးဝါးများ ထည့်ပေးသည်။ ပြီးတော့ သန့်ရှင်းသည့် အဝတ်စများနှင့် ပတ်တီးစည်းပေးသည်။ သူတို့ လုပ်ကိုင်ပုံမှာ အလွန်တရာ ကျွမ်းကျင်သည်ကိုလည်း တွေ့ရသည်။

ကျွန်တော့် ရဲဘော်များသည် သူတို့ ဒဏ်ရာများကို ဆေးကြောသုတ်သင်ပေးသည့်အခါတွင် တစ်ချက်ကလေး မညည်းကြ။ ဒဏ်ရာဖြင်းပြီး အားအင်ကုန်ခန်းနေသည့် ကြားမှပင် စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင်ထားနိုင်ကြသည်ကို တွေ့ရသည်။ သူတို့အတွက် ကျွန်တော် ဂုဏ်ယူလိုက်မိပါသည်။

စိတ်ဓာတ် ကြံ့ခိုင်သော်လည်း ကိုယ်ခန္ဓာကတော့ အလွန်အားနည်းနေပြီ။ ဆက်လက်ချီတက်ရဦးမည့် မိုင်ပေါင်း (၁၅၀)ကို ရက်သတ္တနှစ်ပတ်နှင့် ရောက်အောင် ချီတက်နိုင်ပါမည်လော။ ရက်သတ္တ နှစ်ပတ်ကျော်လျှင် မိုးရာသီရောက်တော့မည်။ ထိုအခါ မြစ်ချောင်းများကို ဖြတ်ကျော်ဖို့ မလွယ်ကူတော့ပြီ။

ဘာပဲဖြစ်ဖြစ် အမြန်နိုင်တကာ့ အမြန်ဆုံး နှုန်းထားဖြင့် ဆက်လက်ချီတက်ရမည်သာ ဖြစ်သည်။

ကျွန်တော်တို့ လမ်းပြသည် သူကြီးပြောလိုက်သည့်အတိုင်း အလွန်တော်ပါသည်။ လုံခြုံစိတ်ချရသည့် တောလမ်းကလေးများအတိုင်း ကျွန်တော်တို့ကို ခေါ်လာသည်။ တောစပ်ကလေးသို့ ရောက်လာသည်။ ရှေ့မှာ ရထားလမ်းကို တွေ့ရပြီ။ ဟိုဘက်တွင် တောအုပ်ရှိပြန်သည်။





တောအုပ်အလယ်မှ ရထားလမ်းဖြစ်သည်။ တပ်ကြပ်ကြီးလက်မှ နာရီကို လှမ်းကြည့်လိုက်တော့ (၂၀း၀၀)နာရီရှိပြီ။ မူလက ကြိုတင် စီစဉ်ထားခဲ့သည့်အတိုင်း အတိအကျဖြစ်သည်။ လမ်းပြက တောတွင်းသို့ ပြန်လည်ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

တောစပ်တွင် ကျွန်တော်တို့ ငြိမ်ငြိမ်ကလေး နေရာယူတာ ပတ်ဝန်းကျင်ကို အကဲခတ်နေကြသည်။ လမထွက်သေးသော်လည်း ကြယ်ရောင်များဖြင့် မီးရထားလမ်းကို ကောင်းစွာ မြင်နေရသည်။

မိနစ် (၂၀)ကြာသွားသည်။ သံလမ်း မြောက်ဘက်ဆီမှ မသဲကွဲဖွယ်ရာ အသံကို ကြားရသည်။ ဂျပန်တိုက်ကင်းဖြစ်နိုင်သည်။ (၂၀း၁၅) နာရီတွင် ဂျပန်တိုက်ကင်းတစ်ခု ရောက်လာသည်ကို တွေ့ရတော့သည်။ အင်အား ရှစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့ ရှေ့တည့်တည့်မှာ ရပ်သည်။ ပြီးတော့ တစ်စုံတစ်ရာကို စောင့်သည့် သဘောမျိုးဖြင့် သံလမ်းပေါ်မှာ ထိုင်ချလိုက်သည်။

"ဟို မြန်မာလမ်းပြက ကျွန်တော်တို့ကို အပြတ်ရှင်းလိုက်ပြီနဲ့တူတယ်ဗိုလ်ကြီး" တပ်ကြပ်ကြီးဟေးစ်က နားနားကပ်ပြီး တိုးတိုးကလေး ပြောသည်။

"ကျွန်တော်တော့ မထင်ဘူး၊ ဒါပေမယ့် သူတို့ဘာဖြစ်လို့ ဒီနေရာမှာ ဒီလို ထိုင်စောင့်နေကြတာလဲ" ဟု ကျွန်တော်က လေသံဖြင့် ပြန်ပြောသည်။

"ဆယ်မိနစ်နားတာရော မဖြစ်နိုင်ဘူးလားဗိုလ်ကြီး"

တစ်ဖက်ဘေးမှ တပ်ကြပ်ကလေးက မေးသည်။

"ဒါလည်း ဖြစ်နိုင်တာပဲ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"ဆော်ထည့်လိုက်ရင် မကောင်းဘူးလား ဗိုလ်ကြီး၊ တစ်ကောင်မှ မကျန်အောင် ကျွန်တော်တို့ ဆော်လို့ရတယ်" ဟု တပ်ကြပ်ကြီး ဟေးစ်က ပြောသည်။ သူအလွန် လက်ယားနေပြီ ဖြစ်ကြောင်း သူ့လေသံက ဖော်ပြနေသည်။

"အင်း. . . ဆော်ဖို့ကောင်းတာတော့ အမှန်ပဲ၊ ဒါပေမယ့် တခြားထွက်လမ်းမရှိဘဲနဲ့တော့ မလုပ်သင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တစ်မိနစ်ပြီး တစ်မိနစ် ကုန်ဆုံးသွားသည်။ အသက်ကိုမျှ ရဲရဲမရှူဝံ့ဘဲ သည်အတိုင်း ကြည့်နေကြရသည်။

(၂၀ း ၃၂)နာရီရှိပြီ။

မီးရထားလမ်းအတိုင်း တောင်ဘက်မှ ဂျပန်တိုက်ကင်းတစ်စု လျှောက်လာသည်ကို တွေ့ရသည်။ တပ်ကူလိုက်လာခြင်းလော။ တောထဲမှာ ရှိနေသည့် ကျွန်တော်တို့ကို ချေမှုန်းဖို့ တပ်ကူပို့လိုက်ခြင်း ဖြစ်လေသလော။ ထောင်ချောက်ထဲသို့ ကျွန်တော်တို့ အပို့ခံရပြီလော။ ကျွန်တော်တို့ကို လိုက်ပို့သည့်လမ်းပြက ဂျပန်များ သေချာပေါက်ရှိမည့် သည်နေရာကို သိပြီး တမင်ပို့ပေးလိုက်ခြင်းလော။

တောင်ဘက်မှ ရောက်လာသည့် ဂျပန်များလည်း ကျွန်တော်တို့ ရှေ့တည့်တည့်သို့ ရောက်လာသည်။ နှစ်အုပ်စု ရောထိုင်ပြီး စကားပြောနေကြသည်။ သူတို့ ပြောနေကြသည်များကို သဲသဲကွဲကွဲ ကြားရသော်လည်း အဓိပ္ပာယ်ကိုတော့ နားမလည်ပါ။

(၂၀ း ၃၇)နာရီ။

ပထမဆုံး ရောက်ရှိလာသည့် တိုက်ကင်းက ထရပ်လိုက်သည်။ ဂျပန်တပ်ကြပ်ကြီးက **တစ်စုံတစ်ရာ** အမိန့်ပေးသည်။ ပြီးတော့ မူလက သူတို့လာသည့် မြောက်ဘက်သို့ ပြန်လျှောက်သွားသည်။ တစ်ချိန်တည်းလိုပင် တောင်ဘက်မှ တိုက်ကင်းကလည်း လာလမ်းအတိုင်း ပြန်ထွက်သွားသည်။ မိနစ်အနည်းငယ် အတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ အသံကိုပါ မကြားရတော့။

ကျွန်တော်တို့ အလွန်ကံကောင်းပါသည်။ လမ်းပြက တိုက်ကင်းနှစ်ခုဆုံမည့်နေရာကို တမင်ရွေးပြီး ပို့ပေးလိုက်ခြင်း ဖြစ်သည်။ သည်နေရာမျိုးမှ ဖြတ်ကူးခြင်းသည်သာလျှင် အလုံခြုံဆုံး ဖြစ်သည်။

ရန်သူများ ဝေးသွားသည်နှင့်တစ်ပြိုင်တည်း တောအုပ်တွင်းမှ ထွက်ကာ သံလမ်းကိုကျော်ပြီး တစ်ဖက်ခြမ်းတောတွင်းသို့ ပြေးဝင်ခဲ့ကြသည်။ သံလမ်းကို ကျော်ရာတွင် သံလမ်းနှင့် မထိအောင် သတိထားရသည်။ ထိုအသံမျိုးကို သံလမ်းတစ်လျှောက် မိုင်ပေါင်းများစွာ အကွာအဝေးမှ ကြားနိုင်သည်။ အန္တရာယ် အတားအဆီးတစ်ခုကို အောင်မြင်စွာ





ကျော်ဖြတ်နိုင်ခဲ့ပြီ။ နောက်ထပ် ကြုံတွေ့ရဦးမည့် အန္တရာယ် အတားအဆီးတစ်ခုသည် မူးမြစ်။

တစ်ညလုံး အနောက်စူးစူးသို့သာ ဦးတည်လျှောက်လာခဲ့ကြသည်။ ယခုလျှောက်ရသည့်လမ်းမှာ အဆိုးကြီးမဟုတ်လှ။ ဒဏ်ရာရထားသည့် ကျွန်တော့် ခြေထောက်က ဆိုးဆိုးရွားရွားနာလာသည်။ လမ်းလျှောက်ရာတွင် ထော့ကျိုး၊ ထော့ကျိုး ဖြစ်နေပြီ။ ကျွန်တော်တစ်ယောက်တည်းသာ မဟုတ်ပါ။ ကျန်လူများ အားလုံးလည်း ထော့ကျိုး၊ ထော့ကျိုးဖြင့် လမ်းလျှောက်နေကြရသည်။

အကျိုးများကို အကျိုးတစ်ယောက်က ခေါင်းဆောင်လာသည့် ချီတက်ပွဲ။

နံနက် အရုဏ်တက်တော့ လုံခြုံသည့်နေရာမှာ နားနေကြသည်။

နောက်နေ့ညတွင် ဆက်ချီတက်ကြပြန်သည်။ သို့သော်လည်း အားလုံး ပင်ပန်း နွမ်းနယ်နေကြပြီဖြစ်သောကြောင့် ခရီးမတွင်လှ။ မကြာခဏ နားနေကြရသည်။

ရှေ့နောက် တစ်ယောက်ချင်း တန်းစီပြီး ချီတက်နေရာမှ နောက်နေ့မနက်တွင် ရွာတစ်ရွာကို လှမ်းမြင်ကြရသည်။ တောအုပ်အလယ်မှာ တည်ထားသည့် မြန်မာကျေးရွာကလေးတစ်ရွာဖြစ်သည်။ တောစပ်မှာ ဝပ်ပြီး တပ်ကြပ်ကြီး ပေးစ်နှင့် ကျွန်တော်က ရွာကလေးကို အကဲခတ်ကြည့်ရင်း အကြံယူနေကြသည်။ သည်ရွာကလေးကို ကွင်းရှောင်ပြီး တခြား တောနက်အတွင်းမှ ကျော့သွားမည်လော။ နှစ်ရက်လုံးလုံး အစာရေစာ ပြတ်ခဲ့ပြီဖြစ်သဖြင့် ခရီး ပိုဝေးမည့်လမ်းကို ကျွန်တော်တို့ မရွေးနိုင်ပြီ။

"ဘယ်လို သဘောရသလဲ ဆရာကြီး ကျွန်တော်တို့ စွန့်မလား" ဟု ကျွန်တော်က မေးသည်။

တပ်ကြပ်ကြီးက မျက်တောင်မျှမခတ်နိုင်ရှာဘဲ ရွာထဲသို့သာ အာရုံစိုက်ကြည့်နေသည်။

"ခွေးတွေက သိပ်ဟောင်တယ်ဗိုလ်ကြီး ရွာထဲကို လူစိမ်းတွေ ရောက်နေတဲ့ သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်သူလို့ ထင်သလား"

"ဖြစ်နိုင်တယ် ဂျပန်ဖြစ်နိုင်တယ်"

ရှာဆီသို့ ကျွန်တော် လှမ်းကြည့်နေမိပြန်သည်။

"ကျုပ်တို့ စားစရာ တစ်ခုခု မရလို့တော့ မဖြစ်တော့ဘူး ဆရာကြီး"

ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်ပါပြီ။

"သေချာအောင်တော့ ကြည့်ဦးမှ ဖြစ်မယ်ထင်တယ်ဗိုလ်ကြီး"

"ကြည့်တော့ ကြည့်ရမှာပဲ၊ ဒါပေမယ့် ဒီအခွင့်အရေးကိုတော့ လက်လွှတ်မခံနိုင်ဘူး၊ ရှေ့မှာ တောတွေ တောင်တွေ ကျော်ရဦးမယ်"

"ကောင်းပြီ ဗိုလ်ကြီး. . . ကျွန်တော့်ကို ဗိုလ်ကြီးစောင့်ပေး ပထမဆုံးအိမ်ရဲ့ နောက်ဖေးဘက်ကို ကျွန်တော် ဝင်ကပ်မယ်"

တပ်ကြပ်ကြီး ဟေးစ်သည် အန္တရာယ်ကို ရင်ဆိုင်ပြီး စွန့်စားရတော့မည့် အကြောင်းမျိုး ကြုံလာလျှင် ဘယ်တော့မှ ခေါင်းရှောင်တတ်သူမဟုတ်သလို တုံ့ဆိုင်း နေတတ်သူလည်း မဟုတ်။

"ကောင်းတယ်ဆရာကြီး အရေးကြုံရင် ကျုပ် ကာပစ်ပစ်ပေးမယ်"

တပ်ကြပ်ကြီး ထွက်သွားသည်။ မြန်လည်း မြန်လှသည်။ ခြေသံကလည်း လုံလှသည်။ ညာဘက်လက်က ခြောက်လုံးပြူးကို တင်းတင်းဆုပ်ကိုင်ထားသည်။ ဒဏ်ရာရထားသည့် ဘယ်ဘက်လက်ကို သူ့ကိုယ်လုံးနှင့် ကပ်ပြီး ချည်နှောင်ထားသည်။ အနီးဆုံး တဲကလေးအနီးသို့ သူကပ်သွားသည်။ အတွင်းသို့ သေချာအောင် ကြည့်နေသည်။

ကျွန်တော့် ရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေသည်။ ဟေးစ်၏ ရင်ထဲမှာလည်း အလားတူပင် ရှိလိမ့်မည်ဟု ကျွန်တော် ထင်သည်။ လက်ဖြောင့်တပ်သား၏ ကျည်ဆန်က ဘယ်အချိန်တွင် ဘယ်နားမှာ ပေါ်လာပြီး သူ့ဦးနှောက်ကို ဖောက်ထွင်းသွားလေမည်နည်းဟုလည်း တွေးနေမိသည်။ ခဏကြာတော့ တပ်ကြပ်ကြီး ဟေးစ်က ကျွန်တော့်ဘက်သို့ လှည့်ပြီး လိုက်ခဲ့ရန် လက်ပြသည်။

"ဆရာရေ သွားစို့"





ကျွန်တော့်ဘေးမှာ ရှိနေသည့် တပ်ကြပ်ကလေးကို ခေါ်ပြီး တပ်ကြပ်ကြီး ဟေးစ်ရှိရာ ရှာဆီသို့ ထွက်ခဲ့သည်။ ဒဏ်ရာရထားသည့် ရဲဘော်ခြောက်ယောက်အား လက်နက်ကိုယ်စီဖြင့် တောစပ်မှ နေပြီး ကျွန်တော်တို့ကို စောင့်ကြည့်နေစေသည်။ အရေးကြုံပါက ကာပစ် ပစ်ပေးနိုင်ရန် ဖြစ်သည်။ အိမ်တစ်လုံး နောက်ဖေးဘက်ရှိ တပ်ကြပ်ကြီး ဟေးစ်အနီးသို့ ကျွန်တော်တို့ ရောက်သွားသည်။

"လူစိမ်းရှိနေတာတော့ သေချာသွားပြီ၊ လမ်းဟိုဘက်က အိမ်တစ်လုံးဘေးမှာ ဘရင်းဂန်းတစ်လက်ဆင်ထားတာ တွေ့တယ်" ဟု တပ်ကြပ်ကြီးက အရေးတကြီး ဆီးပြောသည်။

ရှေ့သို့ လေးဖက်တွားပြီး ကျွန်တော်တက်ခဲ့သည်။ အိမ်ရိပ်တစ်နေရာရှိ ဘရင်းဂန်းနောက်မှာ လူတစ်ယောက် ထိုင်နေသည်။ အရိပ်ထိုးနေသဖြင့် သူ့မျက်နှာကို ထင်ထင်ရှားရှား မမြင်ရ။ ထို့ကြောင့် ဘာလူမျိုးဟု မပြောနိုင်။ ဗြိတိသျှတို့လက်မှ သိမ်းယူရရှိသည့် ဘရင်းဂန်းကို ဆင်ထားပြီး ဂျပန် အစောင့်တစ်ယောက် ထိုင်နေခြင်းလည်း ဖြစ်နိုင်သည်။

တပ်ကြပ်ကြီး ဟေးစ်ဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

"ဂျပန်နဲ့ ပေါင်းနေတဲ့ မြန်မာတပ်သား ဖြစ်နိုင်တယ်၊ ကျုပ်တို့ မစွန့်စားသင့်တော့ဘူး၊ ဝေးကာမှဝေးရော ဒီရွာကို ပန်းပြီး သွားကြစို့"

နောက်ကြောင်းသို့ ကျွန်တော်တို့ ပြန်လှည့်ခဲ့ကြသည်။ ထိုအချိန်မှာပင်။

"ခဏစောင့်ပါဦး၊ အိမ်ထဲက လူတစ်ယောက် ထွက်လာကာ တွေ့လိုက်ရတယ်" ဟု တပ်ကြပ်ကလေးက ပြောသည်။

တပ်ကြပ်ကလေးက နောက်သို့ ပြန်တွားသွားသည်။ ချုံပုတ်တစ်ခုထဲသို့ သူ ဝင်သွားသည်။ ပြီးတော့ နောက်သို့ ပြန်လှည့်ကြည့်သည်။ သူ့မျက်နှာပေါ်မှာ ကျေကျေနပ်နပ်ကြီး ပြုံးနေသော အပြုံးကို တွေ့လိုက်ရသည်။

"ဟုတ်တယ် ဗိုလ်ကြီး ဒီမှာလာကြည့်၊ ကျွန်တော် အင်မတန်သေချာပါတယ်၊ ဟောဟိုမှာ ဗိုလ်ကြီး အာသာဘက်စ်" ဟု သူက ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သာအားရ ပြောသည်။

"ဘာကွ"

ကျွန်တော့်အသံသည် တစ်တောလုံးကို ဟိန်းသွားလေရော့သလားဟု ထင်မှတ်ရသည်။ သူ ရှိနေရာသို့ ကမန်းကတန်း တိုးသွားသည်။ အသံမထွက်အောင် ရှေ့ဖို့လည်း သတိမရနိုင်တော့ပြီ။

အိမ်တစ်လုံး၏ လှေကားပေါ်မှ ဆင်းလာသော ဂေါ်ရခါး ဦးထုပ်ဆောင်းထားသည့် အရုပ်မြင့်မြင့် သဏ္ဌာန်တစ်ခု တွေ့ရသည်။ အိမ်ရိပ်အပြင် နေပူထဲသို့ ရောက်လာသောအခါ ဘရင်းဂန်းနားမှ ရဲဘော်ကို လှမ်းခေါ်ရန် သူ လှည့်လိုက်သည်။ ဗိုလ်အာသာဘက်စ်ဖြစ်ပါသည်။ လောကကြီးတစ်ခုလုံးကို မေ့သွားသည်။ ကျွန်တော် ဘာတွေလုပ်လိုက်မိသည်ကိုပင် ကောင်းစွာ သတိ ပြန်မရတော့။ ချုံပုတ်ထဲမှ ခုန်ထွက်ပြီး သူ့နာမည်ကို တအားခေါ်ကာ ပြေးသွားမိတော့သည်။

"အာသာ. . . အာသာ ခွေးသူခိုးကြီး၊ ခင်ဗျား ဒီကို ဘာလာလုပ်နေတာလဲ"

ကျွန်တော် ဝမ်းသာလုံးဆို့ နေသည်။ အာသာကလည်း ဝမ်းသာလုံး ဆို့နေသည်။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ပြေးဖက်လိုက်ကြသည်။ တော့ာပြင်ကိုလည်း အပြန်အလှန် တပုန်းပုန်း ထုမိကြသည်။

"ဧရာဝတီမြစ်ကို မင်းတို့ ဖြတ်လာတာ ငါလှမ်းတွေ့လိုက်တယ်၊ ဒါပေမယ့် တိုက်ပွဲဖြစ်ပြီးတဲ့နောက် ဒီဘက်ကမ်းကို မင်းရောက်လာတာ မတွေ့ရဘူး၊ မင်းကျသွားပြီး လှေနဲ့ အတူမျောသွားပြီလို့ ထင်ရတာပေါ့ကွာ. . . ကဲ. . . လာ. . . လာ. . . စစ်ကြောင်းကို သွားရအောင်. . . ငါ အခုပဲ ဆန်ဖိုးငွေ ချေလာခဲ့တယ်"

တပ်ကြပ်ကလေးက တောစပ်မှာ ကျန်ရစ်ခဲ့သည့် ကျွန်တော်တို့ ရဲဘော်များကို ပြန်ခေါ်ရန် ထွက်သွားသည်။ အာသာနှင့်အတူ တောထဲသို့ ကျွန်တော် လိုက်ခဲ့သည်။ ဝမ်းသာအားရ စကားပြောကြသည်။ ခဏချင်းမှာပင် ကျွန်တော်တို့ စစ်ကြောင်းနှင့် ပြန်လည်ပူးပေါင်းမိပြီ ဖြစ်သောကြောင့် ကြုံတွေ့ခဲ့ရသမျှသော ဘေးဒုက္ခအပေါင်းတို့ကို မေ့လျော့သွား





တော့သည်။

သည်နေရာမှာ ဗိုလ်မှူးကြီး အလက်ဇန်းဒါးနှင့် မျက်နှာချင်းဆိုင် ပြန်တွေ့ရတော့သည်။ မိုးမိတ်အနားမှာ ကျွန်တော် ဒဏ်ရာရတုန်းက နောက်ဆုံး တွေ့ခဲ့ရသည်။

"မင်းကို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာကွာ" ဟု အားပါးတရ ပြုံးကာ ကျွန်တော့်ကို ဆီးကြို နှုတ်ဆက်ရင်း ပြောသည်။

ပြီးတော့ ဗိုလ်မှူးဒန်းလော့ ရောက်လာသည်။ လက်နှစ်ဖက်တို့ အားပါးတရ ဆန့်တန်းကာ ကျွန်တော့်ကို ဝမ်းသာအားရ နှုတ်ဆက်သည်။

"ဝမ်းသာလိုက်တာကွာ မင်းဘယ်လို ရုန်းကန်လာခဲ့တယ်ဆိုတာ တော့မသိဘူး ဒါပေမယ့် မင်းအောင်ပွဲခံလိုက်ပြီပေါ့"

ပြီးတော့ အက်ဒီအက်ဒမန်၊ ဂျွန်ဖရစ်ဖစ်၊ ဗိုလ်ကြီးဒစ်ကီကာလပ်၊ ဂျွန်ဖောင်လာ မနားတမ်း လက်ဆွဲနှုတ်ဆက် နေရတော့သည်။ သူတို့ကလည်း ကျွန်တော့်ကျော့နှင့် ပခုံးကို တဖြန်းဖြန်း ပိုင်းပုတ်နေကြသည်။ အလွန်စိတ်အားတက်ကြွဖွယ် ကောင်းသော ပြန်လည်တွေ့ဆုံပွဲကြီး ဖြစ်ချေသည်။

အာသာက လူကြားမှ တိုးထွက်လာသည်။

"တို့ဆန်ဝေပြီးရင် မူးမြစ်ကို ဖြတ်ကူးတော့မယ် အချိန်နည်းနည်းပဲရတော့မယ်"

မူးမြစ်ကမ်းသို့ ကျွန်တော့်ကို ရောက်ကြပါပြီတည်း။

"ကျွန်တော်တို့ လူတွေကျန်သေးတယ် အာသာ၊ သူတို့အတွက်ရော ဆန်မျှပေးနိုင်မလား"

"မင်းလူ ဘယ်နှစ်ယောက်ရှိသလဲ"

ဗိုလ်ကြီး ဂျွန်ဖောင်လာက လှမ်းမေးသည်။ စစ်ကြောင်း (၁)နှင့် (၂)မှ လက်ကျန်တပ်များတွင် သူက ရိက္ခာအရာရှိ ဖြစ်သည်။

"အားလုံးပေါင်း ကိုးယောက်"

"အိုး. . . ဒါလောက်ဆိုရင် ဖြစ်တယ်၊ တစ်ယောက်ကို ဟန်းကောတစ်ဘူးစီတော့ရမယ်၊ နောက်နှစ်ရက်စာလောက်တော့ စိတ်အေးသွားရတာပေါ့ကွာ" ဟု ဖောင်လာက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲဘော်များကို တပ်ကြပ်ကြီး ဟေးစ်က ဦးဆောင်ပြီး ချီတက်လာသည်။ ကျွန်တော်တို့ ထိုးခံပေးသည့် ဘူးများ၊ အိတ်များထဲသို့ ဆန်ထည့်ပေးနေသည်ကို ကြည့်ရင်း ပီတိဖြစ်မဆုံး ရှိနေကြသည်။ ကျွန်တော့်အတွက် ဝေစုဆန်ကို ရရှိပြီးသည်နှင့် တစ်ပြိုင်တည်း လက်တစ်ဆုပ်ခန့်ကို သည်အတိုင်း ပါးစပ်ထဲသို့ ပစ်ထည့်ကာ အစိမ်းဝါးစားနေမိတော့သည်။

ဆန်ဝေပြီးသောအခါ ရွာကလေး၏ နောက်ကျောဘက်ရှိ သစ်တောထဲမှာ ကျွန်တော်တို့ နားနေကြသည်။ ကျွန်တော့်ပတ်လည်မှာ ဝေါ်ရခါးရဲဘော်ကလေးများ စကားပြောနေကြသည်။ သူတို့ကြုံတွေ့ခဲ့ရသည်များကို အပြန်အလှန် ပြောဆိုနေကြခြင်းဖြစ်သည်။ သူတို့နှင့် ကျွန်တော် ပြန်တွေ့ရပြန်ပြီ။ သို့သော်လည်း သူတို့ထဲမှာ တစ်ယောက် ပျောက်နေသည်။

ကျွန်တော့် အကူရဲဘော် ကားလ်ဗဟာဒူး။

"ကားလ်ဗဟာဒူးကို မင်းရှာနေတာမဟုတ်လား"

ကျွန်တော့် အရိပ်အကဲကို စောင့်ကြည့်နေသည့် အာသာဘက်စ်က အတပ်သိလိုက်သလို လှမ်းမေးသည်။

"ဟုတ်တယ်အာသာ. . . သူဘာဖြစ်သလဲ၊ အသက်ရှင်နေသေးသလား" ဟု ကျွန်တော် ပြန်မေးမိသည်။ ကားလ်ဗဟာဒူး အသက်ရှင်နေစေလိုသော ဆန္ဒက ကျွန်တော့်မှာ အကြီးမားဆုံး ဖြစ်နေသည်။

"ဧရာဝတီမြစ်ကို မင်းတို့ ဖြတ်ကူးလာတော့ မင်းကို ကြိုရအောင် မြစ်ကမ်းဘက် ထွက်သွားတာ နောက်ဆုံး ငါမြင်လိုက်ရတာပဲ၊ ဂျပန်တွေနဲ့ တိုက်ပွဲဖြစ်နေတဲ့ အချိန်အထိ သောင်ပြင်ပေါ်မှာ မင်းကို သူရှာနေတယ်၊ တို့လည်း သေပြေးရှင်ပြေး ပြေးခဲ့ရတော့ နောက်ပိုင်း သူဘာဖြစ်တယ်ဆိုတာ မသိရတော့ဘူး"

"သူ ဘာဖြစ်နိုင်တယ်ထင်သလဲဗျာ"

ပူပင်သောက ရောက်စွာဖြင့် . ကျွန်တော်မေးမိပါသည်။ "ငါဘာမှ မသိရိုးအမှန်ပါကွာ၊ သူနဲ့ ပြန်မတွေ့တော့ဘူး၊ တိုက်ပွဲကြားမှာ ညပ်နေတဲ့ ငါ့တပ်စိတ်ကို ဆွဲထုတ်ဖို့ ငါအလုပ်များနေခဲ့တယ်၊ ဒါပေမယ့်





ဆရာဝန်ဗိုလ်ကြီး စတော့က ရဲဘော်နှစ်ဆယ်လောက်ကို စုခေါ်ပြီး တောင်ဘက်ကို ထွက်သွားတာ ဂျွန်ဖောင်လာက တွေ့လိုက်တယ်တဲ့၊ အဲဒီအထဲမှာ ကားလ်ဗဟာဒူးပါသွားတာ ဖြစ်နိုင်ပါတယ်"

"အင်း ဒါလည်းဖြစ်နိုင်တာပါပဲ" ဟု ကျွန်တော်က ပြန်ပြောသည်။ သို့သော်လည်း မကျေနပ်သံနှင့် မယုံကြည်ချင်သည့် လေသံများ ပါသွားသည်။

"စိတ်မပူပါနဲ့ကွာ ကားလ်ဗဟာဒူးဆိုတဲ့ ကောင်က တကယ့်ကောင်ပါ။ လွယ်လွယ်နဲ့ ဒုက္ခမရောက်နိုင်ပါဘူး၊ အဲဒီနောက်ပိုင်း မနေ့ကနဲ့ တစ်နေ့က နှစ်ရက်လုံးလုံး၊ အုပ်စုကလေးတွေ ကွဲပြီး ကစဉ့်ကလျားဖြစ်ကုန်တာ၊ သူလည်း အဲဒီအုပ်စုကလေးတွေထဲက တစ်အုပ်စုစုနဲ့ ပါသွားပါလိမ့်မယ်"

အာသာက ပြုံးရင်းထိုင်ရာမှ ထလိုက်သည်။

"အားလုံး အဆင်ပြေသွားပါလိမ့်မယ် ငါ့ညီရယ်. . . ဘာပဲဖြစ်ဖြစ် အခုတို့အားလုံး ပြန်ပေါင်းမိကြပြီပဲ၊ ဟိုဘက်က တောင်တန်းတွေကို ဖြတ်ဖို့ပဲရှိတော့တယ်၊ ဒါပြီးရင် တို့ရပ်တို့ရွာ ပြန်ရောက်ပြီ၊ နောက်တစ်ပတ်ဆိုရင် ပြန်ရောက်ပြီ၊ မင်းမယုံရင်ကြည့်"

ကားလ်ဗဟာဒူးကို ကျွန်တော် မျက်စိထဲမှာ မြင်ယောင်နေသည်။ အာသာပြောသည့် 'တကယ့် ကောင်ပါ' ဆိုသည်မှာ မှန်ပါသည်။ မိမိနယ်မြေသို့ ကျွန်တော်လို ကောင်တောင်မှ ပြန်ရောက်နိုင်သေးသည်ဆိုလျှင် ကားလ်ဗဟာဒူးလို ရဲဘော်အဖို့ ဘာမျှ မရောက်နိုင်စရာ အကြောင်းမရှိချေ။ ပြီးတော့ သူတို့ နောက်ဆုံးမြင်တွေ့လိုက်ရသည့် အချိန်အထိ သူဒဏ်ရာမရသေး။ ကျွန်တော်စိတ်သက်သာရာ ရသွားသည်။ အာသာနှင့် စကားဆက်ပြောနေလိုက်ပြီး ကာလကတ္တားမြို့သို့ ရောက်လျှင် ရောက်ချင်း ဟိုတယ်တစ်ခုမှာ ထမင်းကောင်းကောင်းမှာစားဖို့ ကျွန်တော်တို့ နှစ်ယောက် စိတ်ကူးယဉ်နေလိုက်ကြသည်။

"ပဇ္ဇည်းတွေအသင့်ပြင်"

စိတ်ချမ်းသာစရာကောင်းသော ကျွန်တော်တို့၏ စိတ်ကူးကလေးများမှာ 'ပဇ္ဇည်းတွေအသင့်ပြင်' ဟူသော မုန်းစရာကောင်းသည့် အမိန့်



www.burmeseclassic.com

www.burmeseclassic.com



ပေးသံကြောင့် ပျက်ပြားသွားရလေတော့သည်။ ကိုယ်ခန္ဓာ အနေအထားအရ ဆက်လက်ချီတက်နိုင်ဖို့ များစွာ ခက်ခဲသည့် အခြေအနေဖြစ်သော်လည်း ကျွန်တော်တို့ မငြင်းနိုင်ပါ။ ရဲဘော်အားလုံးသည် မိမိရှိနေသည့်နေရာမှထပြီး ကိုယ့်ပစ္စည်းကလေးများကို မသက်မသာဖြင့် ပြင်ဆင်ကြရတော့သည်။

"ငါ့ညီရေ ဘိုင့်ဘိုင်ဟေ့၊ ဒီကနေ့ ငါရှေ့ဆုံးက ပွိုင့်တာဝန်ကျတယ်၊ ညကျမှ တောထဲတစ်နေရာမှာ စကားပြောကြရအောင်ကွာ"ဟု အာသာကပြောပြီး ကျွန်တော့်ကို ရယ်ပြကာ နှုတ်ဆက်ထွက်သွားသည်။

"ဘိုင့်ဘိုင်ဗျို့၊ ခင်ဗျားခေါင်းကြီးကို အောက်ငုံ့ထား၊ ကျုပ်မလုပ်တာ မှန်သမျှ ဘာမှမလုပ်နဲ့နော်" ဟု ကျွန်တော်ကလည်း ပြုံးပြကာ လှမ်းနောက်လိုက်သည်။

ကျွန်တော့်ကို ပျော်ပျော်ရွှင်ရွှင်ကြီး လက်ယမ်းပြပြီး ပျောက်ကွယ်သွားတော့သည်။

သူနှင့် ကျွန်တော် နှုတ်ဆက်ခဲ့ခွာလိုက်ကြသည့် အခိုက်အတန့်ကလေးမှာပင် တောတွင်းသို့ ရုတ်တရက် ရောက်လာသော ဂျပန်တိုက်ကင်း၏ စက်သေနတ်နှင့် မပြတ်ပစ်ခတ်ခြင်းကို မမျှော်လင့်ဘဲ ကျွန်တော်တို့ ခံလိုက်ကြရသည်။ ထို့ကြောင့်လည်း အာသာဘက်စ် ထာဝရပျောက်ကွယ်သွားခြင်း ဖြစ်ပါသည်။

(နောင်နှစ်ပေါင်းများစွာ ကြာတော့မှ သူ့အကြောင်း အဖြစ်မှန်ကို ကျွန်တော်သိရတော့သည်။ သူ့ကို ရန်သူက ဖမ်းမိသွားသည်။ ဖမ်းမိထားတုန်း အစောင့်တာဝန်ကျသည့် ဂျပန်ကင်းသမားက သူ့ကို လှံစွပ်နှင့် ထိုးသတ်လိုက်ခြင်း ဖြစ်သည်။)

သစ်ပင်များကြားမှာ ကျည်ဆန်များ ဥဒဟို ပလူပျံနေသည်။ သေဘေးမှ လွတ်မြောက်အောင် ပြေးကြလွှားကြသည်။ အော်ကြ ဟစ်ကြသည်၊ လဲကြ ပြိုကြသည်။ သေကြ နာကြသည်။ တစ်တောလုံးကို ဂျပန်စက်သေနတ် ကျည်ဆန်များက ဖုံးလွှမ်းထားသည်။

ကျည်ဆန်တွေကြားထဲမှ ရှေ့ဘက်သို့ အူယား ဖားယား ကျွန်တော်ပြေးခဲ့သည်၊ ခဏကြာတော့ သစ်ပင်များ ထူထပ်စွာ အုပ်မိုးနေ





သည့် မူးမြစ်ကမ်းပါးသို့ ရောက်လာသည်၊ ရေထဲသို့ ပြေးဆင်းလိုက်သည်။ ရေက အလွန်အေးလှသည်။ သိပ်ကျယ်လှသည်တော့ မဟုတ်ပါ။ ကိုက်(၂၀၀)ခန့်သာ ကျယ်ပါသည်။ သို့သော်လည်း ရေစီးကတော့ အလွန်သန်သည်။

ကျွန်တော်တို့၏ စစ်ကြောင်းကြီး တစ်ခုလုံး မြစ်ထဲမှာ ဖြတ်ကူးနေကြပြီ။ ရန်သူ့ ကျည်ဆန်များကလည်း နောက်ဘက်မှ ထက်ကြပ်မကွာ လိုက်ပါလာသည်။ စတင် အပစ်ခတ်ခံရလျှင် ခံရချင်း ကျွန်တော်တို့ဘက်က အကြီးအကျယ် အထိနာသွားပြီဟု ကျွန်တော်ထင်သည်။ အမှန်တော့ ကျွန်တော် ထင်သလို အထိမနာလှပါ။ ရှေ့ဆုံးက ချီတက်သွားသော တပ်စိတ်များသည် မြစ်လယ်သို့ ရောက်နေကြပြီ၊ ကျည်ဆန်များ ကြားမှပင် တစိုက်မတ်မတ် တစ်ဖက်သို့ ကူးနေကြသည်။ အချို့မှာ ဒဏ်ရာနှင့် ဖြစ်သည်။ သို့သော်လည်း ရေစီးသန်လှသည့် မြစ်ထဲမှာ သူတို့ ခြေထောက်ပေါ်တွင် ခိုင်ခိုင်မြဲမြဲ ရပ်နေနိုင်ကြသည်။

တပ်ဖွဲ့များ အလွန် စနစ်တကျ ရှိနေသည်ကို တွေ့ရသည်။ ရဲဘော် အားလုံး၏ စိတ်ဓာတ်မှာ မယုံကြည်နိုင်လောက်အောင် ကြံ့ခိုင်နေကြသည်။ အရာရှိများနှင့် အကြပ်များ၏ ကွပ်ကဲမှုအောက်မှာ တစ်သွေးတစ်သံတစ်မိန့် လိုက်နာနေကြသည်။ မြစ်ဖြတ်ကူးနေသည့် စစ်ကြောင်းကြီးထဲတွင် ဟိုနားတစ်ယောက် သည်နားတစ်ယောက် လဲပြိုသွားကာ ရေစီးကြောင်းအတိုင်း မျောပါသွားသည်ကိုလည်း မကြာခဏ မြင်တွေ့နေရသည်။ သို့သော် ရဲဘော်အားလုံး စိတ်ဓာတ်ကြံ့ခိုင်ပြီး အလွန် စည်းကမ်းကောင်းစွာဖြင့် ဖြတ်ကူးမြဲ ဖြတ်ကူးနေကြသည်။

"လူချင်းခွဲ"

ကျွန်တော့်ရဲဘော်များကို အော်ဟစ်အမိန့်ပေးလိုက်မိသည်။ ကံကောင်းထောက်မစွာဖြင့်ပင် ကျွန်တော့်ရဲဘော် အားလုံး ကျွန်တော့်အနားမှာ စုံစုံလင်လင် ရှိနေကြသည်။

ကျွန်တော့်အမိန့်အတိုင်း လူချင်း ခပ်ခွာခွာ ခွဲလိုက်ကြသည်။ ကျွန်တော့် ဘယ်ဘက်မှာ အားကောင်းမောင်းသန် တပ်ကြပ်ကြီးတစ်ဦး၊ ကျွန်တော့်ညာဘက်မှာ လူပျော်တပ်ကြပ်ကလေး၊ ရဲဘော်အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှစ်ယောက်က တည်တည်ငြိမ်ငြိမ်နှင့် စနစ်တကျ ဦးဆောင်ကူးဖြတ်နေကြသည်။

မြစ်ရေမှာ ခါးလောက်သာရှိသည်။ ကျွန်တော်တို့ သေနတ်များကို ခေါင်းပေါ်မှာ မြှောက်ထားကြသည်။ တဖက်ကမ်းသို့အတက် လိုအပ်လျှင် တိုက်ရမည်ဆိုလျှင် အသင့်တိုက်နိုင်အောင်လည်း ပြင်ဆင်ထားကြပြီး ဖြစ်သည်။

ရှေ့ဆုံးကတပ်ဖွဲ့ တစ်ဖက်ကမ်းသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း ထိုကမ်းပေါ်မှ အသင့် စောင့်ကြိုနေသော ရန်သူက စက်သေနတ်များဖြင့် ဆီးကြိုပစ်ခတ်လေတော့သည်။ ရေထဲမှ ရဲဘော်တွေ အထွေးလိုက် ပြိုလဲသွားကြသည်။ တစ်ဖက်ဘေးနားမှ ရန်သူ့စက်သေနတ်တစ်လက်က အသံများ မြည်ဟည်းလာပြန်သည်။ နောက်ထပ် ရဲဘော်တွေ မြစ်ရေအောက်သို့ ရောက်သွားကြပြန်သည်။ ကျွန်တော့် ရှေ့နားကလေးမှာ ကပ်နေသည့် ရဲဘော်များလည်း ရေလယ်မှာပင် ကျဆုံးကုန်တော့သည်။

နောက်ဘက်ကမ်းသို့ ပြန်လှည့်သွားလျှင် ကောင်းမည်လားဟု ကျွန်တော်ပြန်ကြည့်မိသည်။ မဖြစ်နိုင်တော့ပြီ။ ထိုကမ်းပါးမှာလည်း ရန်သူစစ်ကူများ အလုံးအရင်းနှင့် ထပ်ရောက်လာကာ အပြင်းအထန် ပစ်ခတ်နေကြပြီ။ ယခုမှ ရှေ့ကမ်းရော နောက်ကမ်းပါ ကမ်းနှစ်ဖက်စလုံးမှ နေ၍ ညှပ်ဖူးညှပ်ပိတ် ပစ်ခတ်နေခြင်းကို ခံရတော့သည်။

ကျွန်တော့်အသည်းနှလုံးများကို ဓားနှင့်မွှန်းသလို ခံစားလာရသည်။ ထို့ကြောင့် သေနတ်သံများကို ဖုံးအောင် အသံကုန်အော်ပြီး အမိန့်ပေးလိုက်မိသည်။

"ရှေ့ဆက်တက် တို့ဖို့ ဒီတစ်လမ်းပဲ ရှိတယ်"

အနောက်ဘက်ကမ်းနှင့် နီးလာပြီ။ ကျွန်တော်တို့ ပတ်လည်မှ ရေပြင်ပေါ်တွင် စက်သေနတ်ကျည်ဆန်များ မိုးသီးမိုးပေါက်လိုကျနေသဖြင့် ရေပွားများ ဖွေးဖွေးလှုပ်နေသည်။ ရှိသမျှအား အကုန်ညှစ်ထုတ်ပြီး ကျွန်တော် အပြေးကူးခဲ့သည်။ ကျွန်တော် ဘေးနှစ်ဖက်ရှိ ရဲဘော်များကလည်း ကျွန်တော့်လိုပင် အပြေးတက်လာကြသည်။





ကျွန်တော့်ရှေ့ကမ်းပေါ်မှာ ဗြိတိသျှ ရဲဘော်နှစ်ယောက်ပေါ်လာပြီး လက်များကို ဝှေ့ယမ်းပြကာ တစ်စုံတစ်ရာ လှမ်းအော်ပြောသည်။ သူတို့ ဘာပြောသည်ကို ကျွန်တော် နားမထောင်နိုင်တော့ပါ။ ရှေ့သို့သာ ဇွတ်တိုးသွားနေရတော့သည်။ ထိုအခိုက် သူတို့နှစ်ယောက်စလုံး တောတွင်းသို့ ဒိုင်ဗင်ထိုးဝင်ကာ ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည်။

သို့ကလို သူတို့ ပျောက်သွားတော့မှ သူတို့ဘာကို အော်ပြောခြင်းဖြစ်ကြောင်း သဘောပေါက်တော့သည်။ ရန်သူ ခြောက်ယောက်လောက်က မြစ်ကမ်းနှင့် သစ်တောကြား ကျွန်တော်တို့ ရှေ့တည့်တည့်မှ ဆီးကြိုကာ ပစ်ခတ်နေကြချေပြီ။

"ရှေ့ဆက်တက်"

တပ်ကြပ်ကြီးဟေးစ်နှင့် ကျွန်တော်က သံပြိုင်အော်သည်။ တပ်ကြပ်ကလေးက ဂျပန်များကို အော်ဟစ်ဆဲရေး တိုင်းထွာနေသည်။

ရေတိမ်လာပြီ။ ဒူးလောက်သာ ရှိတော့သည်။ တဖြည်းဖြည်း တိမ်သည်ထက် တိမ်လာသည်။ ကျွန်တော်တို့ ရှေ့တည့်တည့်ကမ်းပေါ်မှ ရိုင်ဖယ်သံများသာ မကတော့၊ မပြတ်ဆွဲမွှေ့နေသော စက်သေနတ်သံကိုပါ ကြားရလေပြီ။ ကျွန်တော့်ဘေးက ဖြတ်ပြီး ရဲဘော်တစ်ယောက် ရေစီးနှင့် မျောပါသွားသည်။ သူ့ပတ်လည်မြစ်ရေမှာ သွေးခြင်းခြင်း နီနေသည်။ ကျည်ဆန်တွေက ပလူပျံနေသည်။ သဲနှင့်ဆုပ်ပက်သလို ဖြစ်နေသည်။ သို့သော် ကျွန်တော်တို့ လူများမှာ အံ့ဩစရာကောင်းလောက်အောင် အထိအခိုက် လုံးဝမရှိသေး။

ရေစပ်သို့ ရောက်လာသည်။ သောင်ပြင်ပေါ်သို့ အပြေးတက်လိုက်ကြသည်။ ကျွန်တော်တို့ ရှေ့တည့်တည့်မှာ ရှိနေသည့် ရန်သူများ ဘာဆက်လုပ်ရမှန်းမသိအောင် တွေဝေသွားပုံရသည်။

"တိုက် နောက်မဆုတ်နဲ့ တိုက်"

တပ်ကြပ်ကလေးသည် ကျွန်တော့်ရှေ့ ခြောက်ပေခန့်အကွာ သောင်ပြင်ပေါ်သို့ ဟပ်ထိုးလဲကျသွားသည်။ ကြောက်မက်ဖွယ် အသံကြီးတစ်ခုကိုလည်း သူအော်လိုက်သည်။ သူ့ကို ဆွဲဖို့ စိတ်ကူးလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချိန်မရှိတော့ပါ။ သူ့ကို တစ်ချက်လှမ်းကြည့်လိုက်ရာ သူ့ရင်ဘတ်နှင့် လည်ပင်းတွင် စက်သေနတ်ကျည်များ ဖောက်ထွင်းသွားပြီး အသက်ကုန်နေပြီကိုသာ တွေ့ရတော့သည်။

မြစ်ကမ်းပါး အောက်သို့ ရောက်လာသည်။ ကမ်းပါးကို အကာအကွယ် ယူမိပြီဖြစ်သောကြောင့် စက်သေနတ်ကျည်ဆန်များက ကျွန်တော်တို့ ခေါင်းပေါ်မှသာ ဖြတ်သန်းကျော်လွှား သွားနေသည်။

ကမ်းပါးဘေးမှာ ကျွန်တော် နေရာယူပြီးသည်နှင့် တစ်ဆက်တည်း တပ်ကြပ်ကြီး ဟေးစ်လည်း ရောက်လာသည်။ သူနှင့် ကပ်လျက်ရဲဘော်သုံးယောက် ကျွန်တော့်ဘေးသို့ ခုန်ဝင်လာသည်။ ကျွန်တော် စုစည်းထားသည့် တပ်ဖွဲ့ကလေးမှ လက်ကျန်သည် ဒါပဲဖြစ်တော့သည်။

"ပြေး တအားပြေး တို့ရွေးဖို့တခြားလမ်းမရှိဘူး။ လာကြ၊ ငါ့နောက်ကို အပြေးလိုက်ခဲ့ကြ"

ပြောပြောဆိုဆိုဖြင့် မြစ်ကမ်းပါးပေါ်သို့ ခုန်တက်လိုက်သည်။ ပြီးတော့ ခါးတစ်ဝက်ကိုင်းပြီး စက်သေနတ်ကျည်ဆန်များ ဒေါသတကြီး ထွက်လာနေသည့် တောအုပ် တည့်တည့်ဆီသို့ ဦးတည်ကာ သေပြေးရှင်ပြေး ပြေးရတော့သည်။ အခြားနည်းလမ်းမရှိတော့ပါ။ ကျည်ဆန်များကြားသို့ ပြေးဝင်ရန်မှတပါး အခြားနည်းလမ်း မရှိတော့ပါ။

ချုံပုတ်အတွင်းသို့ ကျွန်တော်ခုန်ဝင်လိုက်ပြီးသည်နှင့် တစ်ပြိုင်တည်း မလှမ်းမကမ်းတွင် စက်သေနတ်တစ်လက်ဖြင့် အလုပ်ရှုပ်နေသော ဂျပန်နှစ်ယောက်ကို တွေ့ရသည်။ တိုက်ပွဲထဲမှာ အာရုံဝင်စားနေသောကြောင့် ကျွန်တော့်ကို သူတို့မမြင်ပါ။ သောင်ပြင်ပေါ်သို့သာ သူတို့ မဲပစ်နေကြသည်။ ယခုလို ရုတ်တရက်ရန်သူနှင့် တွေ့လိုက်ရသည့်အတွက် အံ့ဩဖို့ အချိန်လည်း ကျွန်တော်တို့ မရလိုက်ကြပါ။

အနီးဆုံးရန်သူဆီ ကျွန်တော်တို့ တဟုန်ထိုး တိုးသွားသည်။ ချုံပုတ်နှင့်ငြိပြီး လက်ထဲမှ ရိုင်ဖယ်သေနတ်လွတ်ကျသွားသည်။ ကောက်နေချိန်မရှိ။ ခါးက ဓားကောက်ကို ဆွဲထုတ်လိုက်သည်။ ထိုအချိန်မှာပင် ကျွန်တော့်နောက်နားမှကပ်ပြီး ခြောက်လုံးပြူးသံ ကြားလိုက်ရသည်။ တစ်ဆက်တည်း ရိုင်ဖယ်သေနတ်ဒင်နှင့် အရိုးများ ဖြောင်းဖြောင်းကျိုးအောင်





ရိုက်နေသံကိုပါ ကြားရသည်။

ပြီးတော့ ပြုံးနေသည့် တပ်ကြပ်ကြီး ဟေးစ် ကျွန်တော့်နားမှာ ပေါ်လာသည်။ သူ့လက်ထဲက ခြောက်လုံးပြူးပြောင်းဝတွင် မီးခိုးငွေ့ထွက်နေဆဲဖြစ်သည်။ ဂျပန်စက်သမားတစ်ယောက် သူ့ခြောက်လုံးပြူးဖြင့် အသက်ပျောက်ခဲ့ပြီ။

ဟေးစ်၏ နောက်မှကပ်လျက် ဗြိတိသျှ စစ်သား ပေါ်လာသည်။ သူ့ ရိုင်ဖယ်သေနတ်ဒင်မှာ ဆံပင်များ၊ အသားစများနှင့် သွေးများ ပေကျံနေသည်။ ကျန်စက်သမားတစ်ယောက် မည်ကဲ့သို့ ကျဆုံးသွားပြီကို ပြောပြရန်ပင် မလိုတော့ပါ။

ပတ်လည်တွင် လုံလောက်သည့် မျက်ကွယ်အနေအထားမရှိ။ ကျွန်းတောကြီး၏ အောက်ခြေက ရှင်းနေသည်။ ထို့ကြောင့် ပိုနက်သည့် တောအတွင်းသို့ အပြေးအလွှား တိုးဝင်လာခဲ့ရတော့သည်။ ထိုအခိုက် ကွက်လပ်ကလေးကို ဖြတ်ပြေးလာသော ဗိုလ်ကြီးအက်ဒီအက်ဒမန်ကို သစ်ပင်များကြားမှ လှမ်းတွေ့လိုက်ရသည်။ သူ့ပခုံးပေါ်မှာ ဗိုလ်မှူးကြီး အလက်ဇန်းဒါး ပါသွားသည်။ တောင့်တင်း သန်မာသော အက်ဒီအက်ဒမန်၏ ပခုံးပေါ်မှာ အသက်မရှိတော့သလို တွဲလောင်းကြီးကျပြီး ငြိမ်သက်နေသည်။ သွေးများ ယိုစီးကျနေသည်။

သူတို့ နောက်မှတစ်ယောက် သွေးရူးသွေးတန်း ပြေးလိုက်လာသည်။ လူသွားလမ်းကလေးပေါ် ရောက်တော့ ရုတ်တရက် လဲကျသွားသည်။ တစ်ဆက်တည်း လိမ့်ကာ လိမ့်ကာ လွင့်သွားသည်။ မည်သူဖြစ်ကြောင်း ကျွန်တော် မမှတ်မိလိုက်ပါ။ အက်ဒီက ပတ်လည်ကို လှည့်ကြည့်သည်။ ပြီးတော့ သူ့ပခုံးပေါ်မှာ ဗိုလ်မှူးကြီး အလက်ဇန်းဒါးကို ထမ်းလျက်နှင့် သစ်ပင်များကြားသို့ ပြေးဝင်သွားသည်။

"ဒီလမ်းကိုလာ" ဟုလည်း ပြန်အော်သွားသေးသည်။

သူ့နောက်သို့ ကျွန်တော် ပြေးလိုက်သည်။ တပ်ကြပ်ကြီး ဟေးစ် ကျွန်တော့်ကို ကျော်တက်သွားကာ မှန်ယိုနေသည့် ဆင်ပေါက်တစ်ကောင်လို တောထဲသို့ ပြေးဝင်သွားသည်။

ကျွန်တော် အသက်ရှူ မှားသွားသည်။ မြေပြင်ပေါ်သို့ လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာကြောင့် လဲကျသွားမှန်း ကျွန်တော် မသိလိုက်။ အသက်ရှူကျပ်နေသည်။ တပ်ကြပ်ကြီး ပေးစ်နှင့် ရဲဘော်တစ်ယောက်၏ နောက်ကျောကို မြင်လိုက်သည်။ တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ပြီးတော့ ဗိုလ်ကြီးအက်ဒီအက်ဒမန် ဗိုလ်မှူးကြီး အလက်ဇန်းဒါးကို ထမ်းထားဆဲဖြစ်သည်။ သူလည်း တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

သူတို့နောက်သို့ တွားပြီးလိုက်ရန် ကျွန်တော် ကြိုးစားသည်။ မအောင်မြင်ပါ။

"ငါ့ကို စောင့်ဦး"

ကျွန်တော် အော်ခေါ်ရန် ကြိုးစားသည်။ အသံထွက်မလာပါ။ ညာဘက်ဒူးခေါင်းက အလွန်တရာ နာကျင်လာသည်။

ထို့နောက် ဘာဝေဒနာကိုမှ မခံစားရတော့သလို ရှိသည်။ အမှောင်ထုကြီး ကြီးစိုးလာသည်။ ငြိမ်းချမ်းလာသည်။ အချိန်ဟူ၍ မရှိ။ နာကျင်ခြင်းဟူ၍ မရှိ။

✧ ✧ ✧



## အခန်း (၁၅)

### စစ်သုံ့ပန်း

နာရီပေါင်း မည်မျှ ကြာသွားသည်မသိ။ ဝင်လုဆဲဆဲ နေရောင်အောက်မှာ အိပ်ရာမှ ကျွန်တော် နိုးလာသည်။ ပါးစပ်ထဲမှာ ချိုသလိုလို သွေးအရသာလိုလို ခံစားရသည်။ မျက်လုံးကို ဖွင့်ဖွင့်ကြည့်သည်။ ခေါင်းက အလွန်တရာ နာနေသည်။ မျက်နှာကို လက်ဖြင့် စမ်းကြည့်သည်။ သွေးခြောက်များ ပြည့်နေသည်ကို စမ်းမိသည်။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများမှာလည်း သွေးများခြောက်ပြီး အခဲကြီးဖြစ်နေသည်။ မျက်လုံးများကို မှိတ်လိုက်သည်။ ခေါင်းကိုက်သလိုရှိရာမှ သက်သာသွားသည်။ ရေသောက်ချင်သည်။ ဖြစ်သည့်နည်းဖြင့် ရေသောက်ဖို့ လိုပြီ။

ညာလက်ကို ကြိုးစားမြှောက်ပြီး ခါးမှ ခါးပတ်ကို စမ်းကြည့်သည်။ ခါးပတ်မရှိတော့ပြီ။ ထိတ်လန့်တုန်လှုပ်သွားကာ မျက်စိဖွင့်ကြည့်မိပြန်သည်။ ပတ်ဝန်းကျင်ကို ကြိုးစား ကြည့်သည်။ မြင်ကွင်းများ တဖြည်းဖြည်း ရှင်းလာသည်။ သစ်ပင်ထိပ်ဖျားများကို မြင်ရသည်။ ဆည်းဆာရောင်ဖြင့် နီရဲ နေကြသည်။ သစ်ပင်တစ်ပင်၏ ခြေရင်းမှ ချုံပုတ်ကလေးထဲမှာ ကျွန်တော်လဲနေခြင်း ဖြစ်သည်။ ဂေါ်ရခါးဦးထုပ်နှင့် ရေဘူးကို ကျွန်တော့် ဘေးတစ်ဖက်မှာ တွေ့သည်။ ရေဘူးကို လှမ်းဆွဲယူသည်။ အငမ်းမရ သောက်သည်။ ရေက နွေးနေသည်။

တစ်ကိုယ်လုံးမှာ အားအင်ဆို၍ လုံးဝမရှိတော့။ အသိဉာဏ်များ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ထုံထိုင်းမှုန်မှိုင်းနေပြီ။ သို့သော်လည်း ရေသောက်လိုက်ရသောကြောင့် အတော်ကလေး ကြည်လင်လာသည်။ ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။

အဝါရောင် သင်္ကန်းနှင့် ဘုန်းတော်ကြီးကို မျှော်မိသည်။ သို့တည်းမဟုတ် ရှမ်းတောင်တန်းပေါ်ရှိ တောတွင်းသူခဘုံရွာကလေးမှ သူကြီးကို မျှော်မိသည်။ သူတို့သည် ပြုံးပန်းတဝေဝေဖြင့် ကျွန်တော့်ဆီသို့ လျှောက်လာပြီး အစားအသောက်များ ကျွေးမွေးကြလေမည်လား။

မလာပါ။

သူတို့ ရောက်မလာကြပါ။

သူတို့အစား သံသံချင်း ထိသည့်အသံကိုသာ ကြားရသည်။

ဒဏ်ရာများက သိပ်နာလာသည်။ ပတ်ဝန်းကျင်ကို သေသေချာချာကြည့်တော့ လမ်းဘေးတစ်နေရာရှိ ကျောက်တုံးကြီးတစ်ခုဘေးမှာ ကျွန်တော်လဲနေခြင်း ဖြစ်သည်။ ကျောက်တုံးကြီးပေါ်မှာ လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရသည်။

သူဘယ်သူလဲ။

သေသေချာချာ ကြည့်တော့မှ ယူနီဖောင်းဝတ်ထားသည့် စစ်သားတစ်ယောက် ဖြစ်ကြောင်း သတိထားမိသည်။ ကျွန်တော့်ကို မလှုပ်မယှက်သူစိုက်ကြည့်နေသည်။ သူ့မျက်လုံးများသည် ဗြိတိသျှမဟုတ်၊ အိန္ဒိယလူမျိုးမဟုတ်၊ မြန်မာလူမျိုးမဟုတ်၊ ဂေါ်ရခါးလူမျိုးလည်း မဟုတ်။ ဂျပန်တစ်ယောက် မျက်လုံးများပါတကား။

"အို . . . ဘုရား . . . ဘုရား . . . မဟုတ် . . . မဟုတ်ဘူး . . . ငါစစ်သုံ့ပန်းမဟုတ်ဘူး"

အသံကုန်အော်လိုက်မိသည်။

အစာရေစာပြတ်သဖြင့် ကျွန်တော့်သတိများကောင်းကောင်းမကြည်လင်။ သို့သော်လည်း တတ်နိုင်သမျှ ပြန်စဉ်းစားကြည့်မိသည်။ ဘယ်နှစ်ရက်ကြာအောင် သတိလစ်နေခဲ့သည်ကို မသိ။

ကျွန်တော် ဒဏ်ရာ ထပ်ရသည်။ ညာဘက် ဒူးအောက်နားမှ ကျည်ဆန်ဝင်သွားသည်။ အသားကိုသာ ဖောက်သွားသဖြင့် တော်တော့





သည်။ သို့သော်လည်း အစာပြတ်နေရသည့်အထဲ သွေးထွက်လွန်းသောကြောင့် ပိုပြီး အားအင် လျော့ပါးလာသည်။ နောက်ကျည်ဆန်တစ်ချက်က ခေါင်းနားမှ ကပ်ထွက်သွားပုံရသည်။ ဂေါ်ရခါး ဦးထုပ်အစပ်မှာ ကျည်ဆန်ပေါက်တွေ့ရသည်။ မြောက်မြားစွာသော ဗုံးဆန်များက မျက်နှာကို မှန်သည်။ ဒဏ်ရာ ကြီးကြီးမားမားတော့ မဟုတ်။ ညာဘက်နားထင်မှာ ခပ်ရွှေရွှေ ဖြစ်သွားသည့် ဒဏ်ရာက နည်းနည်း ကြီးသည်။ ထို့ကြောင့် ဆံပင်၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ သွေးရွှဲပြီး ခြောက်ခဲနေခြင်း ဖြစ်သည်။

ကျွန်တော့်ကို စောင့်နေသည့် ဂျပန်ကိုကြည့်ရင်း သေတွင်းဝသို့ကျွန်တော် ရောက်နေပြီ ဖြစ်ကြောင်း ခံစားလိုက်ရသည်။

ကျွန်တော် မုချ သေရတော့မည်။ သည်လိုမှ မဟုတ်လျှင် တစ်နည်းနည်းဖြင့် ကံကြမ္မာ အလှည့်အပြောင်းက ကောင်းပါလေမှ။

ကျွန်တော် အိပ်ပျော်သွားသည်။ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မသိ။

နောက်တစ်ခါ နိုးလာတော့ တောတွင်းက လမ်းကြမ်းကြမ်းမှာ ဖြတ်မောင်းနေသည့် ထရပ်ကားတစ်စီးပေါ်တွင် ပါလာကြောင်း သိရသည်။ လဲနေရာမှ ကြိုးစားပြီး ထထိုင်သည်။ အစောင့်ဂျပန်က ကျွန်တော့်ကို လှမ်းကြည့်ပြီး မညီညာသော သွားများကို ဖြဲပြသည်။ ကျွန်တော့်ကို လှောင်ပြောင်ခြင်းလော။ ခြိမ်းခြောက်ခြင်းလော။

မိတ်ဆွေကို ပြုံးပြခြင်းကား လုံးဝမဟုတ်နိုင်ပါ။

တစ်နေရာမှာ မော်တော်ကား ရပ်လိုက်သည်။ ဖုန်များက လုံးတက်လာသည်။ အစောင့်ဂျပန်က နောက်မှ အပိတ်ကို သွားဖွင့်သည်။ ဂျပန်ခြောက်ယောက်လောက် တက်လာသည်။ ပထမတော့ ကျွန်တော့်ကို ကြည့်ပြီး တစ်ယောက်က ရယ်သည်။ ပြီးတော့ အားလုံးက ဝိုင်းရယ်ကြသည်။ ကျွန်တော် ဘာကိုမှ မသိတော့ဘဲ သတိလစ်သွားပြန်သည်။

နောက်တစ်ခါ သတိရလာတော့ အစောင့် မတ်တတ်ရပ်ပြီး အလေးပြုသည်။ အရာရှိတစ်ယောက် ရောက်လာပုံရသည်။ မျက်စိဖွင့်ကြည့်သောအခါ စစ်ဗိုလ်တစ်ယောက်ကို တွေ့ရသည်။ ကျွန်တော့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကို တစ်လက်မမျှ အကြားအလပ် မကျန်အောင် သေသေချာချာ စိုက်ကြည့်နေသည်။ ပြီးတော့ အစောင့်ကို တစ်စုံတစ်ရာ အမိန့်ပေးသည်။ အစောင့်က ရိုင်ဖယ်သေနတ်ကို ဘေးနားမှာ ချခဲ့ပြီး ကျွန်တော့်ဆီသို့ ကပ်လာသည်။ ကျွန်တော့်ကို ကန်လိုက်တော့မည်ဟု ထင်သည်။ သို့သော် မကန်ဘဲ ဆွဲထူသည်။

ဂျပန်စစ်ဗိုလ်ရှေ့တွင် မတ်တတ်ရပ်နေမိသည်။ ဒဏ်ရာများက သေလုအောင် နာလှသည်။ စစ်ဗိုလ်က ကျွန်တော့်ပခုံးပေါ်မှ အနက်ရောင်ဗိုလ် အမှတ်အသားကို ကိုင်ကြည့်သည်။

"အရာရှိလား" ဟု အင်္ဂလိပ်လို မေးသည်။

ကျွန်တော်က ခေါင်းညိတ်ပြသည်။

ဂျပန်စစ်ဗိုလ်က နောက်လှည့်ထွက်သွားသည်။ ခဏနေတော့မှ အစောင့်ဘက် ပြန်လှည့်ပြီး တစ်စုံတစ်ရာ အမိန့်ပေးကာ ထွက်သွားသည်။

ကျွန်တော် ပြန်လဲကျသွားသည်။ အစောင့်က ကျွန်တော့်အပေါ်မှ ခွရပ်နေသည်။ ပြီးတော့ သူ့ခါးမှ လှံစွပ်ကို ဖြုတ်သည်။ နေရောင်မှာ လှံစွပ်သွားက အရောင်လက်သွားသည်။ လှံစွပ်နှင့် ကျွန်တော့်ကို ဆောင့်ထိုးလိုက်သည်။ ကျွန်တော် စိတ်ထဲမှာ ဘာမျှမဖြစ်ပါ။ မည်သည့်နာကျင်မှုမျိုးမှလည်း မခံစားရတော့ပါ။ ဘေးသို့လက်နှစ်ဖက် ပြုတ်ကျသွားသည်။ လက်မှာ ပူးချည်ထားသည့်ကြိုးကို လှံစွပ်နှင့် သူဖြတ်လိုက်ခြင်း ဖြစ်သည်။ သူက တစ်ကြိမ်ရယ်လိုက်ပြန်သည်။ ထို့နောက် ရေဘူးကမ်းပေးသည်။ ရေကို အားပါးတရသောက်လိုက်သည်။

ကျွန်တော် အိပ်ပျော်သွားပြန်သည်။

နိုးလိုက်၊ အိပ်လိုက်၊ လာကျွေးသည့်အစာကို စားလိုက်၊ ရေကို သောက်လိုက်၊ ဘယ်နှစ်ကြိမ်အိပ်၊ ဘယ်နှစ်ကြိမ်နိုး ဘယ်နှစ်ကြိမ်စား၊ ဘယ်နှစ်ကြိမ်သောက်သည်ကို ကျွန်တော် မသိပါ။

သတိကောင်းကောင်း ပြန်ရသောအချိန်တွင် အလင်းရောင်ကောင်းကောင်း ရနေသည့်နေ့ပိုင်း အချိန်ဖြစ်သည်။ ဗြိတိသျှတို့ လက်မှ သိမ်းယူရရှိထားသော (၁၅)ဟန်ဒြွတ်ဝိတ်ထရပ်ကားကြီးပေါ်မှာ ကျွန်တော်





ပါလာကြောင်း သိရသည်။ ဘယ်တွေရောက်နေသည်မသိ၊ ဘာတွေဖြစ်နေသည်မသိ။ ကားက နှေးသွားလိုက်၊ မြန်သွားလိုက်၊ တစ်ခါတစ်ရံ ဂီယာကြီးဖြင့် ကြိတ်ပြီး ရုန်းနေလိုက်။

ညနေပိုင်းကျတော့ ကားရပ်ပြန်သည်။ သူတို့ အစာစားကြပြန်သည်။ ကျွန်တော့်ကိုလည်း ခပ်ချဉ်ချဉ်ထမင်းနှင့် ဝက်ခေါက်လိုဟာ နှစ်ချောင်းလာပေးသည်။ ရေတစ်ဘူးပေးသည်။ ခဏကြာတော့ သဲလမ်းပေါ်မှာ မော်တော်ကား မောင်းနေပြန်ပြီ။

တစ်နေရာမှာ အကြာကြီး ရပ်နေသည်။ သည်တစ်ခါတော့ အစောင့်က ကောင်းကောင်းမွန်မွန် ဆက်ဆံသည်။ သူ၏ အမူအရာနှင့် ပြောစကားများကို နားမလည်သော်လည်း ကလေးဝမြို့သို့ ကျွန်တော်တို့ သွားနေကြောင်း မြို့နာမည်ပါသဖြင့် သိရှိလိုက်ရသည်။ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းပေါ်မှ ကလေးဝမြို့ ဖြစ်သည်။ ထိုနေရာမှတစ်ဆင့် ရန်ကုန်ထောင်သို့ ကျွန်တော့်ကို ပို့ကြပေလိမ့်မည်။

ကားဆက်မောင်းပြန်သည်။ ဘေးတစ်ဝိုက်ကို ကြည့်ပြီး လိုက်ခဲ့သည်။ လမ်းကကြမ်းလှသည်။ အကျဉ်းစခန်းသို့ ဦးတည်သွားနေကြောင်း သိလိုက်ရသည့်အတွက် စိတ်ထိခိုက်လှသည်။ တစ်နေရာကျတော့ လမ်းဘေးကို ဖွဲ့ဆင်းသွားပြီး ကားရပ်သည်။ နောက်ဘက်မှ ဖုန်လုံးများ လုံးဝင်လာပြန်သည်။ ဖုန်တွေရှင်းသွားတော့ ဝါးထရံကာထားသည့် အဆောက်အအုံတစ်ခုဘေးမှာ ကားရပ်နေကြောင်း တွေ့ရသည်။ ဟိုဘက်မလှမ်းမကမ်းမှာ လယ်ကွင်းများနှင့် ရွာကလေးတစ်ရွာကို လှမ်းတွေ့ရသည်။

မြန်မာလူမျိုးနှစ်ယောက် ရောက်လာသည်။ သူတို့လက်ထဲမှာ ပုံးများပါလာသည်။ မော်တော်ကားကို ထိုပုံးများထဲမှ ဆီဖြည့်ပေးသည်။ ဆီဖြည့်ပေးနေခိုက် အစောင့်က ကျွန်တော့်ကို တရွတ်တိုက်လုနီးပါး ဆွဲယူသွားကာ တဲတစ်လုံးဆီသို့ ခေါ်သွားသည်။ တဲထဲရောက်တော့ မြေကြီးပေါ်မှာ ညင်သာစွာချပေးသည်။ ကိုယ်ပေါ်သို့ စောင်တစ်ထည်ပစ်တင်ပေးသွားသည်။ သည်နေရာမှာ သည်နေ့ည ရပ်နားကြမည်ထင်သည်။ ကျွန်တော် အိပ်ပျော်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှ နိုးလာတော့ တံခါးပေါက်မှ လရောင်ထိုးကျနေသည်ကို တွေ့ရသည်။ တံခါးဝမှာ အစောင့်နှစ်ယောက် ဖြစ်နေသည်။ နှစ်ယောက်စလုံးအိပ်ပျော်ကြပုံရသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

သည်အချိန်တွင် သူတို့ကို ကျော်လွှားပြီး ထွက်ပြေးရလျှင် ကောင်းလေမည်လားဟု တွေးမိသည်။ နည်းနည်းပါးပါး အသံပြုရုံလောက်နှင့်တော့ သူတို့ အရေးစိုက်မည် မဟုတ်။ ကျွန်တော့် ဒဏ်ရာတွေနှင့် လွတ်အောင် မပြေးနိုင်ကြောင်း သူတို့ သိပုံရသည်။ ပြေးနိုင်လျှင်လည်း တောတွင်းမှာ မုချသေရမည်။

သူတို့လက်ထဲမှ ရိုင်ဖယ်သေနတ်များကို ခါးတွင် ကြိုးနှင့် စလွယ်သိုင်းထားသည်။ သူတို့မနိုးဘဲ ဖြုတ်ယူ၍ ရနိုင်မည်မဟုတ်။ ဘာပဲဖြစ်ဖြစ် သူတို့လက်မှ လွတ်မြောက်အောင် မကြိုးစားနိုင်လျှင် သူတို့လက်တွင် အသက်ရှင်ဖွယ်ရာ အကြောင်းမရှိ။ လွတ်မြောက်အောင် လုပ်ပြီး ချင်းတွင်းမြစ်ကြီးကို ဖြတ်ကူးရမည်။

"ငါမသေရဘူး ငါအသက်ရှင်ရမယ် ချင်းတွင်းမြစ်ကို ဖြစ်အောင် ငါဖြတ်ကူးမယ်၊ ငါ့ကို ဘာကမှ တားမထားရဘူး"

ကျွန်တော့်နှုတ်ဖျားမှ ကျယ်လောင်စွာ အသံထွက်သွားသည် ထင်၏။ အစောင့်တစ်ယောက်က မျက်စိဖွင့် ကြည့်သည်။ ပြီးတော့ ပြန်အိပ်သွားသည်။ မည်သည့်နည်းနှင့်မျှ ကျွန်တော် ထွက်ပြေးလွတ်မြောက်နိုင်မည် မဟုတ်ကြောင်း သူသိပုံရသည်။ ကျွန်တော် အိပ်ပျော်သွားပြန်သည်။

ဆူညံသည့် မော်တော်ကား စက်သံကြောင့် အိပ်ရာမှာ နိုးလာသည်။ ထထိုင်ပြီး အသံကြားရာ ဘက်သို့ လှမ်းကြည့်သည်။ ကျွန်တော်တို့ရှိနေသည့် တဲရှေ့တွင် ထရပ်ကားတစ်စီး ရပ်ထားသည်။ အစောင့်နှစ်ယောက်လည်း ရိုင်ဖယ်များကို အသင့်အနေအထားဖြင့် ကိုင်ကာ ရပ်နေကြသည်။ မော်တော်ကားဆီမှ စကားပြောသံများ၊ သေနတ်နှင့် တစ်စုံတစ်ရာ ထိခိုက်သံများ၊ ကားပေါ်မှ ခုန်ဆင်းသည့် အသံများကြားရသည်။

တစ်ဆက်တည်းမှာပင် မလှမ်းမကမ်းဆီမှ စက်သေနတ်သံများ ကြားနေရသည်။ အချိန်မှာ ညပင် ဖြစ်နေသေးသည်။ စက်သေနတ်သံ





ကြားပြီးသောအခါ တစ်ဖက်မှ ပြန်လည်ပစ်ခတ်သည့် ရိုင်ဖယ်သေနတ်သံများ ကြိုကြားကြိုကြားပေါ် ထွက်နေသည်။ တိုက်ပွဲဖြစ်နေပြန်ပြီ။ ကျွန်တော်တို့နှင့် နီးလှသည်တော့မဟုတ်။

ဂျပန်စစ်ဗိုလ်တစ်ဦး၏ အော်ဟစ်အမိန့်ပေးသံ ကြားရသည်။ ကျွန်တော့်ကို စောင့်နေသည့် အစောင့်နှစ်ယောက်က အသံလာရာဘက်သို့ ပြေးသွားသည်။ ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့သည်။ တဲပေါက်ဝသို့ ရွေ့သွားပြီး အပြင်က အခြေအနေကို လှမ်းကြည့်သည်။ အပြင်မှာ လသာနေသည်။ သုံးတန်ကားကြီးနှင့် ရောက်လာသော စစ်သားများကို တွေ့ရသည်။ အနည်းဆုံး တပ်စုတစ်စုလောက်တော့ ရှိလိမ့်မည်။ တန်းစီရပ်နေကြသည်။

ကျွန်တော့် အစောင့်နှစ်ယောက် စစ်ဗိုလ်ကို တစ်စုံတစ်ရာ ပြောပြနေသည်။ စစ်ဗိုလ်လုပ်သူကလည်း တိုက်ပွဲဖြစ်နေသည့် တောအုပ်ဘက်သို့ လက်ညှိုးထိုးပြပြီး တစ်စုံတစ်ရာ ပြောနေသည်။ အစောင့်တစ်ယောက်က ကျွန်တော်ရှိနေသည့် တဲဘက်သို့ လက်ညှိုးထိုးပြသည်။ စစ်ဗိုလ်က လှည့်ကြည့်သည်။ ပြီးတော့ အစောင့်ကို တစ်စုံတစ်ရာ ပြောပြန်သည်။ တစ်ဆက်တည်း အော်ဟစ် အမိန့်ပေးသည်။ ကျွန်တော့် အစောင့်များ အပါအဝင် ဂျပန်စစ်သားအားလုံး တိုက်ပွဲဖြစ်နေရာ တောအုပ်ဆီသို့ သုတ်ခြေတင်ကာ ချီတက်သွားကြတော့သည်။

ကျွန်တော့် ပတ်လည်တွင် သက်ရှိသတ္တဝါဟူ၍ ဘာမျှ မရှိတော့။ သည်လိုအချိန်မှာ လွတ်မြောက်အောင် ကြိုးစားရတော့မည်။ ကျွန်တော့် တဲနှင့် နောက်ဘက်ရှိ သစ်တောကြားမှာ (၂၅)ကိုက်ခန့်ကျယ်သည့် ကွက်လပ်ကလေးရှိသည်။ ထိုကွက်လပ်ကို ကျော်လိုက်လျှင် တောထဲသို့ ရောက်မည်။ ကျွန်တော့် ခန္ဓာကိုယ်ထဲမှာ အားအင်များ ပြန်လည်ပြည့်ဖြိုးလာသည်။

အနားမှ ရေဘူးကို ကောက်ဆွဲပြီး တဲနောက်သို့ ထွက်ခဲ့သည်။ လရောင်က ထိန်ထိန်သာနေသည်။ ကွက်လပ်ကလေးကို ဖြတ်ပြေးပြီး တောအုပ်အတွင်းသို့ ဝင်ခဲ့သည်။ သည်ပတ်ဝန်းကျင်မှ ရှန်းမထွက်မီ ဂျပန်တွေ ပြန်ရောက်လာမည်လော။ ကျွန်တော့်အစောင့်တွေ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြမည်လော။ သူတို့ ပြန်ရောက်လာပြီး ကျွန်တော် ထွက်ပြေးလွတ်မြောက်သွားသည်ကို တွေ့ရသောအခါ တောနင်း ရှာကြဦးမည်လော။

ထိုအသိ ဝင်လာသည်နှင့် တစ်ပြိုင်တည်း တောတွင်းသို့ နက်သည်ထက်နက်အောင် ဝင်ခဲ့သည်။ တောင်တစ်လုံးပေါ်သို့ တက်နေရသည်ကို သတိထားမိသည်။ သေဘေး ဖြစ်သောကြောင့် ခန္ဓာကိုယ်ရှိ ဒဏ်ရာများမှ နာကျင်နေသည်ကို သတိမထားနိုင်။ တောင်ထိပ်ပေါ်သို့ မည်နည်းမည်ပုံ ရောက်ရှိလာသည်ကိုလည်း ကျွန်တော် မသိတော့ပြီ။ တောင်ထိပ်ပေါ်ရောက်ပြီး လာရာလမ်းအတိုင်း အောက်ဘက်သို့ ပြန်ကြည့်လိုက်တော့ ရှေ့မီးကြီးနှစ်လုံးဖွင့်ကာ တောင်ဘက်ဆီသို့ အပြင်းမောင်းသွားသည့် ထရပ်ကားတစ်စီးကို မြင်လိုက်ရသည်။ ဗြိတိသျှ တပ်ကြွင်းတပ်ကျန်များ ဖောက်ထွက်မသွားနိုင်အောင် ပိတ်ဆို့ထားဖို့ အခြားတပ်များကို လိုက်လံနှိုးဆော်နေခြင်း ဖြစ်လိမ့်မည်။

ကျွန်တော့်မှာ ကွန်ပါမရှိ၊ မြေပုံမရှိ၊ လက်နက်မရှိ၊ ဒဏ်ရာသာရှိသည်၊ အားအင်ကုန်ခန်းနေခြင်းသာ ရှိသည်။ သို့သော်လည်း ရန်သူ့လက်မှ လွတ်အောင် ပြေးရမည်။ ရန်သူ့နယ်မြေမှ လွတ်အောင် ထွက်ရမည်။

တောင်တံငါကွန်တိုင်ကြယ်က တောက်ပစွာ လင်းနေသည်။ ယင်းကြယ်သည် ကျွန်တော့်အတွက် အရပ်လေးမျက်နှာကို ညွှန်ပြရာကွန်ပါဖြစ်ပါသည်။ အနောက်စူးစူးသို့ ကျွန်တော်ဆက်လာခဲ့သည်။ ချင်းတွင်းမြစ်ကို ကျွန်တော်ဖြတ်ကူးရမည်။ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းမှာ ဂျပန်မရှိ။ ရွာသူရွာသားမရှိ။ ရံဖန်ရံခါ ကင်းလှည့်နေတတ်သည့် ဗြိတိသျှတပ်များသာ ရှိသည်။ ထို့ကြောင့် ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းသို့ ရောက်လျှင် ကျွန်တော် လုံခြုံပြီ။ လွတ်မြောက်ပြီ။

"ချင်းတွင်းမြစ်ကို ရောက်ရမယ်၊ ချင်းတွင်းမြစ်ကို ရောက်ရမယ်"

ဝမ်းသာအားရစိတ်ဖြင့် ကျယ်လောင်စွာ ကျွန်တော်အော်လိုက်မိသည်။ ပြီးတော့ လုံခြုံသည့် ချုံတစ်ခုထဲမှာ ကျွန်တော် ဝင်အိပ်သည်။

အိပ်ရာမှ နိုးတော့ နေထွက်နေပြီ။ အပူရှိန်ကတော့ မပြင်းသေး။





မလှမ်းမကမ်းမှ အသံမျိုးစုံကို ကြားနေရသည်။ မိနစ်အတော်ကြာ ငြိမ်ပြီး နားထောင်နေလိုက်သည်။ တောဆူသံ ဖြစ်သည်။ သားရဲတိရစ္ဆာန်များနှင့် ငှက်ပေါင်းစုံတို့ အော်မြည်သံဖြစ်သည်။ သဘာဝအတိုင်း အော်ရိုးအော်စဉ် အော်နေကြခြင်း ဖြစ်သည်။

ချင်းတွင်းသို့ အရောက် မဖြစ်မနေ ဆက်လက်ချီတက်ရဦးမည်။ မိုးမကျမီ ချင်းတွင်းသို့ဖြတ်ကျော်နိုင်ပါမှ မိုးကျလျှင် ဖြတ်ကျော်ဖို့ မလွယ်တော့ပြီ။ မိုးကျရန် ရက်ပေါင်းမည်မျှလိုသေးသနည်း။ နေ့ရက်တွေကိုလည်း ကျွန်တော် မမှတ်မိတော့ပြီ။ ဂျပန်လက်တွင်း၌ ကျွန်တော် ဘယ်နှစ်ရက်ကြာခဲ့သည်ကိုလည်း မသိတော့ပြီ။

ညနေပိုင်းရောက်တော့ အားအင်ကုန်ခန်းနေသည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ တောင်ကြောတစ်လျှောက် ဆက်လာခဲ့သည်။ ရှေ့ဘက်မှာ စိမ်းလန်းသည့် တောင်ကြားဒေသကလေးကို တွေ့ရသည်။ ထိုနေရာသို့ ရောက်လျှင် ရေရရှိသည့် စမ်းချောင်းတစ်ခုခု တွေ့ရပေလိမ့်မည်။ သို့သော်လည်း ထိုနေရာသို့ ရောက်အောင် သွားဖို့က မလွယ်ကူ။ ရောက်နိုင်လောက်သည့် ခွန်အားမရှိတော့ပြီ။

သည်နေရာမှာ သည်အတိုင်း မလှုပ်မရှားနေပြီး အသေခံရမည်လော။

ခိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ ဆက်လာခဲ့သည်။ တောင်ကြားဒေသရှိ တောအုပ်ကလေးအတွင်းမှ စီးဆင်းနေသည့် စမ်းချောင်းကလေးကို တွေ့ရသည်။ ထိုအောက်မှာရှိနေသည့် ကျောက်တုံး ကျောက်ခဲကလေးများကိုပင် အတိုင်းသား မြင်ရလောက်အောင် ရေက ကြည်လင်နေသည်။ ဝမ်းသာအားရ သောက်လိုက်သည်။ စမ်းချောင်းရေက ကျွန်တော့် ပါးစပ်ထဲမှာ အလွန်ခါးနေပါသည်။ ထို့ကြောင့် ထွေးထုတ်ပစ်လိုက်ပြီး စမ်းချောင်းဘေးနားမှာ ပြန်လှဲကာ အိပ်ပစ်လိုက်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်း ဖြစ်သည်။

နောက်တစ်နေ့ နံနက်စောစောမှ နိုးလာသည်။ တောအုပ်အတွင်းတွင် အလင်းရောင် ကောင်းကောင်းမရသေး။ သို့သော်လည်း တော၏ စိမ်းလန်းစိုပြည်သော အလှကိုတော့ ကောင်းစွာ မြင်တွေ့နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားထဲရှိ တောအုပ်အတွင်းမှ စမ်းချောင်းဘေးတွင် ကျွန်တော် အိပ်ပျော်သွားခဲ့ခြင်း ဖြစ်သည်။ ယခု အိပ်ရာမှ နိုး၍ ပတ်ဝန်းကျင် အသံများကို အကဲခတ်နေခိုက် တစ်စုံတစ်ယောက်က ကျွန်တော့်ကို ချောင်းကြည့်နေသည်ဟု ထင်မိသည်။

သည်တောထဲမှာ ကျွန်တော်တစ်ယောက်တည်းမဟုတ်။ ကျွန်တော့်ကို ရန်ပြုမည့် အခြားတစ်စုံတစ်ယောက် ရှိနေသည်။ တစ်ယောက်ထက်လည်း များနိုင်သည်။ သည်တောအုပ်သည် မနေအပ်သော အရပ်။

တောအုပ်ကလေးအထဲမှ ထွက်လိုက်သည်။ တောင်ပေါ်ဆီသို့ ပြန်တက်ခဲ့သည်။ အလဲအလဲအပြိုပြိုနှင့်ပင် ပြန်တက်ခဲ့ရခြင်း ဖြစ်သည်။

သို့သော်လည်း ဘာကိုကြောက်ပြီး တောအုပ်ကို ကျွန်တော် ခွာခဲ့မိမှန်း မသိ။ တောအုပ်အတွင်းမှာ ဘာအန္တရာယ် ရှိနေသည်ကိုလည်း ကျွန်တော် မသိ။

✧ ✧ ✧



## အခန်း(၁၆)

### သူရဲကောင်းကြီး ကျဆုံးခန်း

သည်တောင်တန်းကြီးတွေပေါ်မှာ ဘယ်နှစ်နာရီ၊ ဘယ်နှစ်ရက်၊ ဘယ်နှစ်ည ကျွန်တော် ခရီးဆက်နေမိသည် မသိ။ ချင်းတွင်းမြစ်ရှိမည့် အနောက် စူးစူးသို့သာ ရှိသမျှ ခွန်အားများဖြင့် ဆက်လက် ထွက်ခွာနေခဲ့မိသည်။ ချင်းတွင်းမြစ်ကို မလွဲမသွေ ရောက်ကို ရောက်ရမည်။

နေပူရှိန်ကလည်း ကြောက်ခမန်းလိလိ ဆိုးရွားလှသည်။ ရေလည်း အလွန်ငတ်နေပြီ။ ဘုရားသခင်ကို တမ်းတမိသည်။ ချင်းတွင်းမြစ်ကို ကူးမရလျှင် နေပါစေတော့။ အခုပဲ မိုးရွာချလိုက်ပါတော့။ မိုးရာသီ အခုပဲ ရောက်ပါတော့။

ကျွန်တော် ရေသောက်ရမှ ဖြစ်တော့မည်။ သို့တည်းမဟုတ် အသက်ပျောက်တော့မည်။

သတိလစ်သွားသည်။

သတိပြန်ရလာသည်။ အသက်ရှူမဝ ဖြစ်နေသည်။ ယခုလို သတိလစ်သည့် အကြိမ်ပေါင်းမှာ မရေမတွက်နိုင်တော့ပြီ။ တစ်နေ့လျှင် ဘယ်နှစ်ကြိမ် လစ်နေသည်ကိုပင် မမှတ်မိနိုင်တော့။

ရှေ့နားမှ အသံတစ်ခု ကြားရသည်။ အာရုံစိုက်ပြီး နားစွင့်လိုက်သည်။ ပို၍ သဲသဲကွဲကွဲ ကြားလာရသည်။ ဟုတ်ပါပြီ။ သေချာသွားပါပြီ။

ခန္ဓာကိုယ်အတွင်းမှာ ကျန်ရှိနေသေးသည့် ခွန်အားများကို အကုန်



www.burmeseclassic.com

www.burmeseclassic.com



သုံးပြီး အသံကြားရာသို့ လာခဲ့သည်။ ကျွန်တော် တွေးထင်သည့်အတိုင်း မှန်ပါပြီ။

ရေစီးသံ၊ စမ်းရေစီးသံ။

စမ်းချောင်းကလေး အတွင်းသို့ ခုန်ဆင်းလိုက်သည်။

"စမ်းချောင်းထဲမှာ လှဲမအိပ်လိုက်နဲ့"

ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ပြောမိခြင်း ဖြစ်သည်။ သင်တန်းမှာ ကတည်းက ကျွန်တော်တို့ ဒါတွေ သင်ခဲ့ရသည်။ အားအင် ကုန်ခန်းနေခိုက် စမ်းချောင်းထဲမှာ လှဲအိပ်လျှင် သတိလစ်သွားတတ်သည်။ ထိုအခါတွင် ရေနစ်သေပြီသာ မှတ်ပေတော့။

ရေမသောက်ရသည်မှာ ကြာလျှင် ရေကိုတွေ့သောအခါ အငမ်းမရ မသောက်လေနှင့်။ လျှာနှင့် အစာအိမ်များ ကျင့်သားရသွားအောင် ဖြည်းဖြည်းချင်း သောက်ရမည်။ ကျင့်သားရပြီးတော့မှ စိတ်ကြိုက်သောက်ရမည်။ ကျင့်သား မရသေးမီ အငမ်းမရ သောက်မိပါက အမောဆို့ပြီး သေပြီသာ မှတ်ပေတော့။

ရေဘူးကို ရေဖြည့်သည်။ အားအင်များ ပြန်ပြည့်လာသည်။ စမ်းချောင်းကလေး **တစ်လျှောက် ခရီးဆက်ခဲ့သည်**။ တစ်မိုင်နီးပါးမျှ ခရီးပေါက်ခဲ့သည်။ **စမ်းချောင်းကလေးက** တဖြည်းဖြည်း ကျယ်လာသည်။ **စမ်းချောင်းကလေး**ဘေးမှာ သဲသောင်ပြင်ဖြစ်လာသည်။ သဲသောင်ပြင်ကြီးက တဖြည်းဖြည်း ကျယ်လာသည်။ ဘယ်ဘက်ခြမ်းမှာ ကမ်းပါးခပ်မြင့်မြင့်ကို တွေ့ရသည်။ ချုံနွယ်ပိတ်ပေါင်းများ ရှိနေသည်။ နေဝင်သွားပြီ။ အလင်းရောင် အားနည်းလာပြီ။

ကမ်းပါး ခပ်မြင့်မြင့်ကလေး၏ ဘေးတစ်ဝိုက်ရှိ သဲသောင်ပြင်ပေါ်မှာ လူအချို့ထိုင်နေသည်ကို တွေ့လိုက်ရသည်။ စစ်ကြောင်း (၁)နှင့် (၂)မှ လက်ကျန်များ။

စစ်ကြောင်းမှူး ဗိုလ်မှူးဒန်းလော့၊ ဗိုလ်ကြီးဂျွန်ဂရစ်ဖစ်၊ ကျွန်တော်နှင့် ဗိုလ်သင်တန်း တစ်ပတ်တည်းဆင်း ဗိုလ်ဒေါက်ဂီကွေးလ်၊ ဗိုလ်ကြီး ဒစ်ကီကလပ်နှင့် ဂျွန်ဖောင်လာ။

ကျွန်တော့်မှာရှိသည့် ခွန်အားအကုန်ဖြင့် သူတို့ဆီသို့ ပြေးသွား





မိသည်။ ရဲဘော်တစ်ဒါဇင်လောက်နှင့် အရာရှိငါးယောက်။

မည်သည့်ရိုင်ဖယ်သေနတ်ပြောင်းဝမှ မြောက်မတက်**လာပါ။** ခါးမှာ ချိတ်ထားသည့် ခြောက်လုံးပြူးများ ဆီသို့လည်း မည်သည့်**လက်က**မှ ရောက်မသွားပါ။ သူတို့အားလုံး အားအင်ကုန်ခန်းနေကြသည်ကို **တွေ့**ရသည်။ ကျွန်တော်ရောက်လာသည့်အတွက် လွန်မင်းစွာ ဝမ်း**သာဟန်**လည်း မပြကြ။ ယဲ့ယဲ့ကလေးသာ ပြုံးနိုင်ကြတော့သည်။

"မင်း ပြန်ရောက်လာပြန်ပြီနော်"

ကျွန်တော်နှင့် အနီးကပ်ဆုံးဖြစ်သော ဗိုလ်ကြီးဂျွန်ရစ်ဖစ်က **ဆီး**ပြောသည်။

ဂျွန်ဂရစ်ဖစ်သည် အလွန်ထွားကျိုင်းသည့် လူကြီး**တစ်ယောက်**ဘေးမှာ ထိုင်နေသည်။ ထိုလူကြီး၏ တစ်ကိုယ်လုံးမှာ မြင်မ**ကောင်း**အောင် ဖောရောင်နေသည်။ သူ့မျက်နှာပေါ်မှ ချွေးသီးချွေးပေါ**က်ကြီး**တွေက ဆီးသီးလုံးခန့် ရှိသည်။ ထိုသူသည် ဘယ်ရီဘယ်ရီရောဂါ **ရနေ**သူတစ်ဦး ဖြစ်နေချေသည်။

"သူ ဘယ်ရီဘယ်ရီရောဂါ ဖြစ်နေပြီကွာ"

ဂျွန်ဂရစ်ဖစ်က ညင်သာသည့် လေသံကလေးနှင့် **ပြောပြသည်။**

သူ့ကို ကျွန်တော် ငုံ့ကြည့်လိုက်သည်။ ကျွန်တော့်တစ်**ကိုယ်လုံး** ခဲတော်လိုက်သလို တုန်သွားသည်။ ကြောက်လန့်ချောက်ချားသည့် **စိတ်ဝေ**ဒနာကိုလည်း ခံစားလိုက်ရသည်။

သူကား တပ်ကြပ်ကြီး ဟေးစ်။

သူ့ဘဝ၏ နောက်ဆုံးနေဝင်ချိန်ဖြစ်သည်။ သူက မျက်လုံးကို တဖြည်းဖြည်းချင်း ဖွင့်ကြည့်သည်။ အလွန်တရာ ရဲစွမ်းသတ္တိပြည့်ဝ**သည့်** အပြုံးကလေး တစ်ချက် ယဲ့ယဲ့ကလေးပေါ်လာသည်။ **သူ အသက်**ပျောက်တော့မည်။ ယင်းသို့ နောက်ဆုံး ဝင်သက် ထွက်သက် **ကလေးရှူ**နေသည့် အချိန်ကလေးမှာပင် သူ့ရဲကောင်းတို့**၏ အပြုံး**ကို တပ်ကြပ်**ကြီး**ဟေးစ်၏ မျက်နှာပေါ်မှာ ကျွန်တော် မြင်တွေ့လိုက်ရသည်။

"ဗိုလ်ကြီးကို သူတို့သေအောင် မသတ်နိုင်ပါဘူး။ **သတ်နိုင်ရဲ့**လားဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲ ဆို့နစ်သည့်အသံဖြင့် သူပြောသည်။ အသံက လေသံကလေးမျှသာ ထွက်သည်။ ထိုမျှသော စကားလုံးကို ပြောလိုက်ရုံဖြင့် အလွန်တရာ ပင်ပန်းနွမ်းနယ်သွားသည်။ မျက်လုံးအစုံကို မှိတ်လိုက်သည်။ တပ်ကြပ်ကြီးဟေးစ် သတိလစ်သွားကြောင်း သတိပြုလိုက်မိသည်။

ထိုသောင်ပြင်ကလေးပေါ်မှာပင် တစ်ညနားဖို့ ဆုံးဖြတ်လိုက်ကြသည်။ တပ်ကြပ်ကြီး ဟေးစ်၏ တစ်ဖက်တစ်ချက်မှာ ဂျွန်ဂရစ်ဖစ်နှင့် ကျွန်တော် နေရာယူအိပ်ကြသည်။

ခြင်္သေ့စစ်ဆင်ရေးကြီး ကာလတစ်လျှောက်လုံးတွင် သူရသတ္တိပြောင်မြောက်သည့် အပြုအမူများကို အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့သည့် တပ်ကြပ်ကြီး ဟေးစ်။ သူရဲကောင်း ပီသလှသော တကယ့် သူရဲကောင်းကြီး ဟေးစ်။

မနက်လင်းခါနီးတော့ သူအိပ်ရာမှ နိုးလာသည်။ တစ်စုံတစ်ရာကို ယူဖို့ ကြိုးစားနေကြောင်း ဂျွန်နှင့် ကျွန်တော်က သတိထားမိသည်။ သူ့အိတ်ကလေးကို ယူဖို့ ကြိုးစားနေကြောင်း တွေ့ရသဖြင့် ကျွန်တော်က သူ့လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒါလေး ယူသွားပေးပါ ဗိုလ်ကြီးရယ်၊ ကျွန်တော့် မိန်းမဆီ ရောက်အောင် ပို့ပေးပါ။ ဗိုလ်ကြီး ယူသွားပေးမယ်နော်"

သူ့အသံကို မနည်းနားထောင်ယူရသည်။ ဂျွန်ဂရစ်ဖစ်က ဆွဲထုတ်လိုက်သည်။ ဓာတ်ပုံအယ်လ်ဘမ်ကလေးထွက်လာသည်။

"စိတ်ချ ဆရာကြီး. . . စိတ်ချ၊ မရောက်ရောက်အောင် ကျွန်တော်ပို့ပေးမယ်" ဟု ဂျွန်ဂရစ်ဖစ်က ကတိပေးသည်။

နေထွက်လာသည့် အချိန်မှာပင် သူရဲကောင်းကြီး ကွယ်လွန်အနိစ္စရောက်ရ ရှာလေတော့သည်။

သူ့ကို ကျွန်တော်ပေးခဲ့သည့် ခြောက်လုံးပြူးသည် သူ့ခါးမှာ ချိတ်လျက် ရှိနေသေးသည်။ ကြေကွဲဝမ်းနည်းစွာဖြင့်ပင် ထိုခြောက်လုံးပြူးကို ကျွန်တော်ပြန်ဖြုတ်လိုက်ရတော့သည်။

"ဓာတ်ပုံတွေအားလုံး သူ့မိန်းမ ဓာတ်ပုံတွေ ချည်းပဲ"





ဂျွန်ဂရစ်ဖစ်ကဟေးစ်၏ အယ်လ်ဘမ်ကို ဖွင့်ကြည့်လိုက်ရင်း ပြောသည်။ သူ့အသံမှာ ရှိုက်သံကြီး ဖြစ်နေသည်။

ကျွန်တော်တို့ ဆင်နွှဲခဲ့ကြသည့် ခြင်္သေ့စစ်ဆင်ရေးကြီး ကာလတစ်လျှောက်လုံးအတွင်း အသည်းအနာရဆုံးသော အဖြစ်အပျက်သည် သူရဲကောင်းကြီးဟေးစ်အား ပေးလိုက်မိသည့် ကတိကို ဂျွန်ဂရစ်ဖစ်နှင့် ကျွန်တော် အကောင်အထည် မဖော်လိုက်နိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့၏ ကျန်းမာရေး အခြေအနေအရ အပိုပစ္စည်း ဟူ၍ ဘာတစ်ခုမှ မသယ်ဆောင်နိုင်တော့ပါ။ ထို့ကြောင့် တပ်ကြပ်ကြီးဟေးစ်ကို ကျွန်တော်တို့ တတ်နိုင်စွမ်းသမျှ ကောင်းစွာ သင်္ဂြိုဟ်ရင်း သူ့မိန်းမထံ အရောက် ပြန်ပို့ပေးစေလိုသည့် အယ်လ်ဘမ်ကလေးကိုပါ သူနှင့်အတူ သင်္ဂြိုဟ်လိုက်ရလေတော့သည်။

ထိုအချိန်မှာပင် ကျွန်တော်တို့ ဆက်လက်ချီတက်ကြဖို့ ဗိုလ်မှူးဒန်းလော့က အမိန့်ပေးသည်။

ရုတ်တရက် မြစ်၏အောက်နားက ထူးဆန်းသောအသံ ကြားရသည်။ လက်ထဲမှ သေနတ်များအားလုံး အသံကြားရာဘက်သို့ အသင့်ချိန်ရွယ်ထားပြီး ဖြစ်နေတော့သည်။ မြစ်ထဲမှ ကမ်းပေါ် တက်လာသည့် ကျွဲတစ်ကောင်ကို တွေ့ရသည်။

"စားစရာရပြီဟေ့၊ ဆရာကြီး တစ်ချက်တည်းနဲ့ရအောင် ပစ်ပါ"

ဗိုလ်မှူးဒန်းလော့က တပ်ကြပ်ကြီးကို အမိန့်ပေးသည်။ ပေးသည့် အမိန့်အတိုင်း တပ်ကြပ်ကြီးက တိကျစွာ ထမ်းဆောင်ပါသည်။ တစ်ချက်တည်းနှင့် ကျွဲကြီးလဲကျသွားသည်။ ဓားကိုယ်စီကိုင်ထားသည့် ကျွန်တော်တို့အားလုံး ကျွဲသေပေါ်သို့ ရောက်သွားကြသည်။ သူထက်ငါဦး အသားများကို လှီးဖြတ်ယူကြသည်။ ကျွဲသားကို စားဖို့ကလွဲပြီး အခြား ဘာအာရုံမှ ကျွန်တော်တို့ မရှိပါ။

ထိုအချိန်မှာပင် မြစ်တစ်ဖက်ကမ်းမှ အော်သံကြားရသည်။ လှမ်းကြည့်လိုက်တော့ အလံဖြူတစ်ခု ဝှေ့ယမ်းပြနေသော မြန်မာတစ်ယောက်ကို တွေ့ရသည်။

"ကိုယ့်နေရာကိုယ်နေ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးဒန်းလော့က အမိန့်ပေးသည်။ ပြီးတော့ ကမ်းစပ်ဘက်သို့ ထွက်သွားပြီး တစ်ဖက်ကမ်းသို့ လက်ဝှေ့ယမ်းပြသည်။ တစ်ဖက်ကမ်းမှ လူ့အနီးတွင် နောက်ထပ် မြန်မာနှစ်ယောက်ပေါ်လာသည်။ တစ်ယောက်၏ ခေါင်းမှာ ဆောင်းထားသော ဦးထုပ်ကို ကြည့်ခြင်းအားဖြင့် ခေါင်းဆောင် ဖြစ်ပုံရသည်။

"ကိုယ့်နေရာကိုယ်နေ၊ မလှုပ်နဲ့၊ ဟိုဘက်ကမ်းက ရန်သူဆိုရင် တို့ နေရာရွှေ့တဲ့ အတွက် စစ်ကြောင်းမှူး အပစ်ခံသွားရလိမ့်မယ်"

ဟု ဗိုလ်ကြီးဂျွန်ဂရစ်ဖစ်က အမိန့်ပေးသည်။

သွေးသံရဲရဲနှင့် လတ်လတ်ဆတ်ဆတ် ကျွဲသားကို လက်ထဲမှာ ကိုင်ထားရင်း ကျွန်တော်တို့ ငြိမ်ကြည့်နေကြသည်။ ဗိုလ်မှူးဒန်းလော့က တစ်ဖက်သို့ လက်ဟန်ခြေဟန်ဖြင့် စကားပြောသည်။ သူ့ မျက်နှာအမူအရာမှာ စိတ်သက်သာပုံ မရပါ။

"ဟိုဘက်ကမ်းကဟာ ဂျပန်သူလျှိုတွေ၊ တို့ကို လက်နက်ချခိုင်း နေတယ်၊ သူတို့နောက်က တောထဲမှာ ဂျပန်စစ်တပ် ရှိတယ်တဲ့ "

ဟု ဗိုလ်မှူးဒန်းလော့က ပြောသည်။

"သစ္စာဖောက်တွေ" ဂျွန်ဂရစ်ဖစ်က ရေရွတ်သည်။

"တို့ ဒီမှာရှိနေတာကို ဂျပန်တွေ သိသွားပြီလို့ ခေါင်းဆောင်က ပြောတယ်၊ ကျွဲကိုပစ်တဲ့ သေနတ်သံ သူတို့ ကြားသွားတယ်တဲ့၊ တို့ ဘယ်သူတွေလဲ ဆိုတာ သိအောင် သူတို့ လာကြည့်ဖို့ မလိုဘူးတဲ့၊ ဗြိတိသျှစစ်သား ဆိုတာ သိပြီးသားတဲ့၊ ဒါကြောင့် သုံးမိနစ်အတွင်း လက်နက်ချဖို့ ပြောတယ်၊ လက်နက် မချရင် သေဒဏ်"

ဗိုလ်မှူးဒန်းလော့က ဆက်ရှင်းပြနေသည်။ ကျွန်တော်တို့ အများကြီး စိတ်ပျက်သွားသည်။ ချင်းတွင်းမြစ်ကို ရောက်လုနီးပြီ။ ယခုလို အချိန်မျိုးမှ ရန်သူနှင့် လာရောက်တွေ့ဆုံနေရပြန်သည်။

"လူတိုင်း ကိုယ်ကြိုက်ရာကိုယ် ဆုံးဖြတ်နိုင်တယ်၊ ဆုံးဖြတ်ဖို့အချိန် တစ်မိနစ်ပဲ လိုတော့တယ်၊ လက်နက်ချချင်တဲ့လူ ကျွဲသေနားမှာနေ၊ လက်နက် မချချင်တဲ့လူ ငါ့နောက်လိုက်"

ဗိုလ်မှူးဒန်းလော့သည် စကားဆုံးသည်နှင့် တစ်ပြိုင်နက်တည်း





နောက်သို့လှည့်ကာ တောတွင်းသို့ တန်းဝင်သွားတော့သည်။ တစ်ချိန်တည်း မှာပင် တစ်ဖက်ကမ်းမှ ကျည်ဆန်များ ရောက်လာသည်။ တောတွင်းသို့ တိုးဝင်ပြေးသံများ ကျွန်တော် ကြားလိုက်ရသည်။

ကမ်းပါးမြင့်မြင့်ကြီးပေါ်သို့ ရှိသမျှ ခွန်အားနှင့် အပြေးတက်လိုက် သည်။ သည်အချိန်မှာ ကိုယ့်အသက်ကိုယ် လုပြေးဖို့သာ ရှိသည်။ ကမ်းပါး စောက်သို့ ရောက်တော့ ကျွန်တော့်ရှေ့တွင် ဂျွန်ဂရစ်ဖစ်ကို တွေ့ရသည်။ သူ အလျင်တက်သွားပြီး အပေါ်ရောက်သောအခါ ဝမ်းလျားမှောက်ကာ ကျွန်တော့်ကို ဆွဲတင်သည်။

ပြီးတော့ ဝါးတောများအတွင်းသို့ ကျွန်တော်တို့ တိုးဝင်ပြေးခဲ့ ကြသည်။ ကျွန်တော့်ညာဘက်လက်တွင် ကိုင်ထားသည့် ခြောက်လုံးပြူး ဖြင့် တဒိုင်းဒိုင်း ပစ်နေမိသည်။ ဘာကို ပစ်မိမှန်း သတိမရ။ ပြေးရင်း ပစ်ရင်း သစ်ပင်တစ်ပင်ခြေရှင်းရှိ ချုံပုတ်ထဲမှာ ကျွန်တော် သတိလစ်သွား တော့သည်။

သတိပြန်ရသောအခါ ခြောက်လုံးပြူးထဲသို့ ကျည်ဆန်ခြောက် တောင့် ဖြည့်ထည့်သည်။ နောက်ဆုံး လက်ကျန်ခြောက်တောင့် ဖြစ်ပါ သည်။ ထိုအချိန်တွင် နေအတော်မြင့်နေပြီ။ ဒယိမ်းဒယိုင်ဖြင့် ကျွန်တော် ဆက်လျှောက်လာခဲ့သည်။ လမ်းဘေးတစ်နေရာရှိ သစ်ပင်တစ်ပင်တွင် စာရွက်တစ်ရွက်ကို သံမှိုဖြင့် ကပ်စွဲထားသည်။

လက်နက်ချသော့

*ချင်းတွင်းမြစ်ကို ဖြတ်ကူးဖို့ ကြိုးစားလျှင် ရေနစ်သေမည်။*

*မဏိပူရတောင်တန်းများပေါ်တွင် သင် မုချသေမည်။*

*ဗြိတိသျှတပ်အားလုံးကို အိန္ဒိယပြည်တွင်းသို့ ပြန်မောင်းထုတ် လိုက်ခြင်း ဖြစ်သည်။*

*လက်နက်ချလော့၊ သင့်အသက်ရှင်ဖို့ တစ်ခုတည်းသောလမ်း ဖြစ်သည်။*

ယင်းစာရွက်ပေါ်သို့ မုန်းတီးစက်ဆုပ်စွာဖြင့် ကျွန်တော် တံတွေး လှမ်းထွေးလိုက်သည်။ ပြီးတော့ ဆက်လျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွက်လပ်ကလေးတစ်ခုကို ရောက်တော့ လုံးဝ အားအင်ကုန်ခန်းနေကြသည့် ဗိုလ်မှူးဒန်းလော့၊ ဒစ်ကီကလပ်၊ ဂျွန်ဂရစ်ဖစ်၊ ဒေါက်ဂီကွေးလ်၊ ဂျွန်ဖောင်လာနှင့် ရဲဘော်ကိုးယောက်ခန့် ထိုင်နေသည်ကို တွေ့ရသည်။

"ပြန်ရောက်လာပြန်ပြီဟေ့၊ ဟန်ကျလိုက်လေကွာ"

ကျွန်တော့်ကို မြင်တော့ စစ်ကြောင်းမှူးဂျော့ဒန်းလော့က ပြောသည်။ "ကျွန်တော် ဘယ်လိုလုပ်ပြီး လူစုကွဲသွားသနည်း"ဟု သူတို့က မေးသည်။ ကျွန်တော်လည်း သေသေချာချာ မသိ။ သတိလစ်လဲကျသွားသည်ကိုသာ အမှတ်ရတော့သည်။

ထိုနေ့ တစ်နေ့လုံး ယင်းနေရာမှာပင် ကျွန်တော်တို့ နားနေကြသည်။ နေဝင်ခါနီးတော့ ဗိုလ်မှူးဒန်းလော့က ထိုင်ရာမှထပြီး သူ့အစီအစဉ်ကို ပြောပြသည်။

တပ်တစ်တပ်ဖွဲ့စည်းထားသည့် ပုံသဏ္ဌာန်မျိုးဖြင့် ဆက်လက်ရပ်တည်မနေသင့်ကြောင်း၊ အားလုံး အားနည်းနေကြပြီ ဖြစ်ကြောင်း၊ လူတိုင်း လူတိုင်းမှာလည်း အနည်းဆုံး သေနတ်ဒဏ်ရာတစ်ခုစီ ရထားကြကြောင်း၊ လက်နက်ခဲယမ်းမီးကျောက်လည်း အလွန် နည်းပါးနေပြီဖြစ်ကြောင်းများ ရှင်းပြပြီး. . .

"အဲဒီလို အခြေအနေတွေကြောင့် လူတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်တယ်၊ အနောက်ဘက်မှာ ချင်းတွင်းမြစ်ကိုရောက်ဖို့ သိပ်မဝေးတော့ဘူး၊ ဒါကြောင့် တို့အားလုံး တစ်ယောက်ချင်းဖြစ်ဖြစ်၊ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ဖြစ်ဖြစ် အုပ်စုခွဲပြီး သွားသင့်တယ်၊ အုပ်စုဖွဲ့သွားနေရင် ရန်သူလက်ထဲရောက်မှာပဲ" ဟု ဆက်ပြောသည်။ သူ့မျက်နှာပေါ်တွင် ပြောင်မြောက်သည့် သတ္တိအရိပ်အယောင်များကို မြင်တွေ့နေရသည်။ အင်္ဂလိပ်စစ်သား တစ်ယောက်က ထပြောသည်။

"လက်နက်ချတာသာ အကောင်းဆုံးနည်းလမ်းလို့ ကျွန်တော်ထင်ပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း လက်နက်ချမယ်၊ ဘယ်လိုနည်းနဲ့မှ ကျွန်တော် ဆက်မသွားနိုင်တော့ဘူး"

တခြား တစ်ယောက်ကလည်း ဝင်ပြောလိုက်သည်။ ကျန်ရဲဘော်





အများစုကပါ နီးရာ ရွာတစ်ရွာကို အလံဖြူကိုင် ဝင်သွားပြီး လက်နက်ချလိုကြောင်း ဝိုင်းပြောကြသည်။

"ကိုယ်ကြိုက်ရာ ကိုယ်ဆုံးဖြတ်ပါ၊ မနက်လင်းရင် တစ်ဦးချင်းရဲ့ဆုံးဖြတ်ချက်ကို သိချင်တယ်"

အလွန်တရာကြီးမားသည့် တာဝန်ကြီးကို မတန်တဆ ထမ်းဆောင်ထားရသဖြင့် စိတ်ရောလူပါ ပင်ပန်းနွမ်းနယ်နေသည့် ဗိုလ်မှူးဒန်းလော့၏ အဖြစ်ကို အလွယ်တကူ အကဲခတ် နားလည်နိုင်ပါသည်။

ဝင်းဂိတ်၏ ခြသေ့်စစ်ဆင်ရေးကြီး တစ်ခုလုံးရှိ စစ်ကြောင်းမှူးအားလုံးအနက် ဗိုလ်မှူးဒန်းလော့ ရင်ဆိုင်ခဲ့ရသော အခက်အခဲနှင့် ဘေးအန္တရာယ်များသည် အကြီးမားဆုံး ဖြစ်သည်။ သူ့အဖြစ်လောက် ဘယ်စစ်ကြောင်းမှူးမှ မဆိုး။ စစ်ကြောင်းများအားလုံး မြန်မာပြည်တွင်းမှ ဆုတ်ခွာရန် အမိန့်ကိုလည်း သူ့စစ်ကြောင်းအနေဖြင့် နောက်ဆုံးမှ လက်ခံရရှိခဲ့သည်။ ထို့ကြောင့် အမှတ် (၂) စစ်ကြောင်းမှ လက်ကျန်များကိုပါ တာဝန်ယူ ခေါင်းဆောင်ပြီး မိုင် (၃၀၀)ခရီးကို ခက်ခဲပင်ပန်းစွာ ပြန်လည်ဆုတ်ခွာခဲ့ရသည်။

ယင်းသို့သော အကျပ်အတည်း ပေါင်းစုံကို သူ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ခဲ့သည်။ သတ္တိရှိရှိ ဖြေရှင်းခဲ့သည်။ မှန်မှန်ကန်ကန် ဆုံးဖြတ်ခဲ့သည်။ စိတ်ဓာတ် ပျက်ပြားချင်တိုင်း ပျက်ပြားနေပြီဖြစ်သော ရဲဘော်များကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းကာ အပြင်းထန်ဆုံးသော ရန်သူ၏ ပိတ်ဆို့တိုက်ခိုက်မှုများကြားမှ ထိုးဖောက်ထွက်ခဲ့သည်။

နောက်တစ်နေ့ နံနက်တွင် ရွာသားတစ်ယောက်နှင့် ခွေးတစ်ကောင်ကို တွေ့ခဲ့ကြောင်း ဂေါ်ရခါးကင်းသမားက သတင်းလာပို့သည်။ သို့သော် ဗိုလ်မှူးဒန်းလော့က မယုံ။ ဂေါ်ရခါးရဲဘော် သွေးရူးသွေးတမ်း ပြောနေသည်ဟု ထင်သည်။ တကယ် သွားကြည့်သောအခါကျမှ ဂေါ်ရခါးရဲဘော် ပြောသည်မှာ မှန်ကြောင်း တွေ့ရသည်။

ထက်မြက်လှသော ကရင်အမျိုးသား လူငယ်စစ်ဗိုလ် ဗိုလ်ကြီးချစ်ခင်ကို စစ်ကြောင်းမှူးက ခေါ်သည်။ သူ့စိုးရိမ်မှုနှင့် အစီအစဉ်ကို ပြောပြသည်။ ပြီးတော့ သူတို့နှစ်ယောက် ဦးဆောင်ပြီး လူခြေရာနှင့် ခွေးခြေရာ



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့လိုက်သည်။ မကြာခင်မှာပင် ခြေရာရှင်သည် ဂျပန်တိုက်ကင်းကို သတင်းပို့နေကြောင်း မြင်တွေ့ရသည်။

ကျွန်တော်တို့ကို ရန်သူက ချုံခိုမတိုက်နိုင်တော့ဘဲ ကျွန်တော်တို့က တုံ့ပြန် တိုက်ခိုက်နိုင်ခဲ့သည်။ ရန်သူများ အစစ်ခွဲကလျား ကွဲသွားသည်။ ချက်ချင်းပင် ရန်သူစစ်ကူများ ရောက်လာသည်။ ပြင်းထန်သော တိုက်ပွဲကြီး ဖြစ်ပွားလေတော့သည်။

အုပ်စုကို ခွဲရန် ဗိုလ်မှူးဒန်းလော့က အမိန့်ပေးသည်။ ချက်ချင်း ကျွန်တော်တို့ အုပ်စုခွဲလိုက်ကြသည်။

ဗိုလ်ကြီးချစ်ခင်က ခြသေ့်တပ်သားများကို ဦးဆောင်ပြီး နောက်ချန် တပ်အဖြစ် တာဝန်ယူသည်။ ကျွန်တော်တို့နောက်သို့ ဆက်လိုက်လာသည့် ရန်သူများကို တားထားပေးသည်။ ပြီးတော့မှ သူ့ရဲဘော်များကို စနစ်တကျ ခေါင်းဆောင်ပြီး ချင်းတွင်းမြစ်ကို အောင်မြင်စွာ ဖြတ်ကျော်လာနိုင်ခဲ့သည်။

အုပ်စုတစ်ခုကမူ ဂျပန်တို့လက်တွင် အညံ့ခံလိုက်သည်။ ဗိုလ်မှူး ဒန်းလော့က အရာရှိ အများစုကို ဦးဆောင်ပြီး တိုက်ပွဲအတွင်းမှ ရုန်း ထွက်လာနိုင်ခဲ့သည်။ သို့သော်လည်း အားလုံး အားနည်းနေကြပြီကို သိ သဖြင့် လက်နက်ချလိုက မကန့်ကွက်ကြောင်း၊ မချလိုသူ မိမိနှင့် လိုက်ရန် ဖြစ်ကြောင်း ပြောသည်။

ကျွန်တော်တို့ ဆုံးဖြတ်ချက်ကတော့ ပြတ်သားပါသည်။ မည်သည့် နည်းနှင့်မျှ လက်နက်ချမည် မဟုတ်။ ချင်းတွင်းမြစ်ကို အရောက်မသွား ဖို့ မည်သူကမျှ ဟန့်တားနိုင်မည် မဟုတ်။ သူများထက် ပိုပြီး သတ္တိ ကောင်းနေသောကြောင့်ကား မဟုတ်ပါ။ ချင်းတွင်းမြစ်ကို ဖြတ်ကျော်လို သည့် ဆန္ဒက ကြီးမားလွန်းသောကြောင့်သာ ဖြစ်ပါသည်။ ချင်းတွင်းမြစ် ကို အောင်မြင်စွာ ဖြတ်ကျော်ပြီးပြီဆိုလျှင် ကျွန်တော်၏ အသက်အန္တရာယ် လုံးဝ လုံခြုံစိတ်ချသွားရပြီဟု အကြွင်းမဲ့ ယုံကြည်ထားသောကြောင့် ဖြစ်သည်။

တောတွင်း တစ်နေရာမှာ ပင်ပန်းတကြီးဖြင့် ကျွန်တော်တို့ အိပ် ကြသည်။ နောက်တစ်နေ့ မိုးလင်းတော့ ဗိုလ်မှူးဒန်းလော့က ကျွန်တော်





တို့ အားလုံးကို ခေါ်သည်။ မနေ့က သူပြောခဲ့သည့် အတိုင်း လက်နက်ချ လိုသူရှိက တားမည် မဟုတ်ကြောင်း ထပ်ပြောသည်။

"တော်ပြီ ဗိုလ်မှူး၊ ကျွန်တော်တို့ လက်နက်မချတော့ဘူး၊ ဗိုလ်မှူး တို့နဲ့အတူတူ ချင်းတွင်းမြစ်ကို ရအောင်ကျော်မယ်"

ယမန်နေ့က လက်နက်ချမည်ဟု ခေါင်းဆောင်ပြောခဲ့သော ရဲဘော် ကလေးက ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ပြောသည်။

ဗိုလ်မှူးဒန်းလော့၏ မျက်နှာပေါ်မှာ အပြုံးကလေး ပေါ်လာသည်။ ချင်းတွင်းမြစ်ရောက်ဖို့ ဘာမှ မလိုတော့ချေ။ မိုင်အနည်းငယ်အတွင်း၌ ရန်သူလက်တွင်း မကျရောက်စေဖို့ အုပ်စုကလေးများ ခွဲပြီး ဆက်လက် ချီတက်ကြရန် အစီအစဉ်ကို ဗိုလ်မှူးဒန်းလော့က ခပ်သွက်သွက် ရှင်းပြ သည်။

ကျွန်တော့်အုပ်စုတွင် ဗိုလ်ကြီးဂျွန်ဖောင်လာနှင့် ဗြိတိသျှစစ်သား လေးဦးပါ၏။ ကျွန်တော်တို့အားလုံး အသက်ရှူရန် ခက်ခဲလောက်အောင်ပင် အားအင်ကုန်ခန်းနေကြပြီ။ မိုင်အနည်းငယ်မျှသာ ကွာဝေးတော့သည့် ချင်းတွင်းမြစ်ကမ်းသို့ ဆက်လက်ချီတက်ခဲ့ရသော ခရီး၏ အတွေ့အကြုံကို ကျွန်တော် ကောင်းစွာ မမှတ်မိတော့ပါ။

ကျွန်တော်တို့ ရှေ့မှာ ချင်းတွင်းမြစ်ကြီး ဘွားခနဲ ပေါ်လာသည်။

ကျွန်တော်၏ နောက်ဆုံး ဦးတည်ရာ၊ နောက်ဆုံး မျှော်မှန်းရာ၊ နောက်ဆုံး အားထားရာ ချင်းတွင်းမြစ်ကြီးသို့ ရောက်ပါပြီ။

ကျွန်တော်၏ ခန္ဓာကိုယ်တွင်းမှာ ရှိသည့် အားအင်အကုန်၊ သွေး၊ ချွေးအကုန်၊ ကြံ့ခိုင်မှု အကုန်တို့ကို သုံးကာ ဘေးအန္တရာယ်ပေါင်းစုံတို့ကို ခုခံတိုက်ခိုက်ပြီး မရောက်မနေ တက်ခဲ့သည့် ချင်းတွင်းမြစ်ကြီးသို့ ရောက် ပါပြီ။

ဘေးအန္တရာယ် ပေါင်းစုံတို့ ကုန်ဆုံးရာဖြစ်သော ချင်းတွင်းမြစ်၊ ကျွန်တော့် အသက်အန္တရာယ်၏ လုံခြုံမှုကို အပြည့်အဝပေးမည်ဖြစ်သော ချင်းတွင်းမြစ်။

ထိုချင်းတွင်းမြစ်ကြီးကား ကျွန်တော့်ရှေ့မှာ အထင်အရှား ရှိနေ ပါပြီ။ ဖြတ်ကူးရုံသာ လိုတော့သည်။ ကူးကို ကူးရပါမည်။ မြစ်ပြင်အကျယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုက် (၈၀၀)ခန့်သာ ရှိပါသည်။

အနီးအနားတစ်ဝိုက်မှာ မြင်တွေ့ရသောဝါးများများကို ရှာဖွေပြီး ရှပ်အင်္ကျီကို ချွတ်ကာ စုချည်လိုက်သည်။ ကျွန်တော့်အတွက် အသက်ကယ်ဖောင်ဖြစ်ပါသည်။ ထိုဝါးစည်းကို အားပြုတွယ်ဖက်ရင်း တစ်ဖက်ကမ်းသို့ ကူးရပါမည်။ ထိုအခိုက်တွင် မြစ်အထက်ပိုင်း၌ ဗိုလ်မှူးဒန်းလေ့နှင့် ဗိုလ်ဒစ်ကီကလပ်တို့ မြစ်ပြင်ကို ဖြတ်ကူးနေကြသည်ကို တွေ့ရသည်။

ကျွန်တော့်ခါးပတ်ကို တင်းအောင် ပြင်ပတ်သည်။ ခြောက်လုံးပြူးနှင့် ရေဘူးကို အလေးချိန်ညီမျှအောင် တစ်ဖက်စီမှာ ချိတ်ဆွဲသည်။ ဖိနပ်နှင့် ဂေါ်ရခါးဦးထုပ်ကို အသက်ကယ် ဝါးဖောင်ကလေးမှာ ချိတ်လိုက်သည်။ တစ်ဖက်ကမ်းသို့ကူးဖို့ အားလုံး အသင့် ဖြစ်ပါပြီ။ ဗိုလ်ကြီးဂွါန်ဖောင်လာနှင့် ရဲဘော်များ ကမ်းဘက်သို့ ဆင်းလာသည်ကို မြင်ရသည်။ ရေထဲသို့ ကျွန်တော် ဆင်းလာသည်။ ကမ်းပေါ်မှ လှမ်းခေါ်သံ ကြားရသည်။ ကျွန်တော် ပြန်လှည့်ကြည့်သည်။ ဂွါန်ဖောင်လာက ကျွန်တော့်ကို ပြန်ခေါ်နေသည်။ ကျွန်တော် ပြန်ကူးသွားသည်။ ဘာကြောင့် ပြန်ကူးမိမှန်း မသိ။ ရဲဘော်နှစ်ယောက်က ကျွန်တော့်ကို ကမ်းပေါ်သို့ ဆွဲတင်သည်။

"မင်း မကူးသင့်ဘူး၊ ရေစီးက သိပ်သန်နေတယ်၊ မင်း အားကုန်နေချိန်မို့ ရေစီးကြောင်းမှာ မျောပါသွားနိုင်တယ်၊ တို့နဲ့အတူတူ လိုက်ခဲ့ပါ။ အောက်တောင်ကို သွားမယ်၊ ဟိုကျမှ လှေနဲ့ ဖြတ်ကူးမယ်"

ဟု ဂွါန်ဖောင်လာက အားတက်သရော ပြောသည်။

"မလိုက်ဘူး၊ ဒီနေရာကပဲ အခုဖြတ်ကူးမယ်၊ ချင်းတွင်းမြစ်ကို ဒီနေရာမှာ မြင်နေရပြီ မဟုတ်လား၊ ဘာကျန်သေးတော့လို့လဲ၊ အခုပဲ ကျွန်တော် ကူးတော့မယ်" ပြောပြောဆိုဆို ထိုင်ရာမှ ထရပ်သည်။

"စဉ်းစားဦးနော်၊ မင်းမှာ အားမရှိဘူး"

"ခင်ဗျားကို ကျွန်တော် ပြောပြီးပြီ မဟုတ်လား၊ ကျွန်တော် ကူးကို ကူးတော့မယ်"

ဂွါန်ဖောင်လာက ထိုင်ရာမှ ထပြီး သူ့ခါးပတ်ကို ဖြုတ်လိုက်သည်။

"တို့ကတော့ အထက်ပိုင်းမှာရှိတဲ့ အောက်တောင်ကိုပဲ သွား





တော့မယ်ကွာ" အေးငြိမ်းသက်သာစွာ သူက ပြောသည်။ "ဟိုကျမှ ကူးတော့မယ်" အပြုံးကလေးတစ်ခု သူ့မျက်နှာပေါ်မှာ မသိမသာ ပေါ်လာသည်။ "ငါ့ရဲဘော်တွေက ကူးနိုင်တဲ့ အခြေအနေမှာ မရှိတော့ဘူး၊ မင်းအသိပဲလေ၊ ဟောဒီမှာ မင်းအတွက် ဒါကလေးတော့ လက်ဆောင်ပေးလိုက်မယ်"

ပြောပြောဆိုဆိုပင် ရာဘာအသက်ကယ်အိတ် တစ်ခုကို သူ့ကျောပိုးအိတ်ထဲမှ ထုတ်ပေးသည်။ ခြင်္သေ့စစ်ဆင်ရေးကြီး စကတည်းက တောအထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော်ရာတွင် ထိုအသက်ကယ်ရာဘာအိတ်ကို သူ့ကိုယ်နှင့်မကွာ ထားခဲ့သည်။ ယခု ကျွန်တော့်ကို ထိုပစ္စည်းကလေး လှမ်းပေးနေသည်။

"ပြီးတော့ ငါကလည်း ရေကူးနိုင်တဲ့ အခြေအနေမှာ မရှိတော့ဘူး၊ ဒါကြောင့် ဒီအသက်ကယ်အိတ်ဟာ မင်းအဖို့ ပိုပြီး အသုံးဝင်လိမ့်မယ်" သူက အေးအေးဆေးဆေးပင် ဆက်ပြောပြန်သည်။

သူ့ကို အလွန် ကျေးဇူးတင်ပါသည်။ သူ မည်မျှ ကိုယ်ကျိုးစွန့်ကြောင်း သဘောပေါက်လိုက်ပါသည်။ ရာဘာအိတ်ထဲသို့ လေမှုတ်သွင်းသည်။ အားပြတ်နေပြီမို့ ခက်ခဲစွာ မှုတ်ရသည်။ ချင်းတွင်းမြစ်တွင်းသို့ ကျွန်တော် ဆင်းခဲ့ပြန်ပါပြီ။ ကမ်းနှင့် သိပ်မဝေးမီ ဂွါန်ဖောင်လာကို ကျွန်တော် လှမ်းခေါ်၏။

"ဂွါန် ဒီဟာတော့ ခင်ဗျား လိုလိမ့်မယ်"

ကျွန်တော့်ခါးမှ ခြောက်လုံးပြူးကို ဖြုတ်ပြီး ခါးပတ်နှင့်အတူတူ သူ့ဆီသို့ ပစ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ကွာ၊ တို့မှာ ကျည်ဆန်ပြတ်တာကြာပြီ၊ ခုတိုင်းဆိုရင်တော့ အနည်းဆုံး ခြောက်ကောင်လောက်ကို အသာကလေး မျိုးဖြုတ်ပစ်နိုင်ပြီ၊ နောက်မှ ပြန်တွေ့ကြမယ်ကွာ၊ ကံကောင်းပါစေ"

ဂွါန်ဖောင်လာနှင့် သူ့လူများ တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ကျွန်တော်လည်း မြစ်လယ်သို့ ကူးထွက်ခဲ့သည်။ ရေစီးကြောင်းအတိုင်း အသာမျောလိုက်ရင်း မြစ်တစ်ဖက်သို့ ခပ်ရွှေ့ရွှေ့ ကူးလာသည်။ တစ်ဖက်ကမ်းသို့ ရောက်ရန် ကိုက် (၂၀၀)လောက်အကွာ



www.burmeseclassic.com

www.burmeseclassic.com



တွင် အသက်ကယ်ရာဘာအိတ်က ပေါက်သွားသည်။ တောထဲတောင်ထဲမှာ ပြင်းထန်သည့် အပူဒဏ်ကို ခံစားရင်း ကျောပိုးအိတ်အတွင်း သည်အတိုင်းထားခဲ့ရသည့် ရာဘာအိတ်သည် ဆွေးနေပြီထင့်။

ထို့ကြောင့် ဂေါ်ရခါးဦးထုပ်နှင့် ဖိနပ်များကို လည်ပင်းမှာ သိုင်းချိတ်ထားလိုက်ရသည်။ ကိုယ်ကိုဖော့ပြီး မှန်မှန်ကလေး ကူးလာသည်။ ကမ်းသို့ နီးလာပြီ။ ပို၍ ပို၍ နီးလာပြီ။ ရုတ်တရက် အောက်မှာ ခြေထောက်နှင့် မိသွားသည်။ ရွှံ့ညွန်တွေ ဖုံးနေသောကမ်းပေါ်သို့ တက်ခဲ့သည်။ ထိုအပေါ်မှာပင် ကိုယ်ကို ပစ်လှဲလိုက်သည်။ ဗိုလ်မှူးဒန်းလော့တို့ကို လှမ်းကြည့်သည်။ သူတို့လည်း ကမ်းပေါ် ရောက်ပြီး တောတွင်းသို့ ဝင်သွားကြပြီထင်သည်။ ဂျွန်ဖောင်လာနှင့် ရဲဘော်များမှာလည်း တစ်ဖက်ကမ်းက တောထဲမှာ မမြင်တွေ့ရတော့ပြီ။

ကျွန်တော် အလွန်ပျော်ပါသည်။ လောကကြီးတစ်ခုလုံး အငြိမ်းချမ်းကြီး ငြိမ်းချမ်းနေပြီ။ ချစ်ချစ်တောက် ပူပြင်းမြဲ ဖြစ်နေသည့် နေမင်းသည်ပင်လျှင် ကျွန်တော့်ကို ပြုံးကြည့်နေပုံရသည်။

ခပ်လှမ်းလှမ်းဆီမှ မိုးချုန်းသံကြားသည်။ မိုးရာသီကျရောက်တော့မည့် လက္ခဏာ ဖြစ်သည်။ ကျွန်တော့်အဖို့တော့ ရယ်စရာ သက်သက်သာ ဖြစ်သွားပါပြီ။ ဘာကို မှုရတော့မည်နည်း။

လာစမ်းပါစေ မိုးရာသီ။

✧ ✧ ✧



# အခန်း(၁၇)

## သစ္စာဖောက်က ဆီးပစ်ခြင်း

ရွှံ့ဖုံးသည့် သောင်ခုံပေါ်မှာ ကျွန်တော် အကြာကြီးလှဲပြီး အနားယူနေသည်။ အမောပြေတော့ ဖိနပ်စီးသည်။ စိတ်ဓာတ်အင်အားကလည်း ကောင်းစွာ တက်ကြွနေသည်။ ကမ်းပေါ်သို့ တက်လာခဲ့သည်။ အောက်က ရွှံ့တွေက စေးလှသည်။ ညာတစ်ဖက်လှမ်းလိုက်သည်။ ကျန်ရစ်ခဲ့သည်။ ဘယ်ခြေကို နုတ်လိုက်သည်။ ဘယ်ဘက်ဖိနပ်က ရွှံ့ထဲမှာ ကျွတ်ကျန်ခဲ့သည်။ ညာခြေရုပ်လိုက်ပြန်သည်။ ညာဘက်ဖိနပ်ကလည်း ရွှံ့ညွန်ထဲမှာ ကျွတ်ကျန်ခဲ့ပြန်သည်။

ကျန်ပေစေတော့၊ သည်အတိုင်း ခြေချည်းသက်သက် ကမ်းပေါ်သို့ တက်ခဲ့သည်။ ကမ်းပေါ်သို့ ရောက်ပါပြီ။ သည်တော့မှ ကျွန်တော်၏ မိုက်မဲမှုကို သဘောပေါက်တော့သည်။ မြေမာပေါ်မှာ ကျွန်တော် ခြေမချနိုင်။ ထို့ကြောင့် ရွှံ့ထဲမှ ဖိနပ်နှစ်ဖက် ပြန်ယူရသည်။ ကမ်းပေါ်သို့ ရောက်ပြီးနောက် ချုံပုတ်ကလေးတစ်ခုအောက်မှာ အပန်းဖြေရပြန်သည်။

ချင်းတွင်းမြစ်ကြီးကို အောင်မြင်စွာ ဖြတ်ကူးနိုင်ခဲ့ပါပြီ။ ရန်သူနယ်မြေမှ လွတ်ပြီ။ ကျွန်တော့်မှာ လုံခြုံမှု အပြည့်အဝ ရှိသွားပြီ။

"ချင်းတွင်းမြစ်ကြီးကို အောင်အောင်မြင်မြင်နဲ့ ဖြတ်ကူးနိုင်ခဲ့ပြီ။ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်"

ကျွန်တော် အကျယ်ကြီး အော်ပြောသည်။ သည်ဘက်မှာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်မှမရှိ။ ဗြိတိသျှတပ်များသာလျှင် ရှိသည်။ ကင်းလှည့်နေသည့် ဗြိတိသျှတပ်များနှင့်သာ တွေ့ကြုံရမည်။

ဝမ်းသာစိတ်၊ ရွှင်လန်းစိတ်၊ ယုံကြည်စိတ်ချစိတ်များဖြင့် တောတန်းလေးဆီသို့ ဆက်လျှောက်ခဲ့သည်။ တောတန်းကလေး၏ ဟိုမှာဘက်တွင် လယ်ကွင်းများ ရှိသည်။

ထိုအချိန်မှာပင် မမြင်တွေ့ရသော ရန်သူက ပစ်ထည့်လိုက်သည့် ရိုင်ဖယ်သေနတ်သံတစ်ချက် ကြားရသည်။ ကျွန်တော်၏ ညာဘက်ခြေဖဝါးအောက်မှ ကျည်ဆန်က ဖြတ်ဝင်သွားသည်။ အသက်ရှူရပ်သွားသည်။ တစ်ကိုယ်လုံးကို မီးစနှင့် ထိုးလိုက်သလို ပူခနဲ နာကျင်သွားသည်။ ကျွန်တော့်တွင် ဘာလက်နက်မှ မရှိပါ။ သို့သော် ကြောက်ရွံ့စိတ်မှာ လုံးဝမရှိပါ။ ကြောက်စိတ်အစား ဒေါသစိတ်သာ ပေါ်လာသည်။ အန္တရာယ်အကြီးမားဆုံးသော ခရီးကြမ်းကြီးကို ကျော်ဖြတ်လာပြီးခါမှ သစ္စာဖောက်တစ်ကောင်ကောင်၏ လုပ်ကြံခြင်းကို ခံရလေခြင်း။ ချင်းတွင်းမြစ်ကို ဖြတ်ကျော်ပြီးလျှင် အန္တရာယ်ပေါင်းစုံမှ လွတ်မြောက်ပြီဟု ယုံကြည်ခဲ့သည်။ ယခု အန္တရာယ်နှင့် တွေ့ပြန်ပြီ။

သေနတ်သံတစ်ချက် ထပ်ကြားရပြန်သည်။ ကျွန်တော့်ကို ကျော်ပြီး ဘေးကချုံထဲသို့ ဝင်သွားသည်။ ဒေါသတကြီးဖြင့် အော်ဆဲလိုက်မိသည်။ ချုံများကိုကျော်ပြီး ကြည့်သည်။ ရန်သူကို တွေ့ပါပြီ။ သူကား ဂျပန်မဟုတ်၊ ပန်ချာပီလူမျိုး ဖြစ်သည်။ အရပ်ဝတ်အရပ်စားကို ဝတ်ထားသည်။ လယ်ကွင်းကိုဖြတ်ပြီး ကျွန်တော့်ဆီသို့ ပြေးလာသည်။ မုတ်ဆိတ်မွေးများကြားမှ သူ့သွားဖွေးဖွေးများကို မြင်ရသည်။

သစ္စာဖောက် အရပ်သားတစ်ယောက်၏ ပစ်ခတ်လုပ်ကြံခြင်းကို ခံရသည်မှာ ဂျပန်လက်ဖြောင့်တပ်သားတစ်ယောက်၏ လုပ်ကြံခြင်းခံရသည်ထက် အဖြစ်ဆိုးလှသည်။ ပန်ချာပီသည် ရိုင်ဖယ်သေနတ်ကို အသင့်အနေအထားတွင်ကိုင်ကာ လေ့ကျင့်ထားသော စစ်သားတစ်ယောက်လို ပြေးလာသည်။ သူ့အပေါ် မုန်းတီးရွံရှာစိတ်ကို ထိန်းမရတော့။ ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။ သို့သော် ကျွန်တော် မေ့သွားလေပြီ၊ ၎င်းဖောင်လာကို ကျွန်တော် ပေးခဲ့ပြီးပြီ မဟုတ်လား။





လက်နက်မဲ့ဘဝဖြင့် နီးရာ ချုံပုတ်အတွင်းသို့ ပြေးဝင်လိုက်ရသည်။ ပန်ချာပီပစ်သည့် ကျည်ဆန်သည် ညာဘက်ဖိနပ်၏ ဖနောင့်ခွာကို ဖောက်ဝင်သွားသည်။ အသားကို မထိသော်လည်း ကျည်ဆန်အရှိန်ကြောင့် နာကျင်သွားခြင်း ဖြစ်သည်။ နာကျင်မှုကို အရေးမစိုက်နိုင်ဘဲ လွတ်လမ်းကို ရှာရပြန်သည်။ ရှေ့နားရှိ သစ်ပင်ကလေးများ အလွန်မှာ ချောင်းတစ်ခု ရှိသည်။ ကျွန်တော် ပြေး၍ မလွတ်နိုင်တော့ပါ။ ထိုချုံပုတ်ထဲမှာသာ ငြိမ်နေလိုက်ရသည်။

ခဏကြာတော့ ကျွန်တော်ပုန်းနေသည့် ချုံပုတ်အနီးသို့ ပန်ချာပီ ရောက်လာသည်။ ကျွန်တော့်ကို ကျော်ပေးပြီး ချောင်းဘက်သို့ လှမ်းကြည့်နေသည်။ တဖြည်းဖြည်း ကျွန်တော်နှင့် ပိုနီးလာသည်။ သူ၏ အသက်ရှူသံကိုပင် ကြားနေရတော့သည်။ ဒဏ်ရာရထားသည့် ခြေထောက်ကို တစ်ချက်ငုံ့ကြည့်သည်။ ခြေထောက်နားတွင် သစ်တုံးတစ်တုံးကို တွေ့ရသည်။ မြစ်ရေအလျှံတွင် မျောပါလာပြီး တင်နေသည့်ကျွန်းတုံး ဖြစ်သည်။ ထိုကျွန်းတုံးကို လက်နှစ်ဖက်ဖြင့် ဆွဲယူလိုက်သည်။ အလိုက်သင့်ပါလာသည်။ ရိုင်ဖယ်မောင်းခလုတ်ပေါ်တွင် လက်ညှိုးအသင့်တင်ပြီး ချောင်းဘက်သို့ ကြည့်နေသည့် ပန်ချာပီ၏ ဦးခေါင်းကို ရှိသမျှ အင်အားအကုန်ညှစ်ထုတ်ကာ လက်နှစ်ဖက်ဖြင့် စုကိုင်ရိုက်ချလိုက်သည်။

တစ်ချက်ကလေးပင် သူ မအော်နိုင်ဘဲ လဲကျသွားသည်။ သူ့ဦးခွံကွဲသွားကြောင်း သိလိုက်ရသည်။ ဤကဲ့သို့ ကြမ်းကြုတ်ရက်စက်သောနည်းမျိုးဖြင့် ဘယ်တုန်းကမှ လူမသတ်ခဲ့ဖူးဘူးပါ။ သူ့လက်ထဲမှ ရိုင်ဖယ်သေနတ်ကို ကျွန်တော် အလွန် လိုချင်ပါသည်။ သို့သော်လည်း သူ့အသားကို ထိရမှာ စက်ဆုပ်ရွံရှာလွန်းသဖြင့် စွန့်လွှတ်လိုက်ရသည်။ သူ့ခါးမှ ဓားကိုသာ ဆွဲနုတ်ယူပြီး တောနက်အတွင်းသို့ ပြေးဝင်ခဲ့တော့သည်။

ထိုနေ့တစ်နေ့လုံး အနောက်စူးစူးသို့သာ ခရီးဆက်ခဲ့သည်။ မဟာမိတ်တပ်များနှင့် မုချတွေ့ရပါမည်။ ကျွန်တော့်လက်တွင် အားကိုးလောက်သောလက်နက် ဟူ၍ ပန်ချာပီ၏ ဓားတစ်လက်သာ ရှိသည်။ ထိုဓားတစ်လက်အားကိုးဖြင့် ခရီးဆက်ခဲ့ရခြင်း ဖြစ်သည်။

ရှေ့မှ ချောင်းတစ်ခုကို ဘွားခနဲ တွေ့လိုက်ရသည်။ ချောင်းရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



အားသွန်ခွန်စိုက် ပြေးခဲ့သည်။ မညီညာသည့် မြေအနေအထားကြောင့် လဲမတတ်၊ ပြိုမတတ် ဖြစ်နေသည်။ ခြေထောက်မှ ဒဏ်ရာကလည်း နာကျင်နေသည်။ ချောင်းကိုရောက်တော့ ရေသောက်သည်။ ရေဘူးကို ရေဖြည့်သည်။ အနည်းငယ်တော့ ဆာလောင်မွတ်သိပ်မှု ပြေပျောက်သွားသည်။

လယ်ကွင်းများ လွန်တော့ ရွာသူရွာသားများ စွန့်ပစ်ထားသော ကျေးရွာကလေးတစ်ရွာကို တွေ့ရသည်။ သည်လို ရွာမျိုးထဲတွင် သစ်သီးဝလံများ ရှိနိုင်သည်။ ဆန်စပါးကိုလည်း ရနိုင်သည်။ ကျေးရွာထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ဝင်စတုန်းကတော့ သတိကြီးစွာ ထားရသည်။ လုံးဝ စွန့်ပစ်ခဲ့ပြီး ဖြစ်သောရွာ ဖြစ်သည်ကို တွေ့ရမှ စိတ်အေးသွားသည်။ တစ်အိမ်ဝင်ကြည့်သည်။ ဘာမှ မရှိ။ နောက်တစ်အိမ်ဝင်ကြည့်သည်။ ဘာမှ မရှိ။ သစ်ပင်များကို ကြည့်သည်။ စားစရာအသီးအနှံ ဘာမှ မရှိ။ သည်ရွာမှာ ကျွန်တော် ဘာမှ မရနိုင်။

နေမွန်းတည့်ပြီ။ အပူဒဏ်ကို မချိမဆံ့ ခံစားလာရသည်။ ထိုအချိန်မှာပင် ရွာတစ်ရွာကို ထပ်တွေ့ပြန်သည်။ သည်တစ်ခါတော့ အန္တရာယ်ကို ကြောက်မနေနိုင်တော့။ အရက်မူးလွန်ထားသူ တစ်ယောက်လို ဟိုယိုင်သည်တိုးဖြင့် ရွာတွင်းသို့ ဝင်ခဲ့သည်။

ထိုရွာသည်လည်း လူအားလုံး စွန့်ခွာသွားသည့်ရွာ ဖြစ်ချေသည်။ အိမ်ကြီးတစ်ဆောင်၏ နောက်မှာ စပါးကျီတစ်လုံးကို တွေ့ရသည်။ ဆန်သို့မဟုတ် စပါးကို တွေ့ရမည်ဟု ထင်သည်။ တံခါးပေါက်မှဝင်ခဲ့ပြီး မှောင်နေသည့် အတွင်းမှာ ရှာကြည့်သည်။ ဆန်နှင့် စပါးအစား လင်းနို့အုပ်ကြီးသာလျှင် တစ်သောသောနှင့် လန့်ပျံကြသည်။ ကျွန်တော် ကျောခိုင်းခဲ့ရပြန်သည်။

ဆက်လက်လျှောက်နိုင်သည့် ခွန်အား မရှိတော့။ စိတ်လျှော့လိုက်သည်နှင့် တစ်ပြိုင်နက် မြေပြင်ပေါ်သို့ ပုံကျသွားသည်။ လဲနေသည့် သစ်ပင်တစ်ပင်၏ ပင်စည်ကို မှီလျက်သား ရှိနေသည်။ အားအင်ကုန်ခမ်းလွန်းသောကြောင့် ဆက်လက် အသက်ရှင်လိုစိတ်ပင် မရှိတော့။

ထိုအခိုက် ထူးဆန်းသော အသံတစ်ခုကို ကြားရသည်။ တိတ်ဆိတ်





နေသော တောအုပ်ဆီမှ ကျွန်တော်ရှိရာသို့ ရွေ့လျားလာသည့် အသံဖြစ်လေသည်။ ပန်ချာပီဓားကို လက်မှာ အသင့် ကိုင်ထားလိုက်သည်။ သည်တစ်ခါတော့ ဘယ်လို အန္တရာယ်ကိုပဲ တွေ့တွေ့ အသက်စွန့်ပြီး ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော့်ဆီသို့ ဦးတည်ကာ တောအုပ်အတွင်းမှ ထွက်လာသော ဆယ်ပေခန့် ရှည်လျားသည့် စပါးကြီးမြွေတစ်ကောင်ကို တွေ့ရသည်။ သစ်ပင်များနှင့် ချုံပုတ်များအကြား မညီညာသော မြေပြင်ပေါ်မှာ တွန့်လိမ်ကောက်ကွေးကာ အရှိန်မပျက် လာနေသည်။ ကြီးမားသည့် ခေါင်းပြားပြားကို မြေပြင်၏ အပေါ်မှာ လက်မအနည်းငယ် ထောင်ထားသည်။ မြွေဆိုလျှင် ကျွန်တော် အလွန်ကြောက်ပါသည်။ ယခုတော့ မြွေကြောက်တတ်သည့် စိတ်ကိုပင် အလွန်တရာ ရွံမုန်းမိသည်။ မိမိ အသက်ရှင်လိုလျှင် မြွေကို သတ်ရမည်။

ကျွန်တော် ကြောက်သောမြွေ ဖြစ်ပါသည်။ ထိုမျှမကသေး အစားအစာလည်း ဖြစ်ပါသည်။

အိမ်နံရံဆီသို့ လှမ်းကြည့်လိုက်သည်။ မြွေကို ရိုက်သတ်ရန် လက်နက်ရှိဖို့ လိုသည်။ ကျွန်တော် ကံကောင်းပါသည်။ အိမ်ထရံမှာ ထောင်ထားသည့် သံချေးတက်နေသော ကောက်ဆွတစ်ချောင်းကို တွေ့ရသည်။

ရှိသမျှအားဖြင့် ထိုကောက်ဆွကိုယူပြီး စပါးကြီးမြွေ၏ ခေါင်းကို တအားလွှဲရိုက်လိုက်သည်။ ဝါးခြမ်းပြား အခြောက်များကိုစုပြီး အပုံကလေးလုပ်သည်။ ခြောက်နေသော တုတ်နှစ်ချောင်းကိုယူကာ နာနာပွတ်သည်။ အကြိမ်ကြိမ် ပွတ်သောအခါ မီးပွင့်လာသည်။ ထိုမီးဖြင့် မီးဖိုသည်။ ဝါးခြမ်းစများ တရှိန်ရှိန် မီးတောက်လာသည်။ အိုးတစ်လုံးလောက် ရနိုင်မည်လားဟု ပတ်လည်မှာ ရှာကြည့်သည်။ ကျွန်တော် ကံကောင်းပြန်ပါပြီ။ သံချေးတက်နေသော သံဘူးတစ်ဘူးကို တွေ့ရသည်။ ရွာကလေးနောက်ဘက်ရှိ တောအုပ်အတွင်းမှ စမ်းချောင်းသို့ ပြေးကာ ရေခပ်သည်။ ပြီးတော့ မီးဖိုပေါ်မှာ သံဘူးကို တင်လိုက်သည်။

ရေနွေးကျိုထားတုန်း စပါးကြီးမြွေကို အတုံးကလေးများ တုံးသည်။ မြွေကြောက်သည့်စိတ်က စားလိုသည့်စိတ်ကို ချက်ချင်း တွန်းဖယ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ရေနွေးဆူသောအခါ မြွေသားတစ်တုံးကို ထည့်လိုက်သည်။ ကျက်သည်အထိ စိတ်ရှည်လက်ရှည်ဖြင့် ထိုင်စောင့်နေသည်။ ဓားဦးဖြင့် ဟိုဘက်သည်ဘက် လှန်ပေးသည်။ ကောင်းစွာ နူးနပ်သောအခါတွင် ဘာကိုမှ စဉ်းစားမနေနိုင်တော့ဘဲ မြွေသားကို ဆယ်စားလိုက်သည်။

အုံ့ဩဖွယ် ကောင်းလောက်အောင် အရသာထူးကဲလှသည်ကို တွေ့ရသည်။ ဆူနေသည့် ရေထဲသို့ ဒုတိယတစ်တုံး ထည့်လိုက်ပြန်သည်။

ကြက်သားလိုပင် အရသာ ထူးကဲကြောင်း တွေ့ရသည်။ နောက် အတုံးများကို ခပ်ကြီးကြီးတုံးသည်။ စား၍ ဝသောအခါ ငှက်ပျောရွက်များ သွားခုတ်ပြီး ကျန်မြွေသားများကို ထုပ်သည်။ လေထီးကြိုးနှင့် ချည်လိုက်သည်။ မြွေသားစားရပြီ ဖြစ်သဖြင့် အားနှအင် ပြည့်ဖြိုးလာရုံမက နေ့ဖို့ ညစာပါ ကျန်နေသေးသောကြောင့် စိတ်ကျေနပ်မှုကလည်း အပြည့်ရှိနေသည်။ ထိုည တစ်ညလုံး တောတွင်းကိုဖြတ်ပြီး ကျွန်တော် ခရီးဆက်ခဲ့သည်။ သန်းခေါင်ကျော်မှ အိပ်သည်။ အရုဏ်တက်တော့ နိုးလာသည်။ မြွေသားစားပြီး အနောက်စူးစူးသို့ ခရီးဆက်ပြန်သည်။ အသားစားထားရသဖြင့် အားအင်များ ပြန်လည် ပြည့်ဖြိုးလာသည်။

အိပ်လိုက်၊ စားလိုက်၊ ခရီးဆက်လိုက်ဖြင့် နောက်ဆုံး မြွေသားလည်းကုန်သွားပြီ။ ခရီးလမ်းဆုံးက မရောက်သေး။ သို့သော် အမျိုးအမည် မဖော်ပြနိုင်သော အင်အားတစ်စုံတစ်ခုက ကျွန်တော့်ကို အကာအကွယ် ပေးထားသလို ရှိနေသည်။

✧ ✧ ✧



## အခန်း(၁၈)

## အံ့ဩဖွယ် ရွှံ့ညွန်အိုင်

နောက်ရက်များတွင်လည်း ကျွန်တော် မည်ကဲ့သို့ ခရီးဆက်နေမိသည်ကို မသိပါ။ သတိ မရတစ်ချက် ရတစ်ချက်တည်းလည်း ဖြစ်နေသည်။ နေဝင်ခါနီးတော့ ရွှံ့ညွန်အိုင်ကြီးတစ်ခုသို့ ရောက်ရှိနေကြောင်း သတိထားမိသည်။

ပတ်လည်မှာ မြူတွေဆိုင်းနေသည်။ ရေခိုးရေငွေ့တွေလည်း ဖြစ်နိုင်သည်။ ဆည်းဆာရောင်ကလည်း တောက်ပနေသည်။ ဟိုဘက်မှာ ရေလိုလို မြင်ရသည်။ ထိုရေပေါ်မှာ သွေးရောင်လွှမ်းနေသည်။ ရေပြင်သည် သွေးပြင်ကြီး ဖြစ်သွားသည်။ တကယ်ကတော့ ဝင်လုဆဲ ဆည်းဆာရောင်ကြောင့် သွေးရောင်ပေါက်နေခြင်းသာ ဖြစ်ပါသည်။

ညွန်အိုင်ကြီးတွေ ကျွန်တော့်ပတ်လည်မှာ ဝိုင်းနေသည်။ အလွန်တရာ ကြီးမားသည့် ပင့်ကူအိမ်ကြီးအတွင်းမှာ ကျွန်တော် ပိတ်မိနေသလို ဖြစ်နေသည်။ ထွက်လမ်းမရှိ။ ဝင်လမ်းမရှိ။ ဘယ်ကနေ ဘယ်ကို သွားရမည်မသိ။ သွေးရောင်လို ရဲရဲနီနေသည့် ဝင်လုဆဲ နေရောင်ခြည်သည်သာလျှင် ကျွန်တော် သွားရမည့်လမ်းကြောင်းကို ညွှန်ပြနေသယောင် ရှိသည်။ ခြေထောက်က အောက်ကညွန်ထဲမှာ တဖြည်းဖြည်း နစ်သွားသည်။ အနားမှာ ရှိသည့် သစ်ပင်ပုကလေးများနှင့် ဝါးရုံငယ်ကလေးများကို သိမ်းကျုံးဆွဲထားလိုက်ရသည်။ ပတ်လည်မှာ အန္တရာယ်တွေ ပြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ မြူတွေလည်း ပိန်းပိတ်နေပြီ။

ငှက်သံလည်း မကြားရ။ သက်ရှိသတ္တဝါတို့၏ လှုပ်ရှားသံကိုလည်း မကြားရ။ လေတိုးသံလေးကိုမျှ မကြားရ။ နီးရာသစ်ပင်ကိုဆွဲပြီး မြေမာပေါ်သို့ တက်လိုက်သည်။ ဦးတည့်ရာသို့ ထွက်ခဲ့သည်။ ရောမ တောပင့်ကူအိမ်ကြီးကို ဝင်တိုးမိသလို ရှိသည်။ ကျွန်တော့် တစ်ကိုယ်လုံးမှာ ပင့်ကူအိမ်တွေ ရစ်ပတ်နေသည်။ နီးရာသစ်ပင်ကို ဖမ်းဆွဲပြီး ကိုယ်ကို ထိန်းထားလိုက်ရသည်။ ကြီးမားသည့် အရိပ်ကြီး လိုက်လာသည်။ တောပင့်ကူကြီး လိုက်လာခြင်း ဖြစ်သည်။ သူ့အိမ်ကို ဖျက်ဆီးရပါမည်လားဟု ကျွန်တော့်ကို ရန်ရှာလေတော့သည်။

အရူးတစ်ယောက်လို အော်ကြီးတစ်ကျယ် ရယ်မိသည်။ ကျွန်တော့်နောက်သို့ လိုက်လာသည်မှာ တောပင့်ကူကြီး မဟုတ်ပါ။ နေရောင်ကြောင့် ရေထဲက ရောင်ပြန်ဟပ်လာသည့် ကျွန်တော့်အရိပ်သာ ဖြစ်ပါသည်။

အိပ်မက်ထဲမှာ ပြေးနေရသလို ဒယိမ်းဒယိုင်ဖြင့် ကျွန်တော် ပြေးသည်။ ရွှံ့ညွန်တွေက ကျွန်တော့်ခြေထောက်ကို ဆွဲထားကြသည်။ မည်မျှကြာအောင်ပင် ပြေးလွှားနေမိသည် မသိ။ မြေပြင်တစ်နေရာမှာ လဲကျသွားသည်။ အိပ်မက် မမက်သော အိပ်ပျော်ခြင်းမျိုးဖြင့် အိပ်ပျော်သွားသည်။

အိပ်ရာမှနိုးတော့ အချက်နှစ်ခုကို ကျွန်တော် သတိထားမိသည်။ ပထမအချက်က ဖိနပ်နှစ်ဖက်စလုံး ရွှံ့ညွန်ထဲမှာ ကျွတ်ကျန်ခဲ့ခြင်း ဖြစ်သည်။ ဒုတိယအချက်က ဆာလောင်မွတ်သိပ်မှု ကင်းမဲ့နေခြင်း ဖြစ်သည်။ ရက်သတ္တပတ်ပေါင်းများစွာ အစာရေစာနှင့် ဝေးကွာခဲ့ရသည်။ ယခုတော့ ဆာလောင်ခြင်းလည်း မရှိ။ ကြောက်ရွံ့ခြင်းလည်း မရှိ။

ကျွန်တော် သေဖို့အချိန် အလွန်တရာ နီးကပ်နေလေပြီ။

ဆာလောင်ခြင်းအစား ထူးဆန်းသော တမ်းတမှုတစ်ခု ဖြစ်လာသည်။ ယိုသုတ်ထားသည့် ကိတ်မုန့်ပွကို တမ်းတမိခြင်း ဖြစ်သည်။ ထို မုန့်မျိုးကို တစ်သက်လုံးက ကျွန်တော် မကြိုက်ခဲ့။ ယခုဘာကြောင့် တမ်းတနေမိသနည်း။ ကျွန်တော့်မျက်စိရှေ့မှာ ယိုသုတ်ထားသည့် ကိတ်မုန့်ပွပေါင်းမြောက်မြားစွာတို့ ယိမ်းကနေကြလေသည်။ ကျွန်တော့်နှုတ်ခမ်းပေါ်မှာ





သကြားနှင့် မလိုင်များ ပေကပ်နေပြီ။ အလွန် အရသာရှိလှပါသည်။ ကျွန်တော့်ဗိုက်ထဲမှာ ကိတ်မုန့်တွေ ပြည့်နေပြီ။ သို့သော် အာသာပြေမှု မရသေး။

ကျွန်တော် သတိမေ့မြောသွားပြန်သည်။ သတိပြန်ရသောအခါ ခေါင်းထဲမှာ ကြည်လင်နေသည်။ ကြောက်စိတ် ဟူ၍ကား လုံးဝ မရှိ။ နေရာက မရွှေ့ဘဲ ဘယ်ဘက်သို့ လှည့်ကြည့်မိသည်။ မျက်စိက ပေကလပ်ပေကလပ်လုပ်နေသော အစိမ်းနုရောင် ဖွတ်တစ်ကောင်နှင့် မျက်နှာချင်းဆိုင်မိသည်။ ကျွန်တော့်အတွက် အစာဖြစ်ကြောင်း သိလိုက်သည်။ ဓားကို ဆွဲနုတ်သည်။ ဖွတ်က ကမ်းခြေတစ်လျှောက် ပြေးထွက်သွားသည်။ သူပြေးရာသို့ ကျွန်တော် လိုက်ကြည့်သည်။ လဲနေရာမှ မတ်တတ်ထသည်။ ဖွတ်နောက်သို့ လိုက်သည်။

ဖွတ်ကို ကျွန်တော် မမြင်တော့ပါ။ ကျွန်တော်မြင်သောအရာပေါ်သို့ လေးဖက်ထောက်ချလိုက်သည်။ မယုံကြည်နိုင်သောစိတ်ဖြင့် ငေးစိုက်ကြည့်နေမိသည်။ အနားသားကလေးတွေကို လက်ချောင်းကလေးများဖြင့် တို့ကြည့်သည်။ တကယ်တမ်း ရှိနေသောအရာ ဖြစ်ပါသည်။ ကျွန်တော့် တစ်ကိုယ်လုံး အံ့ဩစိတ်များ ဖုံးလွှမ်းသွားသည်။ သည်နေရာမှာ သူတို့ ဘာကြောင့် ရောက်လာသနည်း ဆိုသည်ကို လည်းကောင်း၊ ဘယ်လို ရောက်လာသနည်း ဆိုသည်ကို လည်းကောင်း အကြောင်း မရှာတော့ပါ။

မည်သို့မျှ ငြင်းကွယ်၍ မရနိုင်သော ဗြိတိသျှတပ်မတော်၏ စစ်ဖိနပ်ရာများကို ကျွန်တော် မြင်တွေ့နေရချေပြီတကား။

ထွက်ပြေးသွားသည့်ဖွတ်ကို ကျွန်တော် လက်လွှတ်လိုက်သည်။ သူ့ကိုပင် ကျေးဇူးတင်ရသေးတော့သည်။ စစ်ဖိနပ်ရာများရှိရာဆီသို့ သူ့ခေါ်သဖြင့် ကျွန်တော် ရောက်ခဲ့ရသည်။ စစ်ဖိနပ်ရာများ ဦးတည်ရာသို့ လိုက်ရန်မှတစ်ပါး အခြား မရှိပြီ။

ညွန်အိုင်ကြီး၏ ကမ်းဘေးတစ်လျှောက်မှ စစ်ဖိနပ်ရာများအတိုင်း ကျွန်တော် လိုက်ပါခဲ့သည်။ လူမနီး သူမနီးသည့် တောကြီးအလယ်မှ ရွှံ့ညွန်အိုင်အနီးတွင် ကျွန်တော်တစ်ယောက်တည်း မဟုတ်တော့ပါချေ။ စစ်ဖိနပ်ရာများ ရှိနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အောက်မှ စစ်ဖိနပ်ရာနှင့် ကျွန်တော် စကားပြောကြည့်သည်။ တော၏အလှ၊ တောင်၏အလှ၊ တောသစ်ခွပန်းတို့၏ အလှ၊ အစစသော အလှတရားတို့ အကြောင်းကို သူနှင့် ကျွန်တော် ဆွေးနွေးသည်။ သူနှင့် ကျွန်တော့်အကြားမှာ လျှို့ဝှက်ချက်ဟူ၍ ဘာမှ မရှိတော့ပါ။ ဖိနပ်ရာများက ကျွန်တော့်အတွင်းစိတ် မှန်သမျှကို အိတ်သွန်ဖာမှောက် သိလေပြီ။ အပြန်အလှန်လည်း ယုံကြည်စိတ်ချသွားကြလေပြီ။

ကြည့်နေရင်းမှာပင် ကျွန်တော့်မျက်စိအောက်မှ စစ်ဖိနပ်ရာများ ပျောက်သွားကြသည်။ တောကြီးမျက်မည်းထဲမှာ ကျွန်တော်တစ်ယောက်တည်း ပြန်ဖြစ်သွားသည်။ ကျွန်တော် သတိလစ်သွားပြန်ပါပြီ။

တောက်ပသော နေရောင်အောက်မှာ ပြိုးပြိုးပြက်ပြက် အရောင်များကို တွေ့ရသည်။ သံမဏိသွားတို့၏ အရောင်များ ဖြစ်ပါသည်။ ကျွန်တော် အာရုံစိုက်ပြီး ကြည့်သည်။ ထပ်ခါထပ်ခါ ကြည့်နေပါသည်။ အစိမ်းရောင်ယူနီဖောင်း ဝတ်ထားသူတို့သည် တောအုပ်တွင်းမှ ထွက်လာကြသည်။ လက်ထဲမှ ရိုင်ဖယ်သေနတ်များကို အရေးကြုံက ပစ်ခတ်နိုင်ရန် အသင့်အနေအထားဖြင့် ကိုင်ဆောင်ထားကြသည်။ ကွင်းစပ်မှာ တန်းစီရပ်နေကြသည်။ နေရောင်တွင် လှံစွပ်တို့ကလည်း ဖွေးဖွေးလက်နေသည်။

အစိမ်းရောင်ယူနီဖောင်း ဝတ်ထားကြသည့် စစ်သားများ။ ချင်းတွင်းမြစ် အနောက်ကမ်းခြေကို ဂျပန်တို့ သိမ်းပိုက်ထားချေပြီ။ ဗြိတိသျှစစ်တပ်သည် အစိမ်းရောင်ယူနီဖောင်းကို မဝတ်။ ထို့ကြောင့် ဂျပန်များသာ ဖြစ်ရပေမည်။ ချင်းတွင်းမြစ်ကို ဖြတ်ကျော်ကူးပြီးလျှင် လုံခြုံစိတ်ချရပြီဆိုခြင်းမှာ မမှန်ကန်တော့။ တမူးမြို့လည်း ဂျပန်လက်သို့ ကျလေပြီ။ အင်ဖာမြို့ကိုလည်း ဂျပန်တို့ သိမ်းပိုက်ထားပြီး ဖြစ်လေမည်။ ယခုလောက်ဆိုလျှင် အိန္ဒိယပြည်အတွင်းသို့ ဂျပန်တပ်များ ထိုးဖောက်ဝင်ရောက်ကာ ဗြဟ္မပုတ္တရမြစ်ကြီးဆီသို့ ဦးတည်ချီတက်နေကြလောက်ပေပြီ။

နောက်ထပ် မိုင်ပေါင်းများစွာကို ကျွန်တော် ဆက်လက် မသွားနိုင်တော့ပြီ။ ကျွန်တော့်ဝိညာဉ်သည် ကျွန်တော့်ခန္ဓာကိုယ် အတွင်းမှာ သေဆုံးခဲ့ပြီး ဖြစ်လေပြီ။





ထွက်ပြေးရန် မကြိုးစားဖို့ ဆုံးဖြတ်လိုက်သည်။ ခါးမှာ တွဲလောင်းချိတ်ထားသော ပန်ချာပီ၏ဓားကို သဲသောင်ပြင်ပေါ်သို့ ဖြုတ်ချလိုက်သည်။ အလွန် အားနည်းစွာဖြင့် လက်နှစ်ဖက်ကိုမြှောက်ကာ ကျွန်တော့်ကို ဖမ်းဆီးမည့်သူအား ဝေ့ယမ်းပြလိုက်သည်။

ယူနီဖောင်းအစိမ်း ဝတ်ထားသူများက ရပ်လိုက်ကြသည်။ ရိုင်ဖယ်ပြောင်းဝများက ကျွန်တော့်ဘက်သို့ လှည့်လာသည်။ မီးပွင့်ကလေးများ ပွင့်သွားတော့မည်ကို အလိုလို သိနေသည်။ ကျည်ဆန်က ကျွန်တော့်ကိုယ်ထဲသို့ ဖောက်ထွင်းဝင်ရောက်သွားတော့မည်။

သို့သော်လည်း မီးပွင့်ကလေးများ ပွင့်မလာ။ ကျည်ဆန်ကလည်း ကျွန်တော့်ကိုယ်ထဲသို့ ဖောက်ထွင်းမသွား။ မိုးကုပ်စက်ဝိုင်းကြီးက လဲသွားလိုက်၊ ထောင်လာလိုက် ဖြစ်နေသည်။ ကျွန်တော့်နားထဲမှာ ဆူညံသော အသံများ ကြားနေရသည်။ ပြီးတော့ မှောင်ကြီးမည်းကြီး ကျသွားသည်။

ကျွန်တော် သတိပြန်လည်လာသောအခါ မှောင်နေဆဲပင် ဖြစ်သည်။ ကောင်းကင်မှာ ကြယ်ကလေးတွေ လင်းလက်နေသည်ကို သစ်ကိုင်းများကြားမှ မြင်နေရသည်။ လက်နက်ကိုင်စစ်သားများက မီးပုံဘေးမှာ ဝိုင်းထိုင်နေကြသည်။ ကျွန်တော်လည်း မီးပုံဘေးမှာ ရှိနေသည်။

"ဟော. . .၊ ခင်ဗျား သတိပြန်ရလာပြီကိုး၊ ရော့ လက်ဖက်ရည်တစ်ခွက် သောက်လိုက်ဦး"

ဂျပန်သံကို ကြားရသည်ထက် ယခု အင်္ဂလိပ်အသံကို ကြားရသည်က ပို၍ တုန်လှုပ်ချောက်ချားစေပါသည်။ ကြောက်လန့်တကြားဖြင့် လှည့်ကြည့်လိုက်သည်။ ပခုံးပေါ်မှာ ကြယ်နှစ်ပွင့်ရှိသော အင်္ဂလိပ်စစ်ဗိုလ်ငယ်တစ်ယောက်ကို တွေ့ရသည်။

"ခင်ဗျား ကံသိပ်ကောင်းတယ်၊ ရေထဲက ဒီအတိုင်းတက်လာလို့သာပေါ့၊ ခင်ဗျားကိုကြည့်ရတာ တောတွင်းသား လူရိုင်းတစ်ယောက်နဲ့ တူနေတယ်၊ ဒီလိုမှ မဟုတ်ရင် ဂျပန်ထင်ပြီး ကျွန်တော်တို့ ပစ်ပြီ"

ဘုရား. . . ဘုရား ကံသီပေလို့သာတကား။ ဗြိတိသျှတိုက်ကင်းနှင့် ကျွန်တော် တွေ့ရပါလေပြီ။

ရုတ်ခြည်းဆိုသလို မထိန်းနိုင် မသိမ်းနိုင် ရယ်မိသည်။ တစ်ဆ



www.burmeseclassic.com

www.burmeseclassic.com



တည်းမှာပင် အားပါးတရ ငိုချလိုက်မိပြန်သည်။ လက်ဝါးတစ်ဖက်က ကျွန်တော့်ကျောကို လာပုတ်သည်။

"ဒီလက်ဖက်ရည် သောက်လိုက်ပါ၊ ခင်ဗျား ကောင်းသွားပါလိမ့်မယ်"

ဗြိတိသျှစစ်ဗိုလ်က ကျွန်တော့်ဘေးမှာ ဒူးထောက်ထိုင်ချလိုက်ပြီး လက်ဖက်ရည်ထည့်ထားသော မတ်ခွက်ကို ကမ်းပေးနေသည်။ သူတို့ကိုယ်ပေါ်မှ အစိမ်းရောင်ယူနီဖောင်းမှာ ကျွန်တော်တို့ ခြသေ့်စစ်ဆင်ရေးစပြီးနောက် အသစ်ထုတ်ပေးသည့် ယူနီဖောင်းများ ဖြစ်ကြောင်း သိရသည်။ အငွေ့တထောင်းထောင်းထနေသည့် လက်ဖက်ရည်ကို မွတ်သိပ်စွာ ယူသောက်လိုက်သည်၊ အရသာ အလွန်ရှိသည်။ အံ့ဩဖွယ်ရာ ကောင်းလောက်အောင် အရသာရှိသော အိပ်ပျော်ခြင်းမျိုးဖြင့် ကျွန်တော် အိပ်ပျော်သွားပြန်သည်။

နောက်တစ်ခါ ကျွန်တော် သတိရလာသောအခါ မော်တော်တစ်စီးထဲမှာ ရောက်နေသည်။ အင်္ဂလိပ်စစ်ဗိုလ်က ကျွန်တော့်ကို ပြုံးပြရင်း ပြောသည်။

"မကြာခင် ခင်ဗျား ကိုယ့်တိုင်းပြည် ပြန်ရောက်တော့မှာပါ၊ မပူပါနဲ့"

အင်္ဂလိပ်စစ်ဗိုလ်၏ ဘေးက ဂေါ်ရခါးတပ်ကြပ်ကလည်း ပြုံးနေ၏။

နောက်တစ်ကြိမ် ကျွန်တော် သတိရတော့ သစ်ပင်ရိပ်တစ်ခုအောက်မှ လူနာတင်ထမ်းစင်ပေါ်တွင် ရှိနေသည်။ တမူးမြို့မှ ရှေ့တန်းစစ်ဌာနချုပ် ဖြစ်လေသည်။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် အစိမ်းရောင်ယူနီဖောင်းဝတ် တစ်ဦးက ကျွန်တော့်ဘေးမှာ ရပ်နေသည်။ သူစကားပြောနေသည်။ ပင်ပန်းကြီးစွာ နားထောင်ယူရသည်၊ သူပြောသည်ကို နားထောင်ဖို့ ဝတ္တရားရှိသည်ဟု ကျွန်တော့်စိတ်ထဲမှာ ခံစားနေရသည်။

"မင်း သိပ်ကံကောင်းတယ်၊ တကယ့်ကို ကံကောင်းတယ်၊ တိုက်တင်းက မင်းကို အချိန်မီကလေး တွေ့လိုက်တာ၊ သူတို့နဲ့သာ မတွေ့ရင် မင်းသွားပြီ၊ သူတို့က မြစ်ဒီဘက်ကမ်းကို ပြန်ကူးတော့မယ့်ဆဲဆဲ၊





ဟိုဘက်ကမ်းကို တို့ တိုက်ကင်းတွေ မလွှတ်တာလည်း ကြာပြီ၊ ဟိုဘက်ကမ်းမှာ ခြသေ့်စစ်ဆင်ရေးက ရဲဘော်တွေ ကုန်လောက်ပြီလို့ တို့က ထင်နေတယ်"

"ချင်းတွင်းမြစ် ဟိုဘက်ကမ်းမှာ ကျွန်တော်တို့လူတွေ တချို့ကျန်နေပါသေးတယ် ခင်ဗျား၊ သူတို့ မကူးနိုင်ကြတော့ဘူး"

ဟု ကျွန်တော်က အလွန် အားနည်းစွာဖြင့် ပြန်ပြောသည်။

"သူတို့ကို ရအောင်ကယ်ပါ့မယ်၊ ဘာမှ မပူပါနဲ့ငါ့သားရယ်. . . ဟိုမှာ တို့လူတွေ ကျန်နေသေးတယ်ဆိုတာ မင်းက သက်သေပြလိုက်ပြီပဲ၊ အခုအချိန်ကစပြီး မင်း ကောင်းကောင်း အနားယူပေတော့"

ကိုယ်ကိုကိုင်းပြီး ကျွန်တော့်ပခုံးကို အားပေးသည့် အနေဖြင့် ပုတ်နေသည်။ သည်တော့မှ သူသည် ဗိုလ်ချုပ်တစ်ယောက်ဖြစ်ကြောင်း ကျွန်တော် မြင်ရသည်။

စိတ်ဓာတ်အရရော၊ ခန္ဓာကိုယ်အရပါ အလွန် အားနည်းစွာဖြင့် လူနာတင်ကား ရှေ့ခန်းထဲမှာ ကျွန်တော် ထိုင်နေသည်။ တမူးမှ အင်ဖာသို့ ကျွန်တော့်ကို လိုက်ပို့နေခြင်း ဖြစ်သည်။ မိုးက တသည်းသည်း ရွာနေသည်။ မိုးရာသီကျရောက်ပြီ။ ရက်အနည်းငယ် နောက်ကျလျှင် သည်ဘက်ကမ်းသို့ ကျွန်တော် ကူးနိုင်တော့မည် မဟုတ်။

"ဒီနေ့ ဘယ်နှစ်ရက်လဲ" ဒရိုင်ဘာကို ကျွန်တော် လှမ်းမေးသည်။

"မေလ (၁၆)ရက်နေ့ပါ ဗိုလ်ကြီး" သူက ပြန်ဖြေသည်။

မေလ (၁၆)ရက်နေ့။ အင်ဖာမြို့သို့ ကျွန်တော် ကျောခိုင်းသွားခဲ့သည်မှာ ရက်ပေါင်း တစ်ရာကြာခဲ့လေပြီ။

ကားခေါင်မိုးပေါ်သို့ မိုးရေပေါက်ကြီးများ တဝုန်းဝုန်း ကျနေခိုက်မှာပင် အမှတ် (၁၉) အခြေစိုက်စစ်ဆေးရုံ ဆိုင်းဘုတ်ကြီးရှိသည့် ဝင်းအတွင်းသို့ ကားမောင်းဝင်ခဲ့သည်။

"ဗိုလ်ကြီး ဒီမှာ ဆင်းရမယ်" ဟု ဒရိုင်ဘာက ပြောသည်။

ကျွန်တော့်ကို သူက တွဲချပေးသည်။ ကျွန်တော်ကလည်း ကျိုးနွံစွာ လိုက်နာသည်။ ကျွန်တော်၏ ရေဘူး၊ ပန်ချာပီထံမှ ရခဲ့သည့်မားနှင့် တစ်စုံတစ်ယောက်က ပေးလိုက်သော ကြံတစ်ချောင်းကို မြဲမြဲကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းခဲ့သည်။

ပတ်လည်ကို ကြည့်သည်။ ဝါးနှင့် ဆောက်ထားသော တဲကလေးများ စီတန်းနေသည်။ ဖွင့်ထားသော ပြတင်းပေါက်မှနေ၍ ခုတင်များကို လှမ်းတွေ့ရသည်။ လူနာဟူ၍ မရှိ။ အသစ်ကျပ်ချွတ်ဆေးရုံ ဖြစ်သည်။

"ဒီဘက်ကို လာပါ၊ အရာရှိဆောင်က ဒီဘက်မှာ ရှိပါတယ်"

အမျိုးသမီးသံကို ကြားရသည်။ စကော့တလန်နယ်သူ တစ်ယောက်၏ လေယူလေသိမ်းဖြစ်ကြောင်း ကျွန်တော့်အသိဉာဏ်ထဲသို့ တိုးဝင်လာသည်။ ဖြုန်းခနဲ ကျွန်တော် လှည့်ကြည့်လိုက်သည်။ ထို လေယူလေသိမ်းနှင့် ထိုစကားကို ပြောနေသူမှာ မေမေ ဖြစ်သည်ဟု ထင်လိုက်သည်။ ထို့ကြောင့် မေမေ့ကို တွေ့မည်အထင်နှင့် လှည့်ကြည့်မိခြင်း ဖြစ်ပါသည်။

"ရှင် သွေးလန့်နေပုံရတယ်၊ ခဏနေရင် ကောင်းသွားမှာပါ"

ဟု ထိုအမျိုးသမီးက ပြောသည်။

မျက်လုံးများကို ကျွန်တော် ပိတ်လိုက်သည်။ ပြန်ဖွင့်သောအခါ ကာကီယူနီဖောင်းဝတ်ထားသည့် အမျိုးသမီးငယ်တစ်ဦးက ရှေ့မှာ ပြုံးပြီး ရပ်နေသည်။ ကျွန်တော့်လက်မောင်းကို သူကိုင်လိုက်သည်။ သူ့ခေါ်ရာ နောက်သို့ တိတ်ဆိတ်စွာ လိုက်ခဲ့သည်။ ကျွန်တော့်ရှေ့မှာ မြူတွေဆိုင်းနေသည်။ ထိုမြူတွေထဲမှာ ဗိုလ်ကြီးအာသာဘက်စ်နှင့် ကားလ်ဗဟာဒူးတို့၏ မျက်နှာများကို တွေ့ရသည်။ ဆရာဝန် ဗိုလ်ကြီးလပ်စ်ခ်နှင့် ဗိုလ်ကြီးစတော့၏ မျက်နှာများ။ ပြီးတော့ သူရဲကောင်းတပ်ကြပ်ကြီးဟေးစ်တို့၏ မျက်နှာများ၊ နောက်ဆုံး ကျွန်တော်နှင့် ဗိုလ်သင်တန်း တစ်ပတ်တည်းဆင်း ဟာရီးဂျိမ်းစ်၏ မျက်နှာများကို မြင်တွေ့နေရသည်။

ဟာရီးဂျိမ်းစ်၏ မျက်နှာသည် မြူတွေထဲမှာ ပို၍ ပို၍ ထင်ရှားလာသည်။ ပြီးတော့ ပို၍ ပို၍ နီးကပ်လာသည်။ သူ ပြုံးပြနေသည်။ သူနှုတ်ခမ်းများ လှုပ်နေသည်။ အဝေးကြီးမှ ပြောနေသလို သူ့အသံများကို ကျွန်တော် ကြားရသည်။

"ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်၊ နောက်ဆုံးကျတော့ မင်း အောင်ပွဲခံလာရတာပါပဲ၊ တို့အားလုံးဟာ မင်းကို မျှော်နေတာပါ"

ကျွန်တော်၏ ညာဘက်လက်ကို တစ်ယောက်ယောက်က ကိုင်လှုပ်လိုက်သည်။

"မင်းကို တို့ စောင့်နေတာကြာပြီ၊ ဘယ်နည်းနဲ့မှ မင်းပြန်ရောက်မလာတော့ဘူးလို့ ထင်နေတာ"

မြူတွေထဲမှာ မျက်စိကို ဖွင့်ချည်ပိတ်ချည် ကျွန်တော် လုပ်သည်။ ကျွန်တော့်ရှေ့တွင် ပြုံးပြီးရပ်နေသူမှာ ဟာရီးဂျိမ်းစ်အစစ် ဖြစ်ပါသည်။ သူကိုယ်ပေါ်မှာလည်း ဆေးရုံအဝတ်အစားများကို ဝတ်ဆင်ထားသည်။ ကျွန်တော့်ကို ခုတင်တစ်လုံးပေါ်သို့ တင်ကြသည်။ စကော့တလန်လူမျိုး သူနာပြုဆရာမအုပ်ကြီး အက်ဂနက်မက်ဂရေးက ကျွန်တော့်အနီးနားသို့ ရောက်လာပြီး အပြုံးကလေးနှင့် မေးသည်။

"မင်း ဘာများ လိုချင်သလဲ"

"ဟုတ်ကဲ့၊ ယိုသုတ်ကိတ်မုန့်ပွ လိုချင်ပါတယ်ခင်ဗျာ"

ကျွန်တော်က အားနည်းသည့်လေသံဖြင့် ပြန်ဖြေသည်။

သူနာပြုဆရာမအုပ်ကြီး ပြုံးသည်။ နားလည်သည့်အပြုံးမျိုး ဖြစ်သည်။ ပြီးတော့ အပြင်သို့ သူထွက်သွားသည်။ နောက်တစ်နေ့ မနက် ကျွန်တော် အိပ်ရာမှ နိုးသောအခါ ခုတင်ဘေးက စားပွဲပေါ်မှာ ယိုသုတ်ကိတ်မုန့်ပွများ အသင့်ရောက်နေသည်။ အူကျဉ်းနေသည့် ကျွန်တော့်ဝမ်းဗိုက်မှာ တစ်ခုတည်းနှင့် အာသာပြေစေပါသည်။

ကျွန်တော် ကျန်းမာလာသည်အထိ ထိုဆေးရုံပေါ်မှာ နေရသည်။ ဆေးရုံကဆင်းလျှင် ကျွန်တော် ခွင့်ရသည်။ ဓမ္မပူရသို့ မော်တော်ကားဖြင့် လာခဲ့လေသည်။ ထိုမှတစ်ဆင့် အမှတ် (၂) ဂေါ်ရခါးတပ်ရင်းရှိရာ ဒီရာဒွန်းမြို့သို့ ရထားနှင့် ခရီးဆက်သည်။

ဒီရာဒွန်းသို့ ရောက်တော့ မိုးဖြိုင်ဖြိုင်ကျလေပြီ။ ဘူတာရုံမှာ တပ်က မော်တော်ကား လာကြိုသည်။ ရက်သတ္တခြောက်ပတ် ခွင့်မသွားခင် စစ်ရုံးသို့ သတင်းပို့ရမည်မှာ တိုက်ပွဲတွင် မကျဆုံးဘဲ ပြန်ရောက်လာကြသည့် ကျွန်တော်တို့အားလုံး လိုက်နာရမည့် အမိန့် ဖြစ်ပါသည်။

"စစ်ကြောတည်းခိုရေးစခန်းက ဒီဥစ္စာပဲ၊ မီးရထားစီးဝရန်းကို ဒီမှာယူပါ"

ဟု စစ်ဗိုလ်ငယ်တစ်ယောက်က ကျွန်တော့်ကို လှမ်းအော်သည်။





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ" ဟု ပြန်အော်ကာ သူကမ်းပေးသည့် ဝရန်းကို ကားပေါ်မှ လှမ်းယူလိုက်သည်။ ပြီးတော့ မိုးသည်းသည်း ရွာနေသည့် ကြားမှပင် စစ်ရုံးအတွင်းသို့ ကျွန်တော် ဝင်ခဲ့သည်။

စစ်ရုံးအတွင်းရှိ စားပွဲတစ်လုံး၏ နောက်မှာ အသက်ခပ်ငယ်ငယ် ဗိုလ်မှူးတစ်ယောက် ထိုင်နေသည်။

"နာမည်ပြော၊ ရာထူးနဲ့ မင်းကိုယ်ပိုင်နံပါတ်ပြော"

သူက တိုတိုတောင်းတောင်းနှင့် ခပ်ဆတ်ဆတ် ပြောသည်။

ကျွန်တော်က ပြန်ဖြေသည်။ ကျွန်တော့်ကို တစ်ချက်ကလေး မော့ကြည့်ဖော်မရ။

"နောက်နေ့ကစပြီး မင်း ခွင့်သွားရမယ်၊ မင်း ဒဏ်ရာရခဲ့တယ် ဟုတ်သလား"

အလွန်တရာ အကြင်နာတရားကင်းမဲ့သည့် လေသံဖြင့် သူက မေးသည်။

"ဟုတ်တယ်"

ကျွန်တော်က ပြန်ဖြေသည်။ ကျွန်တော့်ကို သူ မော့ကြည့်သည်။ သည်တော့မှ သူ့မျက်နှာကို ကျွန်တော် မြင်ခွင့်ရသည်။ အေးစက်မာကျောသည့် မျက်လုံးပြာများဖြင့် ကျွန်တော့်ကို တင်းတင်းကြီး စိုက်ကြည့်နေသည်။

"ဝမ်းနည်းပါတယ် ဗိုလ်မှူး၊ ကျွန်တော် ဒဏ်ရာရခဲ့ပါတယ်"

သည်တော့မှ သူ ကျေနပ်သွားပုံရသည်။

"မင်းခွင့်သွားနေတုန်း ဘယ်မှာနေမယ်ဆိုတာ ပြောထားရမယ်"

သွပ်မိုးပေါ်သို့ ကျနေသည့် မိုးရေစက်အသံများကို ဖုံးလွှမ်းအောင် သူ့အသံက ကျယ်လှသည်။ ရုံးထိုင်အရာရှိ အလွန်ဆန်သည့် စစ်ဗိုလ်ဖြစ်သည်။ ကျွန်တော့်စိတ်ကို မနည်းကြီး ထိန်းထားလိုက်ရပါသည်။

"ကျွန်. . . ကျွန်. . . ကျွန်တော် ပြန်ရောက်လာတဲ့ လူတွေ စာရင်းကြည့်ခွင့်ရှိပါသလား ဗိုလ်မှူး" ဟု ကျွန်တော်က မေးသည်။

"ဟိုစားပွဲပေါ်မှာ"

သူက တိုတိုပြတ်ပြတ် ဖြေသည်။





သူနှင့် ကျွန်တော် အလုပ်ကိစ္စပြီးသွားပြီ။ ကျွန်တော့်ကိစ္စ ကျွန်တော် လုပ်ရတော့မည်။ သူညွှန်ပြရာ စားပွဲဆီသို့ လျှောက်လာသည် လက်နှိပ်စက် ရိုက်ထားသော စာမျက်နှာများကို အငမ်းမရ ကြည့်သည်။

### အမှတ် (၂) ဂေါ်ရခါး တပ်ရင်းမှ အသက်ရှင်သူများစာရင်း

အက္ခရာစဉ်လိုက် ရေးထားလေရာ "က" အက္ခရာများကို ကျွန်တော် ရှာကြည့်သည်။

တပ်သားခါရာဆင်းသာပ- ၃၈

တပ်ကြပ်ခင်ဗဟာဒူးပန်း

တပ်သားကားလ်ဗဟာဒူးသာပ- ၄၈

ကားလ်ဗဟာဒူးသာပ၏ ကိုယ်ပိုင်နံပါတ်ကို ကျွန်တော် စဉ်းစားနေသည်။ ကားလ်ဗဟာဒူးသာပ ဆိုသည်မှာ ဂေါ်ရခါးလူမျိုးတို့၏ အများသုံးနာမည် ဖြစ်သည်။ သူ၏ ကိုယ်ပိုင်နံပါတ်ကိုသိမှ လူအမှန်ကိုသိရမည်။ ကျွန်တော် စဉ်းစား၍ မပေါ်ပါ။ လုံးဝ သတိမရပါ။ စိတ်မှုန်လက်ပျက်ဖြင့် တစ်ဖက်သို့ လှည့်လိုက်သည်။

"ကျွန်တော့်ကို လိုက်ရှာနေတာမဟုတ်လား ဗိုလ်ကြီး"

နူးညံ့သည့် လေသံကို ကြားရသည်။ ဝုန်းခနဲ ကျွန်တော် လှည့်လိုက်သည်။ ကားလ်ဗဟာဒူး ရပ်နေသည်။ သူ့ဦးထုပ်ပေါ်မှ မိုးရေများ စီးကျနေသည်။ ဦးထုပ်အရိပ်အောက်မှ သူ့အပြုံးသည် ထင်ရှားလှပေသည်။

"ဒီနေ့ရထားနဲ့ ဗိုလ်ကြီးရောက်လာမယ် ဆိုတာ၊ ကျွန်တော် ကြားပြီးပြီ" ဟု သူက ပြောသည်။

"တို့နှစ်ယောက် ပြန်တွေ့ကြပြီပေါ့ ကားလ်ဗဟာဒူးရယ်"

ထိုသို့ ပြောရင်း ရှေ့သို့ ကျွန်တော် တိုးသွားသည်။ တစ်ယောက်လက်ကို တစ်ယောက် အကြာကြီး ဆုပ်ကိုင်ထားမိကြသည်။ တင်းတင်းကျပ်ကျပ်ကြီး ဖြစ်ပါသည်။ ဤ အလွန်စစ်မှန်သည့် ရဲဘော်ရဲဘက် စိတ်ဓာတ်မျိုးနှင့် အလွန်နက်ရှိုင်းသည့် မိတ်ဆွေသူငယ်ချင်း သံယောဇဉ်တို့



www.burmeseclassic.com

www.burmeseclassic.com



သည် စကားတစ်ခွန်းမျှ မပြောသော်လည်း ကျွန်တော်တို့ ရင်ထဲမှာ အစိုင်အခဲကြီးအဖြစ် ပေါ်ပေါက်နေသည်။

"ဟိတ် . . . ဂေါ်ရခါးတပ်က စစ်ဗိုလ်"

စားပွဲနောက်မှ ဗိုလ်မှူးက ကျွန်တော့်ကို လှမ်းအော်သည်။

"ငါ့ရုံးခန်းထဲမှာ လူများတယ်ကွ၊ အပြင်ထွက်"

ဟုလည်း ဆက်ပြောသည်။

ကားလ်ဗဟာဒူးက ကျွန်တော့်လက်မောင်းကိုကိုင်ပြီး စားပွဲနှင့်ဝေးရာသို့ ထွက်လာရင်း ပြုံးသည်။

"ဗိုလ်ကြီး ကျွန်တော်တို့ စစ်သားပြန်ဖြစ်ကြပြန်ပြီလေ"

ဟု သူက ပြောသည်။

ပခုံးချင်းချိတ်ပြီး မိုးရေအတွင်းသို့ ကျွန်တော်တို့ နှစ်ယောက်ထွက်လာကြသည်။ ကျွန်တော်တို့ နှစ်ယောက်၏ ရယ်သံများသည် ကျယ်လောင်သော မိုးချုန်းသံထဲမှာ ပျောက်ကွယ်သွားလေတော့သတည်း။

အထောက်တော်လှအောင်

တောင်ကြီးမြို့။
[illegible]၊ ဩဂုတ်လ၊ ၁၉၈၁။
(မြန်မာပြန်ပြီးသည်)။



BURMESE CLASSIC .com

www.burmeseclassic.com